ရန်ကုန်မြို့

ထူးကြီးဆရာတော်

ဟောကြားအပ်သော

# ထူးကြီးဝိပဿနာ

## ပါဠိတော်ဟောစဉ်

# ဝိပဿနာရှုနည်းကျမ်း

ပဌမ — အုပ်

ဓမ္မဒါန



ပါဠိတော်ဟောစဉ်

# ထုံးကြီးဝိပဿနာ

(ပဌမအုပ်)

အမှာ။ ။စာမျက်နှာ ၁၇–ကြောင်းရေ ၄-၌ အမျိုးကောင်းသားများ။

စာမျက်နှာ ၂၁–ကြောင်းရေ ၂၃-၌ သဿတဒိဋ္ဌိ။

စာမျက်နှာ ၂၄–ကြောင်းရေ ၁၅-၌ သမ္မာဒိဋ္ဌိ။ ဟု

ဖတ်ရှုကြပါရန်။

၂၈၉၃၂

မြတ်စွာဘုရားသခင် ဟောကြားတော်မူအပ်သောဒေသနာ
ဓမ္မနှင့်အညီ ဝိပဿနာရှုနည်း ပွားနည်းများကို
ထင်ရှားလွယ်ကူစွာ သိစေခြင်းအကျိုးငှာ
ရန်ကုန်မြို့ ထူးကြီးဆရာတော်
အရှင်ဝဏ္ဏိဿရမထေရ်
ပါဠိတော်နည်းကျကျ ဟောပြအပ်သော

## ပါဠိတော်ဟောစဉ်

# ထူးကြီး ဝိပဿနာ

(ပဌမအုပ်)

ကာယသုခ
ပုံနှိပ်တိုက်

ရန်ကုန်မြို့

၁၃၄၁ (သာသနာ ၂၅၂၃) ၁၉၇၉-ခု

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ
ပဥ္စမအုပ် ပုံနှိပ်ခြင်း


ပဥ္စမအကြိမ် ၁၉၆၇-ခု ဇူလိုင်လ
ဒုတိယအကြိမ် ၁၉၆၉-ခု ဩဂုတ်လ ၃၀၀၀-အုပ်
တတိယအကြိမ် ၁၉၇၉-ခု ဇွန်လ ၂၀၀၀-အုပ်
ဘာသာရေးဆိုင်ရာ စာမေခွင့်ပြုချက်အမှတ် (၆၄)

ပုံနှိပ်ထုတ်ဝေသူ။ ။ဒေါ်ငွေတင် (ကင်းလွတ်ခွင့်အမှတ်-၃၁) အမှတ်-၁၀၁၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍။ ။ဒေါ်လှမြင့် (မြဲ-၀၂၀၉၀) ကာယသုခ ပုံနှိပ်တိုက်၊ အမှတ်-၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။ ။



ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဝိပဿနာအလုပ်ပေးတရားတော်


၁။ ပရိကမ်ပြုပုံ .... ၄
၂။ အာနာပါန ဥပဒေကြီး ၃-ချက် .... ၆
၃။ အာနာပါန စိစစ်ပုံ .... ၈
၄။ ထင်ရှားရှိ သိ သန္တိဋ္ဌိကဂုဏ် .... ၉
၅။ အမှန်တွေ့မှ တရားတွေ့ .... ၁၀
၆။ အခုငြိမ်းဘို အကာလိကဂုဏ် .... ၁၂
၇။ အမှန်သဘောသိ ဝိဇ္ဇာသမ္မာဒိဋ္ဌိ .... ၁၃
၈။ စာ ဆားနှင့် အစာဆားမတွေ့သလို .... ၁၅
၉။ ပရမတ်နှင့် ပညတ် .... ၁၇
၁၀။ တိုးတဲ့သဘောမှာ အသက်မပါ .... ၁၈
၁၁။ ကိုယ်လုပ်လို့ဖြစ် သဿတဒိဋ္ဌိ .... ၁၉
၁၂။ သက္ကာယဒိဋ္ဌိ ကွာသွားပြီ .... ၂၀
၁၃။ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိကွာသွားပြီ .... ၂၁
၁၄။ ထွက်လေ ဝင်လေဖြစ်ကြောင်းက စိတ် .... ၂၂
၁၅။ မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိ .... ၂၄
၁၆။ ဝိဇ္ဇာ ပညာ သမ္မာဒိဋ္ဌိအမှန်သိ .... ၂၆
၁၇။ ကောင်းတာမကောင်းတာမသိ .... ၂၇
၁၈။ လောဘ,ဒေါသ,မောဟပစ်ပယ် .... ၂၈
၁၉။ အကုသိုလ် ဒိဋ္ဌိပယ်ပြီးသား .... ၂၉
၂၀။ မဂ္ဂင်ငါးပါးပြည့်စုံပြီ .... ၃၁
၂၁။ အကုသိုလ် သေးသည်မရှိ .... ၃၃
၂၂။ သန္ဒိဋ္ဌိကဂုဏ်ဖြစ်ပုံ .... ၃၅
၂၃။ ဧဟိပဿိကဂုဏ် စသည်ဖြစ်ပုံ .... ၃၆
၂၄။ နိဂုံးချုပ် .... ၃၈


## တိဿသုတ္တန်တရားတော်


၂၅။ တရားတော်အစပဏ္ဏာမ .... ၄၀
၂၆။ သုတ်တော်နိဒါန်း .... ၄၁
၂၇။ ရှင်တိဿပြောကြားပုံ .... ၄၃

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈။ | ရှင်တိဿဘုရားထံရောက်ပုံ | .... | ၄၅ |
| ၂၉။ | ရှင်သိဒ္ဓဖ္ဖအစွဲမကောင်း၍ဖြစ်တတ်ပုံ | .... | ၄၇ |
| ၃၀။ | ပြောင်း၍ဖြစ်ပုံနှင့်တမျိုးဖြစ်ပုံ | .... | ၄၉ |
| ၃၁။ | တောပရိဝိနဲ့တရား | .... | ၅၂ |
| ၃၂။ | ဒိဋ္ဌိအစ သက္ကာယ | .... | ၅၃ |
| ၃၃။ | သက္ကာယသတ် ဒိဋ္ဌိတွေပြတ် | .... | ၅၇ |
| ၃၄။ | ဝိဇ္ဇာအလင်းနဲ့ ဒိဋ္ဌိအမှောင်ခွင်း | .... | ၅၈ |
| ၃၅။ | ဘုရားသခင်မေး၍ ရှင်တိဿဖြေပုံ | .... | ၅၉ |
| ၃၆။ | သတိပဋ္ဌာန်၌ အကျုံးဝင်ပုံ | .... | ၆၂ |
| ၃၇။ | တရားလမ်းညွှန် | .... | ၆၃ |
| ၃၈။ | မဂ်လမ်းမသိသူမှာ ပုထုဇဉ်သာ | .... | ၆၆ |
| ၃၉။ | မဂ်လမ်းသိသူမှာ ဘုရားသာ | .... | ၆၆ |
| ၄၀။ | မဂ်လမ်းသိ ဆိုထိုက်သူများ | .... | ၆၉ |
| ၄၁။ | ခရီးခွဲနှစ်ဖြာ ဝိဝိကိစ္ဆာ | .... | ၆၈ |
| ၄၂။ | လက်ဝဲလမ်းမှာ မိစ္ဆာ မဂ္ဂင် ၈-ပါး | .... | ၆၉ |
| ၄၃။ | လက်ျာလမ်းမှန် သမ္မာမဂ္ဂင် ၈-တန် | .... | ၇၀ |
| ၄၄။ | တောအုပ်ကြီးဝိတ်ကာ အဝိဇ္ဇာ | .... | ၇၀ |
| ၄၅။ | ဩန်ဘွက်အလား ကာမတရား | .... | ၇၈ |
| ၄၆။ | ကမ်းပါးပြတ်နှင့်တူလှ ကောဓုပါယာသ | .... | ၇၂ |
| ၄၇။ | မြေညီမြေမှန် ပြည်နိဗ္ဗာန် | .... | ၇၅ |
| ၄၈။ | တရားဆွေ့လျှင် ချမ်းသာတွေ့မယ် | .... | ၇၆ |
| ၄၉။ | နိဂုံးဆုပေး | .... | ၇၇ |


## အပြင်အာရုံရှင်းတမ်း


| | | | |
|---|---|---|---|
| ၅၀။ | လမ်းစဉ် ၃ ချက် | .... | ၇၈ |
| ၅၁။ | အပြင်အာရုံစိတ်ရောက် | .... | ၇၉ |
| ၅၂။ | တိုးတဲ့ တွန်းတဲ့သဘောဟာ အမှန်သာ | .... | ၈၀ |
| ၅၃။ | နှစ်သက်မနှစ်သက်ကင်းလျှင် အကုသိုလ်ဖြစ်ခွင့်မရ | .... | ၈၁ |
| ၅၄။ | လောဘတရား ပြိတ္တာအဆောင်များ | .... | ၈၂ |
| ၅၅။ | ဒေါသတရား ငရဲအဆောင်များ | .... | ၈၃ |
| ၅၆။ | မောဟတရား တိရစ္ဆာန်အဆောင်များ | .... | ၈၄ |
| ၅၇။ | အာရုံထိန်းရာ အကောင်း ၅-ချက် | .... | ၈၅ |
| ၅၈။ | ကလေးငယ်ဥပမာ | .... | ၈၆ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၉။ | ကလေးထိန်းရာ၌ အကောင်း ၅ ချက် | .... | ၈၈ |
| ၆၀။ | ဥပမာ ဥပမေယျ စပ်ဟပ်ပြ | .... | ၈၉ |
| ၆၁။ | အမှန် ၅ ဖြာ ပညာ ၅-ချက် | .... | ၉၁ |
| ၆၂။ | စိတ်ပျံ့လွင့်ခြင်း အကြောင်းရင်း | .... | ၉၁ |
| ၆၃။ | သမာဓိရဲ့ဘေးအန္တရာယ် | .... | ၉၃ |
| ၆၄။ | ထွက်ဝင်လေ စ,လယ်,ဆုံးလိုက်လျှင် စိတ်ပျံ့လွင့် | .... | ၉၅ |
| ၆၅။ | ကျမ်းလာစကား ရှင်းလင်းချက် | .... | ၉၆ |
| ၆၆။ | သမာဓိဘေးအန္တရာယ်ရှောင်ကြဉ် | .... | ၉၉ |
| ၆၇။ | သံယောဇဉ်မကင်းသူ နတ်ပြည်ရောက်မည်လော | .... | ၁၀၁ |
| ၆၈။ | သံယောဇဉ်မကင်းပေမဲ့ နတ်ပြည်ရောက် | .... | ၁၀၂ |
| ၆၉။ | သံယောဇဉ်မကင်းသူ နိဗ္ဗာန်မရောက် | .... | ၁၀၃ |
| ၇၀။ | သံယောဇဉ်ကိုဖြတ်,သံယောဇနိယကို မဖြတ်ရ | .... | ၁၀၄ |
| ၇၁။ | ကိုယ်တွေ့ဝိပဿနာမဟုတ် ဉာဏ်တွေ့ဝိပဿနာ | .... | ၁၀၅ |


## ဝါသိဇဋ္ဌသုတ္တန် တရားတော်


| | | | |
|---|---|---|---|
| ၇၂။ | တရားတော်အစ ပဏာမ | .... | ၁၀၈ |
| ၇၃။ | သုတ်တော်နိဒါန်း | .... | ၁၀၉ |
| ၇၄။ | သိသူမြင်သူမှ အာသဝေါကုန် | .... | ၁၀၉ |
| ၇၅။ | ငါကိုယ်တိုင်သိ၍ အာသဝေါကုန်ခြင်းကိုဟောသည် | .... | ၁၁၀ |
| ၇၆။ | ရုပ်နှင့် အဖြစ်အပျက်ကိုသိ၍ အာသဝေါကုန်သည် | .... | ၁၁၁ |
| ၇၇။ | ဆုတောင်းနေရုံနဲ့တော့ အာသဝေါမကင်း | .... | ၁၁၄ |
| ၇၈။ | အာသဝေါမကင်းလွတ်ခြင်းအကြောင်း | .... | ၁၁၅ |
| ၇၉။ | ဝပ်မပေးလျှင်ကြက်ငယ်မပေါက်နိုင်သလို | .... | ၁၁၇ |
| ၈၀။ | ဥပမာ-ဥပမေယျစပ်ဟပ်ပြ | .... | ၁၂၀ |
| ၈၁။ | ဒေသနာတော်ကောက်ချက်ချ | .... | ၁၂၂ |
| ၈၂။ | မဂ္ဂင်ရှစ်ပါးဖြစ်တဲ့အခါ အာသဝေါကုန် | .... | ၁၂၅ |
| ၈၃။ | ပဲကွပ်ရိုးတွင်လက်ရာထင် | .... | ၁၂၈ |
| ၈၄။ | သစ်သားတွေကုန်သွားတာ နေ့ရက်မပြောနိုင်ပါ | .... | ၁၃၀ |
| ၈၅။ | ပဲကွပ်ရိုးပမာ အာသဝေါတွေကုန်မှ ကုန်မှန်းသိ | .... | ၁၃၁ |
| ၈၆။ | လှေ၌ကြိမ်အဖွဲ့ပြတ်သလို အာသဝေါကုန် | .... | ၁၃၂ |
| ၈၇။ | ဒေသနာတော်အကျဉ်းချုပ် | .... | ၁၃၃ |
| ၈၈။ | နိဂုံးဆုပေး | .... | ၁၃၄ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## အတွင်းအာရုံ ရှင်းတမ်း


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈၉။ | တိုးတဲ့တွန်းတဲ့သဘောညဏ်တွေ | .... | ၁၃၇ |
| ၉၀။ | အတွင်းအာရုံစိတ်ရောက် | .... | ၁၃၈ |
| ၉၁။ | ဉာဏ်တွေဇောအပေါ်တက် | .... | ၁၃၉ |
| ၉၂။ | သီတာ ဇွေဇော အောက်မှာဖြစ် | .... | ၁၄၀ |
| ၉၃။ | ရှုကွက် မှားတတ်ပုံ | .... | ၁၄၁ |
| ၉၄။ | ခံသာမှု, မခံသာမှု တွေတတ်ပုံ | .... | ၁၄၂ |
| ၉၅။ | သက်သာမှုတွေရာဂ ,မသက်သာမှုတွေ ဒေါသ | .... | ၁၄၄ |
| ၉၆။ | အတွင်းအာရုံတွေချင် အဆင့်အတန်းမြင့် | .... | ၁၄၅ |
| ၉၇။ | သမာဓိအန္တရာယ် | .... | ၁၄၇ |
| ၉၈။ | အချက် ၅-ချက်နဲ့ အာရုံသိန်းပေး | .... | ၁၄၉ |
| ၉၉။ | ပါဠိတော်မေးမှအမှန်ရ | .... | ၁၅၁ |
| ၁၀၀။ | ပါဠိတော်ညွှန်ပြချက် | .... | ၁၅၂ |
| ၁၀၁။ | ငါဘုရားဟော ပါဠိတော်တွေဟာ သင်တို့ဆရာ | .... | ၁၅၆ |
| ၁၀၂။ | ဝင်လေ ထွက်လေရဲ့ စ,လယ်,ဆုံး | .... | ၁၅၇ |
| ၁၀၃။ | အာရုံပျံ့လွင့်ခြင်း အကြောင်းရင်း | .... | ၁၅၉ |
| ၁၀၄။ | နိဂုံးချုပ် | .... | ၁၆၁ |


## ဒါရုက္ခန္ဓောပမသုတ္တန်တရားတော်


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀၅။ | တရားတော်အစပဏ္ဏာမ | .... | ၁၆၃ |
| ၁၀၆။ | သုတ်တော်နိဒါန်း | .... | ၁၆၄ |
| ၁၀၇။ | ဂင်္ဂါမြစ်ဘွင် သစ်တုံးမြင် | .... | ၁၆၅ |
| ၁၀၈။ | သစ်တုံးမျောရာ အင်ရှစ်ဖြာ | .... | ၁၆၆ |
| ၁၀၉။ | နိဗ္ဗာန်ရောက်ရာ အင်ရှစ်ဖြာ | .... | ၁၆၈ |
| ၁၁၀။ | အင်္ဂါရှစ်ပါး သချုပ်ဟောဘော်ထုတ် | .... | ၁၇၀ |
| ၁၁၁။ | ဒီဘက်ကမ်းဆိုဒါ အဇ္ဈတ္တိကာယတန | .... | ၁၇၁ |
| ၁၁၂။ | အဇ္ဈတ္တိကာယတနမှာ တင်တဲ့သဘော | .... | ၁၇၂ |
| ၁၁၃။ | အဇ္ဈတ္တိကာယတန အနိစ္စမှာပေါင်း | .... | ၁၇၃ |
| ၁၁၄။ | ဟိုဘက်ကမ်းဆိုဒါ ဗာဟိရာယတန | .... | ၁၇၄ |
| ၁၁၅။ | နစ်မြုပ်သွားခြင်းဆိုဒါ နန္ဒီရာဂ | .... | ၁၇၆ |
| ၁၁၆။ | ကုန်းမှာတင်နေခြင်းဆိုဒါ မာန်မာန | .... | ၁၇၈ |
| ၁၁၇။ | လူဆယ်တယ်ဆိုဒါ လူတွေနဲ့ရောနှောခြင်း | .... | ၁၈၀ |
| ၁၁၈။ | နတ်ဆယ်တယ်ဆိုဒါ နတ်ဖြစ်လိုမှု | .... | ၁၈၃ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

၁၁၉။ ဝဲစုတ်လို့မြုပ်ဆိုဒါ ကာမဂုဏ်၌ နစ်မှု .... ၁၈၄
၁၂၀။ အတွင်းပုပ်ဆွေးဆိုဒါ ယုတ်မာသောအကျင့်ရှိ၍ .... ၁၈၆
၁၂၁။ အင်္ဂါရှစ်ပါးလွှတ်လျှင် နိဗ္ဗာန်ဝင် .... ၁၈၈
၁၂၂။ နိဂုံးဆုပေး .... ၁၈၉

## နိမိတ်ရှင်းတမ်း

၁၂၃။ တိုးတဲ့သဘော,တွန်းတဲ့သဘော .... ၁၉၅
၁၂၄။ ပရမတ်,ပညတ်ခြားနားချက် .... ၁၉၇
၁၂၅။ နိမိတ်ဆိုဒါ အရိပ်အရောင်ပုံသဏ္ဍာန် .... ၁၉၉
၁၂၆။ နိမိတ်အမျိုးမျိုးထင် .... ၁၉၈
၁၂၇။ နှစ်သက်စရာနှင့်ကြောက်စရာနိမိတ်များ .... ၂၀၀
၁၂၈။ နိမိတ်ထင်လျှင် သမာဓိကောင်းလာပြီ .... ၂၀၂
၁၂၉။ နိမိတ်ဆိုဒါ အဟုတ်မရှိ ပညတ်သိ .... ၂၀၃
၁၃၀။ နှစ်သက်လျှင်လောဘ,မနှစ်သက်လျှင်ဒေါသ .... ၂၀၄
၁၃၁။ နိမိတ်ဆင်ခြင်နေလျှင် သမာဓိရဲ့ဘေးရန် .... ၂၀၆
၁၃၂။ နိမိတ်မှစိတ်ကိုပြန်ခေါ် .... ၂၀၈
၁၃၃။ စိတ်ပြန်ထိန်းလျှင် အကျိုး ၅ ပါးရ .... ၂၁၀
၁၃၄။ အမှန် ၅-ခု သမ္မာဒိဋ္ဌိစု .... ၂၁၂
၁၃၅။ လမ်းမှန်သိသူကား မြတ်စွာဘုရား .... ၂၁၂
၁၃၆။ ဘုရားကိုယ်စားတရားတော်များ .... ၂၁၄
၁၃၇။ ဤဝိပဿနာဘုရားမှု,ပါဠိတော်မှု .... ၂၁၅
၁၃၈။ မဂ္ဂင် ၄-ပါးနဲ့ စိတ်ကိုပြန်ထိန်း .... ၂၁၇
၁၃၉၊ နိဂုံးချုပ် .... ၂၁၉

## ကစ္စာနဂေါတ္တသုတ္တန်တရားတော်

၁၄၀။ တရားတော်အစပဏ္ဏာမ .... ၂၂၀
၁၄၁။ သုတ်တော်နိဒါန်း .... ၂၂၁
၁၄၂။ အဘယ်မျှအသိဉာဏ်ရှိမှ သမ္မာဒိဋ္ဌိဖြစ်ပါသနည်း .... ၂၂၂
၁၄၃။ ပုထုဇဉ်လောကတွင် ဒိဋ္ဌိ ၂-ပါးယှဉ် .... ၂၂၄
၁၄၄။ ခန္ဓာကိုယ်လွှတ်ပြီး ပုဂ္ဂိုလ်မရကောင်း .... ၂၂၅
၁၄၅။ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပုံ .... ၂၂၆
၁၄၆။ သဿတဒိဋ္ဌိ ပြုတ်ပုံ .... ၂၂၇
၁၄၇။ တဏှာဥပယ ဒိဋ္ဌိဥပယကပ်ရောက်မှု .... ၂၂၈
၁၄၈။ စွဲလမ်းမှုနှင့် နစ်မြုပ်မှု .... ၂၂၉

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄၉။ | တိုးတဲ့တွန်းတဲ့သဘောမှာ ဝိညာဏ်နာမ်ရုပ်ပါ | .... | ၂၃၀ |
| ၁၅၀။ | အတွဲစုံရာတိုးတဲ့တွန်းတဲ့သဘောမှာ | .... | ၂၃၁ |
| ၁၅၁။ | အတွဲစုံရာ အဖြာဖြာ | .... | ၂၃၄ |
| ၁၅၂။ | သစ္စကဝါဒအတွဲ | .... | ၂၃၄ |
| ၁၅၃။ | အနတ္တမမှု မှုဒ္ဓဟောညွှန်ပြ | .... | ၂၃၆ |
| ၁၅၄။ | ဒုက္ခသာလျှင်ဖြစ်,ဒုက္ခသာလျှင်ချုပ် | .... | ၂၃၇ |
| ၁၅၅။ | ဖြစ်ချုပ်ကိုသိ သမ္မာဒိဋ္ဌိ | .... | ၂၃၉ |
| ၁၅၆။ | ပဋိစ္စသမုပ္ပါဒ် ဒုက္ခတွေဖြစ် | .... | ၂၄၀ |
| ၁၅၇။ | ပဋိစ္စသမုပ္ပါဒ် ဒုက္ခတွေချုပ် | .... | ၂၄၀ |
| ၁၅၈။ | အကြောင်း ၅-ခု အကျိုး ၅ ခု | .... | ၂၄၁ |
| ၁၅၉။ | ကြောင်းကျိုးစုံမှာ ဇာတိ,ဇရာ့မရဏပါ | .... | ၂၄၂ |
| ၁၆၀။ | အရေအတွက် ၁၂ သဘော ၁၀-ခု | .... | ၂၄၃ |
| ၁၆၁။ | နိဂုံးဆုတောင်း | .... | ၂၄၅ |


## ဥပက္ကိလေသ ၁၀–ပါးရှင်းတမ်း


| | | | |
|---|---|---|---|
| ၁၆၂။ | ဓမ္မာနုပဿနာအညစ်အကြေးဥပက္ကိလေသ | .... | ၂၄၉ |
| ၁၆၃။ | ဥပက္ကိလေသဆက္က ၃ ပါး | .... | ၂၅၁ |
| ၁၆၄။ | ဥပက္ကိလေသပဌမဆက္က ၆ ပါး | .... | ၂၅၂ |
| ၁၆၅။ | ပဌမဆက္ကဂါထာပါဠိ | .... | ၂၅၃ |
| ၁၆၆။ | ပဌမဆက္ကဂါထာအနက် | .... | ၂၅၄ |
| ၁၆၇။ | ပဌမဆက္ကမှလွတ်မြောက်ရန် | .... | ၂၅၅ |
| ၁၆၈။ | ဥပက္ကိလေသ ဒုတိယဆက္က ၆-ပါး | .... | ၂၅၆ |
| ၁၆၉။ | ဒုတိယ ဆက္ကဂါထာပါဠိနှင့်အနက် | .... | ၂၅၇ |
| ၁၇၀။ | ဥပက္ကိလေသ တတိယဆက္က ၆-ပါး | .... | ၂၆၀ |
| ၁၇၁။ | တတိယဆက္ကဂါထာပါဠိနှင့်အနက် | .... | ၂၆၃ |
| ၁၇၂။ | ဥပက္ကိလေသနှင့် တွေ့သည့်ယောဂီဖြစ်ပုံ | .... | ၂၆၅ |
| ၁၇၃။ | ကိုယ်စိတ် တုန်လှုပ်ပူပန်ခြင်းဖြစ်ပုံ | .... | ၂၆၆ |
| ၁၇၄။ | ဥပက္ကိလေသကင်းပြီး သမာဓိအားကောင်းနေပုံ | .... | ၂၆၇ |
| ၁၇၅။ | နိဂုံးချုပ် | .... | ၂၇၁ |


## ဗိဇသုတ္တန်တရားတော်


| | | | |
|---|---|---|---|
| ၁၇၆။ | တရားတော်အစပဏာမ | .... | ၂၇၄ |
| ၁၇၇။ | အကုသိုလ်အကြောင်း | .... | ၂၇၇ |
| ၁၇၈။ | ကုသိုလ်အကြောင်း | .... | ၂၇၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၇၉။ | မကြိုက်ရင်အာရုံမကောင်း၊ ကြိုက်ရင်ကောင်း | .... | ၂၀၀ |
| ၁၈၀။ | မျိုးစေ့ ၅-မျိုး | .... | ၂၀၂ |
| ၁၈၁။ | မျိုးစေ့ပေါက်လာနိုင်ခြင်း | .... | ၂၀၃ |
| ၁၈၂။ | မြေဓာတ်နှင့် ဝိညာဏဋ္ဌိတိတူ | .... | ၂၀၅ |
| ၁၈၃။ | ရေဓာတ်နှင့်နန္ဒီရာဂတူ | .... | ၂၀၅ |
| ၁၈၄။ | မျိုးစေ့နှင့်ကမ္မဝိညာဏ်တူ | .... | ၂၀၆ |
| ၁၈၅။ | ကုသိုလ် အကုသိုလ်ကမ္မဝိညာဏ် | .... | ၂၀၇ |
| ၁၈၆။ | ရုပ်၌ကပ်၍ ကမ္မဝိညာဏ်တည် | .... | ၂၀၈ |
| ၁၈၇။ | ဖြစ်သမျှ ဒုက္ခချည်းသာ | .... | ၂၀၉ |
| ၁၈၈။ | ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌ကပ်၍ကမ္မဝိညာဏ်တည် | .... | ၂၉၀ |
| ၁၈၉။ | ရုပ်မှန်းဝေဒနာမှန်း မသိ၍ | .... | ၂၉၁ |
| ၁၉၀။ | တေဇောဓာတ် အတက်အကျ | .... | ၂၉၂ |
| ၁၉၁။ | တဏှာခံရကြောင့် ကမ္မဝိညာဏ် အပင်ပေါက် | .... | ၂၉၃ |
| ၁၉၂။ | တဏှာ ရာဂပယ်နိုင်လျှင် ကမ္မဝိညာဏ်အပင်မပေါက် | .... | ၂၉၆ |
| ၁၉၃။ | ဉာဏ်တွေ့ခဏိကသမာဓိ | .... | ၂၉၇ |
| ၁၉၄။ | ရုပ်ကိုသိ၊ ဖြစ်မှုပျက်မှုကိုသိ | .... | ၃၀၁ |
| ၁၉၅။ | ဝေဒနာကိုသိ၊ ဖြစ်မှုပျက်မှုကိုသိ | .... | ၃၀၂ |
| ၁၉၆။ | တည်ရာမရလျှင် ကမ္မဝိညာဏ်ချုပ်ငြိမ်း | .... | ၃၀၃ |
| ၁၉၇။ | အမြစ်ပြတ်လျှင် သံသရာပြတ် | .... | ၃၀၄ |
| ၁၉၈။ | တရားအဆင့်ဆင့်ဖြစ်ပုံနှင့် ငြိမ်းအေးပုံ | .... | ၃၀၅ |
| ၁၉၉။ | နိဂုံးဆုတောင်း | .... | ၃၀၆ |


## ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်ပုံ


| | | | |
|---|---|---|---|
| ၂၀၀။ | အစွဲချွတ် ကြေးချွတ်တဲ့သဘော | .... | ၃၀၉ |
| ၂၀၁။ | ဝိဇ္ဇာအမှန်သိက အဝိဇ္ဇာအမှောင်ထုမရှိ | .... | ၃၁၀ |
| ၂၀၂။ | အစဉ်လိုက်မြီးဆင်ခြင်လျှင်ဥပက္ခာလေသ | .... | ၃၁၂ |
| ၂၀၃။ | လက္ခဏာနှင့်လက္ခဏာဝန္တ တခြားစီ | .... | ၃၁၂ |
| ၂၀၄။ | ဓမ္မဆိုဒါ အကြောင်းအကျိုးအမှန်တရား | .... | ၃၁၄ |
| ၂၀၅။ | ကုန်တဲ့ပျောက်တဲ့သဘောက အနိစ္စ | .... | ၃၁၅ |
| ၂၀၆။ | အနိစ္စကို ကိုယ်တိုင်ဉာဏ်နဲ့တွေ့ | .... | ၃၁၇ |
| ၂၀၇။ | တိုးတဲ့တွန်းတဲ့သဘော ဂုဏ်တော်ငါးပါးနှင့်ညီ | .... | ၃၁၈ |
| ၂၀၈။ | အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ | .... | ၃၂၁ |
| ၂၀၉။ | သရက်သီးဥပမာ | .... | ၃၂၃ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၁၀။ | တိုးတဲ့တွန်းတဲ့သဘောမှ အချက် ၃ ချက်တွေ | .... | ၃၂၅ |
| ၂၁၁။ | အချက် ၃-ချက်တွေလျှင် ဓမ္မဋ္ဌိတိဉာဏ် | .... | ၃၂၇ |
| ၂၁၂။ | ဓမ္မာနုပဿနာရှုကွက်အချက် ၃-ချက် | .... | ၃၂၈ |
| ၂၁၃။ | ဝိညာဏ် ၆-မျိုးနှင့်ဓမ္မာရုံ ၆ မျိုး | .... | ၃၂၉ |
| ၂၁၄။ | ဝိညာဏ်,နာမ်,ရုပ်သိ ဓမ္မဋ္ဌိတိဉာဏ် | .... | ၃၃၀ |
| ၂၁၅။ | ပိုင်းခြားပေးနေဒါပညာ | .... | ၃၃၁ |
| ၂၁၆။ | ဝိညာဏ်,နာမ်,ရုပ် ဖြစ်ပုံနှင့်ဥပမာ | .... | ၃၃၃ |
| ၂၁၇။ | တိုးတဲ့တွန်းတဲ့သဘောရှိသမျှ ဘဝဒုက္ခတွေ | .... | ၃၃၅ |
| ၂၁၈။ | ရုပ်၏အာဒီနဝဉာဏ် | .... | ၃၃၆ |
| ၂၁၉။ | သမ္မာဒိဋ္ဌိဖြစ်ခြင်း၏အကြောင်း ၂-ပါး | .... | ၃၃၈ |
| ၂၂၀။ | ပရတောဃောသ ရလျှင် သောတာပန်ဖြစ် | .... | ၃၃၉ |
| ၂၂၁၊ | ပဓာနိယင်္ဂပြည့်စုံလျှင် သောတာပန်ဖြစ် | .... | ၃၄၀ |
| ၂၂၂။ | နိဂုံးချုပ် | .... | ၃၄၁ |

## ဩဃတရဏ သုတ္တန်တရားတော်

| | | | |
|---|---|---|---|
| ၂၂၃။ | တိုက်တွန်းခြင်းဥယျောဇဉ် | .... | ၃၄၂ |
| ၂၂၄။ | တရားတော်အစ ပဏ္ဏာမ | .... | ၃၄၃ |
| ၂၂၅။ | သုတ်တော်နိဒါန်း | .... | ၃၄၄ |
| ၂၂၆။ | ဩဃကို ဘယ်လိုလုပ်ပြီး ကူး-မြောက်ပါသလဲဘုရား | .... | ၃၄၄ |
| ၂၂၇။ | ရပ်လဲမနေဘဲ အားလဲမထုတ်ဘဲ ငါကူးမြောက်တယ် | .... | ၃၄၆ |
| ၂၂၈။ | မရပ်တည်ဘဲ အားမထုတ်ဘဲ ဘယ်လိုကူးပါသလဲဘုရား | .... | ၃၄၆ |
| ၂၂၉။ | ရပ်နေလျှင်မြုပ် အားထုတ်ကူးလျှင်မျော | .... | ၃၄၇ |
| ၂၃၀။ | မြုပ်ခြင်း,မျောခြင်း အဋ္ဌကထာဖွင့်ပြပုံ | .... | ၃၄၉ |
| ၂၃၁။ | တဏှာစွဲနဲ့မြုပ်,ဒိဋ္ဌိစွဲနဲ့မျော | .... | ၃၄၉ |
| ၂၃၂။ | ဩဃ ၄-ပါး | .... | ၃၅၁ |

## ဗျာနသုတ္တန်တရားတော်

| | | | |
|---|---|---|---|
| ၂၃၃။ | ဈာန်ကိုမှီပြီး အာသဝေါကုန်ခန်းပုံ | .... | ၃၅၄ |
| ၂၃၄။ | ပဌမဈာန်မှီပြီး ဘာကြောင့်အာသဝေါကုန်သလဲ | .... | ၃၅၆ |
| ၂၃၅။ | ပဌမဈာန်ဖြစ်ပေါ်ပုံ | .... | ၃၅၆ |
| ၂၃၆။ | ပဌမဈာန်၌ ပြည့်စုံအင်္ဂါ-၅, ပယ်အင်္ဂါ ၅ | .... | ၃၅၇ |
| ၂၃၇။ | တော ၁၁ ပါးရှုပုံ | .... | ၃၅၈ |
| ၂၃၈။ | ယထာဘူတဉာဏ်မြင်မှတော့ဈာန်ကိုခွါ | .... | ၃၆၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၃၉။ | ဈာန်စိတ်ခွါပြီး နိဗ္ဗာန်သို့ကပ် | .... | ၃၆၁ |
| ၂၄၀။ | နိဂုံးဆုတောင်း | .... | ၃၆၂ |
| | **မဂ်ဉာဏ်ဖြစ်ပေါ်ပုံ** | | |
| ၂၄၁။ | နိဗ္ဗာန်အထိ အာရုံယူတဲ့ မနောဝိညာဏ် | .... | ၃၆၇ |
| ၂၄၂။ | ဝိညာဏ်,နာမ်,ရုပ် အကျိုးတရား | .... | ၃၆၉ |
| ၂၄၃။ | အဝိဇ္ဇာ,တဏှာ အကြောင်းတရား | .... | ၃၇၁ |
| ၂၄၄။ | ခန္ဓာကိုယ်ကြီးမှာ သစ္စာ ၄ ပါး | .... | ၃၇၂ |
| ၂၄၅။ | ဥပက္ကိလေသဖြစ်တတ်ပုံ | .... | ၃၇၃ |
| ၂၄၆။ | ပညာရဲ့သတ္တိကြီး ၃-မျိုး | .... | ၃၇၄ |
| ၂၄၇။ | ပညာတွေ့,ဉာဏ်တွေ့ | .... | ၃၇၅ |
| ၂၄၈။ | အဝိဇ္ဇာ,တဏှာ ကိုယ်မှာရှာ | .... | ၃၇၇ |
| ၂၄၉။ | ဒုက္ခမသိလို့ဖြစ်ချင်မှုတဏှာပေါ် | .... | ၃၇၈ |
| ၂၅၀။ | ပညာနဲ့ဝိညာဏ်ကွဲပြားပုံ | .... | ၃၇၉ |
| ၂၅၁။ | တရားတလုံးတလုံးမှာ သင်္ခါရတခုတခုစီ | .... | ၃၈၁ |
| ၂၅၂။ | ဝိညာဏ်မှရာဂကွာ၍ ဝိရာဂဖြစ်ပုံ | .... | ၃၈၂ |
| ၂၅၃။ | လက္ခဏာနဲ့ လက္ခဏာဝန္တကွဲပြားပုံ | .... | ၃၈၃ |
| ၂၅၄။ | အနိစ္စနဲ့ အနိစ္စလက္ခဏာကွဲပြားပုံ | .... | ၃၈၄ |
| ၂၅၅။ | အနိစ္စာနုပဿနာဖြစ်ပုံ | .... | ၃၈၆ |
| ၂၅၆။ | မဂ်ဉာဏ်ပေါ်ပုံ | .... | ၃၈၇ |
| ၂၅၇။ | ပစ္စဝေက္ခဏာဉာဏ်ပေါ်ပုံ | .... | ၃၈၈ |
| ၂၅၈။ | သင်္ခါရမှဖယ်ခွါ၍ နိဗ္ဗာန်သို့ဝိညာဏ်ကျရောက်သွားပုံ | .... | ၃၈၈ |
| ၂၅၉။ | ကွဲကွဲပြားပြားသိဒါပညာ | .... | ၃၈၉ |
| ၂၆၀။ | ပဌမမဂ်ဉာဏ်ဖြင့်ပယ်အပ်သောသံယောဇဉ် | .... | ၃၉၀ |
| ၂၆၁။ | နိဂုံးချုပ် | .... | ၃၉၁ |
| | **ကိသုကောပမသုတ္တန်တရားတော်** | | |
| ၂၆၂။ | ပဋိညာဉ်,ဥယျောဇဉ် | .... | ၃၉၃ |
| ၂၆၃။ | တရားတော်အစ ပဏာမ | .... | ၃၉၄ |
| ၂၆၄။ | အဘယ်မျှသိမှ သောတာပတ္တိမဂ်ဉာဏ်ကိုရသနည်း | .... | ၃၉၅ |
| ၂၆၅။ | ဖဿာယတန ၆ ပါးတို့၏ဖြစ် ချုပ်ကိုသိမှ သောတာပတ္တိ မဂ်ဉာဏ်ရ | .... | ၃၉၇ |
| ၂၆၆။ | ဥပါဒါနက္ခန္ဓာ ၅ ပါးတို့၏ ဖြစ်မှု,ချုပ်မှုကိုသိမှ သောတာပတ္တိမဂ်ဉာဏ်ရ | .... | ၄၀၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၆၇။ | မဟာဘုတ်လေးပါးတို့၏ ဖြစ်မှု, ချုပ်မှုသိမှ သောတာပတ္တိမဂ်ဉာဏ်ရ | .... | ၄၀၂ |
| ၂၆၈။ | ဖြစ်ပေါ်လာသော တရားဟူသမျှ ချုပ်ပျက်ခြင်းဟုသိမှသောတာပတ္တိမဂ်ဉာဏ်ရ | .... | ၄၀၄ |
| ၂၆၉။ | အခြေ ၄-မျိုးဖြစ်နေ၍ မနှစ်သက် | .... | ၄၀၅ |
| ၂၇၀။ | ယခုအခါ ပါဠိတော်ကိုသာမေးသင့်ပုံ | .... | ၄၀၇ |
| ၂၇၁။ | ဘုရားထံချဉ်းကပ်၍ လျှောက်ပုံ | .... | ၄၀၈ |
| ၂၇၂။ | ပေါက်ပင်ပမာပြ၍ ဘုရားရှင်ဖြေပုံ | .... | ၄၁၂ |
| ၂၇၃။ | ပေါက်ပင်ဆိုဒါ ဘယ်လိုနေသလဲ | .... | ၄၁၃ |
| ၂၇၄။ | ပေါက်ပင်ဆိုဒါ မီးလောင်သစ်ငုတ်လိုနေတယ် | .... | ၄၁၄ |
| ၂၇၅။ | ပေါက်ပင်ဖြေပုံမကျေနပ် | .... | ၄၁၅ |
| ၂၇၆။ | အဋ္ဌကထာဆရာ ဝတ္ထုအကြောင်းပြ၍ရှင်းပုံ | .... | ၄၁၅ |
| ၂၇၇။ | ပေါက်ပင်ဆိုဒါ သားတစ်နီကြီး လိုနေတယ် | .... | ၄၁၇ |
| ၂၇၈။ | ပေါက်ပင်ဆိုဒါ ကုက္ကိုပင်လိုနေတယ် | .... | ၄၁၈ |
| ၂၇၉။ | ပေါက်ပင်ဆိုဒါ ပညောင်ပင်ကြီးလိုနေတယ် | .... | ၄၂၀ |
| ၂၈၀။ | ပေါက်ပင်လေးမျိုးဟာ အမှန်ချည်းသာ | .... | ၄၂၀ |
| ၂၈၁။ | ဖြစ်ပျက်ရှုလျှင် အမှန်ချည်းဖြစ်တယ် | .... | ၄၂၀ |
| ၂၈၂။ | ဥပမာ ၈-ချက်ပြတရားတော် | .... | ၄၂၂ |
| ၂၈၃။ | ဥပမာ,ဥပမေယျ စပ်ဟပ်ဂြိ | .... | ၄၂၄ |
| ၂၈၄။ | မြို့ဆိုဒါ မဟာဘုတ်လေးပါးရှိတဲ့ ခန္ဓာကိုယ် | .... | ၄၂၅ |
| ၂၈၅။ | တံခါးခြောက်ပေါက်ဆိုဒါ အဇ္ဈတ္တိကာယတန ၆-ပါး | .... | ၄၂၆ |
| ၂၈၆။ | တံခါးစောင့်ဆိုဒါ သတိတရား | .... | ၄၂၆ |
| ၂၈၇။ | အဋ္ဌကထာဆရာ ဥပမာနဲ့ရှင်းပြပုံ | .... | ၄၂၈ |
| ၂၈၈။ | တမန်ဆိုဒါ သမထ ဝိပဿနာ | .... | ၄၃၀ |
| ၂၈၉။ | မြို့ရဲ့အရှင်သခင်ဆိုဒါ ဝိဉာဏ် | .... | ၄၃၁ |
| ၂၉၀။ | ခရီးသမ်းဆုံဆိုဒါ မဟာဘုတ်လေးပါး | .... | ၄၃၁ |
| ၂၉၁။ | မှန်တဲ့စကားဆိုဒါ နိဗ္ဗာန် | .... | ၄၃၂ |
| ၂၉၂။ | လာမြဲလမ်းပြန်တယ်ဆိုဒါ အရိယာမဂ် | .... | ၄၃၂ |
| ၂၉၃။ | နိဂုံးဆုတောင်း | .... | ၄၃၂ |

## ပဌမကျော်, အဂ္ဂမဟာပဏ္ဍိတ

## ဆရာတော်အရှင်သေဋ္ဌိလ၏ထင်မြင်ချက်

ယခုအခါ မြန်မာပြည်တွင် အထူးခေတ်စားလျက်ရှိသည့် "ဝိပဿနာ" ဟူသော ပါဠိစကားမှာ ဝိ-ထူးထူးခြားခြား ပဿနာ-ရှုမြင်တတ်ခြင်း၊ ဝိပ-ဿနာ-ထူးထူးခြားခြား ရှုတတ်မြင်တတ်ခြင်းဟု အဓိပ္ပါယ်ရှိလေသည်။ ၎င်း၏လိုရင်းတရားကိုယ်မှာ မဟာကုသိုလ်, မဟာကြိယာစိတ်နှင့် ယှဉ်သော ပညာဉာဏ်အထူးပင်ဖြစ်လေသည်။

ဝိပဿနာဉာဏ်အမြင်မှန်မရှိသောသူတို့သည် ရုပ်နှင့်နာမ် ပေါင်းစပ်နေသည့်အကောင်အထည်ဒြပ်ကို လူ,နတ်,ဗြဟ္မာ,ဒါ တ္တဝါ, ယောကျ်ား,မိန်းမ, ငါ,သူတပါး- စသည်ဖြင့်၎င်း၊ ရုပ်ကလာပ်တွေ စုဝေးပေါင်းစပ်နေသော အရာဝတ္ထုကို အိမ်,ကျောင်း,ဥယျာဉ်,သစ်ပင်,တော,တောင်စသည်ဖြင့်၎င်း၊ နိစ္စ-မြဲသည်၊ သုခ-ချမ်းသာသည်၊ အတ္တ,ကိုယ်၊ သုဘ-တင့်တယ်သည်-စသည် ဖြင့်၎င်း၊ မှတ်ထင်နေကြလေသည်၊ ဝိပဿနာဉာဏ်အမြင်မှန်ရှိသောသူတို့ သည်ကား-ထိုကဲ့သို့ မိရိုးဖလာစွဲမြဲ မှတ်ထင်နေခြင်းမျိုးမဟုတ်ဘဲ အထက် ဖော်ပြပါ အကောင်အထည် အရာဝတ္ထုတို့ကို ရုပ်,နာမ်,အနိစ္စ,ဒုက္ခ,အနတ္တ, အသုဘတွေဟု ထူးထူးခြားခြားသိမြင်နိုင်ကြလေသည်။

ထို့ကြောင့် အဓိပညာအဆင့်အတန်းမှီ ဝိပဿနာ သမ္မာဒိဋ္ဌိသည်စိတ်ကို မခေါ် ကိလေသာကြမ်း, ပရိယုဋ္ဌာနခေါ် ကိလေသာလတ်နှင့် အနုသယ ခေါ် ကိလေသာနုတို့ကို အမြစ်ပါမကျန် တွန်းလှန်သုတ်သင်ပစ်ရာတွင် ပဓာနအရေးကြီးသော အချက်ဖြစ်လေသည်၊ အဘယ့်ကြောင့်ဆိုသော် ထို ဝိပဿနာဉာဏ်ပညာမရှိလျှင် ကိလေသာအပူမီး ငြိမ်းငြိမ်းရာ နိဗ္ဗာန်ကို မြင် နိုင် မျက်မှောက်ပြုနိုင်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရနိုင်သောကြောင့် ဖြစ်လေသည်။

ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ အာရုံဖြစ်သည့် ကိလေသာ အပူမီးငြိမ်းရာ အတုမရှိနိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ကြောင်း ပဓာနအချက်ကောင်းကြီးဖြစ် သော ဝိပဿနာဉာဏ်အမြင်မှန်ကို ရရှိရေးအတွက် တရားဟောဆရာ များက ဝိပဿနာတရားအမျိုးမျိုးဟောကြ,စာရေးဆရာများက ဝိပဿနာ စာအုပ် အမျိုးမျိုးထုတ်ကြ, တရားပြဆရာများက ဝိပဿနာရိပ်သာအမျိုး

မျိုးဖွင့်ကာ ဝိပဿနာတရားပြကြလေသည်၊ ထိုသို့ဟောကြ၊ရေးကြ၊ တရားပြကြသည့် အချို့ချို့သော တရားစကား၊ စာအုပ်စာတမ်း၊ ကမ္မဋ္ဌာန်းဌာန တရားပြကြရာများ၌ ပါဠိတော်မှု၊ အဋ္ဌကထာမှု၊ ဆရာ့မူ၊ ငါ့မူစသည်ဖြင့် မူအမျိုးမျိုးရှိနေကြောင်း သိရှိရလေသည်၊ ထိုမူအမျိုးမျိုးတို့တွင် ဗုဒ္ဓဘုရားရှင်အစစ်ကို ဖူးမျှော်ခွင့်မရနိုင်သည့် ယခုလိုခေတ်အခါမျိုးမှာ ပါဠိတော်မူသာအကောင်းဆုံး စိတ်အချရဆုံး ဖြစ်ပေသည်။

ထူးကြီး ဝိပဿနာတရားပြ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်ဝဏ္ဏိတသရ ဟောပြောခဲ့သော ဝိပဿနာတရားများကို တိတ်ခွေသွင်းထားခဲ့ရာမှ တဖန်ပြန်ကူးရေးထုတ်သော ဤစာအုပ်တွင် ပါရှိသည့် အရေးကြီးရာအချက်များကို ကျမ်းဆရာကိုယ်တိုင် ဆရာတော်ထံ အကြိမ်ကြိမ်အခေါက်ခေါက် လာရောက်ဘတ်ပြရာ ထိုအချက်များသည် ပါဠိတော်မူ-ပါဠိတော်မှာပါသည့် သဘောတရားများနှင့်အညီ ဟောပြောထားသော တရားများဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဤထင်မြင်ချက်စာစကားကို ရေးသားလိုက်ခြင်းဖြစ်ပေသည်။

"ဘဒ္ဒန္တသေဋ္ဌိလ"
အဂ္ဂမဟာပဏ္ဍိတ

---

မူပိုင်
ထူးကြီးဝိပဿနာ ပြန့်ပွားရေးအဖွဲ့
"ညွန့်သီရိဓမ္မဆာယာ"
၆၉-၉၂-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

# နိဒါန်း

ဝိပဿနာ

(ဝိ–ထူးထူးခြားခြား၊ ပဿနာ–ရှုသိ) ဝိပဿနာဆိုသည်မှာ ထူးထူးခြားခြားရှုသဖြင့် ထူးထူးခြားခြားသိသော အသိဉာဏ်ပင် ဖြစ်သည်။

ချွဲဦးအုံ့–အစွဲဥပါဒါန်ကို အကြောင်းရင်းခံ၍ ဖြစ်တည် စုပေါင်းနေသော ရုပ်နာမ်နှစ်ခုခန္ဓာစုကို ငါ,သူတပါး,ယောကျ်ား,မိန်းမ စသည်ဖြင့် မှတ်မှား, သိမှား, အမြင်မှား ဝိပလ္လာသတရားက မွေ့ခနှောတ် သက္ကာယ ဒိဋ္ဌိနိုင်ငံသို့ရောက်နေကြသဖြင့် ရုပ်ကိုရုပ်မှန်း, နာမ်ကိုနာမ်မှန်း သိဘို့ရန် အရေးကား အလွန်ပင် အလှမ်းဝေးလှသည်၊ ဤကား– ရုပ်တရား, ဤကား–နာမ်တရားဟု ရှင်တော်ဘုရားက ဟောကြားထားသော်လည်း ကြားနာ မှတ်သားခြင်းတည်းဟူသော သညာသိ,ဝိညာဏ်သိ အဆင့်သို့ ရောက်ရန် (ပရိယတ္တိဉာဏ် အမြင်လောက် ရောက်ဘို့ရန်အတွက်) လူတရာ လျှင် တယောက်မျှရောက်ရန် မလွယ်ကူလှပေ၊ ထိုအဆင့်သို့ရောက်လျှင်ပင် အန္ဓပုထုဇဉ်အဖြစ်က လွတ်မြောက် ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ရပေသည်။

ဤကား ရုပ်တရား, ဤကား–နာမ်တရား ဟု ကြားနာမှတ်သားခြင်း သညာသိ ဝိညာဏ်သိ အဆင့်က လွန်မြောက်၍ ကြားနာမှတ်သားရသည့် အတိုင်း သဘာဝအမှန်ကို ကေန်သိဘို့ရန်အတွက် ထူးထူးခြားခြားသိအောင် ကြိုးစားရပေဦးမည်၊ ထိုသို့ ကြိုးစားရာ၌ အချို့ယောဂီများမှာ ရုပ်နာမ် ဓမ္မကို ပိုင်းခြား၍သာသိသော နာမရူပပရိစ္ဆေဒအသိဉာဏ်သို့ ရောက်ကြပေသည်၊ အချို့မှာ ရုပ်နာမ်မျှကိုသာမက သဘာဝအမှန် ဖြစ်ပျက်မှုအတန် တန်ကို ကေန်ကေ သိသော ဥဒယဗ္ဗယအသိဉာဏ်သို့ပင် ရောက်ကြသည်၊ အချို့မှာမူသမာဓိကလည်း အားကောင်း, ဝီရိယကလည်း ထပ်လောင်း, ဆရာကောင်းကိုလည်းမှီဝဲရသဖြင့်ရုပ်,နာမ်ဓမ္မတို့၏ ဖြစ်ပျက်မှုမျှကိုသာမက–

(၁) ဖြစ်ပျက်ခြင်းသည် ဖောက်ပြန် ပြောင်းလဲ မမြဲသော အနိစ္စ လက္ခဏာ၊

(၂) ဖြစ်ပျက်ခြင်းသည် နှိပ်စက်ညှဉ်းဆဲ ဆင်းရဲသော ဒုက္ခလက္ခဏာ၊

(၃) ဖြစ်ပျက်ခြင်းသည် အစိုးမရ လိုရာမပါ အလိုသို့မလိုက်သော အနတ္တလက္ခဏာ၊

ဟု လက္ခဏာရေး သုံးပါးနှင့်တကွ ရုပ်,နာမ်ဓမ္မတို့၏ အကြောင်း အကျိုးကို ယထာဘူတကျကျသိလာပါက ယထာဘူတဉာဏ် အဆင့်သို့ပင် ရောက်ကြရသည်၊ ယင်းအဆင့်သို့ ရောက်လျှင်ပင် တမဂ်တဖိုလ် ရဘို့ရန် အတွက် သေချာသလောက်ဖြစ်နေပေပြီ၊ ၎င်းအဆင့်သို့ရောက်သောပုဂ္ဂိုလ် ကို "စူဠသောတာပန်"ဟုပင် ခေါ်ရသည်၊ ထို့ကြောင့် ထူးထူးခြားခြား ရှုသဖြင့် ထူးထူးခြားခြားသိသော အသိဉာဏ်ကို"ဝိပဿနာဉာဏ်"ဟုခေါ်ရ လေသည်။

**ဝိပဿနာရှုနည်း**

(၁) ရုပ်,နာမ်ဓမ္မ ပရမတ္ထတရား၊

(၂) ရုပ်,နာမ်တို့၏ ဖြစ်ပျက်သဘော၊

(၃) ရုပ်,နာမ်တို့၏ အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာ-

ဟု အထက်တွင်ပြဆိုခဲ့သည့်အတိုင်း ဝိပဿနာသုံးမျိုးရှိခဲ့ရာ အဘယ်ကို ပဌမဦးတည်၍ ရှုရမည်နည်း၊ အမှတ် ၁-ဖြစ်သော ပရမတ္ထအာရုံကိုပင် ပဌမဦးတည်၍ ရှုရမည်လော၊ သို့တည်းမဟုတ် အမှတ် ၂-ဖြစ်သော ရုပ်, နာမ်တို့၏ ဖြစ်,ပျက်သဘောကိုပင် ပဌမဦးတည်၍ ရှုရမည်လော သို့တည်း မဟုတ် အမှတ် ၃-ဖြစ်သော လက္ခဏာသုံးပါးကိုပင် ပဌမဦးတည်၍ရှုရမည် လော-ဟု ပဌမဦးတည်၍ ရှုရမည့်ဝိပဿနာကို စိစစ်သင့်ပေသည်။

အထက်ပါ ဝိပဿနာသုံးမျိုးတို့တွင် ဖြစ်ပျက်သဘောနှင့် လက္ခဏာ သုံးပါးတို့သည် ပရမတ်၏အခြင်းအရာ အာကာရ တဇ္ဇာပညတ်အာရုံသာဖြစ် သည်၊ပရမတ်အာရုံမဟုတ်၊ ရုပ်,နာမ် နှစ်ပါးသာ ပရမတ်အာရုံဖြစ်သည်၊

ဝိပဿနာရှုရာ၌ ပရမတ်အာရုံကို ပဌမဦးတည်ရှုရသည်၊ ထို့ကြောင့် မိမိ ပဌမဦးတည်ရှုလိုသော ပရမတ်အာရုံတခုခုကိုသာ စူးစူးစိုက်စိုက်ရှုရသည်၊ ထိုသို့ရှုသောအခါ ပညတ်ပျောက်၍ ရုပ်,နာမ်တို့ကိုပိုင်းခြားသိမြင်ပြီးနောက် ဖြစ်ပျက်သဘော မှတ်ကြောင်းလက္ခဏာများနှင့် ရုပ်,နာမ်တို့၏ အကြောင်းကို တဆင့်တက်၍ ရှုရသည်။

ထူးကြီးဝိပဿနာ

ယခုခေတ်သည် သိပ္ပံပညာထွန်းကားသော ခေတ်ဖြစ်၍ လက်တွေ့ကိုမှ ယုံကြည်သည်၊ လက်တွေ့ကိုမှ ဦးစားပေးသည်၊ သို့ဖြစ်၍ လောကဓမ္မ နှစ်ဌာနတွင် လောကအကြောင်းအားဖြင့် လက်တွေ့ ကြံဆတီထွင်မှု သိပ္ပံပညာအစုစုသာ ရှေ့တန်းတက်လာသကဲ့သို့ ဓမ္မအကြောင်းအားဖြင့်လည်း လက်တွေ့အားထုတ်မှု ဝိပဿနာပညာ ရှုပွားမှုသည် ထိပ်တန်းသို့ရောက်လာပေသည်၊ ထို့ကြောင့် ဆရာတော်သည် ဝိပဿနာ ရှုပွါးနည်းကို တပည့်များအား ညွှန်ကြားပြသရာတွင်—

(၁) ရှုကွက်အားဖြင့်လည်း ထင်ရှားသည်၊

(၂) ပါဠိတော်နှင့်လည်း တိတိကျကျညှိပြနိုင်သည်၊

(၃) ရှုကွက်အတွင်း ထင်လာသော ဓမ္မန္တရာယ်များကိုလည်း တိတိကျကျထောက်ပြသည်၊

(၄) ကာယာနုပဿနာမှ ဓမ္မာနုပဿနာ ဖြစ်အောင် ရှုကွက်ကိုအချက်ကျကျ ပြနိုင်သည်၊

(၅) ယောဂီများ စိတ်တွင်စွဲငြိအောင် အကွက်မိမိ ဟောပြနိုင်သည်။

အထက်ပါဂုဏ်အင်္ဂါ ၅-ချက်နှင့်လျော်ညီစွာ ပါဠိတော်များကို ကိုးကားလျက် ကျားကူးဓမ္မဗိမာန်တော်ကြီးတွင် ဆရာတော်ကိုယ်တိုင်-၇-ည တိတိ ဟောပြတော်မူခဲ့သော ပါဠိဒေသနာတော်ဟောစဉ်ကို ဒေသကဖြစ်တော်မူ

သော ထူးကြီးဆရာတော်အားအစွဲပြု၍ "ထူးကြီးဝိပဿနာ"ဟု အများက ခေါ်တွင်ကြခြင်းဖြစ်သည်၊ စင်စစ်မှာမူ ပါဠိတော်နည်းကျကျ ဟောပြသဖြင့် "ပါဠိနယဝိပဿနာ"ဟူ၍လည်း ဆိုသင့်လေသည်။

ဆရာတော်၏ဝိပဿနာရှုကွက်မှာ "ဝါယောကာယရုပ်ပရမတ်"ပင် ဖြစ်သည်၊ ၎င်းဝါယောကာယရုပ်ပရမတ်ကို ယေဘုယျအားဖြင့် ကာယာနုပဿနာနည်းကျကျ ပြကြသော်လည်း ဆရာတော်ကမူ ဓမ္မာနုပဿနာရှုကွက်ဖြစ်အောင် ပြောင်းလဲ၍ ပါဠိတော်နည်းကျကျ ယထာဘူတဆိုက်အောင်ပြခဲ့သည်။

ဥပမာ–ထွက်လေ,ဝင်လေခေါ် အာနာပါနကို "ဝါယောလေဓာတ်ရုပ်ပရမတ်" အဖြစ်သာရှုကွက်ထား၍ ၎င်း၏ တိုးတဲ့ တွန်းတဲ့သဘောကို ပေါ်အောင်ရှုရသည်၊ ထိုသို့ရှုရာမှာလည်း ထွက်လေဝင်လေအဖြစ်သာရှုပါက ကာယသဘောသက်ဝင်၍ ကာယာနုပဿနာရှုကွက်သာဖြစ်ပေမည်၊ ဓမ္မာနုပဿနာရှုကွက်ကား မဖြစ်နိုင်ပေ၊ ဆရာတော်ကမူ ထွက်လေ, ဝင်လေဟူသော ကာယသဘောသည် ပညတ်နှင့် ရောနှောနေသယောင်ဖြစ်၍ သမထရှုကွက်တွင် သက်ဝင်နေသည်၊ ထိုထွက်လေ,ဝင်လေ၏ သို့မဟုတ် ဝါယောလေဓာတ်၏ ဝိတ္ထမ္ဘနလက္ခဏာခေါ် တိုးတဲ့ တွန်းတဲ့ သဘောကိုသာ ရှုကွက်အဖြစ်ထား၍ ပွါးများပါက ကာယသဘောစင်၍ ဓမ္မသဘောဝင်ပေမည်၊ ထိုသို့ရှုပါက ကာယာနုပဿနာ ရှုကွက်မှ ဓမ္မာနုပဿနာရှုကွက် ဖြစ်လာပေမည်၊ ဝါ-သမထမဘက် ဝိပဿနာရှုကွက် သက်သက်သာ ဖြစ်လာပေမည်ဟုနှလုံးသွင်းတော်မူ၍ အာနာပါနကိုပင် ဓမ္မာနုပဿနာအဖြစ် ပါဠိတော်လာ ဗုဒ္ဓဝစနအတိုင်း ရှုကွက်တမျိုးပြသဖြင့် တမူထူးခြားနေပေသည်၊ ထိုသို့ရှုကွက်အနေအားဖြင့် တမျိုးတခြား ဆန်းပြားနေသော်လည်း ပါဠိတော်နှင့် သဘာဝအားဖြင့် အတူတူပင် ဖြစ်နေသောကြောင့် လမ်းစဉ်ကျမှ ကျပါ့မလား–ဟု သံသယ ရှိဘွယ်မလိုပေ။

အာနာပါနကို-သို့မဟုတ်ထွက်လေ,ဝင်လေကိုအခြေခံ၍ဝိပဿနာရှုကွက်သို့ တဆင့်တက်သော ကာယာနုပဿနာပင်ဖြစ်စေ၊ ထွက်လေ,ဝင်လေကို

ရှုနေစဉ်အတွင်း ပေါ်လာသောဝေဒနာသို့ တဆင့်တက်သော ဝေဒနာနုပဿနာပင်ဖြစ်စေ၊ ရှုနေစဉ်အတွင်း ၎င်းထွက်လေ,ဝင်လေကို သိသိနေသော အသိစိတ်သို့ တဆင့်တက်၍ရှုသော စိတ္တာနုပဿနာပင်ဖြစ်စေ ဆရာတော်ပြသည့်အတိုင်းသမထဘက်မထွက်လေ,ပင်လေ၏တိုးတဲ့တွန်းတဲ့သဘောသက်သက်ကိုသာရှုသော ဓမ္မာနုပဿနာပင်ဖြစ်စေ ရှင်တော်ဗုဒ္ဓ၏ အလိုတော်ကျ ညွှန်ပြသောနည်းများသာ ဖြစ်သောကြောင့် မည်သူ့နည်းကမှန်သည်, မည်သူ့နည်းကမှားသည်သို့ ဆန်းစစ်နေစရာ လိုမည်မထင်ပေ၊ သတိပဋ္ဌာန်နည်းကျကျ ပြသနေကြသောနည်းမှန်သမျှ ဝိမုတ္တိရသကို ခံစားရမည်သာဖြစ်သည်။

ထို့ကြောင့် ဆရာတော်ဘုရားသည် ဘုရားဟောဘော် ပါဠိတော်လာ စာတွေ့ ကမ္မဋ္ဌာန်းနှင့် စီးဖြန်းပွားများ ကြိုးစား အားထုတ် လုပ်ငန်းမှဝင်ထင်လာသော ကိုယ်တွေ့ ကမ္မဋ္ဌာန်းနှစ်ပါး တသားတည်း ကိုက်ညီမှုကို အလိုရှိသော ယောဂီ ပုဂ္ဂိုလ်များအတွက် မေတ္တာစိတ်, ကရုဏာစိတ်ဖြင့် ခုနစ်ရက် ခုနစ်လီ ဓမ္မစည်ရိုက်ဆော်ရွမ်းလျက် ဓမ္မစက်တရားမှန်ကိုကျမ်းဂန် ၅၀၀ ပါဠိတော်နည်းနယတို့ဖြင့် အကွက်ကျကျ ဟောပြတော်မူပေသည်၊ ထိုပါဠိတော်ဟောစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပါဠိတော်ဟောစဉ်

(၁) ပဌမညဟောစဉ်၊

ဝိပဿနာအလုပ်ပေးတရားတော်နှင့် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ထေရဝဂ်လာ တိဿသုတ္တန်တရားတော်။

(၂) ဒုတိယညဟောစဉ်၊

အပြင်အာရုံရှင်းတမ်းနှင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ပုပ္ဖဝဂ်လာ ဝါသိဇဋ္ဌသုတ္တန်တရားတော်။

(၃) တတိယညဟောစဉ်။

အတွင်းအာရုံရှင်းတမ်းနှင့် သဠာယတနဝဂ္ဂ သံယုတ် ပါဠိတော် အာသီဝိသဝဂ်လာ ဒါရုက္ခန္ဓောပမသုတ္တန်တရားတော်။

(၄) စတုတ္ထည့်ဟောစဉ်၊
နိမိတ်ရှင်းတမ်းနှင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဟာရဝဂ်လာ ကစ္စာနဂေါတ္တသုတ္တန်တရားတော်။

(၅) ပဉ္စမညဟောစဉ်၊
ဥပက္ကိလေသ ၁၈-ပါး ရှင်းတမ်းနှင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဥပယဝဂ်လာ ဗီဇသုတ္တန်တရားတော်။

(၆) ဆဋ္ဌမညဟောစဉ်၊
ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်ပုံနှင့် သဂါထာဝဂ္ဂသံယုတ် ပါဠိတော် နဠဝဂ်လာ ဩဃတရဏသုတ္တန်နှင့်မဟာဝဂ်လာဈာနသုတ္တန် တရားတော်။

(၇) သတ္တမညဟောစဉ်၊
မဂ်ဉာဏ်ဖြစ်ပေါ်ပုံနှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် အာသီဝိသဝဂ်လာ ကိံသုကောပမသုတ္တန် တရားတော်။

အထက်ပါ ပါဠိတော်ဟောစဉ်ကို ကြည့်ခြင်းအားဖြင့် ထူးကြီးဆရာတော်သည် ယောဂီပုဂ္ဂိုလ်များအပေါ် မည်မျှ စေတနာထား၍ ဟောကြားတော်မူသည်မှာ လက်ဝါးပေါ်တင်ထား သျှစ်သျှားသီးအလားအလွန်ပင် ထင်ရှားလှပေသည်။

မှန်ပေသည်၊ ဆရာတော်သည် တရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များအတွက် တရားပြဟောစဉ်အဖြစ် ခုနစ်ညတိတိဟောပြတော်မူရာ ညစဉ်ညတိုင်း ပါဠိတော်ကိုမှတည်ထားပြီး ပါဠိတော်လာ ဗုဒ္ဓဝစနများဖြင့်သာ ရှင်းလင်းဟောပြတော်မူခဲ့သည်၊ ထိုသို့ဟောရာမှာလည်း တညနှင့်တညမတူ တမူထူးပြား အခဏ်းကဏ္ဍများခွဲခြားလျက် ဝိပဿနာအလုပ်ကို အားထုတ်စဉ်အခါ ဖြစ်ပေါ်လာသော သဘာဝအနေအထားကိုလည်း ကွက်ကွက်ကွင်းကွင်း ဉာဏ်အမြင်ရှင်းသွားအောင် ဟောကြားထားပေသည်၊ ထို့ကြောင့် ဆရာတော်၏ ခုနစ်ညဟောစဉ်များအနက် ပဉ္စမည ဝိပဿနာအလုပ်ပေးတရားနှင့် တိသသုတ္တန် ပါဠိတော်ဟောစဉ်တနေ့ကိုသာ ကောက်နုတ်ချက်သဘောမျိုးဖြင့် တင်ပြအစီရင်ခံပါမည်။

**ဝိပဿနာအလုပ်ပေးတရား**

ဝိပဿနာအလုပ်ကို အားထုတ်လိုသည့် ယောဂီပုဂ္ဂိုလ်များသည် ရှေးဦးစွာ–

(၁) ဘုရားရှိခိုးခြင်း၊
(၂) ရှင်ပါးသီလခံယူခြင်း၊
(၃) အပြစ်ကိုပန်ကြားကန်တော့ခြင်း၊
(၄) အပြစ်ကို ခွင့်လွှတ်ခြင်း၊
(၅) မိမိခန္ဓာကိုယ်ကို ဘုရားအားလှူဒါန်းခြင်း၊
(၆) မေတ္တာပို့ခြင်း၊
(၇) တရားအားထုတ်စဉ် အန္တရာယ်ကင်းအောင် ဆုတောင်းခြင်း။

အထက်ပါ ပုဗ္ဗကိစ္စ ၇–ပါးကိုပြုလုပ်ရသည်၊ထိုပုဗ္ဗကိစ္စ ၇–ပါးကိုပရိကမ်ဟု ခေါ်သည်၊ ဤသို့ပြုလုပ်သဖြင့် ဝိပဿနာတရားမပွါးများမီ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိဖြစ်စေရန် ရည်သန်၍ ပရိကမ်ပြုရသည်။

မှန်ပေသည်၊ ဝိပဿနာအလုပ်သည် အမှန်သိအောင် ရှုရသောဉာဏ်အလုပ်ဖြစ်သည်၊ အသိဉာဏ်သည် သီးခြားရပ်တည်နေသည် မဟုတ်၊ စိတ်အစဉ်နှင့် တွဲဖက်၍သာနေသည်၊ စိတ်ကြည်လင်မှဉာဏ်အမြင် သန့်ရှင်းသည် စိတ်မကြည်လင်ကဉာဏ်အမြင်မသန့်ရှင်းပေ၊ ဉာဏ်အမြင်မသန့်ရှင်းကလည်း ဝိပဿနာအလုပ် လုပ်၍မရ၊ စိတ်ကြည်လင်ရန်မှာလည်း အခြေခံသီလစင်ကြယ်မှသာဖြစ်သည်၊ ထို့ကြောင့် သီလစင်ကြယ်ရန်, စိတ်စင်ကြယ်ရန် အတွက် ကြိုတင်၍ ပရိကမ်ပြုရသည်၊ ပရိကမ်ပြုပြီးပါက ဝိပဿနာအလုပ်စ–ရပေမည်။

ပရိကမ်ပြုလိုက်သဖြင့် စင်ကြယ်နေသော စိတ်အစဉ်ကို ပဌမအာနာပါနခေါ် ထွက်လေ,ဝင်လေအပေါ်သတိနဲ့ ရှေးရှုတင်လိုက်ပါ၊ ထိုဒုနိုက ဝါယော ကာယရုပ်ပရမတ်သာဖြစ်၍ ကာယာနုပဿနာဖြစ်ပေသည်၊ ရှင်ဝါယောကာယရုပ်ပရမတ်၏ ''ထွက်တော့ တိုးထွက်,ဝင်တော့တိုးဝင်'' တုံးတဲ့

သဘော,တွန်းတဲ့သဘောအပေါ်သို့ စိတ်အစဉ်ကိုသတိနဲ့ဒု တိယအကြိမ် ပြောင်းလဲတင်လိုက်ပါ၊ ထိုအခါ ကာယာနုပဿနာမှ ဓမ္မာနုပဿနာသို့စိတ်အစဉ်တက်သွားပေမည်၊ ဆရာတော်၏ အာဘောဂမှာ ကာယာနုပဿနာထက် ဓမ္မာနုပဿနာကို ရှုကွက်အဖြစ် ထားလိုပေသည်၊ ထို့ကြောင့်မိမိ၏ ဖြူစင်နေသော စိတ်အစဉ်ကလေးကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်သို့ သက်ဝင်လာတဲ့ တိုးတဲ့တွန်းတဲ့သဘောတည်းဟူသော သဘာဝလက္ခဏာ အာရုံကလေးကိုသာ သတိနဲ့ထပ်တလဲလဲရှုပါ၊ ရှုဖန်များသောအခါ ထိုသဘာဝလက္ခဏာကလေးကို သိသိနေသော အသိဉာဏ်ကလေးဖြစ်လာပေမည်၊ ထိုအသိဉာဏ်ကလေးကိုပင် ဝိပဿနာဟု ခေါ်သည်၊ ဤကား ဝိပဿနာ အလုပ်ပေး တရားအတွက်ကောက်နုတ်ချက်ဖြစ်သည်၊ အကျယ်ဝိတ္ထာရကို ဆရာတော်ကိုယ်တိုင် ဟောပြသွားပြီးရှိတဖြင့် စာအုပ်တွင်ဆက်လက်ရှုစားစေလိုပါသည်။

တိယသုတ္တန်

ဤသုတ္တန်တွင် ဝိပဿနာအလုပ်ကို တကယ်တန်းလုပ်ကြတဲ့ ယောဂီပုဂ္ဂိုလ်များအတွက် တွေ့ကြုံရမည့်အချက်ကြီး ၅-ချက်ကိုရှင်းပြလိုက်တဲ့အတွက် ဝိပဿနာအလုပ်ပေးတရားနှင့် ဤသုတ္တန်ကို တွဲဖက်၍ ဆရာတော် ဟောခဲ့သည်။

အချက်ကြီး ၅-ချက်

ဥပမာ (၁) ဒီကနေသွားလျှင် လမ်းနှစ်ခွတွေ့လိမ့်မယ်၊ လက်ဝဲလမ်းကို ရှောင်,လက်ျာလမ်းကိုသာ လိုက်ပါ။

(၂) ရှေ့ဆက်သွားတော့ တောအုပ်ကြီးထခုတွေ့လိမ့်မယ်။

(၃) နောက်မဆုတ်ပဲရှေ့ဆက်သွားက ညွန်အိုင်ကြီးတွေ့လိမ့်မယ်။

(၄) ၎င်းကိုရှောင်ရှား ရှေ့ဆက်သွားက ကမ်းပါးစောက်ကြီး တွေ့လိမ့်မယ်။

(၅) ၎င်းကိုရှောင်ရှား ရှေ့ဆက်သွားက လိုရာစခန်းရောက်လိမ့်မယ်။

ဤကဲ့သို့ လမ်းသိတဲ့ ယောကျ်ားက လမ်းမသိတဲ့ ယောကျ်ားအား အချက်ကြီး ၅-ချက်ကို အကွက်ချပြီး ညွှန်ပြလိုက်တယ်၊ အဲဒီဥပမာလိုပဲ ဝိပဿနာတရားအားထုတ်လိုသော ယောဂီများအတွက်-

ဥပမေယျ (၁) ပဌမအားထုတ်စ မှန်မှန်ပါ့မလားဟု လမ်းနှစ်ခွနှင့်တူသော ဝိစိကိစ္ဆာနဲ့တွေ့ရမယ်။

(၂) မိစ္ဆာလမ်းလွဲကိုရှောင်ရှား သမ္မာလမ်းမှန်သို့ စိတ်ကိုတင်ထားပြီး ဆက်လက်၍အားထုတ်တဲ့အခါ ဘာအာရုံမှထင်မလာပဲ မူလကမ္မဋ္ဌာန်းအာရုံပျောက်ပြီး တောအုပ်ကြီးထဲရောက်နေရသလို အဝိဇ္ဇာဆိုတဲ့ အမှောင်ထုနဲ့တွေ့ရမယ်။

(၃) သတိနဲ့ထပ်တလဲလဲ ပွါးများသော်အခါ အဝိဇ္ဇာဆိုတဲ့ အမှောင်ထုပျောက်ပြီး မူလကမ္မဋ္ဌာန်း အာရုံနှင့် မပတ်သက်တဲ့ နှစ်သက်စရာ အာရုံအမျိုးမျိုး ပေါ်လာတတ်တယ်၊ ထိုအာရုံများသည် ညွန်အိုင်ကြီးကဲ့သို့လှုပ်လိုက်လျှင် မြုပ်မည်သာဖြစ်သည်။

(၄) ထိုအာရုံများကို သတိပညာနဲ့ပယ်ရှားတတ်ပြီး အားထုတ်မည်ဆိုပါက ကမ်းပါးစောက်ကဲ့သို့ တရားအားထုတ်စဉ်အတွင်း နာကြင်ကိုက်ခဲခြင်း စသည်များကြောင့် အမျက်ထွက်ခြင်းစသော ကောဓ, ဥပါယာသတို့နဲ့ တွေ့ရမယ်။

(၅) ဘာကိုမှ ဂရုမထား ဆက်လက်ပြီး အားထုတ်ဖန်များသောအခါ လိုရာစခန်းသို့ ရောက်သကဲ့သို့ နိဗ္ဗာန်တည်းဟူသော စခန်းသာသို့ ရောက်ရမည်သာဖြစ်တယ်။

ဤသုတ္တန်လာ ဥပမာ-ဥပမေယျ အချက်ကြီး ၅-ချက်အရကို တွက်ဆကြည့်က ဝိပဿနာအလုပ် အားထုတ်စဉ်အတွင်း နည်းပေးလမ်းပြဆရာကောင်း မည်မျှလိုကြောင်း သိသာထင်ရှားပေသည်၊ တရားအားထုတ်လို

သော ယောဂီပုဂ္ဂိုလ်များသည် ဆရာတော်ဘုရား အကျယ်ဟောထားသော တရားတော်များကို စာအုပ်တွင် နာခံမှတ်သား၊ ရှုစားကြစေလိုပါသည်။

### ထူးကြီးဝိပဿနာပြန့်ပွားရေးအဖွဲ့ ဖြစ်လာခြင်းအကြောင်း

ဟံသာဝတီသတင်းစာတိုက် တိုက်အုပ် (အထွေထွေမန်နေဂျာ) ဦးမြင့်သည် တရားအားထုတ်လိုသောဆန္ဒ ပြင်းပြလှသည်ဖြစ်၍ နည်းပေးလမ်းပြ စံနစ်တကျ တရားပြနိုင်သော ဆရာကောင်းများကို စုံစမ်းရှာဖွေရင်း လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ဒီပနီကျမ်းစာ မြောက်မြားစွာကို ဘတ်ရှုလေ့လာ ဆည်းပူးနေစဉ်အတွင်း ရန်ကုန်မြို့ သက်န်းကျွန်းလမ်း၊ ဝေဘူရိပ်သာတွင် တနင်္ဂနွေနေ့တိုင်း ထူးကြီးဆရာတော်ကိုယ်တိုင် ပါဠိတော်နယဖြင့် ယထာဘူတကျကျ တရားပြနေကြောင်းကို ရင်းနှီးသူ ဇမ္ဗူမိတ်ဆွေအပေါင်းထို့ထံမှ သတင်းကောင်းရသဖြင့် နှစ်ထောင်းအားရ နာကြားလိုသောဆန္ဒ ဖြစ်ပေါ်လာရကား ထိုဆရာတော်ထံ တရားတော်ကို နာခံရန် ၁၉၆၂-ခုနှစ်လည်လောက်တွင် ရောက်ရှိသွားလေသည်။

ဆရာတော်သည် ပါဠိတော်လာ သုတ္တန်ဒေသနာများကို ဝိပဿနာ အလုပ်ပေးတရားအဖြစ် စံနစ်တကျ ညှိနှိုင်းတိုက်ဆိုင်၍ ပြသဖြင့် ပါဠိတော်လာ ဒေသနာကို ကြည်ညိုသည်က တကြောင်း၊ ဝိပဿနာအလုပ်ပေးတရားကလည်း ပြတ်သားရှင်းလင်း လူတိုင်းလူတိုင်း နှလုံးသွင်းနိုင်သည်ကတကြောင်း၊ ဤအကြောင်းများကြောင့် ကြည်ညိုယုံဖိတ် သဒ္ဓါစိတ်များ တဖွားဖွား ဖြစ်ပေါ်လာရကား ထိုဝိပဿနာ အလုပ်ပေးတရားပါဠိတော် ဟောစဉ်များကို တိတ်ရီကော်ဒါဖြင့် အသံသွင်းထားရလျှင် အချိန်အခါမရွေး နာကြားရမှာဘဲဟု အကြံဖြစ်လာလေသည်၊ ဆရာတော်၏ တရားတော်ကို နာကြားရသည့်အတိုင်း ဝိပဿနာအလုပ်ကို လက်တွေ့လုပ်ကြည့်သောအခါလည်း မိမိ၏ အဇ္ဈာသယနှင့် အံဝင်ဂွင်ကျဖြစ်နေသည်ကို တွေ့ရသဖြင့် အသံသွင်းထားပြီး ထပ်တလဲလဲကြားနာလိုသောဆန္ဒ လွန်စွာပြင်းပြလာရကား အသံသွင်းထားလိုပါကြောင်း ဆရာတော်အား လျှောက်ထားတောင်းပန်ရာ ဆရာတော်၏ ခွင့်ပြုချက်အရ ၁၉၆၃-ခုနှစ်လောက်မှစ၍ ဆရာတော်က တနင်္ဂနွေနေ့တိုင်း ဟောကြားတော်မူသော အလုပ်ပေး

တရားတော်များနှင့် ပါဠိတော်လာ သုတ္တန်ဒေသနာတော်များကို အသံသွင်းကြိုးခွေများဖြင့် ဖမ်းယူခဲ့ပါသည်။

ထိုကဲ့သို့ ဖမ်းယူထားသော တိတ်ခွေများကို ညစဉ် ဦးမြင့်က ၎င်း၏ နေအိမ်၌ ဖွင့်၍နာကြားလျက်ရှိစဉ် အခြား ဓမ္မမိတ်ဆွေများကလည်း လာရောက်နာကြားလိုကြောင်း ပြောကြားကြသဖြင့် အပတ်စဉ် ဗုဒ္ဓဟူး, သောကြာနှင့် တနင်္ဂနွေနေ့များတွင် ည -၇–နာရီမှစ၍ ဖွင့်လျက် နာကြားကြပါသည်။

၁၉၆၆–ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့ ပုဇွန်တောင် ရွှေဘုန်းပွင့် ဘုရားဝင်းအတွင်း ဓမ္မာရုံတွင် တရားပွဲ–၇–ရက်၊ ၁၉၆၆–ခု ဖေဖော်ဝါရီလ–၂၁–ရက်နေ့မှ စ၍ –၇–ညတိုင်တိုင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ကျွဲကူးဓမ္မဗိမာန်ကြီးတွင် ဝိပဿနာ (ဓမ္မာနုပဿနာသတိပဋ္ဌာန်) အလုပ်ပေးတရားနှင့် နိကာယ်ငါးရပ် ပါဠိတော် ဘုရားစကားတော်တို့မှ ကောင်းနိုးရာရာ သုတ္တန်ဒေသနာတော်များကို ဟောကြားခဲ့ရာ ထိုတရားတော်အားလုံးကို အသံသွင်းကြိုးခွေဖြင့် သွင်းယူထားပါသည်။

ထိုကဲ့သို့ ဟောကြားတော်မူသော ဓမ္မာနုပဿနာသတိပဋ္ဌာန်နည်းအရ–ဝါယောလေဓာတ် ရုပ်ပရမတ်၏ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ဖြစ်သော ကမ္မဋ္ဌာန်းတရားကို အသံသွင်းကြိုးခွေမှတဆင့် နာယူကြရကုန်သော ယောဂီအပေါင်းတို့မှာ အထူးပင် နှစ်ခြိုက်ကြကြောင်းကို တွေ့ရှိသဖြင့် ထူးကြီးဆရာတော်၏ ဝိပဿနာအလုပ်ပေးတရားတော်ကို အဖွဲ့တခုဖွဲ့၍ ပြန့်ပွားသည်ထက် ပြန့်ပွားအောင် ပြုလုပ်ကြရလျှင် ပဋိပတ္တိသာသနာသည် နေ့ဝါလဝန်းပမာ ထွန်းလင်းခြင်းသို့ ရောက်မှာဘဲဟု ဆန္ဒဖြစ်လာကြသည့် အတိုင်းဆန္ဒတူ ဓမ္မမိတ်ဆွေအပေါင်းတို့က ၁၉၆၆–ခုနှစ် ဧပြီလတွင် ဦးမြင့်အား ဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊ ဦးစန်းမောင်နှင့် ဒေါက်တာရန်ရှင်းတို့အား ဒု-ဥက္ကဋ္ဌ များအဖြစ်ဖြင့်၎င်း၊ အတွင်းရေးမှူးအဖြစ် ဦးအောင်ကြည်နှင့်တကွ အမှုဆောင် ၂၁-ယောက် ပါဝင်သော "ထူးကြီးဝိပဿနာပြန့်ပွားရေးအဖွဲ့" ကို အမှတ် ၆၉၊ ၉၂–လမ်း ကန်တော်ကလေးရှိဥက္ကဋ္ဌကြီး ဦးမြင့်အိမ်၌ ဌာနချုပ်အဖြစ်သတ်မှတ်၍ ဖွဲ့စည်းခဲ့ကြပါသည်။

ထိုကဲ့သို့ဖွဲ့စည်းပြီးနောက် ရန်ကုန်မြို့ ရပ်ကွက်အသီးသီးသို့ အသံသွင်းကြိုးခွေများဖြင့် ပဋ္ဌိပတ္တိသာသနာပြန့်ပွားအောင်ပြုလုပ်ကြရန် ဥက္ကဋ္ဌကြီး၏ ညွှန်ကြားချက်အရ အတွင်းရေးမှူးဦးအောင်ကြည်၏ ကြိုးစားဆောင်ရွက်မှုကြောင့် ယခုအခါ ထူးကြီးဝိပဿနာ ပဋ္ဌိပတ္တိသာသနာတော်သည် တနေ့တခြား ပြန့်ပွားလာခဲ့ပါသည်။

**စာအုပ်ဖြစ်ပေါ်လာခြင်းအကြောင်း**

ထိုသို့ ထူးကြီးဝိပဿနာပြန့်ပွါးအောင် ကြိုးစားလာခဲ့ရာ ကြားနာလိုသော ဌာနကများ,ဖွင့်ပြရမည့် စက်ကနည်းသဖြင့် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ခဲ့ရပါသည်၊ သို့သော် စိတ်အားထက်သန်စွာ ကြိုးစား၍ အမှာစာရောက်လာသမျှဌာနများသို့ အလှည့်ကျဖွင့်ပြခဲ့ရာ တခါတရံ တနေ့တည်းတွင် နှစ်ကြိမ် သုံးကြိမ်မက မအားရအောင်ပင် ဖွင့်ပြနေရပါသည်၊ ယခုဆိုလျှင် ဌာနအတော်များများ ပြန့်ပွါးလျက်သား ရှိနေပါသည်၊ သို့သော် ထိုမျှလောက်ဖြင့်အားမရတင်းမတိမ်သေးပဲ ဆထက်တပိုးတိုး၍ အကြံတမျိုးဖြစ်လာကြပြန်ပါသည်၊ ထိုအကြံကား အခြားမဟုတ်ပါပေ၊ စာအုပ်ထုတ်လုပ်ရေးပင်ဖြစ်ပါသည်။

မှန်ပေသည်၊ ဆရာတော်ဘုရား၏ ပါဠိတော်ဟောစဉ်များကို ကြိုးခွေဖြင့် အသံသွင်းပြီး လှည့်လည်ဖွင့်ပြနေရုံဖြင့် ပြန့်ပွားသင့်သလောက် ပြန့်ပွါးသည်ကား မှန်ပေသည်၊ သို့သော် လူတိုင်းလူတိုင်းကြားနာ အားထုတ်နိုင်အောင် ဒုဆင့်အထိကား မပြန့်ပွါးသေးပေ၊ ထိုအဆင့်သို့ ရောက်အောင် ပြန့်ပွါးနိုင်ရေးမှာလည်း စာအုပ်ဖြစ်အောင် ကြိုးစားခြင်းမှလွဲ၍ အခြားနည်းလမ်းမရှိပေ၊ ထို့ကြောင့် အမှုဆောင်အဖွဲ့ အစည်းအဝေးထိုင်၍ တိုင်ပင်ကြသောအခါ ဆရာတော်၏ ပါဠိတော်ဟောစဉ်များကို အသံသွင်းထားသည့်အတိုင်း စာအုပ်ထုတ်လုပ်ဖြန့်ချိဘို့ရန် တညီတညွတ်တည်း ဆုံးဖြတ်ကြလေလေသည်၊ ထိုအမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရန်မှာလည်း လွယ်ကူလှသည်မဟုတ်ပါ၊ ကြိုးခွေအတွင်းရှိ ပါဠိတော်ဟောစဉ် တရားသံများကို အခကြေးငွေပေး၍ ကူးယူစေရခြင်း ကူးယူပြီး ကော်ပီများကို ပါဠိတော်များနှင့် တသားတည်း ကျအောင်

တိုက်ဆိုင် တည်းဖြတ်ရခြင်း, ထိုကော်ပီများကို ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ပဋ္ဌမကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သေဋ္ဌိလနှင့် ကျေးဇူးရှင် ထူးကြီးမြို့ တောင်ပေါ်တိုက်ကျောင်းဆရာတော် စသော ဆရာတော်ကြီး များထံ တင်ပြ၍ ဆန္ဒယူရခြင်း နောက်ဆုံးအနေအားဖြင့် ဟံသာဝတီ စာတည်းစာပြင်မှူး ဆရာဦးခင်စိုးထံ တင်ပြ တည်းဖြတ်စေခြင်း-စသည်ဖြင့် သန့်ရှင်းစင်ကြယ်သော စာမူတခုဖြစ်စေရန်အတွက် အဆင့်ဆင့် ကြိုးစားရ ပါသည်။

မည်သို့ပင်ခက်ခက်ခဲခဲ ကြိုးစားရစေကာမူ ထိုပါဠိတော် ဟောစဉ်ခေါ် ထူးကြီးဝိပဿနာစာအုပ်ကို အများပြည်သူတို့ ကြည့်ရှုရ, ပါဠိတော်လာ တိုင်း ကျင့်ရသဖြင့် မိမိတို့ ပါရမီအားလျော်စွာ တရားအရသာကို ခံစား နိုင်ကြမည်ဆိုပါလျှင် ပင်ပန်းရကျိုးနပ်ပြီဟု ယုံကြည်သဖြင့် အသံသွင်း ထားသော မူရင်းဟောစဉ်ကို မပျက်စေဘဲ "ပါဠိတော်ဟောစဉ် ထူးကြီး ဝိပဿနာ"ဟူသောအမည်ဖြင့် ဖြန့်ချီထုတ်ဝေ လိုက်ရပါကြောင်း။

## ကျေးဇူးတင်ရှိခြင်း

အသံသွင်းကြိုးခွေမှ ကူးယူဖတ်ပြသည့် စာမူကိုလက်ခံအတည်ပြုသည့်ပဋ္ဌမ ကျော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်သေဋ္ဌိလ မဟာထေရ်, ထူးကြီးမြို့ တောင်ပေါ်တိုက်ကျောင်း ဝိပဿနာကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင် ဝိမလ မဟာထေရ်မြတ်ကြီး နှစ်ပါးအားရင်း၊ စာအုပ်အဖြစ်သို့ရောက်အောင် အပက်ဖက်မှ ကူညီဆောင်ရွက်ပေးသော ဟံသာဝတီပုံနှိပ်တိုက်အားရင်း၊ စာမူကြမ်းကို သန့်ရှင်းအောင် ကောင်းစွာ တည်းဖြတ် ကြပ်မသုတ်သင် ပြင်ဆင်ပေးသော ဆရာ ဦးခင်စိုး [သာသနဓဇ သီရိပဝရ ဓမ္မာစရိယ] နှင့် တကွ ဆရာဦးသိန်းဟန်(၁), ဦးတင်နွယ်, ဦးဟန်ထွန်း, ဦးပု, ဦးရွှေဖူး, ဦးသိန်းဟန် (၂) ဟံသာဝတီ ပါဠိဆရာများအားရင်း ကျွန်ုပ်တို့အဖွဲ့က ကျေးဇူးဥပကာရ တင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

"ထူးကြီးဝိပဿနာ ဖြန့်ပွါးရေးအဖွဲ့"
(၇-၇-၆၇)

# ထုတ်ဝေသူ၏ အမှာ

## ဒုတိယအကြိမ် ရိုက်နှိပ်ရခြင်း အကြောင်း

ရန်ကုန်မြို့ ထူးကြီးဆရာတော် ဟောကြားတော်မူခဲ့သည့် ဝိပဿနာ တရားတော်များထဲမှ ပါဠိတော်ဟောစဉ်တရပ်အနေဖြင့် စာအုပ်အဖြစ်ပုံနှိပ် ထုတ်ဝေခဲ့သည်မှာ ဤပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ-ပဋ္ဌမအုပ်သည် ကနဦး အစကျမ်းပင်ဖြစ်ပါသည်။ ကနဦး အစကျမ်းစာဖြစ်သည့် အလျောက် လည်း ဤကျမ်း၌ဝိပဿနာမရှုပွါးမီ ကျင့်သုံးလိုက်နာရမည့်အခြေခံဖြစ်သော ပရိကမ်ပြုပုံပြုနည်း တရားထိုင်ပုံထိုင်နည်းမှစ၍ အဋ္ဌကထာမဖက် ပါဠိတော် နည်းသက်သက်ဖြင့် ရှုကွက်ဖေါ်ကာဟောကြားသည့် ဟောစဉ်သုတ္တန် ပေါင်း-၈-သုတ် ပါဝင်ခဲ့ပါသည်။

ဤသို့ အခြေခံပါဠိတော်နည်းကျကျ ဟောကြားထားသော ဟောစဉ် ပဌမအုပ်ကို -၁၉၆၇-ခုနှစ်၊ ဇူလိုင်လတွင် ပဌမအကြိမ်၊ ၁၉၆၉-ခုနှစ်၊ဩဂုတ် လတွင် ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သော်လည်း........

(၁) စာအုပ်ရေ ၃၀၀၀ မျှနှင့် ၉-နှစ်ကျော် ၁၀-နှစ်နီးပါးကြာ မြင့်ခဲ့သည့်အပြင် ဓမ္မသုတေသီပုဂ္ဂိုလ်များထံ နှံ့စပ်အောင် မရောက်ရှိသဖြင့်၎င်း၊

(၂) ထူးကြီးဆရာတော်၏ ဝိပဿနာတရားဟောစဉ်ကို နာကြား သူ ဖတ်ရှုလိုသူ အသစ်အသစ်တို့သည် တနေ့တခြား တိုးပွား များပြားလာသဖြင့်၎င်း၊

(၃) ထိုသို့ ပြန့်ပွားလာသည့်အလျောက် ဤကျမ်းစာအဟောင်း ကို ဖတ်ရှုလိုကြသဖြင့် တောင့်တရှာမှီးကာ မေးကြမြန်းကြ သည်မှာလည်း ကာလကြာမြင့်ခဲ့ပြီဖြစ်၍၎င်း၊

(၄) ဝိပဿနာရှုပွါးလိုသူ လိုက်စားလိုသူ စုံစမ်းရှာမှီးလိုသူ ဗုဒ္ဓဘာသာဝင်မှန်သမျှတို့ ဖတ်ရှုနိုင်ကြသဖြင့် ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာတော်သုံးရပ် တည်တန့်စေခြင်း တိုးတက်ပြန့်ပွားစည်ကားစေခြင်း ဟူသော ရည်ရွယ်ရင်းရှိသဖြင့်ရင်း ယခုအခါထပ်မံ၍ တတိယအကြိမ်ရိုက်နှိပ်ရခြင်းဖြစ်ပါသည်။

ထိုသို့ ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ ပဌမအုပ်ကို တတိယအကြိမ် ရိုက်နှိပ်ရာ၌ မလိုသည်ကိုနုတ်ပယ်၍ လိုအပ်သည့်ကို အနည်းငယ်ပြင်ဆင်ဖြည့်စွက်ကာ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ကြောင်း ဓမ္မမိတ်ဆွေအပေါင်းတို့အားသိစေအပ်ပါသည်။

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတသရ

# ဝိပဿနာ အလုပ်ပေးတရား

နှင့်

# တိဿ သုတ္တန်တရားတော်

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၁)

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဇဋိလာဘိဝံသ မထေရ်မြတ်သည် ၁၃၂၇-ခု၊ တပေါင်းလဆန်း ၉-ရက်နေ့ (၂၀-၂-၆၆) ညအချိန်၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျွားကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာ ပါဠိတော်ဟောစဉ် အမှတ်(၁)ဖြစ်သော ဤ "ဝိပဿနာ အလုပ်ပေးတရား" နှင့် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ထေရဝဂ်၌လာသော "တိဿသုတ္တန် တရားတော်" ကို ဟောကြားတော်မူသည်။



## ပါဠိတော်ဟောစဉ်

# ထုံးကြီး ဝိပဿနာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဝိပဿနာအလုပ်ပေးတရားတော်

ပဌမနေ့ ဝိပဿနာအလုပ်ပေးတရားနှင့် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာ လာတဲ့ တိဿသုတ္တန်တရားကို ဟောမယ်လို့ အစီအစဉ် ပြုလုပ်ပြီးတော့ ပေးလိုက်ပါတယ်၊ အခုအမျိုးကောင်းသားများ, အမျိုးကောင်း သမီး များမှာ ပရိက်မ်ပြုတဲ့ စရွက်ကလေးတွေ အသီးအသီးပါကြရဲ့လား....(ပါ ပါတယ်ဘုရား)။

ပရိကမ်ပြုတဲ့စာရွက်ကလေးတွေ အသီးအသီး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာပါကြရဲ့လား....(ပါ ပါတယ်ဘုရား)။

အဲဒီ-ဝိပဿနာ အလုပ်မပေးခင် အဲဒီ-ပရိကမ်ပြုတဲ့ စာရွက်ကလေး တွေကို အားလုံးကြည့်ကြပါ...(ကြည့်ပါတယ်ဘုရား)။

ပရိကမ်ပြုတဲ့ စာရွက်ကလေးတွေကို အားလုံးကြည့်နေပါ၊ အောက်ကို ချထားပြီး ကြည့်နေပြီးတော့ လက်အုပ်ချီထားပါ။

ပရိကမ်ပြုတဲ့ စာရွက်ကလေးတွေကို ကြည့်ပြီးအောက်ကိုချထားပြီးတော့ အားလုံး အကုန်လုံး လက်အုပ်ချီထားကြပါ၊ အမျိုးကောင်းသားတွေရော, အမျိုးကောင်းသမီးတွေရော လက်အုပ်ချီထားပါ၊ အားလုံးစုံကြပလား.... (စုံကြပါပြီဘုရား)။

ပရိကမ်ပြုတဲ့ စာရွက်ကလေးတွေ အားလုံးစုံကြပလား.... (စုံကြပါပြီဘုရား)။

မျက်လုံးကို အောက်ချထားပါ၊ပရိကမ်ပြုတဲ့စာရွက်ကလေးတွေကိုကြည့်ထားကြပါ၊ကိုင်း....ဘုန်းကြီးက အဲဒီ-ပရိကမ်ပြုတဲ့ စာရွက်ထဲမှာပါတဲ့ အပိုဒ်တွေကို တပိုဒ်စီဘပိုဒ်စီ ချပေးမယ်၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက လိုက်ပြီးတော့ဆိုကြ။

ဝိပဿနာအလုပ်ပေးတရားကို ပြတော့မယ်လို့ဆိုတော့ အမျိုးကောင်းသားတွေက တင်ပလ္လင်ခွေပြီးတော့ ထိုင်မယ်ဆိုရင်လဲ ထိုင်နိုင်တယ်၊ ကိုင်း.... အားလုံး အမျိုးကောင်းသားတွေက တင်ပလ္လင်ခွေပြီးတော့ထိုင်၊ အမျိုးကောင်းသမီးတွေကတော့ ဒီလိုဘဲ ကျုံ့ကျုံ့ထိုင်ပါ၊ တချို့ဝတဲ့အမျိုးကောင်းသမီးများကတော့ တင်ပလ္လင်ခွေ ထိုင်မယ်ဆိုရင် ထိုင်နိုင်ပါတယ်၊ ဘယ်ဘက် လက်ဝါးပေါ်တွင် ညာဘက်လက်ဝါးထပ်ထား လက်မချင်း အနည်းငယ်သိထား၊ ကိုင်း....ဘုန်းကြီးက ချပေးမယ်၊ အားလုံးလိုက်ဆိုကြ။

## ပရိကမ်ပြုပုံ

(၁) အရှင်ဘုရား.... အကျွန်ုပ်တို့သည် အနန္တကျေးဇူးဘော်ရှင် ဖြစ်တော်မူကြကုန်သော ဘုရား, တရား, သံဃာ, အမိအဘ, ဆရာသမားတို့အား နှိမ်ချရိုကျိုး လက်စုံမိုး၍ ရှိခိုးပါကုန်၏ အရှင်ဘုရား။

ဒါ- ရှေးဦးစွာ ဘုရား, တရား, သံဃာ, အမိအဘ, ဆရာသမားများကို ရိုသေစွာ ရှိခိုးလိုက်တာ၊ ပြီးတဲ့အခါကျတော့ အားထုတ်နေစဉ် အတောအတွင်းမှာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံတဲ့ သီလတော်မြတ်ကို ခံယူဆောက်တည်ထားရမယ်လို့ဆိုတော့ အဲဒါကို လိုက်ဆိုရမယ်။

(၂) အရှင်ဘုရား.... အကျွန်ုပ်တို့သည် ယခု တရားအားထုတ်သော အချိန်ကာလအတောအတွင်း၌ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလတော်မြတ်ကို ကောင်းမွန်ရှိသေစွာ စောင့်ရှောက်ထိန်းသိမ်း၍ ထားပါကုန်၏ အရှင်ဘုရား။

သီလကုသိုလ်ပြည့်စုံသွားကြပြီ၊ အပြစ်ကြီး, အပြစ်ငယ်တွေ ရှိနေရင် မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်များကို အကယ်၍များ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ဖြင့် ပြစ်မှားကျူးလွန်ထားရင်တရားအားထုတ်တဲ့အခါမှာ အန္တရာယ်ဖြစ်တတ်တဲ့အတွက် ဒီ–အပြစ်ကြီး, အပြစ်ငယ်တွေကို ပျောက်ပါစေခြင်းအကျိုးငှါ တောင်းပန် ဝန်ချခြင်းအမှုကို ပြုလုပ်ရမယ်၊ ဒါကြောင့်လိုက်ဆိုပါ။

(၃) အရှင်ဘုရား.... အကျွန်ုပ်တို့သည် မပြစ်မှားအပ်သော အနန္တ ကျေးဇူးရှင်များ၏ အပေါ်၌ တစုံတရာ ပြစ်မှားကျူးလွန်မိသော အပြစ်များရှိခဲ့လျှင် ထိုအပြစ်များကို အကျွန်ုပ်တို့အား အစဉ်သနားသည်ကို အကြောင်းပြု၍ သည်းခံခွင့်လွှတ်တော်မူကြပါရန် အကျွန်ုပ်တို့က ရိုသေစွာ တောင်းပန်ဝန်ချ ကန်တော့ပါကုန်၏ အရှင်ဘုရား။

မိမိအပေါ်မှာ တစုံတယောက်သော ပုဂ္ဂိုလ်များက ပြစ်မှားကျူးလွန်ထားသော အပြစ်များရှိရင်လဲ ကိုယ်က သည်းခံ ခွင့်လွှတ်လိုက်ရမယ်၊ အဲဒါကြောင့် လိုက်ဆိုပါ။

(၄) အကျွန်ုပ်တို့အား အခြားတပါးသော ပုဂ္ဂိုလ်များက ပြစ်မှားလွန်ကျူးသော အပြစ်များရှိခဲ့လျှင်လည်း ထိုအပြစ်များကို အကျွန်ုပ်တို့က ကျေနပ်စွာ သည်းခံခွင့်လွှတ်ပါကုန်၏ အရှင်ဘုရား။

အဲဒီအပိုဒ်ပြီးတော့ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများဟာ ဒီတရားကိုနှလုံးသွင်းတော့မယ်လို့ရှိရင် ရှိသမျှကို အားလုံးစွန့်လှူရမယ်၊ အဲဒီတော့ အခု ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား စွန့်လှူကြရအောင် အဲဒီတော့ လိုက်ဆိုပါ။

(၅) အရှင်ဘုရား.... အကျွန်ုပ်တို့သည် ယခု တရား နာထိုက်သော အချိန်ကာလ အတောအတွင်း၌ အကျွန်ုပ်တို့၏ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို တွယ်တာ ငဲ့ကွက်ခြင်း မရှိဘဲ အနန္တ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား လှူ ဒါန်းအပ်နှင်း၍ ထားပါကုန်၏ အရှင်ဘုရား။

တရားပွဲများ အားထုတ် ကြကုန်သော အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ရှေးဦးစွာ မေတ္တာပွားကြရမယ်၊ ကိုင်း....မေတ္တာ ပွားကြရအောင်၊ အဲဒီတော့ လိုက်ဆိုပါ။

(၆) သာသနာတော်မြတ်ကို စောင့်ရှောက်အားပေး ချီးမြှောက် ကြကုန်သော အလုံးစုံသော သံဃာတော်အရှင်မြတ်တို့သည် ၎င်း, အလုံးစုံသောနတ်အပေါင်းတို့သည်၎င်း, အလုံးစုံသော လူအပေါင်းတို့သည်၎င်း, အလုံးစုံသော သတ္တဝါအပေါင်းတို့ သည်၎င်း, မိခင် ဘခင် ဆရာသခင် ကျေးဇူးရှင် တို့သည်၎င်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ....၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ....၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ....။

(၇) သူတော်ကောင်းများ၏ မေတ္တာကိုခိုလှုံ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် တရား အားထုတ်ကြကုန်သော အကျွန်ုပ်တို့ အား အလုံးစုံသော သူတော်ကောင်း အပေါင်းတို့က စောင့် ရှောက် ကြည့်ရှုခွင့်ပြုနည်းပေးတော်မူကြပါစေကုန်သတည်း။

## အာနာပါနဥပဒေကြီး ၃-ချက်

ကိုင်း....ဝိပဿနာအလုပ်ပေးတရားကို ပြီးဟောတဲ့အခါနဲ့ အလုပ်ပေး ကြစို့၊ ဝိပဿနာအလုပ်ပေးတရားလို့ဆိုတာ ပါးစပ်ကပြောရုံနဲ့ ဟောပေး ရုံနဲ့ ဝိပဿနာအလုပ်ဟာမဖြစ်ဘူး၊ကိုယ်တိုင်လုပ်မှ ဝိပဿနာအလုပ်ဆိုတာ ဖြစ်တယ်။

အဲဒီတော့-အလုပ်ပေးတဲ့နေရာမှာလဲ ကိုယ်တိုင်လုပ်ကြည့်ရမယ်၊ အလုပ် ပေးတယ်လို့ဆိုတာဟာ အလုပ်လုပ်တတ်အောင်လို့ နည်းလမ်းညွှန်ပြရုံဘဲ

ရှိသေးတယ်၊ အဲဒီ–နည်းလမ်း ညွှန်ပြရုံကလဲဘဲ ပါးစပ်က လျှောက်ပြော သွားပြီးရုံမဟုတ်ဘဲနှင့် ကိုယ်တိုင်ဉာဏ်နဲ့သိအောင် အလုပ်ပေးရအောင်လို့ ဆိုတော့ ဒီ–အခု ဘုန်းကြီးပေးမဲ့ အလုပ်က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ပိုင်းမှာပါတဲ့ "ဝါယော လေဓာတ် ရုပ်ပရမတ်"ကို အာနာပါနကနေပြီး တော့ ဖမ်းတဲ့နည်းနဲ့ဘဲ ဘုန်းကြီး အခု ဝိပဿနာအလုပ်ပေးမှာပါ။

ဒီတော့- အာနာပါနကစပြီး ထူထောင်ရမှာဖြစ်တဲ့အတွက် သမာဓိ ထူ ထောင်တဲ့နေရာမှာ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများအတွက် ဘုရားက ထိုင်ပုံထိုင်နည်း ဥပဒေ ကြံ့ ၃–ချက်ပေးခဲ့ပါတယ်၊ ဆိတ်ငြိမ်ရာကို ချဉ်းကပ်ပြီးတဲ့အခါမှာတဲ့–

"ပလ္လင်္ကံ အာဘုဇိတွာ" ဆိုတဲ့ ဥပဒေသ တခုပေးခဲ့ပါတယ်။

"ဥဇုံ ကာယံ ပဏိဓာယ"လို့ တချက်ပေးပါတယ်။

"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"လို့ ဒီလိုဥပဒေသတချက်ပေးပါတယ်။

ဒီ–ပါဠိတော်လာ ဥပဒေသသုံးချက်ကို အာနာပါနသတိ သုတ်မှာ အာနာပါနသတိကို ဟောတဲ့ နေရာတိုင်း နေရာတိုင်း ထည့်ထည့်ပြီး ဟော ခဲ့ပါတယ်၊ ဒီ–အာနာပါနသတိသုတ်နှင့် ပတ်သက်လို့မဟာသတိပဋ္ဌာနသုတ် ပါဠိတော်ဆိုတဲ့ သုတ်မဟာဝါပါဠိတော်လာ ကာယာနုပဿနာ သတိ– ပဋ္ဌာန်မှာ အာနာပါနပဗ္ဗလို့ ရှေ့ဦးစွာ ပါဠိတော်မှာ အမည်ပေးပါတယ်။

နောက်ပြီးတော့ ဒီ–အာနာပါနနဲ့ပတ်သက်လို့ မူလပဏ္ဏာသပါဠိတော် မှာလဲ အာနာပါန ပဗ္ဗပိုင်း ပါနေပါတယ်၊ နောက်ဘယ်မှာပါနေပါသလဲ လို့ဆိုတော့ ဥပရိပဏ္ဏာသ ပါဠိတော်မှာလဲဘဲ အာနာပါနသတိ သုတ္တန် ဆိုပြီးတော့ သုတ္တန်တခု ပါနေပါသေးတယ်၊ နောက်တခါ ဘယ်မှာပါ သေးသလဲလို့ဆိုတော့ ဟောင်္ဂသံယုတ် ပါဠိတော်မှာ အာနာပါနသံယုတ် ဆိုပြီးတော့ ဒီလိုပါနေပါသေးတယ်၊ အာနာပါနသတိသုတ်နှင့် ပတ်သက် လို့တော်တော် ခပ်များများ ဟောပါတယ်။

အဲသလို ထိုထိုပါဠိတော်တွေမှာ အာနာပါနသတိကို ညွှန်ပြခဲ့တိုင်း ညွှန်ပြခဲ့တိုင်း အာနာပါနသတိသုတ္တန်ကို ဟောတိုင်းဟောတိုင်း မြတ်စွာ ဘုရားက အခု ပြောခဲ့တဲ့–

"ပလ္လင်္ကံ အာဘုဇိတွာ၊ ဥဇုံ ကာယံ ပဏိဓာယ၊
ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"—

လို့ဆိုတဲ့အပိုဒ် ၃-ပိုဒ်ကို ထည့်ပြီးတော့ ဟောပါတယ်၊ အဲဒါကြောင့် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လိုသော အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသည် ဒီ-ဉာဒေသ ၃-ချက်ကို လိုက်နာရမှာဖြစ်ပါတယ်၊ ဘယ်လိုဘဲလုပ်လုပ် အာနာပါနဖြစ်ဘယ် ဆိုတဲ့ပေါ့ပျက်ပျက် အယူအဆမျိုးကိုတော့ မယူဆစေလိုဘူး၊ လေးလေးစားစား မှန်မှန်မြတ်မြတ် ထက်ထက်သန်သန် ဒီလိုသာယူဆစေလိုတယ်။

## အာနာပါနစိစစ်ပုံ

အဲဒါကြောင့် အခုအာနာပါနကို ပြမယ်ဆိုတော့ အမျိုးကောင်းသားများက တင်ပလ္လင်ခွေပြီးထိုင်ပါ၊ ဒါဟာ "ပလ္လင်္ကံ အာဘုဇိတွာ" ဆိုတဲ့ ဘုရားညွှန်ပြတဲ့အတိုင်း တင်ပလ္လင်ခွေပြီးတော့ ထိုင်ခိုင်းတာပါ။

"ဥဇုံ ကာယံ ပဏိဓာယ" လို့ဆိုတော့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ကလေးထားပါတဲ့၊ ကိုင်း.... ဖြောင့်ဖြောင့်ထားစမ်း၊ ဘုရားမိန့်တော်မူတဲ့အတိုင်း အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဖြောင့်ဖြောင့်ထားပါ။

အခု ညွှန်ပြနေတာဟာ ဘုန်းကြီးရဲ့ညွှန်ပြချက်မဟုတ်ပါဘူး၊ ပါဠိတော်ရဲ့ ညွှန်ပြချက်ပါ၊ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားပါ၊ အဲဒီလို ဖြောင့်ဖြောင့်ထားပြီးတဲ့အခါမှာ မျက်လုံးကို အောက်ချထားပါ၊ မျက်လုံးအပေါ်ကို လှမ်းမကြည့်ပါနဲ့၊ မျက်လုံးကို အောက်ချထားပါ၊ အကယ်၍ မျက်လုံးအောက်ချပုံကို မချတတ်သေးလို့ရှိရင် ဘုန်းတော်ကြီးများ စက္ခုန္ဒြေချထားတာကို ကြည့်ပြီးတော့ ကိုယ့်မျက်လုံးကိုအောက်ချ၊ မျက်လွှာချလိုက်ပါ။

အဲဒီလိုမျက်လွှာချပြီးတဲ့အခါ ဓမ္မာနုပဿနာ သတိပဋ္ဌာန်သဘောသို့ သက်ဝင်လာတဲ့ ကမ္မဋ္ဌာန်း အာရုံတခုခုကို သတိနဲ့စိတ်နဲ့ ရှေးရှုညွှတ်လိုက်ရမယ်၊ ညွှတ်ဆိုတော့ ဘာကိုညွှတ်ရမလဲ၊ အသက်ရှူတာကို ညွှတ်လိုက်ပါ၊

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ အခုအသက်ရှူတာကို သိနေသလား သိမနေဘူးလား....(သိနေပါတယ်ဘုရား)။

အသက်ရှူတာကို သိနေတော့ အသက်ရှူတဲ့အခါမှာ ဘာနဲ့ရှူသလဲ.... (နှာခေါင်းနဲ့ပါဘုရား)။

အသက်ရှူတယ်ဆိုတာ နှာခေါင်းဆိုတဲ့ပြွန်ပေါက်မှ လေထွက်တာ,လေဝင်တာကို အသက်ရှူတယ်လို့ ခေါ်ပါတယ်။

ကိုင်း....အသက်ရှူနေတယ်ဆိုတော့ နှာခေါင်းထဲဝလာဝင်တာ ထွက်တာကို အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ အခုသိသလား မသိဘူးလား....(သိပါတယ်ဘုရား)။

အားလုံးပြောပါ၊ ဒါ-အားလုံးကိုအလုပ်သင်ပေးနေတာ ဖြစ်ပါတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ဒီ-နှာခေါင်းထဲကို လေဝင်တာ ထွက်တာ သိသလား မသိဘူးလား.... (သိပါတယ်ဘုရား)။

ထွက်တော့ ဘယ်လိုလုပ်ထွက်သလဲ.... (တိုးထွက်ပါတယ်ဘုရား)။

ထွက်တဲ့လေဟာ ဘယ်လိုလုပ်ထွက်သလဲ.... (တိုးထွက်ပါတယ်ဘုရား)။

တိုးတိုးပြီးတော့ ထွက်လာသလား၊ နို့မဟုတ် ဘယ်လိုလုပ်ပြီးတော့ ထွက်လာသလဲ....(တိုးတိုးပြီး ထွက်လာပါတယ်ဘုရား)။

သိအောင်ပြောနော်.... ဝိပဿနာအလုပ်ကို ပေးတယ်ဆိုတာ ကိုယ်တိုင်ပညာဉာဏ်နဲ့ သိတာကိုသာ အလိုရှိတယ်၊ သူများပြောလို့ သိတာ မလိုချင်ဘူးတဲ့၊ အဲဒီတော့ ထွက်လာတဲ့လေဟာ လယ်လိုလုပ် ထွက်သလဲ.... (တိုးတိုးပြီး ထွက်ပါတယ်ဘုရား)။

ဝင်တဲ့လေကကော ... (တိုးတိုးပြီးဝင်ပါတယ်ဘုရား)။

## ထင်ရှား ရှိ-သိ သန္ဒိဋ္ဌိကဂုဏ်

ဒါဖြင့် အဲဒီ- "ဝါယောလေဓာတ် ရုပ်ပရမတ်"ရဲ့ တိုးတဲ့ တွန်းတဲ့ သဘောကလေးဟာ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ ထင်ရှားရှိနေသလား၊ ရှိမနေဘူးလား.... (ရှိနေပါတယ်ဘုရား)။

အမျိုးကောင်းသမီးတွေကလဲ ပြောပါ၊ ဒါ- ကိုယ့်အတွက်၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေမှာ ဝါယော လေဓာတ် ရုပ်

ပရမတ်ရဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောဟာ အခု ထင်ထင်ရှားရှားရှိနေသလား၊ ရှိမနေဘူးလား.... (ရှိနေပါတယ်ဘုရား)။

အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေး အခုရှိနေတာကို အခု သိနေသလား၊ သိမနေဘူးလား ..(သိနေပါတယ်ဘုရား)။

အခြားပုဂ္ဂိုလ်တွေ သိပါ့မလား .. (မသိပါဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောကလေး ဖြစ်တိုင်းဖြစ်တိုင်း အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သိနေသလား၊ သိမနေဘူးလား....(သိနေပါတယ်ဘုရား)။

ဘုန်းကြီးကပြောလို့ သိတာလား၊ ကိုယ်ဘိုင်ပညာနဲ့ သိတာလား.... (ကိုယ်တိုင်ပညာနဲ့ ဉာဏ်နဲ့ သိတာပါဘုရား)။

ဘုန်းကြီးပြောပေးလို့ သိတာလား၊ စာအုပ်ထဲမှာ ရေးထားတာ တွေ့လို့ သိတာလား၊ ဘာနဲ့သိတာလဲ (ကိုယ်တိုင် ပညာဉာဏ်နဲ့ သိတာပါဘုရား)။

ကိုယ်တိုင် ထိုးထွင်းသိတာကို သန္ဒိဋ္ဌိကလို့ ခေါ်တယ်။

> "သန္ဒိဋ္ဌိကော"။ ။ဘဂဝတာ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သွာက္ခာတော၊ ကောင်းစွာညွှန်ပြဟောကြားတော်မူအပ်သော ။ ဓမ္မော၊ ရုပ်, နာမ်, ပရမတ်ဆိုတဲ့ သဘောသည်။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်သိအပ်သည့် တရားသဘောမည်၏။[တရားဂုဏ်တော်ငါးပါးဟောသော ပါဋ္ဌိကိုရည်ရွယ်သည်]

သံ=ကိုယ်တိုင်+ဒိဋ္ဌ=သိ+ဣက=အပ်၊ သံ–က တပုဒ်၊ ဒိဋ္ဌ–က တပုဒ်၊ ဣက-က တပုဒ်၊ ဒီ-ပုဒ် သုံးပုဒ်ကို ပေါင်းလိုက်တဲ့အခါကျတော့ ကိုယ်တိုင်သိအပ်တဲ့ သဘောတဲ့။

### အပုန်တွေမှ တရားတွေ

အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးဟာ ရှိနေသလား၊ ရှိမနေဘူးလား.... (ရှိနေပါတယ်ဘုရား)

ရှိလို့ သိနေတာလား မရှိတာကို သိနေတာလား....(ရှိလို့ သိနေတာ ပါဘုရား)။

အဟုတ်ရှိသလား၊ အဟုတ်မရှိဘူးလား.... (အဟုတ်ရှိပါတယ်ဘုရား)။

အမှန်ရှိသလား၊ အမှန်မရှိဘူးလား.... (အမှန်ရှိပါတယ်ဘုရား)။

အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ အဟုတ်ရှိ အမှန်ရှိကို သိနေသလား၊ အဟုတ်မရှိ အမှန်မရှိကို သိနေသလား....(အဟုတ်ရှိ အမှန်ရှိကို သိနေပါတယ်ဘုရား)။

အဟုတ်ရှိ အမှန်ရှိကို ပါဠိလိုခေါ်ရင် ပရမတ်တဲ့၊ ပါဠိလိုခေါ်ရင် ဘာတဲ့လဲ....(ပရမတ်ပါဘုရား)။

အဟုတ်ရှိ အမှန်ရှိတဲ့ သဘောကို ပါဠိလိုခေါ်ရင် ဘာတဲ့လဲ....(ပရမတ် ပါဘုရား)။

ပရမတ်ဆိုတဲ့စကားလုံးကို ဗမာလိုပြန်ခေါ်ရင် အဟုတ်ရှိ အမှန်ရှိ ထင်ထင်ရှားရှားရှိတဲ့သဘော၊ ပရမတ်ဆိုတဲ့ စကားလုံးကို ဗမာလိုပြန်ပြီး တော့ ခေါ်မယ်ဆိုရင် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘောကို ဘာလို့ ခေါ်သလဲ....(ပရမတ်လို့ ခေါ်ပါတယ်ဘုရား)။

သဘောကျပလား အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့်–အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဟာ ပရမတ်ကို တွေ့နေသလား၊ ပညတ်ကိုတွေ့နေသလား.... (ပရမတ်ကို တွေ့နေပါ တယ်ဘုရား)။

ပရမတ်ကို တွေ့နေတဲ့အခါ အဲဒီ=ပရမတ္ထသဘောတရားဖြစ်တဲ့ တိုးတဲ့ သဘော, တွန်းတဲ့သဘောကလေးမှာ အမှုန်အမွှားကလေးတွေ ပါသလား၊ မပါဘူးလား၊ ကြည့်စမ်း.... (မပါပါဘုရား)။

တွေ့သလား....အမှုန်အမွှားကလေးတွေ.... (မတွေ့ပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးမှာ အမှုန်အမွှားတွေ တွေ့သလား၊ မတွေ့ဘူးလား.... (မတွေ့ပါဘုရား)။

အမှန်အမှားတွေကို သိနေသလား၊သိမနေဘူးလား....(မသိပါဘုရား)။

ဘာသိနေသလဲ.... (တိုးတဲ့သဘော, တွန်းတဲ့သဘောကို သိနေပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောကို သိတယ်ဆိုတော့ တိုးတဲ့သဘော တွန်းတဲ့သဘောက အမှန်လား၊ မမှန်ဘူးလား....(အမှန်ပါဘုရား)။

တရားဆိုတာ မှန်တာကို တရားလို့ခေါ်တယ်၊ အမျိုးကောင်းသား, များ,အမျိုးကောင်းသမီးများ မှန်တာကို ဘာလို့ခေါ်သလဲ....(တရားလို့ ခေါ်ပါတယ်ဘုရား)။

တရားဆိုတာဘာကိုခေါ်သလဲ....(မှန်တာကို ခေါ်ပါတယ်ဘုရား)။

အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ အမှန်ကို တွေ့နေသလား၊ အမှန်ကိုမတွေ့ဘူးလား.... (အမှန်ကို တွေ့နေပါတယ် ဘုရား)။

အမှန်ကို တွေ့တာဟာ တရားတွေ့တာလား၊ တရားမတွေ့တာလား၊ (တရားတွေ့တာပါဘုရား)။

## အခုငြိမ်းဘိ အကာလိကဂုဏ်

ဒီ–အမှန်ကို အခုလုပ်ရင် အခုတွေ့သလား၊ နောင်ဘဝမှ တွေ့သလား.... (အခုတွေ့ပါတယ်ဘုရား)။

အခုသိရင် အကုသိုလ်ကိလေသာတွေ အခုငြိမ်းသလား၊ နောက်မှငြိမ်း သလား.... (အခုငြိမ်းပါတယ်ဘုရား)၊ အခုလုပ် အခုသိ အခုငြိမ်းတာကို အကာလိကလို့ ခေါ်တယ်။

> "အကာလိကော"။ ။ဘဂဝတာ၊ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ သွာက္ခာတော၊ ကောင်းစွာညွှန် ပြ ဟောကြားတော်မူအပ်သော။ ဓမ္မော၊ အမှန်သိ အမှန်ငြိမ်းဆိုတဲ့ သဘောသည်။ အကာလိကော၊ အခါမလင့်သိ၍ ငြိမ်းသော ကောင်းကျိုးကို ဖြစ်စေ၏။

အခါမလင့်ဆိုတာ- အခုလုပ်ရင် အခုသိအခုငြိမ်းသလား၊ နောက်မှသိ နောက်မှငြိမ်းသလား.... (အခုသိအခုငြိမ်းပါတယ်ဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများသဘောကျပလား.... (ကျပါပြီဘုရား)၊ ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

အခုသိနေတာဟာ ပရမတ်ကိုသိနေတာလား၊ ပညတ်ကို သိနေတာလား ...(ပရမတ်ကို သိနေတာပါဘုရား)။

အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားနာနေတာမှတ်မိအောင်လား၊နားထောင်ကောင်းအောင်လား....(မှတ်မိအောင်ပါဘုရား)။

မြတ်စွာဘုရားရဲ့ တရားတော်ကိုနာရင် ဘယ်ပုဂ္ဂိုလ်ဟောတဲ့ တရားကိုဘဲနာနာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စိတ်ထားရမှာက မှတ်မိအောင် တရားနာမယ်လို့ စိတ်ထားရမယ်၊ တရားနာရင်ဘယ်လိုစိတ်ထားရမဟဲ့လဲ.... (မှတ်မိအောင် တရားနာမယ်လို့ စိတ်ထားရပါမယ်ဘုရား)။

အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားနာနေတာဟာ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား.... (မှတ်မိအောင်ပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အခု မှန်တာတွေ့နေသလား၊ မမှန်တာတွေ့နေသလား .... (မှန်တာကိုတွေ့နေပါတယ်ဘုရား)။

မှန်တာကိုတွေ့နေတာဟာ တရားတွေ့တာလား၊တရားမတွေ့တာလား.... (တရားတွေ့တာပါဘုရား)။

မှန်တာကို ဘာလို့ခေါ်သလဲ....(တရားလို့ခေါ်ပါတယ်ဘုရား)။

တရားဆိုတာ ဘာကိုခေါ်သလဲ.... (မှန်တာကိုခေါ်ပါတယ်ဘုရား)။ သဘောကျပလား....(ကျပါတယ်ဘုရား)။

အဲဒီ-သဘောဟာ အမှန်ရှိသလား၊ မရှိဘူးလား.... (အမှန်ရှိပါတယ်ဘုရား)။

## အမှန်သဘောသိ-ဝိဇ္ဇာသမ္မာဒိဋ္ဌိ

အမှန်ရှိတဲ့သဘော ပရမတ်လို့ ခေါ်သလား၊ ပညတ်လို့ခေါ်သလား.... (ပရမတ်လို့ခေါ်ပါတယ်ဘုရား)။

ဒါဖြင့်– အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ပရမတ်ကိုတွေ့နေသလား၊ ပညတ်ကိုတွေ့နေသလား.... ပရမတ်ကို တွေ့နေပါတယ်ဘုရား)။

အဲဒီ–ပရမတ္ထသဘောတရားကိုတွေ့တော့ ဘယ်လိုတွေ့သလဲ.... (တိုးတဲ့, တွန်းကန်တဲ့ သဘောကို တွေ့ပါတယ်ဘုရား)။

တိုးတယ်,တွန်းကန်တယ်ဆိုတဲ့ သဘောအမှန်တွေ့တယ်၊ အဲဒီ–တိုးတယ်, တွန်းကန်တယ်ဆိုတဲ့ သဘောထဲမှာ အမှုန်အမွှားတွေ ပါသလား၊ မပါဘူးလား.... (မပါပါဘုရား)။

ကြည့်စမ်း.... မြင်အောင်ကြည့် သိအောင်ကြည့်၊ အမှုန်အမွှားပါသလား၊ မပါဘူးလား ... (မပါပါဘုရား)။

ဒါဖြင့် - ပရမတ္ထသဘောတရားမှာ အမှုန်တို့ အမွှားတို့ဆိုတဲ့ ဥစ္စာတွေရှိသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

ဘာသာရှိသလဲ....(တိုးတဲ့ဘွန်းတဲ့သဘောတွေဘဲရှိပါတယ်ဘုရား)။

ဒီ–ပရမတ်ဆိုတဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘော ဒါဘဲ ရှိပါတယ်။

သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့်–ပရမတ်နဲ့ ပညတ် ကွဲသွားပလား ...(ကွဲသွားပါပြီဘုရား)။

မှန်တာကို သိနေသလား၊ သိမနေဘူးလား ... (သိနေပါတယ်ဘုရား)။

မှန်တာကိုသိတာ ဝိဇ္ဇာလို့ခေါ်သလား၊ အဝိဇ္ဇာလို့ခေါ်တလား.... (ဝိဇ္ဇာလို့ခေါ်ပါတယ်ဘုရား)။

ဒါ-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ဘုန်းကြီးက သင်ပေးလို့ ပြောနေတာလား၊ ကိုယ်ပိုင်ပညာဉာဏ်နဲ့သိလို့ ပြောနေတာလား....(ကိုယ်ပိုင်ပညာဉာဏ်နဲ့သိလို့ ပြောနေတာပါဘုရား။

တရားဆိုတာ ကိုယ်တိုင်သိနေ၌၊ သန္တိဋ္ဌိကဂုဏ်ဝင်သွားပြီ၊ အကာလိကဂုဏ်ဝင်သွားပြီ၊ အဲဒီ–တိုးတဲ့သဘောကလေး, တွန်းတဲ့သဘောကလေးကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခုသိနေတော့ မှန်တာသိနေသလား၊ မှားတာသိနေသလား ...(မှန်တာသိနေပါတယ်ဘုရား)။

မှန်တာသိတာ ဝိဇ္ဇာလား၊ အဝိဇ္ဇာလား....(ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာဟာ ကုသိုလ်လား၊ အကုသိုလ်လား ...(ကုသိုလ်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တိုးတဲ့သဘော, တွန်းတဲ့သဘောကို အမှန်သိနေတော့ သမ္မာဒိဋ္ဌိဖြစ်နေသလား၊ မိစ္ဆာဒိဋ္ဌိဖြစ်နေသလား....(သမ္မာဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

မှန်တာကိုသိရင် ဘာဒိဋ္ဌိဖြစ်သတဲ့လဲ...(သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

မမှန်တာကိုသိရင် ဘာဖြစ်သတဲ့လဲ....(မိစ္ဆာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

## စာ-ဆားနှင့် အစာဆား မတူသလို

အဲဒီ—မှန်တာကိုသိနေတဲ့သမ္မာဒိဋ္ဌိဟာ စာအုပ်ထဲက သမ္မာဒိဋ္ဌိလား၊ ဟော တဲ့ပြောတဲ့ သမ္မာဒိဋ္ဌိလား၊ ကိုယ်ကိုင် ပညာဉာဏ်နဲ့သိတဲ့ သမ္မာဒိဋ္ဌိလား.... (ကိုယ်တိုင်သိတဲ့ သမ္မာဒိဋ္ဌိပါဘုရား)။

ဟို-စာအုပ်ထဲက သမ္မာဒိဋ္ဌိနဲ့ တူသလား....(မတူပါဘုရား)။

ဆလိန်ရေးချ ဝစ္စနှစ်လုံးပေါက်ဆား-လို့ ဒီလိုခေါ်သလား၊ မခေါ်ဘူး လား....(ခေါ်ပါတယ်ဘုရား)။

အဲဒီ—ဆလိန်ရေးချ ဝစ္စနှစ်လုံးပေါက်ဆားနဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ နေ့တိုင်းသုံးတဲ့ ဆားပွင့်ကလေးတွေကို ယူပြီးတော့ ယှဉ်ကြည့်ရင် ဆလိန်ရေးချဝစ္စနှစ်လုံးပေါက်ဆားနဲ့ ဒီ-နေ့တိုင်းသုံးနေတဲ့ ဆား တူသလား၊ မတူဘူးလား....(မတူပါဘုရား)။

ဆားတော့မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

ဆလိန်ရေးချ ဝစ္စနှစ်လုံးပေါက် ဆားကလဲမှန်တယ်၊ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ နေ့တိုင်းသုံးနေတဲ့ဆားကို မျက်လုံး နဲ့တွေ့နေတာလဲမှန်တယ်၊ ဒါပေမဲ့ ဆလိန်ရေးချဝစ္စနှစ်လုံးပေါက်ဆားဖြစ် နေပုံနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တွေ့နေတဲ့ဆား ဟာ တူသလား၊ မတူဘူးလား...(မတူပါဘုရား)။

သဘောကျပလား ...(ကျပါပြီဘုရား)။

လျှာပေါ်ရောက်လာတဲ့ ဆားနဲ့ ဟို-မီးဖိုထဲနေတဲ့ဆားဟာ တူသလား၊ မတူဘူးလား....(မတူပါဘုရား)။

အခု —အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ သမ္မာဒိဋ္ဌိ ဖြစ်နေသလား၊ မိစ္ဆာဒိဋ္ဌိဖြစ်နေသလား....(သမ္မာဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

ဓမ္မစက္ကပဝတ္တနသုတ္တန်မှာ နိဗ္ဗာန်ကိုသွားတဲ့ လမ်းကြောင်းကို ပြတဲ့နေရာမှာ သမ္မာဒိဋ္ဌိကို ရှေးဦးစွာပြသလား၊ မပြဘူးလား.... (ပြပါတယ်ဘုရား)။

အဲဒီ–သမ္မာဒိဋ္ဌိဟာ စာအုပ်ထဲကနေပြီးတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဉာဏ်မှာ ရောက်လာပြီလား၊ ရောက်မလာသေးဘူးလား.... (ရောက်လာပါပြီဘုရား)။

မှန်တာသိတာကိုဘာလို့ခေါ်သတဲ့လဲ.... (ဝိဇ္ဇာလို့ခေါ်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိကို ကွဲကွဲပြားပြား သိပလား.... (သိပါပြီဘုရား)။

ဒါဖြင့်-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ သမ္မာဒိဋ္ဌိဖြစ်နေသလား၊ မိစ္ဆာဒိဋ္ဌိဖြစ်နေသလား ... (သမ္မာဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။

ဘာဖြစ်လို့ သမ္မာဒိဋ္ဌိဖြစ်သလဲ ... (မှန်တာကို သိလို့ပါဘုရား)။

မှန်တာသိလို့၊ ဒီအဖြေဟာ သိပ်မှန်တဲ့အဖြေဘဲ၊ မှန်တာသိရင် ဘာဖြစ်သလဲ.... (သမ္မာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

အဲဒီ– သမ္မာဒိဋ္ဌိဟာ စာအုပ်ထဲက သမ္မာဒိဋ္ဌိလား၊ ဉာဏ်နဲ့ယှဉ်တဲ့ သမ္မာဒိဋ္ဌိလား.... (ဉာဏ်နဲ့ယှဉ်တဲ့ သမ္မာဒိဋ္ဌိပါဘုရား)။

အသိ,အလိမ္မာ,ဉာဏ်,ပညာ,ဝိဇ္ဇာ,အမောဟ-လို စကားခြောက်လုံးရှိပါတယ်၊ ဒီ-စကားခြောက်လုံးကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက အကုန်လုံးပါအောင် ဆိုပြီးတော့–

"အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ-အမောဟ"–

လို့ လင်္ကာလေး စီကုံးခဲ့ပါတယ်၊ အသိရယ်၊ အလိမ္မာရယ်၊ ဉာဏ်ရယ် ပညာရယ်,ဝိဇ္ဇာရယ် အမောဟရယ်–ဆိုတဲ့စကားခြောက်လုံးဟာ အတူတူဘဲ။

အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ပညာဖြစ်နေသလား၊ ဖြစ်မနေဘူးလား .. (ပညာဖြစ်နေပါတယ်ဘုရား)။

ပညာဆိုတာ မှန်တာသိတာကို ပညာလို့ခေါ်တယ်၊ မှန်တာသိတာကို ဘာလို့ခေါ်သလဲ.... (ပညာလို့ခေါ်ပါတယ်ဘုရား)။

အခု အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ မှန်တာကိုသိနေသလား၊ သိမနေဘူးလား (သိနေပါတယ်ဘုရား)။

သိနေရင် ပညာဖြစ်နေသလား၊ ဖြစ်မနေဘူးလား.... (ပညာဖြစ်နေပါတယ်ဘုရား။

## ပရမတ်နှင့် ပညတ်

မှန်တာကို သိတယ်ဆိုရင် ပရမတ်နဲ့ ပညတ်လဲ သိသွားပြီ။ ဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးထဲမှာ အမှုန်အမွှားတွေ ပါသလားလို့မေးတော့ ဘယ်လိုဖြေခဲ့သလဲ....(မပါပါဘူးဘုရား)။

မျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သေသေချာချာကြည့်စမ်းပါ၊ တိုးတဲ့သဘော,တွန်းတဲ့သဘောထဲမှာ အမှုန်အမွှား အရိပ်အရောင် ပုံပန်းသဏ္ဌာန်ကလေးတွေပါသလား၊ မပါဘူးလား....(မပါပါဘုရား)။

ကိုယ်တိုင်ဉာဏ်နဲ့ သိလို့ ပြောတာလား၊ သူများပြောသံကြားလို့ပြောတာလား....(ကိုယ်တိုင်ဉာဏ်နဲ့ သိလို့ ပြောတာပါဘုရား)။

အမှုန်အမွှားတွေ မပါဘူးနော်...၊စစ်စစ် စစ်စစ်,ရွရွ ရွရွ,မွမွ မွမွ,ရှိန်ရှိန် ရှိန်ရှိန်, လိပ်လိပ် လိပ်လိပ်, သုတ်သုတ် သုတ်သုတ်-ကလေးတွေ အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောထဲမှာ ပါသလား မပါဘူးလား.... (မပါပါဘူးဘုရား)။

သေသေချာချာမြင်အောင်ကြည့်နော်၊ တိုးတဲ့သဘော,တွန်းတဲ့သဘောထဲမှာ ပါသလား၊ မပါဘူးလား....(မပါပါဘူးဘုရား)။

ဒါဖြင့် အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောထဲမှာ ဆက်ကြည့်ပါဦး၊ တိုးတဲ့သဘော, တွန်းတဲ့သဘောထဲမှာ ယောကျ်ားကလေးတွေ ပါသလား၊ အမျိုးသားလေးတွေ ပါသလား၊ အမျိုးသမီးလေးတွေ ပါသလားလို့ကြည့်စမ်း....(မပါပါဘုရား)။

အခု-သမ္မုတိပညတ်အနေအားဖြင့် အမျိုးကောင်းသားတွေက တစု, အမျိုးကောင်းသမီးတွေက တစု၊ ခုလို ၂-စုမရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အမျိုးကောင်းသားများမှာ ဖြစ်ပေါ်နေတဲ့ တိုးတဲ့တွန်းတဲ့ သဘောနဲ့ အမျိုးကောင်းသမီးများမှာ ဖြစ်ပေါ်နေတဲ့ တိုးတဲ့ တွန်းတဲ့ သဘောဟာ တိုးတာ တွန်းတာချင်း ဘာထူးသလဲ ...(မထူးပါဘုရား)။

အဲဒီ-တိုးတာ တွန်းတာမှာ အမျိုးကောင်းသား, အမျိုးကောင်းသမီး လို့ရှိသေးသလား....(မရှိပါဘုရား)။

ပရမတ္ထတရားမှာ မရှိဘူးနော်....(တင်ပါဘုရား)။

ဒါဖြင့် အမျိုးကောင်းသား, အမျိုးကောင်းသမီးများ အခုအမျိုးသား အမျိုးသမီးကို တွေ့နေသလား၊ တိုးတာတွန်းတာကို တွေ့နေသလား.... (တိုးတာတွန်းတာကိုတွေ့နေပါတယ်ဘုရား။)

အမျိုးသား, အမျိုးသမီးကို တွေ့သေးသလား၊ မတွေ့ဘူးလား.... (မတွေ့ပါဘုရား)

## တိုးတဲ့သဘောမှာ အသက်မပါ

ရှေ့တဆင့်သွား၊ မိမိသူတပါး၊ အဲဒီ–တိုးတဲ့တွန်းတဲ့သဘောမှာ မိမိဆိုတဲ့ သဘော, သူတပါးဆိုတဲ့သဘောကိုတွေ့သလား၊ မတွေ့ဘူးလား.... (မတွေ့ ပါဘုရား)။

မိမိလဲမတွေ့, သူတပါးလဲ မတွေ့ရင် ဘာ့တွေ့နေသလဲ....(တိုးတဲ့တွန်းတဲ့ သဘောသာ တွေ့ပါတယ်ဘုရား။)

မိမိလဲမမြင်, သူတပါးလဲမမြင်ရင် ဘာမြင်သလဲ....(တိုးတဲ့ တွန်းတဲ့ သဘောကို မြင်နေပါတယ်ဘုရား။)

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဘောကျပလား၊ (ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ရှေ့ဆက်တခါကြည့်၊ အဲဒီတိုးတဲ့တွန်းတဲ့ သဘောကလေး မှာ အသက်ပါသလား၊ မပါဘူးလား....(မပါပါဘုရား)။

ဘာပါသလဲ....(တိုးမှုတွန်းမှုပါပါတယ်ဘုရား)။

ဝိညာဏ်ကောင်, လိပ်ပြာကောင်ကလေးဆိုတာ ပါသလား....(မပါပါ ဘုရား။)

ဘာပါသလဲ .. (တိုးမှုတွန်းမှုပါပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောရှိတယ်၊ အသက်နှင့် ဝိညာဏ် လိပ်ပြာ ကောင်မပါဘူး၊ တွေ့သလား....(မတွေ့ပါဘုရား)။

တွေ့ရင်ပြောမယ်၊ အဲဒီ–တိုးတဲ့ တွန်းတဲ့ သဘောထဲမှာ အသက် ကလေးရယ်, ဝိညာဏ်ကလေးရယ်, လိပ်ပြာကလေးရယ် တွေ့ဘယ်ဆိုတဲ့

အမျိုးကောင်းသား, အမျိုးကောင်းသမီး ဒီအထဲမှာပါသလား၊ မပါဘူး လား....(မပါပါဘုရား)။

အသက် ဝိညာဏ် လိပ်ပြာကလေးကို တွေ့တယ်ဆိုတဲ့ အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများပါရင် ပြောစမ်းပါ၊ တွေ့သလား....(မတွေ့ ပါဘုရား)။

ဒါဖြင့်-ဘာတွေ့နေသလဲ... (တိုးတဲ့တွန်းတဲ့သဘောတွေ့ပါတယ်ဘုရား)။

## ကိုယ်လုပ်လို့ဖြစ် သဿတဒိဋ္ဌိ

တိုးတဲ့တွန်းတဲ့သဘောတွေ့တယ်၊ ရှေ့တခါသွား၊ အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များက ကိုယ်တိုင်လုပ်လို့ ဖြစ်တယ်လို့ယူရင် သဿတဒိဋ္ဌိအယူတဲ့၊ ဘာ အယူတဲ့လဲ....(သဿတဒိဋ္ဌိပါဘုရား)။

ကိုယ်တိုင်လုပ်လို့ ဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေး ဖြစ်တာ လား....(မဟုတ်ပါဘုရား)။

ကိုယ်တိုင်လုပ်လို့ဖြစ်တယ်ဆိုတာ ညအိပ်နေတဲ့ အခါများမှာ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ-တိုးတဲ့သဘော,တွန်းတဲ့ သဘောကလေးကို မှန်းကြည့်ရင် ရှိမနေဘူးသား၊ ရှိနေသလား....(ရှိနေပါ တယ်ဘုရား)။

အဲဒါ—အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ကိုယ် တိုင်လုပ်လို့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့်-ဒီတိုးတဲ့သဘော, တွန်းတဲ့သဘောကလေးဟာ ကိုယ်တိုင်လုပ် လို့ဖြစ်တာလား....(မဟုတ်ပါဘုရား)။

သူများလုပ်ပေးလို့ဖြစ်တာလား....(မဟုတ်ပါဘုရား)။

ဒါဖြင့်-တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဟာ သူများလုပ်ပေးလို့ ဖြစ်တာလား....(မဖြစ်ပါဘုရား)။

သူများလုပ်ပေးလို့ဖြစ်တယ်ယူရင် ဥစ္ဆေဒဒိဋ္ဌိအယူတဲ့၊ ဘုရားက နိဒါ နဝဂ္ဂသံယုတ်အစေလကဿပ သုတ်မှာဟောကြားတယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးမှာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမကို မတွေ့,

ဇီဝ-အသက် ဝိညာဏ် လိပ်ပြာကို မတွေ့-တာသည့် သမ္မာဒိဋ္ဌိခေါ် အမှန်ကို သိတဲ့ပညာက အတ္တဒိဋ္ဌိကိုပယ်ခြင်းလို့ ဒီလိုမှတ်ပါ၊ ပညာဆိုတာ သိရုံသိတာမဟုတ်ဘူး၊ ပယ်ခြင်းကိစ္စရှိတယ်။

ပညာဆိုတာဘာကိစ္စရှိသလဲ....(ပယ်ခြင်းကိစ္စရှိပါတယ်ဘုရား)။

ဘာကိုပယ်သလဲလို့ဆိုတော့ ယောကျ်ားလို့ ထင်နေတဲ့အထင်, မိန်းမလို့ ထင်နေတဲ့အထင်,ပုဂ္ဂိုလ်သတ္တဝါလို့ ထင်နေတဲ့အထင်, အသက် ဝိညာဏ် လိပ်ပြာလို့ ထင်နေတဲ့ အထင်ကို အမှန်သိတယ်ဆိုတဲ့ ပညာကပယ်သလား၊ မပယ်ဘူးလား....(ပယ်ပါတယ်ဘုရား)။

အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများတကယ်အလုပ်လုပ်ကြည့်တဲ့အခါ တိုးတဲ့သဘော,တွန်းတဲ့သဘောမှာ ယောကျ်ား မိန်းမ အသက် ဝိညာဏ် လိပ်ပြာဟာ မရှိဘူးတဲ့၊ ဟိုတုံးကရှိနေတယ် ထင်နေတဲ့အထင်ဟာ ရှိသေးသလား၊ မရှိဘူးလား ... (မရှိတော့ပါဘုရား)။

ဘယ်သူက ပယ်တာလဲ....(ပညာက ပယ်တာပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘယ်သူကပယ်သလဲ....(ပညာက ပယ်ပါတယ်ဘုရား)။

## သက္ကာယဒိဋ္ဌိကွာသွားပြီ

"သက္ကာယဒိဋ္ဌိ"သ+ကာယ+ဒိဋ္ဌိ၊ ပေါင်းဘော့ ၃-ပုဒ်ရှိတယ်၊ သ=ထင်ရှားရှိသော၊ ကာယ=ခန္ဓာငါးပါး တရားအပေါင်း၌၊ ဒိဋ္ဌိ=မှားသောအားဖြင့်စွဲယူခြင်းကို-သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်၊ ဘာဒိဋ္ဌိလို့ ခေါ်သလဲ....(သက္ကာယဒိဋ္ဌိလို့ခေါ်ပါတယ်ဘုရား)။

တိုးတဲ့သဘောလေးဟာထင်ရှားရှိ ထင်ရှားတွေ့နေရတဲ့တရားသဘောဘဲ အဲဒီထင်ရှားရှိတဲ့တရားအပေါင်းကို ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘဲနဲ့,အတ္တဇီဝမဟုတ်ဘဲနဲ့ အတ္တဇီဝလို့ စွဲမှတ်လိုက်ရင် မှားသောစွဲယူခြင်းလား၊ မှန်သောစွဲယူခြင်းလား....(မှားသောစွဲယူခြင်းပါဘုရား)။

သ=ထင်ရှားရှိတဲ့၊ ကာယ=တိုးတဲ့တွန်းတဲ့ သဘောရဲ့အပေါ်မှာ၊ ဒိဋ္ဌိ=အသက်ကောင် ဝိညာဏ်ကောင်လို့မှားသောအားဖြင့် ယူစွဲခြင်းကို ဘာလို့ ခေါ်သလဲ ... (သက္ကာယဒိဋ္ဌိလို့ခေါ်ပါတယ်ဘုရား)။

အခု-အဲဒီသက္ကာယဒိဋ္ဌိဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ရှိသေးရဲ့သလား၊ မရှိဘူးလား....(မရှိပါဘုရား)။

ဒိဋ္ဌိရှိသေးသလား၊မရှိဘူးလား....(မရှိပါဘုရား)။

သက္ကာယတော့ ကျန်ရစ်ခဲ့သလား၊ မကျန်ရစ်ခဲ့ဘူးလား....(ကျန်ရစ်ခဲ့ပါတယ်ဘုရား)။

သက္ကာယကောရှိသေးသလား၊မရှိဘူးလား....(ရှိပါတယ်ဘုရား)၊ဟင်....(ရှိပါတယ်ဘုရား)။

သက္ကာယကရှိသေးတယ်၊ တိုးတဲ့သဘော,တွန်းတဲ့သဘောကို သက္ကာယလို့ခေါ်တယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကို ဘာလို့ခေါ်တယ်-(သက္ကာယလို့ခေါ်ပါတယ်ဘုရား)။

အဲဒါရှိသေးသလား....(ရှိပါတယ်ဘုရား)။

ဒီ-အပေါ်မှာ အသက်ကောင် ဝိညာဏ်ကောင် လိပ်ပြာကောင်လို့ထင်နေတဲ့အတ္တ,ဇီဝ လို့ထင်နေတဲ့အထင်ကောရှိသေးသလား....(မရှိပါဘုရား)။

တိုးတဲ့သဘော,တွန်းတဲ့သဘောဘဲ ရှိတော့တယ်တဲ့၊ နဂိုရ်တုံးကထင်ခဲ့တဲ့ အတ္တကောင် ဝိညာဏ်ကောင် လိပ်ပြာကောင်ဟာ မရှိတော့ဘူးတဲ့၊ ဒါဖြင့်-သက္ကာယမှာ ဘာကွာသွားသလဲ....(ဒိဋ္ဌိကွာသွားပါတယ်ဘုရား)။

ဒိဋ္ဌိကွာသွားပြီး၊ သက္ကာယမှာဒိဋ္ဌိကွာသွားပြီ၊ သက္ကာယကိုခွါပစ်ရမှာ မဟုတ်ဘူးနော်၊ ဒိဋ္ဌိကို ခွါပစ်ရမှာ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အဝတ်တန်းဆာတွေမှာ ကြေးတင်နေလျှင် ကြေးကိုသာ ချွတ်ပစ်ရမယ် အဝတ်ကို လွှတ်မပစ်ရဘူး၊ အဲဒီ-ဥပမာမျိုးလိုဘဲ သက္ကာယမှာစွဲနေတဲ့ ဒိဋ္ဌိကိုသာခွါပစ်ရမယ်၊ သက္ကာယကို လွှတ်မပစ်ရဘူး၊ ခွါမပစ်ရဘူး၊ သဘောကျပလား....(ကျပါတယ်ဘုရား)။

## သတတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ကွာသွားပြီ

ကိုင်း-ရှေ့ကိုသွား၊ အဲဒီ-သက္ကာယမှာ ဒိဋ္ဌိကွာသွားပြီးတဲ့ နောက် တိုးတဲ့ တွန်းတဲ့သဘောဟာ မြဲမြံခိုင်ခန့်ဘည်ဘဲ့တဲ့အနေနဲ့ တဆက်ဘည်းဖြစ်တဲ့ အယူကို သဿတဒိဋ္ဌိအယူလို့ဒီလိုခေါ်ပါတယ်၊ အဲဒီ-တိုးတဲ့ တွန်းတဲ့ သဘောကလေးဟာ ကိုယ်လုပ်လို့ဖြစ်ဘယ်ဆိုရင် ကိုယ်နဲ့တိုးတဲ့ တွန်းတဲ့

သဘောနဲ့ တဆက်တည်းဖြစ်နေတဲ့အတွက် သူ့ကို သဿတဒိဋ္ဌိအယူလို့ ဒီလို ခေါ်တယ်၊ အခု တိုးတဲ့ တွန်းတဲ့သဘောကလေးဟာ ကိုယ်လုပ်တာလား မေးတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘယ့်နှယ် ပြောမလဲ၊ ကိုယ်လုပ်လို့ဖြစ်သလား....(မဖြစ်ပါဘုရား)။

ဒါဖြင့်– တိုးတဲ့သဘော, တွန်းတဲ့သဘောဟာ ကိုယ်လုပ်လို့ ဖြစ်တာလား....(မဖြစ်ပါဘုရား)။

သဿတဒိဋ္ဌိ အယူရှိသေးသလား ...(မရှိပါဘုရား)။

သူများလုပ်ပေးရင်ကော ဖြစ်ပမလား....(မဖြစ်ပါဘုရား)။

ဥစ္ဆေဒဒိဋ္ဌိအယူရှိသေးသလား....(မရှိပါဘုရား)။

ဟော–သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ ကွာသွားပြန်ပြီ ဒါဖြင့်·ဒီတိုးတဲ့သဘော, တွန်းတဲ့သဘောလေးဟာ ဘာဖြစ်လို့ ရှိလာတာလဲ။

သူ့အလိုလို ဖြစ်လာတယ်ဆိုရင်လဲ အဟေတုက ဒိဋ္ဌိအယူတဲ့၊ ဘာအယူတဲ့လဲ ...(အဟေတုကဒိဋ္ဌိအယူပါဘုရား)။

ဒါဖြင့်– အဲဒီ·တိုးတဲ့သဘော, တွန်းတဲ့သဘော လေးဟာ ဘယ်သူ့ကြောင့်ဖြစ်လာတာလဲ .. (သူ့သဘောနဲ့သူ ဖြစ်ပါတယ်ဘုရား)။

သူ့သဘောနဲ့သူဖြစ်တယ်ဆိုရင် အကြောင်း မရှိဘူးလား....(အကြောင်း ရှိပါတယ်ဘုရား)။

## ထွက်လေ ဝင်လေ ဖြစ်ကြောင်းက စိတ်

အဲဒီ·သူဖြစ်တဲ့အကြောင်းက ဘာလဲလို့ဆိုရင် သူဖြစ်တဲ့အကြောင်းက စိတ်တဲ့၊စိတ်ကြောင့်ဖြစ်တဲ့ ထွက်လေ ဝင်လေတည်းဟူသော ဝါယောလေ ဓာတ် ရုပ်ပရမတ်လို့ မှတ်ပါ။

ဒါဖြင့်–ထွက်လေဝင်လေဟာ စိတ္တဇဝါယောရုပ် အမှန်ဘဲ၊ဒါကြောင့် ထွက်လေဝင်လေဆိုတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်တရားတခုရဲ့ ဖြစ်ကြောင်းဟာ စိတ်လို့မှတ်။

အခု–တိုးတဲ့သဘော, တွန်းတဲ့သဘောရှိတဲ့ ထွက်လေဝင်လေ ဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်တရားတခုရဲ့ ဖြစ်ကြောင်းဟာ ဘယ်သူလဲ....(စိတ်ပါဘုရား)။

စိတ်ကြောင့်ဖြစ်သော ထွက်လေဝင်လေ၏ မှီရာက ဘယ်သူလဲဆိုတော့ အာယုခေါ် ဇီဝိတိန္ဒြေနှင့် ဥသ္မာခေါ်ကမ္မဇတေဇောဓာတ် တို့ဘဲဖြစ်တယ် နော်-(မှန်ပါ)။ ဒီနေရာမှာ အာယုနှင့်ဥသ္မာနှစ်ပါးကို မှီ၍ဖြစ်ပေါ်လာတဲ့စိတ်ကိုအကြောင်းပြုပြီးတော့ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားလို့ဆိုပြီး ဖြစ်ပေါ်လာတယ်၊ ဒီတော့ တိုးတဲ့သဘော၊ တွန်းကန်တဲ့သဘောရှိတဲ့ ထွက်လေ ဝင်လေဖြစ်ကြောင်းက ဘယ်သူလဲ(စိတ်ပါဘုရား)။

မှီရာကဘယ်သူလဲဆိုတော့ အာယုခေါ် ဇီဝိတိန္ဒြေနှင့် ဥသ္မာခေါ် ကမ္မဇတေဇောဓာတ်လို့မှတ်ထား။ အဲဒါကိုဘုန်းကြီးတို့ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားက ဘယ့်နှယ်ဟောထားသလဲဆိုတော့-

အာယု ဥသ္မာ စ ဝိညာဏံ၊ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။ [သံ-၂-၁၁၇]

အဲဒါခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဖေဏပိဏ္ဍူပမ သုတ္တန်မှာ ဟောထားတယ်။

အာယုစ၊ ဇီဝိတိန္ဒြေဟူသော အသက်သည်၎င်း။ ဥသ္မာစ၊ကမ္မဇတေဇောဟူသော အခိုးအငွေ့အပူဓာတ်သည်၎င်း။ဝိညာဏဥ္စ၊ ဝိညာဉ်သည်၎င်း။ဣမေ၊ ထိုတရားသုံးပါးတို့သည်။ ယဒါ၊အကြင်အခါ၌။ ဣမံကာယံ၊ ဤခန္ဓာကိုယ်အတ္တဘောကို။ ဇဟန္တိ၊စွန့်ခွါသွားကြကုန်၏။ တဒါ၊ ထိုအခါကာလသမယ၌။ အပဝိဒ္ဓေါ၊ စွန့်ချပစ်လှင့်အပ်သည်ဖြစ်၍။ ပရဘတ္တံ၊ပိုးလောက်စသော တပါးသူတို့၏အစာသည်။ ဟုတ္វာ၊ ဖြစ်၍။ အစေတနံ၊ စေတနာမရှိတော့ဘဲ။ သေတိ၊ အိပ်ရလေတော့၏။

အကျဉ်းချုပ်အဓိပ္ပါယ်ကတော့ ထွက်လေဝင်လေတို့ရဲ့ ဖြစ်ကြောင်းက စိတ်ဓာတ်ဖြစ်တယ်။ ၎င်းတို့၏မှီရာကတော့ အာယုနှင့်ဥသ္မာလို့မှတ်ရမယ်။ ဒီတော့ထွက်လေဝင်လေဟာ ဘယ်သူကြောင့်ဖြစ်တာလဲ ... (စိတ်ကြောင့်ပါဘုရား)။ မှီရာကဘယ်သူလဲ....(အာယုနဲ့ဥသ္မာပါဘုရား)။

အာယုနဲ့ဥသ္မာခေါ်ရုပ်တရားတို့နှင့် ၎င်းတို့ကိုမှီ၍ဖြစ်ပေါ်လာသောစိတ် အဲဒီတရားသုံးပါးတို့ ထင်ရှားရှိနေသမျှကာလပတ်လုံး ထွက်လေဝင်လေတဲ့ ဟာဖြစ်ပေါ်နေကြတာဘဲတဲ့။အဲဒီအာယု ဥသ္မာ စိတ် ဆိုတဲ့ တရားသုံးပါး

မရှိရင် ထွက်လေ ဝင်လေဟာလဲ ချုပ်ပျောက်ကုန်ကြတော့တာဘဲတဲ့။အဲဒါ ကြောင့် ထွက်လေ ဝင်လေရဲ့ဖြစ်ကြောင်းနဲ့ မှီရာတို့ကိုခွဲခြား၍သိဘို့လိုတယ် အမျိုးကောင်းသားများ–သမီးများ။ အဲဒီတော့–

အကြောင်းကြောင့်ဖြစ်တဲ့အကျိုးတရား"ပဋိစ္စသမုပ္ပါဒ။ပဋိစ္စ-စိတ်ခေတ် ဆိုတဲ့အကြောင်းကိုစွဲပြီးတော့။ သမုပ္ပါဒ=ဖြစ်တယ်ဆိုတဲ့ တိုးတဲ့သဘော တွန်းတဲ့သဘောတည်းဟူသောအကျိုးတရား။အကြောင်းနှင့်အကျိုးကွဲပြား သွားပလား....(ကွဲပါပြီဘုရား)။

အဲ–ဒါဖြင့် ကောင်းပြီ၊ အကြောင်းအကျိုး ကွဲပြားသွားလို့ရှိရင် အဟော· တုက ဒိဋ္ဌိ အယူရှိသေးသလား....(မရှိတော့ပါဘုရား)။

အကြောင်း၊ကင်းပြီးတော့ဖြစ်တဲ့တရားမဟုတ်ဘူး၊ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားသာဖြစ်တယ်၊ဒါကို "ပဋိစ္စသမုပ္ပါဒ"လို့ခေါ်တယ်.ကဲ- ဒါဖြင့်ကောင်းပြီ၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အခု- အမှန်ကို သိနေတဲ့အခါမှာ အဲဒီ- အမှန်လေးဟာရှိသေးသလား၊ မရှိဘူး လား....(ရှိပါတယ်ဘုရား)၊ ရှိသေးတယ်နော်.... (တင်ပါဘုရား)။

## မိစ္ဆာဒိဋ္ဌိနှင့် အမှာဒိဋ္ဌိ

တိုးတဲ့သဘော,တွန်းတဲ့သဘောကို တွေ့သလား၊ မတွေ့ဘူးလား ...(တွေ့ ပါတယ်ဘုရား)။

အဲဒီ တိုးတဲ့သဘော တွန်းတဲ့သဘောကလေးဟာ ကိုယ်နဲ့တူရဲ့လား၊(မတူ ပါဘုရား)။ကိုယ်နဲ့မတူတော့ ကိုယ်ကောဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)။ အဲဒီတိုးတဲ့သဘော တွန်းတဲ့သဘောကလေးဟာ ကိုယ်မဟုတ်ယင် ဘာတရား လဲ။ (ဝါယောဓာတ် ရုပ်ပရမတ္ထတရားပါဘုရား)။ အဲဒီ ဝါယောဓာတ် ရုပ်ပရမတ္ထတရားဟာ ကိုယ်မဟုတ်ယင် ကိုယ့်ဥစ္စာပစ္စည်းကော ဟုတ် ရဲ့လား။ (မဟုတ်ပါဘုရား)။

ဒီလိုဆိုယင် ဝါယောဓာတ် ရုပ်ပရမတ္ထတရားပေါ်မှာ- တော် မမ၊ သောဘ မသိ–ဆိုတဲ့ တဏှာစွဲ မာနစွဲ အစွဲနှစ်ပါး လွတ်မနေဘူးလား။ (လွတ်နေပါတယ်ဘုရား)။

ဝေဒနာ မေ အတ္တာဆိုတဲ့ ဒိဋ္ဌိစွဲခေါ် သက္ကာယဒိဋ္ဌိကော လွတ်မနေဘူးလား။ (လွတ်နေပါတယ်ဘုရား)။

ဒီ–တိုးတဲ့သဘော, တွန်းတဲ့သဘောပေါ်မှာ အမှားစွဲ သုံးခုပျောက်သွားပလား၊ မပျောက်သွားသေးဘူးလား.... (ပျောက်သွားပါပြီဘုရား)။

သက္ကာယဒိဋ္ဌိ,သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ,အဟေတုကဒိဋ္ဌိလို့ ဒိဋ္ဌိကြီး လေးမျိုးကွာသွားသလား၊ ကွာမသွားဘူးလား....(ကွာသွားပါတယ်ဘုရား)။

အဲဒါက–ပြောလို့ ဟောလို့ ကွာတဲ့အကွာကတမျိုး, အလုပ်ခွင်မှာ အလုပ်လုပ်လို့ကွာတဲ့အကွာက တမျိုး, မဂ်နဲ့ပယ်လို့ကွာတာကတမျိုးလို့ ကွာပုံကွာနည်း ၃–မျိုးရှိတယ်၊ အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကွာခဲ့တဲ့အကွာက အလုပ်ခွင်မှာ အလုပ်လုပ်နေရင်းကွာတဲ့အကွာမျိုးလို့ ဒီလိုမှတ်၊ မဂ်နဲ့မပယ်ရသေးဘူး၊ သူ့ကိုမဂ်နဲ့ပယ်ပုံကို တော့ဖြင့် မဂ်ဉာဏ်ဖြစ်ပေါ်ပုံကို ဟောမယ်လို့ဆိုတဲ့ နောက်ဆုံးကျမှ ဒီစကားကို ပြောကြစို့ရဲ့။

အခု–ဝိပဿနာ အလုပ်ပေးတရားမှာ ပရမတ်နဲ့ ပညတ်ကွဲပလား၊ မကွဲသေးဘူးလား....(ကွဲပါတယ်ဘုရား)။

မိစ္ဆာဒိဋ္ဌိ, သမ္မာဒိဋ္ဌိကွဲပလား၊ မကွဲသေးဘူးလား....(ကွဲပါတယ်ဘုရား)။

မှန်တာကိုသိနေတာဟာ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား.... (သမ္မာဒိဋ္ဌိပါဘုရား)

သမ္မာဒိဋ္ဌိဟာ ကုသိုလ်တရားလား၊ အကုသိုလ်တရားလား.... (ကုသိုလ်တရားပါဘုရား)။

> “သမ္မာဒိဋ္ဌိ ဘိက္ခဝေ နိဗ္ဗာနနိန္နာ နိဗ္ဗာနပေါဏာ
> နိဗ္ဗာနပဗ္ဘာရာ”။

သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်ဘက်ကိုကိုင်းနေတယ်၊ နိဗ္ဗာန်ဘက်ကိုရှိုင်းနေတယ်၊ နိဗ္ဗာန်ဘက်ကိုညွတ်နေတယ်တဲ့၊ အဲဒီတော့ သမ္မာဒိဋ္ဌိဟာ ဘယ်ကိုဆောင်တဲ့လဲ....(နိဗ္ဗာန်ကိုဆောင်ပါတယ်ဘုရား)။

အဲဒီ–သမ္မာဒိဋ္ဌိဆိုတာ မှန်တာကိုသိတာ၊ မှန်တာသိတာကို ဘာလို့ခေါ်သလဲ....(သမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်ဘုရား)။

## ဝိဇ္ဇာ ပညာ သမ္မာဒိဋ္ဌိ အမှန်သိ

အခု-အမျိုးကောင်းသားများ , အမျိုးကောင်းသမီးများ မှန်တာသိနေသလား၊ သိမနေဘူးလား.... (သိနေပါတယ်ဘုရား)။

ပညာဖြစ်နေသလား၊ ပညာဖြစ်မနေဘူးသား.... (ပညာဖြစ်နေပါတယ်ဘုရား)။

အဲဒီ-ပညာက ဘယ်သူတွေ့ကို ပယ်ပစ်သလဲဆိုတော့၊ ပညာမှာသတ္တိအထူးရှိတယ်၊ တရားဘဲဟောဟော၊ တရားဘဲနာနာ၊ တရားဟောတရားနာရင် ဟောတဲ့ပုဂ္ဂိုလ်ကလဲ တရားတလုံးတလုံးရဲ့ သတ္တိအထူးကို ပေါ်လွင်အောင်ဟောရတယ်၊ တရားနာတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကလဲဘဲ တရားတလုံးတလုံးရဲ့ သတ္တိအထူးကိုပေါ်လွင်အောင် တရားနာရတယ်။

အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဖြစ်နေတဲ့ ပညာမှာ ဘယ်လိုသတ္တိအထူးရှိသလဲ၊ အနမတဂ္ဂ သံသရာတခွင်က မပယ်နိုင် မသတ်နိုင်တဲ့ သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိလို့ဆိုတဲ့ ဒိဋ္ဌိကြီးလေးမျိုးကို ပယ်နိုင်ခြင်းသတ္တိရှိတယ်လို့မှတ်။

ပညာဆိုတာ ဘယ်လိုသတ္တိထူးရှိသလဲ....(ဒိဋ္ဌိကြီးလေးမျိုးကို ပယ်နိုင်တဲ့ သတ္တိထူး ရှိပါတယ်ဘုရား)။

ပညာဆိုတာ— မှန်တာသိသလား၊ မှားတာသိသလာ....(မှန်တာသိပါတယ်ဘုရား)။

မှန်တာသိတာ ဝိဇ္ဇာသလား... အဝိဇ္ဇာသလား(ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာဆိုတာ ပညာသလား၊ မောဟလား....(ပညာပါဘုရား)။

အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ပညာဖြစ်နေသလား၊ ဖြစ်မနေဘူးလား....(ပညာဖြစ်နေပါတယ်ဘုရား)။

ဘာသိလို့ ပညာဖြစ်နေတာလဲ....(မှန်တာသိလို့ပါဘုရား)။

မှန်တာသိလို့ ပညာဖြစ်နေတယ်လို့ မှတ်၊ မှန်တာသိနေရင်ပညာ၊ မှန်တာသိနေရင် ဘာတဲ့လဲ....(ပညာပါဘုရား)။

ဒီလိုဆိုရင်-သမ္မာဒိဋ္ဌိမဂ္ဂင်ရပလား၊ မရသေးဘူးလား....(ရပါပြီဘုရား)။

## ကောင်းတာမကောင်းတာမသိ

ဒါဖြင့်–အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဟာ အဲဒီမှန်-တာကလေးကို သိနေတဲ့အချိန်မှာ အမှန်ကိုသိနေတဲ့အချိန်မှာ ကောင်းတာရယ်, မကောင်းတာရယ် နှစ်မျိုးရှိရာ ကောင်းတာဖြစ်သလား၊ မကောင်းတာဖြစ်သလား....(ကောင်းတာဖြစ်နေပါတယ်ဘုရား)။

ကောင်းတဲ့သဘောတွေ တွေ့နေသလား၊ မကောင်းတဲ့သဘောတွေတွေ့နေသလား....(ကောင်းတဲ့သဘောတွေ တွေ့နေပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှန်တာမှာ ကောင်းတာ မကောင်းတာမရှိဘူး၊ မှန်တယ်ဆိုတဲ့သဘောမှာ ကောင်းတာလဲမရှိဘူး၊ မကောင်းတာလဲမရှိဘူး၊တိုးတဲ့သဘော တွန်းတဲ့သဘောကလေးက ကောင်းတာလေးလား၊ မကောင်တာလေးလား.... (သူက ကောင်းတာလဲမဟုတ်, မကောင်းတာလဲမဟုတ်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တိုးတဲ့သဘော, တွန်းတဲ့သဘောကို တွေ့နေတော့ သိနေတော့ ကောင်းတာသိနေသလား၊ မကောင်းတာသိနေသလား....(ကောင်းတာမကောင်းတာမသိပါ)။

ကောင်းတာသိနေသလား၊ မကောင်းတာ သိနေသလားဆိုတော့ ဘာပြောမလဲ, တိုးတဲ့တွန်းတဲ့ သဘောအမှန်ကိုသာသိနေတယ်၊ ကောင်းတာ, မကောင်းတာကိုမသိဘူး။

ကောင်းတာလဲမသိဘူး၊ မကောင်းတာလဲမသိဘူးဆိုရင် ဘာသိနေသလဲလို့မေးရင် ဘယ့်နှယ်ပြောမလဲ ...(မှန်တာကို သိနေပါတယ်ဘုရား)။

မှန်တာကိုသိနေတယ်၊သဘောကျပလား....(ကျပါပြီဘုရား)။

ဒီ–အထဲမှာကောင်းတာသိနေသလား၊ မကောင်းတာသိနေသလားလို့မေးရင် ဘာပြောမလဲ....(မှန်တာဘဲသိနေပါတယ်ဘုရား)။

မှန်တာဘဲသိနေတယ်၊ကောင်းတာလဲမသိဘူး၊မကောင်းတာလဲမသိဘူး။

ပုထုဇဉ်သတ္တဝါဆိုတာ ကောင်းတယ်လို့ သမုတ်ထားတာလေးကိုသိရင်ကြိုက်တယ်၊ မကောင်းဘူးလို့ သမုတ်ထားတာလေးကို သိရင်မကြိုက်ဘူး၊

ကြိုက်တယ်-မကြိုက်ဘူး၊ ကောင်းတာနှင့် တွေ့နေလို့ကြိုက်လျှင်လောဘ၊ ဘာတဲ့လဲ....(လောဘပါဘုရား)။

မကောင်းတာနဲ့တွေ့နေလို့ မကြိုက်လျှင် ဒေါသ၊ မကြိုက်ရင် ဘာတဲ့လဲ ....(ဒေါသပါဘုရား)။

အခု-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးက အမျိုးကောင်းသား များ,အမျိုးကောင်းသမီးများမှာ ချစ်စရာကလေးလား၊ မုန်းစရာကလေး လား....(ဘာမှမဟုတ်ပါဘုရား)။

## လောဘ-ဒေါသ-မောဟပစ်ပယ်

ကဲ ကြည့်-ကြည့်၊ကြည့်နော်၊ သေသေချာချာကြည့်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးဟာသူ့ဟာချစ်ဘို့ကောင်းသလား၊မုန်းဘို့ကောင်းသ လား၊ ကောင်းတဲ့သဘောလေးတွေ့သလား၊ မကောင်းတဲ့သဘောလေးတွေ့ သလား၊ကိုယ်ကြိုက်တာလေးလား၊ ကိုယ်မကြိုက်တာလေးလားလို့ (ကိုင်း) အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများကြည့်စမ်း၊ အခုပြောခဲ့ တဲ့ အချက်တွေမှာ ဘာတွေ့သလဲ၊ ချစ်စရာလေးလို့ကော တွေ့သလား .... (မတွေ့ပါဘုရား)။

မုန်းစရာလေးလို့ကော တွေ့သလား....(မတွေ့ပါဘုရား)။

ကောင်းတာလေးလို့ကော တွေ့သလား....(မတွေ့ပါဘုရား)။

မကောင်းတာလေးလို့ကော တွေ့သလား....(မတွေ့ပါဘုရား)။

ကိုယ်ကြိုက်တဲ့အသုပ်ဆိုတဲ့ သဘောလေးကိုကော တွေ့သလား....(မတွေ့ ပါဘုရား)။

ကိုယ်မကြိုက်ဘူးဆိုတာကော တွေ့သလား....(မတွေ့ပါဘုရား)။ ဘာတွေ့နေသလဲဆိုတော့ မှန်တာဘဲတွေ့နေတယ်နော်။

ဒါဖြင့်—အဲဒီမှန်တာကလေးကို သိနေတဲ့အချိန်မှာ အမျိုးကောင်းသား များ,အမျိုးကောင်းသမီးများမှာ ကောင်းတာကိုကြိုက်တယ်ဆိုတဲ့ လောဘ ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

မကောင်းတာကို မကြိုက်ဘူးဆိုတဲ့ ဒေါသကော ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

အမှန်ကိုသိနေတဲ့အတွက် မမှန်တာကိုသိနေတယ်ဆိုတဲ့ အဝိဇ္ဇာ မောဟကော ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

အဲဒီ- လောဘရယ်, ဒေါသရယ်, မောဟရယ်ကို ဘယ်သူက ပယ်ထားသလဲ....(ပညာက ပယ်ထားပါတယ်ဘုရား)။

မှန်တာကို သိတယ်ဆိုတဲ့ ပညာကပယ်တယ်၊ "ပညာအဘိညတ္တာ ပရိညတ္တာ ပဟာနတ္တာ"-လို့ ပညာရဲ့ သတ္တိထူး (၃)မျိုးကို ရှင်သာရိပုတ္တရာက ပြပါတယ်၊ ပညာသည် ပယ်ခြင်းကိစ္စရှိ၏၊ အမှန်ကိုသိဘာဟာ ပညာ၊ အမှန်ကို သိနေတာကို ဘာလို့ခေါ်သလဲ....(ပညာလို့ခေါ်ပါတယ်ဘုရား)။

အဲဒီ- ပညာက ဘယ်သူတွေကို ပယ်ပစ်လိုက်သလဲ၊ (လောဘ, ဒေါသ, မောဟတွေကို ပယ်ပစ်လိုက်ပါတယ်ဘုရား)။

သူတို့က ကောင်းတဲ့တရားတွေလား၊ မကောင်းတဲ့ တရားတွေလား....(မကောင်းတဲ့တရားတွေပါဘုရား)။

နိဗ္ဗာန်ဆောင်တဲ့ တရားလား၊ အပါယ်လေးပါးဆောင်တဲ့ တရားလား....(အပါယ်ဆောင်တဲ့တရားပါဘုရား)။

အပါယ်လေးပါးကို ဆောင်တဲ့တရားတွေကို ဘယ်သူက ပယ်သလဲ....(ပညာကပယ်ပါတယ်ဘုရား)။

ပညာဆိုတာ ဘာကိုခေါ်သလဲ.... (မှန်တာသိတာကို ခေါ်ပါတယ်ဘုရား၊) မှန်တာသိတာပညာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အခု-အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ မှန်တာကို သိနေသလား၊ မသိဘူးလား....(သိနေပါတယ်ဘုရား)။

ပညာဖြစ်နေသလား၊ ဖြစ်မနေဘူးလား ...(ဖြစ်နေပါတယ်ဘုရား)။

## အကုသိုလ်ဒိဋ္ဌိ ပယ်ပြီးသား

ပညာဖြစ်တာနဲ့တပြိုင်နက် လောဘ, ဒေါသ, မောဟကို ပယ်ခြင်းကိစ္စ ပြီးသလား၊ မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက တမဂ်သာပယ်ပစ် ရသေးသလား၊ ပညာဖြစ်တာနဲ့တပြိုင်နက် လောဘ,ဒေါသ,မောဟ ပယ်ပြီး သားဖြစ်သလား၊ မဖြစ်ဘူးလား ... (ပယ်ပြီးသားဖြစ်ပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိ,သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ,အဟေတုကဒိဋ္ဌိများကိုပယ်ပြီးသား ဖြစ်သလား၊ မဖြစ်ဘူးလား....(ပယ်ပြီးသားဖြစ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ပယ်ပါသလဲ....(မှန်တာသိလို့ပယ်ပါတယ်ဘုရား)။

မှန်တာသိတာနဲ့တပြိုင်နက်တည်း ခုနကပြောခဲ့တဲ့ သက္ကာယဒိဋ္ဌိ သဿတ ဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, လောဘ, ဒေါသ, မောဟတွေ ပြန်ဝင်လာ သလား၊ ဝင်မလာဘူးလား ... (ပြန်ဝင်မလာပါဘုရား)။

မှန်တာကိုမသိရင် တရားကိုမသိရင် ခုနကပြောခဲ့တဲ့ မောဟအဝိဇ္ဇာတွေ လောဘဆိုတဲ့ဘရားတွေ ဒေါသဆိုတဲ့တရားတွေ သက္ကာယဒိဋ္ဌိဆိုတဲ့ တရား ဆိုးကြီးတွေ ဒိဋ္ဌိသုံးပါးဆိုတဲ့ တရားဆိုးကြီးတွေ ပြန်ဝင်မလား၊ မဝင်ဘူး လား....(ပြန်ဝင်လာပါတယ်ဘုရား)။

အဲဒီ-တရားဆိုးကြီးတွေ ပြန်ဝင်ဘို့ကို အခွင့်မပေးနဲ့၊ သူဘို့ဝင်ဘို့ အခွင့် မပေးနဲ့၊ ဒိဋ္ဌိဆိုဘာ အမှောင်ရှိမှ ခိုလို့ရဘယ်၊ အမှောင်မရှိရင် ဒိဋ္ဌိခိုလို့မရဘူး၊ မမှန်ဘာကို သိနေဘယ်ဆိုတဲ့ အဝိဇ္ဇာဟာ အမှောင်လား၊ အလင်းလား.... (အမှောင်ပါဘုရား)။

အဲဒီ-အမှောင်အောက်မှာ ဘယ်သူခိုနေသလဲ ... (ဒိဋ္ဌိခိုနေပါတယ်ဘုရား)။

ဒါဖြင့်-ဒိဋ္ဌိကို သတ်ချင်ရင် အမှောင်ကို အရင်လင်းအောင် လုပ်ရ မယ်၊ နောက်-ဒိဋ္ဌိကိုတွေ့အောင်ရှာရမယ်၊ မှောင်ထဲမှာဒိဋ္ဌိကိုရှာရင် တွေ့ မလား ...မတွေ့ဘူးလား....(မတွေ့ပါဘုရား)။

အလင်းရောင်မရှိဘဲ မှောင်ထဲမှာ ရမ်းရှာနေရင် တွေ့မလား၊ မတွေ့ဘူး လား .. (မတွေ့ပါဘုရား)။

မတွေ့ဘူး၊ ပညာဆိုတဲ့ အလင်းရောင် အောက်မှာ ရှာလိုက်တော့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, သက္ကာယဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိတွေ တွေ့ သလား၊ မတွေ့ဘူးလား....(တွေ့ပါဘယ်ဘုရား)။

တွေ့ဒါနဲ့ဘပြိုင်နက်တည်း ပညာက ဒိဋ္ဌိတွေကို ပယ်သလား၊ မပယ်ဘူး လား (ပယ်ပါဘယ်ဘုရား)။

ပညာ ပဟာနံတ္တာ=ပညာသည် ပယ်ခြင်းကိစ္စရှိ၏၊ လောဘ,ဒေါသ, မောဟ အကုသိုလ်မူလကြီး ၃-ခုကို ပယ်သလား၊ မပယ်ဘူးလား....(ပယ်ပါတယ်ဘုရား)။

အခု-မှန်တာလေး သိနေတော့ ကောင်းတာကော ဖြစ်သေးသလား.... (မဖြစ်ပါဘုရား)။

မကောင်းတာကော ဖြစ်သေးသလား....(မဖြစ်ပါဘုရား)။
ကိုယ်ကြိုက်တာကော ဖြစ်သေးသလား ...(မဖြစ်ပါဘုရား)။
ကိုယ်မကြိုက်တာကော ဖြစ်သေးသလား....(မဖြစ်ပါဘုရား)။

## မဂ္ဂင်ငါးပါးပြည့်စုံပြီ

ကြိုက်တာတွေ ဖြစ်လာရင် လောဘဖြစ်လာမယ်၊ မကြိုက်တာတွေ ဖြစ်လာရင် ဒေါသဖြစ်လာမယ်၊ ခုတော့-သူ့ကို ကြိုက်တာလဲမဟုတ် မကြိုက်တာလဲမဟုတ်၊ ကောင်းတာလဲမဟုတ်၊ မကောင်းတာလဲမဟုတ်၊ အမှန်ကို သိနေရတော့ လောဘ,ဒေါသ,မောဟ-ဖြစ်ခွင့်ရသေးသလား၊မရဘူးလား.... (မရတော့ပါဘုရား)။

မရတော့ဘူး၊ အဲဒီလို-လောဘ,ဒေါသ,မောဟ-တွေ ဖြစ်ခွင့်မရတာဟာ ဘာဖြစ်လို့၊ မှန်တာသိနေလို့၊ သမ္မာဒိဋ္ဌိဖြစ်နေလို့၊ ဘာဒိဋ္ဌိတဲ့လဲ.... (သမ္မာဒိဋ္ဌိပါဘုရား)။

အဲဒီ-သမ္မာဒိဋ္ဌိဟာ မဂ္ဂင်ရှစ်ပါးတို့ရဲ့ ခေါင်းဆောင်ကြီး ဟုတ်သလား၊ မဟုတ်ဘူးလား ...(ဟုတ်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိဖြစ်ရင် သမ္မာသင်္ကပ္ပဖြစ်မလား၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

သမ္မာသင်္ကပ္ပဖြစ်အောင် မှန်တဲ့သဘောကလေးပေါ်မှာချည်း အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ကို တင်ထားသလား၊ တင်မထားဘူးလား....(တင်ထားပါတယ်ဘုရား)။

အဲဒီ- မှန်တဲ့ သဘောကလေးပေါ်မှာ တိုးတဲ့တွန်းတဲ့ ပရမတ်အားရှိ သဘောသို့ ရောက်အောင် တွန်းပို့တာကို သမ္မာသင်္ကပ္ပမဂ္ဂင်လို့ ခေါ်တယ်၊ ဘာမဂ္ဂင်လို့ ခေါ်သတဲ့လဲ....(သမ္မာသင်္ကပ္ပမဂ္ဂင်လို့ ခေါ်ပါတယ်ဘုရား)။

တိုးတဲ့သဘော,တွန်းတဲ့သဘောဖြစ်တဲ့အမှန်သဘောပေါ်ကနေပြီးတော့ တခြားကို စိတ်ရောက်မသွားအောင် အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများက ထောက်ပံ့ထိန်းသိမ်းပြီး ထားသလား၊ မထားဘူးလား....(ထားပါတယ်ဘုရား)။

အဲဒီလို-အမှန်ပေါ်ကအာရုံ တခြားရောက်မသွားအောင်, စိတ်တခြားရောက်မသွားအောင် ထိန်းထားတာကို ထောက်ပံ့ထားတာကို ဝီရိယလို့ ခေါ်တယ်၊ သမ္မာဝါယာမ မဂ္ဂင်တဲ့၊ ဘာမဂ္ဂင်တဲ့လဲ....(သမ္မာဝါယာမမဂ္ဂင်ပါဘုရား)။

အမှန်ကလေးကို သိနေသလား၊ သိမနေဘူးလား .. (သိနေပါတယ်ဘုရား)။ အမှန်ကလေးပေါ်မှာ သိနေတဲ့စိတ်ကို အမှန်ကလေးနှင့် မကွဲကွာအောင် စောင့်ရှောက်ထိန်းသိမ်းထားတာကို သမ္မာသတိမဂ္ဂင်လို့ခေါ်တယ်၊ ဘာမဂ္ဂင်လို့ခေါ်သလဲ....(သမ္မာသတိမဂ္ဂင်လို့ ခေါ်ပါတယ်ဘုရား)။

ဟော-အမှန်သိတာနဲ့တပြိုင်နက်တည်း အကုသိုလ်တရားတွေ ဆိတ်သုဉ်းနေသလား၊ ဆိတ်သုဉ်း မနေဘူးလား.... (ဆိတ်သုဉ်းနေပါတယ်ဘုရား)။

"ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ"= အကုသိုလ်တရားတွေမှ ,ဆိတ်သုဉ်းပြီးတော့ အမှန်ကလေးအပေါ်မှာပင် သိနေတဲ့စိတ်က တည်ငြိမ်နေတာကို သမ္မာသမာဓိမဂ္ဂင်လို့ခေါ်တယ်၊ ဘာလို့ခေါ်သလဲ....(သမ္မာသမာဓိမဂ္ဂင်လို့ ခေါ်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ မဂ္ဂင်ငါးပါး၊ သမ္မာဒိဋ္ဌိလုပ်လိုက်ရင် ဒီ·မဂ္ဂင်ငါးပါးလုံး ရသလား၊ မရဘူးလား....(ရပါတယ်ဘုရား)။

ဟော-သမ္မာဒိဋ္ဌိဖြစ်ရင် မဂ္ဂင်ငါးမျိုးဟာပြည့်စုံလာသလား၊ ပြည့်စုံမလာဘူးလား.... (ပြည့်စုံလာပါတယ်ဘုရား)။

လုပ်တာက ဘယ်နှစ်ခုလုပ်သလဲ....(တခုတည်းပါဘုရား)။

ပြည့်စုံတာက ဘယ်နှစ်ခုပြည့်စုံသလဲ....(ငါးခုပါဘုရား)။

ရွှေအိုးတလုံးကိုသာရှာတဲ့ အမျိုးကောင်းသားများနှင့် အမျိုးကောင်းသမီးများဟာ ရွှေအိုးတလုံးကိုသာ ရှာပါလျက် ရွှေအိုးငါးလုံးကို ရတာနဲ့ တူသလား၊ မတူဘူးလား....(တူပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ·အလုပ်ဟာ လုပ်သင့်တဲ့အလုပ်လား၊ မလုပ်သင့်တဲ့အလုပ်လား ... (လုပ်သင့်တဲ့ အလုပ်ပါဘုရား)။

လုပ်ထိုက်တဲ့အလုပ်လား၊ မလုပ်ထိုက်တဲ့အလုပ်လား.... (လုပ်ထိုက်တဲ့အလုပ်ပါဘုရား)။

အဲဒီအလုပ်ကလေးကိုလုပ်လို့ မှန်တာကလေး သိနေတဲ့အခါ စိုးရိမ်ခြင်း, ပူဆွေးခြင်းတွေရှိသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

ငြိမ်းနေသလား၊ ငြိမ်းမနေဘူးလား.... (ငြိမ်းနေပါတယ်ဘုရား)။

ဒီအမှန်ကလေးသိနေတာကနေ ထွက်လိုက်သည်နှင့် တပြိုင်နက်တည်း ဘာတွေဝင်လာမလဲ၊ ကိလေသာတွေဝင်လာမလား၊ ဝင်မလာဘူးလား....(ဝင်လာပါတယ်ဘုရား)။

အမှန်ကိုမသိရင် ကိလေသာဝင်မလား၊ မဝင်ဘူးလား ... (ဝင်ပါတယ်ဘုရား)၊ အကုသိုလ်ဝင်မလား၊ မဝင်ဘူးလား....(ဝင်ပါတယ်ဘုရား)။

ဘာအကုသိုလ်ဝင်မှာလဲ၊ အမှန်ကိုမသိရင် အဝိဇ္ဇာဆိုတဲ့ အကုသိုလ်ဝင်မယ်၊ ဘာအကုသိုလ်ဝင်မလဲ .. (အဝိဇ္ဇာပါဘုရား)။

## အကုသိုလ် သေးသည်မရှိ

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အကုသိုလ်ထဲမှာ အဝိဇ္ဇာထက်ကြီးတဲ့ အကုသိုလ်များရှိသေးသလား ... (မရှိပါဘုရား)။

သြော်-ဒို့တော့ ဇရားအားထုတ်စရာ မလိုပါဘူးကွယ်၊ ငါးပါးသီလလေးနဲ့ ပုတီးစိပ်ပြီးတော့ အေးအေးလေးနေတာဘဲ-ဆိုတော့ အမှန်ကလေးကို မသိရင်ဘာဝင်မလဲ ... (အဝိဇ္ဇာပါဘုရား)။

အဝိဇ္ဇာဝင်မယ်၊အဝိဇ္ဇာဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား....(အကုသိုလ်ပါဘုရား)။

အဲဒီ-အကုသိုလ်ဟာ သေးသေးလား၊ ကြီးကြီးလား.... (ကြီးကြီးပါဘုရား)။

သူ့ထက်ကြီးတဲ့ အကုသိုလ်များ ရှိသေးသလား....(မရှိပါဘုရား)။

အကုသိုလ်ဆိုတာ နဲနဲလေးဝင်ဝင်၊ များများကြီးဝင်ဝင်၊အကုသိုလ် ဆိုတာ အပါယ်လေးပါးကို ဆောင်သလား၊ နတ်ပြည်နိဗ္ဗာန်ကို ဆောင်သလား....(အပါယ်လေးပါးကို ဆောင်ပါတယ်ဘုရား)။

ဉပမာအားဖြင့် သံတုံးသေးသေးကလေးတခုကို မြစ်ရေထဲချလိုက်ရင် မြုပ်သွားမလား၊ပေါ်နေမလား....(မြုပ်ပါတယ်ဘုရား)။

သေးသေးသံတုံးကိုဘဲ ချလိုက် ချလိုက်၊ မှုန်မှုန်သံတုံးကလေးကိုဘဲ ချလိုက်ချလိုက်၊ အဲဒီ-သံတုံးလေးဟာ ဘယ်ထိအောင်မြုပ်မှာလဲ.... (မြေကြီးထိအောင် မြုပ်ပါတယ်ဘုရား) မြေကြီးထိအောင်မြုပ်မှာနော်။

ဒါဖြင့်-အကုသိုလ်သေးသေးလေးကကော ဘယ်ထိအောင်မြုပ်မှာလဲ ... (အဝီစိထိအောင်မြုပ်ပါတယ်ဘုရာ)း၊အဝီစိထိအောင်မြုပ်မယ်။

သံတုံးသေးသေးလေးဟာ သေးသေးကလေးမို့လို့ လမ်းတဝက်မှာ တင်နေမလား၊ တင်မနေဘူးလား ...(တင်မနေပါဘုရား)။

တင်တဲ့သဘောရှိသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

ဟော-အကုသိုလ်တို့ရဲ့ သဘောမှာ သေးသေးကလေးဘဲ ဖြစ်ဖြစ်· အပါယ်လေးပါးမြုပ်တဲ့နေရာမှာ ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံထဲတွင် သိဉ္ဇိုး,ကာလသုတ်,သင်္ဃာတ,ရောရုဝ,မဟာရောရုဝ, တာပန, မဟာတာပန-ဆိုတဲ့ ငရဲကြီး ၇-ထပ်တွင် မနေဘဲနဲ့ အောက်ဆုံးဖြစ်တဲ့ ဟို-အဝီစိငရဲကြီး ရောက်အောင်မြုပ်မယ်။

အကုသိုလ်သေးသေးလေးဟာ ဘယ်ထိအောင်မြုပ်မလဲ ...(အဝီစိ ငရဲကြီးထိအောင်မြုပ်ပါတယ်ဘုရား)။

ဒါဖြင့်-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အမှန်တရားလေးကိုသိနေရင် အဲဒီ-အကုသိုလ်တွေ ဖြစ်ခွင့်ရသေးသလား ...(မရပါဘုရား)။

အမှန်ကိုမသိရင် ဘာဖြစ်ခွင့်ရသလဲ.... (အကုသိုလ်ဖြစ်ခွင့် ရပါတယ်ဘုရား)။

အဝိဇ္ဇာဖြစ်ခွင့်ရသလား၊ မရဘူးလား ...(ရပါတယ်ဘုရား)။

အဝိဇ္ဇာဆိုတာသေးသေးအကုသိုလ်လား၊ကြီးကြီးအကုသိုလ်လား(ကြီးကြီးအကုသိုလ်ပါဘုရား)။

အဝိဇ္ဇာထက်ကြီးတဲ့အကုသိုလ်များ ရှိသေးသလား.... (မရှိပါဘုရား)။

အဲတာကြောင့် အမှန်ကလေးကိုသိနေရင် အဝိဇ္ဇာသေနေပြီ၊ အဝိဇ္ဇာသေတော့ဘာဖြစ်သလဲ၊ ဝိဇ္ဇာဖြစ်တယ်၊ မှန်တာသိရင် ဝိဇ္ဇာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

## သန္တိဋ္ဌိကဂုဏ် ဖြစ်ပုံ

အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှန်တာသိသလား....(သိပါတယ်ဘုရား)။

ရှေတခါသွားလိုက်၊တိုးတဲ့သဘော,တွန်းတဲ့သဘောကလေးဟာအဟုတ်ရှိသလား၊ မရှိဘူးလား ..(အဟုတ်ရှိပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဟာ ရှိနေသလား၊ ရှိမနေဘူးလား.... (ရှိနေပါတယ်ဘုရား)။

ရှိနေရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ မျက်လုံးနဲ့မြင်ရရဲ့လား .. (မမြင်ရပါဘုရား)။

လက်နဲ့ ကိုင်တွယ်ပေးသပ်ကြည့်ရင်ကော တွေ့သလား.... (မတွေ့ပါဘုရား)။

သူတပါးကို ဟော-ဒီမှာလို့ ယူပြနိုင်ပါသလား.... (ယူမပြနိုင်ပါဘုရား)။

အဲဒီ-မျက်လုံးနဲ့ မမြင်တာနဲ့, လက်နဲ့ကိုင်တွယ်ပေးသပ်ကြည့်လို့ မတွေ့တာနဲ့,သူများကို ယူမပြနိုင်တာနဲ့ သင်တို့မှာ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးမရှိပါဘူးလို့ သူများကပြောရင် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက ယုံဦးမလား.... (မယုံပါဘုရား)။

မရှိဘူးပြောရင် ယုံဦးမလား....(မယုံပါဘုရား)။

ဘာဖြစ်လို့လဲ....(ရှိနေတာကို သိနေလို့ပါဘုရား)။

ရှိနေတာကို ကိုယ်ပိုင်ဉာဏ်နဲ့ သိနေလို့ သန္ဒိဋ္ဌိကဂုဏ်လို့ခေါ်တယ်၊ ဘာဂုဏ်တဲ့လဲ ... (သန္ဒိဋ္ဌိကဂုဏ်ပါဘုရား)။

တရားဆိုဘာ သန္ဒိဋ္ဌိက,အကာလိက,ဧဟိပဿိက, ဩပနေယျိက, ပစ္စတ္တံ ဝေဒိတဗ္ဗ၊ ဒီ-အင်္ဂါ ၅-ချက်နဲ့ညီရတယ်၊ ကိုင်း-တိုးတဲ့သဘော, တွန်းတဲ့သဘော အမှန်ကိုသိလို့,သိပြီးငြိမ်းလို့-သန္ဒိဋ္ဌိကဖြစ်ပုံ, အကာလိကဖြစ်ပုံကို နောက်က ဘုန်းကြီးပြောခဲ့ပြီးပြီ။

## ဧဟိပဿိကဂုဏ် စသည်ဖြစ်ပုံ

အခု-ဧဟိပဿိကဖြစ်ပုံကို ပြောပါ့မယ်၊ (ကိုင်း) တိုးတဲ့သဘော,တွန်းတဲ့သဘောအမှန်သိတဲ့ တရားလေးဟာ မရှိပါဘူးကွာလို့- တစုံတယောက် သောပုဂ္ဂိုလ်ကပြောရင် ရှိကြောင်းကို သက်သေဘယ်လိုလုပ်ပြမလဲ၊ တိုးတဲ့ သဘော,တွန်းတဲ့သဘောသိနေတာကို သူ့ကိုမျက်လုံးနဲ့ မမြင်ရလို့, လက်နဲ့ ကိုင်ကြည့်လို့ မတွေ့လို့,သူ့ကို ယူမပြနိုင်လို့-မယုံဘူးဆိုရင်-သူ့ကို တကယ် သိသွားအောင် သက်သေ ဘယ်လိုလုပ်ပြမလဲဆိုတော့ သူ့ကိုအလုပ်ခိုင်း ရမယ်၊ လာပြီးတော့ မင်းလုပ်ကြည့်စမ်း, ဟောဒီလိုလုပ်ကြည့်စမ်းလို့ သူ တပါးကို ရဲရဲတင်းတင်းကြီး ဖိတ်ခေါ်ခြင်းငှါထိုက်တန်တဲ့ တရားဟုတ် သလား၊မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

အဲဒါကို ဘာဂုဏ်လို့ခေါ်သလဲ.... (ဧဟိပဿိကဂုဏ်လို့ ခေါ်ပါတယ် ဘုရား)။

ဒါဖြင့်-တရားတော်ဟာ ဧဟိပဿိကဂုဏ် ရောက်သွားသလား၊ ရောက် မသွားဘူးလား....(ရောက်သွားပါတယ်ဘုရား)။

မယုံဘူးဆိုတဲ့လူတွေကို မယုံဘူးဆိုတဲ့ပုဂ္ဂိုလ်တွေကို မယုံဘူးဆိုတဲ့အမျိုး ကောင်းသားတွေ, အမျိုးကောင်းသမီးတွေကို လာပြီးတော့ လုပ်ကြည့်စမ်း ပါ၊ တကယ့်ကို ဟုတ်ပါတယ်လို့ ရဲရဲတင်းတင်းကြီး ဖိတ်ခေါ်ပြီးတော့ ပြသခြင်းငှါ ထိုက်တဲ့တရားဟုတ်သလား၊ မဟုတ်ဘူးလား....(ဟုတ်ပါ တယ်ဘုရား)။

ဧဟိပဿိကဖြစ်ပုံ သဘောကျပလား....(ကျပါတယ်ဘုရား)။

ကိုယ်တိုင်သိနေတဲ့အတွက် သန္ဒိဋ္ဌိက၊ အခုလုပ်ရင် အခုသိ အခုငြိမ်းတဲ့အတွက် အကာလိက၊ သူတပါး မယုံကြည်တဲ့ ပုဂ္ဂိုလ်များကို လာလုပ်ကြည့်စမ်းပါလို့ ရဲရဲဘင်းတင်းကြီး ခေါ်ဆောင်ပြီးတော့ ပြသခြင်းငှါ ထိုက်တန်တဲ့အတွက် ဧဟိပဿိက၊ ကိုယ်တိုင်သိ, အမှန်သိတဲ့ တရားဟာ မိမိအနီးမှာ ကပ်ပြီးတော့ ရှုရတဲ့တရားလား၊ အဝေးခွါရှုရတဲ့ တရားလား.... (အနီးကပ်ရှုရတဲ့ တရားပါဘုရား)။

အဲဒါကို ဘာဂုဏ်လို့ခေါ်သလဲ....(ဩပနေယျိကဂုဏ်လို့ခေါ်ပါတယ်ဘုရား)။

ပစ္စတ္တံ ဝေဒိတဗ္ဗဝိညူဟိဂုဏ်ကို ပြောပြဦးမယ်၊ အဲဒီ-ဩပနေယျိကဂုဏ်နဲ့ပြည့်စုံနေရင် ဒီ-တရားကို သိနေတဲ့အချိန်မှာ စိုးရိမ်ခြင်း, ပူဆွေးခြင်း, ကြောင့်ကြခြင်း,တောင့်တခြင်းဆိုတဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေ ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

စိုးရိမ်ရ, ကြောင့်ကြရ, တောင့်တရ, ပူပန်ရ, စိတ်ဆင်းရဲရတာဟာ ချမ်းသာသလား၊ ဆင်းရဲသလား ...(ဆင်းရဲပါတယ်ဘုရား)။

သက်သာသလား၊ မသက်သာဘူးလား....(မသက်သာပါဘုရား)။

အဲဒီ-မသက်သာတဲ့သဘောတွေဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

အမှန်ကိုသိနေရင် မသက်သာတဲ့သဘောတွေ ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

စိုးရိမ်,ကြောင့်ကြ,တောင့်တ,ပူပန်ရတဲ့သဘောတွေ ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

ဒီလို-စိုးရိမ်ခြင်း,ကြောင့်ကြခြင်း,ပူပန်ခြင်း, တောင့်တခြင်းတွေကင်း၍ ငြိမ်းအေးမှုကလေးကို ခံစားပြီးတော့ နေရသလား၊ မနေရဘူးလား.... (နေရပါတယ်ဘုရား)။

ဒီလို-နေရာကိုပင်ဘာဂုဏ်လို့ ခေါ်သလဲ ...(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ - ဂုဏ်လို့ခေါ်ပါတယ်ဘုရား)။

ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်သာလျှင် ခံစားထိုက်တဲ့တရားလို့ဆိုတာ တွေ့ပလား....(တွေ့ပါပြီဘုရား)။

ဤအင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့တရားကို တရားအမှန်လို့ ခေါ်တယ်၊ သန္ဒိဋ္ဌိက, အကာလိက, ဧဟိပဿိက, ဩပနေယျိက, ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ၊ ဘယ်နှစ်ပါးလဲ....(ငါးပါးပါဘုရား)။

အဲဒီ-ငါးပါးနဲ့ အခု-တိုးတဲ့သဘော, တွန်းတဲ့သဘော အမှန်ကိုသိနေတဲ့ ပညာဟာ ညီနေသလား၊ ညီမနေဘူးလား.... (ညီနေပါတယ်ဘုရား)။

## နိဂုံးချုပ်

ခု-ပေးထားတဲ့ အလုပ်ပေးတရားမှာ ဒီ အင်္ဂါငါးချက်နဲ့ ညီသလား မညီဘူးလား.... (ညီပါတယ်ဘုရား)။

ဒီ-ဘောင်ထဲကိုဝင်သလား၊ မဝင်ဘူးလား ...(ဝင်ပါတယ်ဘုရား)။

ဒီ-ဘောင်ငါးခုထဲကိုဝင်လာရင် သူ့ကိုအမှန်လို့ခေါ်တယ်၊ ဘာလို့ခေါ်သလဲ....(အမှန်လို့ခေါ်ပါတယ်ဘုရား)။

မှန်တဲ့သဘောကို တရားလို့ခေါ်တယ်၊ မှန်တဲ့သဘောကို ဘာလို့ခေါ်သလဲ....(တရားလို့ခေါ်ပါတယ်ဘုရား)။

အဲဒီ-တရားမှာ ကောင်းတာမကောင်းတာရှိသလား....(မရှိပါဘုရား)။

ဘာသာရှိသလဲ....(မှန်တဲ့သဘောသာရှိပါတယ်ဘုရား)။

မှန်တဲ့သဘောသာရှိတယ်၊အခု အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ကောင်းတာ, မကောင်းတာ တွေ့သလား၊ မှန်တာတွေ့သလား.... (မှန်တာတွေ့ပါတယ်ဘုရား)။

မှန်တာတွေ့ရင် တရားတွေ့တာလား၊ တရားမတွေ့တာလား .. (တရားတွေ့တာပါဘုရား)။

တရားအလုပ်ဟာ အခုလုပ်ရင် အခု တွေ့သလား၊ နောက်မှတွေ့သလား (အခုတွေ့တာပါဘုရား)။

အခု-အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဟာ တရားတွေ့သလား၊ မတွေ့သေးဘူးလား....(တွေ့ပါပြီဘုရား)။

အဲဒီ- တရားမပျောက်အောင် ထိန်းဘို့ ဘယ်သူ့တာဝန်လဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တာဝန်လား၊အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ တာဝန်လား ..(တပည့်တော်တို့ရဲ့ တာဝန်ပါဘုရား)။

အဲဒီလို- တာဝန်ရှိသည်အားလျော်စွာ အလုပ်ပေးတရားကို ရပ်နားပြီးတော့-နော်၊ အလုပ်ပေးတရား ဒီလောက်ဆိုရင် အမျိုးကောင်းသားများအမျိုးကောင်းသမီးများဟာ ဒီ-ပညာနဲ့ယှဉ်တဲ့ ဝိပဿနာလုပ်ငန်းကို လုပ်တတ်ပလား၊ မလုပ်တတ်သေးဘူးလား....(လုပ်တတ်ပါပြီဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အလုပ်လုပ်တတ်ပလား၊ မလုပ်တတ်သေးဘူးလား၊ (လုပ်တတ်ပါပြီဘုရား)။

အဲဒီလို-အမျိုးကောင်းသားတွေလုပ်တတ်ရင်, အမျိုးကောင်းသမီးတွေလုပ်တတ်ရင် ဒီ-အလုပ်ပေးတရားကို ဒီလောက်နဲ့ဘဲ နိဂုံးချုပ်ကြပါစို့ရဲ့။

နိဂုံးချုပ်ပြီးတော့ မြတ်စွာဘုရားဟောတော်မူတဲ့ အလုပ်ပေးတရားနဲ့တဆက်တည်းဖြစ်တဲ့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ထေရဝဂ်၌လာသော တိဿသုတ္တန်တရားတော်ကို ဟောကြစို့ရဲ့၊ ကိုင်း-ခဏနားကြစို့။

(သာဓု သာဓု-သာဓု)

ဝိပဿနာအလုပ်ပေးတရားတော် ပြီး၏။

# တိဿသုတ္တန်တရားတော်

## တရားတော်အစ ပဏာမ

ဒီနေ့ညတော့ ဒီ– ဝိပဿနာအလုပ်ပေးတရားတော်နဲ့ တဆက်တည်း ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာလာတဲ့ တိဿသုတ္တန်ကို အမျိုးကောင်းသား များ,အမျိုးကောင်းသမီးများကို ဟောကြားရမယ်။

မြတ်စွာဘုရားဟောတဲ့ သုတ္တန်တရားတော်ကို ဟောရမှာဖြစ်တဲ့အတွက် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ သုတ္တန်တရားတော်ကို ဟော ရမှာ ဖြစ်ပါသောကြောင့် ရှေးဦးစွာ ဒီ–သုတ္တန်ကို ဟောတော်မူတဲ့ မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကို ဘုန်းကြီးကရှိခိုးမယ်၊ အဲသလို–ဘုရားရှိခိုးတဲ့ အခါမှာလဲဘဲ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများက ဘုန်းကြီးရွတ်ဆိုသွားတဲ့ အသံရဲ့နောက်မှာ စိတ်ထားမှီပြီး မြတ်စွာဘုရားကို အာရုံပြုပြီးတော့ လိုက်ပြီးရှိခိုးကြပါ၊ ကိုင်း–အားလုံး လက်အုပ်ချီကြ၊ ဘုန်းကြီးက ဆိုပေးမယ်၊ အားလုံးလိုက်ပြီး အာရုံပြုကြ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ၊
(၃–ခေါက်)

အရဟတော၊နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်ဘွယ် အထူးထူး လှူဒါန်းဘွယ်အထူးထူးကို ခံယူခြင်းငှါထိုက်တော်မူပေ ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင့်ဆီကို မမှီဆရာ ကိုယ်တိုင်သာလျှင် ကောင်းစွာ သိမြင်တော်မူပါပေထသော။တဿ ဘဂဝတော၊ ဣဿရိယ, သိရီ, ကာမ,ဓမ္မ, ယသ,ပယတ္တမည် ဘုန်း– ခြောက်လီနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ်အား။ မေ–အမှာကံ၊ တရားဟော ပုဂ္ဂိုလ်,တရားနာပုဂ္ဂိုလ် ထိုထိုများစွာ သတ္တဝါဟု ခေါ်ဆိုအပ်ကုန်သော ဘုရားတပည့်တော် တို့၏။ နမော၊အဥ္စလီညွတ်လျှိုး လက်စုံမိုး၍ရှိခိုးခြင်းသည်။ အတ္ထု၊ မုချမသွေ ဖြစ်ပါစေသား အရှင်ဘုရား။

(သာဓု·သာဓု- သာဓု)

အဲဒီ–မြတ်စွာဘုရားအား ရှိခိုးပြီးတဲ့နောက် တိဿသုတ္တန်ဒေသနာတော်ကို ပါဠိတော်မှာလာတဲ့အတိုင်း ဘုန်းကြီးဟောပါမယ်၊ ဒီ–အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်ကိုလိုတဲ့အတွက် မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်သွားရာလမ်းကြောင်းဖြစ်တဲ့မဂ္ဂင်ရှစ်ပါးတို့တွင် ရှေးဦးစွာဖြစ်တဲ့ သမ္မာဒိဋ္ဌိလို့ခေါ်တဲ့လမ်းပေါ်ကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ရောက်နေပလား၊ ရောက်မနေသေးဘူးလား.... (ရောက်နေပါပြီဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သမ္မာဒိဋ္ဌိလို့ခေါ်တဲ့မဂ္ဂင်လမ်းပေါ်ကို ရောက်နေပလား၊ရောက်မနေသေးဘူးလား....(ရောက်နေပါပြီဘုရား)။

အဲဒီ-မဂ္ဂင်လမ်းသွားဘို့အရေးနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားလက်ထက်တော် အခါက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဘထွေးတော်သားဖြစ်တဲ့ ရှင်တိဿမထေရ် ဖြစ်ပုံကို မြတ်စွာဘုရား ဥပမာ–ဥပမေယျနဲ့ ဟောကြားတော်မူပုံ သုတ္တန်တခုလုံး ဟောရမှာ ဖြစ်တဲ့အတွက် ဘုန်းကြီး မြန်မြန်တော့ ဟောပါမယ်နော်၊ ခပ်မြန်မြန်လေးတော့ ပြောပါမယ်၊ ပေးထားတဲ့အချိန်က (၉)နာရီထိလို့ ဒီလိုပေးထားတယ်၊ ကိုင်း– ဒီ-သုတ္တန်ကို ဟောကြစို့ရဲ့။

## သုတ်တော်နိဒါန်း

မြတ်စွာဘုရား၏ ဘထွေးတော်ရဲ့သားဖြစ်တဲ့ ရှင်တိဿမထေရ် သာသနာတော်မှာ ငြီးငွေ့တဒကို အကြောင်းပြုပြီးတော့ ခန္ဓာငါးပါးတို့၏ တေပရိဝဋ္ဋ–အပြန်အလှန်သုံးမျိုးဖြင့်ဟောတော်မူကာ တရားအားထုတ်တဲ့နေရာမှာ

---

မှတ်ချက်။ ။[ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူး ဓမ္မဗိမာန်တွင် ဟောကြားသော တိဿသုတ္တန်တရားတော်သည် အကျဉ်းမျှသာဖြစ်၍ (သာသနာသက္ကရာဇ် ၂၅၀၉–ခုနှစ်၊ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ်၊ နတ်တော်လဆန်း ၁–ရက် (၂၄-၁၁-၆၅) ဗုဒ္ဓဟူးနေ့ ရန်ကုန်မြို့ ကန်တော်ကလေးရပ်ကွက် ၉၂-လမ်း ညွန့်သီရိဂေဟာတွင် အလှူ့ဒါယကာ ဦးမြင့်၏ လစဉ်နိစ္စဘတ်ဆွမ်းကျွေးအလှူ၌ ဆွမ်းအနုမောဒနာ တရားအဖြစ်ဖြင့်အကျယ်ဟောကြားအပ်သော သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌လာသော ထေရဝဂ် ၂–ခုမြောက်ဖြစ်သည့်တိဿသုတ္တန်တရားတော်ကို ကူးယူပြီး ပုံနှိပ်ခြင်းဖြစ်သည်။]

တွေ့ရမယ့်လမ်းစဉ်များကိုလဲ ဥပမာပြပြီးတော့ ဟောကြားတဲ့သုတ္တန်ဖြစ်သောကြောင့် ရှင်တိဿမထေရ်ကို အကြောင်းပြုဟောတဲ့အတွက် ဒီ-သုတ္တန်ကို "တိဿသုတ္တန် တရားတော်"လို့ သင်္ဂါယနာတင်မထေရ်မြတ်များက သူ့ရဲ့နာမည်ကို ဒီလိုမှည့်ထားတယ်။

သုတ်တော်ရဲ့နိဒါန်းကတော့ ဟို-ဒီပြင်သုတ္တန်တွေဟောနေကျအတိုင်းဘဲပေါ့၊ ဒီသုတ္တန်ကို ဘယ်သူဟောသလဲလို့ဆိုတော့ ဒေသကဖြစ်တဲ့ ပုဂ္ဂိုလ်ကမြတ်စွာဘုရား၊ ဘယ်သူ့ကိုဟောသလဲလို့ဆိုတော့ရှင်တိဿမထေရ်အမှူးရှိတဲ့ ရဟန်းယောကျ်ား ပရိသတ်များ, ရဟန်းမိန်းမ ပရိသတ်များ, ဥပါသကာ ပရိသတ်များ, ဥပါသိကာပရိသတ်များလို့ဆိုတဲ့ ပရိသတ်လေးပါးကို မြတ်စွာဘုရား ဒီ-သုတ္တန်တရားကို ဟောတော်မူတယ်။

ဘယ်မှာ ဒီသုတ္တန်ကို ဟောတော်မူသလဲလို့ဆိုတော့ သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် အခါကာလမှာ သတ္တဝါတို့ရဲ့ ပစ္စုပ္ပန် ကောင်းစားရေး, တမလွန်ကောင်းစားရေး, နိဗ္ဗာန်ချမ်းသာ ခံစားရေးကို ချီးမြှောက်တော်မူလိုသောကြောင့် ဒီ-တိဿသုတ္တန်တရားတော်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူပါတယ်။

ဒီတော့ မြတ်စွာရာရားရှင် ကိုယ်တော်မြတ်ကြီးဟာ လှူဒါယကာ, ဒါယိကာမများ ဆောက်လုပ်လှူဒါန်းတဲ့ကျောင်းကန်မှာ သီတင်းသုံးနေထိုင်တော်မူတယ်လို့ဆိုတာ သတ္တဝါတွေရဲ့ ပစ္စုပ္ပန်ကောင်းစားရေး, တမလွန်ကောင်းစားရေး, နိဗ္ဗာန်အမြတ် ပရမတ်ချမ်းသာ ခံစားရေး ဆိုတဲ့ အကျိုးစီးပွါးတွေကို ဆောင်လိုသည်ဖြစ်သောကြောင့်သာလျှင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်နှင့် အရိယာအပေါင်း သူတော်ကောင်းတွေဟာ အနာထပိဏ်သူဌေးကြီးဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းမွေ့လျော်စံနေတော်မူပါတယ်၊ အဲဒီအခါမှာ—

> "တေန ခေါ ပန သမယေန အာယသ္မာ တိဿော ဘဂဝတော ပိတုစ္ဆာပုတ္တော လမ္ဗဟုလာန် ဘိက္ခူနံ ဧဝ မာရောစေတိ"—

လို့ပါဠိတော်မှာ ဒီလိုရှိပါတယ်၊ အဲဒီလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဇေတဝန်ကျောင်းတော်၌ သတ္တာ၊အပေါင်းတို့အား ချီးမြှောက်တော်မူခြင်းအကျိုးငှါ သီတင်းသုံးနေတော်မူစဉ်အခါမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ဘထွေးတော်၏သားဖြစ်တဲ့ရှင်တိဿမထေရ်သည် များစွာကုန်သော ရဟန်းအပေါင်းတို့အား သူ့မှာ ဖြစ်ပေါ်နေတဲ့အကြောင်းတွေကို ဤသို့ပြောကြားတော်မူပါတယ်။

## ရှင်တိဿ ပြောကြားပုံ

ရှင်တိဿမထေရ်ဟာ သံဃာတော်တွေကို ဘာပြောသလဲလို့ဆိုတော့—

"အပိ မေ အာဝုသော မဓုရကဇာတောဝိယ ကာယော၊"

ငါ့ရဲ့ ခန္ဓာကိုယ်ဟာ မသွက်လက်ဘူး၊ လေးလံထိုင်းမှိုင်းသကဲ့သို့ ဖြစ်နေတယ်၊ အဋ္ဌကထာက "သဉ္ဇာတ ဂရုဘာဝေါ ဝိယ အကမ္မညော"လို့ အဲဒီလို ဖွင့်တဲ့အတွက် လေးလံ ထိုင်းမှိုင်း သကဲ့သို့ ဖြစ်ပါတယ်တဲ့၊ သူ့ခန္ဓာကိုယ်ဟာအလုပ်မလုပ်သလိုဘဲ ဖြစ်နေပါတယ်လို့ "မဓုကဇာတ"ပုဒ်ကို ဘာသာပြန်ဆိုနိုင်ပါတယ်။

"ဒိသာပိ မေ နပက္ခာယန္တိ"

သူ့မှာစိတ်တွေ ဂယောင်ခြောက်ခြား ဖြစ်ပြီးတော့ အရှေ့, အနောက်တောင်, မြောက်ဆိုတဲ့ အရပ်လေးမျက်နှာကိုတောင်မှ မမှတ်မိလောက်အောင် ဖြစ်နေတယ်တဲ့။

"ဓမ္မာပိ မံ နပဋိဘန္တိ"

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေဟာလဲ သူ့စိတ်ထဲမှာ ထင်မြင်ခြင်းအမှု မရှိတော့ဘူးတဲ့,မေ့လျော့ကုန်ပြီတဲ့"။

"ထိနမိဒ္ဓံ မေ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ"

မေ၊ ငါ၏။ စိတ္တံ၊ စိတ်ကို။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓတရားသည်။ ပရိယာဒါယ၊ ပကတိဖြစ်စင်သောစိတ်ကို လွှမ်းမိုး သိမ်းကျုံး၍။ တိဋ္ဌတိ၊ ကည်လေ၏။

ငါ့-ကုသိုလ်စိတ်ကို ကုန်ခန်းစေသည်ဖြစ်၍ တည်းလေ၏၊ ထိုင်းထိုင်း မှိုင်းမှိုင်း တွေတွေဝေဝေဖြစ်နေတဲ့, မှိုင်မှိုင်တွေတွေ ဖြစ်နေတဲ့ စိတ်ဓာတ် တရားတွေဟာလဲဘဲ ပကတိဖြစ်သော ကုသိုလ်စိတ်ဓာတ်ကို ကုန်ခန်းစေပြီး သကာလ ထိနမိဒ္ဓကသာလျှင် စိတ်ကိုလွှမ်းမိုးပြီးတော့နေတယ်။

ထိနမိဒ္ဓဆိုတာ အိပ်ချင်ငိုက်မျည်းရုံတွင် မဟုတ်ဘူး၊ မှိုင်နေတာတွေ, တွေနေတာတွေ, ငေးမောနေတာတွေဟာ ထိနမိဒ္ဓရဲ့ သတ္တိတွေဘဲတဲ့၊ ဗမာစကားနဲ့ ပြောရမယ်ဆိုရင် တမှိုင်မှိုင်တတွေတွေ နေတယ်လို့ ဆိုရမှာ ပေါ့၊ ဒီ-ရှင်တိဿမှာလဲ အဲဒီလိုဖြစ်နေတယ်။

"ဓမ္မာပိ မံ နပဋိဘန္တိ" တရားတော်တွေဟာလဲ သူ့မှာဘာတခုမှ အမှတ်မထင်တော့ဘူး၊ တရားဟူသရွေ့တွေလဲ အကုန်လုံးမေ့ပျောက်ကုန်ပြီ တဲ့၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးထံမှနာခံမှတ်သားထားတဲ့တရား တွေ, ဥပဇ္ဈာယ်ဆရာတော် သရာကောင်းသမားကောင်းတို့ရဲ့ အထံမှာ သင် အံလေ့ကျက်ပြီးသကာလ ထားတဲ့တရားတွေလဲဘဲ အကုန်လုံးမေ့ပျောက်ကုန် ပြီတဲ့၊ထိနမိဒ္ဓတွေ လွှမ်းမိုးနှိပ်စက်နေလို့။

"အနဘိရတော စ ဗြဟ္မစရိယံ စရာမိ"

အဟံ၊ငါသည်။ အနဘိရတော၊ မမွေ့မလျော်သည်ဖြစ်၍ လည်း။ ဗြဟ္မစရိယံ၊ သာသနာတော်မှာ မြတ်သောအကျင့်ကို။ စရာမိ၊ ကျင့်သုံးအားထုတ်၍ နေရပါ၏။

တရားအားထုတ်နေတယ်ဆိုတာ သာသနာတော်မှာ သီလသိက္ခာကို ထမ်းဆောင်ကျင့်သုံးပြီးသကာလ နေရတာ, သမာဓိသိက္ခာကို ထမ်းဆောင် ကျင့်သုံးပြီးနေရတာ, ပညာသိက္ခာကို ထမ်းဆောင်ကျင့်သုံးပြီး နေရတာ၊ မမွေ့မလျော် မပျော်ပိုက်ဘဲနဲ့ အောင့်အီးပြီးတော့ ဒီလို-နေရတယ်တဲ့၊ တရားအားထုတ်တာလဲဘဲ စိတ်မပါတပါနဲ့ကျင့်သုံးအားထုတ်နေရပါသတဲ့။

"ဟောတိ စ မေ ဓမ္မေသု ဝိစိကိစ္ဆာတိ"

တရားတော်တွေမှာလဲဘဲ သိုလေသိုးလေ တွေးတောယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာတွေ သူ့မှာဖြစ်နေပါတယ်တဲ့။

အဲဒီတော့-ဒီနေရာမှာ တရားတော်တွေမှာဝိစိကိစ္ဆာဖြစ်နေတယ်ဆိုတာ အဋ္ဌကထာက ဘာပြသလဲဆိုတော့ ဗုဒ္ဓေ ကင်္ခတိ,ဓမ္မေ ကင်္ခတိ,သံဃေ ကင်္ခတိ, သိက္ခာယ ကင်္ခတိ-စသည်ဖြင့် ဒီလို—

* ဘုရား,တရား,သံဃာ၌ ယုံမှားခြင်း,
* အကျင့်သိက္ခာ၌ ယုံမှားခြင်း,
* သံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်း,
* သံသရာရဲ့ နောက်အစွန်း၌ ယုံမှားခြင်း,
* သံသရာရဲ့ရှေ့အစွန်းနောက်အစွန်း၌ ယုံမှားခြင်း,
* ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း—

ဆိုတဲ့ ဒီလို-ယုံမှားခြင်းမျိုးတော့ မဟုတ်ပါဘူးတဲ့၊ ဒီ-ပါဠိတော်က တော့ဖြင့် ဝိစိကိစ္ဆာတွေ ဖြစ်နေပါတယ်လို့-ဒီလိုပြတယ်၊ ဒါပေမဲ့ အဋ္ဌ-ကထာက ဒီလိုယုံမှားခြင်းဟာ အခု-ဘုန်းကြီးပြောခဲ့တဲ့ ယုံမှားမှုတွေ, ဘုရားရှင်၏ အဆုံးအမ သာသနာတော်ဟာ ဝဋ်ဆင်းရဲမှ လွတ်ကြောင်း ဟုတ်မှဟုတ်ပါမလားဆိုတဲ့ ယုံမှားမှုတွေတော့ မဟုတ်ပါဘူးတဲ့။

ဘယ်လိုယုံမှားခြင်းမျိုးတွေဖြစ်နေတာလဲလို့ဆိုတော့ "ငါသည်မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှ(ဟီနာယာဝဋ္ဋိတွာ)လူထွက် ပြီးတော့ ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်များကို လူဝတ်နဲ့ နေပြီးသကာလ ကျင့်ကြံကြိုးကုတ် အားထုတ်ရရင် ကောင်းမှာ‌းကောင်း လေမလား·ဒီလို-သိက္ခာသုံးပါးမှာ မပျော်ပိုက် မမွေ့လျော်ဘဲနဲ့ သာသ နာတော်မှာနေတာဟာ မကောင်းပါဘူးလို့ အဲဒီ-လောကီဘာလျှင် ဖြစ်တဲ့ ဝိစိကိစ္ဆာပါလို့ အဋ္ဌကထာက ဒီလို-ပြပါတယ်။

## ရှင်တိဿ ဘုရားထံ ရောက်ပုံ

အဲဒီလို-ဝိစိကိစ္ဆာတွေ ဖြစ်နေတယ်ဆိုတဲ့ အကြောင်းကို သံဃာတော် အရှင်မြတ်တို့ကိုလည်းပြောကြားတဲ့ အခါကာလကျတော့ သံဃာတော် အရှင်ကောင်း အရှင်မြတ်များက(ဒီ-ဒနရာမှာအကော့ စကားပြေနဲ့ သွားကြ ပါစို့ရဲ့)။

သံဃာတော်အရှင်ကောင်းအရှင်မြတ်တို့က ရှင်တိဿမထေရ်ဒီလို-ဖြစ်နေတယ်ဆိုတဲ့အကြောင်းကို သိတော့မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကိုသွားပြီးတော့ လျှောက်တယ်၊ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... အရှင်ဘုရား ဘထွေးတော်ရဲ့ သားဖြစ်တဲ့ ရှင်တိဿမထေရ်မြတ်ဟာ ဤကဲ့သို့ဘဲ ဖြစ်နေပါတယ်လို့ဆိုတာ တပည့်တော်များကို ပြောကြားပါတယ်၊ ရှင်တိဿမထေရ်ကို ခေါ်ပြီးတော့ သာသနာတော်၌ ပျော်ပိုက်အောင် တရားနည်းလမ်း စည်းစနစ်းပေး၍ ဆုံးမညွှန်ကြား ဩဝါဒပေးသနားတော်မူပါဦးဘုရား"-လို့ သံဃာတော်များက မြတ်စွာဘုရားကို လျှောက်တယ်။

မြတ်စွာဘုရားက ရဟန်းတော်တပါးကို ခေါ်ပြီးတော့ ငါ့ရဲ့စကားတော်ဖြင့် တိဿ ထေရ်ကိုသွားခေါ်ချေမီး၊ "ငါ့ရှင်တိဿ....အသင့်ကို မြတ်စွာဘုရား ခေါ်တော်မူတယ်လို့"၊ ဒီလို-မြတ်စွာဘုရားက ရဟန်းတော်တပါးကို မိန့်တော်မူတဲ့အခါမှာ ရဟန်းတော်တပါးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အပါးတော်က မြတ်စွာဘုရားရဲ့စကားကို ဝန်ခံပြီးတော့ ရှင်တိဿမထေရ်အား သွားပြောတယ်၊ ငါ့ရှင်တိဿမထေရ်....သင့်ကို မြတ်စွာဘုရားခေါ်တော်မူတယ်ဆိုတော့၊ ထိုတိုပြောတော့ ရှင်တိဿမထေရ်မြတ်စွာဘုရား အထံတော်မှာက်ရောက်၊ရောက်တဲ့အခါမြတ်စွာဘုရားက မေးတယ်။

> "ချစ်သား-တိဿ....သင်သည် သာသနာတော်မှာ မမွေ့မလျော် မပျော်ပိုက်ဘဲနဲ့ မှိုင်တွေချပြီးတော့ တရားတော်များ၌ ယုံမှားခြင်းဖြစ်ပြီး ထိနပိဒ္ဓတွေ လွှမ်းမိုးနှိပ်စက်ပြီးတော့ ဖြစ်နေတယ်ဆိုတာ မှန်သလား" -

လို့ မြတ်စွာဘုရားက မေးတော့၊ ပေ ဘန္တေ- မှန်ပါတယ်ဘုရား၊ မြတ်စွာဘုရား သို့ ရှင်တိဿမထေရ်က တပည့်တော်မှာ ဒီ-အတိုင်းဖြစ်နေပါတယ်ဆိုတာ ကျွန်ုပ်က စကားဝါကျတွေအတိုင်းဘဲ ပြန်ပြီးတော့လျှောက်တယ်၊ လျှောက်တဲ့အခါကျတော့ အစိန္တေယျ သလာကာထွက်ဘင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ရှင်တိဿမထေရ်ရဲ့ အလို အဇ္ဈာသယကို ကြည့်ပြီးတော့ "ဒီ-ပုဂ္ဂိုလ်သည် ဤသို့ဖြစ်တာ ဘာ့ကြောင့်တုံး"လို့ အာသ

ယာနသယဉာဏ်တော်နဲ့ ကြည့်တော်မူတဲ့အခါကျတော့ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးတို့ရဲ့ အပေါ်မှာ တွယ်တာခြင်း ကပ်ငြိခြင်း ပြင်းသောဆန္ဒတွေ ရှိနေတယ်ဆိုဘာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မြင်တော်မူသည် ဖြစ်သောကြောင့် ရှင်တိဿမထေရ်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အမေးပုစ္ဆာ ပြဿနာပြုလုပ်ပြီးတော့ တရားဟောတော်မူပါတယ်။

## ရုပ်၌အစွဲမကင်း၍ ဖြစ်တတ်ပုံ

"တံ ကိံ မညသိ တိဿ"၊

တိဿ၊ ချစ်သားတိဿ။ တွံ၊ သင်သည်။ တံ၊ ထိုငါဘုရားမိန့်တော်မူသည့်တရားတော်ကို၊ တရားစကားကို။ ကိံ မညသိ၊ ဘယ်လို အောက်မေ့သနည်း။

ဒီ–စကားကတော့ဖြင့် မြတ်စွာဘုရားဟာ တရားဟောတိုင်းမှာပြောနေကျစကားဘဲ၊ တံကိံ မညသိ မာဂဏ္ဍိယတို့, တံကိံမညသိ ဖြဟ္မဏတို့, တံကိံမညသိ အဂ္ဂိဝေသနတို့–စသည်ဖြင့်ဒီလို–သုတ္တန်တွေမှာပါပါတယ်၊အခုတော့·တံကိံ မညသိ တိဿ"=ချစ်သား ...ငါ့ပြောမယ့်စကားကို သင်ဘယ်ကဲ့သို့ အောက်မေ့သနည်းလို့မေးပြီးတဲ့နောက် မြတ်စွာဘုရားက ဒီလို–ဆက်ပြီး မေးပြန်တယ်။

"ရူပေ အဝိဂတရာဂဿ အဝိဂတစ္ဆန္ဒဿ အဝိဂတပေမဿ အဝိဂတပိပါသဿ အဝိဂတပရိဠာဟဿ အဝိဂတတဏှဿ တဿ ရူပဿ ဝိပရိဏာမညထာဘာဝါ ဥပ္ပဇ္ဇန္တိ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ"

တိဿ၊ ချစ်သားတိဿ။ ရူပေ၊ ရုပ်ဘုရား၌။ အဝိဂတရာဂဿ၊ မကင်းသေးသော တပ်စွန်းခြင်းရှိသော။ အဝိဂတစ္ဆန္ဒဿ၊ မကင်းသေးသော ဆန္ဒရှိသော။ အဝိဂတပေမဿ၊ မကင်းသေးသော ချစ်ခြင်းရှိသော။ အဝိဂတပိပါသဿ၊ ရုပ်တရား၌ မကင်းသေးသော ဆာလောင်မွတ်သိပ်ခြင်းရှိသော။ အဝိဂတပရိဠာဟဿ၊ ရုပ်

တရား၌ မကင်းသေးသော ပူလောင်ခြင်းရှိသော။အဝိဂတတဏှာသ၊ ရုပ်တရား၌ မကင်းသေးသော တပ်မက်ခြင်း တဏှာရှိသော။တဿ ပုရိသဿ၊ ထိုယောကျ်ားအား။ ရူပဿ၊ရုပ်တရား၏။ ဝိပရိဏာမညထာဘာဝါ၊ဖောက်ပြန်ခြင်း, တမျိုးတဖုံဖြစ်ခြင်းတို့ကြောင့်။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သည် မဟုတ်လား–လို့ မြတ်စွာဘုရားက ဒီလိုမေးပါတယ်။

ချစ်သားတိဿ... ရုပ်တရား၌မကင်းသေးသောဆန္ဒ, မကင်းသေးသောရာဂ, မကင်းသေးသောချစ်ခြင်း, မကင်းသေးသောပူလောင်ခြင်း, မကင်းသေးသော ဆာလောင်မွတ်သိပ်ခြင်းရှိနေတဲ့ ပုဂ္ဂိုလ်မှာ ဒီ–ရုပ်တရားရဲ့ ဖောက်ပြန်ခြင်းကြောင့်, ဝေဒနာတရားရဲ့ ဖောက်ပြန်ခြင်းကြောင့်, သညာတရားရဲ့ ဖောက်ပြန်ခြင်းကြောင့်, သင်္ခါရတရားရဲ့ ဖောက်ပြန်ခြင်းကြောင့်, ဝိညာဏ်တရားရဲ့ ဖောက်ပြန်ခြင်းကြောင့်လို့ ငါးမျိုးပြောဒါပေါ့လေ၊(ဒီနေရာမှာတော့ဖြင့် တမျိုးစီတမျိုးစီ မပြောပါရစေနဲ့တော့)။

ဒီတော့ ရုပ်တရားတခု ပြောလိုက်ရင်လဲဘဲ တရားတွေက နာနေကျဖြစ်နေတော့ ဝေဒနာလဲ ဒီလိုဘဲမှတ်ရမှာဘဲ၊ သညာ သင်္ခါရ ဝိညာဏ်တရားတွေမှာလဲ ဒီလိုဘဲ၊ ခန္ဓာ ငါးပါးလုံး ဒီလိုဘဲမှတ်ရမှာဘဲ။

> "ယံထာတံ ရူပေ အဝိဂတရာဂဿ၊
> ဝေဒနာယ အဝိဂတရာဂဿ
> သညာယ အဝိဂတရာဂဿ၊
> သင်္ခါရေသု အဝိဂတရာဂဿ၊
> ဝိညာဏေ အဝိဂတရာဂဿ"။ –

စသည်ဖြင့် မြတ်စွာ ဘုရားကတော့ ခန္ဓာငါးပါးအဘွက် အစဉ်အတိုင်း ဟောသွားပါတယ်၊ မြတ်စွာဘုရားက ဒီလိုမေးဘယ်၊ ရုပ်တရား၌မကင်းသေးသောဆန္ဒ,မကင်းသေးသောရာဂ, မကင်းသေးသော တွယ်တာခြင်း, မကင်းသေးသော ကပ်ငြိခြင်းရှိတဲ့ ပုဂ္ဂိုလ်မှာ ဒီ–ရုပ်တရား ဖောက်ပြန်ပျက်

စိုးခြင်းကြောင့် စိုးရိမ်ခြင်းစတဲ့သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ,ဥပါယာ သတွေ ဖြစ်တယ်မဟုတ်လားလို့-မြတ်စွာဘုရားက မေးတော်မူတော့ ရှင် တိဿမထေရ်က" ဧဝံ ဘန္တေ=သည်အတိုင်း ဟုတ်ပါတယ်ဘုရား"လို့ လျှောက်တယ်။

"သာဓု သာဓု တိဿ၊ ဧဝံ ဟောတိ တိဿ ဟောတိ။ ယထာတံ ရူပေ အဝိဂတရာဂဿ"။

ချစ်သား တိဿ....ရုပ်တရား၌ မကင်းသေးသော ရာဂရှိတဲ့ ပုဂ္ဂိုလ်မှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတွေ ဖြစ်ရတယ်ဆိုဒါဟာ သဘာဝဓမ္မအတိုင်းဘဲတဲ့၊ ဒီအတိုင်းဘဲဖြစ်ရမှာဘဲတဲ့၊ ရုပ်တရားပေါ်မှာ ဆန္ဒမကင်းသေးရင်, ရုပ်တရားပေါ်မှာ ရာဂမကင်းသေးရင်, ရုပ်တရား ပေါ်မှာ နှစ်သက်မှုမကင်းသေးရင်, ရုပ်တရားပေါ်မှာ ကပ်ငြိမှုမကင်းသေး ရင်, ရုပ်တရားပေါ်မှာ ဆာလောင်မွတ်သိပ် မျှော်လင့် တောင့်တချက် မကင်းသေးရင်ဖြင့် ဒီ-ရုပ်တရားရဲ့ဖောက်ပြန်ခြင်း, တမျိုးအဖုံ ဖြစ်ခြင်းဟူ သော အကြောင်းကြောင့် အဲဒီ-ဝိပရိဏာမနဲ့ အညထာဘာဝဆိုတဲ့ အဲဒီ-အချက်ကလေးဟာတော့ဖြင့် ဝိဿနာအားထုတ်တဲ့ နေရာမှာ ဖြစ်တတ် တဲ့ သဘောတံထွာ ဓမ္မတာဘဲ"တဲ့။

ဘယ်လိုဖြစ်တတ်သလဲဆိုတော့ ဝိပရိဏာမသဘောကို အညထာဘာဝ ပေါ်မှာသွားပြီးတော့ ကျရောက်ဘတ်တယ်၊ ဝိပရိဏာမသဘော ဆိုဘာက ပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ ဖြစ်တတ်တဲ့သဘောကဝိပရိဏာမ၊ အညထာဘာဝကျတော့ တမျိုးဖြစ်တယ်။

## ပြောင်း၍ဖြစ်ပုံနှင့် တမျိုးဖြစ်ပုံ

ဥပမာ ပုံဆိုလို့ရှိရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များရဲ့သန္တာန်မှာရှိနေတဲ့ မျက်လုံးဆိုတဲ့ စက္ခုပသာဒ ရုပ်တရားဟာ စက္ခု ပသာဒ ရုပ်တရားဖြစ်တဲ့နေ့ကစပြီးတော့ နေ့စဉ် ပြောင်းပြောင်း ပြောင်း ပြောင်းပြီးနေတာ ဒီကနေ့အထိ အခုထိအောင် ပြောင်းနေတုံးဘဲ၊ နေ့ရှိ သရွေ့ အချိန်ရှိသရွေ့ သူဟာပြောင်းလဲနေတယ်။

ပြောင်းလဲနေတယ်ဆိုတာ ဘယ်လိုလဲ၊ ရုပ်အဟောင်းတွေ ကုန်သွားတယ်, ပျောက်သွားတယ်၊ ရုပ်အသစ်တွေ ဖြစ်လာတယ်၊ အဲဒီ-ရုပ်အဟောင်းတွေကုန်တဲ့ ပျောက်တဲ့နေရာမှာ ရုပ်အသစ် အသစ်တွေ ထပ်ထပ်ပြီးတော့ ဖြစ်တယ်၊ အဲဒါ-ပဌမဖြစ်တဲ့ ရုပ်အဟောင်းတွေနဲ့ နောက်ဆပ်ပြီးတော့ ဖြစ်တဲ့ရုပ်အသစ်တွေ အစဉ်ချင်းမတူတာကို ပြောင်းပြောင်းနေတယ်လို့-အဲဒီလိုခေါ်တယ်။

ပဌမဖြစ်တဲ့ ရုပ်အဟောင်းတွေ ပျောက်ပျောက်သွားတာက အနိစ္စတရား, နောက်ရုပ်အသစ်တွေ ထပ်ထပ် ထပ်ထပ်ပြီးတော့ဖြစ်နေတာက ဒုက္ခတရား, ပြောင်းနေတာက ဝိပရိဏာမတရား၊ ဟော-အခုတော့ တမျိုးတဖုံဖြစ်လာပြီဆိုတာက အညထာဘာဝတရား၊ ငယ်ငယ်တုံးက မျက်လုံးက မျက်မှန်မတပ်ရဘူး၊ အခုမျက်လုံးက မျက်မှန်တပ်နေရတယ်၊ အဲဒီ-မျက်မှန်တပ်ထာမှာ အညာထာဘာဝကျတော့ ဩော်-ပြောင်းသွားပါကလားလို့, အညထာဘာဝ ရောက်နေပြီးဝိပရိဏာမ ကျန်ရစ်ခဲ့တယ်၊ အဲဒါကြောင့် တရားအားထုတ်တဲ့နေရာဌာနမှာ စိပ်နိုင်သရွေ့စိပ်၊ အသိကို စိပ်နိုင်သရွေ့စိပ်အောင် အဲဒီ- အညထာဘာဝအချက်, ဝိပရိဏာမအချက်ကို မြင်အောင်ကြပ်ကြပ်ကြည့်ရမယ်။

ဝိပရိဏာမအချက်ကပိုပြီးတော့ထင်ရှားလာလေလေ အနိစ္စအချက် ဒုက္ခအချက်ကပိုပြီးတော့ ကြည်လင်ပြတ်သားလာလေလေ ဝိပရိဏာမအချက်ကို စိုက်ကြည့်လို့ပြောင်းတဲ့သဘောကို စိုက်စိုက်စိုက်စိုက်ပြီးတော့ ကြည့်လို့ ဒီ-ပြောင်းပြောင်း ပြောင်းပြောင်းသွားတဲ့ အချက်ကလေးတွေက ထင်ရှားလာလေလေ ရုပ်အဟောင်းကလေး ပျောက်ပျောက်ပြီးတော့ ဒီ-ပျောက်တဲ့နေရာမှာ ရုပ်အသစ်ကလေးတွေ အစားဝင်ဝင်လာတာလေးတွေက ထင်ရှားလာလေလေ အနိစ္စအချက် ဒုက္ခအချက်တွေက ထင်ရှားလာလေလေပဲ။

ဘယ်တရားကိုဘဲ အားထုတ်အားယုတ် သတိပဋ္ဌာန်လေးပါးရှိတဲ့အနက် ကာယာနုပဿနာ သတိပဋ္ဌာန်ဘဲဖြစ်ဖြစ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဘဲဖြစ်ဖြစ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဘဲဖြစ်ဖြစ်၊ ဓမ္မာနုပဿနာသတိ-

ပဋ္ဌာန်းအုပ်ဖြစ်ဖြစ်၊ သတိပဋ္ဌာန်လေးပါးကို မှတည်ပြီးတော့ တရားအားထုတ်တဲ့အခါမှာ—

(၁) ကာယပေါ်မှာ မြင်အောင်ကြည့်ရမှာက ဒီ-အချက် ၄-ချက်။
(၂) ဝေဒနာပေါ်မှာ မြင်အောင်ကြည့်ရမှာက ဒီ-အချက် ၄-ချက်။
(၃) စိတ်ပေါ်မှာ မြင်အောင်ကြည့်ရမှာက အခု-ပြောခဲ့တဲ့အချက် ၄-ချက်။
(၄) ဓမ္မသဘောတရားတွေရဲ့ အပေါ်မှာ မြင်အောင် ကြည့်ရမှာက အခုပြောခဲ့တဲ့ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အညထာဘာဝဆိုတဲ့ ဒီ-အချက် ၄-ချက်ကိုသာ မြင်အောင်ကြည့်ရမယ်။

အဲဒီ-အချက် ၄-ချက်ကို မြင်အောင် ကြည့်နိုင်ရင် "ရူပေဝိဂတရာဂဿ ရူပေ ဝိဂတဆန္ဒဿ ရူပေ ဝိဂတပေမဿ ရူပေ ဝိဂတပိပါသဿ ရူပေ ဝိဂတ ပရိဠာဟဿ ရူပေ ဝိဂတတဏှဿ"-ဖြစ်မယ်လို့ ဒါတထစ်ချမှတ်။

အဲဒီလို-ရှင်တိဿမထေရ်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အကြောင်းပြပြီးတော့ ဟောတော်မူတဲ့အခါမှာ ရှင်တိဿမထေရ်က ဟုတ်ပါပြီဘုရား-ဆိုပြီးတော့ ဝေဒနာမှာလဲ ဒီလိုဘဲ၊ သညာမှာလဲ ဒီလိုဘဲ၊ သင်္ခါရမှာလဲဒီလိုဘဲ၊ ဝိညာဏ်မှာလဲ ဒီလိုဘဲလို့ ခန္ဓာငါးပါးလုံးကိုပြတယ်။

အဲဒီလိုပြပြီးတဲ့အခါမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ရှင်တိဿမထေရ်ကို မေးပြန်တယ်။

ရူပေ၊ ရုပ်တရား၌။ ဝိဂတရာဂဿ၊ ကင်းပြီးသော ရာဂရှိသော။ ရူပေ၊ ရုပ်တရား၌။ ဝိဂတဆန္ဒဿ၊ ကင်းပြီးသော ဆန္ဒရှိသော။ ရူပေ၊ ရုပ်တရား၌။ ဝိဂတပေမဿ၊ ကင်းပြီးသော ချစ်ခင်နှစ်သက်ခြင်းရှိသော။ ရူပေ၊ ရုပ်တရား၌။ ဝိဂတ ပရိဠာဟဿ၊ ကင်းပြီးသော ပူလောင်ခြင်းရှိသော။ ရူပေ၊ ရုပ်တရား၌။ ဝိဂတပိပါသဿ၊ ကင်းပြီးသော ဆာလောင်မွတ်သိပ်ခြင်း ရှိသော။ ရူပေ၊ ရုပ်တရား၌။ ဝိဂတတဏှဿ၊ ကင်းပြီးသော တွယ်တာတပ်မက်ကပ်ငြိခြင်းရှိသော ပုဂ္ဂိုလ်၏။ သန္တာနေ၊ သန္တာန်၌။ တဿရူပဿ၊

ထိုရုပ်တရား၏။ ဝိပရိဏာမဓမ္မ ဘာဝေါ၊ ဖောက်ပြန်ခြင်း, တမျိုးတဖုံ ဖြစ်ခြင်းတို့ကြောင့်။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာပူပန်ခြင်းဆိုတဲ့ တရားတို့သည်။ ဥပ္ပဇ္ဇန္တိ နု ခေါ၊ ဖြစ်ကုန်ရာအံ့လော။

အဲဒီလို မြတ်စွာဘုရားက ဖြစ်ပါ့မလားလို့မေးတော့- "နောဟေ တံ ဘန္တေ= ဒီဟာမဖြစ်နိုင်ပါဘုရား" လို့လျှောက်တယ်။

တေပရိဝဋ္ဋတရား

"တံ ကိံ မညသိ တိဿ" လို့တက်ပြီးမေးပြန်တယ်။

ဘုရားက ရူပံ နိစ္စံဝါ၊ အနိစ္စံဝါတိ-အဲဒီလို တေပရိဝဋ္ဋဒေသနာတော်ကို ဟောတော်မူပါတယ်။

"ရူပံ နိစ္စံဝါ အနိစ္စံဝါတိ" လို့ မေးတော့ ဘာပြောသလဲ တိဿက၊ ထုံးစံအတိုင်း "အနိစ္စံ ဘန္တေ" လို့လျှောက်တယ်။

ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ -လို့မေးတော့ "ဒုက္ခံ ဘန္တေ" လို့လျှောက်တယ်။

ယံရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ ကုန်ခြင်းပျောက်ခြင်းသဘောရှိ၏။ တံရူပံ၊ ထိုကုန်ခြင်းပျောက်ခြင်းသဘောရှိတဲ့ ရုပ်တရားသည်။ ဒုက္ခံဝါ၊ ဆင်းရဲတဲ့တရားလား။ သုခံဝါ၊ ချမ်းသာတဲ့တရားလား။ ဘာဖြေလဲ.... ဒုက္ခံ ဘန္တေပါဘုရားတဲ့။

ဒုက္ခံ ဘန္တေ-လို့ ဖြေပါဆိုလို့ ဖြေလိုက်တာပဟုတ်ဘူး၊ သူကိုယ်တိုင်သိပြီးတော့ ဖြေလိုက်တာ၊ သူကိုယ်တိုင်သိပြီးတော့ အနိစ္စံ ဘန္တေ-လုပ်လိုက်တာ၊ အဲဒီတော့ တရားနာတဲ့ပုဂ္ဂိုလ်များ, တရားအားထုတ်တဲ့ယောဂါဝစရပုဂ္ဂိုလ်များကလဲဘဲ အဲဒီလိုမြတ်စွာဘုရား မေးတဲ့ မေးခွန်းကိုကြည့်ပြီးတော့ တကယ့်ကိုအနိစ္စံဘန္တေပါ, တကယ့်ကိုဒုက္ခံဘန္တေပါလို့ ပြန်ပြောနိုင်အောင်ဟာ ခုနပြောခဲ့တဲ့ တရားအချက် လေးကျွက်ကို မြင်

အောင်ကြည့်ရမယ်၊ ဉာဏ်နဲ့ရုပ်ပေါ်မှာ တည်တဲ့ဓမ္မဋ္ဌိတိဉာဏ်ပိုင်းကိုပြတာ၊ ဒါ—ဓမ္မဋ္ဌိတိဉာဏ်ပိုင်းဘဲ။

ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ တရားမှာတည်နေတဲ့ဉာဏ်၊ တရားမှာ တည်နေတဲ့အသိ၊ ဘယ်တရားမှာလဲ၊ ရုပ်တရား၊ ရုပ်တရားတို့ရဲ့ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အညထာဘာဝပေါ်မှာ တည်နေတဲ့အသိဉာဏ်,တရား၌ တည်တဲ့အသိဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်လို့ခေါ်တယ်၊ယထာဘူတဉာဏ်လို့လဲခေါ်တယ်၊ ပါဠိတော်မှာ ဒီဉာဏ်ဘဲရှိတယ်။

အဲဒီ–တေပရိဝဋ္ဋဒေသနာတော်မှာ "ရူပံနိစ္စံဝါ အနိစ္စံဝါတိ=ဒီရုပ်တရားဟာ မြဲတဲ့တရားလား၊ မမြဲတဲ့တရားလား" ဘယ်ရုပ်တရားကိုကြည့်ကြည့် အမြဲတမ်းပြောင်းနေတော့ သူကမမြဲတဲ့တရား၊ ပြောင်းတယ်ဆိုတာက ပဌမဖြစ်တဲ့ ရုပ်တရားဟောင်းတွေက ကုန်သွားတယ်၊ ပျောက်သွားတယ်၊ အဲဒီ– ကုန်တဲ့ပျောက်တဲ့နေရာမှာ အသစ်ဖြစ်တဲ့ ရုပ်တရားကလေးတွေနဲ့ အစားထိုးတာ။

ဉပမာ-ဒကာ, ဒကာမများဟာအနာ ပေါက်ဘူးကြလိမ့်မယ်၊ အဲဒီ အနာပေါက်တဲ့ပုဂ္ဂိုလ်ကိုကြည့်, အနာဖြစ်တဲ့ရုပ်ကိုကြည့်၊ ဒီနေရာမှာရုပ်တွေ စုနေတယ်၊ အဲ–တေဇောတွေလွန်ကဲလာပြီဆိုရင် ဒီနေရာမှာ ဘယ်လိုဖြစ်လာသလဲ၊အနာကလေးဖြစ်ပြီးတော့ ဖူးဖူးယောင်ပြီးတော့ ဒီအနာကလေးဟာ တဖြေးဖြေးနီလာပြီး တော်တော်ကြာ သူ့ထက် တိုးနီလိုက်ရင် ရုပ်ကလေးတွေက အသစ်ဖြစ်၊ အဲဒီလို ဖြစ်ရင်း ဖြစ်ရင်း နောက်တော့ အနာကြီးဖြစ်တဲ့ ရုပ်ဖြစ်၊ နောက် ဒီအနာပျောက်ပြန်တော့ အနာဖြစ်တဲ့ရုပ်တွေကပျောက်သွား၊ အနာပျောက်တယ်ဆိုတဲ့ ရုပ်ကလေးတွေက အဲဒီနေရာမှာ ထပ်ထပ်, ထပ်ထပ်ပြီးတော့ဖြစ်၊ အဲဒီလို–ပဌမ ရုပ်တွေက ကုန်ပျောက်သွား၊ နောက် ရုပ်တွေက အသစ်ထပ်ဖြစ်လာ၊ ကုန်တဲ့ပျောက်တဲ့နေရာမှာ အသစ်အသစ် ထပ်ထပ်ဖြစ်တာကို ပြောင်းတယ်လို့ခေါ်တယ်။

### ဒိဋ္ဌိအစ သက္ကာယ

အဲဒီလို–အသစ်အသစ်ထပ်ထပ်ဖြစ်တယ်ဆိုတာဟာ ဘယ်သူလုပ်လို့ဖြစ်သလဲ၊ ဟော–ဖြစ်တာတော့သိပြီ၊ဘယ်သူလုပ်လို့ဖြစ်သလဲ၊ ပဋ္ဌယာမဝါယော-

တဲ့မြတ်စွာဘုရားက၊ အကြောင်းညီညွတ်တဲ့အခါမှာ သူတို့ဖြစ်ဖြစ်, ဖြစ်ဖြစ်လာတယ်၊ အဲဒီနေရာမှာ ငါလုပ်လို့ဖြစ်တာဘဲ, ဆရာကကုပေးလို့ပျောက်တာဘဲ, သူ့ဘာသာသူပျောက်တာဘဲလို့ဆိုရင် ဘာတွေဖြစ်လာသလဲ၊ ဟိုဘုန်းကြီးဒိဋ္ဌိခွာခန်းဟောထားတယ် မဟုတ်လား၊ အဲဒီအပိုင်းကို ပြန်ပြန်ကြည့်၊ ဒီအပိုင်းဟာ ဘယ်အခါမှ လက်မလွှတ်ရဘူး။

(၁) ငါလုပ်လို့ဖြစ်တယ်ဆိုရင် သဿတဒိဋ္ဌိ၊ ငါ့ကြောင့် ပျောက်သွားတယ်ဆိုရင် သဿတဒိဋ္ဌိ။

(၂) ဆရာကုပေးလို့ သူများလုပ်ပေးလို့ဆိုရင် ဥစ္ဆေဒဒိဋ္ဌိ။

(၃) ဒီ-နေရာမှာ သူ့ဘာသာသူပျောက်တယ်ဆိုရင် အဟေတုကဒိဋ္ဌိ။

ဟော-ဒီ-ဒိဋ္ဌိသုံးခုဖြစ်တယ်၊ အဲဒီ-ဒိဋ္ဌိ သုံးခုမဖြစ်အောင်ဘယ်လိုကြည့်ရမလဲ၊ ဒီ-ဒိဋ္ဌိ သုံးခုမဖြစ်အောင် ဩဇာ-ပဋ္ဌမ ရုပ်တရားကလေးတွေပျောက်သွားခြင်းကြောင့်သာလျှင် တိုတိုပေါ့လေ—ခပ်ကျဉ်းကျဉ်း လွယ်လွယ်မှတ်မိအောင် အကြောင်းသိမ်းဆည်းတဲ့နေရာမှာ ဟို-အဘိဓမ္မာဒေသနာတော်နဲ့ သိမ်းဆည်းပုံကဘော့ဖြင့်အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,အာဟာရဒီ-အကြောင်းတွေပေါ့၊ ရှုပသမုဋ္ဌာန်လို့ခေါ်တယ်၊ ဒီနေရာ ဒီ-ဝိပဿနာအချက်မှာ ပါဠိတော်မှာလာတဲ့ အကြောင်း သိမ်းဆည်းပုံကလေးကတော့ ရုပ်အသစ်ကလေးတွေ ဖြစ်ပြီးတော့ ဒီ-ရုပ်အသစ်ကလေးတွေ ပြန်ပြန်ပြီး တိုးပွားဖြစ်ဖြစ်လာတာ ဘာဖြစ်လို့။

ပဋ္ဌမ ဖြစ်တဲ့ ရုပ်တွေကုန်ပျောက်သွားခြင်း ဟူသောအကြောင်းကြောင့် ဒုတိယရုပ်အသစ်ဆက်ဖြစ်ရတယ်၊ ဒုတိယရုပ်အသစ် ဆက်ဖြစ်သောကြောင့် ကုန်တဲ့ ပျောက်တဲ့သဘောဖြစ်တယ်၊ ကုန်တဲ့ပျောက်တဲ့ သဘောရှိသောကြောင့် နောက်တခါ အသစ်ဆက်ပြီးတော့ဖြစ်တယ်။ ...

လို့-အဲဒီလို အကြောင်းအကျိုးဆက်ပြီးတော့ ဖြစ်ပါတယ်၊ အဲဒါ-အကြောင်းတရားနဲ့ အကျိုးတရားဘဲ၊ သဘောကျပလား ..(ကျပါတယ်ဘုရား)။

အဲ....ဟိုဟာတွေက သိပ်ကျယ်တယ်၊ ပါဠိတော်မှာလာတဲ့နည်းက ဘယ့်နှယ်ပြသလဲ သူက၊ ဒီ-သုတ္တန်ပါဠိတော်မှာ လာတဲ့ အကြောင်းအကျိုးဆက်စပ်ပုံကလေးက-ဒီနေရာမှာ ရုပ်အသစ်တွေ ထပ်ပြီးတော့ ဖြစ်တယ်၊ ဘာပြုလို့ဖြစ်သလဲ၊ ပဌမဖြစ်ခြင်းရဲ့ အကြောင်းကို လိုက်ရှာ၊ ဘယ်သူ့ကြောင့်မှ ဖြစ်ကာမဟုတ်ဘူး။

ပဌမဖြစ်တဲ့ ရုပ်ဟောင်းတွေ ကုန်ခြင်း, ပျောက်ခြင်းဟူသော အကြောင်းကြောင့် ရုပ်အသစ်တွေ ထပ်ဖြစ်တယ်ဆိုတဲ့ အကျိုးတရား ပေါ်လာတယ်၊ ရုပ်အသစ်တွေ ထပ်ဖြစ်တယ်ဆိုတဲ့ အကြောင်းတရားကြောင့် ရုပ်အဟောင်းတွေ ကုန်တယ် ပျောက်တယ်ဆိုတဲ့ အကျိုးတရားတွေဖြစ်တယ်၊ ကုန်တယ် ပျောက်တယ်ဆိုတဲ့ အကျိုးတရားတွေကြောင့်အသစ်တွေထပ်ပြီးတော့ဖြစ်တယ်။

ဒီလိုဆိုတဲ့အတွက် ဟောဒါ-အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ်ဘဲ၊ ဒီနေရာမှာ သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဒါဗမာလို-ပြောတာနော်၊ အဲဒီရုပ်တွေ အသစ်အသစ်ထပ်ပြီးတော့ ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်ခြင်းဟူသော အကြောင်းကြောင့် ရုပ်တွေထပ်ပြီးတော့ ကုန်တယ် ပျောက်တယ်ဆိုတဲ့ ခုနက အသစ်နေရာမှာ အစားထိုးထိုးပြီးတော့ ဖြစ်လာတယ်၊ ကုန်လို့ပျောက်လို့ အသစ်ဖြစ်လာတယ်၊ အသစ်ဖြစ်လို့ ကုန်တယ်ပျောက်တယ်၊ ကုန်လို့ပျောက်လို့ အသစ်ဖြစ်လာတယ်၊ ဒါဟာ အကြောင်းနဲ့အကျိုး။

ဒါဖြင့် ငါ့ကြောင့်ဖြစ်တာလား.... (မဟုတ်ပါဘုရား)၊သူများကြောင့် ဖြစ်တာလား - (မဟုတ်ပါဘုရား)။

သူ့ဘာသာ သူ့အကြောင်းမရှိဘဲနဲ့ဖြစ်တာလား....(မဟုတ်ပါဘုရား)။

ဒီလိုဆို သဿတဒိဋ္ဌိရှိသေးသလား....(မရှိပါဘုရား)။

ဥစ္ဆေဒဒိဋ္ဌိကော....(မရှိပါဘုရား)။

အဟေတုကဒိဋ္ဌိကော....(မရှိပါဘုရား)။

ကောင်းပြီ-အဲဒီ သဿတဒိဋ္ဌိရယ်,ဥစ္ဆေဒဒိဋ္ဌိရယ်, အဟေတုကဒိဋ္ဌိရယ် အဲဒီ ဒိဋ္ဌိကြီး ၃-ပါး ဘယ်ကလာသလဲ၊ ဘယ်သူက ပေါက်ဖွားပေးလိုက်

တာလဲ၊အဲဒီ-သဿတရယ်, ဥစ္ဆေဒရယ်,အဟေတုကရယ်ဆိုတဲ့ ဒိဋ္ဌိကြီး၃ ပါး ကိုသတ်နေလို့ကတော့ဖြင့် ဘယ်တော့မှ သတ်လို့မဆုံးဘူး၊ သူဘယ်ကလာ သလဲ၊သဿတဒိဋ္ဌိ ဘယ်ကလာသလဲ၊ ဥစ္ဆေဒဒိဋ္ဌိဟာဘယ်က ပေါက်ဖွားလာ တာလဲ၊ အဟေတုကဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိဟာကော ဘယ်က ပေါက်ဖွားလာ တာလဲ၊ သက္ကာယဒိဋ္ဌိက ပေါက်ဖွားလာတယ်နော်။

သ-ထင်ရှားရှိသော၊ ကာယ-တရားအပေါင်း၊ ဒိဋ္ဌိ-မှားသောအားဖြင့် ယူစွဲခြင်း၊ ဒီ ၃-ခုပေါင်းလိုက်တော့ ဘာဖြစ်သလဲ၊ သ-ကာယ-ဒိဋ္ဌိ။ဗမာလို ပြန်လိုက်တော့ ဘာလဲ၊ ထင်ရှားရှိသော တရားအပေါင်း၌ မှားသောအား ဖြင့် ယူစွဲခြင်း၊ အဲဒါကို-ဘာလို့ခေါ်သလဲ.... (သကာယ—ဒိဋ္ဌိလို့ ခေါ်ပါ တယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောဟာ ထင်ရှားရှိသလား၊ မရှိဘူးလား ....(ရှိပါတယ်ဘုရား)၊ သ-ကာယနော်။

နောက်တခါ တိုးတဲ့သဘော, တွန်းတဲ့သဘောမှာ ပထဝီ,အာပေါ,တေ ဇော, ဝါယောဆိုတဲ့ တရားအပေါင်း၊ ဝါယောကာယလို့ ဆိုတဲ့တရား အပေါင်းမရှိဘူးလား၊ ဟို-ဥပရိပဏ္ဏာသ ပါဠိတော် အာနာပါနဿတိ သုတ္တန်မှာ "ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ယဒိဒံ အဿာသ ပဿာသာ"လို့ ကာယ၌ အကျုံးဝင်တဲ့ အဿာသ ပဿာသ ဝါယော လေ ဓာတ် ရုပ်ပရမတ်နော်၊ ဥပရိပဏ္ဏာသပါဠိတော်မှာကြည့်။

အာနာပါနဿတိသုတ္တန်ဆိုတာ ဘုန်းကြီးဟောထားတာ, ကြိုးခွေလဲ သွင်းထားတာရှိတယ်မဟုတ်လား၊ အဲ-အဲဒီသုတ္တန်ကို ဒီ-သတိပဋ္ဌာန် လေး ပါးပြည့်စုံပုံတွေပါ တော်တော် ကျယ်ကျယ်ဝန်းဝန်း သုတ္တန်တခုလုံး ဟောထားတယ်၊ အဲဒီ—သုတ္တန်ကို ပြန်ပြီးတော့ မကြာမကြာ နာပေး ရမယ်။

အဲဒီ သ-ကာယ၊ ထင်ရှားရှိတာက-သ၊ ဝါယောလေဓာတ် ရုပ်ပရမတ် က-ကာယ၊ သ—နဲ့ ကာယ၊ ဘယ့်နှယ်မှမဟုပ်နဲ့ သူ့ကို၊ အဲဒီ-သ--ကာယ အပေါ်မှာ ကိုယ်က မှားသောအားဖြင့် ယူစွဲခြင်းကဒိဋ္ဌိ၊ ဒါဟာအသက်ဘဲ,

ဝိညာဏ်တဲ့, လိပ်ပြာပေါ့ကလေးတဲ့, ငါတဲ့, သူတဲ့, ပုဂ္ဂိုလ်တဲ့, သတ္တဝါတဲ့လို့စွဲလမ်းခြင်းဟာ မှားသောအားဖြင့် ယူစွဲခြင်းလား၊ မှန်သောအားဖြင့် ယူစွဲခြင်းလား....(မှားသောအားဖြင့် ယူစွဲခြင်းပါဘုရား)။

သ-ကာယမှာ မှားသောအားဖြင့် ယူစွဲခြင်းအည် သက္ကာယဒိဋ္ဌိ၊ အဲဒီသက္ကာယဒိဋ္ဌိကနေပြီးတော့ ငါလုပ်လို့ဖြစ်တယ်၊ သူများလုပ်လို့ ဖြစ်တယ်၊ သူ့ဘာသာသူ ဖြစ်တယ်ဆိုတဲ့ ခုနက-သဿတ, ဥစ္ဆေဒ, အဟေတုက ဒီ-ဒိဋ္ဌိသုံးမျိုး ပေါက်ဖွားလာတယ်။

## သက္ကာယသတ် ဒိဋ္ဌိတွေပြတ်

ဒါဖြင့်-ကျုပ်တို့ ဘယ်သူ့ကိုသတ်ရမလဲ၊ ဘယ်သူ့ကိုသတ်ရမလဲ ဆိုတော့ ဥပမာ ဒကာကြီးတို့အိမ်မှာ မွေးထားတဲ့ ခွေးမတကောင်ရှိတယ်ဆိုပါတော့၊ အဲဒီ-ခွေးမကြီးမှာ ခွေးကလေး ၃-ကောင်, ၃-ကောင် တနှစ်တနှစ်ပေါက်တယ်၊ အဲဒီ-ခွေးကလေး ၃-ကောင်, ၃-ကောင်ဟာ အင်မတန်ဆိုးတဲ့ ခွေးကလေး ၃-ကောင်၊ နေ့ရှိသရွေ့ သူ့ဘပါးရဲ့ ပစ္စည်းတွေကို ဖျက်ဆီးတယ်၊ သူတပါးတွေကို အန္တရာယ်အများကြီးပြုတယ်၊ သူတပါးရဲ့ ပစ္စည်းတွေကို ဖျက်ဆီးတိုင်း, ဖျက်ဆီးတိုင်း, သူတပါးကိုအန္တရာယ်ပြုတိုင်း ပြုတိုင်း အဲဒီ-ပစ္စည်းရှင်တွေကို လျော်ကြေး နေ့ရှိသရွေ့ ပေးနေရတယ်၊ ဒီ-ခွေးကလေး ၃-ကောင် မွေးထားတဲ့ ပုဂ္ဂိုလ်ဟာ အတော်ကြာတော့ လျော်ကြေး ပေးရတာ မတတ်နိုင်တော့ဘူး၊ ဒကာကြီး တို့လဲ အခု—ပေးရတာဘဲ၊ အလျော်တွေ နေ့တိုင်းပေးနေရတယ်၊ ဟင်· မပေးရဘူးလား....(ပေးရပါတယ်ဘုရား)။

နေ့တိုင်း လျော်ကြေးတွေပေးနေရတာ ဘာတွေပေးရသလဲ၊ သံသရာကပါလာတဲ့ တဏှာကြွေးကို လျော်ကြေး ပေးနေရတာဘဲ၊ သားတွေအတွက် လျော်ကြေးပေးရ၊ သမီးတွေအတွက် လျော်ကြေးပေးရ၊ အင်း-ဆွေမျိုးဉာတိ မိတ်ဆွေသင်္ဂဟတွေအတွက် လျော်ကြေးပေးရနဲ့ စသည်ဖြင့်ပေါ့၊ အဲဒီလို-လျော်ကြေးတွေပေးနေရတာ ဘယ်သူ့ကြောင့် ပေးနေရသလဲ၊ ခုနကပြောခဲ့တဲ့ ခွေးကလေး ၃-ကောင် ကိုက်နေလို့ ပေးနေရတာဘဲ၊ အဲဒီ-ခွေးကလေး ၃-ကောင်ကို ခုနက ပြောခဲ့တဲ့ အကြောင်း

အကျိုးကို သိမ်းဆည်းတဲ့ အနေနဲ့ ဒီ-ခွေးကလေး ၃-ကောင်ကို ကျုပ်တို့ သတ်လိုက်မယ်ဆိုပါတော့၊ ခွေးကလေး ၃-ကောင်သတ်ပြီးရင် ကျုပ်တို့ ပြီးရောလား၊ ဒီကိစ္စ....(မပြီးသေးပါဘုရား)။

ဒီခွေးကလေး ၃-ကောင် ဒီဟာခါနသသွားတော့ မကိုက်တော့ ငြိမ်း သွားတယ်၊ ခဏငြိမ်းသွားတယ် နောက်တော့ ဘယ်တော့လာမလဲ၊ ဟော- နောက်တကြိမ် ကျတော့ လာပြန်ပြီ ခွေးကလေး ၃-ကောင်၊ ဒီတော့ ကျုပ်တို့ဘယ်သူ့ကိုသတ်ရမလဲ၊ ခွေးမကြီးကိုသတ်ရမယ်၊ ခွေးမကြီးကို သတ်မှကိစ္စပြီးမယ်၊ ဒီ-သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အဟေတုက ဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိကြီး ၄-ပါးထဲမှာ ဒိဋ္ဌိ ၃-ပါးကို မွေးပေးနေတဲ့ ဒီ—သက္ကာယဒိဋ္ဌိ ကိုသေအောင်သတ်ရမယ်၊ဘာနဲ့သတ်မလဲ၊ ဝိဇ္ဇာဉာဏ်နဲ့သတ်၊တဏှာကိုတော့ မဂ္ဂင် ၈-ပါးနဲ့သတ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

သက္ကာယဒိဋ္ဌိကို သစ္စဉာဏ်နဲ့သတ်၊ ဘာနဲ့သတ်မလဲ....(သစ္စဉာဏ်နဲ့သတ်ရ ပါ့မယ်ဘုရား)။

မှတ်မိပလား ...(မှတ်မိပါတယ်ဘုရား)။

နားထောင်ကောင်းအောင်လား၊ မှတ်မိအောင်လား.... (မှတ်မိအောင် ပါဘုရား)၊ မှတ်မိအောင်နော်။

## ဝိဇ္ဇာအလင်းနဲ့ ဒိဋ္ဌိအမှောင်ခွင်း

သက္ကာယဒိဋ္ဌိကို ဘာနဲ့သေအောင်သတ်ရမယ်....(သစ္စဉာဏ်နဲ့ပါဘုရား)။

သစ္စဉာဏ်၊ မှန်တာကိုသိတဲ့အသိဉာဏ်ကို သစ္စဉာဏ်လို့ခေါ်တယ်၊ ခုနက ပြခဲ့တဲ့ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အညထာဘာဝလို့ဆိုတဲ့ ဒီ-အချက်၄-ချက် ဟာ အမှန်လား၊ အမှားလား....(အမှန်ပါဘုရား)။

အဲဒီ-အမှန်ကိုသိရင် သစ္စဉာဏ်၊ မှန်တာကိုသိတာ ဝိဇ္ဇာလား၊ အဝိဇ္ဇာ လား....(ဝိဇ္ဇာပါဘုရား)။

အဲဒီ-ဝိဇ္ဇာဖြစ်ရင် ဟို-ဒိဋ္ဌိနေလို့ရမလား....(မရတော့ပါဘုရား)။

ဒိဋ္ဌိဆိုတာ အမှောင်ထဲမှာ နေလို့ရတာနော်၊ အဝိဇ္ဇာရှိမှ ဒိဋ္ဌိကခိုလို့ ရတာ၊ အဝိဇ္ဇာမရှိရင်ဒိဋ္ဌိခိုလို့မရဘူး၊သဘောကျပလား ...(ကျပါပြီဘုရား)။

သူက လူဆိုးလား သူကောင်းလား....(လူဆိုးပါဘုရား)။

လူဆိုးဆိုတာ တောထဲမှာ နေတာ၊ သူက မှောင်ထဲမှာနေတာနော်၊ ဘယ်မှောင်ကို ကြိုက်သလဲ၊ အဝိဇ္ဇာ မှောင်ကို များများ ကြိုက်တယ်၊ အဲဒီ-အဝိဇ္ဇာမှောင်ကို ကြိုက်တော့ အဝိဇ္ဇာမှောင်ကို ကျုပ်တို့ရှင်းဘို့ရာ ဘာနဲ့ရှင်းမလဲ၊ သစ္စာဉာဏ်အလင်းနှင့် ရှင်း၊ မှန်တာသိတယ်ဆိုတဲ့ အသိနော်-အဲဒီလို မှန်တာကိုသိတဲ့ အသိဉာဏ်ဟာ ဝိဇ္ဇာဘဲ၊ အဲဒီလို ဝိဇ္ဇာဖြစ်ပေါ်လိုက်တဲ့အခါ လုပ်ပေးလိုက်တဲ့ အခါကျတော့ ဒိဋ္ဌိခိုလို့ ရသေးသလား....(မရပါဘုရား)၊ ဝိဇ္ဇာနဲ့သတ်နော်၊ ဝိဇ္ဇာဆိုတာ သစ္စာဉာဏ်ကိုပြောတာနော်။

ဟော-တဏှာကျတော့ ဘာနဲ့ သတ်မလဲ၊ မဂ္ဂင်ရှစ်ပါးနဲ့သတ်။

ဒီမှာ မဂ္ဂင် ဂ-ပါးနဲ့ အကုန်လုံးကျုံးပြီးတော့ မဂ္ဂင် ဂ-ပါးလုံးနဲ့ သတ်ရမယ် သမ္မာဒိဋ္ဌိဖြစ်ရင်ဘော့ ဒီ-ခုနကပြောခဲ့တဲ့ သက္ကာယဒိဋ္ဌိဟာ သွားရော၊ သူ-ကမနေနိုင်တော့ဘူး၊ ကိုယ်က သက်သက်မောင်းထုတ်ရတာမဟုတ်ဘူး၊ ဟုတ်လား၊ အလုပ်ပေးတရားမှာ ဘုန်းကြီးဟောထားသလိုဘဲ အလင်းရောက်လာရင် အမှောင်ဝင်သွားပါတယ်လို့၊ တမင်သက်သက် တမင်ကလာဖယ်ထုတ်မနေရတော့ဘူးနော်၊ အဲဒီလို ဝိဇ္ဇာရောက်လာလို့ရှိရင် ဒီ-အဝိဇ္ဇာဆိုတဲ့တရား ပယ်ခွာပြီးတော့ ဟော-ဒီ ဒိဋ္ဌိဟာ အဲဒီမှာနေလို့ မရတော့ဘူးနော်။

## ဘုရားသခင်မေး၍ ရှင်တိဿဖြေပုံ

အဲသလို-မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သေသေချာချာ ရုပ်တရားကိုပြတယ်၊ ရုပ်တရား၏ အနိစ္စအချက်ကိုပြလို့ တေပရိဝဋ္ဋ ဒေသနာတော်ဆိုတဲ့ အနေမျိုးအားဖြင့် "'ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ" လို့မေးတော့ ဘာဖြေသလဲ၊ "အနိစ္စံ ဘန္တေ"-ကုန်တဲ့ ပျောက်တဲ့သဘော ရှိပါတယ်လို့ ဖြေတယ်။

ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ" အဲသလိုကုန်ခြင်း ပျောက်ခြင်း သဘောရှိတဲ့ ရုပ်တရားသည် ကုန်ခြင်းပျောက်ခြင်းသဘောတရားသည် နှိပ်စက်နေသည် ဖြစ်ပါသည်သောကြောင့် ဆင်းရဲတဲ့တရားလား၊ ချမ်းသာတဲ့တရားလားလို့-မြတ်စွာဘုရားကမေးတော့ ဒီ-အချက်ကို သူ့ဉာဏ်ထဲမှာ သိနေတာဘဲ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ပါခါကြည်းသိနေတာ။

ဘယ်လိုသိသလဲ ဆိုတော့ ဒီတရားတွေဟာ အခု ဖြစ်ပေါ်လာတယ်၊ နောက်တခါကုန်ပျောက်သွားတယ်၊ တခါ-လက်စမသတ်သေးဘူး၊ တခါ ဖြစ်ပြန်တယ်၊ဖြစ်ပြီးလို့လက်စမသတ်သေးဘူး နောက်တခါ ကုန်ပြန်ပျောက်ပြန်တယ်၊ ပျောက်ပြီးပြီးတာမဟုတ်ဘူး၊ တခါပြန်ဖြစ်ပြန်တယ်၊ ဒုက္ခတွေ ရောက်လှချေရဲ့ ဆိုပြီး "ဒုက္ခံ ဘန္တေ" = ဆင်းရဲတဲ့တရားပါ, စက်ဆုပ်ရွံရှာဘွယ်ဖြစ်တဲ့ ဆင်းရဲတဲ့တရားပါဘုရားလို့ ဖြေလိုက်တယ်။

"ယံ ပနာ နိစ္စံ, ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ"။

တေပရိဝဋ္ဋ ဖြစ်သွားပြီပေါ့နော်၊ အဖြေက "နောဟေတံ ဘန္တေ" တဲ့၊ အဲဒီလိုမမြဲတဲ့,အဲဒီလို ဆင်းရဲနေတဲ့, အဲဒီဖောက်ပြန်ပျက်စီးနေတဲ့, တမျိုးတဖုံဖြစ်နေတဲ့, ရုပ်ခေါတ်တရားတွေ, ဝေဒနာတွေ, သညာတွေ, သင်္ခါရတွေ, ဝိညာဏ်ခတွေကို ငါ, ငါ့ဥစ္စာ, ငါ၏ အတ္တလို့ စွဲလမ်းသိမ်းပိုက်လို့ သင့်ပါသလား၊ ကိုယ့်ကိုယ်ကို သင့်ပါသလားလို့ မေးကြည့်လေ၊ ကိုယ့်ကိုယ်လဲ ကိုယ်မေးခွန်းထုတ်ကြည့်။

(၁) အခုဖြစ်ပြီး အခုပျက်တာ ဒါ-ငါ့ဟာလေးပါလို့ ပြောလို့ ဖြစ်မလား၊ လိုက်ပြောလို့ကော ဖြစ်မလား၊ ဒါက-တဏှာစွဲ။
(၂) ငါပါလို့ လိုက်ပြောလို့ကော ဖြစ်မလား၊ ဒါက-မာနစွဲ။
(၃) ဒါ-ငါ၏အားကိုးစရာ အနှစ်အတ္တလေးပါလို့ လိုက်ပြောလို့ ဖြစ်မလား၊ ဒါက-ဒိဋ္ဌိစွဲဖြစ်သွားပြီ။

တေပရိဝဋ္ဋဒေသနာနဲ့ဆိုရင်—

"တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေသော အတ္တာ တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"။

ဟော-ယထာဘူတဉာဏ် ဖြစ်လာပြီ၊ အလုံးစုံ အတိတ် အနာဂတ် ပစ္စုပ္ပန်နဲ့ ကစ်ဆဲ့တစ်ဌာနမှာဖြစ်တဲ့ ရုပ်ခေတ် နာမ်ခေတ် မှန်သရွေ့သည် "နေတံ မမ"။ တော်၊ ဤရုပ်ခေတ် နာမ်ခေတ်သည်။ မမ၊ ငါ၏။ နသန္တကံ၊ ဥစ္စာမဟုတ်။ ငါလုပ်ထားတာမဟုတ်ဘူးတဲ့၊ ငါလုပ်ထားတာ မဟုတ်တဲ့ အတွက်ကြောင့် ငါ့ဥစ္စာမဟုတ်၊ ဟော-တဏှာစွဲကုန်သွားပြီ။

"နေသောဟမသ္မိ"။ ။ဧသော၊ အဲဒီရုပ်ခေတ် နာမ်ခေတ်တွေသည်။ အဟံ၊ ငါသည်။ န အသ္မိ၊မဟုတ်၊ ငါလဲမဟုတ်။ ဒီထဲငါလဲမပါဘူး။ ဟော မာနစွဲကုန်သွားပြီ။

"နမေသောအတ္တာ" = ငါ၏ကိုယ်လဲမဟုတ်လို့မြင်ရင် အတ္တစွဲပြုတ်သွား တဲ့အတွက် ယထာဘူတဉာဏ်၊ ဟင်-ဘာဉာဏ်တဲ့လဲ ... (ယထာဘူတဉာဏ်ပါ ဘုရား) အဲဒါ ယထာဘူတဉာဏ်နော်။ အဲဒီ-ယထာဘူတဉာဏ်ကို ပြပြီးတဲ့ နောက်-

(၁) "ဧဝံ ပဿ တိဿ သုတဝါ အရိယ သာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ"၊ အဲဒါ-နိဗ္ဗိန္ဒဉာဏ်။

(၂) "နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ"၊ ဟော-မဂ်ဉာဏ်ကျပြီတဲ့၊ ဝိရဇ္ဇတိ-ဆိုကတည်း က မဂ်ဉာဏ်။

(၃) "ဝိရာဂါ ဝိမုစ္စတိ" ဖိုလ်ဉာဏ်။

(၄) "ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ"=ဇာတိ ကုန်ပြီ၊ "ဝုသိတံ ဗြဟ္မစရိယံ"=မြတ်သောအကျင့်ကိုကျင့်သုံးလို့ ပြီးပြီ။ "ကတံ ကရဏီယံ" = ပြုဘွယ်ကိုစ္စတွေ ပြုလုပ်၍ပြီးပြီ။ "နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ" = နောက်ထပ်တဖန်လူ့ ပြည်လာဘို့ သုံးဆဲ့တဘုံကျင်လည်ဘို့ ပဋိသန္ဓေနေဘို့ရန် မလာ တော့ဘူးလို့သိတဲ့ ပစ္စဝေက္ခဏာ အသိဉာဏ်ပေါ်လာပြီ။

အဲသလို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် တေပရိပဋ္ဋ ဒေသနာ တော်ဖြင့် ရှင်တိဿမထေရ်ကို ဟောကြားတော် မူခဲ့ပြီးတဲ့နောက် တရား

အားထုတ်တဲ့လမ်းစဉ်ကို ဆက်လက်ဟောပြီးတော့ ညွှန်ပြလိုသည်ဖြစ်သော ကြောင့် ဥပမာစကားရပ်ကို မြတ်စွာဘုရားက ဆက်လက်ပြီး ညွှန်ကြားတော်မူပြန်တယ်။

## သတိပဋ္ဌာန်၌ အကျုံးဝင်ပုံ

ရုပ်တရားကို အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက် အညထာဘာဝ အချက်မြင်အောင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ရုပ်တရားပေါ်မှာမူတည်လို့ဖြစ်စေ, ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်တဲ့ နာမ်တရားတွေပေါ်မှာ မူတည်လို့ဖြစ်စေ အဲဒီ-ခန္ဓာငါးပါးမှာလဲ သတိပဋ္ဌာန် ၄-ပါးနဲ့ ပိုင်းခြားဟောတော်မူလိုက်တဲ့အခါကျတော့—

(၁) ရုပ်တရားက ကာယာနုပဿနာသတိပဋ္ဌာန်၌အကျုံးဝင်တယ်။
(၂) ဝေဒနာဆိုတဲ့ တရားက ဝေဒနာနုပဿနာသတိပဋ္ဌာန်၌ အကျုံးဝင်တယ်။
(၃) ဝိညာဏ်ခေါ်တဲ့တရားက စိတ္တာနုပဿနာသတိပဋ္ဌာန်၌ အကျုံးဝင်တယ်။
(၄) သညာက္ခန္ဓာရယ်, သင်္ခါရက္ခန္ဓာရယ်ဆိုတဲ့ ခန္ဓာ ၂-ပါးကတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်မှာ အကျုံးဝင်တယ်။

အဲဒီလို သတိပဋ္ဌာန်လေးပါးနဲ့ ခန္ဓာငါးပါးပိုင်းခြားလိုက်တော့ ကုန်ရော၊အဲဒီတော့ မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းတရားရဲ့ အာရုံတခုခုပေါ်မှာ ကာယာနုပဿနာ သတိပဋ္ဌာန်ပေါ်မှာဖြစ်စေ,ဝေဒနာနုပဿနာသတိပဋ္ဌာန်ပေါ်မှာဖြစ်စေ, စိတ္တာနုပဿနာ သတိပဋ္ဌာန်ပေါ်မှာဖြစ်စေ,ဓမ္မာနုပဿနာသတိပဋ္ဌာန်ပေါ်မှာဖြစ်စေ သတိပဋ္ဌာန်တရားတခုကို ပွားများအားထုတ်တဲ့အခါမှာ ပဌမရှေးဦးစွာ လမ်းပေါ်ကိုရောက်ဘို့ အရေးကြီးတယ်၊ အဲဒီလမ်းပေါ်ဆိုတာ ဘာလဲဆိုတော့ နိဗ္ဗာန်ကိုသွားတဲ့လမ်း၊ နိဗ္ဗာန်ကိုသွားတဲ့လမ်းဟာ—

> "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ"

စသည်ဖြင့်မြတ်စွာဘုရားက သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ ဟောကြား တော်မူတဲ့အတိုင်း မဂ္ဂင်ရှစ်ပါးဆိုတဲ့ သမ္မာဒိဋ္ဌိ–မှန်တာကိုသိတဲ့ အသိဉာဏ် အပေါ်မှာ ရှေးဦးစွာ ရောက်သွားဘို့အရေးကြီးတယ်။

## တရားလမ်းညွှန်

တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ စဦး တရားအားထုတ်တော့ မယ်ဆိုရင် လမ်းပေါ်ကိုရောက်ဘို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီနေရာမှာ လမ်းပြတဲ့ယောကျ်ားနှင့် လမ်းမသိတဲ့ ယောကျ်ားနှစ်ယောက် အကြောင်းကို ပြပြီးတော့ လမ်းမသိတဲ့ယောကျ်ား လမ်းသွားတဲ့အခါ ကာလမှာ လမ်းမှာတွေ့ရမဲ့ သဘောတရားတွေကို ဥပမာပေးပြီးတော့ ရှေးဦးစွာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က–ချစ်သားတိဿလို့ခေါ် တော်မူပြီး ဥပမာကို ရှေးဦးစွာပြတယ်၊ ဥပမာအားဖြင့် ပြရမယ်ဆိုရင်ဖြင့် ယောကျ်ားနှစ်ယောက်ရှိတယ်။

"သေယျထာပိ တိဿ ဒွေ ပုရိသာ"။ ။ဒွေ၊ နှစ်ယောက် ကုန်သော။ ပုရိသာ၊ ယောကျ်ားတို့သည်။ အဿု၊ ရှိတယ်ဆိုကြ ပါစို့။

"ဧကော ပုရိသော အမဂ္ဂကုသလော–ယောကျ်ားတယောက်က လမ်းမ သိတဲ့ယောကျ်ား၊ ဧကော ပုရိသော မဂ္ဂကုသလော–ယောကျ်ားတယောက် ကတော့လမ်းသိတဲ့ယောကျ်ား" ဒီလိုယောကျ်ားနှစ်ယောက် ရှိတယ်။ ။ အမဂ္ဂကုသလော ပုရိသော၊ လမ်းမသိတဲ့ယောကျ်ားသည်။ အမုံ မဂ္ဂကုသလံ ပုရိသံ မဂ္ဂံ ပုစ္ဆေယျ၊ လမ်းသိတဲ့ယောကျ်ားကို လမ်းမေးတယ်ဆိုပါတော့။ ဒီတော့"သော ဧဝံ ဝဒေယျ"။ သော၊ ထိုလမ်းသိတဲ့ယောကျ်ားက။ ဧဝံ ဝဒေယျ၊ ဤသို့ပြောရာ၏။ ဘယ်လိုပြောသလဲ။

ဧဟာ ပုရိသ၊ အိုယောကျ်ား။ ဧဟိ၊ လာခဲ့ပါလော့။ အယံ၊ ဤသည်ကား။ မဂ္ဂေါ၊ သင်သွားချင်တဲ့လမ်းပေတည်း။

ဒါဟာသင်သွားချင်တဲ့ လမ်းဘဲလို့ လမ်းကိုညွှန်ပြတယ်။

"တေန မုဟုတ္တံ ဂစ္ဆ"။ ။ တေန၊ ထိုလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားလိုက်ပါလော့။

> သွားလိုက်တော့ ဘာတွေ့လဲ၊ "တေန မုဟုတ္တံ ဂန္တွာ ဒက္ခိ
> ဿသိ ဒွေဓာပထံ"။ ။တေန၊ ထိုလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။

ဂန္တွာ၊ သွားသည်ရှိသော်။ ဒွေဓာပထံ၊ လမ်းနှစ်ခွကို။ ဒက္ခိဿသိ၊ ရှေ့မှာ တွေ့မယ်။

ဒကာကြီးတွေ သွားတဲ့ ဝိပဿနာလမ်းမှာ ဘုရားက ဥပမာပြနေတာ နော်....(တင်ပါ့ဘုရား)။

လမ်းသိတဲ့ ယောကျ်ားကပြောတယ်၊ အဲဒီ-လမ်းကိုမင်းသွားတဲ့အခါ ရှေ့ကိုနဲနဲလေးသွားမိလို့ရှိရင် ဘာတွေ့မလဲ၊ လမ်းနှစ်ခွကိုတွေ့မယ်။ အဲဒီလို လမ်းနှစ်ခွတွေ့တဲ့အခါမှာ-

> တတ္ထ၊ ထိုနှစ်ခွသောလမ်း၌။ ဝါမံ၊ လက်ဝဲလမ်းကို။ မုဉ္စိတွာ၊
> လွှတ်၍။ ဒက္ခိဏံ၊ လကျ်ာလမ်းကို။ ဂဏှာဟိ၊ ယူလော့။

လက်ဝဲလမ်းကိုပစ်ပယ်ခဲ့၊ လကျ်ာလမ်းကိုလိုက်သွား၊ ဒီနေရာမှာ လက်ဝဲ လမ်းဆိုတာက ရန်သူဦးဆောင်တဲ့လမ်း၊ လကျ်ာလမ်းဆိုတာက မိတ်ဆွေ ကောင်းတွေ ဦးဆောင်တဲ့လမ်းလို့မှတ်နော်။

> တေန၊ ထိုလကျ်ာလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွား
> ပါလော့။ တေန၊ ထိုလကျ်ာလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊
> သွားသည်ရှိသော်။ တိဗ္ဗဝနသဏ္ဍံ၊ ထူထပ်တဲ့တောအုပ်ကြီးကို။ ဒက္ခိ
> ဿသိ၊ တွေ့လိမ့်မယ်တဲ့။

အဲဒီ လကျ်ာလမ်းကို လိုက်သွားလို့ ရှိရင်တဲ့ ဘာကိုတွေ့မလဲလို့ဆိုတော့ အင်မတန်ထူထပ်တဲ့ တောအုပ်ကြီးတခု တွေ့လိမ့်မယ်တဲ့။

> "တေန မုဟုတ္တံ ဂစ္ဆ"။ ။တေန၊ ထိုအင်မတန် ထူထပ်တဲ့
> တောအုပ်ကြီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ ဆက်ပြီးတော့
> လိုက်သွားပါတဲ့။

တောအုပ်ကြီးရောက်ပြီးနောက် ပြန်မလာပါနဲ့တဲ့၊ ရှေ့သာ ဆက်သွား ပါတဲ့။

"တေန မုဟုတ္တံ ဂစ္ဆ"။ ။တေန၊ ထိုတောအုပ်လမ်းခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ ဆက်၍သွားပါ။ တေန၊ ထိုတောအုပ်ခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွားမိသည် ရှိသော်။ မဟန္တံ၊ အင်မတန်ကြီးကျယ်တဲ့။ နိန္နံ၊ အင်မတန် နက်ရှိုင်းတဲ့။ ပလ္လလံ၊ ညွန်ပျောင်းကြီးကို။ ဒက္ခိဿတိ၊ တွေ့လိမ့်မယ်တဲ့။

အဲဒီ တောအုပ်ကြီးက ကျော်သွားပြန်တော့ အဲဒီ ညွန်ပျောင်းကြီးတွေ့ပေတဲ့ ညွန်ပျောင်းလမ်းခရီးကို တွေ့နေတယ်လို့ မသွားဘဲ မနေပါနဲ့တဲ့၊ "တေန မုဟုတ္တံ ဂစ္ဆ-အဲဒီညွန်ပျောင်းကြီးထဲကိုဘဲ ဖြတ်သွားပါတဲ့။

အဲဒီညွန်ပျောင်းခရီးဖြင့်ခေတ္တခဏမျှ သွားမယ်ဆိုရင်-ဒက္ခိဿတိ-ရှေ့ကျတော့တခါတွေ့လိမ့်မယ်။ ဘာတွေ့မလဲ၊ သောဗ္ဘံ ပပါတံ-ထုံးအိုင်ကမ်းပါးပြတ်တခါတွေ့မယ်။

ထုံးအိုင်ကမ်းပါးပြတ်တွေ့ရင် နောက်ပြန်မလာနဲ့၊ အဲဒီ ထုံးအိုင်ကမ်းပါးပြတ်ထဲဘဲ တခါဖြတ်သွား။

"တေန မုဟုတ္တံ ဂစ္ဆ"။ ။တေန၊ ထိုထုံးအိုင်ကမ်းပါးပြတ်ကြီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ ဆက်လက်၍သွားပါလော့။ တေန၊ ထိုထုံးအိုင်ကမ်းပါးပြတ်ကြီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ ဆက်၍သွားသည်ရှိသော်။ ရမဏီယံ၊ အင်မတန် ပျော်မွေ့စရာကောင်းတဲ့။ သမဘူမိဘာဂံ၊ အင်မတန် ညီညွတ်တဲ့မြေပြင်ကြီးကို။ ဒက္ခိဿတိ၊ တွေ့လိမ့်မည်လို့-မြတ်စွာဘုရားက ဒီလိုဥပမာပြတယ်။

ဥပမာခေါ မျာယံ တိဿ ကတာ အတ္ထဿ ဝိညာပနာယ"။

တိဿ၊ ချစ်သားတိဿ။ (မျာ-ယံ မေ+အယံ) မေ၊ ငါဘုရားသည်။ အတ္ထဿ၊ အနက်အဓိပ္ပါယ်ကို။ ဝိညာပနာယ၊ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား သိခြင်းအကျိုးငှါ။ အယံဥပမာ၊ အဲဒီဥပမာစကားကို။ ကတာ၊ ပြုလုပ်ပြဆို၍ပြီးပြီ။

## မဂ်လမ်းမသိသူမှာ ပုထုဇဉ်သာ

"အယံ စေတ္ထ အတ္ထော"။ ။အယံ၊ဤဆက်၍ဟောတော်မူအပ်သော တရားတော်သည်ကား။ ဧတ္ထ၊ ဤဥပမာစကားရပ်၌။ အတ္ထော၊ ပရမတ္ထသဘာဝကိုသိကြောင်းဖြစ်သောအနက်ပေတည်း။ ရှေ့ကျတော့ ဘုရားက ဘာဆက်ပြသလဲ၊ ခုနက ယောကျ်ားနှစ်ယောက်အနက်-

"အမဂ္ဂ ကုသလော ပုရိသောတိ ခေါ တိဿ ပုထုဇ္ဇနဿေတံ အဓိဝစနံ"။

လမ်းမသိတဲ့ယောကျ်ားဆိုတာ ပုထုဇဉ်ကိုခေါ်တာတဲ့။

## မဂ်လမ်းသိသူမှာ ဘုရားသာ

"မဂ္ဂကုသလောတိ ခေါ တိဿ တထာဂတဿေ တံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

တိဿ၊ ချစ်သားတိဿ။ မဂ္ဂကုသလောတိဧတံ၊ လမ်းခရီး၌ လိမ်မာကျွမ်းကျင်သော ယောကျ်ားဟူသည်။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ဆရာမကူ သယမ္ဘူ ဉာဏ်စွမ်းဖြင့် ကိုယ်တိုင်သိမြင်တော်မူထသော၊ (ဝါ) ကိုယ်တိုင် သိမြင်တော်မူသည်ဖြစ်၍။ အရဟတော၊ လူနတ်ဦးခိုက် ပူဇော်ထိုက်သော။ တထာဂတဿ၊ရှေးဘုရားရှင်တို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ အဓိဝစနံ၊ သိစရာဖြစ်တဲ့ အမည်ပေတည်း။

## မဂ်လမ်းသိ ဆိုထိုက်သူများ

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က လမ်းပြတဲ့ ယောကျ်ားလို့ ပါဠိတော်မှာ ဒီလိုဟောလိုက်တာကတော့ဖြင့် ပဓာနနည်း,ဥက္ကဋ္ဌနည်း အားဖြင့် သာပြတယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး မရှိတဲ့နောက်မှာ မြတ်

စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ နည်းနာနိဿယတွေကို လက်ထပ်မကွာ ရတော်မူလိုက်ကြတဲ့လမ်းကို သေသေချာချာသိတော်မူကြတယ်လို့ ဆိုတဲ့ ရဟန္တာ ပုဂ္ဂိုလ်အရှင်ကောင်းအရှင်မြတ်တွေ,အနာဂါမ်ပုဂ္ဂိုလ်အရှင်ကောင်း အရှင်မြတ်တွေ, သကဒါဂါမ် ပုဂ္ဂိုလ် အရှင်ကောင်း အရှင်မြတ်တွေ, သောတာပန်ပုဂ္ဂိုလ် အရှင်ကောင်း အရှင်မြတ်တွေ, ပိဋကတ်သုံးပုံကို ကျွမ်းကျင်တော်မူတဲ့ ဆရာတော် သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေ,ပိဋကတ်နှစ်ပုံကို ကျွမ်းကျင်တော်မူတဲ့ ဆရာတော် သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေ, ပိဋကတ်တပုံကို ကျွမ်းကျင်တော်မူကြတဲ့ ဆရာတော် သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေ, မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နိကာယ်ငါးရပ် ပါဠိတော်တို့၌ ကျွမ်းကျင်လိမ်မာလို့ ဗဟုသုတများတော်မူကြတဲ့ ဆရာတော် သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေဟာလဲဘဲ လမ်းခရီး၌ ကျွမ်းကျင်လိမ်မာတဲ့ လမ်းပြသမား, လမ်းသိယောကျ်ားတွေပါဘဲလို့ ဒီနေရာမှာ ဒီလိုမှတ်ရမယ်။

လမ်းမသိတဲ့ သူကတော့ ပုထုဇဉ်, လမ်းသိတဲ့ယောကျ်ားဆိုတာ ဘယ်သူ့ကိုပြောတာလဲလို့ဆိုတော့ မြတ်စွာဘုရားလို့. ဒီမှာ—

"တထာဂတဿေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ"။

သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူသည်ဖြစ်၍ သစ္စာလေးပါးတရားကို ကိုယ်တော်တိုင် သိတော်မူသောကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ရဲ့ ပူဇော်ဦးခိုက်ခြင်းကို ခံတော်မူထိုက်တဲ့ ရှေးဒီပင်္ကရာ, တဏှင်္ကရာ, မေဓင်္ကရာ အစရှိတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တွေနဲ့ အတူ လာခြင်းကောင်းတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လမ်းပြယောကျ်ားဟူ၍ မှတ်ပါ,တဲ့၊ ဒါ–ဥက္ကဋ္ဌနည်းနော်၊ ခုနကပြောခဲ့တဲ့အတိုင်းပေါ့။

နောက်–ဒိပြင် တရားပြနေတဲ့ ဆရာတော် သံဃာတော်အရှင်ကောင်း အရှင်မြတ်တွေ, ပိဋကတ်သုံးပုံ၌ ကျွမ်းကျင်တော်မူသော ဆရာတော် သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေ, သောတာပန် သကဒါဂါမ်

အနာဂါမ် ရဟန္တာဖြစ်တဲ့ ဆရာတော် သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေ, ဒီပုဂ္ဂိုလ်တွေပေါ့၊ အဲဒါတွေဟာလဲဘဲ လမ်းပြတဲ့ ပုဂ္ဂိုလ်တွေဘဲ လမ်း၌ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေဘဲ။

## ခရီးခွနှစ်ဖြာ ဝိစိကိစ္ဆာ

ပြတဲ့လမ်း သွားလိုက်တဲ့အခါကျတော့ ဘာတွေမလဲ "ဒက္ခိဏာသိ ဒွေဓာပထံ" = လမ်းနှစ်ခွကိုတွေ့မယ်၊ "ဒွေဓာပထန္တိ ခေါ တိဿ ဝိစိကိစ္ဆာ ယေတံ အဓိဝစနံ"- ယထာဘူတဉာဏ်ကလေးကိုရရင် အာနာပါနဝါယော လေဓာတ်ရုပ်ပရမတ်သဘာဝတရားကိုအားထုတ်တဲ့အခါ ငါအားထုတ်နေတဲ့ တရားဟာ ဟုတ်မှဟုတ်ပါ့မလားလို့ ဝိစိကိစ္ဆာဖြစ်လာမယ်၊ လမ်းနှစ်ခွ ရောက်တယ်ဆိုတာ ဝိစိကိစ္ဆာရဲ့ သဘောပါ"တဲ့။

အဲဒီလို လမ်းနှစ်ခွကိုရောက်လာတယ်ဆိုတော့ ဟိုနေရာကပေါ်လာပြန်ပြီ၊ ဒီနေရာကပေါ်လာပြန်ပြီ၊ ငါ ဟိုနေရာလိုက်ရကောင်းမလား၊ ဒီနေရာ လိုက်ရကောင်းမလား၊ ဒီနေရာဖြင့် ငါရပ်နေရကောင်းမလား၊ ဒါဘဲဆက် ရှုရကောင်းမလား၊ ဟိုနေရာဘာရေးတခု ပေါ်လာပြန်ပြီ၊ ဒါရှုပါလို့လဲ သူများပြောသံကြားဘူးတယ်၊ ဒါဆက်ရှုရကောင်းမလား၊ အဲဒီလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ တရားရှုနေတဲ့ အခါကာလ ကျတော့ ရှုနေရင်း ကိုယ်ခန္ဓာကနေပြီးတော့ တရားတွေက အမျိုးမျိုးရှိလေ တော့ ဝါယောဓာတ်ကို လုပ်နေပေမဲ့ ပထဝီဓာတ်သဘောတွေ ပေါ်ချင်ပေါ်မယ်၊ တေဇောဓာတ်သဘောတွေ ပေါ်ချင်ပေါ်မယ်၊ အာပေါဓာတ် သဘောတွေ ပေါ်ချင်ပေါ်လာမယ်ပေါ့။

> တေဇောဓာတ်သဘောတွေ ပေါ်လာမယ်ဆိုရင် ရှိမ်းရှိမ်း ရှိမ်းရှိမ်း ရိပ်ရိပ်ရိပ်ရိပ်နဲ့ ဒီလိုပေါ်လာတယ်။
>
> အာပေါဓာတ်သဘောတွေ ပေါ်လာမယ်ဆိုရင် စေးခဲစေးထိုင်း ထိုင်းကြီးတွေ ဖြစ်လာတယ်။
>
> ပထဝီဓာတ်သဘောတွေ ပေါ်လာမယ်ဆိုရင် ပေါ့ချင်ပေါ့ နေမယ်၊ လေးချင်လေးနေမယ်၊ တင်းချင်တင်းနေမယ်၊ တောင့် ချင်တောင့်နေမယ်-စသည်ဖြင့် အဲဒီလိုဟာတွေ ပေါ်လာတယ်။

ဒီလိုဟာတွေ ပေါ်လာတဲ့အခါကျတော့ ပေါ်လာတာနဲ့ တပြိုင်နက်တည်း ယောဂီပုဂ္ဂိုလ်က (ဩော်) တိုးတဲ့သဘော တွန်းတဲ့သဘောလေးကိုသိနေရင်း, ရှုနေရင်းကနေပြီးတော့ ဒီသဘောတွေ ပေါ်လာပြန်ပြီ၊ ငါဟာ တိုးတဲ့သဘော, တွန်းတဲ့သဘောကိုဘဲ ဆက်ရှုရရင် ကောင်းမလား၊ သို့မဟုတ် ဟိုနေရာ ဒီနေရာက ရှုရှု ရှုရှု မှုမှု မှုမှု စစ်စစ် စစ်စစ် ပေါ်လာတဲ့သဘောတရားတွေကိုဘဲ ဆက်ပြီးတော့ လိုက်ရှုရ ကောင်းမလားနဲ့ အဲဒီလိုပဌမပေးထားချက်ဖြစ်တဲ့ မူလအာရုံကို မရှုတော့ဘဲ ရပ်ပြီးတော့ ဟိုလမ်းလိုက်ရကောင်းမလား, ဒီလမ်းလိုက်ရ ကောင်းမဟားလို့ မဆုံးဖြတ်နိုင်တဲ့သဘောပေါ်လာပါရော၊ ဒီတော့ ဝိစိကိစ္ဆာဖြစ်လာရော။

"ဒွေဓာပထဿ ခေါ တိဿ ဝိစိကိစ္ဆာ ယေတံ အဓိဝစနံ"

အဲဒီမှာ လမ်းနှစ်ခွတွေ့တယ်၊ တွေ့ကြုံဖြစ်ပေါ်နေတဲ့ ပထဝီ တေဇော အာပေါ ဆိုတဲ့ ဓာတ်သဘောတွေကိုလဲ ဝါယောဓာတ် အမှန်သဘောလေးကို ပွားများရှုမှတ်သလို ရှုမှတ်ပွားများလိုက်ပါ၊ အဲဒီလို ဆက်သွားပါတဲ့၊ ဒီမှာရပ်တန့်မနေနဲ့ ပထဝီ တေဇော အာပေါ ဆိုတဲ့ ဓာတ်သဘာဝ အမှန်ကလေးကိုသိပြီးလျှင် မကြာမီ ဝါယောဓာတ်အမှန်ကလေးအပေါ် အသိမှန်စိတ်ကလေး ပြန်လာလိမ့်မယ်၊ အဲဒါ လမ်းမှန်ဘဲ တွေ့သမျှ ရှုမှတ်ရမဲ့၊ ကိုယ့်လမ်းလေးသာ ကိုယ်သွား၊ ဒီနေရာဒီလမ်းက ယက်လမ်းမှုမလိုက်နဲ့ ကိုယ့်လမ်းလေးသာကိုယ်သွားပါတဲ့။

လက်ဝဲလမ်းမှား မိစ္ဆာမဂ္ဂင် ၈-ပါး

ဒီနေရာမှာ လက်ဝဲနဲ့လကျာ ဘုရားရှင်ကိုယ်တော်မြတ် ခွဲထားတော်မူတဲ့အခါကာလကျတော့ လက်ဝဲလမ်း လကျာလမ်းလို့ဆိုတာ ဘယ်လိုခွဲသွားသလဲလို့ ဆိုရင်ဖြင့်—

"ဝါမောမဂ္ဂေါတိ ခေါ တိဿ အဋ္ဌဂိကဿေတံ မိစ္ဆာမဂ္ဂဿ အဓိဝစနံ၊ သေယျထိဒံ၊ မိစ္ဆာဒိဋ္ဌိယာ မိစ္ဆာသင်္ကပ္ပဿ မိစ္ဆာဝါစာယ မိစ္ဆာကမ္မန္တဿ မိစ္ဆာ အာဇီဝဿ မိစ္ဆာဝါယာမဿ မိစ္ဆာသတိယာ မိစ္ဆာ သမာဓိယာ"။

ဒီ-မိစ္ဆာမဂ္ဂင်ရှစ်ပါးဟာ လက်ဝဲလမ်းဘဲ၊ မိစ္ဆာမဂ္ဂင်ရှစ်ပါးလို့ဆိုတာ ဘယ်လိုဖြစ်လာသလဲ၊ ပဌမ-မှန်ဘာကလေးကိုလွှတ်ပြီးတော့ ဟို-နောက် ပေါ်လာတဲ့ အပြင်အာရုံကိုဖြစ်စေ, အတွင်းအာရုံကိုဖြစ်စေ, မိမိကိုယ်ဖြစ်စေ, အရိပ်အရောင်ပြတဲ့ သဘောနောက်ကို တကျော, ဒိဋ္ဌိတွေနဲ့ ယောင်ပြီးတော့ လိုက်သွားမိရင် ဒီနေရာမှာတော့ဖြင့် ဒါ-လက်ဝဲ လမ်းလို့ပြတယ်။

## လက်ျာလမ်းမှန် သမ္မာမဂ္ဂင် ၈-တန်

လက်ျာလမ်းဆိုတာ ကိုယ်ယူနေကျဖြစ်တဲ့ ရှုမှတ်ပွားများတဲ့လမ်း၊ တိုးတဲ့သဘော မူလသိထားချက်ဖြစ်တဲ့ ပရမတ်အာရုံပေါ်မှာ တခါတည်း စိတ်ကိုမရွှေ့ပြောင်းဘဲနဲ့ အဲဒီလိုရှုနေတဲ့သဘောကို ဒါ-သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဘုန်းကြီးတို့ ဟိုအလုပ်ပေးတဲ့အခါမှာ မဂ္ဂင်ရှစ်ပါး သွင်းထားသလိုပေါ့နော်၊ ဒီတရားကတော့ ဒီက ဒကာကြီးတွေ အကုန်လုံး အလုပ်ပေးတရားက ထပ်ကာထပ်ကာနာပြီးသား ဖြစ်လေတော့ အဲဒီမှာ မဂ္ဂင်ရှစ်ပါးသွင်းထားလို့ အဲဒါလက်ျာလမ်းဘဲ၊ အဲဒီလက်ဝဲလမ်းကို လွှတ်ပြီးတော့ လက်ျာလမ်းကိုလိုက်ပါလို့ ပြောလိုက်တာလိုဘဲ၊ လက်ဝဲလမ်းကို လွှတ်ပြီးတော့ လက်ျာလမ်းဖြစ်တဲ့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ရှစ်ပါးလမ်း၊ အဲဒီ-ဘက်ကိုလိုက်။

## တောအုပ်ကြီးပိတ်ကာ အဝိဇ္ဇာ

အဲဒီလိုလိုက်တဲ့အခါကျတော့ တခါ ဘာတွေ့မလဲ၊ စ-အားထုတ်ကာ စဖြစ်တဲ့ အင်မတန်နူးညံ့သိမ်မွေ့တဲ့ သုခုမရုပ်တွေဖြစ်တဲ့ ဝါယော ရုပ်ကိုလဲ ပိုင်ပိုင်နိုင်နိုင် အာရုံက မယူနိုင်သေးတဲ့အတွက် ဘာတွေမှမသိဘဲနဲ့ အပြင်အာရုံကိုလဲ စိတ်ကမရောက်၊ အတွင်းအာရုံကိုလဲ စိတ်ကမရောက်၊ ဒီအာရုံ နိမိတ်လဲ စိတ်ကမရောက်၊ မူလပေးထားချက်ဖြစ်တဲ့ ပရမတ်အာရုံပေါ်မှာလဲ စိတ်ကမရောက်ဘဲနဲ့ ထင်ရှားရှိတဲ့သဘောပေါ်မှာ မရောက်ဘဲနဲ့ပေါ့လေ၊ နိမိတ်ပညတ်၏ သဘောကို ရောက်ပြီးတော့ တိုးတဲ့သဘော, တွန်းတဲ့သ

ဘောဆိုဒါ ဝါယောဓာတ်မှာမရှိပါဘူး စသောအားဖြင့် အမှားသို့ရောက် သွားတတ်တယ်။ ဒီတော့ ဘာမှမတွေ့ဘဲ တခါတည်း ဒီလိုပိတ်နေတတ် သေးတယ်၊ အဲဒီလိုပိတ်နေတဲ့ သဘောဟာ "တိမ္ဗဝနသဏ္ဍ" အင်မတန်ထူ ထပ်တဲ့ တောအုပ်ကြီးရောက်နေပြီလို့ မှတ်။

"တိမ္ဗော ဝနသဏ္ဍောတိ ခေါ တိဿ အဝိဇ္ဇာ-ယေတံ အဓိဝစနံ"။

တိဿ၊ ချစ်သားတိဿ....။ တိမ္ဗော ဝနသဏ္ဍောတိတော်နာမံ၊ အင်မတန်ထူထပ်တဲ့ တောအုပ်ကြီး ဟူသော ဤ အမည်သည်။ အဝိဇ္ဇာယ၊ တွေ့ဝေမိုက်မဲသော သဘောရှိသည့် မောဟတရား ၏။ အဓိဝစနံ၊ အမည်ပေတည်း။

အဝိဇ္ဇာ-မမှန်တာတွေသိတာ၊ အ-မဟုတ်၊ ဝိဇ္ဇာ-သိ၊ မမှန်တာမဟုတ် တာကို သိတဲ့သဘောကို အဝိဇ္ဇာလို့ခေါ်တယ်၊ အဲဒီ-မမှန်တာ မဟုတ် တာတွေ လျှောက်သိနေတာ အဲဒါ-အဝိဇ္ဇာ။

## ညွန်ဘွက်အလား ကာမတရား

အဲဒီ-အဝိဇ္ဇာဆိုတဲ့ ထူထပ်တဲ့တောအုပ်ကြီးကို ရောက်နေပြန်ရင်လဲဘဲ စိတ်မပျက်နဲ့ ဆက်ပြီးတော့သွား၊ "တေနမုဟုတ္တံ ဂစ္ဆ"။ တေန၊ ထိုလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားလိုက်ပါဦး။ အဲဒီ-အဝိဇ္ဇာတောကိုဘဲ ဖြတ် ပြီးတော့ ဝါယောဓာတ် အမှန်သဘောလေးကို ဝိပဿနာရှုလျက် ခဏ္တ ခဏ သွားလိုက်ဦးမယ်ဆိုရင်ဖြင့် "ဒက္ခိဿသိ မဟန္တံ နိန္နံ ပလ္လလံ" အင်မ တန်နိမ့်ရှိုင်းတဲ့ အင်မတန်ထူထပ်တဲ့ အင်မတန်ကြီးကျယ်တဲ့ ညွန်ပျစ်ကြီး နှင့် တခါသွားပြီးတော့တွေ့မယ်ဆိုတော့ အဲဒီမှာ-ဘာတွေဖြစ်သလဲ။

"မဟန္တံ နိန္နံ ပလ္လလန္တိ ခေါ တိဿ ကာမာနမေတံ အဓိဝစနံ"။

"တိဿ၊ ချစ်သားတိဿ....။ မဟန္တံ နိန္နံ ပလ္လလန္တိတော်နာမံ၊ ညွန်ပျစ်ကြီးဟူသော ထိုအမည်သည်။ ကာမာနံ၊ ဝတ္ထုကာမ ကိလေသကာမတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

နှစ်သက်စရာတွေနဲ့ သွားတော့၊ တရားက သိပ်နှစ်သက်နေတာကိုး။

ငါ့တရားတော့ သိပ်ကောင်းနေပြီ၊ ကိုယ်ကလေးကလဲ ပေါ့လို့၊ ရှုလိုက်ပြန်တော့လဲ ဘယ်နေရာကို ရှုလိုက်ရှုလိုက် ဒက်ခနဲဒက်ခနဲ၊ ရှုကွက်က အင်မတန်ကောင်းနေပြီ၊ ဟိုတုန်းကလို သိပ်ပြီးတော့ ကြောင့်ကြတွေလဲ မစိုက်ရတော့ဘူး၊ အခုတော့ သိပ်ပြီးတော့လဲ အားမထုတ်ရတော့ဘူး၊ ဘယ်နေရာကို ရှုလိုက်ရှုလိုက်၊ ရှုလိုက်ရင်ဘဲ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမဆိုတဲ့ အချက်ဟာ ဒက်ခနဲ ဒက်ခနဲ တခါတည်းတထပ်တည်းကျ၊ ဟာ-သိပ်သက်သာ၊ သိပ်ကောင်းနေတာဘဲ။

တရားကိုရှုလို့ သိပ်ကောင်းနေတာဘဲ၊ တရားမှာ ကောင်းတာ မကောင်းတာမရှိဘူးလို့ ဘုန်းကြီးပြခဲ့တယ် မဟုတ်လား....(တင်ပါ့ဘုရား)။

တရားမှာ ကောင်းတာ မကောင်းတာ ရှိသလား....(မရှိပါဘုရား)၊ဘာရှိသလဲ....(မှန်တာသာ ရှိပါတယ်ဘုရား)။

မှန်တာဘဲရှိတယ်နော်၊ မှန်တာကို တရားလို့ခေါ်တယ်၊ တရားဆိုတာ ဘာခေါ်လဲလို့ဆိုရင် မှန်တာကိုတရားလို့ခေါ်တယ်၊ အဲဒီမှန်တဲ့အမှန်ကို ကိုယ်ကကောင်းတယ် မကောင်းဘူး လုပ်နေရင် "ကာမာနုမေတံ အဓိဝစနံ" =ကာမတရား ဖြစ်ပြန်တော့မယ်-နောက်ကိုနော်။

## ကမ်းပါးပြတ်နှင့်တူလှ ကောဓုပါယာသ

အဲဒီ-ကာမတရားကိုလဲ ဝိပဿနာရှုမှတ်လိုက်ပါ၊ ထို့နောက် တိုးတဲ့သဘော,တွန်းတဲ့သဘော ပရမတ်အာရုံပေးထားချက် ဖြစ်တဲ့သဘောတရားကိုသာလျှင် ပြန်ပြီးတော့ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အညထာဘာဝ အချက်တွေ အဲဒါတွေကို ကြည့်ကြည့်ပြီးတော့ တဖြေးဖြေး ရှုရှုပြီး ဒီဝိပဿနာရှုနေတာဟာ ရှေ့ကိုဆက်ပြီးတော့ ခရီးသွားနေတာ၊ ရပ်မနေတာဘဲ တန့်မနေတာဘဲ၊ အဲဒီလို ရှုရှုပြီးတော့ သွားလို့ တဖြေးဖြေး ရှုသွားတဲ့အခါကျတော့ ဘာတွေ့မလဲ။

"ဒက္ခိဿသိ သောဗ္ဘံ ပပါတံ"။ ။သောဗ္ဘံပပါတံ၊ ချောင်းကော အင်းကောဆိုတဲ့ ထုံးအိုင် ကမ်းပါးပြတ်ကြီးကို။ ဒက္ခိဿသိ၊ မြင်လိမ့်လတ္တံ့။

တခါတရံမှာတော့ ရွှေမှာတွေ့တတ်တဲ့ လမ်းစဉ်တွေ ဘုရားပြနေတယ် နော်-ကမ်းပါးပြတ်ကြီး၊ သောဗ္ဘ-ဆိုဒါ ချောင်းကောသွားတဲ့အင်းကော သွားတဲ့ တုံးအိုင်ပေါ့၊ ပပါတဆိုဒါ ကမ်းပါးစောက်ကြီး၊ အဲဒီ ထုံးအိုင် ကမ်းပါးစောက်ကြီး ထုံးအိုင်ကမ်းပါးပြတ်ကြီးနဲ့ တားထားတာ တခါတွေ့ မယ်၊ ကာမနေရာမှာလဲ ကာမကိုကျော်လွှန်အောင် သွားရမယ်နော်။

အဲဒီ-ကာမကို မကျော်လွှန်ရင်ဖြင့် မာရ်နတ်ကြီးချထားတဲ့ ပဌမခံတပ် ကြီးကို ကျုပ်တို့တတွေ မကျော်လွှန်နိုင်ဘဲ နေမယ်၊ ဒါကို ဟို-မဟာ ပဓာနသုတ်မှာ ဘုရားက ဘာပြသလဲ။

> "ကာမာ တေ ပဌမာ သေနာ"။ ။ကာမာ၊ ဝတ္ထုကာမ, ကိလေသကာမ ထိုနှစ်ဝတို့သည်။ ကာမာ၊ လိုချင်တွယ်တာမှု, နှစ် သက်နေမှုဆိုတဲ့ ကာမသဘောတရားတို့သည်။ တေ၊ သင်မာရ် နတ်ကြီး၏။ ပဌမာသေနာ၊ ပဌမတပ်မတော်ကြီးပါပေတည်း။

ကျုပ်တို့ဒီတပ်ကို ကျော်သွားရမယ်၊ တပ်ကြီးဆယ်တပ် ချထားတယ် ဆိုတာ ရှိတယ်မဟုတ်လား။

> [နောင်-အကြောင်းသင့်တဲ့အခါကျတော့ အဲဒီ-မဟာပဓာန သုတ္တန်ကိုလဲ ဘုန်းကြီး ဟောပါဦးမယ်နော်၊ ဒီ-မဟာပဓာန သုတ္တန်ဆိုတာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များရဲ့ သိစရာတွေ, ဆင်ခြင်စရာတွေ, လမ်းခရီးမှာ ဆူးငြောင့်ခလုတ် ထိစရာတွေ, အင် မတန်ပေါများတဲ့ အန္တရာယ်တွေကိုကွက်ကွက်ကွင်းကွင်းမြင်အောင် ပြထားတဲ့ သုတ္တန်ကြီးတခုပါ၊ ခုဒ္ဒကနိကာယ်မှာလဲ ဟောထားတာ ရှိပါသေးတယ်နော်၊ ဒီ-မဟာပဓာနသုတ္တန်ကတော့ ဂါထာတွေ ချည်းဘဲလိုလို အဲ-အတော်များများပါတယ်၊ အဲဒါ နောက် အ ကြောင်းသင့်ရင် ဘုန်းကြီးဟောပေးပါဦးမယ်။]

အဲဒီလို ကာမတပ်မတော်ကြီးကို လွှန်မြောက်ပြီးတော့ ရှေ့ကိုခတ္တဲ့ ဆက်သွားလိုက်တဲ့အခါမှာ "တေန မုဟုတ္တံ ဂစ္ဆ" ။တေန၊ထိုလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ ဆက်သွားလိုက်တဲ့အခါမှာ,ဆက်၍ သွားလိုက် မယ်ဆိုရင် ဘာဖြစ်သလဲ၊ "ဒက္ခိဿသိ သောဗ္ဘံ ပပါတံ" အင်မတန်ကြီး

ကျယ်တဲ့ ချောင်းကောကမ်းပါးပြတ်ကြီး ကမ်းပါးစောက်ကြီးကိုသွားတွေ့မယ်၊ ချောင်းကောကမ်းပါးပြတ်ကြီးကိုတွေ့ရင် နောက်တော့ပြန်မလှည့်နဲ့၊ ဒီနေရာဟာ အင်မတန်လှန်ချင်တဲ့နေရာနော်။

ခုနက-ကာမနေရာနဲ့ ဒီနေရာဟာ အင်မတန် လှန်ချင်တဲ့နေရာ၊ ဒီနေရာကတော့ အတက်အဆင်းကို မြတ်စွာဘုရားပြနေတာ၊ အဋ္ဌကထာကတော့ မဖွင့်ဘူး၊ သို့သော်လဲဘဲ ဘုန်းကြီးထင်တာကတော့ဖြင့် ဒီနေရာကို ဘုရားဆက်ပြနေတာဟာ ကာမရာဂနဲ့ ဗျာပါဒကို ပယ်လှန်ဘို့ရန်အတွက် အနာဂါမ်စခန်းကိုပြနေတယ်လို့ ဒီလိုယူဆစရာ အကြောင်းရှိပါတယ်၊ အဲဒီမှာ နော်-သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်သတ်တဲ့သောတာပန်အခန်း, သကဒါဂါမ်အခန်း—နောက်ကပြခဲ့တဲ့အခန်းတွေမှာ အဝိဇ္ဇာကို လှပ်လိုက်သည်နှင့် တပြိုင်နက်သက္ကာယဒိဋ္ဌိတို့ သွားပြီလို့ ဆိုလိုပါတော့-နော်။

အဲဒီနေရာမှာ ခုနကပြောခဲ့တဲ့ အင်မတန် နက်ရှိုင်းတဲ ပလ္လလ-ဆိုတဲ့ ညွန်ပျောင်းကြီးနဲ့ ကာမ၊ အခုအင်မတန်ကြောက်စရာ ကောင်းတယ်ဆိုတဲ့ ပပါတကမ်းပါးပြတ်ကြီးကို ပြနေပါတယ်။

> "သောဗ္ဘော ပပါတောတိ ခေါ တိဿ ကောဓုပါယာသဿေ တံ အဓိဝစနံ"
>
> "တိဿ၊ တိဿ။ သောဗ္ဘော ပပါတောတိ တော်၊ ထုံးအိုင်ကမ်းပါးပြတ်ဟူသော ဤအမည်သည်။ ကောဓုပါယာသဿ၊ အမျက်ထွက်ခြင်း, ပြင်းစွာပူပန်ခြင်းရဲ့။ အဓိဝစနံ၊ ထူးတဲ့အမည်တွေဘဲ"။

သဒိသူပစာရအားဖြင့် ကမ်းပါးပြတ်နဲ့တူတယ်။

> [အဲဒီ တူပုံတွေကိုတော့ဖြင့် ပြောဘို့ အင်မတန်ကောင်းတယ် ပေါ့လေ၊ အဋ္ဌကထာက အဲဒါမဖွင့်ပါဘူး၊ ဒီနေရာမှာတော့ဖြင့် ကမ်းပါးပြတ်နဲ့ (ဒေါသ), ကောဓ (ဥပနာဟ)နဲ့ ဘယ်လိုတူတယ်, ဥပါယာသနဲ့ ဘယ်လိုတူတယ်, ပြီးတဲ့အခါကျလို့ရှိရင် ကာမနဲ့ ခုနက ညွန်ပျောင်းကြီးနဲ့ ဘယ်လိုတူတယ်-ဆိုတာ အဋ္ဌကထာက ဒီနေရာမှာတော့ မဖွင့်ဘူး၊ ဟို-နောက်ဘယ်နေ့ကလဲ

ဘုန်းကြီးဟောလိုက်တဲ့ မူလပဏ္ဏာသပါဠိတော်မှာ လာတဲ့ ဝမ္မိကသုတ္တန်ကို ဟောတဲ့နေရာတုန်းကတော့ဖြင့် ဘယ်လိုကြောင့်တူတယ်ဆိုတာတွေဟာ ပါလာပါတယ်နော်၊ ဒါ-အဋ္ဌကထာကလဲ ဖွင့်ပြပါတယ်၊ ဒီနေရာမှာတော့ဖြင့် အဋ္ဌကထာက အထူးဖွင့်မပြတော့ဘူး၊ သိလောက်ပြီဆိုပြီးတော့ ထားပစ်ခဲ့တာနဲ့ တူပါတယ်၊ ဟောနေပြန်လဲ သိပ်ပြီးတော့ ရှည်ဝေးနေဦးမယ်ပေါ့လေ၊ ဒီတော့တရားအားထုတ်တဲ့ နေရာမှာ ရှောင်တတ်ရှားတတ်ရုံလောက် ရှိရင်ဖြင့်တော်လောက်ပါပြီ-နော်။

[ဒီနေရာမှာ ကာမရာဂနဲ့ ဗျာပါဒသဘောတရားကို ပြနေတာဟာဖြင့် ဒါဟာ သူ့ကိုကျော်လွန်အောင် ပြနေတာဖြစ်ပါသောကြောင့် အနာဂါမ်စခန်းကို ပြနေတာဘဲလို့ ဒီလိုမြွှော်မှန်းရတယ်၊ ဒီနေရာမှာတော့ နော်- အဋ္ဌကထာကတော့ဖြင့် ဒါ-အနာဂါမ်စခန်းကို ပြနေတာဘဲလို့ ဒီလိုတော့မဖွင့်ပါဘူး၊ အဋ္ဌကထာမဖွင့်တော့ ဋီကာကို ကြည့်ဘော့လဲ ဋီကာကလဲ ဘာမှခွဲပြီးမရေးတော့ပါဘူး။]

အဲဒီလို တရားအားထုတ်နေရင်း အခုနကနှစ်သက်မှုတွေကို တွေ့နေသလိုအင်မတန်ရှုလို့ ကောင်းနေရင်းက ဟာ-ဘာခါတရံမှာ ရှုလို့မကောင်းပြန်ဘူးဆိုတော့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမ အချက်ကိုရှုလို့ဘယ့်နှယ်ဖြစ်ပါလိမ့်မလဲ၊ လက်ဦးအကောင်းသားနဲ့ ခုဘယ်လိုဖြစ်သလဲ၊ ငါ့ဉစ္စာတွေ ဟုတ်မှဟုတ်ကဲ့လား၊ တရားတွေများ လျော့ကုန်ပလားဆိုပြီး ဟော-ကောခနဲ့ ဥပါယာသတရားတွေဟာ ဖြစ်လာတယ် "ကောဓုပါယာသသောတံ အဓိဝဇနံ"။

## မြေညီမြေမှန် ပြည်နိဗ္ဗာန်

အဲဒီလို တရားတွေဖြစ်သာရင်လဲ စိတ်မပျက်ပါနဲ့၊ အားမငယ်ပါနဲ့အဲဒီပေါ်လာတဲ့ စိတ်ဆိုးစိတ်ပျက်တွေကိုလဲ ဝိပဿနာရှုလျက် ဆက်ပြီးသွားပါဦးတဲ့ ဘုရားက၊ အဲဒီလိုဆက်ပြီး ရှေ့ကိုသွားတဲ့အခါ "တေန

မုဟုတ္တံ ဂစ္ဆ”။ ။တေန၊ ထိုစိတ်ပျက်စရာကောင်းတဲ့လမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ ဆက်၍သွားဦး။

ဆက်၍သွားဦးမယ်ဆိုရင်ဖြင့် “တေန မုဟုတ္တံ ဂန္တွာ ဧကို့ဿသိ သမံ ဘူမိဘာဂံ ရမဏီယံ” ဆက်၍ သွားဦးမယ်ဆိုရင်ဖြင့် အင်မတန်ညီညွတ်တဲ့, ပျော်မွေ့ဘွယ်ရာကောင်းတဲ့ မြေပြင် မြေပြန့် မြေကောင်း အင်မတန်ပျော်စရာကောင်းတဲ့ နေရာကိုတွေ့မယ်, ရောက်မယ်၊ အဲဒါက ဘာကိုပြောတာလဲ ဆိုတော့-

“သမော ဘူမိဘာဂေါ ရမဏီယောတိ ခေါ တိဿ နိဗ္ဗာနဿေတံ အဓိဝစနံ”

တိဿ၊ ချစ်သားတိဿ....။ သမောဘူမိဘာဂေါ ရမဏီယော တိ တော် နာမံ၊ အင်မတန်ညီညွတ်ပြီး မွေ့လျော်ဘွယ်ကောင်းတဲ့ မြေပြင် မြေပြန့် မြေကွက်ဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ အသင်္ခတဓာတ် မြတ်လှစွာသော နိဗ္ဗာန်တရားမွန်၏။ အဓိဝစနံ၊ အမည်ပေတည်း”။-

လို့ နိဗ္ဗာနသေစွာ နိဗ္ဗာန်ကိုပြတယ်နော်။

## တရားမွေ့လျှင် ချမ်းသာတွေ့မယ်

အဲဒီ-သုတ္တန်ဒေသနာတော် တခုကို မြတ်စွာဘုရားရှင် ပြပြီးတဲ့အခါကျတော့မှ“အဘိရမ တိဿ,အဘိရမ တိဿ”။ ။တိဿ၊ ချစ်သားတိဿ၊ အဘိရမ၊ သာသနာတော်၌ပျော်ပျော်ပိုက်ပိုက်နဲ့ မွေ့လျော်စွာနေပါလော။ သာသနာတော်မှာ ပျော်ပျော်ပိုက်ပိုက်နဲ့ မွေ့လျော်စွာ နေပါ။ အဟမောဝါဒေန၊ ငါဘုရားရှင် ကိုယ်တော်မြတ်သည် သင့်ကိုဆုံးမပြီးပြီ။ အဟမနုဂ္ဂဟေန၊ ငါဘုရားသည် သင့်ကိုချီးမြှောက်ပြီးပြီ။ အဟမနုဿာသနိယာ၊ ငါဘုရားသည်သင့်ကို အကြိမ်ကြိမ် အဖန်ဖန် အဆုံးအမကို ပေး၍ ပြီးပြီ။ အဲဒီအဆုံးအမ၌ သင်တည်ရင်ဖြင့် သမဘူမိဘာဂဖြစ်တဲ့ မွေ့လျော်ဘွယ်ရာကောင်းတဲ့ အင်မတန်ညီညွတ်တဲ့ မြေပြင်မြေပြန့်နဲ့ တူတဲ့ အဝိဇ္ဇာ တည်းဟူသော တောအုပ်ကို ကျော်လွန်ပြီးတော့ တဏှာတည်းဟူသော ညွှန်ပျောင်းကြီးကို ကျော်လွန်ပြီးတော့ ကမ်းပါးပြတ်ကြီး တည်းဟူသော

ကောဓ, ဉပယာသတရားတွေကို လွန်မြောက်ပြီးသကာလ မြေပြင်မြေပြန့်နဲ့ တူတဲ့ အသင်္ခတဓာတ် မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာမြတ်ကို သင် ချစ်သားသည် "ဒိဋ္ဌေဝ ဓမ္မေ ပရိနိဗ္ဗာယိဿသိ" ဤမျက်မှောက်ဘဝ၌ပင်လျှင် နိဗ္ဗာန်ချမ်းသာကိုပင် သင်ခံစားရမယ်။

မြတ်စွာဘုရားက တမလွန်ကျိုးမပြုဘူးနော်၊ ဒီနေရာမှာ မျက်မှောက်ဘဝမှာရမယ်၊ "ဒိဋ္ဌေဝ ဓမ္မေ ပရိနိဗ္ဗာယိဿသိ" မျက်မှောက်ဘဝမှာ သင်ချမ်းသာကိုရမယ်၊ မျက်မှောက်ဘဝမှာ သင်ပျော်မယ်၊ အဲဒီလို ပျော်တဲ့ အပျော်မျိုးမှသာလျှင် ဘယ်အပျော်နဲ့မှမတူတဲ့ ကာမချမ်းသာနဲ့ ပျော်တာမျိုးနဲ့မတူဘဲ၊ ဈာန်ချမ်းသာနဲ့ပျော်တဲ့အပျော်မျိုးနဲ့မတူဘဲ၊ မဂ်ချမ်းသာနဲ့ ပျော်တဲ့အပျော်မျိုးနှင့်မတူဘဲ၊ ဖိုလ်ချမ်းသာနဲ့ ပျော်တဲ့အပျော်မျိုးနှင့် မတူဘဲ နိရောဓဆိုတဲ့ အပျော်မျိုးကြီးပျော်ပြီးသကာလ သင်ချစ်သားသည် သာသနာတော်မှာ မွေ့လျော်စွာ နေရလိမ့်မယ်။

အဲဒီလိုမြတ်စွာဘုရား ဟောကြားတော်မူတဲ့အခါ အရှင်တိဿမထေရ်သည် "အဘိနန္ဒုန္တိ" အလွန်နှစ်သက်ဝမ်းမြောက်ပြီးသကာလ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဒေသနာတော်ကို ရိုသေစွာ ခံယူမှတ်သားပြီး တော့–"ဧကော ဝူပကဋ္ဌော"– တယောက်တည်း တရားအားထုတ်တဲ့အခါမှာ "အညတရော အရဟာ ဟောတိ"–ရဟန္တာတပါး အပါအဝင်ဖြစ်လို့ အသင်္ခတဓာတ် မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာကိုမျက်မှောက်ပြုရပါတယ်၊ ဤသုတ္တန်တရားဒေသနာကို အကြောင်းပြုပြီး တရားအားထုတ်တဲ့ အခါကာလမှာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရလေပြီ။

## နိဂုံးဆုပေး

ဤသို့ အစိန္တေယျ လောကထွတ်တင် သဗ္ဗညုမြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်သည်အရှင်တိဿမထေရ်ကို အကြောင်းပြု၍ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ထေရဝဂ်လာ တိဿသုတ္တန်ဒေသနာတော်ကို သင်ဒကာ ဒကာမတွေ ရိုသေစွာနာခံမှတ်သားရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့ကြောင့်ရင်း, သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်ကို ကောင်းမွန်ရိုသေစွာ ခံယူဆောက်တည်ရခြင်း တည်းဟူသော သီလ

ကုသိုလ်ကံ စေတနာတို့ကြောင့်ရင်း, လစဉ် နိစ္စဘတ် ဆွမ်းကျွေးအလှူ ပြုလုပ်ခဲ့ရသော ယခုနတ်တော်လဆန်း (၁)ရက်နေ့မှာ မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်အရှင်ကောင်းအရှင်မြတ် သုံးဆယ်တို့အား မုန့်ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းရခြင်း, လူဒကာ ဒကာမအပေါင်းတို့အား ကျွေးမွေး လှူဒါန်းရခြင်း တည်းဟူသော ဒါနကုသိုလ်ကံစေတနာ, မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တိဿသုတ္တန်တရား တေပရိဝဋ္ဋ ဒေသနာတော်ကို ရိုသေစွာနာခံမှတ်သားရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာ ဤသို့ပေါင်းအပ်များမြတ်သော ကုသိုလ်ကောင်းမှုကံ စေတနာအပေါင်း တို့ကြောင့် သင်ဒကာ ဒကာမတို့မှာ ဤပစ္စုပ္ပန် လောကဘ္ဘ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ချမ်းသာကြီးခြင်း, ဉာဏ်ပညာကြီးခြင်း, ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း အစရှိကုန်သော အလုံးစုံသော ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့ တနေ့တခြား တိုးပွားကြကုန်သည်ဖြစ်၍ ဤမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်၏သာသနာ တော်မြတ်အတွင်း၌—

သင်-ဒကာ, ဒကာမတို့၏ သန္တာန်ဝယ် ဖြစ်ခဲ့ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်သတ်နိုင်အောင် ကြိုးစား၍ ပွားများ အားထုတ်နိုင်ခြင်းတည်းဟူသော သမ္မပ္ပဓာန်လုံ့လ။

သင်-ဒကာ,ဒကာမတို့၏သန္တာန်ဝယ်မဖြစ်သေးသောအကုသိုလ် တရားတို့ကိုမဖြစ်အောင်တားဆီးနိုင်ခြင်း တည်းဟူသောသမ္မပ္ပဓာန် လုံ့လ။

သင်-ဒကာ,ဒကာမတို့၏ သန္တာန်ဝယ် မဖြစ်ဘူးသေးကုန်သော ကုသိုလ်တရားတွေကို ဖြစ်အောင် ကြိုးစားပွားများအားထုတ် နိုင် ခြင်း တည်းဟူသော သမ္မပ္ပဓာန်လုံ့လ။

သင်-ဒကာ,ဒကာမတို့၏ သန္တာန်ဝယ် နောက်ကဖြစ်ခဲ့ကုန်ပြီး သော ဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်

များ တည်နေအောင်, ပွားများအောင် အားထုတ်နိုင်ခြင်းတည်း ဟူသော သမ္မပ္ပဓာန်လို့လ။—

ဤလေးပါးသော သမ္မပ္ပဓာန်လို့လတို့ သင်-ဒကာ, ဒကာမတွေမှာ ကိုယ်စီကိုယ်င ကြရှိကုန်သည်ဖြစ်၍ ဘုရားအစရှိကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့သည် ယခု တိဿသုတ္တန်မှာလာသော အရှင်တိဿမထေရ် မြတ်နှင့် တကွ အရိယာ သူတော်ကောင်းတို့သည် ကောင်းစွာ ထိုးထွင်း၍ သိမြင်တော်မူအပ်သော—

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း,
(၂) သမုဒယသစ္စာကို ပယ်ခွာနိုင်ခြင်း,
(၃) နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်း,
(၄) မဂ္ဂသစ္စာကို ပွားများနိုင်ခြင်း,—

တည်းဟူသော မင်္ဂကိစ္စလေးချက် တပြိုင်နက် ကိစ္စပြီးကြကုန်သည့် ဖြစ်၍ အရှင်တိဿမထေရ်နှင့်တကွ ဘုရားအမှူးရှိကုန်သောအရိယာအပေါင်း သူတော်ကောင်းတို့ ကိန်းအောင်းမွေလျော် ရှင်ပျော်ကြွသွားရာဖြစ်သော အရဟတ္တမဂ်,အရဟတ္တဖိုလ်,နိဗ္ဗာန်ကို လျင်မြန်ဆဲစွာ မျက်မှောက်ပြုလွယ် နိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

တိဿသုတ္တန် တရားတော် ပြီး၏။

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသရ

# အပြင်အာရုံရှင်းတမ်း

နှင့်

# ဝါသိဇ္ဇ သုတ္တန်တရားတော်

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၂)

---

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတသရ မထေရ်မြတ်သည် ၁၃၂၇-ခု၊ တပေါင်းလဆန်း ၁၁-ရက်နေ့ (၂-၃-၆၆) ညအချိန်၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျောက်ကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာပါဠိတော်ဟောစဉ် အမှတ်(၂)ဖြစ်သော ဤ "ဝိပဿနာအာရုံရှင်းတမ်း" နှင့် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ပုပ္ဖဝဂ်၌ လာသော "ဝါသိဇဋသုတ္တန် တရားတော်" ကို ဟောကြားတော်မူသည်။

# အပြင်အာရုံ ရှင်းတမ်း

## ဝိပဿနာ သင်တန်းပေးနေဒါ

တရားပွဲက ဝိပဿနာအလုပ်ပေးတရားကို ဟောကြားနေဒါ ဖြစ်တဲ့အတွက် အလုပ်ပေးပုံ ပေးနည်းကိုသာ အခု-ဒီတရားပွဲမှာ တရားအဖြစ်ဖြင့် ဟောကြားနေဒါဖြစ်ပါတယ်၊ အဲဒီတော့-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဝိပဿနာအလုပ်ကို လုပ်ရတယ်လို့ ဆိုဒါဟာ နှုတ်က ပေးလိုက်တဲ့ အပေးမျိုးတင်မဟုတ်ဘဲနဲ့ ကိုယ်တိုင်ဉာဏ်နဲ့ တွေ့အောင် ပညာနဲ့သိအောင် အလုပ်လုပ်ပြီးတော့ ပေးတဲ့ ဝိပဿနာအလုပ်ပေးတရားအလုပ်ကို ပဌမညက ပေးထားတဲ့ ပေးထားချက်အတိုင်း ဒီ-ကမ္မဋ္ဌာန်းအာရုံမှာ နှလုံးသွင်းပြီးတော့ ဟောပြောတဲ့ ပေးတဲ့အလုပ်ကို နှုတ်နဲ့ပြောတာလောက် မဟုတ်ဘဲနဲ့ အသိဉာဏ်နဲ့ ဒီ-ဝိပဿနာအလုပ်ကို တခါထဲ ခံယူပြီးတော့ သွားရမယ်။

အခု-ဒီဓမ္မာရုံကြီးအတွင်းမှာကတော့ ဝိပဿနာအလုပ်ကို လုပ်နေဒါ မဟုတ်သေးဘူး၊ ဝိပဿနာအလုပ်ကို လုပ်တတ်အောင်လို့ နည်းယူဒါဘဲ ရှိသေးတယ်၊ အဲဒီလို-အလုပ်ကို လုပ်တတ်အောင်လို့ နည်းယူဒါ, နားထောင်နေဒါကိုဘဲ တကယ်အလုပ်လုပ်ပြီးတော့ တရားအားထုတ်နေဒါလို့ထင်နေတဲ့အတွက် ဘုန်းကြီးက ပြန်ပြီးတော့ မေးတဲ့အခါမှာ အချို့က သမာဓိပျက်မှာစိုးလို့ဆိုပြီး ဘုန်းကြီးကမေးဒါကို ပြန်ပြီးတော့ မဖြေကြဘူး၊ အဲဒါ-ဒီအခါမှာ တကယ်ကမ္မဋ္ဌာန်းခွင်ကို ဝင်ပြီးတော့, အလုပ်ခွင်ကို ဝင်ပြီးတော့ အလုပ်လုပ်နေဒါ မဟုတ်သေးဘဲ သင်တန်းပေးနေဒါ ဖြစ်တဲ့အတွက် ကိုယ်သိရင် သိသလိုတော့ ပြန်ပြောနေရမယ်၊ နောက် ဒါမှ တကယ့်ကို ဝိပဿနာခွင်ကို ဝင်ပြီးတော့ အလုပ်လုပ်တဲ့အခါကျတော့ ဒီလို-ပြန်ပြီးတော့ ပြောနေဘို့မဟုတ်တော့ပါဘူး။

ဝိပဿနာအလုပ်ထဲမှာ စိတ်ကိုစိုက်ပြီးတော မေးခွန်းတွေကို ဖြေနေဒါဟာလဲဘဲ မိမိ ဒီ-အလုပ်ကို စည်းကမ်းတကျ စနစ်တကျ ဒီ-အလုပ်ကို ရသွားဒါဖြစ်ပါတယ်၊ အဲဒါကြောင့် ဘုန်းကြီးက မေးတဲ့အခါမှာလဲဘဲ

ကိုယ်သိသလိုတော့ ပြန်ပြီးတော့ အဖြေပေးနေမှအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအတွက် ပိုပြီးတော့ ဝိပဿနာအလုပ်ဟာ ထင်ထင်ထင်ရှားရှား ဉာဏ်နဲ့တကယ်တွေ့မှာပါ၊ အဲဒါကြောင့် ဘုန်းကြီးက ပရိကမ်ပြုတဲ့ စာရွက်ထဲမှာပါတဲ့ အပိုဒ်ကလေးများကို တိုင်ချပေးမယ်၊ အားလုံးက လိုက်ဆိုကြ။

(မှတ်ချက်။ ။ပရိကမ်ပြုနည်း အစီအစဉ်မှာ ပဌမညက ဟောစဉ်အတိုင်း ဖြစ်ပါသည်။)

ပဌမနေ့ညက ပေးထားချက်ဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်အာရုံကလေးကို ထပ်ပြီး အာရုံပြုကြပါ၊ အဲဒီ-ပရမတ်အာရုံကို အာရုံပြုလိုက်တဲ့အခါ အမျိုးကောင်းသားတွေရော အမျိုးကောင်းသမီးတွေပါ တိုးတဲ့သဘော,တွန်းတဲ့သဘောကို ဉာဏ်နဲ့တွေ့သလား၊ မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

အသက်ရှူတိုင်းရှူတိုင်း တိုးတဲ့သဘော, တွန်းတဲ့ သဘောကလေးကို အမျိုးကောင်းသားတွေရော, အမျိုးကောင်းသမီးတွေရော တွေ့ကြသလား၊ မတွေ့ကြဘူးလား....(တွေ့ကြပါတယ်ဘုရား)။

## လမ်းစဉ် ၃-ချက်

ဒါ-ပဌမနေ့ည ဝိပဿနာအလုပ်ပေးတရားကိုဟောခဲ့စဉ်အခါ ကာလက အဲဒီ- အမှန်သဘောကလေးကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသိအောင်ဆိုပြီးတော့ ရှာပေးပြီးတော့၊ အလုပ်လုပ်လိုက်တာ၊ ဒါလေးကို သိနေဒါဟာ အမှန်ကိုသိနေဒါဘဲ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကို သိနေဒါဟာ ပရမတ်ကိုသိနေဒါဘဲ၊ တရားကိုသိနေဒါဘဲ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကို သိနေဒါဟာ အမှန်ကိုသိနေတဲ့အတွက် သမ္မာဒိဋ္ဌိဖြစ်နေတယ်၊ တိုးတဲ့သဘော, တွန်းကန်တဲ့ သဘောအမှန်ကို သိနေတဲ့အတွက် ပညာဖြစ်နေတယ် ဆိုဒါကိုတော့ ပဌမနေ့ညက ရှင်းပေးခဲ့ပြီးပြီ၊ အခု-ဒီနေ့ ဒုတိယညကျတော့ ဝိပဿနာတရားကို အား

ထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဝိပဿနာတရားကို အားထုတ်ရင်း တွေ့ရမဲ့ လမ်းစဉ် သုံးချက်ရှိတယ်၊ တွေ့ရမဲ့ လမ်းစဉ်ဘယ်နှစ်ချက်ရှိသလဲ....(သုံးချက်ရှိပါတယ်ဘုရား)။

ဝိပဿနာတရားကို အားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ တရားအားထုတ်ရင်း တွေ့ရမဲ့လမ်းစဉ် တွေ့ရမဲ့ အချက် ၃-ချက်၊ အဲဒီ အချက် ၃-မှာ—

(၁) ပဌမအချက်က အပြင်အာရုံကိုတွေ့ရမယ်၊ မတွေ့လို့ ဖြစ်ကိုမဖြစ်ဘူး၊ တွေ့ရမယ်။

(၂) ဒုတိယအချက်က အတွင်းအာရုံတဲ့၊ အဲဒါကို တွေ့ရမယ်၊ မတွေ့လို့မဖြစ်ဘူး။

(၃) တတိယအချက်က နိမိတ်၊ နိမိတ်ဆိုဒါကတော့ တွေ့တဲ့ပုဂ္ဂိုလ်မှတွေ့တယ်၊ မတွေ့တဲ့ပုဂ္ဂိုလ်က မတွေ့ဘူး၊ များသောအားဖြင့်တော့ နိမိတ်တွေ့တဲ့ပုဂ္ဂိုလ်က များပါတယ်၊ အချို့အဲဒီနိမိတ်ကို မတွေ့ဘူး။

အဲဒီလို ဝိပဿနာတရားကို အားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ တွေ့ရမဲ့လမ်းစဉ်သုံးချက်ကို တချက်စီတချက်စီ ရှင်းတမ်းပေးသွားမှာဖြစ်တဲ့အတွက် ဒီကနေ့ဒုတိယညမှာတော့ ဝိပဿနာတရားကို အားထုတ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း တွေ့ရမဲ့ ပဌမအချက်ဖြစ်တဲ့ အပြင်အာရုံရှင်းတမ်းပေးရပါမယ်။

## အပြင်အာရုံစိတ်ရောက်

အဲဒီလို– အပြင်အာရုံကို ရှင်းတမ်း ပေးရမယ်ဆိုတဲ့ နေရာမှာလဲဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများတို့ရဲ့ ဉာဏ်ပေါ်မှာသာ မူတည်ပြီးတော့ ရှင်းတမ်းပေးလိုပါတယ်၊ အဲဒါကြောင့်မို့လို့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့ အခါမှာ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ်ကို မနောဝိညာဏ်နဲ့သိပြီးတော့ ပညာနဲ့ပိုင်းခြားပိုင်းခြား ပြီးတော့

အလုပ်လုပ်နေတဲ့အချိန်မှာ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ တနာရီလောက်ထိုင်ပြီးတော့ တရားအားထုတ်မယ်ဆိုရင် တနာရီလုံးလုံး အဲဒီ-ပေးထားချက်ဖြစ်တဲ့ ဝါယောလေခါတ် ရုပ်ပရမတ် အာရုံခေါ်တဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောပေါ်မှာ တနာရီလုံးလုံး နေသလား၊ မနေဘူးလား၊ မနေဘူး၊ နေရဲ့လား....(မနေပါဘုရား)။ မနေတော့ အဲဒီစိတ်က ဘယ်သွားသလဲ.... (အပြင်ဘက်ကို သွားပါတယ်ဘုရား)။

အပြင်ဘက်ဆိုတာ ဘယ်နေရာတွေလဲ၊ တရားထိုင်ပြီးတော့ အားထုတ်လိုက်သည်နှင့်တပြိုင်နက်ထဲတိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကိုအာရုံပြုနေရင်းက နေပြီးတော့ ဟော-ကိုယ်ရောက်ဘူးတဲ့နေရာတွေ, ကိုယ်သွားဘူးလာဘူးတဲ့နေရာတွေ, ကိုယ်လုပ်ဘူးကိုင်ဘူးတဲ့ အလုပ်အကိုင်တွေ, ကိုယ်တွေ့ဘူးမြင်ဘူးတဲ့ ပုဂ္ဂိုလ်တွေ, ကိုယ်တွေ့ဘူးမြင်ဘူးတဲ့ အာရုံတွေဆီကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ဟာ ရောက်သွားသလား၊ ရောက်မသွားဘူးလား....(ရောက်သွားပါတယ်ဘုရား)။

## တိုးတဲ့တွန်းတဲ့သဘောဟာ အမှန်သာ

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ အဲဒီလို အပြင်အာရုံတွေကိုရောက်သွားတဲ့အခါ အပြင်အာရုံတွေကို ရောက်သွားဒါဟာ ကောင်းသလား၊ မကောင်းဘူးလား ...(မကောင်းပါဘုရား)။

အဲဒီလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်အပြင်အာရုံကို ရောက်သွားတာဟာ ဘာဖြစ်လို့ မကောင်းတာလဲဆိုတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ကလေးက တိုးတဲ့သဘော တွန်းတဲ့သဘောကလေးနဲ့နေတဲ့ အချိန်မှာ တိုးတဲ့သဘော,တွန်းကန်တဲ့သဘောလေးကိုချည်းသိနေတဲ့အချိန်မှာဒီတိုးတဲ့သဘော,တွန်းတဲ့သဘောကလေးဟာ ဝိပဿနာအလုပ်ပေးတရားကို ဟောစဉ်အခါ ကာလတုန်းက ပြောခဲ့သလို နှစ်သက်စရာလေးလဲ မဟုတ်ဘူး၊ မနှစ်သက်စရာလေးလဲမဟုတ်ဘူး၊ ဘာကလေးလဲလို့ဆိုတော့ အမှန်သဘောကလေးသာသူ့မှာ ရှိတယ်။ ဘာသာရှိသလဲ....(အမှန်သဘောသာရှိပါတယ်ဘုရား)။

## နှစ်သက်မနှစ်သက်ကင်းလျှင် အကုသိုလ်ဖြစ်ခွင့်မရ

(၁) တိုးတဲ့သဘော,တွန်းတဲ့သဘောကလေးကနှစ်သက်စရာလဲ မဟုတ်ဘူးလို့ဆိုတော့ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို နှစ်သက်ပြီးတော့ မနေဘူး၊ နှစ်သက်ပြီးမနေတော့ လောဘဆိုတ်သုဉ်းနေတယ်၊ လောဘဆိုတဲ့ အကုသိုလ်ဖြစ်ခွင့် မရဘူး။

(၂) တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကိုမနှစ်သက်စရာလေးလဲ မဟုတ်တဲ့အတွက် တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို သိနေရဒါဟာ မနှစ်သက်မှုတွေလဲ မဖြစ်ဘူး၊ အဲဒီလို မနှစ်သက်မှု မဖြစ်တဲ့အခါမှာ ဒေါသဆိုတဲ့တရားဟာ ဆိတ်သုဉ်းနေတယ်၊ ဒေါသဟာဖြစ်ခွင့်မရဘူး။

(၃) အမှန်ကိုသိနေတဲ့အတွက် မောဟဆိတ်သုဉ်းနေတယ်၊ မောဟ အကုသိုလ်လဲ ဖြစ်ခွင့်မရဘူး။

အဲဒီလို÷အကုသိုလ်မူလကြီး ၃-ခု ဆိတ်သုဉ်းနေတာကို, ဆိတ်သုဉ်းနေပုံကို အလုပ်ပေးတရားကိုဟောတဲ့နေ့တုန်းက ရှင်းပေးခဲ့ပြီးပြီ၊ ဒါကိုအခု ထပ်ပြီးတော့ပြောရတာကတော့ တိုးတဲ့သဘော, တွန်းတဲ့သဘော ဖြစ်တဲ့ အမှန်ကလေးကို သိနေစဉ်အခါမှာ အကုသိုလ်တွေ ဆိတ်သုဉ်းနေပေမဲ့ အကုသိုလ်တွေဖြစ်ခွင့်မရပေမဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့စိတ်ဟာ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေး ပေါ်ကနေပြီးတော့ အပြင်အာရုံဆိုတဲ့ပဌမညာကပြောလိုက်တဲ့အတိုင်းကိုယ်လုပ်ဘူးကိုင်ဘူးဒါတွေ, ကိုယ်တွေ့ဘူးမြင်ဘူးဒါတွေနဲ့ သွားပြီးတွေ့လိုက်တဲ့အခါ အပြင်အာရုံကိုရောက်သွားတယ်လို့ ခေါ်ပါတယ်၊ အဲဒီလိုအပြင်အာရုံကို ရောက်သွားတဲ့အခါမှာ နှစ်သက်စရာနဲ့ တွေ့ချင်တွေ့မယ်၊ မနှစ်သက်စရာနဲ့လဲ တွေ့ချင်တွေ့မယ်၊ အပြင်အာရုံကိုစဉ်းစားကြည့်မယ်ဆိုရင် များသောအားဖြင့် နှစ်သက်စရာနဲ့ မနှစ်သက်စရာ နှစ်မျိုးအပြင် တခြားရှိသေးသလား၊မရှိဘူးလား....(မရှိပါဘုရား)။

နှစ်သက်စရာဖြစ်ချင်ဖြစ်မယ်၊ မနှစ်သက်စရာဖြစ်ချင်ဖြစ်မယ်၊ ကိုယ်ကြိုက်တဲ့အာရုံဖြစ်ချင်ဖြစ်မယ်၊ ကိုယ်မကြိုက်တဲ့ အာရုံဖြစ်ချင်ဖြစ်မယ်၊ ကိုယ်ကြိုက်တဲ့အာရုံနဲ့ ကိုယ်မကြိုက်တဲ့အာရုံ နှစ်မျိုးအပြင် တခြားအာရုံတွေရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

## လောဘတရား ပြိတ္တာအဆောင်များ

ကြိုက်တဲ့အာရုံနဲ့တွေ့နေရင်ကြိုက်နေမယ်, နှစ်သက်နေမယ်ဆိုရင်လောဘဖြစ်ခွင့်ရသွားပြီ၊ ဘာဖြစ်ခွင့်ရသွားသလဲ.... (လောဘဖြစ်ခွင့်ရသွားပါတယ်ဘုရား။

လောဘဖြစ်ခွင့်ရသွားတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ လောဘနဲ့တွဲသလား၊ မတွဲဘူးလား....(တွဲပါတယ်ဘုရား)။

လောဘနဲ့တွဲတဲ့စိတ်ကို လောဘစိတ်လို့ခေါ်တယ်၊ ဘာလို့ခေါ်သလဲ....(လောဘစိတ်လို့ခေါ်ပါတယ်ဘုရား)။

လောဘစိတ်ဟာ ဘယ်ကိုဆောင်သလဲ.... (အပါယ်ပြိတ္တာဘုံကိုဆောင်ပါတယ်ဘုရား)။

> "ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ"

> ဟိ၊ လောဘစိတ်ပြိတ္တာဘုံသို့ ပို့ဆောင်တတ်၏– ဟူသောစကားသည် မမှားကေန်မှန်လှပါ၏။ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တဏှာယ၊ လိုချင်တပ်မက်မှု လောဘဆိုတဲ့ တဏှာကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံဘဝသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရလေကုန်၏။

လို့ ကျမ်းဂန်များမှာ မိန့်ဆိုတဲ့အတိုင်း လောဘနဲ့တွဲတဲ့စိတ်ဟာ များသောအားဖြင့် အပါယ်လေးပါးတွင်ပါဝင်တဲ့ ပြိတ္တာဘုံကိုဆောင်တယ်၊ ဒါဖြင့် လောဘနဲ့တွဲတဲ့စိတ်ဖြစ်နေရတာ ကောင်းသလား၊ မကောင်းဘူးလား....(မကောင်းပါဘုရား)။

အဲဒီလို- လောဘနဲ့ တွဲတဲ့စိတ်ဖြစ်နေရဒါ မကောင်းဘူးလို့ ဆိုဒါ ဘယ်အာရုံနဲ့တွဲလို့လဲ....(အပြင်အာရုံနဲ့ တွဲလို့ပါဘုရား)။

နှစ်သက်စရာဖြစ်တဲ့ အပြင်အာရုံနဲ့ တွဲမိတဲ့အတွက် လောဘစိတ်ဖြစ်ရတယ်၊ အဲဒါကြောင့် အပြင်အာရုံကို စိတ်ရောက်သွားဒါဟာ မကောင်းဘူးလို့မှတ်၊ နှစ်သက်စရာရှိတဲ့အာရုံကို စိတ်ရောက်တာ ကောင်းသလား၊ မကောင်းဘူးလား....(မကောင်းပါဘုရား)။

ဘာဖြစ်လို့ မကောင်းသလဲလို့ဆိုရင် လောဘ ဖြစ်ခွင့်ရတဲ့အတွက် မကောင်းဘူး၊ဟော-မနှစ်သက်တဲ့အာရုံနဲ့ တွေ့နေပြန်ရင်, မကြိုက်တဲ့အာရုံနဲ့ တွေ့နေပြန်ရင် အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများမှာ ကိုယ်မကြိုက်တဲ့အာရုံနဲ့ ကိုယ်မနှစ်သက်တဲ့အာရုံနဲ့ တွေ့တဲ့အခါဒေါသဖြစ်ခွင့် ရမလား၊ မရဘူးလား....(ရပါတယ်ဘုရား)။

## ဒေါသတရား ငရဲအဆောင်များ

ဒေါသဖြစ်ခွင့်ရတော့ ဒေါသနဲ့အမျိုးကောင်းသားများ,အမျိုးကောင်း သမီးများရဲ့ စိတ်နဲ့မတွဲဘူးလား....(တွဲပါတယ်ဘုရား)။

တွဲတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ ဒေါသ ဖြစ်နေသလား၊ ဖြစ်မနေဘူးလား....(ဖြစ်နေပါတယ်ဘုရား)။

ဒေါသစိတ်ဖြစ်နေရင် ဒီ ဒေါသစိတ်က ဘယ်ကိုဆောင်သလဲ....(ငရဲဘုံကို ဆောင်ပါတယ်ဘုရား)။

> "ဒေါသေန ဟိ စဏ္ဍဇာတိကတာယ ဒေါသသဒိသံ နိရယံ ဥပပဇ္ဇန္တိ"။

ဟိ၊ ဒေါသစိတ် ငရဲသို့ပို့ဆောင်တတ်၏ ဟူသော စကားသည် မမှားကေန် မှန်လှပါ၏။ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဒေါသေ၊ အမျက်ဒေါသကြောင့်။ စဏ္ဍဇာတိကတာယ၊ ကြမ်းတမ်းသောသဘောရှိသဖြင့်။ ဒေါသသဒိသံ၊ ဒေါသနှင့် အလားတူစွာ။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ရလေကုန်၏—

လို့ ကျမ်းဂန်များမှာ ညွှန်ပြတဲ့အတိုင်း ဒီဒေါသနဲ့ ယှဉ်တဲ့စိတ်သည် အများအားဖြင့် ငရဲကိုဆောင်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ငရဲကိုသွားချင်သလား၊ မသွားချင်ဘူးလား....(မသွားချင်ပါဘုရား)။

မသွားချင်ရင် ဒေါသဖြစ်ခွင့်မပေးနဲ့၊ဒါဖြင့် အပြင်အာရုံကိုစိတ်ပျံ့လွင့်ဒါဟာ ကောင်းသလား၊ မကောင်းဘူးလား....(မကောင်းပါဘုရား)။

ဘာဖြစ်လို့မကောင်းသလဲဆိုရင် လောဘဖြစ်ခွင့်ရလို့၊ဒေါသဖြစ်ခွင့်ရလို့၊ အဲဒီ-အပြင်အာရုံတွေကို စိတ်ရောက်သွားတဲ့အခါမှာ အမှန်သဘောကလေးကို သိနေတယ်ဆိုတဲ့ ပရမတ်အာရုံကနေပြီးတော့ ပညတ်အာရုံကို ပြောင်းသွားသလား၊ ပြောင်းမသွားဘူးလား....(ပြောင်းသွားပါတယ်ဘုရား)။

## မောဟတရား တိရစ္ဆာန်အဆောင်များ

တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ဝါယောလေဓာတ်ရုပ်ပရမတ်အာရုံကနေပြီးတော့ အပြင်အာရုံဖြစ်တဲ့ ပညတ်တွေ ဘက်ကို ပြောင်းသွားရင် အမှန်-သိကို သိအုံးမလား၊ မသိဘူးလား.... (မသိပါဘုရား)။

အမှန်ကိုမသိရင်အဝိဇ္ဇာဝင်သလား၊မဝင်ဘူးလား....(ဝင်ပါတယ်ဘုရား)။ အဲဒီလို မောဟအဝိဇ္ဇာဝင်လာရင် မောဟအဝိဇ္ဇာဖြစ်ခွင့် ရသွားသလား၊ ရမသွားဘူးလား....(ရသွားပါတယ်ဘုရား)။

အဝိဇ္ဇာတည်းဟူသော မောဟဖြစ်ခွင့် ရသွားရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်သည် အဝိဇ္ဇာဆိုတဲ့ မောဟနဲ့ သွားတွဲသလား၊ မတွဲဘူးလား....(တွဲပါတယ်ဘုရား)။

တွဲရင် ဒီ-စိတ်ဟာဘာစိတ်ဖြစ်သလဲ ...(မောဟစိတ်ဖြစ်ပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့တွဲလို့ အဝိဇ္ဇာစိတ်လို့လဲခေါ်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မောဟဆိုတဲ့ အဝိဇ္ဇာနဲ့ယှဉ်တဲ့ စိတ်ဟာ ဘယ်ကို ဆောင်မလဲ ...(တိရစ္ဆာန်ဘုံကို ဆောင်ပါတယ်ဘုရား)။

"မောဟေန ဟိ နိစ္စံ သံမုဠှ် တိရစ္ဆာနယောနိယံ ဥပပဇ္ဇန္တိ"။

ဟိ၊ မောဟစိတ် တိရစ္ဆာန်ဘုံသို့ ပို့ဆောင်တတ်၏– ဟူသော စကားသည် မမှားကေန် မှန်လှပါ၏။ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ မောဟေန၊ မောဟကြောင့်။ နိစ္စံသံမုဠှ်၊ အမြဲ တွေဝေလျက်နေသော။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်ဘုံဘဝသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ရလေကုန်၏။–

လို့ ကျမ်းဂန်များမှာ ညွှန်ပြတဲ့အတိုင်း အများအားဖြင့် တိရစ္ဆာန် အဖြစ်မျိုးကို ဆောင်မယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များက သွားချင်သလား၊ မသွားချင်ဘူးလား.... (မသွားချင်ပါဘုရား)။

မသွားချင်ရင် မောဟဖြစ်ခွင့်မပေးနဲ့၊ အဲဒီလို မောဟဖြစ်ခွင့်မပေးနိုင် အောင် အပြင်အာရုံကို စိတ်မပျံ့လွင့်စေနဲ့၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အပြင်အာရုံကို စိတ်ရောက်တဲ့အတွက် ကောင်း သလား၊ မကောင်းဘူးလား....(မကောင်းပါဘုရား)။

ဘာပြုလို့ မကောင်းသလဲဆိုရင် လောဘဖြစ်ခွင့်ရလို့ မကောင်းဘူး၊ ဒေါသဖြစ်ခွင့်ရလို့ မကောင်းဘူး၊ မောဟဖြစ်ခွင့်ရလို့ မကောင်းဘူး၊ အကုသိုလ် မူလကြီး ၃-ခု ဖြစ်ခွင့်ရလို့မကောင်းဘူး၊ အဲဒီလို မကောင်း တော့ အမျိုးကောင်းသမီးများ, အမျိုးကောင်းသားများက အပြင်အာရုံ ကို စိတ်ရောက်သွားရင် ရောက်မှန်းသိသလား၊ မသိဘူးလား.... (သိပါ တယ်ဘုရား)။

## အာရုံထိန်းရာ အကောင်း ၅ ချက်

(၁) တရားအားထုတ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်း သားတိုင်း၊ တရားအားထုတ်တဲ့ အမျိုးကောင်းသမီးတိုင်း အမျိုး ကောင်း သမီးတိုင်းမှာ အပြင်အာရုံကို စိတ်ရောက်သွားရင် အပြင်အာရုံကို စိတ်ရောက်သွားပြီး, အပြင်အာရုံမှာ စိတ်ရောက် နေပြီ-လို့ ဆိုဒါကို သိသလား၊ မသိဘူးလား ... (သိပါတယ် ဘုရား)၊ လက်တချောင်းချိုးထား။

(၂) အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အပြင်အာရုံကို စိတ်ရောက်သွားတော့ ရောက်မှန်းသိတော့ ပြန်ခေါ်သလား၊ မခေါ်ဘူးလား .... (ခေါ်ပါတယ်ဘုရား)၊ လက်တချက်ချိုးထား။

(၃) အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အပြင်အာရုံကို ရောက်နေတဲ့စိတ်ကို ပြန်ခေါ်တော့ စိတ်က–ကိုယ်ပြန်ခေါ်တဲ့နောက်ကို ပြန်လာရဲ့လား၊ မလာဘူးလား.... (လာပါတယ်ဘုရား)၊ လက်တချက်ချိုးထား။

(၄) ပြန်လာတဲ့စိတ်ကို တိုးတဲ့သဘော, တွန်းတဲ့သဘော ဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ် အာရုံပေါ်မှာ ပြန်ထားသလား၊ မထားဘူးလား .... (ထားပါတယ်ဘုရား)၊ လက် တချက်ချိုးထား။

(၅) အဲဒီလိုထားလိုက်တော့ စိတ်က တိုးတဲ့သဘော, တွန်းတဲ့သဘောပေါ်မှာ အခိုက်အတန့်အားဖြင့် နေသလား၊ မနေဘူးလား.... (နေပါတယ်ဘုရား)၊ လက်တချက်ချိုးထား။

ဘယ်နှစ်ချက်ရသလဲ.... ၅–ချက် မရဘူးလား.... (ရပါတယ်ဘုရား)၊ ၅-ချက်ရတယ်။

အဲဒီ ၅–ချက် ရလာတာဟာ အကောင်းရလာဒါလား၊ အဆိုးရလာဒါလား....(အကောင်းရလာဒါပါဘုရား)၊ အကောင်းရလာဒါ။

## ကလေးငယ် ဥပမာ

ဒီနေရာမှာ ဘုန်းကြီးတို့ အလုပ်ပေးတရားပေးတိုင်း ပေးတိုင်း ပြောနေကျဖြစ်တဲ့ ဥပမာတခုရှိပါတယ်၊ အဲဒီဥပမာကလေးကို ဘုန်းကြီးပြောပြမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ စောင့်ရှောက်အပ် စောင့်ရှောက်သင့်တဲ့ သားငယ်, သမီးငယ်, တူ,တူမကလေးတွေ ရှိကြသလား၊ မရှိကြဘူးလား ...(ရှိကြပါတယ်ဘုရား)။

ဒီ-ကလေးငယ်တွေကို မိမိတို့က စောင့်ရှောက်ရမဲ့ တာဝန်, ထိန်းသိမ်းရမဲ့တာဝန်ရှိနေတော့ သူတို့ကို လိမ္မာရေးခြားရှိစေနိုင်တဲ့ နေရာမှာ ထားသလား၊ မထားဘူးလား... (ထားပါတယ်ဘုရား)။

ဘယ်မှာထားသလဲ.... (လိမ္မာရေးခြားရှိတဲ့နေရာမှာပါဘုရား)။

လိမ္မာရေးခြားရှိတဲ့နေရာဆိုဒါ အတတ်ပညာသင်ကြားရာ နေရာဌာနဖြစ်တဲ့ကျောင်းမှာ ထားတယ် ဆိုပါတော့-ဥပမာစကား၊ အဲဒီလို မိမိတို့ရဲ့ သားငယ်, သမီးငယ်, တူငယ်, တူမငယ်များကို ကျောင်းမှာ ထားဒါဟာ ကောင်းတဲ့နေရာမှာထားဒါလား၊ မကောင်းတဲ့နေရာမှာ ထားဒါလား.... (ကောင်းတဲ့နေရာမှာ ထားဒါပါဘုရား)။

မှန်တဲ့နေရာမှာ ထားဒါလား၊ မမှန်တဲ့နေရာမှာထားဒါလား....(မှန်တဲ့နေရာမှာ ထားဒါပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒီလိုမှန်ကန်တဲ့နေရာမှာ ထားဒါဟာ ကောင်းအောင်ထားဒါလား၊ မကောင်းအောင်ထားဒါလား....(ကောင်းအောင်ထားဒါပါဘုရား)။

အဲဒီလိုထားတော့ ကလေးက နေ့စဉ်ဘဲ မှန်မှန်သွားတော့ သွားနေသားဘဲ၊ အဲဒီလိုသွားနေတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ကောင်းတဲ့နေရာကိုသွားနေတယ်လို့ ထင်ပြီးတော့ နေ့တိုင်းနေ့တိုင်း သူသွားနေတဲ့နေရာကို လွှတ်နေသလား၊ လွှတ်မနေဘူးလား.... (လွှတ်နေပါတယ်ဘုရား)။

တခုနေ့သော အခါကျတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ အကျိုးစီးပွားကိုလိုလားတဲ့မိတ်ကောင်းဆွေကောင်းတယောက်က "မိတ်ဆွေ....မိတ်ဆွေရဲ့ သားကလေးဟာ, တူကလေးဟာဖြင့် ကျောင်းတက်တဲ့အချိန်မှာ ကျောင်းကိုမသွားဘူး၊ မကောင်းတဲ့နေရာမှာ မကောင်းတဲ့သူငယ်တွေနဲ့ ပူးပေါင်းပြီးတော့ မကောင်းတဲ့အလုပ်တွေလုပ်နေဒါကို ကျုပ်ကိုယ်တိုင်တွေ့ခဲ့ပါတယ်"လို့ပြောလာတဲ့အခါ ပြောလာတဲ့လူကိုအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက စိတ်ဆိုးမလား၊ ကျေးဇူးတင်မလား ... (ကျေးဇူးတင်ပါတယ်ဘုရား)။

## ကလေးထိန်းရာ၌ အကောင်း ၅-ချက်

ဒီလိုပြောပေးသူရှိတဲ့အတွက် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ကောင်းကျိုးကို လိုလားအပ်တဲ့ သူငယ်ဟာ မကောင်းတဲ့နေရာကို သွားနေတယ်လို့ဆိုဒါကို ပြောသူရှိတော့ သိရသလား၊ မသိရဘူးလား....(သိရပါတယ်ဘုရား)။

(၁) အဲဒီသူငယ် မကောင်းတဲ့နေရာကိုသွားနေတယ်လို့ ဆိုဒါကိုသိရဒါဟာ အမျိုးကောင်းသားများရဲ့ အတွက်ရော, အမျိုးကောင်းသမီးများရဲ့အတွက်ရော,ဒီကလေးရဲ့ အတွက်ရောကောင်းသလား၊ မကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)၊ လက်တချက်ချီးထား။

(၂) သူမကောင်းတဲ့နေရာသွားနေတယ်လို့ဆိုဒါ သိသလား၊ မသိဘူးလား....(သိပါတယ်ဘုရား)၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒီလိုမကောင်းတဲ့နေရာမှန်း သိလျက်သားနဲ့ "နေပါစေတော့ သွားချင်သွားပါစေတော့"ဆိုပြီး ဒီသူငယ်ကိုပြန်ခေါ်မလား၊ မခေါ်ဘူးလား.... (ပြန်ခေါ်ပါ့မယ်ဘုရား)၊ ခေါ်မှကောင်းမှာလား၊ မခေါ်ဘဲထားမှ ကောင်းမှာလား.... (ခေါ်မှ ကောင်းပါ့မယ် ဘုရား)။ ခေါ်ကော ခေါ်ရဲ့လား.... (ခေါ်ပါတယ်ဘုရား)၊ လက်တချက်ချီးထား။

(၃) ခေါ်တော့ သူငယ်လေးက ပြန်လာရဲ့လား၊ မလာဘူးလား.... (လာပါတယ်ဘုရား)၊ လာမှ ကောင်းမှာလား၊ မလာဘဲနေမှ ကောင်းမှာလား....(လာမှ ကောင်းမှာပါဘုရား)၊ အခုပြန်လာရဲ့လား....(ပြန်လာပါတယ်ဘုရား)၊ လက်တချက်ချီးထား။

(၄) ပြန်လာတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက "သူနေချင်တဲ့ နေရာ နေပါစေတော့" ဆိုပြီးတော့ ကောင်းတဲ့နေရာပြန်ထားမလား၊ မထားဘူးလား၊ (ကောင်းတဲ့နေရာပြန်ထားပါ့မယ် ဘုရား)၊ ကောင်းတဲ့နေရာ ပြန်ထားမှ ကောင်းမှာလား၊ မထားဘဲနေမှကောင်းမှာလား....(ပြန်ထားမှ

ကောင်းပါမယ်ဘုရား)၊ ထားကောထားရဲ့လား....၊ (ထားပါတယ်ဘုရား)၊ လက်တချက်ချိုးထား။

(၅) ထားတော့ ကလေးက ဒီနေရာမှာပြန်နေသလား၊ ကောင်းတဲ့နေရာမှာနေသလား၊ မနေဘူးလား (နေပါတယ်ဘုရား)၊ နေမှကောင်းမှာလား၊ မနေဘဲနေမှကောင်းမှာလား....(နေမှကောင်းမှာပါဘုရား)၊ နေကော နေရဲ့လား....(နေပါတယ်ဘုရား)၊လက်တချက်ချိုးထား။

ဘယ်နှစ်ချက်ရသလဲ.... (ငါးချက်ရပါပြီဘုရား)၊ အဲဒီ-အကောင်းငါးချက်ဟာ ဒီ-ကလေး မကောင်းတဲ့နေရာကို သွားနေဒါကို သိရတဲ့အတွက် ဒီ-အကောင်းငါးချက်ရသလား၊ မရဘူးလား....(ရပါတယ်ဘုရား)။

ဥပမာ—ဥပမေယျစပ်ဟပ်ပြီ

အဲဒီဥပမာမျိုးလိုဘဲ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့စိတ်က ကလေးနဲ့တူတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒီကလေးလေး တည်းဟူသောစိတ်ကို အကုသိုလ်မဖြစ်တဲ့, အကုသိုလ်တွေဖြစ်ခွင့်မရတဲ့ ပရမတ်အာရုံပေါ်မှာ အမှန်ကိုသိအောင် ပညာနဲ့တင်ပေးထားဒါက ကောင်းတဲ့နေရာမှာ ထားတာနဲ့တူတယ်။

ဒီ-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာအပြင်အာရုံကို ထွက်ထွက်သွားပေမဲ့ ရှေးက ကမ္မဋ္ဌာန်းအားမထုတ်မိက, တရားကိုနှလုံးမသွင်းမိက နေ့ရှိသရွေ့ ထွက်ထွက်သွားနေပေမဲ့ မကောင်းတဲ့ အပြင်အာရုံတွေကို ထွက်ထွက်ပြီးတော့ လောဘတွေနဲ့, ဒေါသတွေနဲ့, မောဟတွေနဲ့ ပျော်ပါးနှစ်ခြိုက်နေပေမဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက မမှန်တဲ့နေရာ သွားနေပါလားလို့ဆိုဒါ မသိတော့ နေ့ရှိသရွေ့လွှတ်လွှတ်နေကြဒါဘဲ။

နောက်တော့ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်ကောင်း အရှင်မြတ်များ, ကောင်းတဲ့ မိတ်ဆွေသဂ်ဟများ, "အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ–သင်တို့ရဲ့ စိတ်သန္တာန်မှာ ပရမတ် အာရုံလေးပေါ်မှာ မနေဘဲနဲ့ လောဘဖြစ်စရာ အာရုံ, ဒေါသဖြစ်စရာအာရုံ, မောဟဖြစ်စရာဖြစ်တဲ့ အပြင်အာရုံတွေနဲ့ သွားပြီးတော့ ပေါင်းနေတယ်" လို့ ပြောသူရှိတဲ့

အခါ ကိုယ်တိုင်လုပ်ကြည့်တော့ မကောင်းတာတွေနဲ့ သွားပေါင်းနေတယ် ဆိုတာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ကိုယ်တိုင် ဉာဏ်နဲ့ သိရသလား၊ မသိရဘူးလား....(သိရပါတယ်ဘုရား)။

ဒီတော့ ဒါတွေဟာ အကောင်းတွေလား၊ မကောင်းတွေလား.... (အကောင်းတွေပါဘုရား)။

ကောင်းတဲ့တရားလား၊ မကောင်းတဲ့တရားလား....(ကောင်းတဲ့တရားပါ ဘုရား)။

ကောင်းတဲ့တရားအားထုတ်ရင် အဲဒီအပြင်အာရုံကို စိတ်ပျံ့လွင့်တိုင်း ပျံ့လွင့်တိုင်း ဒီအသိဉာဏ်တခုရသလား၊ မရဘူးလား....(ရပါတယ်ဘုရား)။

ပြန်ခေါ်တဲ့အသိဉာဏ်ကော ရသလား၊ မရဘူးလား.... (ရပါတယ် ဘုရား)။

ပြန်ထိန်းသိမ်းတဲ့အသိဉာဏ်ကော....(ရပါတယ်ဘုရား)။

နေတဲ့အခိုက်အတန့်ကလေးမှာရတဲ့အသိဉာဏ်ကောမရဘူးလား....(ရပါ တယ်ဘုရား)။

ဒီတော့အပြင်အာရုံကိုစိတ်ပျံ့လွင့်တိုင်းပျံ့လွင့်တိုင်းမှာ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ပြန်ထိန်းတဲ့အတွက် အကောင်း ဘယ် နှစ်ခုရသလဲ....(ငါးခုရပါတယ်ဘုရား)။

ကောင်းတယ်ဆိုဒါ ကုသိုလ်၊ ကောင်းတယ်ဆိုတာ ဘာလဲ...(ကုသိုလ် ပါဘုရား)။

ဒါဖြင့် တရားအားထုတ်တိုင်း တရားအားထုတ်တိုင်း အပြင်အာရုံကို စိတ်ပျံ့လွင့်ရင် ပြန်ထိန်းသိမ်းတယ်, အပြင်အာရုံကို စိတ်ပျံ့လွင့်ရင် ပြန် ထိန်းသိမ်းတယ်လို့ အကောင်းကုသိုလ် ဘယ်နှစ်ချက် ရသလဲ....(ငါးချက် ရပါတယ်ဘုရား)။

ဘယ်နှစ်ချက်ရသလဲ....(ငါးချက်ရပါတယ်ဘုရား)။

ဒါဖြင့် အပြင်အာရုံကို စိတ်ပျံ့လွင့်တိုင်း ပျံ့လွင့်တိုင်းထိန်းရတဲ့အတွက် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာတရားငါးခုရသလား၊ မရဘူးလား... (ရပါတယ်ဘုရား)

ဒါဖြင့် အပြင်အာရုံကို စိတ်ပျံ့လွင့်လို့ ထိန်းနေရတာကော တရားရတဲ့ သဘောထဲကို ပါသလား၊ မပါဘူးလား....(ပါပါတယ်ဘုရား)။

ဘာလို့လဲ၊ အမှန်ကိုသိရလို့ဘဲ၊ အမှန်ကိုသိရင် ပညာ၊ အမှန်ကိုသိရင် ဘာတဲ့လဲ....(ပညာပါဘုရား)။

## အမှန် ၅-ဖြာ ပညာ ၅-ချက်

ပညာဟာ အမှန်ကိုသိရုံတင်မဟုတ်ဘူး၊ မမှန်တာ မဟုတ်တာကိုပယ်လဲ ပယ်နိုင်တဲ့သတ္တိရှိတယ်။

(၁) မကောင်းတဲ့နေရာ ရောက်နေတော့ လောဘတွေ ဖြစ်နေတယ်, ဒေါသတွေဖြစ်နေတယ်, မောဟတွေဖြစ်နေတယ် ဆိုပြီးတော့ အဲဒါတွေ အမှန်သိရတယ်၊ အခု မကောင်းတဲ့နေရာကို ရောက်နေတယ်ဆိုလို့သာသိရတာ အမှန်။

(၂) အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပြန်ပြီးတော့ ထိန်းသိမ်းဒါဟာ အမှန်။

(၃) စိတ်ကလေးကလဲ ပြန်ပြီးတော့လာဒါဟာ အမှန်။

(၄) ပြန်လာတဲ့အတွက် သူ့ကိုကောင်းတဲ့နေရာမှာ ပြန်ထားဒါလဲ အမှန်။

(၅) ကောင်းတဲ့နေရာမှာပြန်ထားလို့ အခိုက်အတန့် နေဒါလဲအမှန်။

အဲဒီ အမှန်ငါးချက်ကို ရသလား၊ မရဘူးလား.... (ရပါတယ်ဘုရား)။

အမှန်ငါးချက်ကိုရဒါ ဒီပညာငါးချက်ကိုရတာနဲ့ အတူတူဘဲ၊ ပညာငါးမျိုး မရဘူးလား....(ရပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ရှေ့သွားပါ့မယ်၊ အပြင်အာရုံကို စိတ်ပျံ့လွင့်ပုံနဲ့ အပြင်အာရုံကိုစိတ်ပျံ့လွင့်တဲ့အခါ စိတ်ကိုပြန်ထိန်းလို့ရတဲ့ အကျိုးတွေကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိကြပလား....(သိကြပါပြီဘုရား)။

## စိတ်ပျံ့လွင့်ခြင်း အကြောင်းရင်း

ကဲ-ဒါဖြင့် ရှေ့သွားကြပါစို့ရှဲ၊ အဲဒီလို အပြင်အာရုံကို စိတ်ပျံ့လွင့်သွားဒါဟာ ဘာဖြစ်လို့လဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်း

သမီးများရဲ့စိတ်ဟာ တိုးတဲ့သဘော တွန်းတဲ့သဘောဖြစ်တဲ့ ဝါယော လေဓာတ်ရုပ်ပရမတ်အာရုံမှာထားပါလျက်သားနဲ့အပြင်အာရုံကို စိတ်ပျံ့လွင့်ဒါဘာကြောင့်တုန်း၊ ဘာပြုလို့အပြင်အာရုံကို စိတ်ပျံ့လွင့်သလဲလို့ မေးရင်များသောအားဖြင့်တော့ သမာဓိမရှိလို့ ပျံ့လွင့်ပါတယ်လို့ပြောကြမှာဘဲ၊ မှန်သားဘဲ။

သမာဓိမရှိ တည်ကြည်မှုမရှိလို့ ပျံ့လွင့်ဒါတော့ မှန်ပါတယ်၊အဲဒီလိုသမာဓိမရှိလို့ချည်း ပျံ့ပျံ့နေရင် သမာဓိဟာ ဘယ်တော့မှ ရှိမှာလဲ၊ အပြင်အာရုံကို စိတ်ပျံ့လွင့်တယ်ဆိုတာဟာ အကြောင်းရှိပါတယ်၊ အပြင်အာရုံကို စိတ်ပျံ့လွင့်ခြင်းရဲ့ အကြောင်း မြတ်စွာဘုရား ဟောတော်မူတဲ့တရားတော်ရှိပါတယ်၊ အကျိုးတရားရှိရင် အကြောင်းတရားရှိမြဲ သဘောတံထွာ ဓမ္မတာဘဲ၊ ပဋိစ္စသမုပ္ပါဒ်မှာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားကိုသာလျှင် မြတ်စွာဘုရားက ဟောပါတယ်။

(၁) ဤသည်ကား အကြောင်း,
(၂) ဤသည်ကား အကျိုး,
(၃) ဤသည်ကား အကြောင်းအကျိုးတို့ရဲ့ ချုပ်ငြိမ်းခြင်း,
(၄) ဤသည်ကား အကြောင်းအကျိုးတို့ရဲ့ ချုပ်ငြိမ်းရာသို့ရောက်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ်—

လို့-ဒီလေးမျိုးကိုသာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တရားတော်အဖြစ်ဖြင့် ဟောကြားတော်မူပါဘယ်။

အဲဒါကြောင့် အခု အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများရဲ့စိတ်ဟာ တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ ဝါယောလေဓာတ်ရုပ်ပရမတ်အာရုံပေါ်မှာ အမှန်အားဖြင့် ပညာနဲ့သိအောင် ထားသည့်ဖြစ်ပါလျက်သားနဲ့ အပြင်အာရုံဖြစ်တဲ့ လောဘ, ဒေါသ, မောဟ ဖြစ်စရာအာရုံကို ပြောင်းပြောင်းသွားဒါ ရောက်ရောက်သွားဒါဟာ ဘာကြောင့်လဲဘယ်အကြောင်းကြောင့် အပြင်အာရုံကို စိတ်ရောက်တဲ့အကျိုး ဖြစ်လာပါသလဲလို့-အဲဒီလိုမေးရင် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဟာ ဖြေတတ်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲ၊ အပြင်အာရုံကို စိတ်ရောက်

ခြင်းရဲ့ အကြောင်းကိုမသိလို့၊ အပြင်အာရုံကို စိတ်ရောက်ခြင်းရဲ့အကြောင်းကို မသိဘဲနဲ့ ဆက်ပြီးတော့ အားထုတ်နေရင် အကြောင်းမငြိမ်းရင် အပြင်အာရုံကို စိတ်ပျံ့လွင့်ခြင်းရဲ့ အကြောင်းကိုမသိမ်းဆည်းရင် အပြင်အာရုံကို စိတ်ပျံ့လွင့်ခြင်းဆိုတဲ့ အကျိုးဟာကော ငြိမ်းပါ့မလား၊ မငြိမ်းဘူးလား.... (မငြိမ်းပါဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့အမျိုးကောင်းသားတိုင်း၊ အမျိုးကောင်းသားတိုင်း၊ တရားအားထုတ်တဲ့ အမျိုးကောင်းသမီးတိုင်း၊ အမျိုးကောင်းသမီးတိုင်း၊ အပြင်အာရုံကိုစိတ်ရောက်ချင်သလား၊ မရောက်ချင်ဘူးလား....(မရောက်ချင်ပါဘုရား)။

မရောက်ချင်ရင် အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများဟာ အပြင်အာရုံကို စိတ်ရောက်ခြင်းရဲ့အကြောင်းကို သိသင့်သလား၊ မသိသင့်ဘူးလား... (သိသင့်ပါတယ်ဘုရား)။

နို့-အခုတရားအားထုတ်နေကြဒါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ တော်တော်ကြာပြီ၊ အပြင်အာရုံကို စိတ်ရောက်သွားတယ်၊ ဘာဖြစ်လို့ရောက်သွားတယ်၊ ဘယ်အကြောင်းကြောင့် အပြင်အာရုံကို စိတ်ရောက်သွားတယ်ဆိုတာ အပြင်အာရုံကိုစိတ်ရောက်ခြင်းရဲ့အကြောင်းကို သိသလား၊ မသိသေးဘူးလား....(မသိပါဘုရား) မသိသေးဘူး။

## သမာဓိရဲ့ ဘေးအန္တရာယ်

ဘာဖြစ်လို့ အပြင်အာရုံကို ရောက်သွားသလဲ ဘယ်အကြောင်းတုန်း၊ ရောက်တဲ့အကြောင်းက ဘယ်ဟာလဲ၊ အကြောင်းကိုသိမှ,ဒီ-အကြောင်းကို နိုင်အောင်ထိန်းနိုင်မှ အပြင်အာရုံကို စိတ်ရောက်ခြင်းပွဲ့အကျိုးဟာ ငြိမ်းမယ်၊ အခု အဲဒီ အပြင်အာရုံကို စိတ်ရောက်ခြင်းရဲ့ အကြောင်းကို ပါဠိတော်မှာလာတဲ့အတိုင်း ဘုန်းကြီးက ဟောတော့မှာ၊ ပြောတော့မှာ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အပြင်အာရုံကို စိတ်မရောက်ချင်ရင် အပြင်အာရုံကိုစိတ်ရောက်ခြင်းရဲ့ အကြောင်းကို မလုပ်နဲ့၊ အပြင်အာရုံကိုစိတ်ရောက်ခြင်းရဲ့ အကြောင်းဟာ ရှိတယ်၊ အဲဒီ-အပြင်အာရုံကို စိတ်ရောက်ခြင်းရဲ့အကြောင်းကို လုပ်မိတဲ့အတွက် အပြင်အာရုံကို

စိတ်ရောက်ရောက်သွားဒါလို့ ဒီလိုမှတ်ရမယ်၊ အဲ-ကောင်းပြီ အပြင်အာရုံကို စိတ်ရောက်ခြင်းရဲ့အကြောင်းဟာ ဘာလဲ။

"ပဿာသာဒိမဇ္ဈ ပရိယောသာနံ၊
သတိယာ အနုဂစ္ဆတော။
ဗဟိဒ္ဓဝိက္ခေပ ဂတံ စိတ္တံ၊
သမာဓိဿ ပရိပန္ထော"။

လို့ (ပဋိသမ္ဘိဒါမဂ်အာနာပါန ဥပက္ကိလေသခဏ်းမှာကြည့်)၊ပါဠိတော်မှာ ရှိပါတယ်။

ပဿာသာဒိမဇ္ဈပရိယောသာနံ၊ ထွက်လာတဲ့လေ၏ အစ, အလယ်, အဆုံးကို။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ် လျှောက်၍လိုက်သော ယောဂီပုဂ္ဂိုလ်၏။ ဗဟိဒ္ဓဝိက္ခေပဂတံ၊ အပြင် အာရုံ၌ ပျံ့လွင့်ခြင်းသို့ ရောက်သော။ စိတ္တံ၊ စိတ်သည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးအန္တရာယ်မည်၏။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်အပြင်အာရုံကို ရောက်သွားတယ်ဆိုဒါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကပို့လိုက်လို့ရောက်သွားဒါလား....(မဟုတ်ပါဘုရား)၊ ကိုယ်ကပို့လိုက်လို့ ရောက်သွားဒါမဟုတ်ဘူးနော်။

သူများပို့လိုက်လို့ ရောက်သွားဒါလား....(မဟုတ်ပါဘုရား)။

သူ့ဘာသာသူ ရောက်သွားဒါလား....(မဟုတ်ပါဘုရား)။

(၁) ကိုယ်ကပို့လိုက်လို့ရောက်သွားတယ်ဆိုရင် သဿတ။
(၂) သူများပို့လိုက်လို့ ရောက်သွားတယ်ဆိုရင် ဥစ္ဆေဒ။
(၃) သူ့ဘာသာသူ ရောက်သွားတယ်ဆိုရင် အဟေတုက-

လို့ဆိုတဲ့ ဒိဋ္ဌိသုံးမျိုးရှိတယ်၊ အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ဟာပရမတ်ဖြစ်တဲ့ ပေးထားချက်ဖြစ်တဲ့တိုးတဲ့ တွန်းတဲ့သဘော တည်းဟူသောအာရုံမှာ လောဘဖြစ်စရာ, ဒေါသဖြစ်စရာ, မောဟဖြစ်စရာမဟုတ်တဲ့ ပရမတ်အာရုံပေါ်မှာ အမျိုးကောင်းသားများ,အမျိုး

ကောင်းသမီးများရဲ့စိတ်ကို တည်ငြိမ်အောင် ထားပါလျက်သားနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကိုယ်တိုင် မပို့ဘဲနဲ့ရောက်သွားဒါ၊ ကိုယ်ပို့ဒါမဟုတ်ဘူးနော်၊ သဿတ လွတ်မသွားဘူးလား.... (လွတ်သွားပါတယ်ဘုရား)။

သူများပို့ဒါလား....(မဟုတ်ပါဘုရား)၊ ဥစ္ဆေဒလွတ်သွားပြီ။

သူ့ဘာသာသူ ရောက်သွားတယ်ဆိုရင်တော့ အဟေတုက–အကြောင်းမရှိဘဲနဲ့ရောက်သွားတယ်လို့ဖြစ်အုံးမယ်။

### ထွက်လေဝင်လေ စ, လယ်, ဆုံးလိုက်လျှင် စိတ်ပျံ့လွင့်

ဘယ်အကြောင်းကြောင့်အပြင်အာရုံသို့ ရောက်သွားသလဲ၊ ထွက်လာတဲ့လေကို အစ, အလယ်, အဆုံး သတိနဲ့ အစဉ်လျှောက်ပြီး လိုက်သောကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်သည် အပြင်အာရုံကို ပျံ့လွင့်သွားတယ်၊ ဒါဖြင့် အပြင်အာရုံကို စိတ်ပျံ့လွင့်သွားခြင်းရဲ့အကြောင်းဟာဘာလဲ၊ ထွက်လေရဲ့နောက်ကို သတိနဲ့ အစ, အလယ်, အဆုံး အစဉ်လျှောက်ပြီး လိုက်ခြင်းဟူသော အကြောင်းကြောင့် အပြင်အာရုံကို စိတ်ပျံ့လွင့်သွားခြင်းဆိုတဲ့ အကျိုးပေါ်လာတယ်။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဒါ-ပါဠိတော်မူပါ၊ ပါဠိတော်နည်းပါ၊ ဒီ–ပါဠိတော်ကိုဖွင့်တဲ့ အဋ္ဌကထာက အစ, အလယ်, အဆုံးဆိုဒါ ဘာလဲလို့ဆိုရင်တဲ့။

(၁) ထွက်လာတဲ့လေရဲ့အစဟာ ချက်တိုင်ပါတဲ့။
(၂) အလယ်ဟာ ဟဒယဝတ္ထုရုပ်ရင်ချိုင့်ပါတဲ့။
(၃) အဆုံးဟာ နှာသီးဖျားပါတဲ့၊ သို့မဟုတ် အပြင်အာကာသကောင်းကင်ပါတဲ့။

ထွက်လာတဲ့လေရဲ့အစသည် ချက်တိုင်, ထွက်လာတဲ့လေရဲ့ အလယ်သည် ရင်ချိုင့်ဟဒယဝတ္ထု, ထွက်လာတဲ့ လေရဲ့အဆုံးသည် နှာသီးဖျား၊ အဲဒီလိုထွက်တဲ့လေရဲ့ အစတည်းဟူသော ချက်တိုင်, အလယ်တည်းဟူသော ရင်ချိုင့်ဟဒယဝတ္ထု, အဆုံးတည်းဟူသော နှာသီးဖျားကို အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက သတိနဲ့အစဉ်လျှောက်ပြီးလိုက်ရင်တော့ အမျိုး

ကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်သည် အပြင်အာရုံကို ပျံ့လွင့်သွားတယ်တဲ့၊ အပြင်အာရုံကို ပျံ့လွင့်ရင် သမာဓိရဲဘေးအန္တရာယ် ဖြစ်တယ်လို့ ပါဠိတော်က ဒီလိုဆုံးဖြတ်ချက်ချပါတယ်။

အပြင်အာရုံကို စိတ်ပျံ့လွင့်ဒါဟာ ကိုယ်ကပို့လိုလဲမဟုတ်ဘူး၊ သူများ ပို့လို့လဲမဟုတ်ဘူး၊ အကြောင်းကင်းလို့လဲမဟုတ်ဘူး၊ ထွက်လေရဲ့ ချက်တိုင်,ရင်ချိုင့် ဟဒယဝတ္ထု, နှာသီးဖျား တည်းဟူသော အစ, အလယ်, အဆုံးကို သတိနဲ့အစဉ်လျှောက်လိုက်မိလို့ အပြင်အာရုံကို စိတ်ပျံ့လွင့်သွားတယ် လို့မှတ်။

ဒါဖြင့် ဒါဘယ်လိုလိုက်ရမလဲဆိုရင် လွယ်လွယ်ကလေးဘဲ၊ အပြင်အာရုံကို စိတ်မပျံ့လွင့်ချင်ရင် ထွက်တဲ့လေရဲ့ အစ, အလယ်, အဆုံးကို သတိနဲ့ အစဉ်လျှောက်မလိုက်ကြနဲ့၊ ထွက်တဲ့လေရဲ့ ချက်တိုင်တည်းဟူသော အစ, ဟဒယတည်းဟူသောအလယ်, နှာသီးဖျားတည်းဟူသော အဆုံးကို ဗျတိရေက နည်းအရ သတိနဲ့အစဉ် လျှောက်မလိုက်ရင် အပြင်အာရုံကိုစိတ်ပျံ့လွင့် အုံးမလား၊ မပျံ့လွင့်တော့ဘူးလား....(မပျံ့လွင့်တော့ပါဘုရား) မပျံ့လွင့် တော့ဘူး၊ ဒါကပါဠိတော်မူပါ။

## ကျမ်းလာစကား ရှင်းလင်းချက်

အဋ္ဌကထာ ဆရာများကတော့"သဗ္ဗကာယပ္ပဋိသံဝေဒီ"အခါက် ကျတဲ့အခါမှာ အလုံးစုံသော ထွက်လေ,ဝင်လေတို့ရဲ့ အစ,အလယ်, အဆုံးကို လိုက်ရမယ်လို့ ဒီလိုဆိုပါတယ်၊ ပါဠိတော်မှာတော့ဒီလို အလုံးစုံသော ထွက်လေ ဝင်လေတို့၏ အစ, အလယ်, အဆုံးကို လိုက်ရမယ်လို့မဆိုပါဘူး၊ ပါဠိတော်မှာ "သဗ္ဗကာယပ္ပဋိသံဝေဒီ" ဟို ထွက်လေဝင်လေတို့၏ အစ,အလယ်,အဆုံးကိုလိုက်၍ ရှုပွား ခြင်းသည် အာနာပါနပိုင်းဆိုင်ရာကို ဖွင့်ပြသော ထိုထိုအဋ္ဌကထာ များ၏ ဝါဒဖြစ်ပါတယ်၊ ၎င်းကို သမထအရာတွင်သတိထင်စွာပွား ရေးနှင့် သတိစွဲမြဲရေးတို့တွင် အသုံးပြုရန် အဋ္ဌကထာဆရာဖွင့်ပြခြင်း ဖြစ်ပါတယ်၊ ၎င်းကို အသုံးပြုလိုသူများ အဋ္ဌကထာ၌ ပါရှိသော နည်းအတိုင်းအသုံးပြုနိုင်ပါတယ်။

ငင်းပြင် ထွက်လေဝင်လေတို့၏ ထိရာဌာနများဖြစ်သောနှာသီး ဖျားအထက် နှုတ်ခမ်းတို့ကိုစျာနဝိဘင်းပါဠိတော်နှင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်များတွင် ''နာသိကဂ္ဂေ ဝါ မုခနိမိတ္တေဝါ''ဟု ပါရှိသည် မှာလည်း သတိမြဲရေးနှင့် ၎င်း၏ တံ့တန့်ရေးကို ရွေးရှုယူခြင်းငှာ ဟောတော်မူခြင်းဖြစ်ပါတယ်၊ ဝိပဿနာအရာတွင် သမုတ်သော အားဖြင့်သာ ရှိနေသောပညတ်နိမိတ်တွင် ပါဝင်နေတဲ့ နှာခေါင်း နှုတ်ခမ်း, ခေါင်း, ခါး, ရင်, ဝမ်း စသည်တို့ကို ဝိပဿနာ၏ အာရုံ အဖြစ် အလျှင်းမပါဝင် မရှုမှတ်စေဘဲ အဟုတ်ရှိ,အမှန်ရှိ,တကယ်ရှိ ထင်ထင်ရှားရှားရှိသော သဘာဝပရမတ်ကို (ဝါ) ပရမတ္ထသဘော ကို ရှုပွားရာ၌ ထိုကဲ့သို့ နှာခေါင်း နှုတ်ခမ်း စသော ပုံပန်းသဏ္ဌာန် နိမိတ်များကိုစွဲယူသိမ်းပိုက် မှတ်သားရန် မလိုအပ်ပါ၊ သမထအရာ တွင် သတိအားကောင်းရေးကို မှတ်သားမူတည်ရာ၌သာ ''နာသိ ကဂ္ဂေဝါ မုခနိမိတ္တေဝါ'' ဟူသော ပါဠိတော်ကို သုံးစွဲရန် ဖြစ် ပါတယ်။

၎င်းအချက်၌ စဉ်းစားရန်မှာ ဝိပဿနာ၏ အာရုံဖြစ်သော အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိဖြစ်တဲ့ သဘာဝပရမတ်ကို ရှုပွားရာ၌ သတိ၏ တည်တံ့ခိုင်မြဲရေး မလိုအပ်ပါဘူးလားဟု စဉ်းစားရန်ရှိပါ တယ်၊ ၎င်းအတွက် သိရှိရန်မှာ မဂ်ဖိုလ်ရရေးလမ်းစဉ်ကို ရှုပွားရာ တွင် သမာဓိပုဗ္ဗင်္ဂမ ဝိပဿနာ, ဝိပဿနာပုဗ္ဗင်္ဂမသမာဓိဟု နှစ်မျိုး ခွဲခြားရှိသည်ကို သတိပြုသင့်တယ်။

သမာဓိပုဗ္ဗင်္ဂမဝိပဿနာမှာ သတိထင်စွာ ဖြစ်ပွားရေး သတိစွဲမြဲ ရေးနှင့် ၎င်း၏တည်တံ့ရေး လိုအပ်လျက် ဝိပဿနာပုဗ္ဗင်္ဂမ သမာဓိ မှာ ဝိပဿနာ၏ အာရုံဖြစ်သော အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိ သော သဘာဝ ပရမတ်၌သာ သတိကပ်ထားဘို့လိုအပ်ပါတယ်။

သမုတ်သောအားဖြင့် ရှိသော ပညတ်နိမိတ်စသည် မလိုအပ်ဟု မှတ်သားရန် ဖြစ်ပါတယ်၊ ဤနေရာ၌ ထွက်လေတို့၏ အစ အလယ် အဆုံးတို့ကို အစဉ်လိုက်ခြင်းဟူသော အနုဗန္ဓနာနည်းသည် အပြင်

အာရုံသို့ ပျံ့လွင့်ရာတွင် အကြောင်းတခုပါဝင်သည်ဟု မှတ်သားရန်ဖြစ်ပါတယ်၊ အခြားအကြောင်းများလည်း သဘာဝအားလျော်စွာ ဖြစ်နိုင်ပါသေးတယ်။

ဘာ–ညွှန်ပြသလဲဆိုတော့သဗ္ဗကာယကို“ကာယောတိ ဒွေ ကာယာ နာမကာယောစ ရူပကာယောစ”လို့ပါဠိတော်မှာပြပါတယ်၊ အလုံးစုံသော နာမကာယ ရူပကာယကို သဗ္ဗကာယခေါ်ပါတယ်။

(၁) အလုံးစုံသော ရူပကာယလို့ဆိုတာ ဘူတရုပ်လေးခုနဲ့ ဉပါဒါရုပ်များကို ဆိုပါတယ်တဲ့။

(၂) နာမကာယ ဆိုဒါကတော့ ဖဿ, ဝေဒနာ, သညာ, စေတနာ, မနသိကာရများကို နာမကာယလို့ ခေါ်ပါတယ်။

အဲဒီ အလုံးစုံသော သဗ္ဗကာယ,အလုံးစုံသော နာမကာယ, ရူပကာယကို ထင်ရှားစေသည်ဖြစ်၍ ထွက်သက်ကိုလွှတ်ခြင်း,ဝင်သက်ကိုလွှတ်ခြင်းကို သဗ္ဗကာယပဋိသံဝေဒီလို့ ခေါ်ပါတယ်၊ ဒါ– ပါဠိတော်မှာရှိတဲ့ သဘောပါ။

ထွက်လေရဲ့အစ, ထွက်လေရဲ့အလယ်, ထွက်လေရဲ့အဆုံးကိုလိုက်ရမယ်လို့ ဆိုဒါ အဋ္ဌကထာကတော့ ထွက်လေရဲ့အစ, အလယ်, အဆုံးကိုလိုက်ရင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးဖြစ်တဲ့ ယောဂီပုဂ္ဂိုလ်များမှာ တည်ရာအထူးထူးသို့ အစဉ် လိုက်တဲ့အတွက် အာရုံပျံ့ခြင်း စိတ်ပျံ့ခြင်း ဖြစ်သောကြောင့် သမာဓိရဲ့အန္တရာယ်ဖြစ်တယ်လို့ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆဋ္ဌမူ ဒု–စာမျက်နှာ ၇၂) မှာပင်–

“တံ တဿ အာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ယောဂိဿ ဣာနနာနဇ္ဈာနုဂမနေန စိတ္တံ အဇ္ဈတ္တံ ဝိက္ခေပံ ဂစ္ဆတိ၊ တံ အဇ္ဈတ္တဝိက္ခေပဂတံ စိတ္တံ ကေတွေ့ အသဉ္စာဟနတော သမာဓိဿ ပရိပန္ထော”။

> တဿ၊ ထိုထွက်လေ့ဝင်လေ၏။ တံ အာဒိ မဇ္ဈ ပရိယောသာနံ၊ ထိုအစ-အလယ်-အဆုံးသို့။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ်မပြတ်လိုက်လျက် နေသော။ ယောဂိဿ၊ ယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဌာနနှာနတ္တာနုဂမနေန၊ ထွက်လေ, ဝင်လေ၏ တည်ရာဌာန အမျိုးမျိုးသို့ အစဉ်မပြတ် လိုက်နေရသဖြင့်။ အဇ္ဈတ္တံ ဝိက္ခေပံ၊ အဇ္ဈတ္တအာရုံသို့ ပျံ့လွင့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ အဇ္ဈတ္တဝိက္ခေပဂတံ၊ အဇ္ဈတ္တအာရုံသို့ ပျံ့လွင့်ခြင်းသို့ရောက်သော။ တံစိတ္တံ၊ ထိုစိတ်သည်။ ကေတ္တေ၊ အာရုံတခုတည်း နေရာတခုတည်း၌။ အသဏ္ဌဟနတော၊ မတည်ခြင်းကြောင့်။ သမာဓိဿ၊ သမာဓိတရား၏။ ပရိပန္ထော၊ ဘေးရန်အန္တရာယ်ဖြစ်၏။—

လို့ ဆုံးဖြတ်ချက် ပြန်ချပါတယ်၊ ဒီနေရာမှာတော့ အဋ္ဌကထာက အတွင်းအာရုံပျံ့လွင့်ပုံကို ညွှန်ပြပါတယ်၊ အပြင်အာရုံပျံ့လွင့်ပုံမှာလည်းထို့ အတူ ညွှန်ပြတာပါဘဲ၊ ဒီအဋ္ဌကထာကတော့ ရှင်မဟာဗုဒ္ဓဃောသရေးတဲ့ အဋ္ဌကထာမဟုတ်ပါဘူး၊ ဘဒ္ဒန္တမဟာနာမထေရ်ရေးတဲ့ အဋ္ဌကထာပါ။

## သမာဓိဘေးအန္တရာယ်ရှောင်ကြဉ်

အဲဒီတော့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများရဲ့စိတ် အပြင် အာရုံကို ပျံ့လွင့်နေတာဟာ ထွက်လာတဲ့လေကို သတိနဲ့ အစဉ်လျှောက်ပြီး တော့ အစ,အလယ်,အဆုံးလိုက်မိတဲ့အတွက် လိုက်မိခြင်းဟူသောအကြောင်း ကြောင့် အပြင်အာရုံကို စိတ်ပျံ့လွင့်ခြင်းဆိုတဲ့ အကျိုးပေါ်လာပါတယ် လို့ ပါဠိတော်က ဒီလိုဆုံးဖြတ်ချက်ချပါတယ်၊ အဲဒီလိုဆုံးဖြတ်ချက်ချတဲ့ အတိုင်း အပြင်အာရုံကို မပျံ့လွင့်အောင် စိတ်ကိုထိန်းချင်ရင် ထွက်လေရဲ့ အစ,အလယ်,အဆုံးဖြစ်တဲ့ ချက်တိုင်, ဟဒယမှင်ချိုင့်, နှာသီးဖျားတို့ကို သတိနဲ့ အစဉ်လျှောက်မလိုက်ပါနဲ့လို့—အပြင်အာရုံကို ဒီလိုဘဲရှင်းပေးပါ တယ်၊ အဲဒီလိုထွက်လေရဲ့နောက်ကို သတိနဲ့ အစဉ်လျှောက်လိုက်မိလို့ရှိရင် ဘုရားကပည့်တော်များမှာ အကျိုးယုတ်ရသလားလို့ဆိုတော့ အကျိုး တော့မယုတ်ပါဘူး။

အကျိုးမယုတ်ပုံကိုလဲ ပြန်ပြီးတော့ ထိန်းသိမ်းပုံနှင့်တကွ အကျိုးငါးခု, ကုသိုလ်ငါးချက်,အကောင်းငါးမျိုးရပုံကို နောက်ပိုင်းက ဘုန်းကြီးရှင်းပေး ခဲ့ပြီးပြီ၊အဲဒီလို ရှင်းပေးဒါကို သတိထားပြီးတော့ အပြင်အာရုံကိုစိတ်ရောက် တိုင်း,ရောက်တိုင်း အဲဒီလိုပြန်ထိန်းရင်, ပြန်ပြီးတော့ထားရင် ဒီ-အကျိုး ငါးချက်တော့မှုပြီ၊ ဒီလိုချည်းဘဲရရင် ဒီ-အကျိုးငါးချက်ရရှိသာ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများက ရည်ရွယ်ဒါမဟုတ်ဘူး၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရောက်အောင် ရည်ရွယ်တဲ့အတွက် ဒီသမာဓိရဲ့ အန္တရာယ်ဖြစ်တဲ့ အပြင်အာရုံကို စိတ်ပျံ့လွင့်ကြောင်းဖြစ်တဲ့, သမာဓိရဲ့ အန္တရာယ် အနှောက်အယှက် ဘေးရန်ဖြစ်တဲ့ ထွက်လေရဲ့နောက်ကို သတိနဲ့ အစဉ်လျှောက်လိုက်တဲ့ အစ,အလယ်,အဆုံးကိုလိုက်ခြင်းကိုကြိုးစားပြီးတော့ ရှောင်ကြဉ်နိုင်သရွေ့ ရှောင်ကြဉ်ပါ။

သတိထားပြီးတော့ အစ, အလယ်, အဆုံးကို မလိုက်မိအောင် သတိ ကြပ်ကြပ်ထားပြီးတော့ နှလုံးသွင်းပြီးတော့ တိုးတဲ့သဘော,တွန်းတဲ့သဘော မှာပင် အာရုံကပ်နေအောင် "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" လုပ်ထားရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ဟာ အပြင်အာရုံ ကိုမပျံ့တော့ဘူး၊အပြင်အာရုံကိုမပျံ့ရင်အပြင်အာရုံကိုပျံ့ခြင်းအကြောင်း ဖြစ်တဲ့ လောဘကိလေသာဖြစ်ခွင့်ရအုံးမလား, မရဘူးလား....(မရတော့ပါ ဘုရား)။

ဒေါသကိလေသာ ဖြစ်ခွင့်ရအုံးမလား၊ မရတော့ဘူလား ...မရတော့ပါ ဘုရား)။

မောဟဆိုတဲ့ဘရားကော ဖြစ်ခွင့်ရအုံးမလား၊မရဘူးလား.... (မရတော့ ပါဘုရား)။

အဲဒီလို အပြင်အာရုံကို စိတ်မပျံ့လွင့်ခြင်းကြောင့် တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ ပရမတ်အာရုံအမှန်တရားပေါ်မှာ စိတ်တည်နေရင် အကုသိုလ်ဖြစ်ခွင့်, ကိလေသာဝင်ခွင့်ရသေးသလား၊ မရဘူးလား....(မရပါ ဘုရား)။

သံယောဇဉ်ဝင်ခွင့်ရသေးသလား၊ မရဘူးလား....(မရပါဘုရား)။

အဲဒီလို သံယောဇဉ်ကရားတွေ ဝင်ခွင့်မရရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ သံယောဇဉ် ဒီနေရာမှာ ပြတ်နေသလား၊ ပြတ်မနေဘူးလား....(ပြက်နေပါတယ်ဘုရား)။

သံယောဇဉ်ကို အခိုက်အတန့်အားဖြင့် ဘာဝနာကိစ္စဖြင့် ပယ်ပြီးသား ဖြစ်နေသလား၊ ဖြစ်မနေဘူးလား....(ဖြစ်နေပါတယ်ဘုရား)။

ဘယ်သူကပယ်ထားသလဲ၊ အမှန်ကိုသိတဲ့ပညာက ပယ်ထားပြီ။

## သံယောဇဉ်မကင်းသူ နတ်ပြည်ရောက်မည်လော

ဒီ-နေရာမှာ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဝစ္ဆပရိဗိုဇ်က ဘုရားရှင်ကို ဘယ်လိုမေးသလဲလို့ဆိုတော့ "အရှင်ဘုရား....လူဟာလူ့ သံယောဇဉ်အနှောင်အဖွဲ့တွေကို မစွန့်ဘဲနဲ့ နတ်ပြည်ကိုရောက်နိုင်ပါ့မလား ဘုရား"တဲ့။

ဘုန်းကြီးကတော့ ဒီ-ပါဠိတွေ ရွတ်ချင်သေးဒါဘဲ၊ ဒါပေမဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘုန်းကြီးကို ဘာလျှောက်သလဲလို့ဆိုတော့ ဓမ္မာစရိယတွေ, စာချဘုန်းကြီးတွေ ဘုန်းကြီးနောက်မှာ ပါလာပါတယ်၊ သူတို့တွေကလဲ ဘုန်းကြီးဟောတဲ့နေရာမှာ လိုက်လိုက်ပြီးတော့ နာကြတယ်၊ အဲဒီလို-တရားနာပြီးတော့ သူတို့ဟာဘာတွေဝေဘန်သလဲလို့ဆိုတော့- အရှင်ဘုရားဥစ္စာ မြန်တယ်တဲ့၊ ပါဠိတော်တွေ သိပ်ရွတ်အားကြီးတော့ လူတွေကလဲ နားမလယ်ဘူးတဲ့၊ ပါဠိတွေ သိပ်များနေတဲ့အတွက် ဘုန်းကြီးကလဲဘဲ ပါဠိတော်ဆိုရင် သိပ်ရွတ်ချင်ဒါဘဲ၊ အဲဒီ ပါဠိမရွတ်ရလို့ရှိရင် အမိပွါယ်ပြောရဒါကိုက ဆားမပါတဲ့ဟင်းသောက်ရသလိုပေါ့ပျက်ပျက်ဖြစ်ပါတယ်၊ ဒါပေမဲ့အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများသိအောင်, နားလယ်အောင် ဟောနေဒါဖြစ်တော့ အများသိတဲ့စကား, အများနားလည်တဲ့ စကားနဲ့ပြောရရင်လဲဘဲ ကိစ္စပြီးတမ်းပါဘဲလို့ အဲဒီလို-နှလုံးသွင်းပြီးတော့-ကိုင်း ဒါကိုတော့ စကားပြေဘဲ ပြောကြပါစို့ရဲ။

ဝစ္ဆပရိဗိုဇ်ကြီးက ဘုရားကိုလျှောက်တယ်၊ ကိုင်း ဒီ-နေရာမှာတော့ ပါဠိကို နဲနဲရွတ်ကြဦးစို့.-

"အတ္ထိ ပန ဘော ဂေါတမ ကောစိ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ သဂ္ဂုပဂေါ"။

ဘောဂေါတမ၊ ရှင်ဂေါတမ။ ကောစိ၊ အချို့သော။ ဂိဟီ၊ လူသည်။ ဂိဟိသံယောဇနံ၊ လူ့သံယောဇဉ်ကို။ အပ္ပဟာယ၊ မပယ်ဘဲ။ ကာယဿဘေဒါ၊ ကိုယ်ခန္ဓာ ပျက်စီးပြီးသည့်နောက်။ သဂ္ဂုပဂေါ၊ နတ်ပြည်နတ်ရွာ‌ရောက်သောသူသည်။ အတ္ထိပန၊ ရှိပါသလော။—

တဲ့ အဲဒါ—ဘာကိုဆိုလိုဒါလဲလို့ဆိုတော့- အရှင်ဘုရား....လူဟာ လူရဲ့ သံယောဇဉ်အနှောင်အဖွဲ့တွေကို မစွန့်ဘဲ, မပယ်ဘဲနဲ့ နတ်ပြည် ရောက်နိုင်ပါ့မလားဘုရားလို့ မေးတယ်။

## သံယောဇဉ်မကင်းပေမဲ့ နတ်ပြည်ရောက်

ဒီတော့-ဘုရားရှင်က ဘာပြန်ဖြေသလဲလို့ဆိုတော့—

"န ခေါ ဝစ္ဆ ဧကံယေဝ သတံ န ဒွေသတာနိ န တီဏိသတာနိ န စတ္တာရိသတာနိ န ပဉ္စသတာနိ၊ အထ ခေါ ဘိယျောဝ ယေ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ သဂ္ဂုပဂါ"

ဝစ္ဆ၊ ဝစ္ဆ။ ယေဂိဟီ၊ အကြင်လူတို့သည်။ ဂိဟိသံယောဇနံ၊ လူ့သံယောဇဉ်ကို။ အပ္ပဟာယ၊ မပယ်ဘဲ။ ကာယဿဘေဒါ၊ ကိုယ်ခန္ဓာပျက်စီးပြီးသည်နောက်။ သဂ္ဂုပဂါ၊ နတ်ပြည်နတ်ရွာ ရောက်ကြကုန်၏။ တေဂိဟီ၊ ထိုလူတို့သည်။ နခေါ ဧကံ ယေဝ သတံ၊ တရာလည်းမဟုတ်။ နဒွေသတာနိ၊ နှစ်ရာလည်းမဟုတ်ကုန်။ နတီဏိသတာနိ၊ သုံးရာလည်း မဟုတ်ကုန်။ နစတ္တာရိသတာနိ၊ လေးရာလည်းမဟုတ်ကုန်။နပဉ္စသတာနိ၊ ငါးရာလည်းမဟုတ်ကုန်။ အထခေါ၊ ဧင်စစ်သော်ကား။ ဘိယျောဝ၊ အများအပြားပင် ရှိကြ၏။—

လို့ပြန်ပြီးဖြေတယ်။ ဒီ-ပါဠိတွေရဲ့ အဓိပ္ပါယ်ကတော့ ဝစ္ဆ....လူများဟာ သံယောဇဉ် အနှောင်အဖွဲ့တွေကို မပယ်စွန့်ပေမဲ့ နတ်ပြည်ကိုရောက်တဲ့ လူတွေဟာ တရာလဲမက,နှစ်ရာလဲမက,သုံးရာလဲမက,လေးရာလဲမက အလွန်တရာ များပြားလှပါတယ်တဲ့၊ ဆိုလိုဒါကတော့ လူတွေဟာ သံယောဇဉ်ကို မပယ်စွန့်ပေမဲ့ နတ်ပြည်ကိုရောက်နိုင်တယ်တဲ့။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ....ဘုရားက ဘာပြန်ဖြေသလဲ ...(ရောက်နိုင်တယ်တဲ့)၊ လူတွေဟာ မိမိတို့ရဲ့ သံယောဇဉ်အနှောင်အဖွဲ့ကို မစွန့်ဘဲနဲ့ နတ်ပြည် ရောက်နိုင်ပါမလား.... (ရောက်နိုင်ပါတယ်ဘုရား)၊ ရောက်နိုင်တယ်တဲ့ ဘုရားရှင်က ပြန်ဖြေတယ်။

## သံယောဇဉ် မကင်းသူ နိဗ္ဗာန် မရောက်

အဲ-နောက်တခု မေးပြန်တယ်၊ ဘယ်လိုမေးသလဲဆိုတော့ ပါဠိတော်မှာ—

"အတ္ထိ နုခေါ ဘောဂေါတမ ကောစိ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ ဒုက္ခဿန္တကရော"။

ဘောဂေါတမ၊ ရှင်ဂေါတမ။ ကောစိ၊ အချို့သော။ ဂိဟီ၊ လူသည်။ ဂိဟိသံယောဇနံ၊ လူ့သံယောဇဉ်ကို။ အပ္ပဟာယ၊ မပယ်ဘဲ။ ကာယဿဘေဒါ၊ ကိုယ်ခန္ဓာပျက်စီးပြီးသည်နောက်။ ဒုက္ခဿန္တကရော၊ ဒုက္ခ၏အဆုံးကိုပြုတတ်သည့် မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရား ရသောသူသည်။ အတ္ထိနုခေါ၊ ရှိပါသလော။-

လို့မေးပြန်တယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်က အို-ရှင်ဂေါတမ.... လူတွေဟာ သံယောဇဉ်အနှောင်အဖွဲ့တွေကို မစွန့်ဘဲ မပယ်ဘဲနဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုရောက်နိုင်ပါမလားလို့ မေးလျှောက်တယ်။

အဲဒီတော့ ဘုန်းတော်ခြောက်ပါးအခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုပြန်ပြီးတော့ ဖြေလိုက်သလဲလို့ဆိုတော့-

"နတ္ထိ ခေါ ဝစ္ဆ ကောစိ ဂိဟီ ဂိဟိသံယောဇနံ အပ္ပဟာယ ကာယဿ ဘေဒါ ဒုက္ခဿန္တကရော"။

ဝဋ္ဋ၊ ဝဋ္ဋ၊ ကောဝိ၊ အချို့သော။ ဂိဟီ၊ လူသည်။ ဂိဟိ သံယောဇနံ၊ လူ့သံယောဇဉ်ကို။ အပ္ပဟာယ၊ မပယ်ဘဲ။ ကာယ-ဿဘေဒါ၊ ခန္ဓာကိုယ် ပျက်စီး ပြီးသည်နောက်။ ဒုက္ခဿန္တ ကရော၊ ဒုက္ခ၏အဆုံးကိုပြုတတ်သည့် မဂ်တရား, ဖိုလ်တရား,နိဗ္ဗာန် ကရားရသောသူသည်။ နတ္ထိခေါ၊ ကေန်တိတိ မရှိသည်သာလျှင် တည်း။-

လို့ ဒီလို ဖြေတော်မူပါတယ်၊ အဓိပ္ပါယ်ကတော့ ဝဋ္ဋ....လူဟာ လူရဲ့ သံယောဇဉ်အနှောင်အဖွဲ့တွေကို မစွန့်မပယ်ဘဲ-ဒုက္ခကုန်ရာ ဒုက္ခမရှိရာနိဗ္ဗာန် ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍ ရောက်နိုင်သူမရှိနိုင်ဘူးလို့-ဖြေတော် မူပါတယ်။

ဆိုလိုဒါက-လူရဲ့ သံယောဇဉ်ကို မစွန့်ရင်-မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ကို မရနိုင်ဘူးတဲ၊ ဘုရားက ဘာပြောသလဲ....(ဘုရားကမရနိုင်ဘူးတဲ့)။

ဒါဖြင့် ဒီ-ထဲမှာ အခု တရားနာနေတဲ့ တရားနာပရိသတ်ထဲမှာ သံယောဇဉ် အနှောင်အဖွဲ့တွေကို မစွန့် မပယ်ရသေးတဲ့ လူတွေလား၊ စွန့်ပြီး သား ပယ်ပြီးသား လူတွေလား....(မစွန့်ရသေးတဲ့လူတွေပါဘုရား)။

မဂ်ဉာဏ်ရတဲ့လူ ဘယ်နှစ်ယောက်ပါသလဲ....(တယောက်မှပါမည်မထင် ပါဘုရား)။

စဉ်းစားကြည့်ပါလား၊ အမှန်သဘောလေးကို တရားအားထုတ်တဲ့အ မျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ အမှန်သဘောလေး ကို သိနေတဲ့အချိန်မှာ လောဘသံယောဇဉ်တွေ ဖြစ်ခွင့်ရသေးသလား.... (မရပါဘုရား)။

ဒေါသသံယောဇဉ်တွေ ဖြစ်ခွင့်ရသေးသလား....(မရပါဘုရား)။

မောဟသံယောဇဉ်တွေ ဖြစ်ခွင့်ရသေးသလား...(မရပါဘုရား)။

## သံယောဇဉ်ကိုဖြတ်, သံယောဇနီယကို မဖြတ်ရ

သံယောဇနီယတရားတွေနဲ့ သံယောဇဉ်တရားဆိုဒါ တခြားစီနော်၊ သံ ယောဇနီယတရားလို့ဆိုတာက-အိုးအိမ်,တိုက်တာ,ဇနီးမယား,သမီး,သား,စီး ပွားဥစ္စာ, ချစ်ဇပ်ခင်ဇပ်,နှစ်သက်မြတ်နိုးဇပ်တဲ့ ဝတ္ထုအာရုံတွေဖြစ်တယ်။

သံယောဇနိယတရားကိုဖြတ်ဘို့ကို မေးတာမဟုတ်ဘူး၊ ဟိုက သံယော ဇဉ်တရားကိုသာ မဖြတ်ဘဲ မစွန့်ဘဲနဲ့ မဂ်ဉာဏ်ရနိုင်ပါ့မလားလို့မေးဒါ၊ သံယောဇနိယဝတ္ထုတွေကို မဖြတ်ဘဲ မစွန့်ဘဲနဲ့ မဂ်ဉာဏ်ရနိုင်ပါ့မလားလို့ ဒီလို မေးဒါမဟုတ်ဘူး၊မေးတာကိုက သံယောဇဉ်နဲ့သံယောဇနိယတရားကို ဒီလို- ခွဲခြားဘို့ အဓိပ္ပါယ်ရှိပါတယ်၊ မေးဒါက သံယောဇဉ်ကို မဖြတ်ဘဲနဲ့လို့မေး ဒါ၊ သံယောဇနိကကိုမပယ် မစွန့်ဘဲနဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ရနိုင်ပါ့မ လားလို့ မေးဒါမဟုတ်ဘူး၊ သံယောဇနိယဝတ္ထုတွေကို မပယ်ရဘူး၊ သံ ယောဇနိယဝတ္ထုတွေကို မစွန့်ပယ်ရပါဘူး၊ သံယောဇဉ်ကိုသာ စွန့်ရမှာပါ။

သံယောဇဉ်ဆိုဒါ ဘာလဲ၊ ခင်မင်တဲ့သဘော, နှစ်သက်တဲ့သဘော, စွဲလမ်းတဲ့သဘောတွေကို သံယောဇဉ်လို့ခေါ်ပါတယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ ပရမတ်အာရုံကလေး ပေးထားချက်ထဲမှာ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ကလေးတည်နေတဲ့အ ချိန်မှာ သံယောဇဉ်ဖြစ်ခွင့်ရသေးသလား၊ မရတော့ဘူးလား....(မရတော့ ပါဘုရား)။

သံယောဇဉ် အနှောင်အဖွဲ့တွေ ပြတ်နေသလား၊ ပြတ်မနေဘူးလား.... (ပြတ်နေပါတယ်ဘုရား)။

အဲဒီလို-သံယောဇဉ် အနှောင်အဖွဲ့ပြတ်နေတဲ့ အမျိုးကောင်းသား များ,အမျိုးကောင်းသမီးများဟာ မဂ်ဉာဏ်ကိုရဘို့ အခွင့်ရှိသလား၊မရှိဘူး လား....(ရှိပါတယ်ဘုရား)။

ဖိုလ်ဉာဏ်ကိုရဘို့ အခွင့်ကော ရှိသလား၊ မရှိဘူးလား....(ရှိပါတယ် ဘုရား)။

နိဗ္ဗာန်ကိုရဘို့အခွင့်ကောရှိသလား၊ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သံယောဇဉ်အနှောင်အဖွဲ့တွေ ဖြစ်ခွင့်မရဘူးနော်၊ အဲဒီလို-သံယောဇဉ် အနှောင်အဖွဲ့တွေ ဖြစ်ခွင့်မရဖြစ်နေဒါ ဘာဖြစ်လို့လဲ၊ မှန်ဒါသိနေလို့၊ ဘာသိနေလို့လဲ....(မှန်ဒါသိနေလို့ပါဘုရား)။

ကိုယ်တွေ့ဝိပဿနာမဟုတ် ဉာဏ်တွေ့ဝိပဿနာ

မှန်ဒါကိုသိနေတယ်ဆိုတာ ပညာနဲ့ တွဲသိဒါနော်၊ ဝိပဿနာဆိုဒါအ မျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ဝိပဿနာအာရုံနဲ့

ပတ်သက်လို့ ပေးထားချက်ကလေးမှာ တိုးတဲ့သဘော, တွန်းတဲ့သဘော ကလေးက အမှန်ရှိသလား၊ အမှန်မရှိဘူးလား....(အမှန်ရှိပါတယ်ဘုရား)။

အဲဒီ-အမှန်ရှိတယ်ဆိုတဲ့ သဘောကို မျက်လုံးနဲ့ မြင်ရရဲ့လား....(မမြင်ရပါဘုရား)။

ဒါဖြင့် ဝိပဿနာဆိုဒါ မျက်လုံးနဲ့မြင်ရတဲ့ သဘောမျိုးဟုတ်ရဲ့လား.... (မဟုတ်ပါဘုရား)။

ဒါဖြင့် ကောင်းပြီ၊ အဲဒီ-တိုးတဲ့သဘော တွန်းတဲ့သဘော အမှန်ကလေးရှိနေတယ်ဆိုဒါ လက်နဲ့ကိုင်တွယ်စမ်းသပ်ကြည့်လို့ တွေ့ဒါလား.... (မဟုတ်ပါဘုရား)။

ဒါဖြင့် ဝိပဿနာဆိုဒါလက်နဲ့တွေ့လို့သိဒါလား....(မဟုတ်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ-အမှန်ကလေးကို သိနေတယ်ဆိုဒါ ခန္ဓာကိုယ်နဲ့တွေ့လို့ သိဒါလား.... (မဟုတ်ပါဘုရား)

ဒါဖြင့် ဝိပဿနာဆိုတာ ကိုယ်တွေ့လား၊ဉာဏ်တွေ့လား....(ဉာဏ်တွေ့ပါဘုရား)။

ကိုယ်တွေ့ဝိပဿနာနဲ့ ဉာဏ်တွေ့ဝိပဿနာဟာ ဘယ်ဝိပဿနာကမှန်သလဲ ....(ဉာဏ်တွေ့ဝိပဿနာက မှန်ပါတယ်ဘုရား)။

ကိုယ်တွေ့ဝိပဿနာ, ကိုယ်တွေ့ဝိပဿနာလို့ ပြောနေဒါနဲ့, ဉာဏ်တွေ့ဝိပဿနာ,ဉာဏ်တွေ့ဝိပဿနာ-လို့ပြောနေဒါဟာ ဘယ်အပြောက မှန်သလဲ ....(ဉာဏ်တွေ့ဝိပဿနာအပြောက မှန်ပါတယ်ဘုရား)။

ဉာဏ်တွေ့ဝိပဿနာဆိုဒါ မျက်လုံးနဲ့တွေ့ရတဲ့ အတွေ့မျိုး မဟုတ်ဘူး၊ လက်နဲ့တွေ့ရတဲ့အတွေ့မျိုးမဟုတ်ဘူး၊ ကိုယ်နဲ့တွေ့ရတဲ့အတွေ့မျိုးမဟုတ်ဘူး၊ ဘာနဲ့တွေ့ရသလဲ....(ဉာဏ်နဲ့တွေ့ရပါတယ်ဘုရား)။

ဉာဏ်နဲ့တွေ့ရတဲ့ ဉာဏ်တွေ့ဝိပဿနာမှမှန်တယ်လို့ တထစ်ချဆုံးဖြတ်ပြီး ခပ်ရှင်းရှင်း ပြတ်ပြတ်သားသားမှတ်ပါ၊ သဘောကျပလား.... (ကျပါတယ်ဘုရား)။

ရှင်းသွားပလား အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ... (ရှင်းသွားပါပြီဘုရား)။

ဝိပဿနာဆိုဒါ ကိုယ်တွေ့လား၊ဉာဏ်တွေ့လား....(ဉာဏ်တွေ့ပါဘုရား)။
သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကို-သဘောကျကြရင် ရှေ့ကိုသွားကြစို့ရဲ၊အပြင်အာရုံကို စိတ်ပျံ့လွင့်ရင် သံယောဇဉ်ဖြစ်ခွင့်ရသလား၊ မရဘူးလား....(ရပါတယ်ဘုရား)။

အပြင်အာရုံကို စိတ်ပျံ့လွင့်သွားရင် သံယောဇဉ်တွေဖြစ်ခွင့်ရသလား၊ မရဘူးလား....(ရပါတယ်ဘုရား)။

သံယောဇဉ်တွေ ဖြစ်ခွင့်မရအောင်, အပြင်အာရုံကိုစိတ်မပျံ့လွင့်အောင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာလုပ်ရမလဲ၊ ထွက်တဲ့လေကို အစ, အလယ်, အဆုံး သတိနဲ့အစဉ်လျှောက်မလိုက်နဲ့၊ ထွက်လာတဲ့ လေရှဲတည်ရာ, တွေ့ထိရာဖြစ်တဲ့-ချက်တိုင်, ဟဒယခေါ် ရင်ချိုင့်, နှာသီးဖျားကို သတိနဲ့ အစဉ်လျှောက်မလိုက်မိအောင် တိုးတဲ့သဘော, တွန်းတဲ့ သဘောပေါ်မှာ မိမိစိတ်ကလေး တည်နေအောင် သတိ,ဝီရိယနဲ့ထိန်းရမယ်။ အဲဒီ-ထိန်းပုံထိန်းနည်းကိုလဲဘဲ နောက်နေ့ညတွေကျတော့ ဘုန်းကြီးရှင်းပြပါမယ်။

အပြင်အာရုံရှင်းတမ်းကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီလောက်ဆိုရင် နားလည်လောက်ပြီ, သဘောပေါက်လောက်ပြီလို့ ဘုန်းကြီးယူဆပါတယ်၊ အဲဒါကြောင့် အပြင်အာရုံရှင်းတမ်းကို အဲဒီလောက်နဲ့ဘဲ ရပ်ဆိုင်းပြီးတော့ အပြင်အာရုံရှင်းတမ်း ပြီးတဲ့အခါမှာ ဒီကနေ့ည ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်လာ ဝါသိဇဋ္ဌသုတ္တန်တရားတော်ကို ဟောမယ်လို့ ကြေငြာထားတယ် မဟုတ်လား၊ အဲဒီတော့ အဲဒီ သုတ္တန်တရားတော်ကို ဘုန်းကြီးတို့ ဟောကြစို့ရဲ၊ အပြင်အာရုံရှင်းတမ်း ကော်လောက်ပါပြီ။

အပြင်အာရုံကို စိတ်မရောက်မူ၍ သံယောဇဉ်ဖြစ်ခွင့်မရအောင် သတိ ဝီရိယနှင့် ကြိုးစားထိန်းနိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု။)

အပြင်အာရုံရှင်းတမ်း ပြီး၏။

# ဝါသိဇ္ဇရှ သုတ္တန်တရားတော်

### တရားတော်အစ ပဏာမ

မြတ်စွာဘုရားဟောတဲ့ သုတ္တန်တရားတော်ကို ဟောရမှာဖြစ်တဲ့အတွက် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ သုတ္တန်တရားတော်ကိုဟော ရမှာ ဖြစ်ပါသောကြောင့် ရှေးဦးစွာ ဒီ-သုတ္တန်ကိုဟောတော်မူတဲ့ မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကို ဘုန်းကြီးကရှိခိုးမယ်၊ အဲသလို ဘုရားရှိခိုးတဲ့ အခါမှာလဲဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘုန်း ကြီးရွတ်ဆိုသွားတဲ့အသံရဲ့ နောက်မှာ စိတ်ထားမှီပြီး မြတ်စွာဘုရားကိုအာရုံ ပြုပြီးတော့ လိုက်ပြီးရှိခိုးကြပါ၊ ကိုင်း—အားလုံး လက်အုပ်ချီကြဘုန်းကြီး က ဆိုပေးမယ်၊ အားလုံးလိုက်ပြီး အာရုံပြုကြ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
(၃-ခေါက်)

အရဟတော၊ နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်ဘွယ် အထူးထူး လှူဒါန်းဘွယ် အထူးထူးကို ခံယူခြင်းငှါ ထိုက်တော်မူပေ ထသော၊ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင်းဆိကို မမှီဆရာ ကိုယ်တိုင်သာလျှင် ကောင်းစွာသိမြင်တော်မူပါပေထဟော။ တဿ ဘဂဝတော၊ ဣဿရိယ, သိရီ, ကာမ, ဓမ္မ, ယသ, ပယတ္တမည် တုန်း ခြောက်လီနှင့် ပြည့်စုံတော်မူသော ထိုဘုရားသခင် ကိုယ်တော်မြတ် အား။ မေ-အမှာကာ၊ တရားဟောပုဂ္ဂိုလ်, ကရားနာပုဂ္ဂိုလ် ထိုတို များစွာသတ္တဝါဟု ခေါ်ဆိုကြကုန်သော ဘုရားတပည့်တော်တို့၏။ နမော၊ ဆယ်ဦလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္ထု၊ မုချမသွေ ဖြစ်ပါစေသား အရှင်ဘုရား။

(သာဓု-သာဓု-သာဓု)

## သုတ်တော်နိဒါန်း

ဒီ-ဝါသိဇ္ဇသုတ္တန်တရားတော်ကို ဘုန်းတော်ကြီးခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့အတိုင်း ဟောရမှာဖြစ်တဲ့ အတွက် ရှေးဦးစွာ လူနတ်ဗြဟ္မာ သတ္တဝါအများတို့ရဲ့ ပူဇော်အထူးထူးကိုခံယူတော်မူထိုက်သော ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးပါးသော သစ္စာ တရားတွေကို ဆရာမကူ သယမ္ဘူဉာဏ်စွမ်းဖြင့် မိမိအလိုလိုသာလျှင် ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူသော ဣဿရိယ, သိရီ, ကာမ, ဓမ္မ, ယသ, ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် အခါကာလ ရဟန်းတော်များကို ခေါ်တော်မူပြီး အာသဝကင်းကြောင်းဖြစ်တဲ့ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားကိုဟောကြားတော်မူပြီးတော့ "တရားအားထုတ်မှသာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်တည်းဟူသောချမ်းသာကို ရနိုင်ကြောင်း, အာသဝကုန်နိုင်ကြောင်း, တရားအားမထုတ်ဘဲနေရင် အာသဝတွေ မကုန်နိုင်ကြောင်း" ကို ဥပမာ,ဥပမေယျ စုံလင်စွာဖြင့် ဤဝါသိဇ္ဇ သုတ္တန်တရားဒေသနာတော်ကို ဟောတော်မူပါသည်။

## သိသူ မြင်သူမှ အာသဝေါကုန်

အဘယ်ကဲ့သို့ ဟောကြားတော်မူပါသလဲဆိုတော့-

"ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော, နော အပဿတော"။

ဒါ-ဘုရားကိုယ်တော်တိုင်ဟောတော်မူတဲ့ တရားတော်ပါ၊ အဲဒါကို ပဌမ ရှေးဦးစွာ အနက်မပေးရိုးပေးစဉ် အနက်ပေးကြရအောင်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို...ချစ်သားတို့။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏၊ အဇာနတော၊ မသိသောသူအား၊ နော-

ဿတော၊ မမြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ နော ဝဒါမိ၊ ဟောတော်မမူ။

ဒီ-အဓိပ္ပါယ်က ဘာပြောတာလဲ၊ မြတ်စွာဘုရားက "ချစ်သားတို့... သိသောသူ၊ မြင်သောသူသည်သာလျှင် အာသဝေါကုန်တယ်လို့ ငါဘုရား ဟောတော်မူတယ်၊ မသိတဲ့၊ မမြင်တဲ့သူကို အာသဝကုန်တယ်လို့ ငါဘုရား မဟောဘူး" အဲဒီလိုမိန့်တော်မူတော့ ဒီအဓိပ္ပါယ်က ဒီလိုရတယ်။

## ငါကိုယ်တိုင်သိ၍ အာသဝေါကုန်ခြင်းကိုဟောသည်

ကဲ-ဒါဖြင့် အဲဒီဝါကျတွေကို အနက်တမျိုးပြန်ပေးရအောင်-

"ဇာနတော အဟံ ဘိက္ခဝေ, ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော, နော အပဿတော"။

ကိုင်း-အဲဒါကို ပြန်ပြီးတော့ အနက်တမျိုးပေးရအောင်၊ ခု-ဒုတိယ အနက်က ပဌမအနက်မျိုးတော့ မဟုတ်တော့ဘူး၊ ပဌမအနက်ကတော့ ပေးရိုးပေးစဉ်အနက်ပါ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို...ချစ်သားတို့။ ဇာနတော၊ ငါကိုယ်တိုင်သိသည်ဖြစ်၍။ ပဿတော၊ ငါကိုယ်တိုင်မြင်သည် ဖြစ်သည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ကုန်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အဇာနတော၊ ငါကိုယ်တိုင်မသိဘဲ။ အပဿတော၊ ငါကိုယ်တိုင်မမြင်ဘဲနှင့်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ နော ဝဒါမိ၊ ဟောတော်မမူ။

ဒါ-ဒုတိယပေးတဲ့အနက်ပါ၊ ဒီအနက်ရဲ့အဓိပ္ပါယ်ကတော့ ဘာပြောသလဲ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သား ရဟန်းတို့...အာသဝါတရား ကုန်ရာကုန်ကြောင်းကို ကိုယ်တော်တိုင်သိ သည်ဖြစ်၍ ကိုယ်တော်တိုင်မြင်သည်ဖြစ်၍ အာသဝေါတရားတို့၏ ကုန်ခြင်း ကို ဟောကြားတော်မူတယ်၊ ငါကိုယ်တိုင်မသိဘဲနဲ့ ငါကိုယ်တိုင်မမြင်ဘဲနဲ့

အာသဝေါတရားကုန်တယ်လို့ ငါဘုရားဟော တော်မမူ” အဲဒီလိုအဓိပ္ပါယ် ရတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပါဠိတော်မှာ လာတဲ့ အဲဒီအဓိပ္ပါယ်နှင့်ချက် ထွက်လာပုံကို ကိုယ်တိုင်ဉာဏ်နဲ့ ဝေဘန်ဆုံး ဖြတ်ပြီးတော့ ဘယ်အနက်အဓိပ္ပါယ်က ပိုကောင်းမလဲလို့ ဆိုဒါကိုတော့ဖြင့် ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ကြ။

ပြန်ပြောရအုံးမယ်ဆိုရင် ပဌမအဓိပ္ပါယ်ကတော့-သိသောသူ, မြင်သောသူအားသာလျှင် အာသဝေါတွေ ကုန်တယ်လို့ငါဘုရား ဟောတယ်၊ မသိသောသူ, မမြင်သောသူအား အာသဝေါတွေ ကုန်တယ်လို့ ငါဘုရားမဟောဘူး၊ ဒါပဌမအဓိပ္ပါယ်ပါ။

ဒုတိယပေးတဲ့အနက်ရဲ့ အဓိပ္ပါယ်ကတော့-ငါကိုယ်တိုင်သိသည် ဖြစ်၍ ငါကိုယ်တိုင်မြင်သည်ဖြစ်၍ အာသဝေါကုန်ကြောင်းကို ငါ ဘုရားဟောတယ်၊ ငါကိုယ်တိုင် မသိဘဲ မမြင်ဘဲနဲ့ ရမ်းသမ်းပြီး တော့ အာသဝေါကုန်ကြောင်းကို ငါဘုရားမဟောဘူးလို့ ဒီလို ဆိုလိုတယ်။

ကိုင်း-ရှေ့သွားကြစို့ရဲ့။

ရုပ်နှင့်အဖြစ်အပျက်ကိုသိ၍ အာသဝေါကုန်သည်

“ကိဉ္စ ဘိက္ခဝေ ဇာနတော ကိံပဿတော အာ- သဝါနံ ခယော ဟောတိ”

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စဇာနတော၊ အဘယ်တရားကို သိ သောသူအား။ ကိံပဿတော၊ အဘယ်တရားကိုမြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယော၊ ကုန်ပျောက်ပျက်စီး ခြင်းသည်။ ဟောတိ၊ ဖြစ်ပါသနည်း။

“ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော”။

ဒါဟာရုပ်တရားနဲ့ပတ်သက်ပြီး သိဘာ ပါ၊ ဝေဒနာစသည်တို့နဲ့ ပတ်သက်ပြီးတော့–

"ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော။ ဣတိဝိညာဏံ၊ ဣတိဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမောတိ။ ဧဝံခေါ ဘိက္ခဝေ ဇာနတော ဧဝံ ပဿတော အာသဝါနံ ခယော ဟောတိ"။

ဣတိ ရူပံ၊ ဤကားရုပ်တရားတည်း။ ဣတိရူပဿ သမုဒယော၊ ဤကားရုပ်တရား၏ ဖြစ်ခြင်းတည်း။ ဣတိရူပဿ အတ္ထင်္ဂမော၊ ဤကားရုပ်တရား၏ ကုန်ပျောက်ပျက်စီးခြင်းတည်း။ (....) ဣတိဝိညာဏံ၊ ဤကား ဝိညာဉ်တရားတည်း။ ဣတိဝိညာဏဿ သမုဒယော၊ ဤကားဝိညာဉ်တရား၏ ဖြစ်ခြင်းတည်း။ ဣတိဝိညာဏဿ အတ္ထင်္ဂမော၊ ဤကားဝိညာဉ်တရား၏ ကုန်ပျောက်ပျက်စီးခြင်းတည်း။ ဘိက္ခဝေ၊ ရဟန်းတို့ ဧဝံ၊ ဤသို့။ ဇာနတော၊ သိသောသူအား။ ဧဝံ၊ ဤသို့။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယော၊ ကုန်ပျောက်ပျက်စီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။

လို့–ဒီလိုဟောပါကယ် ဟောဒါရုပ်, ဟောဒါရုပ်ဖြစ်တာ, ဟောဒါရုပ်ကုန်ပျောက်သွားဒါ။ အဲဒီလိုသိတဲ့အတွက် အဲဒီလိုသိသောသူအား, အဲဒီလိုမြင်သောသူအား, ရုပ်လို့သိသောသူအား, ရုပ်ဖြစ်တာကိုသိသောသူအား, ရုပ်ကုန်ပျောက်သွားဒါကို သိသောသူအား အာသဝေါတွေကုန်တယ်လို့ ငါဘုရားဟောတော်မူတယ်။

နောက်တနည်းပြောမယ်ဆိုရင် ငါဘုရားကိုယ်တော်တိုင်က ဟောဒါရုပ်လို့ ငါကိုယ်တိုင်သိတယ်၊ ဟောဒါ ရုပ်ဖြစ်တာလို့ ငါကိုယ်တိုင်သိတယ်၊ ဒီဖြစ်လာတဲ့ ရုပ်တရားမှန်သမျှဟာ ကုန်တယ်ပျောက်တယ်လို့ ငါကိုယ်တိုင်

သိသည်ဖြစ်၍ အာသဝေါတွေ ကုန်ခြင်းကို ငါဘုရားဟောတော်မူတယ်လို့ အဲဒီအဓိပ္ပါယ်စကားပြေကို တမျိုးပြောပြီးတော့ကိုင်း-နောက်ပိုင်းကျတော့ ရိုးရိုးပြောကြပါစို့ရဲ့။

ရုပ်ကိုသိရင်, ရုပ်ဖြစ်ကားကိုသိရင်,ရုပ်ကုန်ပျောက်သွားဒါကိုသိရင် အဲဒီလိုသိတဲ့လူဟာ ကာမာသဝ, ဘဝါသဝ,ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဆိုတဲ့ အာသဝေါလေးပါးကုန်တယ်၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာ သဝ,အဝိဇ္ဇာသဝ ဒီ သရုပ်တွေတော့ဖြင့် အမျိုးကောင်းသားတိုင်း အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း အမျိုးကောင်းသမီးတိုင်း တော်တော်ကျကျ ပွန်ပွန်ရနေကြတယ်၊ သိလဲသိနေကြတယ်၊ အဲဒီအာသဝေါတွေထဲမှာ ရှေးဦးစွာဖယ်ရှားရမှာက ဘယ်အာသဝလဲ။

အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း ရှေးဦးစွာဖယ်ရှား ပစ်ရမှာက အဝိဇ္ဇာသဝ။

အဝိဇ္ဇာမသေရင် ဒိဋ္ဌိကိုမမြင်ဘူး၊ အဝိဇ္ဇာမစင်သရွေ့ အဝိဇ္ဇာရှိနေသရွေ့ ဒိဋ္ဌိကိုမမြင်ဘူး၊ အဝိဇ္ဇာဆိုတာ အမှောင်၊ ဝိဇ္ဇာဆိုတာ ပညာ၊ ပညာဆိုတာ အလင်း၊ အဲဒီအလင်းရောင်ကြီး ထိလိုက်တွေ့လိုက်တဲ့အခါကျတော့မှ အဲဒီ ဒိဋ္ဌိကိုတွေ့ရတယ်၊ အလင်းရောင်ပေါ်တာနဲ့ ဒိဋ္ဌိတခါထဲ ထွက်ပြေးတာဘဲ။

ဒိဋ္ဌိဆိုဒါလူဆိုးလား,လူကောင်းလားဆိုတော့ လူဆိုး၊ ဒိဋ္ဌိတည်းဟူသော လူဆိုးထွက်မပြေးခင် ဒီ ဒိဋ္ဌိဘယ်မှာခိုသလဲလို့ကြည့်၊ အဝိဇ္ဇာတည်းဟူသော တောအုပ်အောက်မှာ ခိုတယ်၊ ဒီတော့ သူခိုနေတဲ့ အဝိဇ္ဇာတည်းဟူသော တောအုပ်ကိုရှင်းလိုက်ရင် ဒိဋ္ဌိမခိုနိုင်တော့ဘူး၊ ဒိဋ္ဌိမခိုနိုင်အောင်လို့ အဝိဇ္ဇာ တောအုပ်ကို ရှင်းဘို့ရန်အတွက် တိုးတဲ့သဘောတာ,တွန်းတဲ့သဘောတည်းဟူ သော အမှန်ကိုသိတဲ့ပညာကို အမျိုးကောင်းသားများ, အမျိုးကောင်းသ မီးများမှာ ဝိပဿနာအလုပ်ပေးတရားအဖြစ်ဖြင့် ရရှိနေတယ်။

> အမှန်ကို သိရင် ဝိဇ္ဇာ၊ ဝိဇ္ဇာဖြစ်တာနဲ့ တပြိုင်နက်အဝိဇ္ဇာ တောအုပ်ကြီးကရှင်း၊ အဝိဇ္ဇာတောအုပ်ကြီးရှင်းရင် အဝိဇ္ဇာ ကွာ သင့်သလောက်ကွာ၊ အဝိဇ္ဇာကွာရင် ဒိဋ္ဌိမနေဝံ့တော့ဘူး၊ ဒိဋ္ဌိအလို လိုကွာသွားတယ်။

သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ–ဒိဋ္ဌိကြီးလေးမျိုးကွာပုံပြတ်ပုံကို အလုပ်ပေးတရားမှာ ပြောခဲ့ပြီးပြီ၊ ရှင်းပြီးပြီ။

အဲဒီ–ရုပ်တရားကိုမြင်ရင်, ရုပ်တရားဖြစ်ဟာကိုမြင်ရင်, ရုပ်တရားကုန်ပျောက်သွားဒါကိုမြင်ရင် အဲဒီကာမာသဝ, ဘဝါသဝ,ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတွေကုန်မယ်တဲ့ဘုရားက၊ အဓိပ္ပါယ်ကဒါတဲ့၊ ဘုန်းကြီးတို့အနေနဲ့ အပိုမပြောတော့ပါဘူး၊ ဒီပါဠိတော်ရိုးရိုးအတိုင်းဘဲ ဘုန်းကြီးလျှောက်ပြောသွားမယ်။

## ဆုတောင်းနေရုံနဲ့တော့ အာသဝေါမကင်း

"ဘာဝနာနုယောဂံ အနနုယုတ္တဿ ဘိက္ခဝေ ဘိက္ခုနော ဝိဟရတော ကိဉ္စာပိ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇေယျ"။ (ပါဠိတော်မှာ)။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ဘာဝနာနုယောဂံ၊ တရားအားထုတ်ခြင်းအမှုကို။ အနနုယုတ္တဿ၊ အားမထုတ်ဘဲနဲ့။ ဝိဟရတော၊ နေသော။ ဘိက္ခုနော၊ ရဟန်းအား။ ဧဝံဣစ္ဆာ၊ အာသဝေါကုန်ရင် ကောင်းမှာဘဲဟူသော အလိုသည်။ ကိဉ္စာပိ ဥပ္ပဇ္ဇေယျ၊ အကယ်၍များ ဖြစ်ခဲ့ငြားအံ့။

တရားအားမထုတ်ဘဲနေသော အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဘယ်လိုစိတ်ကရှိသလဲလို့ ဆိုတော့။

"အဟော ဝတ မေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စေယျ"။

မေ၊ ငါ၏။ စိတ္တံ၊ စိတ်အစဉ်သည်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စေယျ၊ လွတ်ပါမူကား။ အဟောဝတ၊ ဩော်–ကောင်းလေစွ။

ငါ့ရဲ့စိတ်အစဉ်ဟာ အစွဲအလမ်း တွကင်းပြီးတော့ အာသဝေါ တရားတွေမှလွတ်ရင် ကောင်းမှာဘဲ"။

အဲဒီလို အာသဝေါတရားတွေမှာတော့ ကင်းချင်တယ်၊ ကင်းချင်လို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ-ဘုရားမှာ ပန်းလှူတိုင်း လှူတိုင်း, ဆွမ်းတော်တင်တိုင်းတင်တိုင်း, ကုသိုလ်ကောင်းမှု ပြုတိုင်းပြုတိုင်း အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘာပြောသလဲ။

"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"။

မေ၊ အကျွန်ုပ်၏။ ဣဒံ ပုညံ၊ ဤယခုပြုရတဲ့ ကုသိုလ်ကောင်းမှုသည်။ အာသဝက္ခယံ၊ အာသဝေါတရားတို့၏ ကုန်ရာကုန်ကြောင်းဖြစ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို။ ဝဟံ-ဝဟန္တော၊ ရောက်အောင် ဆောင်ရွက်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသားအရှင်ဘုရား။-

လို့မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အာသဝေါတရားတွေ ကင်းရပါလို၏-အဲဒီလိုအကြံဖြစ်ရုံနဲ့ အာသဝေါတွေ ကင်းမလားလို့ဆိုတော့ ဘုရားကရှေ့ဆက်ဟောပါတယ်။

"အထခွဿ နေဝ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတိ"။

အထခေါ၊ စင်စစ်သော်ကား။ အဿ၊ ထိုဆုသာတောင်းနေတဲ့ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ မစွဲလမ်းမှု၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ နေဝ ဝိမုစ္စတိ၊ မလွတ်ဘူးတဲ့။

အဲဒီလိုပြောနေရုံနဲ့မျှနှင့် ကြံစည်နေရုံ, ဆုတောင်းနေရုံမျှနှင့် အာသဝ မကင်းနိုင်ဘူးတဲ့။

### အာသဝေါမကင်းလွတ်ခြင်းအကြောင်း

"တံ ကိဿ ဟေတု-ဒီလို ဆုတောင်းနေပါလျက်နဲ့ ဘာဖြစ်လို့ မလွတ်သလဲ''လို့ဆိုရင်တဲ့၊ "အဘာဝိတတ္တာတိဿဝစနီယံ-မပွားများလို့ လို့ ပြောရမယ်"တဲ့။

ဘာဖြစ်လို့မလွတ်သလဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ-(မပွားလို့ပါဘုရား)၊ မပွားလို့။

ဘာကိုမပွားလဲ ဘုရားကဒီလိုမေးဖြန့်တယ်၊ "ကိုဿ အဘာဝိတတ္တာ"။ ။ကိဿ၊ အဘယ်တရားကို၊ အဘာဝိတတ္တာ၊ မပွားလို့လဲလို့ဆိုရင်။

"အဘာဝိတတ္တာ စတုန္နံ သတိပဋ္ဌာနာနံ။ အဘာဝိတတ္တာ စတုန္နံ သမ္မပ္ပဓာနာနံ၊ အဘာဝိတတ္တာ စတုန္နံ ဣဒ္ဓိပါဒါနံ၊ အဘာဝိတတ္တာ ပဉ္စန္နံ ဣန္ဒြိယာနံ၊ အဘာဝိတတ္တာ ပဉ္စန္နံ ဗလာနံ၊ အဘာဝိတတ္တာ သတ္တန္နံ ဗောဇ္ဈင်္ဂါနံ၊ အဘာဝိတတ္တာ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ"။

စတုန္နံ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်လေးပါးတို့ကို။ အဘာဝိတတ္တာ၊ မပွားအပ်သည်၏ အဖြစ်ကြောင့်၊ စတုန္နံသမ္မပ္ပဓာနံ၊ သမ္မပ္ပဓာန်လေးပါးတို့ကို စတုန္နံ ဣဒ္ဓိပါဒါနံ၊ ဣဒ္ဓိပါဒ် လေးပါးတို့ကို။ ပဉ္စန္နံ ဣန္ဒြိယာနံ၊ ဣန္ဒြေငါးပါးတို့ကို။ ပဉ္စန္နံ ဗလာနံ၊ ဗိုလ်ငါးပါးတို့ကို။ သတ္တန္နံ ဗောဇ္ဈင်္ဂါနံ၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို။ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ၊ ဖြူစင်မြင့်မြတ်သော အရိယာမဂ္ဂင်ရှစ်ပါးကို။ အဘာဝိတတ္တာ၊ မပွားအပ်သည်၏ အဖြစ်ကြောင့်။ အဿ၊ လိုတရားအားမထုတ်ဘဲ ဆုသာတောင်းနေတဲ့ ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ နေဝဝိမုစ္စတိ၊ မလွတ်နိုင်။

(၁) သတိပဋ္ဌာန် ၄-ပါး,
(၂) သမ္မပ္ပဓာန် ၄-ပါး,
(၃) ဣဒ္ဓိပါဒ် ၄-ပါး,
(၄) ဣန္ဒြေ ၅-ပါး,
(၅) ဗိုလ် ၅-ပါး,
(၆) ဗောဇ္ဈင် ၇-ပါး,
(၇) မဂ္ဂင် ၈-ပါး,

ဖြစ်တဲ့ ဗောဓိပက္ခိယတရား ၃၇-ပါးတို့တွင် ကြိုက်ရာတပါးပါးကို မပွားလို့တဲ့။

နို-အခု အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဟာ မုန်ဒါကိုသိတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ကို အကြိမ်များစွာ အလေ့အလာပြုလုပ်ပြီးတော့ ပွားနေလား၊ ပွားမနေဘူးလား ...(ပွားနေပါတယ်ဘုရား)။

ပွားနေတဲ့ပုဂ္ဂိုလ်ဟာ အာသဝေါလွတ်မယ်၊ မပွားရင် မလွယ်ဘူးတဲ့၊ ပွားသင့်ပွားထိုက်သောတရားကို မပွားရင်ပယ်သင့်ပယ်ထိုက်တဲ့တရားကိုပယ်နိုင်လား၊ မပယ်နိုင်ဘူးလား....(မပယ်နိုင်ပါဘုရား)။

ပယ်သင့်ပယ်ထိုက်တဲ့တရားကိုမှ မပယ်နိုင်ရင် သိသင့်သိထိုက်တဲ့တရားကို သိမလား၊ မသိဘူးလား....(မသိပါဘုရား)။

ဒီတော့-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ပွားသင့်ပွားထိုက်တဲ့ တရားတွေကို ပွားပေးရမယ်၊ ဘာကိုလဲ၊ သတိပဋ္ဌာန် ၄-ပါးဟော-ခုကြည့်။

"ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော"။

ဟောဒီတရားက ရုပ်တရား၊ ဟောဒါရုပ်တရားလေးဖြစ်လာပြီ၊ ဟောဒါ ရုပ်တရားလေးဖြစ်လာပြီးတော့ ကုန်ပျောက်သွားပြီ"၊ ဒီ ၃-ချက်ကို ပွားနေရင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ခေါ်တယ်၊ ဘာသတိပဋ္ဌာန်လို့ ခေါ်သလဲ....(ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား)။

အဲဒီ သတိပဋ္ဌာန်လေးပါးတို့တွင် အကျုံးဝင်တဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို အခါခါပွားပေးမယ်ဆိုရင် အာသဝေါမှ လွတ်မယ်တဲ့-ဘုရားက၊ မပွားရင်မလွတ်ဘူးတဲ့။

## ဝပ်ပေးရင် ကြက်ဥမပေါက်နိုင်သလို

အဲဒီနေရာမှာ ဘုရားသခင်ကိုယ်တော်မြတ်က ဥပမာနှစ်ဘက်ပြပါတယ် ကယ်လို ဥပမာနှစ်ဘက်ပြပါသလဲလို့ဆိုရင်တော့—

"သေယျထာပိ ဘိက္ခဝေ ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌ ဝါ ဒသ ဝါ ဒွါဒသ ဝါ၊ တာနဿု ကုက္ကုဋိယာ န သမ္မာအဓိသယိတာနိ၊ န သမ္မာပရိသေဒိတာနိ၊ န သမ္မာ ပရိဘာဝိတာနိ"။ (ပါဠိတော်မှာ)

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ကုက္ကုဋိယာ၊ ကြက်မအား။ အဏ္ဍာနိ၊ ဥ-တို့သည်။ အဋ္ဌဝါ၊၈-လုံးတို့သည်ရင်း။ဒသဝါ၊ ၁၀-လုံးတို့သည်ရင်း။ ဒွါဒသဝါ၊ ၁၂-လုံးတို့သည်ရင်း။ အဿု၊ ရှိသည်ဖြစ်ကုန်ရာ၏။ တာနိ၊ ထို ဥ-တို့ကို။ ကုက္ကုဋိယာ၊ ကြက်မသည်။ သမ္မာအဓိသယိတာနိ၊ ကောင်းစွာ ဝပ်၍ပေးအပ်ကုန်သည်။ နအဿု၊ မဖြစ်ကုန်ရာ။ သမ္မာပရိသေဒိတာနိ၊ ကောင်းစွာ အပူငွေ့ ပေးအပ်ကုန်သည်။ နအဿုံ၊ မဖြစ်ကုန်ရာ။ သမ္မာပရိဘာဝိတာနိ၊ ကောင်းစွာအနံ့တို့ဖြင့် ထုံမွှမ်းအပ်ကုန်သည်။ နအဿု၊ မဖြစ်ကုန်ရာ။

ဒါ-ဘာပြောသလဲ၊ ကိုင်း-အဓိပ္ပါယ်ပြောကြပါစို့ရဲ၊ အနက်ပေးပြီးတော့ အဓိပ္ပါယ် အကျယ်တဝင့် ပြောချင်ဒါဘဲ၊ ဒါပေမဲ့ အချိန်က သိပ်မရဘူး။

ကြက်မတကောင်ရှိတယ်တဲ့-ဘုရားက၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ= ဘာတကောင်ရှိသတဲ့လဲ.... (ကြက်မတကောင်ရှိပါတယ်ဘုရား)။

အဲဒီ-ကြက်မကြီးတကောင်ဟာ သူကိုယ်တိုင်ဥထားဒါ "အဋ္ဌဝါဒသဝါ ဒွါဒသဝါ"ကြက်ဥပေါင်း ရှစ်လုံးသော်ရင်း, ဆယ်လုံးသော်ရင်း, ဆယ့်နှစ်လုံးသော်ရင်း ရှိတယ်တဲ့။

အဋ္ဌကထာကတော့ဘယ်လိုပြောသလဲဆိုတော့"ဥနာဓိကာနိ"=အယုတ်အလွန်လဲ ရှိပါသေးတယ်တဲ့၊ တချို့ လေး-ငါး-ခြောက်လုံးဥတဲ့ကြက်မလဲရှိဒါဘဲတဲ့၊ တချို့ဆယ့်နှစ်လုံးသာမက ဆယ့်လေးလုံး ဆယ့်ခါးလုံးဥတဲ့ကြက်မတွေလဲ ရှိဒါဘဲတဲ့၊ ဒါအပိုအလိုတော့ ရှိဒါဘဲတဲ့၊ ဒီနေရာမှာတော့

စကားဖြစ်ရုံလောက်သာ ပြောထားဒါဖြစ်ပါတယ်၊ အဲဒီ–ကြက်ဥတွေကို ဒီ–ကြက်မကြီးဟာ–

"န သမ္မာအဓိသယိတာနိ–ကောင်းစွာဝပ်မပေးဘူး" တဲ့။

ဝပ်တယ်ဆိုဒါဘယ်လိုလဲ၊ ကြက်ဥတွေလုံအောင် အတောင်ပံကိုဖြန့်ပြီးတော့ ဒီ–ကြက်ဥပေါ်ကနေပြီး ကြက်မကြီးအိပ်နေဒါကို ကြက်မကြီးဝပ်ပေးတယ်လို့ခေါ်တယ်တဲ့၊ အဲဒီလို–ကြက်မက ဝပ်မပေးဘူး။

"န သမ္မာပရိသေဒိတာနိ=ကောင်းစွာ ကြက်မရဲ့ အငွေ့ကိုလဲ မပေးဘူး"။

"န သမ္မာပရိဘာဝိတာနိ=ကြက်မရဲ့ အနံ့ကိုလဲ ကောင်းစွာ ထုံမွှမ်းမပေးဘူး"။

ဒါပေမဲ့ ကြက်မကြီးက ဒီလို=လုပ်မပေးပေမဲ့ စိတ်ထဲကတော့ ဘယ်လိုဖြစ်နေသလဲဆိုတော့–

"ကိဉ္စာပိ တဿာ ကုက္ကုဋိယာ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇေယျ အဟောဝတ မေ ကုက္ကုဋပေါတကာ ပါဒနခသိခါယဝါ မုခတုဏ္ဍကေန ဝါ အဏ္ဍကောသံ ပဒါလေတွာ သောတ္ထိနာ အဘိနိဗ္ဘိဇ္ဇေယျုံ"။

တဿာကုက္ကုဋိယာ၊ ထိုကြက်မအား။ မေ၊ ငါ၏။ ကုက္ကုဋပေါတကာ၊ ကြက်ငယ်တို့သည်။ ပါဒနခသိခါယဝါ၊ ခြေသည်းဖျားဖြင့်၎င်း။ မုခတုဏ္ဍကေနဝါ၊ နှုတ်သီးဖျားဖြင့်၎င်း။ အဏ္ဍကောသံ၊ ဥ-ခွံကို။ပဒါလေတွာ၊ဖောက်ခွဲ၍။သောတ္ထိနာ၊ ချမ်းချမ်းသာသာ။အဘိနိဗ္ဘိဇ္ဇေယျုံ၊ပေါက်ကွဲထွက်လာကုန်မူကား။ အဟောဝတ၊ ဩော်–ကောင်းလေစွ။ ဧဝံဣစ္ဆာ၊ ဤသို့သောအလိုသည်။ ကိဉ္စာပိ ဥပ္ပဇ္ဇေယျ၊ အကယ်၍ဖြစ်ရာ၏။

"ငါ့ရဲ့ကြက်ကလေးတွေဟာ ခြေသည်းဖျား, နှုတ်သီးဖျားတို့ဖြင့် ဥခွံကို ဖောက်ခွဲပြီးတော့ အလွယ်တကူပေါက်ဖွားလာခဲ့လို့ရှိရင်ဖြင့်ကောင်းမှာဘဲ" လို့ပေါက်စေချင်တဲ့ အလိုဆန္ဒတော့ရှိတယ်၊ ဒါပေမဲ့ဝပ်မပေးဘူး၊ ကြက်ငွေ့

မပေးဘူး, ကြက်ရဲ့အနံ့ကိုမပေးဘူး, ဒီ-သုံးမျိုးကို သူက လုပ်မပေးဘူး၊ အဲဒီလို-လုပ်မပေးရင် ဒီ-ကြက်ဥတွေဟာ ပေါက်နိုင်မလား.... (မပေါက်နိုင်ပါဘုရား)။

ဒါကြောင့်ဘုရားသခင်က-

"အထခေါ ဒ္ဒိမာ ဘိက္ခဝေ ကုက္ကုဋိယာ ပါဒန ခဘိခါယ ဝါ မုခတုဏ္ဍကေန ဝါ အဏ္ဍကောသံ ပဒါလေတွာ သောတ္ထိနာ အဘိနိဗ္ဘိဇ္ဇိတုံ"။

အထခေါ၊ စင်စစ်ဝပ်မပေးဘဲ, အငွေ့မပေးဘဲ, အနံ့မပေးဘဲ ကြက်မ၏ ဆန္ဒပြုရုံမျှဖြင့်။ တေ ကုက္ကုဋပေါတကာ၊ ထိုကြက်ငယ်တို့သည်။ ပါဒနခသိခါယဝါ၊ ခြေသည်းဖျားဖြင့်ရင်း။ မုခတုဏ္ဍကေနဝါ၊ နှုတ်သီးဖျားဖြင့်ရင်း။ အဏ္ဍကောသံ၊ ဥ-ခွံကို။ ပဒါလေတွာ၊ ဖေါက်ခွဲ၍။ သောတ္ထိနာ၊ ချမ်းချမ်းသာသာ။ အဘိနိဗ္ဘိဇ္ဇိတုံ၊ ပေါက်ကွဲထွက်လာခြင်းငှာ။ အဘဗ္ဗာဝ၊ မထိုက်ကုန်သည်သာလျှင်တည်း။-

လို့ ဒီလို-ဆိုလိုပါတဲ့၊ ဒီဝါကျတွေ, ဒီစကားတွေကိုတော့ အကျယ်ချဲ့ပြီး ပြောတော့ပြောချင်ပါရဲ့၊ နာရီက မရှိဘူး။

## ဥပမာ-ဥပမေယျ စပ်ဟပ်ပြ

ကိုင်း-မပေါက်ဘူးဆိုတော့ ဒါဖြင့် ဒီ-ကြက်ဥတွေ ရှိပါလျက်သားနဲ့ ဘာပြုလို့မပေါက်သလဲ၊ အဲသလိုဆိုတော့-

"တထာဟိ ပန ဘိက္ခဝေ ကုက္ကုဋိယာ အဏ္ဍာနိ အဋ္ဌ ဝါ ဒသ ဝါ ဒွါဒသ ဝါ၊ တာနဿု ကုက္ကုဋိယာ န သမ္မာ အဓိသယိတာနိ၊ န သမ္မာ ပရိသေဒိတာနိ၊ န သမ္မာ ပရိဘာဝိတာနိ"။

(၁) ကြက်မက ဝပ်မပေးလို့,
(၂) ကြက်မက အငွေ့ကိုမပေးလို့,
(၃) ကြက်မက အနံ့မပေးလို့၊

အဲဒီ ၃-မျိုးလုပ်မပေးဒါနဲ့ ကြက်တွေမ ပေါက်တော့ဘူးတဲ့။

"ဧဝမေဝ ခေါ ဘိက္ခဝေ ဘာဝနာနုယောဂံ အနနု ယုတ္တဿ ဘိက္ခုနော ဝိဟရတော ကိဥ္စာပိ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇေယျ"။

အဲဒီ-ဥပမာလိုဘဲ ရဟန်းတော်ဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ကမ္မဋ္ဌာန်းအားထုတ်ခြင်းအမှုကို မပြုလုပ်ပါဘဲလျက် အာသဝေါတရားတွေကုန်ရင် ကောင်းလေစွ၊ အာသဝေါတွေကုန်ရင်ကောင်းမှာဘဲလို့ အဲဒီလို-အလိုဆန္ဒတွေဖြစ်နေပေမဲ့ ကမ္မဋ္ဌာန်းပွားများ အားထုတ်ခြင်းအမှုကို ပြုလုပ်၍မပေးရင် မပေါက်ဘူးတဲ့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရနိုင်ဘူး, အာသဝေါတွေမကုန်နိုင်ဘူးလို့ မြတ်စွာဘုရားက ဒီလိုဟောတယ်။

ဒါဖြင့် ဒီ-ဥပမာက ဟမျိုးပါ၊ ဒီ ဥပမာကိုဘဲ ပြန်ပြီးတော့ မြောင်းပြန် ပြန်လိုက်။

ဘာဝနာနုယောဂံ အနနုယုတ္တဿ ဘိက္ခဝေ ဘိက္ခုနော ဝိဟရတော ကိဥ္စာပိ န ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇေယျ အဟော ဝတ မေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စေယျာတိ"

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝနာနုယောဂံ၊ ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း အမှုကို။ အနနုယုတ္တဿ၊ ကြိုးစား အားထုတ်လျက်။ ဝိဟရတော၊ နေသော ယောဂီပုဂ္ဂိုလ်အား။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ မစွဲလမ်းမူ၍၊ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စေယျ၊ လွတ်ပါမူကား။ အဟောဝတ၊ မြွင်းကောင်းလေစွ၊ ဧဝံဣစ္ဆာ၊ ဤသို့သောအလိုသည်။ ကိဥ္စာပိ န ဥပ္ပဇ္ဇေယျ၊ တစ်ခယ်၍ကား မဖြစ်ရာ။

ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးစားပြီးတော့ ပွားများအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးဟာ ငါ့ရဲ့စိတ်အစဉ်သည် အစွဲအလမ်းတွေကင်းပြီးတော့ အာသဝေါတရားတွေကလွတ်ရင် ကောင်းမှာဘဲ ဆိုတဲ့ အလိုဆန္ဒရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်,

ဏှဒ္ဒိပါဒ်, ဏှန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဆိုတဲ့ ကြိုက်နှစ်သက်ရာ တခုခုကို ကြိုးစားပြီးတော့ ပွားပေးရင် အားထုတ်ပေးရင်အာသဝေါတရားတွေကင်း မလား၊ မကင်းဘူးလား....(ကင်းပါတယ်ဘုရား)။

တောင့်တနေရဦးမလား ...(မတောင့်တရပါဘုရား)။

မတောင့်တလဲ အာသဝေါတွေကုန်မှာဘဲ၊ ခုနကပြောခဲ့တဲ့ ကြက်မကြီး တကောင်ဟာ ကြက်ဥတွေ ရှစ်လုံးတို့, ဆယ်လုံးတို့ဥပြီးတော့ အဲဒီ-ကြက်မ က ကြက်ဥတွေကို–

(၁) ကောင်းစွာဝပ်ပေးရင်,

(၂) ကောင်းစွာ ကြက်မရဲ့ အပူငွေ့ကိုပေးရင်,

(၃) ကောင်းစွာ ကြက်မရဲ့ အနံ့ကို မှမ်းထုံပြီးတော့ပေးရင်–

ဒီ-ကြက်ဥတွေ ပေါက်မလား၊ မပေါက်ဘူးလား... (ပေါက်ပါတယ် ဘုရား)။

အကယ်၍ ကြက်မက ဝပ်မပေးရင်,ကြက်မကအငွေ့ကိုမပေးရင်,ကြက်မ က အနံ့ကိုမှမ်းထုံမပေးရင် ခုနစ်ရက် ၃-ပတ်လွန်ရင် ကြက်ဥတွေ ဘာ ဖြစ်မလဲ....(ပုပ်သွားပါမယ်ဘုရား)။

## ဒေသနာတော် ကောက်ချက်ချ

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ၇-ရက် ၃-ပတ်ကို တွက်ကြည့်ရင် ပဌမအရွယ်, ဒုတိယအရွယ်, တတိယအရွယ် အခုဘယ်အရွယ် ရောက်ပြီလဲ၊ ပုပ်တော့မယ်၊ ဥထဲတွင်အပုပ်ခံကြမလား၊ ကြိုးစားပြီးတော့ အားထုတ်ကြမလား။

ဥထဲတွင်ပုပ်သွားရင် ဝိဇ္ဇာဉာဏ်အရောင်အလင်းကိုမရဘဲနဲ့ အဝိဇ္ဇာတည်း ဟူသော ဥခွံထဲမှာ တို့မိ–တို့ဖ–တို့ဘိုး–တို့ဘွားတွေ ပုပ်သွားပြီ၊ သေသွား ပြီ၊ တို့အစိန္တေယျလေးကထွတ်တင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးရဲ့ သာသနာတော်ကြီးနဲ့ တွေ့ကြုံတဲ့အခါမှာ ဥထဲတွင်ပုပ်ပြီးတော့ အသေမခံဘူး၊ ဝိဇ္ဇာဉာဏ်အရောင်အလင်းရအောင်လုပ်ပြီးမှ တို့သေမယ်လို့ နှလုံးသွင်းဘို့ ဒီဒေသနာတော်ကောက်ချက်က ဒါဘဲ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ငါရဲ့စိတ်အစဉ်ဟာ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရား လေးပါးတို့မှ လွတ်ရပါမူကား ကောင်းမှာဘဲလို့ဆိုတဲ့ အလိုဆန္ဒမရှိစေကာမူ မျှော်လင့်ချက်မရှိစေကာမူ မိမိကိုယ်တိုင်က ကမ္မဋ္ဌာန်းအားထုတ်ခြင်း အမှုကို ကြိုးစားပြီးတော့ ပွားများရင်,အားထုတ်ရင်"အထခွဿ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတိ"=အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ စိတ်အစဉ်ဟာစင်စစ်ကေန်အမှန်မုချအာသဝေါတရားတွေမှ လွတ်မယ်တဲ့·ဘုရားက၊ ဘာပြုလို့လဲဆိုတော့ ကောင်းစွာ ကြက်မကြီးက ဝပ်ပေးလို့တဲ့။

အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ကြက်ဥတွေရှိတယ်။

(၁) ဒါနကုသိုလ်တည်းဟူသော ကြက်ဥတွေ,
(၂) သီလကုသိုလ်တည်းဟူသော ကြက်ဥတွေ,
(၃) ဘာဝနာကုသိုလ်တည်းဟူသော ကြက်ဥတွေ—

အများကြီးရှိတယ်၊ အဲဒီကြက်ဥတွေဟာ ဘယ်တော့ပေါက်မလဲ၊ ဝပ်မပေးရင်ပေါက်ပါ့မလား....(မပေါက်ပါဘုရား)။

ကြက်မဟာ အဲဒီကြက်ဥကလေးတွေကို ဝပ်ပေးလိုက်မယ်ဆိုရင် သူလုပ်ရမဲ့အလုပ်က ၃=မျိုး၊ ဘယ်နှစ်မျိုးတဲ့လဲ....၊ (၃ မျိုးပါဘုရား)။

ဝပ်ပေးရမယ်၊ အပူငွေ့ပေးရမယ်၊ ကြက်မရဲ့အနံ့ကိုပေးရမယ်၊ အဲဒီ ၃–မျိုးကို သူအမြဲတမ်း လုပ်ပေးမယ်ဆိုလို့ရှိရင် ၇·ရက် ၃-ပတ်ရှိတော့ ဘာဖြစ်မလဲ၊ အကောင်ကလေးတွေပေါက်မယ်။

ဝပ်ပေးတဲ့အခါကျတော့ ဘယ်လိုဖြစ်သလဲလို့ဆိုတော့ အဋ္ဌကထာက ပြောပါတယ်။

(၁) ဒီနေရာမှာ ကြက်မဟာ အဲဒီကြက်ဥတွေကို ဝပ်ပေးပြီးအပူငွေ့ပေးလိုက်တဲ့အခါကျတော့ ကြက်မရဲ့ အပူငွေ့ဟာ ကြက်ဥရဲ့အတွင်းကိုရောက်သွားတယ်။

(၂) ရောက်သွားတဲ့အခါ ကြက်ဥရဲ့အတွင်းမှာရှိတဲ့ အစိုဓာတ်,အစေး ဓာတ်တွေဟာ အပူငွေ့ရသည်ဖြစ်သောကြောင့် ခန်းသွားတယ်၊ ခြောက်သွားတယ်။
(၃) နောက်ပြီးတော့ အပူပေးပြီး အမြဲဘမ်းဝပ်ထားတဲ့အတွက်ကြက် ဥတွေဟာ ဥခွံတွေပါးလာပြီးတော့ ပါးလာတာနဲ့အမျှ အပူငွေ့ ဟာ အထဲကိုဝင်တာနဲ့အမျှ အထဲကအစေးဓာတ်, အစိုဓာတ်တွေ ဟာလဲ ခြောက်ခြောက်သွားတယ်။
(၄) အပေါ်ကဝပ်ပေးထားလို့ ကြာလာတဲ့အခါကျတော့ အထဲမှာရှိ တဲ့ ကြက်ကလေးတွေရဲ့ နှုတ်သီးဖျား, ခြေသည်းဖျားကလေး တွေကလဲဘဲ တဖြေးဖြေးရင့်ကျက်လာဘယ်၊ တဖြေးဖြေးထက် လာတယ်။
(၅) ကြက်ဥခွံပါးလာဟာနဲ့အမျှ အပြင်ကအလင်းရောင်ကလဲဘဲကြက် ဥရဲ့အတွင်းကို ထိုးထိုးဝင်လာတယ်။

အဲဒီလို တဖြေးဖြေးတဖြေးဖြေး ရင့်ကျက်ရင့်ကျက်လာလို့အလင်းရောင် ကလေးထိုးထိုးဝင်လာလို့, ကြက်ဥခွံကလဲပါးလာဒါနဲ့, အထဲကအစေးတွေ ခြောက်သွားတာနဲ့,ကြက်ကလေးတွေရဲ့ခြေသည်းဖျား, နှုတ်သီးဖျားကလေး တွေ တက်လာတာနဲ့–ဆိုတော့ ကြက်ကလေးတွေက အပြင်အလင်းရောင် ကလေးကို မြင်လိုက်ရတယ်ဆိုရင်ဘဲ ဥခွံကိုအခါထဲ ခြေထောက်နဲ့ကန် လည် ပင်းကလေးကို ဆန့်လိုက်တယ်ဆိုရင် ကခါထဲဥခွံဟာ နှစ်ခြမ်းကွဲပြီးတော့ဥခွံ ထဲကနေ အပြင်ဘက်ထွက်လာတယ်၊ ပေါက်ဖွားလာတယ်။

အဲဒီလိုဘဲ "ဘာဝနာနုယောဂံ အနုယုတ္တဿ"–ကမ္မဋ္ဌာန်းတရားကိုကြိုး စားပြီးတော့ ပွားများအားထုတ်တဲ့နေရာမှာ မဟာဒီတိုးတဲ့သဘော,တွန်း တဲ့သဘောကရုပ်ဓာတ်, တိုးတဲ့သဘောကလေးဖြစ်လာဒါကဇာတိ-ဥပ္ပါဒသ ဘော, တိုးတဲ့သဘောကလေးကုန်ပျောက်သွားဒါက အနိစ္စ–ဝယသဘော၊ ဒီ တရားသုံးလုံးကိုမြင်လို့, ဒီတရားသုံးလုံးနဲ့ အစဉ်ပွားပြီးတော့ပေးလိုက် မယ်ဆိုရင် အဲဒီတရားတွေပေါ်မှာ စွဲလမ်းနေတဲ့ ကိလေသာအစိုဓာတ်တွေ ခန်းမယ်၊ခြောက်မယ်၊ ကိလေသာအစိုဓာတ်တွေခန်းရင်. ခြောက်ရင် အာ သဝတွေခန်းမယ်,ခြောက်မယ်၊ အာသဝဆိုဒါ အစိုဓာတ်။

ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝအစိုဓာတ်တွေဟာ ခန်းလာမယ်, ခြောက်လာမယ်၊ အာသဝတွေ ခန်းတာခြောက်တာနှင့်အမျှ အဝိဇ္ဇာတည်းဟူသော ဥခွံကြီးကလဲ ပါးပါးလာမယ်၊ အဝိဇ္ဇာတည်းဟူသော ဥခွံကြီးပါးလာတာနဲ့အမျှ ဝိဇ္ဇာဉာဏ်အရောင်အလင်းကလဲဘဲ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများရဲ့ သန္တာန်မှာ ဉာဏ်အမြင်မှာ တဖြေးဖြေး တဖြေးဖြေး ထင်ရှားလာမယ်၊ ဉာဏ်အလင်းရောင်ထင်ရှားလာတာနဲ့အမျှ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဝိပဿနာဉာဏ်ကလဲ ထက်လာမယ်။

"ဉာဏေ တိက္ခေ ဝဟန္တေ"-အဲဒီလို ဉာဏ်ထက်လာတာနဲ့အမျှ အသိဉာဏ်တွေ ပိုင်လာတာနဲ့အမျှ အာသဝတွေကို ပယ်ခြင်းသဘော ရောက်လာပါလိမ့်မယ်၊ အဲဒီသဘောတွေကိုဖြင့် ဟို ဓမ္မဋ္ဌိတိဉာဏ် ရှင်းတမ်း, ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်ပုံနှင့်မဂ်ဉာဏ်ဖြစ်ပေါ်ပုံတို့အခဏ်းမှာအကျယ်တဝင့် ဘုန်းကြီးဟောပါမယ်၊ အခုတော့ ဤဝါသိဇ္ဇသုတ္တန် တရားတော်မှာ ကြက်မရဲ့ဥပမာကိုပေးပြီး ကြက်ဥတွေဥထားပြီးတော့ မဝပ်ဘဲနေရင်ဖြင့် ပုပ်ကုန်လိမ့်မယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီထဲမှာ အပုပ်မခံကြနှင့်၊ ကြက်မကဝပ်ပေးမယ်ဆိုရင် ကြက်ဥကလေးတွေပေါက်လာဒါလိုဘဲ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများကလဲဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလို့ အားထုတ်ပေးမယ်ဆိုရင်ဖြင့် ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရားတွေ လွတ်မယ်လို့ မြတ်စွာဘုရားက ဒီလိုဟောပါတယ်။

## မဂ္ဂင်ရှစ်ပါးဖြစ်တဲ့အခါ အာသဝေါကုန်

နို့-ဒါဖြင့် အရှင်ဘုရား...တပည့်တော် တပည့်တော်မများဟာ ဒီ-ဝိပဿနာတရားတွေကို ဆရာကောင်း သမားကောင်းများရဲ့ထံမှာ မှီဝဲဆည်းကပ် နည်းနာနိဿယတွေ ခံယူပြီးတော့ အမြဲတမ်းပွားများအားထုတ်ပြီးနေကြပါတယ်၊ ဒီအာသဝေါတွေ ဘယ်တော့ကုန်မလဲလို့ မေးချင်မေးပါလိမ့်

မယ်၊ အဲဒီ-အာသဝေါတရားတွေ ကုန်နိုင်ဘို့ရန် အတွက်တော့ အစိမန္တယျ လောကထွတ်တင်သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က တိုးတဲ့သဘော တွန်းတဲ့သဘောတည်းဟူသော ရုပ်တရားကုန်တယ်, ပျောက်တယ်လို့ သိတဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပွားများတဲ့အခါ မဂ္ဂင်ရှစ်ပါး အထင်အရှား ဖြစ်တဲ့အခါ အာသဝတရားတွေ ကုန်နိုင်တယ်လို့ ဟောပါတယ်။ ကိုင်း– အကျယ်ချဲ့ပြီး ဟောလိုက်ကြဦးစို့။

(၁) အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပေးထားတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ခေါ်တဲ့ တိုးတဲ့သဘော, တွန်းတဲ့ သဘောကလေးကို အမှန်အတိုင်း သိတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်။

(၂) ဝိပဿနာ အလုပ်ပေးတရား ပေးတဲ့နေ့က အမှန်ကိုသိတဲ့ သမ္မာ ဒိဋ္ဌိ၊ အဲဒီ-သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်အောင်လို့ မှန်တဲ့အပေါ်မှာ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ကိုတင်ထား တယ်လို့ဆိုတဲ့ သမ္မာသင်္ကပ္ပမဂ္ဂင်။

(၃) အပြင်အာရုံကို စိတ်ပျံ့လွင့်တိုင်း, ပျံ့လွင့်တိုင်း မလွင့်အောင် ထိန်းမဟဲ့ဆိုပြီးတော့ မိမိတို့ရဲ့စိတ်က ပရမတ်အာရုံပေါ်ကနေပြီး တော့ အပြင်အာရုံကို မရောက်အောင် ထိန်းသိမ်းစောင့်ရှောက် ထောက်ပံ့ပြီးထားတဲ့ စိတ်ကို ပြိုကွဲမကျအောင် ထောက်ပံ့ထား တဲ့ သမ္မာဝါယာမမဂ္ဂင်ရဲ့ သတ္တိထူးဆိုတာ အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများရဲ့စိတ် အပြင်အာရုံကို ရောက် တိုင်း ရောက်တိုင်း အပြင်အာရုံကိုစိတ်ပျံ့လွင့်တိုင်း,ပျံ့လွင့်တိုင်း မပျံ့လွင့်အောင်လို့ ထွက်လာတဲ့ လေရဲ့ အစ, အလယ်, အဆုံးကို သတိနဲ့ အစဉ်လျှောက်မလိုက်မိအောင် ထိန်းထားတဲ့ ထောက်ပံ့ ထားတဲ့သဘောကို ဝီရိယလို့ခေါ်တယ်၊ ဘယ်လိုခေါ်သလဲ.... (ဝီရိယလို့ခေါ်ပါတယ်ဘုရား)။ အဲဒီ–ဝီရိယကိုပင် မှန်ဒါကို သိအောင်ကြိုးစားပြီး အားထုတ်နေသည် ဖြစ်ပါသောကြောင့် သမ္မာဝါယာမမဂ္ဂင်လို့ ဒီလိုခေါ်ပါတယ်။

(၄) အဲဒီ သမ္မာဝါယာမ မဂ္ဂင်ပြီးတော့ အမှန်ကလေးကိုသတိထားပြီး သိသိနေတဲ့ သမ္မာသတိမဂ္ဂင်။

(၅) အမှန်ကိုသိတိုင်း သိတိုင်းမှာ အကုသိုလ်တရားတွေ ဖြစ်ခွင့်မရလို့ "ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ"–အကုသိုလ်တရားတွေ ဆိတ်သုဥ်းပြီး သကာလ နေခြင်းတည်းဟူသော သမ္မာသမာဓိမဂ္ဂင်။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိလို့ ခေါ်တဲ့ ပဥ္စင်္ဂိကမဂ်နဲ့ ပြည့်စုံနေတဲ့အချိန်မှာ သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်, သမ္မာအာဇီဝမဂ္ဂင်တွေကိုလဲ ပြည့်စုံအောင် ဖြည့်ပြီးသားဖြစ်နေတဲ့အတွက် အဲဒီ–မဂ္ဂင်ရှစ်ပါး အကျင့်တရားကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ "ဘာဝိတော" ပွားနေတယ်တဲ့။

ပွားတယ်ဆိုတာ ဘာလုပ်တာလဲလို့ဆိုတော့ ပွားဒါကို မသိမှာစိုးလို့ ဘာဝိတောနောက်က 'ဗဟုလီကတော' အကြိမ်များစွာ အလေ့အလာလုပ်တာ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ....ဒီ–ဓမ္မာရုံကြီးအတွင်း ဘုန်းကြီးတို့ထံမှာ အခုလာပြီးတော့ တရားနာကြတယ်၊ တရားနာပြီးတော့ နည်းယူကြတယ်လို့ဆိုဒါ နည်းယူရုံကလေးရယ် နော်....၊ ဆိတ်ငြိမ်ရာမှာ ချဉ်းကပ်ပြီးသကာလ မိမိအိမ်မှာဖြစ်စေ, သို့မဟုတ် မိမိတို့ကြိုက်နှစ်သက်တဲ့ ရိပ်သာတခုခုမှာဖြစ်စေ, မိမိတို့စိတ်ကို လွတ်လပ်မယ်ထင်တဲ့ နေရာဌာန တခုခုမှာ အခုပြောခဲ့တဲ့ မဂ္ဂင်ရှစ်ပါးအကျင့်တရားကို အကြိမ်များစွာ အလေ့အလာပြုလုပ်ပြီးတော့ ပွားရမယ်။

"ကိဿ ဘာဝိတတ္တာ"–ဘယ်တရားတွေ ပွားရမလဲဆိုတော့။

"ဘာဝိတတ္တာ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ"–အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိခေါ်တဲ့ အဲဒီ–မဂ္ဂင်တရားကိုပွားတဲ့၊ ရှစ်ပါးလုံးကို တခုစီတခုစီရှုပြီး လျှောက်ပွားနေရဒါမဟုတ်ဘူး၊ တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ် အာရုံကလေးပေါ်မှာ စိတ်ကိုစိုက်ထားပြီးတော့ ဒီအပေါ်မှာတည်နေရင် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိခေါ်တဲ့ မဂ္ဂင်ကိုပွားနေတယ်လို့ဒီလိုခေါ်ပါတယ်။

ဒီလိုမဂ္ဂင်ကိုပွားပြီးတော့ အစဉ်အတိုင်း အားထုတ်နေတဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာအာသဝေါတရားတွေ ကင်းရပါစေ၊ ကုန်ရပါစေလို့ အလိုမရှိပေမဲ့ အာသဝေါတရား မကုန်ချင်ပေမဲ့ မနေရဘူး၊ ဒီနေရာမှာ အာသဝေါတွေကုန်မယ်တဲ့။

အထခေါ၊ ထိုအခါ၌။ အဿ၊ ထိုအမျိုးကောင်းသား,အမျိုးကောင်းသမီး၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ တစုံတရာတဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမနှစ်သက်မူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စတိ၊ လွတ်မြောက်ပါ၏။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ ဝိမုစ္စတိ၊ ကောင်းစွာမသွေလွတ်မြောက်ရလေသတည်း။ (သာဓု-သာဓု-သာဓု)

## ပဲကွပ်ရိုးတွင် လက်ရာထင်

အဲဒီ—အာသဝေါတရားတွေကို နှလုံးသွင်းပြီး ပွားနေဒါ ဘယ်တော့ လွတ်ပါ့မလဲလို့ဆိုတော့ ဥပမာပေးပြန်တယ်-ဒီဂါသိဇဋ္ဌသုတ္တန်မှာဘဲ၊ဂါသိဇဋ္ဌလို့ဆိုဒါ ပါဠိလိုပြောထားတဲ့သုတ္တန်ပါ၊ ဗမာလိုပြန်ဘော့ ပဲကွပ်ရိုးကို ဥပမာပေးတဲ့သုတ္တန်လို့ ဒီလိုခေါ်ပါတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ပဲကွပ်ရိုးဆိုဒါ မြင်ဘူးသလား၊ သစ်ရွေသမားတွေကိုင်တဲ့ပဲကွပ်၊ အဲဒီ-ပဲကွပ်ရိုးကို မြတ်စွာဘုရားက ဥပမာပေးပါတယ်။

ဒီ-ပဲကွပ်ရိုး ဥပမာက အာသဝေါတွေ ဘယ်တော့ကုန်မလဲလို့မေးရင် အဖြေပေးတဲ့ ဥပမာပါ။

"သေယျထာပိ ဘိက္ခဝေ ပလဂဏ္ဍဿဝါ ပလဂဏ္ဍန္တေဝါသိဿဝါ ဝါသိဇဋေ ဒိဿန္တေ အင်္ဂုလိပဒါနိ ဒိဿန္တိ အင်္ဂုဋ္ဌပဒံ"

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ပလဂဏ္ဍဿဝါ၊ သစ်ရွေသမား၏ရင်း။ ပလဂဏ္ဍန္တေဝါသိဿဝါ၊ သစ်ရွေသမားတပည့်၏ရင်း။ ဝါသိဇဋေ၊ ပဲကွပ်ရိုးကို။ ဒိဿ-

နွေ၊ ရှုကြည့်အပ်သည်ရှိသော်။ အင်္ဂုဒ္ဒပဒံ၊ လက်မရာသည်ငှင်း။ အင်္ဂုလိပဒါနိ၊ လက်လေးချောင်းရာသည်ငှင်း။ ဒိဿန္တိ၊ ထင်နေကုန်၏—

လို့ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ဝါသိဇဋ္ဌသုတ္တန်မှာ လာတဲ့ ပါဠိပါ။ ဒီ-ပါဠိတော်မှာ 'ပလဏ္ဍော' ဆိုဒါ သစ်ရွေသားကိုခေါ်ပါတယ်၊ အဋ္ဌကထာကတော့ လက်သမားလို့ ဒီလိုဖွင့်ပါတယ်၊ ဒါပေမဲ့ ပလဂဏ္ဍဆိုတဲ့ ပုဒ်ရင်းရဲ့ အနက်အဓိပ္ပါယ်က သစ်ရွေသားဆိုတဲ့ အဓိပ္ပါယ်ကို ရပါတယ်၊ 'ပလဂဏ္ဍဿဝါသိ' ဆိုဒါ သစ်ရွေသမားရဲ့တပည်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို ခေါ်ပါတယ်။

အဲဒီဥပမာမှာ ပဲကွပ်ရိုးကို ကြည့်လိုက်မယ်ဆိုလို့ ရှိရင်ဖြင့် တာတွေမလဲ လက်လေးချောင်းရာနှင့် လက်မရာထင်နေဒါ တွေ့ပါလိမ့်မည်တဲ့၊ ပဲကွပ်ကိုင်တဲ့သစ်ရွေသမားနဲ့ သစ်ရွေသမားတပည့်ရဲ့ ပဲကွပ်ရိုးကို ကြည့်လိုက်ရင် ပဲကွပ်ရိုးကို ကိုင်ဖန်များနေတဲ့အတွက် အဲဒီ- ပဲကွပ်ရိုး လက်မရာရယ်, လက်လေးချောင်းရာရယ်ထင်နေကာကို တွေ့နိုင်မလား၊မတွေ့နိုင်ဘူးလား.... (တွေ့နိုင်ပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားနာဒါဟာ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား.... (မှတ်မိအောင်ပါဘုရား)။

တို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ဆရာတော်သံဃာတော်တွေဘဲဖြစ်ဖြစ်, လူပုဂ္ဂိုလ်တွေဘဲဖြစ်ဖြစ် တရားများဟောလို့ တရားနာရင် ဘယ်လိုစိတ်ထားပြီးနာကြမလဲ၊ မှတ်မိအောင် စိတ်ထားပြီး တရားနာရမယ်၊ မှတ်မိအောင်စိတ်ထားပြီးတရားနာရင် တရားကို ရှိသေစွာနာသည်မည်တယ်လို့ ပါဠိတော်များမှာ ပြပါတယ်။

အခု- အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နာနေတဲ့ သုတ္တန်ဟာ ဘုန်းကြီးဟောတဲ့ သုတ္တန်မဟုတ်ပါဘူး၊ ပါဠိတော်မှာလာတဲ့ သုတ္တန်ပါ၊ ဒီ-တရားဒေသနာတော်နဲ့ ပတ်သက်လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝေဘန်ပါ၊ ဒီ-တရားကို သုံးသပ်ပါ၊ ဒီ-တရားကို အပြန်ပြန် အလှန်လှန် စစ်ဆေးပါ။

အဲဒီလို စစ်ဆေးတဲ့အခါမှာ ပါဠိတော်ကို မှတည်ပြီးဟောဒါ ဖြစ်တဲ့ အတွက် ဟောတဲ့ပုဂ္ဂိုလ်ကို ဖယ်ထားပြီးတော့ အဲဒီ ပါဠိတော်စကားတွေကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ စစ်စစ်ဆေးဆေး ဝေဖေ ဘန်ဘန် သုံးသပ်ဆင်ခြင်ပြီးတော့ မမှားနိုင်ဘော့ဘူး၊ မကန့်ကွက်နိုင်တော့ ဘူးလို့ဆိုတော့ အဲဒါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ က ဒီတရားကို ယုံကြည်ပါ၊ လက်ခံပါ၊ ဘုန်းကြီးတို့တာဝန်က ပါဠိတော် မှာလာတဲ့ မူတွေကိုသာ ညွှန်ပြရတဲ့ တာဝန်ပါ။

ဒီပဲကွပ်ရိုးကို ကြည့်လိုက်ရင် လက်ချောင်းရာလေးတွေ ထင်နေဒါကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ တွေ့နိုင်သလား၊ မတွေ့နိုင်ဘူးလား....(တွေ့နိုင်ပါတယ်ဘုရား)။

ဒါဖြင့် အဲဒီလက်ချောင်းရာကလေးတွေ ထင်နေတဲ့နေရာမှာကိုင်ဖန်များ လို့ဒီနေရာမှာ သစ်သားတွေ နိမ့်ရှိုင်းပြီးတော့ သစ်သားတွေ ကုန်သွား သလား၊ ကုန်မသွားဘူးလား ...(ကုန်သွားပါတယ်ဘုရား)

## သစ်သားတွေကုန်သွားတာ နေ့ရက်မပြောနိုင်ပါ

ဒီနေရာမှာ ဘုရားရှင်ကိုယ်တော်မြတ်က ဘယ်လိုပြောလိုက်သလဲ ဘယ် လိုဟောလိုက်သလဲလို့ ဆိုတော့ –

> "နေဝ စ ခွယ ဧဝံ ဉာဏံ ဟောတိ-ဧတ္တကံ ဝတ မေ အဇ္ဇ ဝါသိဇဋ္ဌဿ ခီဏံ၊ ဧတ္တကံ ဟိယျော၊ ဧတ္တကံ ပရေတိ"။
>
> အဿ၊ ထိုသစ်ရွေသမားအား။ ဧဝ၊ ငါ၏။ ဝါသိဇဋ္ဌဿ၊ ပဲကွပ်ရိုး၏ ခီဏံ၊ ပွန်း၍ ကုန်သွားခြင်းသည်။ အဇ္ဇ၊ ယနေ့။ ဧတ္တကံ၊ ဤရွေ့ဤမျှရှိ၏။ ဟိယျော၊ ယမန်နေ့က။ ဧတ္တကံ၊ဤရွေ့ ဤမျှရှိ၏။ ပရေ၊ နောက်နောက်နေ့က။ ဧတ္တကံ၊ ဤရွေ့ ဤမျှ ရှိ၏။ ဣတိ-ဧဝံဉာဏံ၊ ဤသို့သောအသိဉာဏ်သည်။ နောစခေါ- အဿ၊ မဖြစ်ရာသည်သာလျှင်တည်း။

သူ့ပဲကွပ်ရိုးကိုကိုင်တဲ့ပဲလပ်ဆရာကြီးဟာ သူဒီကနေ့ကိုင်တဲ့အတွက် သူ့ပဲကွပ်ရိုးမှာ သစ်သားတွေ ဘယ်လောက်ကုန်သွားတယ်ဆိုတာ သိသလား၊ မသိဘူးလား….(မသိပါဘုရား)။

ယမန်နေ့က အဲဒီသစ်သားရိုးမှာ သစ်သားတွေ ဘယ်လောက်ကုန်တယ်ဆိုတာကော သိနိုင်မလား၊ မသိနိုင်ဘူးလား….(မသိနိုင်ပါဘုရား)။

နောက်နေ့နောက်နေ့တွေမှာ ကိုင်တဲ့အတွက် ဒီပဲကွပ်ရိုးမှာ သစ်သားတွေ ဘယ်လောက်ကုန်သွားတယ်ဆိုဒါကော သိနိုင်ပါ့မလား….(မသိနိုင်ပါဘုရား)။

ပဲကွပ်ရိုးပမာ အာသဝေါတွေ ကုန်မှကုန်မှန်းသိ

ဒါဖြင့် ဘယ်တော့သိမလဲ၊ "အထဝ္ခဿ ခီဏေ ခီဏာတွေဝ ဉာဏံ ဟောတိ"-ကုန်သွားမှဘဲ ကုန်သွားပြီလို့ သိတဲ့အသိဉာဏ်ဟာပေါ်လာပါတယ်တဲ့-ဒီပါဠိတော်မှာ-

"ဧဝ မေဝ ခေါ ဘိက္ခဝေ ဘာဝနာနုယောဂံ အနုယုတ္တဿ ဘိက္ခုနော ဝိဟရတော ကိဥ္စာပိ န ဧဝံ ဉာဏံ ဟောတိ၊ ဧတ္တကံ ဝတ မေ အဇ္ဇ အာသဝါနံ ခီဏံ၊ ဧတ္တကံ ဟိယျော၊ ဧတ္တကံ ပရေတိ"။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ သစ်ရွေသမား၏ ပဲကွပ်ရိုးဥပမာအတူသာလျှင်။ ဘာဝနာနုယောဂံ၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်းအမှုကို။ အနုယုတ္တဿ၊ အားထုတ်လျက်။ ဝိဟရတော၊ နေသော။ ဘိက္ခုနော၊ ရဟန်းအား။ ဝတ၊ စင်စစ်။ မေ၊ ငါ၏။ အာသနံဝါ၊ အာသဝေါတရားတို့၏။ ခီဏံ၊ ကုန်ခြင်းသည်။ အဇ္ဇ၊ ယနေ့။ ဧတ္တကံ၊ဤမျှေဤမျှရှိ၏။ ဟိယျော၊ ယမန်နေ့က၊ ဧတ္တကံ၊ ဤမျှေဤမျှရှိ၏။ ပရေ၊ နောက်နောက်နေ့က၊ ဧတ္တကံ၊ ဤမျှေ့ဤမျှရှိ၏။ ဣတိ ဧဝံဉာဏံ၊ ဤသို့သောအသိဉာဏ်သည်။ ကိဥ္စာပိ နဟောတိ၊ အကယ်၍ကားမဖြစ်။

ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ ငါဒီနေ့ ကမ္မဋ္ဌာန်းတရားကို ကြိုးစားပြီးတော့ တိုးတဲ့သဘော, တွန်းတဲ့သဘော ဖြစ်တဲ့အမှန်ကို အားထုတ်တဲ့အတွက် မဂ္ဂင်ရှစ်ပါးအကျင့်တရားကို ပွားများအားထုတ်တဲ့ အတွက်ငါ့မှာ

ဒီနေ့ အာသဝေါတရားတွေ ဘယ်လောက်ကုန်ပြီ၊ ယမန်နေ့ကအားထုတ်လို့ ဘယ်လောက်ကုန်ခဲ့ပြီ၊ ပြီးခဲ့တဲ့နောက်နေ့နောက်နေ့တွေက ကမ္မဋ္ဌာန်းအား ထုတ်ခဲ့လို့ ဘယ်လောက်ကုန်ခဲ့ပြီလို့ ဆိုတဲ့အသိဉာဏ်တွေဟာ မဖြစ်နိုင်ဘူး တဲ့၊ အသိဉာဏ်တွေ မပေါ်နိုင်ဘူးတဲ့။

နို့–ဘယ်တော့မှ ဒီ–အာသဝကုန်တဲ့ အသိဉာဏ်ပေါ်မလဲလို့ ဆိုတော့ "အထခ္ခဿ ခီဏေ ခီဏေတွေဝ ဉာဏံ ဟောတိ"-စင်စစ်တော့ဖြင့်အာသဝတွေ ကုန်သွားမှတဲ့ အော်–ငါ့မှာ အာသဝတွေ ကုန်သွားပါကလားလို့ ဆိုတဲ့အ သိဉာဏ်ဟာပေါ်လာတယ်တဲ့။

အဲဒီလို အသိဉာဏ်ပေါ်လာပုံဟာလဲဘဲ အနုတ္တလက္ခဏ သုတ္တန်ဒေသနာ တော်မြတ်မှာ"အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတိ"– ဩော်–ငါ့မှာ အာသဝတွေကုန်သွားပါကလားလို့ အာသဝကုန်မှဘဲ အာသဝကုန်တဲ့အသိ ဉာဏ်ဟာ ပေါ်မယ်လို့ မြတ်စွာဘုရားက ဒီလိုညွှန်ပြထားပါတယ်။

လျှော်ကြိမ်အဖွဲ့ပြုတ်သလိုအာသဝေါကုန်

အာသဝတွေကုန်ပုံတော့ သိရပြီ၊ ခက်ခက်ခဲခဲနဲ့ အာသဝတွေကုန်မှာ လား၊ လွယ်လွယ်နဲ့ ဒီအာသဝတွေကုန်မှာလားလို့ ဆိုတော့ ရှေ့မှာ–

"သေယျထာပိ ဘိက္ခဝေ သာမုဒ္ဒိကာယ နာဝါယ ဝေတ္တ ဗန္ဓန ဗဒ္ဓါယ ဝဿမာသာနိ ဥဒကေ ပရိယာဒါယ ဟေ မန္တိကေန ထလံ ဥက္ခိတ္တာယ ဝါတာတပ ပရေတာနိ ဝေတ္တ ဗန္ဓနာနိ၊ တာနိ ပါဝုဿကေန မေဃေန အဘိပ္ပဝုဋ္ဌာနိ အပ္ပကသိရေနေဝ ပဋိပ္ပဿမ္ဘန္တိ၊ ပူတိကာနိ ဘဝန္တိ"။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဝေတ္တဗန္ဓနဗဒ္ဓါယ၊ ကြိမ်အဖွဲ့ဖြင့်ဖွဲ့ယှက်ထားအပ်သော။ သာမုဒ္ဒိ ကာယနာဝါယ၊ သမုဒ္ဒြာသွားလှေကို။ ဝဿမာသာနိ၊ မိုးလတို့ပတ် လုံး။ ဥဒကေ၊ ရေ၌။ ပရိယာဒါယ၊ ကုန်ခန်းစေပြီး၍။ ဟေမန္တိ ကေန၊ ဆောင်းအခါ၌။ ထလံ၊ ကြည်းကုန်းထက်သို့။ ဥက္ခိတ္တာယ၊ တင်ထားအပ်သည်ရှိသော်။ ဝေတ္တဗန္ဓနာနိ၊ ကြိမ်အဖွဲ့တို့သည်။ ဝါတာတပ ပရေတာနိ၊လေနေပူတို့ဖြင့်နှိပ်စက်အပ်ကုန်၏။ တာနိ၊ ထိုကြိမ်အဖွဲ့တို့သည်။ ပါဝုဿကေန မေဃေန၊ မိုးလအခါ ရွာချ

အပ်ဒေသာ မိုးရေဖြင့်။ အဘိပ္ပဝုဋ္ဌာနိ၊ စွတ်စိုအပ်ကုန်သည်ဖြစ်၍။ အပ္ပကသိရေနေဝ၊ လွယ်လွယ်ကူကူဖြင့်သာလျှင်။ ပဋိပ္ပဿမ္ဘန္တိ၊ ငြိမ်းကုန်၏။ ပူတိကာနိ၊ ပုပ်ပွဆွေးမြေ့ပြတ်ကျကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဒါ-ဘာပြောဒါလဲ၊ သမုဒ္ဒရာထဲကိုသွားတဲ့ လှေများကို ဖွဲ့ထားတဲ့ တုပ်ထားတဲ့ ကြိမ်အဖွဲ့တွေရှိတယ်တဲ့၊ အဲဒီကြိမ်အဖွဲ့တွေဟာ မိုးလေးလပတ်လုံး ရေထဲမှာနေပြီးတော့ ဆောင်းလကျတဲ့အခါ ကုန်းပေါ်တင်ထားလိုက်တော့ အဲဒီကြိမ်အဖွဲ့ကို လေပူနေပူတွေမိနေပါရော၊ နောက်တခါ မိုးဦးကျလာလို့ မိုးကလေး နဲနဲရွာလိုက်လို့ မိုးရေလေး တခပေါက်နှစ်ပေါက်မှန်လိုက်ထာနဲ့ဘဲ လွယ်လွယ်ကူကူနဲ့ အဲဒီကြိမ်အနှောင်အဖွဲ့တွေဟာ ဆွေးမြေ့ပြီးတော့ ကျကုန် ပြုတ်ကုန်ကြသလိုဘဲတဲ့။

အစိန္တေယျလောကထွတ်တင် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က—

ဧဝ မေဝ၊ ပုံစံနှိုင်းယူ ထို့အတူသာလျှင်။ ဘာဝနာ နုယောဂံ၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်းကို။ အနုယုတ္တဿ၊ ပွားများအားထုတ်၍နေသော ယောဂီပုဂ္ဂိုလ် အမျိုးကောင်းသား, အမျိုးကောင်းသမီး အား။ အပ္ပကသိရေနေဝ၊ အနည်းငယ်မျှသော ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ခြင်းဖြင့်သာလျှင်။ သံယောဇနာနိ၊ အနှောင်အဖွဲ့ ဖြစ်တဲ့ သံယောဇဉ်အပေါင်းတို့သည်။ ပဋိပ္ပဿမ္ဘန္တိ၊ ငြိမ်းကြကုန်၏။ ပူတိကာနိ၊ ပုပ်ဆွေးပြုတ်ကျကုန်သည်လည်း။ ဘဝန္တိ၊ ဖြစ်ကြ လေကုန်၏။

လွယ်လွယ်ကူကူနဲ့ဘဲ သံယောဇဉ်အနှောင်အဖွဲ့တွေ ပြုတ်ကျမှာတဲ့၊ ခက်ခက်ခဲခဲ မဟုတ်ပါဘူးတဲ့။

ဒေသနာတော် အကျဉ်းချုပ်

ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပွားများခြင်း၊ သို့မဟုတ် သတိပဋ္ဌာန်လေးပါးကိုသော်၎င်း, သမ္မပ္ပဓာန်လေးပါးကိုသော်၎င်း, ဣဒ္ဓိပါဒ် လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင် ခုနစ်ပါး, မဂ္ဂင်ရှစ်ပါး ထဲက ကြိုက်နှစ်သက်ရာ တခုခုကိုသော်၎င်း စီးဖြန်းပွားများရင်ဖြင့် ပဲကွပ်

ရိုးက, သစ်သားတွေ ကုန်ကုန်သွားသလို အာသဝတွေလည်း ကုန်ပါလိမ့်မယ်တဲ့။

အာသဝတွေကုန်ဒါဟာ လွယ်လွယ်ကူကူလား၊ ခက်ခက်ခဲခဲလားလို့ဆိုတော့ ခုနကကြိမ်အဖွဲ့တွေ လွယ်လွယ်ကူကူ မိုးရေတပေါက် နှစ်ပေါက်မှန်ဒါနဲ့ ဆွေးမြေ့ပြီးတော့ ပြုတ်ကျဒါလို သံယောဇဉ် အနှောင်အဖွဲ့တွေဟာလဲ အနည်းငယ်မျှအားထုတ်ခြင်းဖြင့် အားထုတ်ရုံနဲ့ ကုန်ပါလိမ့်မယ် ပြုတ်ပါလိမ့်မယ်လို့, ဝါသိဇဋ္ဌသုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ်အခါမှာ သံဃာတော်အရှင်မြတ်များအား အခုဟောကြားခဲ့တဲ့အတိုင်း ဟောကြားပြသ ဆိုဆုံးမတော်မူတယ်။

## နိဂုံး ဆုပေး

မှတ်ချက်။ ။နိဂုံးဆုပေး အကျယ်မှာ တိဿသုတ္တန်တရားတော်အဆုံးတွင် ပါရှိပြီးဖြစ်၍ ဤ၌ အကျဉ်းမျှသာ ဖော်ပြလိုက်ပါသည်။

ဤသို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော ဝါသိဇဋ္ဌသုတ္တန် တရားဒေသနာတော်နှင့် အပြင်အာရုံရှင်းတမ်းဖြစ်တဲ့ တရားဒေသနာတော်တွေကို ရိုသေစွာ နာခံမှတ်သားရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့်ရှင်း၊ သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သီလတော်မြတ်တို့ကို ကောင်းမွန်ရိုသေစွာ ခံယူဆောက်တည်ရခြင်း တည်းဟူသော သရဏဂုံ,သီလကုသိုလ်ကံ စေတနာအပေါင်းတို့ကြောင့်ရှင်း၊ ဝါသိဇဋ္ဌသုတ္တန် တရားဒေသနာတော်၌ ဟောတော်မူအပ်သည့်အတိုင်း ဤကိလေသာ အနှောင်အဖွဲ့တွေကို ပယ်ဖျောက်နိုင်ကြ၍ အာသဝေါတရားတွေ စိတ်အစဉ်မှာ လွတ်ကင်းကြကုန်လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်-တို့ဖြင့် နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာ မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု။)

ဝါသိဇဋ္ဌသုတ္တန်တရားတော် ပြီး၏။

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသရ

# အတွင်းအာရုံရှင်းတမ်း

နှင့်

# ဒါရုက္ခန္ဓောပမ သုတ္တန်တရားတော်

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၃)

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ မထေရ်မြတ်သည် ၁၃၂၇-ခု၊ တပေါင်းလဆန်း ၁၂-ရက်နေ့ (၁၃-၃-၆၆) ညအချိန်၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာပါဠိမတော်ဟောစဉ် အမှတ် (၃) ဖြစ်သော ဤ "အတွင်းအာရုံ ရှင်း တမ်း" နှင့် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် အာသီဝိသဝဂ်၌ လာသော "ဒါရုက္ခန္ဓောပမသုတ္တန် တရားတော်"ကို ဟောကြားတော်မူသည်။

# အတွင်းအာရုံရှင်းတမ်း

## ပရိကမ်ပြုနည်း

အားလုံးသော အမျိုးကောင်း သားတွေ, အမျိုးကောင်း သမီးတွေ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ထက်ဝယ်ဖွဲ့ခွေပြီးတော့ ထိုင်ပါ၊ ထိုင်ပြီးတော့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားပါ၊ ပဌမနေ့က ပေးထားချက်ဖြစ်တဲ့ ပရမတ်အာရုံခေါ်တဲ့ ထွက်လေဝင်လေဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ကမ္မဋ္ဌာန်းအာရုံကို သတိနဲ့ ရှေ့ရှုပြီးတော့ မျက်လုံးကို အောက်ချထားပါ၊ မျက်လုံးအောက်ချထားပြီးတော့ ထိုင်ပါ၊ ထိုင်ပြီးတော့ ပရိကမ်ပြုတဲ့ စာရွက်ကို ဘုန်းကြီးက ချပေးမယ်၊ အားလုံးလိုက်ပြီးတော့ဆိုကြ-

(မှတ်ချက်။ ။ပရိကမ်ပြုနည်း အစီအစဉ်မှာ ပဌမညက ဟောစဉ် အတိုင်း ဖြစ်ပါသည်။

## တိုးတဲ့တွန်းတဲ့သဘော ဉာဏ်တွေ့

အားလုံး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာ အလုပ်ပေးတရားပေးတဲ့နေ့က ပေးထားချက်ဖြစ်တဲ့ ပရမတ်အာရုံကလေး ဖြစ်တဲ့ အမှန်သဘောတရားလို့ ခေါ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ တွန်းကန်တဲ့သဘောကလေးကို အမှန်အတိုင်း အာရုံပြုထားပါ၊ အဲဒီတွန်းကန်တဲ့သဘောကလေးကို အာရုံပြုလိုက်တော့ အသက်ရှူတိုင်း, ရှူတိုင်းမှာ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တွေ့သလား၊ မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

မျက်လုံးနဲ့တွေ့ဒါလား....(မဟုတ်ပါဘုရား)။

ခန္ဓာကိုယ်နဲ့တွေ့ဒါလား....(မဟုတ်ပါဘုရား)။

လက်နဲ့စမ်းကြည့်လို့ တွေ့ဒါလား....(မဟုတ်ပါဘုရား)။

ကိုယ်နဲ့ထိကြည့်လို့ တွေ့ဒါလား....(မဟုတ်ပါဘုရား)။

ဉာဏ်နဲ့တွေ့တယ်၊ ဘာနဲ့တွေ့သလဲ.... (ဉာဏ်နဲ့တွေ့ပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘော ကလေးသာလျှင် ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါမရှိဘူးလို့ ဒီလိုဉာဏ်က ပိုင်းခြားပေးတယ်၊ တိုးတဲ့သဘောကလေး တွန်းတဲ့သဘောကလေးမျှသာလျှင် ရှိတယ်လို့ ဉာဏ်ကပိုင်းခြားပေးတယ်။

အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို တွေ့နေဒါဟာ ကိုယ် တွေ့ တွေ့နေဒါလား၊ ဉာဏ်တွေ့ တွေ့နေဒါလား.... (ဉာဏ်တွေ့ တွေ့နေပါ တယ်ဘုရား)။

ဝိပဿနာတရားဆိုဒါ ကိုယ်တွေ့လား၊ ဉာဏ်တွေ့လား....(ဉာဏ်တွေ့ပါ ဘုရား)။

ကိုယ်တွေ့ဝိပဿနာနဲ့ ဉာဏ်တွေ့ဝိပဿနာ ဘယ်ဝိပဿနာက မှန်သလဲ.... (ဉာဏ်တွေ့ဝိပဿနာက မှန်ပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီ-ဉာဏ်နဲ့တွေ့နေတဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးအမှန် ကို အာရုံပြုနေလိုက်တော့ အမှန်ကိုသတိထားနေလိုက်တော့ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ ဒုတိယညက အပြင်အာရုံ ရှင်းတမ်းပေးတဲ့နေရာမှာ ရှင်းခဲ့သလိုဘဲ တိုးတဲ့သဘော, တွန်းတဲ့သဘော ဖြစ်တဲ့ ပရမတ်အာရုံပေါ်မှာ ဒီ-စိတ်ကလေးဟာ မနေဘဲနဲ့အပြင်အာရုံတွေ အပေါ်မှာပျံ့လွင့်နေပုံကို ဒုတိယညက အပြင်အာရုံ ရှင်းတမ်းအနေနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ရှင်းလင်းပေးခဲ့ပြီးပြီ၊ ဒီနေ့ညကတော့ အဲဒီ တိုးတဲ့သဘော, တွန်းတဲ့သဘောကို အာရုံပြုနေရာက နေပြီးတော့ အတွင်းအာရုံဖြစ်ပုံနဲ့ အတွင်းအာရုံ ရှင်းတမ်းကို ဒီကနေ့ည ရှင်းတမ်းပေးရမယ်။

## အတွင်းအာရုံစိတ်ရောက်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ အပြင်အာရုံကို စိတ်ရောက်မသွားတဲ့အခါ အပြင်အာရုံကိုစိတ်မရောက်တဲ့အချိန်မှာခန္ဓာကိုယ် အညောင်းဟူသော အတွင်းအာရုံကို စိတ်က ရောက်သွားပြန်တယ်၊ ဆက်ပြီး ရှင်းကြဦးစို့၊ အတော်အတန် သမာဓိကောင်းလာတဲ့အခါ အပြင်အာရုံ သို့ စိတ်ပျံ့လွင့်မသွားတော့ဘူး၊ ထိန်းပါများလာတော့ အပြင်အာရုံ

သို့စိတ်ပျံ့လွင့်သွားခွင့် မရတော့ဘူး၊ အဲဒီလို အပြင်အာရုံသို့ စိတ်ကပျံ့လွင့်သွားခွင့်မရတော့ အတွင်းအာရုံဘက်သို့ စိတ်ကပျံ့လွင့်လာပြန်သေးတယ်။

အတွင်းအာရုံသို့ စိတ်ကပျံ့လွင့်လာတဲ့အခါဘုန်းကြီးတို့တရားထိုင်နေတဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ ဘယ်လိုဖြစ်လာသလဲလို့ဆိုတော့ အတွင်းအာရုံဆီသို့ စိတ်ရောက်တော့မယ်လို့ စိတ်ပျံ့လွင့်တော့မယ်လို့ဆိုတော့ တွန်းတဲ့သဘောမှာ ညွှတ်နေ သိနေတဲ့ စိတ်ကလေးဟာ တွန်းကန်ဝဲ့သဘောမှာ အာရုံပြုထားတဲ့ အာရုံပြုချက်ကလေးဟာ တွန်းကန်တဲ့သဘောရဲ့ နူးညံ့သိမ်မွေ့မှုကို အကြောင်းပြုပြီးတော့ တွန်းကန်တဲ့သဘောဖြစ်တဲ့ ပရမတ်အာရုံကို လွှတ်လိုက်ပြီး ခန္ဓာကိုယ်ထဲက ထင်ထင်ရှားရှား ပေါ်လာတဲ့ ပေါ်မှုတွေနောက်ကို ခန္ဓာကိုယ်အတွင်းသို့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ တခါထဲပျံ့တွက်သွားတယ်။

## ဉဏှတေဇော အပေါ်တက်

အဲဒီလိုပျံ့တယ်ဆိုတော့ ပျံ့တဲ့နေရာမှာ ဘယ်လိုတွေ ဖြစ်လာသလဲ၊ ပဌမဆုံးဖြစ်တတ်တဲ့သဘောက အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုခွေခေါက်ပြီး ကြမ်းပြင်နဲ့ဖိညှပ်ပြီးတော့ ထိုင်ထားလိုက်တဲ့အခါ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်မှာ ဘယ်လိုဖြစ်လာသလဲဆိုတော့ အသား-အသားချင်း, အရိုး–အရိုးချင်း ထိပါများတော့ ပွတ်ပြီးဖိထားပါများတော့၊ အဲဒီ နေရာမှာ ဉဏှတေဇောလို့ခေါ်တဲ့ ရုပ်တွေဖြစ်ပေါ်လာပါတယ်၊ယောဂီပုဂ္ဂိုလ်များရဲ့ အသိဉာဏ်နဲ့ပြောမယ်ဆိုရင် အဲဒီနေရာမှာပူလာတယ်၊ ပူတော့ဉဏှတေဇော ရုပ်တွေဖြစ်တယ်လို့ ဒီလိုခေါ်ပါတယ်၊ အဲဒီလို ဉဏှတေဇောရုပ်တွေဖြစ်လာတော့ ဉဏှတေဇောရုပ်လို့ခေါ်တဲ့ အပူဟာ အောက်ပိုင်းမှာ ဘယ်တော့မှ နေလေ့မရှိဘူး၊ အထက်ပိုင်းကို တက်လေ့ရှိပါတယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပြဒါးချိန်ကလေးကို ကြည့်စမ်းမယ်ဆိုရင် အပူရောက်လာသရွေ့ ပြဒါးချိန်က အပေါ်တက်နေဒါကို တွေ့ရမယ်၊ အောက်မှာ ဘယ်တော့မှမနေဘူး၊ အပူသဘောဆိုတဲ့ ဉဏှတေဇောဟာ ဝါယောဓာတ်နဲ့ ပေါင်းပြီးတော့ အမြဲတမ်း

အပေါ်ကို တက်တဲ့သဘောရှိပါတယ်၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ခွဲခေါက်ဖိညှပ်ပြီးတော့ ထိုင်ထားတဲ့အတွက် ဥဏှတေဇောဓာတ်တွေ ဖြစ်လာတဲ့အခါကျတော့ ဥဏှတေဇောရုပ်တွေက အောက်ပိုင်းကနေပြီးဘယ်ကို တက်သလဲဆိုတော့ အပေါ်ပိုင်းကိုတက်လာတယ်။

အဲဒီလို ဥဏှတေဇောရုပ်တွေ အပေါ်ပိုင်းကို တက်လာလေလေ ဥဏှတေဇောရုပ်က အပေါ်ပိုင်းကိုရောက်လာလေလေ အောက်ပိုင်းကိုယ်မှာ ဘာရုပ်တွေ ကျန်ရစ်ခဲ့သလဲလို့ဆိုတော့ သီတတေဇောရုပ်တွေ ဖြစ်ဖြစ်ကျန်ရစ်ခဲ့ပါတယ်၊ဥဏှတေဇောရုပ်လျော့လာတဲ့နေရာမှာ သီတတေဇောရုပ်က အစားထိုးတယ်၊ ဥဏှတေဇောရုပ် အပေါ်တက်လာရင်အောက်ပိုင်းမှာ ဥဏှတေဇောရုပ်တက်သလောက် သီတတေဇောရုပ်က အစားထိုးထိုးပြီးတော့ ကျန်ရစ်ခဲ့တယ်။

## သီတတေဇော အောက်မှာဖြစ်

အဲဒီလို ဥဏှတေဇောရုပ် အပေါ်တက်တဲ့နေရာမှာ သီတတေဇောရုပ်တွေ အစားထိုးထိုး ထိုးထိုးလာသည်ဖြစ်သောကြောင့် အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကြီးက မပြိုမပျက်ဘဲနဲ့ ဒီအတိုင်းဘဲ ကျန်ရစ်ခဲ့တယ်လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ထင်နေကြတယ်၊ အမှန်ကတော့ဖြင့် ဥဏှတေဇောရုပ်တွေ ကုန်ပျောက်ပြီးတော့ အပေါ် တက်တက်လာတဲ့နေရာမှာဥဏှတေဇောရုပ်နေရာမှာသီတတေဇောရုပ်တွေက အစားထိုးတယ်။

အဲဒီလို သီတတေဇောရုပ်တွေ အစားထိုးတဲ့နေရာမှာ ဘယ်လိုဖြစ်နေသလဲလို့ဆိုတော့ ထုန်နေတတ်တယ်, ကျဉ်နေတတ်တယ်၊ ထုန်ကျဉ်နေတဲ့ သဘောတွေ ဖြစ်ပေါ်လာတယ်၊ လက်တွေ့စမ်းသပ် ကြည့်မယ်ဆိုရင်ဖြင့် ထုန်ကျဉ်နေတဲ့နေရာတွေကို လက်နဲ့စမ်းကြည့်ရင် သီတတေဇောရုပ်တွေ ရောက်လာဒါ ဘယ်လောက် ထင်ရှားသလဲဆိုရင် အေးစက်စက်တွေ့နေရပါလိမ့်မယ်။

အဲဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ပဋ္ဌမရှေးဦးစွာ ဖြစ်တတ်တဲ့သဘောက အတွင်းအာရုံသို့ပို့သွားတော့မယ်

လို့ ဆိုတော့ အဲဒီ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်က ကျဉ်လာပါတယ်၊ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်မှာက ဥဏှတေဇောရုပ်တွေ ပျံ့ထွက်လာသည် ဖြစ်သောကြောင့် အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်မှာ ဘယ်လိုဖြစ်တတ်သလဲလို့ ဆိုရင် စစ်စစ် စစ်စစ်, ရွှရွှ ရွှရွှ, မွှမွှ မွှမွှ, ရှိန်ရှိန် ရှိန်ရှိန်, လိပ်လိပ် လိပ်လိပ်, သုတ်သုတ် သုတ်သုတ်နဲ့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်တွေမှာ ဖြစ်နေပါ ဟယ်၊ ဒါဟာ ဝိပဿနာတရားကို အားထုတ်တဲ့ အမျိုးကောင်းသားတိုင်း အမျိုးကောင်းသားတိုင်း၊ အမျိုးကောင်းသမီးတိုင်း, အမျိုးကောင်းသမီး တိုင်းမှာ၊ တွေ့ရတဲ့အတွေ့ပါ၊ တကယ်လဲဖြစ်နေပါတယ်၊ ဒါမျိုးဖြစ်တာဟာ မငြင်းနိုင်ပါဘူး။

## ရှူကွက်မှားတတ်ပုံ

အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်က အေးစက်စက်, ထုန်ထိုင်းထိုင်း, ကျဉ် တင်တင် ဖြစ်နေဒါ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ် စစ်စစ် စစ်စစ်, ရွှရွှ ရွှရွှ, မွှမွှ မွှမွှ, ရှိန်ရှိန် ရှိန်ရှိန်, လိပ်လိပ် လိပ်လိပ်, သုတ်သုတ် သုတ်သုတ်, မွှစိ မွှစိ, လှုပ်လှုပ် လှုပ်လှုပ်, ထွတ်ထွတ် ထွတ်ထွတ်-အဲဒီလိုသဘောမျိုးတွေ အထက် ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်မှာ ဖြစ်နေတယ်၊ အဲဒီလို-အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ် က ရွှရွှ, မွှမွှ, ရှိန်ရှိန်, လိပ်လိပ်, လှုပ်လှုပ်တွေ ဖြစ်နေတယ်၊အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်က ထုန်ကျဉ်ကိုက်ခဲပြီးတော့နေတယ်-ဆိုတော့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်မှာ ဥဏှတေဇောရုပ် လွန်ကဲတယ်၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ် က သီတတေဇောရုပ် လွန်ကဲတယ်။

ဒီနေရာမှာ ရှူကွက်ကို ရှုလိုက်တဲ့နေရာမှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒါကို နာမ်ခန္ဓာလို့ ရှုမှတ်လိုက်ရင် ပေါ်နေဒါ က ရုပ်တရား-ဥဏှတေဇောရုပ်နဲ့ သီတတေဇောရုပ်၊ အရှုခံတရားက နာမ် တရားဆိုရင် ရှူကွက်မှန်သလား၊ မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

နာမ်ခန္ဓာဆိုဒါ= ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့တရား ၄-ပါးဖြစ်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စဉ်းစား ကြည့်စမ်းပါ၊ ခန္ဓာမှာပေါ်နေဒါက သီတတေဇောရုပ်နဲ့ ဥဏှတေဇောရုပ် တရား, ရှူကွက်ကိုရှုနေဒါက နာမ်တရားလို့-ဒီလိုဖြစ်နေရင် ပေါ်တဲ့တရား

ကရုပ်၊ အရှုခံတရားက နာမ်ဆိုတော့ မှန်မလား၊မှားမလား....(မှားပါတယ် ဘုရား)။

သဘောပေါက်အောင်ကြည့်ပါ၊ အဲဒါကြောင့် အဲဒီလိုပေါ်နေတဲ့ ရုပ်တရားတွေဟာ ဥဏှတေဇောရုပ်နဲ့ သီတတေဇောရုပ်တွေပါ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပဌမပေးထားချက်ဖြစ်တဲ့ ဖမ်းထားတဲ့အဖမ်းက ဘာကိုဖမ်းထားသလဲ၊ ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ တွန်းကန်မှု ပရမတ်အာရုံကို အဟုတ်ရှိအမှန်ရှိ တကယ်ရှိတဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောတည်းဟူသော ဝါယောရုပ်ရဲ့ လက္ခဏာကို ဖမ်းထားပါတယ်။ ဝါယောရုပ်ရဲ့လက္ခဏာကို မှတ်ပြီးတော့ ထားပါတယ်။

အဲဒီလိုဝါယောလေဓာတ် ရုပ်ပရမတ်နဲ့ လက္ခဏာကို မှတ်ထားရာကနေပြီးတော့ သီတတေဇောရုပ်နောက်ကို, ဥဏှတေဇောရုပ်နောက်ကို လိုက်သွားရင် မူလပေးထားချက်ဖြစ်တဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောတည်းဟူသော အာရုံကနေပြီးတော့ အတွင်းအဇ္ဈတ္တိကအာရုံသို့ ပျံ့ထွက်သွားတာဖြစ်တဲ့အတွက် ပဌမပေးထားချက်ဖြစ်တဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောတည်းဟူသော မူလပေးထားချက်ဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်အာရုံဟာ ပျောက်သွားပြီ၊ လွတ်သွားပြီ၊ ပရမတ်အာရုံ လွတ်သွားပြီလို့ဆိုတယ်၊ပရမတ်အာရုံ လွတ်သွားတဲ့အခါမှာ ဘယ်ရောက်လာသလဲ၊ပညတ်ဆိုတဲ့ ခန္ဓာကိုယ်ပေါ်မှာ ထင်လာတဲ့ စစ်စစ် စစ်စစ်, ရွရွ ရွရွ, မွမွ မွမွ, ရှိန်ရှိန် ရှိန်ရှိန်, လိပ်လိပ် လိပ်လိပ်, သုတ်သုတ် သုတ်သုတ်—ဆိုတဲ့ အဲဒီသဘောတွေကို ရောက်လာတယ်။

## ခံသာမှု မခံသာမှု တွေ့တတ်ပုံ

ဒီသဘောတွေကို ရောက်လာတဲ့အခါကျတော့ကြည့်ပါ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ တရားအားထုတ်ဘူးကြတဲ့အတွက် ယခုပြောခဲ့တဲ့ သဘောတွေကို တွေ့ဘူးကြမှာပါဘဲ၊ အဲဒီလိုခန္ဓာကိုယ်မှာ သီတတေဇောရုပ်နဲ့ ဥဏှတေဇောရုပ်တွေ ဖေါက်ပြန်လာဒါကိုတွေ့ရင် တခါ တရံမှာခံသာတဲ့ သဘောလေးနဲ့ တွေ့တယ်။

တခါတရံမှာတော့ မခံသာတဲ့ သဘောလေးနဲ့ တွေ့တယ်၊ ခံသာတဲ့ သဘောလေးတွေနဲ့ တွေ့တယ်ဆိုဒါ ဘယ်လိုလဲ၊ ဥဏှတေဇောရုပ်တွေ နုံ့နုံ့လာလို့ နူးနူးညံ့ညံ့နဲ့ ခန္ဓာကိုယ်မှာ မွေ့မွေ့မွေ့မွေ့ မွေ့မွေ့မွေ့ မွေ့နဲ့ အင်မတန်ကို နူးညံ့သိမ်မွေ့တဲ့ လဲ၀ါဂွမ်းကလေးနဲ့ ခန္ဓာကိုယ်ရဲ့အသား အရေကလေးတွေကို နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့ပွတ်တိုက်ပေးနေသလို အင်မ တန်ခံလို့ကောင်းနေတဲ့သဘောကို ကာယဝိညာဏ်နဲ့ တွေ့ရပါတယ်၊အဲဒီလို တွေ့တဲ့အခါမှာ သိပ်သာယာပြီးတော့ သိပ်ကြိုက်ပြီးတော့ သိပ်ပြီးနှစ်သက် နေဒါဘဲ။

တခါတရံမှာတော့ ဒီ–ဥဏှတေဇောရုပ်တွေနဲ့ ကြမ်းတမ်းခက်ထန်မှု ကြောင့် သီတတေဇောရုပ်ရဲ့ ဖောက်ပြန်မှု ကြမ်းတမ်းမှုကြောင့် ဘယ်လို တွေ့သလဲ၊ မခံသာအောင် တွေ့ရတယ်၊ အဲဒီလို မခံသာအောင် ခန္ဓာမှာ တွေ့နေတဲ့အချိန်တွင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်မှာ ဘယ်လိုဖြစ်သလဲ၊ သက်သာချင်တယ်၊ သက်သက်သာသာကလေးကို ရချင်တယ်၊ သက်သက်သာသာကလေး ဖြစ်ချင်တယ် ဆိုတဲ့ စိတ်တွေဟာ ပေါ်လာပါတယ်။

အခု–ဘုန်းကြီးပြောခဲ့တဲ့ အတွင်းအာရုံကိုအကြောင်းပြုလို့ သက်သာ ချင်တယ်ဆိုတဲ့ သဘောကလေးတွေ ပေါ်လာတယ်၊ တခါတရံမှာတော့ အင်မတန် သိမ်မွေ့နူးညံ့တဲ့အထိ အတွေ့ ကလေးကို ထိတွေ့နေရတဲ့အတွက် အတွင်းအာရုံမှာ သက်သာပြီးတော့ သာယာတဲ့သဘော ကလေးတွေကို တွေ့နေရပါတယ်။

တခါတရံ သိပ်မခံနိုင်လွန်းအားကြီးတဲ့အခါမှာ ဘယ်လို ဖြစ်တတ်သလဲ "အချိန်တွေစေ့ခဲ့လိုက်တာနော်၊ ဒီနေ့တရားအားထုတ်လိုက်ရဒါ ကောင်းကို မကောင်းပါဘူး၊ ဒီကနေ့ တရားအားထုတ်လိုက်ရဒါ ဘယ်လိုကိုဖြစ်မှန်း မသိပါဘူး" အဲဒီလို မကြိုက်မနှစ်သက်တဲ့ သဘောအမူအရာတွေ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဖြစ်ပေါ်လာပြန်တယ်။

ဟော–တခါတရံကျတော့ "အမယ်လေး ဒီနေ့ တရားအားထုတ်လိုက် ရဒါကောင်းလိုက်တာ၊ သိပ်ကောင်းဒါဘဲ၊ နောက် ဒါမျိုးလေးတွေ့ပါရ စေအုံးလို့" မြွော်လင့်ချက်ကလေး ရည်ရွယ်ချက်ကလေးနဲ့ ဘယ်လောက်

တောင် စွဲထားလိုက်သလဲဆိုရင် ဒီနေရာမှာထိုင်ပြီး အားထုတ်လို့ ဒါမျိုးလေး တွေ့တယ်ဆိုရင် နောက်တခါထိုင်ပြန်တော့လဲ ဒီနေရာလေးမှာဘဲ ထိုင်ချင်တဲ့စိတ်ကလေးက ဖြစ်လာတယ်။

## သဲက်သာမှုတွေ့ ရာဂ, မသက်သာမှုတွေ့ ဒေါသ

အဲဒီလို အခု ဘုန်းကြီးပြောခဲ့တဲ့အတိုင်း အတွင်းအာရုံကို စိတ်ပျံ့လွင့်မှုကြောင့် သက်သာမှု, မသက်သာမှု နှစ်မျိုးဖြစ်ပေါ်လာရင် သက်သာမှုကလေးနဲ့တွေ့နေတော့ ရာဂ၊ ဘာတရားတဲ့လဲ....(ရာဂတရားပါဘုရား)။

မသက်သာမှုနဲ့တွေ့နေတော့ ဒေါသ၊ ဘယ်တရားတဲ့လဲ ... (ဒေါသပါဘုရား)။

မသက်သာမှုလေးနဲ့ တွေ့နေရင် ပဋိဃလို့လဲခေါ်ပါတယ်၊ အဲဒီရာဂနဲ့ ဒေါသစွန်းနှစ်စွန်း မလွတ်ပြန်ဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ တွေ့ဘူးမယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုခဲ့လို့ရှိရင် အခု-ဘုန်းကြီးရှင်းပြခဲ့တဲ့ အတွင်းအာရုံ ရှင်းတမ်းကိုတွေ့ဘူးတဲ့ အမျိုးကောင်းသားတွေ, တွေ့ဘူးတဲ့အမျိုးကောင်းသမီးတွေများမယ်၊ အလုပ်လုပ်ဘူးရင် ဒီအတွေ့ဟာတွေ့ဘူးမှာဘဲ၊ တွေ့ဘူးရမယ်၊ အဲဒီအတွေ့မျိုးတွေ့တဲ့ အခါမှာ ဒီစိတ်မျိုးဖြစ်သလား, မဖြစ်ဘူးလားဆိုဒါ ကိုယ်တိုင်သိပါတယ်။

အခုဘုန်းကြီးပြောခဲ့တဲ့စိတ်မျိုးဟာ သက်သာချင်တဲ့စိတ်မျိုးတွေ ဖြစ်ဘူးသလား၊ မဖြစ်ဘူးဘူးလား၊ အင်မတန်ကောင်းတယ်, သာယာတယ် ဆိုတဲ့စိတ်မျိုးတွေ ဖြစ်ဘူးသလား၊ မဖြစ်ဘူးဘူးလား၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဖြစ်ဘူးတယ်၊ ခပ်ရှင်းရှင်းကတော့ ဒီ ဝိပဿနာအလုပ်ကိုအားထုတ်တယ်လို့ဆိုဒါအမှန်ကိုသိချင်လို့အားထုတ်နေကြဒါ။

အမှန်အတိုင်းဆိုရင် အခု-ဘုန်းကြီးရှင်းပြခဲ့တဲ့အတိုင်း အတွင်းအာရုံကို စိတ်ရောက်လာရင် အဲဒီသက်သာမှု, မသက်သာမှုကလေးတွေကဘော့ တွေ့နေမှာဘဲ၊ မသက်သာမှုတွေကိုတွေ့နေရင် သက်သာချင်တဲ့ စိတ်တွေဖြစ်ပေါ်လာတယ်၊ မသက်သာမှုကိုမကြိုက်ဘူး, မနှစ်သက်ဘူးဆိုတဲ့ သဘောကလေး

တွေဟာ ဖြစ်ပေါ်လာပါတယ်၊ အချိန်တွေစေ့ခဲ့လိုက်တာ၊ ပင်ပန်းလိုက်တာ ဆိုတဲ့ စိတ်မျိုးတွေဟာ ဖြစ်ပေါ်လာပါတယ်။

တခါတရံမှာတော့ အင်မတန်နူးညံ့သိမ်မွေ့တဲ့အခွေ့ကို တွေ့နေရတဲ့အတွက် အင်မတန်သာယာပြီးတော့ အင်မတန် ကောင်းနေတယ်ဆိုတဲ့ အနေမျိုးနဲ့ တွေ့နေပါတယ်၊ တနာရီလောက် တရားထိုင်တယ်ဆိုပြီးတော့ ထိုင်နေပေမဲ့ အဲဒီလိုအတွင်းအာရုံရဲ့ ပျံ့လွင့်ချက်က သက်သာမှုနဲ့တွေ့နေရင် ကြာကြာကြီးထိုင်နိုင်ပြီးတော့ တနာရီထိုင်တယ်ဆိုပေမဲ့ နှစ်နာရီ, သုံးနာရီ ဖြစ်ချင်ဖြစ်သွားပါတယ်။

အဲဒီအကွက်ကိုသိပ်နှစ်သက်ပြီးတော့ တရားအကွက်ထဲမှာ နှစ်သက်နေတဲ့အပြင် တရားအာရုံက ရုပ်သိမ်းလာလို့ တရားခွင်က ထွက်လာသည့်တိုင် အောင်တရားခွင်ထဲမှာ တွေ့ခဲ့တဲ့အတွေ့ကိုလှမ်းပြီး နှစ်သက်နေတုန်းဘဲ၊ အဲဒီလိုနှစ်သက်နေရင် ရာဂလို့ခေါ်ပါတယ်၊ အပါယ်လေးပါးရောက်အောင် ကျရောက်မဲ့ရာဂလားဘုရားလို့ဆိုတော့ အပါယ်လေးပါးရောက်အောင်ကျရောက်တဲ့ ရာဂတော့မဟုတ်ပါဘူး၊ ဒီရာဂကျတော့ ဝိပဿနာသမာဓိရဲ့ အနှောင့်အရှက်ဖြစ်ရုံလောက်သာ ဖြင်တဲ့ရာဂပါ၊ကုသိုလ်ကတော့ဖြင့် အများကြီးရနေပါတယ်။

## အတွင်းအာရုံတွေ့လျှင် အဆင့်အတန်းမြင့်

အဲဒီ-အာရုံမျိုးကိုတွေ့နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ကုသိုလ်ကတော့ဖြင့် အများကြီးရနေပါတယ်၊ ဒါပေမဲ့ ဝိပဿနာသမာဓိနဲ့ မဂ်ဉာဏ်ကို အာရုံပြုနိုင်လောက်အောင် အလုပ်လုပ်တဲ့ နေရာမှာတော့ဖြင့် အဲဒီ-ရာဂနဲ့ အဲဒီ-ဒေါသဟာ အနှောင့်အရှက်ဖြစ်နေပါသေးတယ်တဲ့။

ဒါဖြင့် အဲဒီ-အတွင်းအာရုံကို စိတ်ရောက်နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သမာဓိဟာအပြင်အာရုံကို စိတ်ရောက်နေတဲ့ ပျံ့လွင့်နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သမာဓိထက်တော့ဖြင့် အတွင်းအာရုံကို စိတ်ရောက်နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သမာဓိက ပိုပြီးတော့ကောင်းလာတယ်၊

သမာဓိပိုပြီးတော့ခိုင်ခံ့လာတယ်၊ ဒီတော့အတွင်းအာရုံကို စိတ်ရောက်လာရင် အပြင်အာရုံကို စိတ်ရောက်နေတာထက် တရားဟာတဆင့်တိုးနေပြီ၊ တဆင့်တက်နေပြီလို့ အဲဒီလိုမှတ်ရမယ်။

တရားရှုကွက်ဟာ အပြင်အာရုံကို စိတ်ရောက်နေတာနဲ့စာရင် အတွင်းအာရုံကို စိတ်ရောက်နေတဲ့ ရှုကွက်က အဆင့်အတန်းမြင့်နေပြီလို့ ဒီလိုမှတ်ရမယ်၊ အဲဒီလိုအဆင့်အတန်း မြင့်လာရင် အတွင်းအာရုံကို ရောက်နေတဲ့စိတ်ကို အတွင်းအာရုံကို မရောက်အောင် အပြင်အာရုံကို ရောက်နေတဲ့စိတ်ကို ပြန်ထိန်းသလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ပြန်ပြီးတော့ထိန်းရမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့ အခါကျတော့ ဝါယောလေဓာတ်ရုပ်ပရမတ်ရဲ့ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေးကို သိနေရာကနေပြီးတော့ အတွင်းအာရုံကို ဘုန်းကြီးခုနကပြောခဲ့တဲ့ စစ်စစ်စစ်စစ်, ရွရွရွရွ, မွမွမွမွ, ရှိန်ရှိန်ရှိန်ရှိန်, လိပ်လိပ်လိပ်လိပ်, သုတ်သုတ်သုတ်သုတ်, တင်းတင်းတင်းတင်း၊ ပြီးတဲ့အခါကျတော့ လှုပ်လှုပ်လှုပ်လှုပ်၊ နောက်တမျိုးက စစ်စစ်စစ်စစ်၊ စပ်ဖြင်းဖြင်းနဲ့ မျက်ခွက်မျက်နှာများမှာ ရွကလေးတွေ, ပိုးကောင်ကလေးတွေ ရွရွရွရွနဲ့ ရှောက်သွားနေသလို အဲဒီလိုများ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တွေ့ဘူးသလား၊ မတွေ့ဘူးလား.... (တွေ့ဘူးပါတယ်ဘုရား)။

တရားအားထုတ်တဲ့အခါ အဲဒီလိုတွေ့ရင် အတွင်းအာရုံကိုတော့စိတ်ရောက်သွားပြီ၊ အဲဒီအတွင်းအာရုံကို စိတ်ရောက်သွားတော့တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ် အာရုံပေါ်မှာ ဒီစိတ်ရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

ပရမတ်အာရုံက လွတ်သွားပြီ ဘယ်ရောက်လာသလဲ၊ နဖူး, ပါးပြင်, နှာခေါင်းဖျားကလေး, တခါတရံ နားရွက်, တခါတရံ ပခုန်းစွန်း, တခါတရံကျော, တခါတရံ ရင်ခေါင်း, ရင်, ဝမ်း, တခါတရံပေါင်, ခါး, တခါတရံ ခြေသလုံး, ခြေထောက်, လက်ချောင်းကလေးတွေ စသည်ဖြင့် အဲဒီလို ပရမတ်အာရုံပေါ်မှာတင်ပြီးတော့ ဘုန်းကြီး စောစောပိုင်းကပြောခဲ့တဲ့ ခံသာမှုသဘော, မခံသာမှုသဘောတွေပေါ်လာတယ်။

အဲဒီလိုခံသာမှုသဘော, မခံသာမှုသဘောတရားတွေ ပေါ်လာလို့ ခန္ဓာကိုယ်ပေါ်မှာ ဒီအသိဉာဏ် ရောက်သွားသည်နှင့်တပြိုင်နက်ထဲ ဝါယောလေ ဓာတ် ရုပ်ပရမတ်ရဲ့ တိုးတဲ့သဘော,တွန်းတဲ့သဘောကို သိနေတဲ့ တိုးတဲ့သဘော,တွန်းတဲ့သဘော တည်းဟူသော ပရမတ်အာရုံနဲ့ သူ့ကိုသိနေတဲ့ မနောဝိညာဏ်ဆိုတဲ့ စိတ်အစဉ်တွေ အကုန်ပျောက်ပြီးတော့ ပညတ်အာရုံဖြင့်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းက ခါး, ခေါင်း,ရင်,ဝမ်းစတဲ့ နေရာဌာနတွေမှာ ဖြစ်ပေါ်လာတိုင်း,ဖြစ်ပေါ်လာတိုင်း အတွင်းအာရုံကိုသိတဲ့ ကာယဝိညာဏ်ဆိုတဲ့သဘောတွေ အဲဒီမှာ လာပေါ်ပါတော့တယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အလိုရှိတဲ့နိဗ္ဗာန်ချမ်းသာကို အဲဒီ-ကာယဝိညာဏ်စိတ်က အာရုံမယူနိုင်ဘူး၊ ကာယဝိညာဏ်စိတ်ဆိုဒါ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးမှာ ဖြစ်ပေါ်လာတဲ့ ဖောဋ္ဌဗ္ဗာရုံသဘောမျိုးကိုသာလျှင် အာရုံယူနိုင်တယ်၊ နိဗ္ဗာန်ကို အာရုံမယူနိုင်ပါဘူး၊ အဲဒီလို အာရုံမယူနိုင်တဲ့အတွက် ကာယဝိညာဏ်နောက် လိုက်ကျတဲ့ လိုက်ဖြစ်တဲ့ တဒနုဝတ္တကမနောဒွါရ ဆိုတဲ့ မနောဝိညာဏ် စိတ်ကကောင်း, မကောင်းဆိုတဲ့ သဘောတရားတွေကို ဆုံးဖြတ်ပြီး ပေးလိုက်တော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဖြူစင်သန့်ရှင်းတဲ့ စိတ်ကြည်လင်မှုကလေး ကောင်းတယ်ဆို၍နောက်ကိုလိုက်မိတဲ့အတွက် ရာဂ,မကောင်းဘူးဆိုတဲ့နောက် လိုက်မိတဲ့အတွက် ဒေါသ-ဟောဒီလို ဖြစ်လာတယ်။

## သမာဓိအန္တရာယ်

ဒါဖြင့် အဲဒီအတွင်းအာရုံကို စိတ်ပျံ့လွင့်ခြင်းကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဖြူစင်သန့်ရှင်းတဲ့ ပရမတ်ကိုသိနေတဲ့ အသိဉာဏ်နဲ့ယှဉ်တဲ့ မနောဝိညာဏ်စိတ်ကလေးဟာ ရာဂဖြစ်ခွင့်ရသွားပလား၊ မရသေးဘူးလား....(ရာဂဖြစ်ခွင့်ရသွားပါတယ်ဘုရား)။

အဲဒီလိုရာဂဖြစ်ခွင့်ရသွားရင် ဒီ-စိတ်ကလေးဟာ ရာဂစိတ်ဖြစ်သွားတယ်၊ ညက ဘုန်းကြီး အပြင်အာရုံမှာ ရှင်းခဲ့သလိုဘဲ သူဟာ ရာဂစိတ်ဖြစ်တယ်၊ အဲဒီလို ရာဂစိတ်ဖြစ်ရင် ဝိပဿနာ သမ္မာဒိဋ္ဌိကို ဖြစ်စေနိုင်တဲ့ သမာဓိရဲ့ အန္တရာယ်ဖြစ်သွားပြီ၊ အဲဒီရာဂမျိုးဟာ သမာဓိရဲ့ အန္တရာယ်သာလျှင် ဖြစ်

ပါတယ်၊ နောက် အတွင်းအာရုံကို စိတ်ပျံ့လွင့်မှုကြောင့် နောက်ပိုင်းက ပြောခဲ့တဲ့ မခံသာမှုသဘောတရားတွေ ဖြစ်လာပြန်တော့ ဒေါသဖြစ်ခွင့် ရသွားပြန်ရော၊ ဒေါသဖြစ်ခွင့် ရသွားတဲ့အခါမှာလဲ အဲဒီစိတ်ဟာ ဒေါသနဲ့ တွဲတဲ့စိတ်ဖြစ်ပြန်တယ်၊ အဲဒီ-ဒေါသစိတ်ဖြစ်ရင်လဲ သမာဓိရဲ့ အန္တရာယ်ကို ဖြစ်စေနိုင်တဲ့ စိတ်ပါဘဲ။

အဲဒီလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ဟာ ရာဂဖြစ်ခွင့်တွေ, ဒေါဖြစ်ခွင့်တွေရဒါ ဘာကြောင့်တုန်း၊ အတွင်းအာရုံကို စိတ်ပျံ့လွင့်သွားခြင်းကြောင့်တဲ့၊ အခုဘုန်းကြီးပေးတဲ့ ဝိပဿနာလုပ်ငန်း စဉ်ဖြင့် အတွင်းအာရုံကိုစိတ်ပျံ့လွင့်သွားတဲ့ အခါကာလမှာလဲဘဲ ဒီ-အတွင်း အာရုံမှာ မိမိစိတ်ကို မထားဘဲနဲ့ ပဌမပေးထားချက်ဖြစ်တဲ့ ပရမတ်အာရုံဖြစ် တဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောကိုဘဲ ပြန်ပြီးတော့စိတ်ထားရမယ်၊ အတွင်းအာရုံနောက်ကို လျှောက်ပြီးတော့ မလိုက်ရဘူးလို့ ဒီလိုမှတ်ရမယ်။

အခု ပေးထားတဲ့တရားမှာဆိုရင် အတွင်းအာရုံကို လျှောက်လိုက်မိရင် ဘာဖြစ်မလဲ အတွင်းအာရုံကိုလျှောက်ပြီး စိတ်လိုက်လိုက် လိုက်လိုက်သွားရင် တဖြေးဖြေး တဖြေးဖြေး ကြွမ်းကြွမ်းလာပြီး မခံနိုင်ဘော့ လွှတ်ရဘာရယ်၊ တဖြေးဖြေးတဖြေးဖြေး အတွင်းအာရုံကို နူးညံ့သိမ်မွေ့သိမ်မွေ့သွားပြီးတော့ ပျောက်သွားတဲ့အတွက် ဘာမှမတွေ့ဘဲနဲ့ ကျန်ရစ်ခဲ့တာရယ်၊ ဒီ-အာရုံနောက် ကို လိုက်မိရင် ဒီ ၂-မျိုးဘဲများသောအားဖြင့် တွေ့ပါတယ်၊ အလုပ်တကယ် လုပ်ကြည့်ပါ၊ ဒီနေရာမှာ အလုပ်သဘောကို ရှင်းပြနေဒါဖြစ်ပါသေးတယ်။

ဒါဖြင့် အဲဒီလို အတွင်းအာရုံဖြစ်တဲ့ အဇ္ဈတ္တမှာ ဒီ-စိတ်ပျံ့လွင့်နေဒါ ဟာ အခုအလုပ်သဘောနဲ့ရှင်းတော့ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများ ဝိပဿနာဉာဏ်အတွက်သော်ငြင်း, မဂ်ဉာဏ်အတွက်သော် ငြင်း အတွင်းအာရုံကို စိတ်ပျံ့လွင့်ဒါကောင်းသလား၊ မကောင်းဘူးလားလို့ မေးရင် ဘာဖြေမလဲ....(မကောင်းပါဘုရား)၊ မကောင်းဘူး။

ဘာဖြစ်လို့မကောင်းသလဲ၊ လောဘဖြစ်ခွင့်ရလို့, ဒေါသဖြစ်ခွင့်ရလို့၊ ဘယ်လိုလောဘ, ဒေါသဖြစ်ခွင့်ရသလဲဘုရား-လို့ဆိုရင် အတွင်းအာရုံကို စိတ်ရောက်တိုင်းရောက်တိုင်း သက်သာချင်တဲ့သဘောတွေ ဖြစ်လာတော့

လောဘဖြစ်ခွင့် ရသွားတယ်၊ သက်သာချင်တယ်ဆိုတဲ့ သဘောတရားဟာ လောဘ၊ သက်သာချင်ပါလျက်သားနဲ့ မသက်သာတော့ မသက်သာမှုကို တွေ့နေရတော့ကြိုက်သလား၊ မကြိုက်ဘူးလား.... (မကြိုက်ပါဘုရား)။

မကြိုက်တာကဒေါသ၊ ဒါဟာ တရားအားထုတ်တဲ့အမျိုးကောင်းသား တိုင်း, အမျိုးကောင်းသမီးတိုင်း တွေ့ဘူးတဲ့သဘောပါ၊ အဲဒီလို လောဘ ဒေါသ ဖြစ်ခွင့်ရနေရင် လောဘနဲ့ပေါင်းတဲ့စိတ်, ဒေါသနဲ့ပေါင်းတဲ့စိတ် နောက်ပြီးတော့ လောဘစိတ်, ဒေါသစိတ်ဖြစ်ရင် သမာဓိရဲ့ အန္တရာယ် ဖြစ်တယ်။

ဘယ်လိုသမာဓိရဲ့ အန္တရာယ်ဖြစ်သလဲဆိုရင် ခုနက-ဘုန်းကြီးပြောသလို ဘဲ သူ့နောက်ကိုချည်း လျှောက်လျှောက်လိုက်ရင် တဖြေးဖြေး တဖြေး ဖြေးကြမ်းတမ်းလာလို့ မခံနိုင်တဲ့အတွက် လွှတ်လိုက်လို့ ပျောက်သွားပြန် တော့လဲ သမာဓိပျက်တယ် တဖြေးဖြေး တဖြေးဖြေးနူးညံ့နူးညံ့သိမ်မွေ့သိမ် မွေ့သွားလို့အာရုံပျောက်သွားတဲ့အတွက်မှုလ ပထားချက်ဖြစ်တဲ့တွန်းကန် တဲ့ ပရမတ်အာရုံပျောက်သွားပြန်တော့လဲ သမာဓိပျက်တယ်၊ ခံနိုင်လို့ခံနေ ပြီးတော့ သက်သက်သာသာကလေးနဲ့ လိုက်ပြန်တော့လဲ တဖြေးဖြေးနူးညံ့ သိမ်မွေ့ပြီးပျောက်သွားပြန်တော့လဲ သမာဓိပျက်တယ်၊ အဲဒါကြောင့်မို့လို့ အတွင်းအာရုံကို စိတ်ပျံ့လွင့်နေရင် ကိလေသာဖြစ်ခွင့်ရသွားပြန်တယ်။

## အချက်ငါးချက်နဲ့ အာရုံထိန်းပေး

ညက ဘုန်းကြီးပြောခဲ့တဲ့ အဂ္ဂိဝစ္ဆ ပုဏ္ဏားကြီးက "လူဟာလူ့ရဲ့ သံ ယောဇဉ် အနှောင်အဖွဲ့ကို မဖြတ်ဘဲနဲ့ မစွန့်ဘဲ မပယ်ဘဲနဲ့ နိဗ္ဗာန်ရနိုင်ပါ့ မလားဘုရား"လို့ မြတ်စွာဘုရားကိုလျှောက်တော့ မြတ်စွာဘုရားက ရှင်း ရှင်းဘဲ ပြန်ဖြေတယ် -မရနိုင်ဘူး, မရောက်နိုင်ဘူးလို့၊ အခု အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများဟာ သံယောဇဉ် အနှောင်အဖွဲ့ဆိုဒါ လောဘနဲ့ဒေါသကိုခေါ်တယ်၊ အကျဉ်းချုပ်အားဖြင့် အဲဒီ လောဘနဲ့ဒေါ သဟာ ဖြစ်ခွင့်ရနေရင်, သံယောဇဉ် အနှောင်အဖွဲ့ပြန်ပြီးတော့ ဖြစ်နေရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဲ့ အန္တရာယ်ဖြစ်ပြန်တယ်လို့ ဒီလိုမှတ်ထားရမယ်၊အဲဒါ

ကြောင့် အတွင်းအာရုံကို စိတ်ပျံ့လွင့်ဒါဟာ သံယောဇဉ်တရားတွေ ဖြစ်ခွင့်ရတဲ့,အကုသိုလ်တရားတွေ ဖြစ်ခွင့်ရတဲ့အတွက် မကောင်းဘူးလို့မှတ်ပါ။

နို့-အဲဒီ- သံယောဇဉ်တွေ, အဲဒီ-အကုသိုလ်တွေက အပါယ် လားကြောင်းလားလို့ ဆိုတော့ အပါယ်လားကြောင်း မဟုတ်ဘူးနော်၊ အင်မတန်နူးညံ့သိမ်မွေ့တဲ့ အကုသိုလ်၊ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ကြားဘူးကြပါလိမ့်မယ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ယိုစီးတဲ့အာသဝတွေ ဖြစ်ခွင့်ရပါတယ်၊ အင်မတန်ကြမ်းတမ်းတဲ့ အာသဝတွေလားလို့ဆိုတော့ အင်မတန် ကြမ်းတမ်းတဲ့ အာသဝတွေ မဟုတ်ပါဘူး၊ တရားအားထုတ်တဲ့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ ဖြစ်တဲ့အတွက် အင်မတန်နူးညံ့သိမ်မွေ့တဲ့ အာသဝပါဘဲ။

အဲဒီ-အာသဝတွေဖြစ်ခွင့်ရနေပြီ ဖြစ်သောကြောင့် အတွင်းအာရုံကို စိတ်ပျံ့လွင့်ခြင်းသည် သမာဓိရဲ့အန္တရာယ်ဖြစ်ပါတယ်၊ ဒါဟာ ဝိပဿနာလုပ်ငန်းကိုလုပ်တဲ့အခါမှာ အလုပ်လုပ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း တွေ့တဲ့အတွေ့ပါ၊ အဲဒါတွေ့တော့ ဘာနဲ့တွေ့သလဲ၊ ကာယဝိညာဏ်နဲ့တွေ့ရတယ်၊ ဒီတော့ အဲဒီလိုတွေ့လိုက်ရင်, အတွင်းအာရုံကို စိတ်ရောက်နေရင် ရောက်နေမှန်းသိရမယ်၊ အတွင်းအာရုံက နေပြီးတော့ မိမိစိတ်ကို ပြန်ပြီးတော့ ထိန်းရမယ်၊ ပြန်ခေါ်ရမယ်။

ပြန်ခေါ်တဲ့အခါမှာ စိတ်ဟာတကယ်ခေါ်ကြည့်ရင် အပြင်အာရုံတုန်းကတောင် ခေါ်ရင်ရသေးဒါဘဲ၊ အတွင်းအာရုံမှာပျံ့လွင့်တဲ့စိတ်ကိုခေါ်ရင် လဲ သူကလာမှာဘဲ၊ ပြန်လဲလာပါတယ်၊ လာပြီးတော့ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသောမူလပေးထားချက်ဖြစ်တဲ့ဝါယောလေဓာတ် ရုပ်ပရမတ်အာရုံပေါ်မှာ ပြန်ထားရမယ်၊ ထားတဲ့အခိုက်အတန့်မှာ နေရမယ်၊ အတွင်းအာရုံကို စိတ်ရောက်တိုင်း ရောက်တိုင်း ပြန်ပြီးတော့ စိတ်ကို ထိန်းသိမ်းပုံ ၅-ချက်ဟာ အပြင်အာရုံမှာထိန်းတဲ့ ၅-ချက်မျိုးပါဘဲ။

အတွင်းအာရုံမှာ အဲဒီ-ထိန်းသိမ်းမှု ၅-ချက် ဖြစ်ပေါ်လာတဲ့အတွက် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဒီ-ကုသိုလ် ၅-ချက်

ကို ရပြန်တယ်၊ အမျိုး ၅-ခုကို ရပြန်ပါသေးတယ်၊ ဒါဖြင့်ကောင်းပြီ အဲဒီ အတွင်းအာရုံကို ဒီလို စိတ်ပျံ့လွင့်လို့ အန္တရာယ်ဖြစ်တယ်ဆိုဒါ ဒီလို အားထုတ်လို့တွေ့ရင် ကျမ်းဂန်နဲ့ညီသလား မညီဘူးလားလို့-ဟို အလုပ် ပေးတရားဟောခဲ့တဲ့နေ့က လမ်းသိတဲ့ အမျိုးကောင်းသားနဲ့ လမ်းမသိတဲ့ အမျိုးကောင်းသားနှစ်ယောက်ကို ဥပမာပေးခဲ့ပါတယ်။

## ပါဠိတော်မေးမှ အမှန်ရ

လမ်းမသိတဲ့ပုဂ္ဂိုလ်ဆိုဒါ ပုထုဇဉ်ပုဂ္ဂိုလ်ကို ခေါ်တယ်၊ မဂ်ဉာဏ် ဖိုလ် ဉာဏ်နဲ့ နိဗ္ဗာန်ကိုသွားတဲ့လမ်းကို မသိတဲ့ပုဂ္ဂိုလ်ဟာ ပုထုဇဉ်ပါဘဲ၊ ပုထုဇဉ် က လမ်းမသိတဲ့ပုဂ္ဂိုလ်၊ လမ်းသိတဲ့ပုဂ္ဂိုလ်က ဘယ်သူလဲလို့ဆိုတော့ ဘုရား ကလွဲရင် အရှင်သာရိပုတ္တရာပေါ့၊ အခုတော့ မြတ်စွာဘုရားနဲ့ ရှင်သာရိ ပုတ္တရာ၊ အဲဒီ-ပုဂ္ဂိုလ်တွေက မရှိတော့ဘူး၊ မရှိတော့ အခု-ဝိပဿနာအလုပ် ပေးတရားနဲ့ ပတ်သက်ပြီးတော့ အတွင်းအာရုံအတွက် ရှင်းတမ်း ပေးနေ တာဟာ မှန်သလား မမှန်ဘူးလား၊ ဒီလမ်းဟာ မှန်တဲ့လမ်းလားလို့အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများက ဘယ်သူ့ သွားမေးမလဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ညွှန်ကြားခဲ့တဲ့ပါဠိတော်နှင့် သာဝကဘာသိတ ဖြစ်တဲ့ ရှင်သာရိပုတ္တရာ အစရှိတဲ့ သာဝကကြီးများ ညွှန်ပြခဲ့တဲ့ ပါဠိတော် ကို သွားမေးရင် ဒီလမ်း-မှန်သလား မှားသလားဆိုဒါ သိရမယ်။

တရားအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ရဲ့ ခန္ဓာမှာ ဉာဏ်နဲ့တွေ့လာတဲ့အခါ ဒီတွေ့ပုံတွေ့နည်း မှန်သလားမှားသလား ဆိုဒါ ဘယ်သူ့ကိုမေးမလဲ၊ ပါဠိတော်ကိုမေးမှသာလျှင် အမှန်ရမယ်၊ ပါဠိ တော်ကို မေးကြည့်ရင် ဘုရားကိုလျှောက်ကြည့်ဒါနဲ့ အတူတူဘဲ၊ ပါဠိတော် ကိုမေးကြည့်ရင် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို လျှောက်ကြည့် ဒါနဲ့ အတူတူဘဲ။

အဲဒါကြောင့် ယနေ့ ဘုန်းကြီးရှင်းပြခဲ့တဲ့ အတွင်းအာရုံ ရှင်းတမ်းနဲ့ ပတ်သက်လို့ အတွင်းအာရုံကို စိတ်ပျံ့လွင့်ရင် ဘယ်လိုပျံ့လွင့်သလဲလို့ဆိုဒါ အလုပ်သဘောနဲ့ ရှင်းပေးခဲ့ပြီးပြီ၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်က အေး

စက်စက် ဖြစ်နေတယ်၊ ကျဉ်တယ် ထုန်တယ်၊ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်က ပူတယ် ရှိန်တယ်၊ ရွတယ်၊ မွတယ်၊ ရှိန်ရှိန်, လိပ်လိပ်, သုတ်သုတ် တွေ့နေတယ်၊ အဲဒါတွေကို အတွင်းအဇ္ဈတ္တအာရုံလို့ ခေါ်တယ်၊ အဲဒီအတွင်းအဇ္ဈတ္တအာရုံကို စိတ်ရောက်နေရင် ကောင်းသလား၊ မကောင်းဘူးလား.... (မကောင်းပါဘုရား)။

ဘယ်သူကပြောသလဲ မကောင်းဘူးလို့....(ပါဠိတော်က ပြောပါတယ်ဘုရား)။

ကောင်းသလား၊ မကောင်းဘူးလားဆိုတော့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက ကောင်းတယ်လို့ထင်ချင်ထင်နေမယ်၊မကောင်းဘူးလို့ ထင်ချင်ထင်နေမယ်၊ အဲဒီလို ကောင်းသလား၊ မကောင်းဘူးလားလို့ဆိုဒါ သိရအောင် ဘုန်းကြီးတို့ပြောတာကို မယုံပါနဲ့၊ ကိုယ်တိုင်ဉာဏ်နဲ့ သိအောင် လုပ်ကြည့်ပြီးတော့ ကိုယ်တိုင်ဉာဏ်နဲ့တွေ့မှယုံပါ၊ ဒီသဘောကို ရောက်နေရင် သက်သာချင်တဲ့သဘောတွေပေါ်တယ်၊ သက်သာဒါကလေးကို အရသာခံတဲ့သဘောတွေ ပေါ်တယ်-ဆိုဒါဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ကိုယ်တိုင်ဉာဏ်တွေနဲ့ တွေ့နေဒါပါ၊ အဲဒီလိုတွေ့နေရင် ဘာဖြစ်တတ်သလဲဆိုရင် သမာဓိရဲ့ အန္တရာယ်ဖြစ်တတ်တယ်၊ သမာဓိရဲ့အန္တရာယ်ဖြစ်သလား, မဖြစ်ဘူးလားလို့ဆိုဒါ လမ်းမှန်ကို သိဘို့ရန်အတွက် လမ်းသိတဲ့ အမျိုးကောင်းသားကို မေးရလိမ့်မယ်၊ လမ်းသိတဲ့အမျိုးကောင်းသားက ဘယ်သူလဲဆိုတော့ ဝိပဿနာ အလုပ်ပေးတရားဟောခဲ့စဉ်ကာလက တိဿသုတ္တန်မှာ—

"ပုရိသော မဂ္ဂကုသလောတိ ခေါ တိဿ တထာဂ-
ဂတဿေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ"။

လို့ ဒီလို-ပါဠိတော်မှာ လမ်းသိတဲ့အမျိုးကောင်းသားဆိုဒါ မြတ်စွာဘုရားပါတဲ့။

## ပါဠိတော်ညွှန်ပြချက်

အခု-မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံသွားပြီ၊ အခု-မေးလို့မရတော့ဘူး၊ ဒါဖြင့် ဘယ်သူ့မေးမလဲလို့ဆိုရင်—အဲ—ဘုရားကိုယ်တော်တိုင် ဟောကြား

ထားတော်မူခဲ့တဲ့ သင်္ဂါယနာ ၆-ကြိမ်တိုင်တိုင် တင်ထားတဲ့ နိကာယ် ၅-ရပ် ပါဠိတော်တွေရှိပါတယ်၊ ဒီ-ပါဠိတော်တွေကို မေးပါ- မှန်သလား မှား သလားလို့၊ ကဲဒါဖြင့် ဘုန်းကြီးတို့လမ်းသိတဲ့ အမျိုးကောင်းသားနဲ့ တူတဲ့ ဘုရားရှင်ကိုတော်မြတ်ကြီး ညွှန်ပြခဲ့တဲ့ ပါဠိတော်ကိုမေးကြည့်ရအောင်၊ ဘာပြောသလဲ ပါဠိတော်က—

"တထာတထာ ဘိက္ခဝေ ဘိက္ခု ဥပပရိက္ခေယျ။ ယထာယထာ ဥပပရိက္ခတော ဗဟိဒ္ဓါ စဿ ဝိညာဏံ အဝိက္ခိတ္တံ အဝိသဋံ အဇ္ဈတ္တံ အသဏ္ဌိတံ အနုပါဒါယ န ပရိတဿေယျ"။

လို့ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော် ဝိဘင်္ဂဝဂ် ဥဒ္ဒေသ ဝိဘင်္ဂ သုတ္တန်မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ကိုယ် တော်တိုင် မိန့်ခတော်မူ၍ လမ်းမှန်ကို ပြတော်မူခဲ့ပါတယ်၊ ကိုင်း-ဘုန်းကြီး တို့ မနေ့ညက ညွှန်ပြခဲ့တဲ့ အပြင်အာရုံရှင်းတမ်းနဲ့ ယနေ့ည ညွှန်ပြနေတဲ့ အတွင်းအာရုံရှင်းတမ်းများရဲ့ အဖြေကို ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင် ညွှန်ပြပုံဖြစ်တဲ့ အထက်ပါ ပါဠိတော်ကို အနက်သမ္ဗန်ပြီးတော့ အဓိပ္ပါယ် ရှင်းတမ်းပြောရအောင်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ ဥပပရိက္ခတော၊ ပိုင်းခြားထင်ထင် ရှုဆင်ခြင် သောအားဖြင့်စူးစမ်းဆင်ခြင်သော။ အဿ၊ ထိုရဟန်း၏ (တရားအား ထုတ်နေသော ရဟန်း၏ဟု ဆိုလိုတယ်)။ ဝိညာဏံ၊ သိမှုဝိညာဏ် သည်။ ဗဟိဒ္ဓါ၊ အပြင်အာရုံတို့၌။ အဝိက္ခိတ္တံ၊ နှစ်သက်မှု, တောင့် တမှု, မြှော်လင့်မှု၏ အစွမ်းဖြင့် မရွေ့ရှား မပျံ့လွင့် မချထား သည်ဖြစ်၍။ (ဝါ) မပျံ့လွင့်မူ၍။ အဝိသဋံ၊ မပျံ့နှံ့သည်ဖြစ်၍။

တရားအားထုတ်နေသောအမျိုးကောင်းသားများ, အမျိုးကောင်းသမီး များ၏ စိတ်ဟာ အပြင်အာရုံများသို့ မြှော်လင့်ခြင်း, တောင့်တခြင်း စတဲ့ တဏှာအစွမ်းဖြင့် ရွေ့ရှားပျံ့လွင့်၍ မသွားရဘူးတဲ့၊ ဒီ-ပါဠိတော်က ဒါ ကိုပြပါတယ်။

နောက်တခုက ဘာတဲ့လဲ၊ "အဇ္ဈတ္တံ အသဏ္ဌိတံ"တဲ့။

အဇ္ဈတ္တံ၊ အတွင်းအာရုံ၌လည်း။ (ဝါ)နိဝရဏ အပိတ်အပင်တရားတို့ကို လောင်ကျွမ်းစေတတ်သောအတွင်းအာရုံ၌လည်း။အသဏ္ဌိတံ၊ မရပ်တည်မှု၍။(ဝါ)နှစ်သက်သော အစွမ်းဖြင့်မရပ်မနားမှု၍။

ဆိုလိုတဲ့အဓိပ္ပါယ်က အတွင်းအာရုံမှာ ကပ်ငြိစွဲလမ်းခြင်းဖြင့် မပျံ့လွင့်စေဘဲ-လို့ ဆိုလိုတယ်။

နောက်တချက်က-အနုပါဒါယ၊ တစုံတခုသော အပြင်အာရုံ အတွင်းအာရုံကို မစွဲလမ်းမူ၍။ နုပရိတဿေယျ၊ မတပ်မက်ရာ။ တထာတထာ၊ ထိုထိုသော အခြင်းအရာအားဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ (ဝါ) ယောဂီပုဂ္ဂိုလ်အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ဥပပရိက္ခေယျ၊ စူးစမ်းတွင်တွင် ရှုပွားဆင်ခြင်ရာ၏။-

လို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် မိန့်မှာတော်မူ၍ လမ်းပြတော်မူခဲ့ပါတယ်။ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ တရားအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ အပြင်အာရုံနဲ့ အတွင်းအာရုံကို စွဲလမ်းခြင်း, နှစ်သက်ခြင်းတို့ဖြင့် မပျံ့လွင့် မရွေ့ရှားစေနဲ့-လို့ဆိုလိုဒါပါဘဲ။

အဲဒီလို အပြင်အာရုံနဲ့ အတွင်းအာရုံတို့သို့ နှစ်သက်စွဲလမ်းခြင်းတို့ဖြင့် မပျံ့လွင့် မရွေ့ရှားရင် ဘယ်လိုတရားထူးတွေ ရလာမလဲလို့ ဆိုလို့ရှိရင် ပါဠိတော်မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဆက်ပြီးတော့ လမ်းညွှန်ပေးတော်မူခဲ့ပါတယ်၊ ဘယ်လိုတုန်းဆိုတော့—

"ဗဟိဒ္ဓါ ဘိက္ခဝေ ဝိညာဏေ အဝိက္ခိတ္တေ အဝိသဋေ သတိ အဇ္ဈတ္တံ အသဏ္ဌိတေ အနုပါဒါယ အပရိတဿ—တော အာယတိံ ဇာတိဇရာမရဏဒုက္ခသမုဒယသမ္ဘဝေါ န ဟောတိ"။

လို့မိန့်ဆိုဆုံးမ လမ်းညွှန်ပြတော်မူခဲ့ပါတယ်။ ဒါကတော့ ဘာပြတော်မူတာလဲဆိုတော့-

ဘိက္ခဝေ၊ရဟန်းတို့။ ဝိညာဏေ၊ဝိညာဏ်သည်။ ဗဟိဒ္ဓါ၊အပြင်အာရုံတို့၌။ အဝိက္ခိတ္တေ၊ မပျံ့လွင့်မချထားသည်။ အဝိသဋေ၊ မရွေ့ရှား မပျံ့နှံ့သည်။ သတိ၊ ရှိသော်။ အဇ္ဈတ္တံ၊ အတွင်းအာရုံ၌လည်း။ အသဏ္ဌိတေ၊ မတည်သည်ရှိသော်။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ အပရိတဿတော၊ မတပ်မက် မခင်တွယ်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး၏။ သန္တာနေ၊ သန္တာန်၌။ အာယတိံ၊ နောင်အခါ၌။ ဇာတိ ဇရာ မရဏ ဒုက္ခ သမုဒယ သမ္ဘဝေါ၊ ဖြစ်ခြင်း, အိုခြင်း, သေခြင်း, ဆင်းရဲအပေါင်း၏ ဖြစ်ခြင်းသည်။ န ဟောတိ၊ မဖြစ်တော့ဘူး။-

လို့ အဲဒီလို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်တိုင် ပါဠိတော်မှာ မိန့်ဆိုညွှန်ပြတော်မူခဲ့ပါတယ်။

ဆိုလိုတဲ့အဓိပ္ပါယ်က တရားအားထုတ်တဲ့အခါမှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ဟာ အပြင်အာရုံ အတွင်းအာရုံတို့သို့ မပျံ့လွင့်မရွေ့ရှားရင် ထိုထိုအတွင်းအာရုံ, အပြင်အာရုံစသည်တို့၌ မစွဲလမ်းမတောင့်တ မနှစ်သက်သည်ဖြစ်၍ တောင့်တခြင်း စွဲလမ်းခြင်း ကင်းပြီးတော့ ဖြစ်ခြင်း, အိုခြင်း, သေခြင်း, ဆင်းရဲအပေါင်းပြီးတော့ ငြိမ်းအေးမယ်လို့ ဒါကို ဆိုလိုပါတယ်။

ဒီ-ပါဠိတော်ရဲ့ အဓိပ္ပါယ် အကျယ်ကိုလဲဘဲ ရှင်မဟာကစ္စည်းမထေရ်မြတ် ဟောထားဒါ ပါဠိတော်မှာရှိပါတယ်၊ အဓိပ္ပါယ်အကျယ်ကို အဲဒီ-ပါဠိတော်မှာဘဲ ကြည့်ရှုနိုင်ပါတယ်၊ ဘုန်းကြီးတို့ ကိုယ်တိုင်လဲဘဲ အဲဒီ-ပါဠိတော် ဥဒ္ဒေသဝိဘင်္ဂသုတ္တန်တခုလုံးကို ဟောထားဒါ ကြိုးခွေနဲ့သွင်းပြီးထားဒါရှိပါတယ်၊ အဲဒီ-ကြိုးခွေသွင်းထားဒါကိုနာယူမယ်ဆိုရင်လဲ ကောင်းပါတယ်၊ ဒီမှာတော့ သိပ်ကျယ်နေမှာစိုးလို့ အချိန်ကလဲ သိပ်ရတော့ ဒီ-ပါဠိတော်ကို ဒါလောက်ဘဲ ပြောကြပါစို့ရဲ့၊ နောက်တခုက ရှင်သာရိပုတ္တရာကိုယ်တော်တိုင် ဟောခဲ့တဲ့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာလဲဘဲ-

"အဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတံ စိတ္တံ သမာဓိဿ ပရိပန္ထော။

အသားသာဒိမဇ္ဈပရိယောသာနံ၊ ဝင်သက်လေ၏ အစ အလယ် အဆုံးကို။ သတိယာ၊ သတိဖြင့်။ အနုဂစ္ဆတော၊ အစဉ်လိုက်သော ပုဂ္ဂိုလ်၏။ အဇ္ဈတ္တဝိက္ခေပဂတံ၊ အတွင်းအာရုံ၌ ပျံ့လွင့်ခြင်းသို့ ရောက်သော။ စိတ္တံ၊ စိတ်သည်။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ပယ်ရစ်ငြိတွယ် အန္တရာယ်ဘေးရန်မည်၏။ ။ဒါပါဠိတော်က ပြောတဲ့စကား။

## ငါဘုရားဟောပါဠိတော်တွေဟာ သင်တို့ဆရာ

ဘုန်းကြီးတို့ခန္ဓာမှာ တွေ့နေတဲ့အတွေ့တွေဟာ ခုန စစ်စစ် စစ်စစ်, ရှရှ ရှရှ, မွမွ မွမွ, ရှိန်ရှိန် ရှိန်ရှိန်, လိပ်လိပ် လိပ်လိပ်, သုတ်သုတ် သုတ်သုတ်, တင်းတင်း တင်းတင်း, အောင့်တယ်, တောင့်တယ်, တင်းတယ်, ပူတယ်, အေးတယ်ဆိုတဲ့သဘောတွေ၊ ချမ်းသာတယ် မချမ်းသာဘူးဆိုတဲ့ သဘောတွေ၊ ဒီ-သဘောတွေကို စိတ်ရောက်နေရင် ကောင်းသလား၊ မကောင်းဘူးလား။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒီသဘောတွေကို တရားအားထုတ်တဲ့အခါ အဲဒီလိုရောက်နေဒါ ကောင်းသလား၊မကောင်းဘူးလားလို့ ဘုန်းကြီးတို့ ဘယ်သူ့ကိုမေးရမလဲ၊ ဘုရားရှိရင် ဘုရားကို လျှောက်ရမယ်၊ ဘုရားမရှိရင် ရှင်သာရိပုတ္တရာနဲ့သာဝကကြီးတွေကိုလျှောက်ရမယ်၊ အဲဒီပုဂ္ဂိုလ်တွေမရှိရင် ဘယ်သူ့ကို မေးကြည့်ရမလဲ၊ ပါဠိတော်ကို မေးကြည့်ပါ။

ဘုရားဟောခဲ့တဲ့ပါဠိတော်ကိုမေးရင် ဘုရားကိုလျှောက်ထာနဲ့ အတူတူဘဲ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူခါနီးတဲ့အခါ ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးက ငိုကြွေးတော်မူတယ်၊ "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတော်မူရင်ဖြင့် ဝိပဿနာလမ်းကြောင်း ကောင်းကောင်း ပဲ့ပြင်ဆုံးမမဲ့ပုဂ္ဂိုလ်မရှိတော့ပါဘူးလား၊ ငါလဲဘဲသေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်သေးတယ်၊ ရဟန်းကိစ္စက မပြီးသေးဘော့ ဒီ-ဝိပဿနာ အလုပ်တွေကို အားထုတ်တဲ့အခါမှာ အမှားအမှန်ကို ဝေဘန်ဘို့ ဘယ်သူ့ မေးရမှာလဲ" လို့

မြတ်စွာဘုရားမရှိတဲ့အတွက် ဝမ်းနည်းပြီးတော့ ရှင်အာနန္ဒာငိုကြွေးပါတယ်၊ ဒါဟာ မဟာပရိနိဗ္ဗာနသုတ်မှာ ပါပါတယ်။

ဒါကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိပြီးသားပါ၊ အဲဒီသိတဲ့အသိဉာဏ်တွေကို အသုံးချပါ၊ သူများပြောတိုင်းမယုံပါနဲ့၊ ဘုန်းကြီးတို့ပြောတိုင်းမယုံပါနဲ့လို့ ဒီလိုအဓိပ္ပါယ်က ဆိုပါတယ်၊ကိုယ်ပိုင်ဉာဏ်နဲ့ ဝိစာရဏာဉာဏ်ကို သုံးသပ်ပြီးတော့ မိမိတို့ရဲ့ဉာဏ်ကို လွတ်လွတ်လပ်လပ် အသုံးချပါ၊ ဒါဟာ ဘယ်လိုပုဂ္ဂိုလ်ကြီးက ပြောထားဒါဘဲ၊ ဒီလိုပုဂ္ဂိုလ်ကြီးများက ပြောထားရင် ဟုတ်မှာဘဲလို့ ဒီလိုမလုပ်ပါနဲ့ တဲ့–ဘုရားက၊ ဒါကို အင်္ဂုတ္တိုရ်ပါဠိတော် ကေသမုတ္တိသုတ္တန်မှာလဲ ဒီသဘောမျိုးကို မြတ်စွာဘုရားက ဟောပါသေးတယ်၊ အဲဒီ–ကေသမုတ္တိသုတ္တန်ကို ဘုန်းကြီးဟောထားလို့ ကြိုးခွေသွင်းထားဒါရှိနေပါသေးတယ်၊ သူများပြောတိုင်း မယုံဘို့အတွက်ပါဘဲ။

အဲဒီ ·အရှင်အာနန္ဒာငိုကြွေးဒါနဲ့ ပတ်သက်ပြီးတော့ ဘုရားရှင်ကဘာမိန့်တော်မူခဲ့သလဲ၊ "အာနန္ဒ မာသောစိ မာပရိဒေဝိ"–အာနန္ဒာ....မငိုနဲ့ပရိဒေဝတွေမဖြစ်နဲ့၊ ငါဘုရားရှင် ကိုယ်တော်မြတ်သည် ၄၅–ဝါ ကာလတိုင်တိုင် ကောင်းစွာညွှန်ပြဟောကြားထားတော်မူတဲ့ငါဘုရားရဲ့တရားတော်တွေဟာ ရှိနေပြီ၊ ဝိနည်းတရားတော်တွေရှိနေပြီ၊ သုတ်တရား အဘိဓမ္မာတရားတော်တွေ ရှိနေပြီ၊ အဲဒီ–ဝိနည်းတရားတော်တွေ, သုတ်, အဘိဓမ္မာတရားတော်တွေဟာ သင်တို့ကိုပြသနေတဲ့ ဆရာတွေဖြစ်လိမ့်မယ်၊ "သော ဝေါ မမစ္စယေန သတ္ထာ"–ငါဘုရားကွယ်လွန်သွားသဖြင့် သင်တို့ကိုဆုံးမမဲ့ဆရာဟာ သူတို့ဘဲ၊ ပါဠိတော်တွေဘဲ။

## ဝင်လေ ထွက်လေရဲ့ စ, လယ်, ဆုံး,

အခု ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ဟာ မရှိတော့ဘူး၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ခန္ဓာကိုယ်မှာ တရားအားထုတ်တဲ့အခါတွင်အာရုံနဲ့ ပျံ့လွင့်ချက်တွေ ဒုံးတော့ တွေ့နေရပြီ၊ အနက်ကတော့ နောက်ကပြခဲ့ပါပြီ၊ ကိုင်း–အဓိပ္ပါယ်ကိုသာ ဆက်ရှင်းကြစို့။

အတွင်းအာရုံကို စိတ်ပျံ့လွင့်တယ်ဆိုဒါလဲဘဲ အကြောင်းရှိပါတယ်၊ ဘာလဲလို့ဆိုတော့ ဝင်လေရဲ့ အစ, အလယ်, အဆုံးကိုသတိနဲ့အစဉ်လျှောက်လိုက်မိရင် အတွင်းအာရုံမှာ ပျံ့လွင့်တယ်တဲ့၊ ဝင်လေရဲ့ အစ,အလယ်အဆုံးဆိုဒါ ဘာလဲလို့ဆိုတော့– ဝင်လေရဲ့အစသည် နှာသီးဖျား-နှုတ်ခမ်းဖျား, အလယ်သည် ဟဒယဝတ္ထု, အဆုံးသည် ချက်တိုင်လို့ပြပါတယ်။

အခုပြောခဲ့တဲ့ ဝင်လေနဲ့ အစ, အလယ်, အဆုံးဆိုဒါကို သတိနဲ့လျှောက်လိုက်ရင် အတွင်းအာရုံဆိုတဲ့ ပူမှု,ကျဉ်မှု,အောင့်မှု,ခံသာမှု,မခံသာမှု,စစ်စစ်, ရွရွ,မွမွ, ရှိန်ရှိန်, သုတ်သုတ် စသည်တို့ကို စိတ်ပျံ့လွင့်တဲ့အတွက် သမာဓိရဲ့ အန္တရာယ်ဖြစ်တယ်လို့ ပါဠိတော်မှာပြပါတယ်။

အဋ္ဌကထာဆရာရဲ့ ဆုံးဖြတ်ချက်ချပုံကိုလဲ နောက်ညက ဘုန်းကြီးအပြင်အာရုံရှင်းတမ်း ဟောခဲ့တုန်းက ထဲ့ဟောခဲ့ပြီးပါပြီ၊ အခု အတွင်းအာရုံရှင်းတမ်းမှာလဲအပြင်အာရုံရှင်းတမ်းနှင့် အတူတူဘဲဆိုကြပါစို့၊အတွင်းအပြင်ဘဲကွာခြားပါတယ်၊ ရှင်းတမ်းပေးပုံဟာ သိပ်မကွာလှပါဘူး၊ ပျံ့ရင်ဖြင့် သမာဓိရဲ့ အန္တရာယ် ဖြစ်တာချည်းဘဲ။

ယခု အတွင်းအာရုံရှင်းတမ်းမှာ–အပြင်အာရုံရှင်းတမ်းမှာလိုဘဲစိတ်ဟာ တိုးတဲ့သဘော တွန်းတဲ့သဘောကနေပြီးတော့ စစ်စစ် ရွရွ, စသော ဒီပျံ့လွင့်ချက်တွေမှန်သလား၊ မှားသလားလို့ မေးဘို့က ဘယ်သူ့မေးရမလဲ၊ ပါဠိတော်ကိုမေးရမယ်၊ ကိုင်း–ဒီတော့ ပါဠိတော်ကဘာပြောသလဲ၊ ရှင်သာရိပုတ္တရာကိုယ်တော်တိုင် ဟောထားတဲ့ ပါဠိတော်တခုရှိပါတယ် ဒီ-ပါဠိတော်က ဘာပြောသလဲ။

> "အဿာသာဒိ မဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတံ စိတ္တံ သမာဓိဿ ပရိပန္ထော"။

အတွင်းအာရုံသို့ ပျံ့လွင့်နေသောစိတ်သည် သမာဓိ၏ အန္တရာယ်ဖြစ်သည်လို့ ဒီလိုပြောလိုက်တယ်။

ကဲ–ဒါဖြင့် ကောင်းပြီ အတွင်းအာရုံ၌ ပျံ့လွင့်တဲ့စိတ်သည် ဘာရဲ့ အန္တရာယ်ဖြစ်သတဲ့လဲ....(သမာဓိရဲ့အန္တရာယ်ဖြစ်ပါတယ်ဘုရား)။

သမာဓိမရှိရင် ပညာဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

ဝိပဿနာကိုအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများမှာ ခဏိကသမာဓိဆိုဒါ ပါရသလား၊ မပါရဘူးလား....(ပါရပါ တယ်ဘုရား)။

အဲဒီ-သမာဓိမရှိရင်ပညာဖြစ်မလား၊မဖြစ်ဘူးလား....(မဖြစ်ပါဘုရား)။

အဲဒါကြောင့်မို့လို့ သမာဓိရဲ့အန္တရာယ်ဖြစ်စေတဲ့ အတွင်းအာရုံ၌ စိတ် ပျံ့လွင့်ခြင်းကို အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက အပြင် အာရုံကို စိတ်ပျံ့လွင့်တုန်းကထိန်းသိမ်းသလို အတွင်းအာရုံကို စိတ်ပျံ့လွင့် ဒါကို ထိန်းသိမ်းရမယ်၊ အတွင်းအာရုံမှာ ပျံ့နေတဲ့စိတ်ကို ဖြတ်ပြီးတော့ ခေါ်ရမယ်၊ ခေါ်တဲ့အခါ အတွင်းအာရုံမှာ ပျံ့တဲ့စိတ်က တကယ် ခေါ်ရင် သူကပြန်လာပါတယ်၊ အပြင်အာရုံမှာ ပျံ့တဲ့စိတ်တောင် ပြန်လာ သေးဒါဘဲ၊ အတွင်းအာရုံမှာ ပျံ့တဲ့စိတ်ကလဲပြန်လာပါတယ်၊ ပြန်လာပြီး တော့ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ် အာရုံဖြစ်တဲ့ တခုတည်းသောအာရုံပေါ်မှာ ပြန်ထားရမယ် ထားတဲ့အခိုက်အတန့်မှာ နေရမယ်ဆိုတဲ့ အကောင်း ၅-ချက်ကိုရပါတယ်။

## အာရုံပျံ့လွင့်ခြင်း အကြောင်းရင်း

ဘုန်းကြီးနောက်က ရှင်းခဲ့သလိုဘဲ အတွင်းအာရုံကို ရောက်နေတဲ့အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများကတော့ဖြင့် အပြင်အာရုံကို စိတ်ပျံ့လွင့်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများထက် ပိုပြီးတော့ သမာဓိကောင်းလာပါတယ်၊ ပိုပြီးတော့ တရားအဆင့်မြင့်လာ ပါတယ်၊ ကုသိုလ်အရှိန် ပိုပြီးတော့ အားကောင်းလာတယ်လို့-အဲဒီလို သာမှတ်ပါ။

ဒါပေမဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရဘို့ရန်အတွက် အားထုတ်တဲ့နေရာမှာ တော့ဖြင့် အဲဒီ-အတွင်းအာရုံကို စိတ်ပျံ့လွင့်နေရင် သမာဓိရဲ့အန္တရာယ် ဖြစ်နေပါသေးတယ်လို့ ပါဠိတော်ကပြထားတဲ့အတွက် ပါဠိတော်မူကို လေးစားရင်ဖြင့် အတွင်းအာရုံကို စိတ်မပျံ့လွင့်အောင် ထိန်းပါ၊ ဒါ-ပါဠိ တော်မူအတိုင်းဘဲ။

ကိုင်း-နောက်တချက် အဲဒီလို-အတွင်းအာရုံကို စိတ်ပျံ့လွင့်သွားဒါ ဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ပို့လိုက်လို့ ရောက်သွားဒါလား....(မဟုတ်ပါဘုရား)။

အတွင်းအာရုံတွေက အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များရဲ့စိတ်ကို ပို့ပေးလို့ ရောက်သွားဒါလား....(မဟုတ်ပါဘုရား)။

သူ့ဘာသာသူ ရောက်သွားသလား....(မဟုတ်ပါဘုရား)။

အကြောင်းရှိတယ်၊ ဒုတိယညက အပြင်အာရုံရှင်းတမ်းကို ပေးခဲ့တဲ့ အတိုင်းဘဲ အပြင်အာရုံကို စိတ်ပျံ့လွင့်ခြင်းမှာ အကြောင်းရှိသလို အတွင်း အာရုံကိုစိတ်ပျံ့လွင့်ခြင်းကလဲ အကြောင်းရှိတယ်၊ အဲဒီတော့ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများက အတွင်းအာရုံကို စိတ်မပျံ့လွင့်ချင် ရင် အတွင်းအာရုံကို စိတ်ပျံ့လွင့်ကြောင်းဖြစ်တဲ့ အကြောင်းတရားကို မလိုက်နဲ့၊ မလုပ်နဲ့၊ အတွင်းအာရုံကိုစိတ်ပျံ့လွင့်ကြောင်းဖြစ်တဲ့သဘောကို လိုက်ရင် လုပ်ရင် အတွင်းအာရုံကို စိတ်ပျံ့လွင့်မယ်၊ အတွင်းအာရုံကို စိတ် ပျံ့လွင့်ရင် သမာဓိရဲ့အန္တရာယ်ဖြစ်မယ်၊ ဒါ-ပါဠိတော်စကားပါ။

ဒါဖြင့် အတွင်းအာရုံကို စိတ်ပျံ့လွင့်ခြင်းရဲ့အကြောင်းဟာ ဘာလဲလို့ ဆိုရင်—

> "အဿာဒဂဓိတံ မဇ္ဈပရိယောသာနံ သတိယာ အနု-ဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတံ စိတ္တံ သမာဓိဿ ပရိ-ပန္ထော"။—

လို့ဘဲ ဒီလိုပါဠိတော်မှာလာပါတယ်၊ ဝင်လာတဲ့လေနောက်ကို သတိနဲ့ အစ, အလယ်, အဆုံး အစဉ်လျှောက်ပြီးတော့ လိုက်ရင် အတွင်းအာရုံမှာ စိတ်ပျံ့လွင့်ခြင်းရဲ့ အကြောင်းဟာ ဘယ်သူလဲ၊ ဝင်လေရဲ့ အစ, အလယ်, အဆုံးကို သတိနဲ့ အစဉ်လျှောက်လိုက်လို့ အတွင်းအာရုံ၌ စိတ်ပျံ့လွင့်တယ်၊ အတွင်းအာရုံမှာ စိတ်ပျံ့လွင့်တဲ့အတွက် "သမာဓိဿ ပရိပန္ထော"=သမာဓိ ရဲ့အန္တရာယ်ဖြစ်တယ်၊ အတွင်းအာရုံကို စိတ်မပျံ့လွင့်ချင်ရင် ဝင်တဲ့လေရဲ့ အစ, အလယ်, အဆုံးတို့ သတိနဲ့ အစဉ်လျှောက်မလိုက်နဲ့။

ဝင်တဲ့လေရဲ့ အစ, အလယ်, အဆုံးဆိုဒါဘာယ်ဟာလဲ၊ ဝင်တဲ့လေရဲ့ အစက နှာသီးဖျား, အလယ်က, ရင်ချိုင့်ဖြစ်တဲ့ ဟဒယ ဝတ္ထုရုပ်,အဆုံးက ချက်တိုင်လို့ ဒီလိုပြပါတယ်၊ ဒီ-ပါဠိကို ဖွင့်တဲ့ အဋ္ဌကထာမှာလဲ ဒီအတိုင်းဘဲ ပြပါတယ်၊ ဝင်လာတဲ့လေရဲ့ အစက နှာသီးဖျား,အလယ်က ရင်ချိုင့်ဖြစ်တဲ့ ဟဒယဝတ္ထု,အဆုံးကချက်တိုင်၊ အဲဒီဝင်လေရဲ့ အစ,အလယ်,အဆုံးကို သတိနဲ့ လျှောက်လိုက်မိရင် ဒီအမျိုးကောင်းသားများနဲ့, အမျိုးကောင်းသမီးများဟာ အတွင်းအာရုံကို စိတ်ပျံ့လွင့်တယ်။

အတွင်းအာရုံကို စိတ်ပျံ့လွင့်ရင် ကျက်သရေချင်မှုတွေ ပေါ်လာမယ်၊ မသက်သာတဲ့အတွက် မခံချင်မှု, စိတ်ဆင်းရဲမှုတွေ ပေါ်လာမယ်၊ ပေါ်လာရင် သမာဓိရဲ့ အန္တရာယ်ဖြစ်တယ်လို့ ပါဠိတော်က ဒီလိုပြတယ်၊ အဲဒီလို တရားအားထုတ်တဲ့ အမျိုးကောင်းသားတိုင်း အမျိုးကောင်းသားတိုင်း, တရားအားထုတ်တဲ့ အမျိုးကောင်းသမီးတိုင်း အမျိုးကောင်းသမီးတိုင်းမှာ အတွင်းအာရုံကို စိတ်ပျံ့လွင့်ရင် ဒီအန္တရာယ်နဲ့ တွေ့တတ်ပါတယ်။

## နိဂုံးချုပ်

အခုပြောခဲ့တဲ့ သမာဓိရဲ့ အန္တရာယ်နဲ့ တွေ့ကယ်၊ သမာဓိရဲ့ အန္တရာယ်နဲ့ မတွေ့အောင် သမာဓိကောင်းအောင် ဘာလုပ်ရမလဲ။

> အတွင်းအာရုံကို စိတ်ပျံ့လွင့်ကြောင်းဖြစ်တဲ့ ဝင်လေရဲ့ အစလို့ခေါ်တဲ့ နှာသီးဖျား,ဝင်လေရဲ့ အလယ်လို့ခေါ်တဲ့ ဟဒယဝတ္ထုရင်ချိုင့်, ဝင်လေရဲ့အဆုံးလို့ခေါ်တဲ့ ချက်တိုင် အဲဒီသုံးချက်ကို သတိနဲ့ အစဉ်လျှောက်မလိုက်ပါနဲ့။

> သတိနဲ့အစဉ်လျှောက်လိုက်မိရင် အတွင်းအာရုံကို ပျံ့မယ်။
> အတွင်းအာရုံကိုပျံ့ရင် ကိလေသာဖြစ်ခွင့်ရမယ်။
> ကိလေသာသံယောဇဉ်ဖြစ်ခွင့်ရရင် သမာဓိရဲ့အန္တရာယ် ဖြစ်တယ်။

အတွင်းအာရုံ ရှင်းတမ်းဆိုဒါ အဲဒါဘဲ၊ ဒီမူဟာ ဘယ်သူ့မူလဲ၊ ဘယ်ကာလတာတဲ့နည်းလဲလို့ဆိုရင် ပါဠိတော်မူပါ၊ ပါဠိတော်ကာလကတဲ့နည်းပါ၊ ဘယ်သူ့မူမှမဟုတ်ဘူး၊ အဲဒီ-ပါဠိတော်မူ ပါဠိတော်နည်းနဲ့ တသားထဲ တကိုက်ထဲဖြစ်တဲ့ အပြင်အာရုံ, အတွင်းအာရုံတို့ကို စိတ်မပျံ့လွင့်ရအောင် စိတ်ပျံ့လွင့်ရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မသွားနိုင်သေးဘူးလို့ ဆိုဒါတွေကို ပေါ်လွင်ထင်ရှားစေတဲ့ "ဒါရုက္ခန္ဓောပမသုတ္တန်"ကို ဒီနေ့ည ဟောပါမယ်၊ ကိုင်း-အတွင်းအာရုံရှင်းတမ်း ဒီလောက်နဲ့ဘဲ နိဂုံးချုပ်ကြပါစို့ရဲ့။

(သာဓု-သာဓု-သာဓု)

အတွင်းအာရုံရှင်းတမ်းပြီး၏။

# ဒါရုက္ခန္ဓောပမ သုတ္တန်တရားတော်

## တရားတော်အစ ပဏာမ

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဒါရုက္ခန္ဓောပမသုတ္တန်က ပဌမ ဒါရုက္ခန္ဓောပမသုတ္တန်, ဒုတိယ ဒါရုက္ခန္ဓောပမသုတ္တန်လို့ နှစ်သုတ်ရှိပါတယ်၊ အဲဒီလို သုတ္တန်နှစ်ခုရှိနေတဲ့ အနက်က ယခုနေ့ည အမျိုးကောင်းသားများ အမျိုးကောင်းသမီးများကို ဟောကြားမဲ့ သုတ္တန်က ပဌမဒါရုက္ခန္ဓောပမ သုတ္တန်လို့ခေါ်ပါတယ်။

အဲဒီ-ပဌမ ဒါရုက္ခန္ဓောပမသုတ္တန် တရားဒေသနာတော်ကြီးကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် မဟာတော်မူတဲ့ တရားဒေသနာကို ဟောရမှာဖြစ်တဲ့အတွက် ဘုန်းကြီးတို့ဘုရားဟောတဲ့ ပုဂ္ဂိုလ်နဲ့ တရားနာတဲ့ပုဂ္ဂိုလ်များက ဒီ-ဒါရုက္ခန္ဓောပမသုတ္တန်တရားဒေသနာတော်ကို ဟောကြားတော်မူတဲ့ ဘုန်တော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို ရှေးဦးစွာ ရှိခိုးကြရအောင်၊ ဘုန်းကြီးက ဘုရားရှိခိုးကို ဆိုမယ်၊ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက ဘုန်းကြီးဆိုတဲ့ အသံရဲ့နောက်က မှန်းပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အာရုံပြုကာ ရှိခိုးကြရမယ်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
(၃-ခေါက်)

အရဟတော၊ လူနတ်ပြဟ္မာ သတ္တဝါ သောင်းလိုက်သားတို့၏ ပူဇော်ဘွယ်အထူးထူး လှူဒါန်းဘွယ်အထူးထူးနှင့်တကွ အရိုအသေပြုခြင်းကို ခံယူခြင်းငှါ ထိုက်တော်မူပေထသော၊ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင်းဆိကို မမှီဆရာ ကိုယ်တိုင် သာလျှင် ကောင်းစွာ ထိုးထွင်း၍ သိတော်မူပေထသော၊ တဿဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံ

တုံးကြီးရေထဲမျောလာတာကို အကြောင်းပြုပြီး ရဟန်းတော်များအားတရားဟောရရင်ဖြင့် ကောင်းမှာဘဲလို့မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မြင်တော်မူသည်ဖြစ်သောကြောင့်ဒီ-သစ်တုံးကြီး ရေထဲမျောလာတာကိုပြတယ်။

## သစ်တုံးမျောရာအင်ရှစ်ဖြာ

ရဟန်းတော်များကလဲ ဒီသစ်တုံးကြီးရေထဲမျောလာတာမြင်တဲ့ အတွက် အရှင်ဘုရားညွှန်ပြတဲ့အတိုင်း သစ်တုံးကြီး ရေထဲမျောလာတာကိုမြင်ပါတယ် ဘုရားလို့လျှောက်တော့မြတ်စွာဘုရားက ဘာမိန့်တော်မူသလဲလို့ဆိုရင်—

“သစေ ခေါ ဘိက္ခဝေ ဒါရုက္ခန္ဓော န ဩရိမံ တီရံ ဥပဂစ္ဆတိ၊ န ပါရိမံတီရံ ဥပဂစ္ဆတိ။ န မဇ္ဈေ သံသီဒိဿတိ၊ န ထလေ ဥဿီဒိဿတိ၊ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ န အမနုဿဂ္ဂါဟော ဂဟေဿတိ၊ န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊ န အန္တော ပူတိ ဘဝိဿတိ၊ ဧဝံ ဟိ သော ဘိက္ခဝေ ဒါရုက္ခန္ဓော သမုဒ္ဒနိန္နော ဘဝိဿတိ၊ သမုဒ္ဒပေါဏော သမုဒ္ဒပဗ္ဘာရော”။ ဒီလိုပါဠိတော်မှာ ရှိပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ သစေ၊ အကယ်၍။ ဒါရုက္ခန္ဓော၊ ဂင်္ဂါမြစ်ရေယဉ်ကြောမှာ မျောလာတဲ့ သစ်တုံးကြီးသည်။ နဩရိမံ တီရံ ဥပဂစ္ဆတိ၊ ဒီဘက်ကမ်းသို့လည်း ကပ်မနေငြားအံ့။ န ပါရိမံ တီရံ ဥပဂစ္ဆတိ၊ ဟိုဘက်ကမ်းသို့လည်း ကပ်မနေငြားအံ့။ န မဇ္ဈေ-သံသီဒိဿတိ၊ ရေလယ်ခေါင်မှာလည်းနစ်မြုပ်မသွားငြားအံ့။ နထ-လေဥဿီဒိဿတိ၊ ကြည်းကုန်းမှာလည်း တင်မနေငြားအံ့။ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ လူများကလည်း ဆယ်ယူမထားငြားအံ့။ န အမနုဿဂ္ဂါဟောဂဟေဿတိ၊ နတ်များကလည်းဆယ်ယူမထားငြားအံ့။ န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊ ရေဝဲကလည်း စုတ်ယူမထားငြားအံ့။ န အန္တော ပူတိဘဝိဿတိ၊ အတွင်းပုပ်ပွဆွေးမြေ့ပျက်စီးသွားသည်လည်းမဖြစ်ငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့ ဧဝံဟိ၊ ဤသို့ဖြစ်ခဲ့သည်ရှိသော်။ သော ဒါရုက္ခန္ဓော၊ ဂင်္ဂါမြစ်

ရေယဉ်ကြောမှာ မျောနေသော ထိုသစ်တုံးသည်။ သမုဒ္ဒနိန္နော၊ သမုဒ္ဒရာသို့ ရေယဉ်ဖြင့်ညွတ်သည်။ သမုဒ္ဒပေါဏော၊ သမုဒ္ဒရာသို့ ကိုင်းသည်။ သမုဒ္ဒပဗ္ဘာရော၊ သမုဒ္ဒရာသို့ရှိုင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

အမိပွါယ်ကတော့ ဂင်္ဂါမြစ်ရေယဉ်ကြောမှာ မျောလာတဲ့ သစ်တုံးကြီးဟာ—

(၁) ဒီဘက်ကမ်းကိုလဲ မတင်ရင်။

လက်တချက်ချီး မှတ်ထားနော်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား.... (မှတ်မိအောင်ပါဘုရား)၊ ကိုင်းဒါဖြင့် ဆက်ကြဦးစို့။

(၂) ဟိုဘက်ကမ်းမတင်ရင်။
(၃) မရလယ်ခေါင်မှာမြုပ်မသွားရင်။
(၄) ကုန်းမှာ တင်မနေရင်။
(၅) လူမဆယ်ရင်။
(၆) နတ် မဆယ်ရင်။
(၇) ဝဲစုပ်လို့မမြုပ်ရင်။
(၈) အတွင်းက မပုပ်မဆွေးရင်—

ဒီသစ်တုံးကြီးဟာ အစဉ်အတိုင်း မျောသွားပြီး သမုဒ္ဒရာထဲရောက်မယ်တဲ့၊ သစ်တုံးကြီးသာယ်ရောက်မလဲ.... (သမုဒ္ဒရာထဲရောက်ပါမယ်ဘုရား)။

ဒီ-သစ်တုံးကြီးဟာ သမုဒ္ဒရာထဲရောက်မယ်ဆိုပေမဲ့ ဒီဘက်ကမ်းတင်နေရင် ရောက်ပါအုံးမလား.... (အားလုံးပြောကြ)၊ ဒါမှတ်မိအောင်ပြောနေဒါ၊ ဒီသစ်တုံးကြီး ဒီဘက်ကမ်းတင်နေရင် သမုဒ္ဒရာထဲရောက်ပါအုံးမလား.... (မရောက်ပါဘုရား)။

ဟိုဘက်ကမ်း တင်နေရင်ကော.... (မရောက်ပါဘုရား)၊ မရောက်ဘူး၊ သမုဒ္ဒရာထဲမရောက်တော့ဘူးနော်။

ရေလယ်ခေါင်မှာမြုပ်သွားရင်ကော.... (မရောက်ပါဘုရား)။

ကုန်းပေါ်တင်နေရင်ကော— (မရောက်ပါဘုရား)။

လူဟာယောက်က ဆယ်သွားရင်ကော....(မရောက်ပါဘုရား)။
နတ်က ဆယ်သွားရင်ကောရောက်ပါအုံးမလား ...(မရောက်ပါဘုရား)။
ဝဲစုတ်လို့မြုပ်သွားရင်ကော ရောက်ပါအုံးမလား ..(မရောက်ပါဘုရား)
အတွင်းက ပုပ်ဆွေးလို့ ကြေမွသွားရင်ကော....(မရောက်ပါဘုရား)။
အဲဒီ(၈)ချက်ကို သေသေချာချာမှတ်ထားကြပါ၊ အားလုံး ဘယ်နှစ်ချက်လဲ... (၈–ချက်ပါဘုရား)။

ဟုတ်ကဲ့လား၊ လက်ချိုးထားရဲ့လား၊ အဲဒီ ၈-မျိုးကလွန်မြောက်မှသာလျှင် ဒီအပြစ် ၈–မျိုးကလွန်မြောက်မှသာလျှင် ဒီသစ်တုံးကြီးဟာ သမုဒ္ဒရာထဲကိုရောက်မယ်၊ အဲဒီ ၈-မျိုးထဲက တမျိုးမျိုးနဲ့တွေ့နေရင်,၂-မျိုး,၃မျိုး ၄-မျိုး,၅-မျိုး,၆-မျိုး,၇ မျိုးနဲ့ သော်ငြားတွေ့နေရင်, နောက်ဆုံး ၈-မျိုးနဲ့သော်ငြား တွေ့နေရင် ဒီသစ်တုံးကြီး သမုဒ္ဒရာထဲရောက်ပါအုံးမလား... (မရောက်ပါဘုရား)။

## နိဗ္ဗာန်ရောက်ရာ အင်ရှစ်ဖြာ

"ဧဝမေဝ ခေါ ဘိက္ခဝေ သစေ တုမှေပိ န ဩရိမံ တီရံ ဥပဂစ္ဆထ။ န ပါရိမံ တီရံ ဥပဂစ္ဆထ၊ နမဇ္ဈေ သံသီဒိဿထ၊ န ထလေ ဥဿီဒိဿထ၊ န မနုဿဂ္ဂါဟော ဂဟေဿတိ၊ န အမနုဿဂ္ဂါဟော ဂဟေဿတိ။ န အာဝဋ္ဋဂ္ဂါဟော ဂဟေဿတိ၊ န အန္တော ပူတိ ဘဝိဿထ၊ ဧဝံ တုမှေ ဘိက္ခဝေ နိဗ္ဗာနနိန္နာ ဘဝိဿထ၊ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာ"။

လို့ဘုရားက ဒီလိုမိန့်တော်မူလိုက်ပါတယ်၊ ဒီစကားရဲ့အဓိပ္ပါယ်က ဘာပြောသလဲ၊ "ချစ်သားတို့ ဒီ–သစ်တုံးကြီးကို ဥပမာပေးပြီးတော့ ဟောဒါနဲ့အတူတူဘဲ၊ အင်တို့ဟာလဲဘဲ ဒီဘက်ကမ်းမှာ မတင်ရင်, ဟိုဘက်ကမ်းမှာမတင်ရင်, ရေလယ်ခေါင်မှာမမြုပ်ရင်, ကုန်းပေါ်မှာမတင်ရင်,သင်ချစ်သားတို့ကို လူတယောက်ယောက်ကဆယ်မထားရင်,သင်ချစ်သားတို့ကို နတ်ကဆယ်မထားရင်, သင်ချစ်သားတို့ကို ဝဲစုတ်လို့မမြုပ်ရင်, သင်ချစ်သားတို့အတွင်း၌ မပုပ်မဆွေးရင်-သင်ချစ်သားတို့လဲဘဲ နိဗ္ဗာန်ကိုရောက်မယ်"

လို့မြတ်စွာဘုရားက ဒီလိုဟောပါတယ်၊ ဒီတော့-နိဗ္ဗာန်ကို လိုလားလို့ တရားအားထုတ်ကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဒီဘက်ကမ်းတင်နေရင် နိဗ္ဗာန်ရောက်ပါအုံးမလား ... (မရောက်ပါဘုရား)။

ဟိုဘက်ကမ်း တင်နေရင်ကော- အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ နိဗ္ဗာန်ရောက်နိုင်ပါအုံးမလား....(မရောက်နိုင်ပါဘုရား)

ရေလယ်ခေါင်မြုပ်သွားရင်ကော- အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများနိဗ္ဗာန်ရောက်နိုင်ပါအုံးမလား....(မရောက်နိုင်ပါဘုရား)။

ကုန်းပေါ်မှာ တင်နေရင်ကော- အမျိုကောင်းသားများ, အမျိုးကောင်းသမီးများ နိဗ္ဗာန်ရောက်နိုင်ပါအုံးမလား....(မရောက်နိုင်ပါဘုရား) မရောက်နိုင်တော့ဘူး။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို လူတွေ,နတ်တွေက ဆယ်ထားရင်ကော နိဗ္ဗာန်ရောက်ပါအုံးမလား....(မရောက်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ဝဲစုတ်လို့ မြုပ်သွားရင်ကော....(မရောက်ပါဘုရား)။

အတွင်းက ပုပ်ဆွေးပြီးတော့ ကြေမွသွားရင်ကော ... (မရောက်ပါဘုရား)၊ အဲဒီလို- အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေဟာ ဒီဘက်ကမ်းကိုမတင်ရင်, ဟိုဘက်ကမ်းကို မတင်ရင်, ရေလယ်ခေါင်မှာ မမြုပ်ရင်, ကုန်းပေါ်မှာမတင်ရင်, ဝဲမစုတ်ရင်, လူမဆယ်ရင်,နတ်မဆယ်ရင် အတွင်းက မပုပ်မဆွေးရင်ဖြင့် ချစ်သားတို့, ချစ်သမီးတို့....သင်တို့လဲ"နိဗ္ဗာန နိန္နာ နိဗ္ဗာနပေါဏာ နိဗ္ဗာန ပဗ္ဘာရာ"-နိဗ္ဗာန်ဘက်ကို ညွတ်တယ်၊ နိဗ္ဗာန်ဘက်ကို ကိုင်းတယ်၊ နိဗ္ဗာန်ဘက်ကို ရှိုင်းတယ်လို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က တရားကို နိဂုံးချုပ်ထားလိုက်တယ်။

အဲဒီလို-နိဂုံးချုပ်လိုက်တော့ ရဟန်းတော်များမှာ ဤမျှ အကျဉ်းအားဖြင့် ဟောကြားထားတဲ့ တရားဒေသနာတော်ကို အကျယ်ဟောဖော်ညွှန်ပြ ဆိုဆုံးမမှု သိရမဲ့အတွက် အရှင်ဘုရား...သစ်တုံးကြီး ဒီဘက်ကမ်းကို တင်တယ်, ဟိုဘက်ကမ်းကို တင်တယ်, ရေလယ်ခေါင်မှာ မြုပ်တယ်, ကုန်းပေါ်မှာတင်တယ်, လူဆယ်တယ်, နတ်ဆယ်တယ်,ဝဲမြုပ်တယ်

အတွင်းပုပ်တယ်ဆိုဒါကတော့ဖြင့် လင်းပါးစရာမလိုပါ၊ အားလုံး သိကြပြီးသားဖြစ်ပါတယ်။

## အင်္ဂါရှစ်ပါးသရုပ် ဟောဘော်ထုတ်

ကိုင်း–တရားအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီဘက်ကမ်းတင်တယ်ဆိုဒါ, ဟိုဘက်ကမ်းတင်တယ်ဆိုဒါ ဘာတွေကိုခေါ်ပါသလဲလို့သိဘို့လိုသလား၊မလိုဘူးလား....(လိုပါတယ်ဘုရား)

တရားအားထုတ်တဲ့အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီအချက်ဟာ လိုသလား၊ မလိုဘူးလား....(လိုပါတယ်ဘုရား)။

တော်ရုံတန်ရုံလိုဒါလား၊ အတော့ကိုလိုဒါလား.... (အတော့ကို လိုဒါပါဘုရား)။

ဒီအချက်ဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိသင့် သိထိုက်တဲ့အချက် ဟုတ်သလား၊ မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

တရားအားထုတ်တဲ့ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း သိသင့်သိထိုက်တဲ့အချက်ဘဲ၊ ကိုင်း–ဒီတော့ အဲဒီအချက်နဲ့ ပတ်သက်လို့ ရဟန်းတော်တပါးက ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လျှောက်တယ်၊ လျှောက်ထားပုံက ဒီလိုတဲ့–

> "ကိန္နု ခေါ ဘန္တေ ဩရိမံ တီရံ၊ ကိံ ပါရိမံ တီရံ၊ကော မဇ္ဈေ သံသီဒေါ၊ ကော ထလေ ဥဿာဒေါ၊ ကော မနုဿဂ္ဂါဟော၊ ကော အမနုဿဂ္ဂါဟော၊ ကော အာဝဋ္ဋဂ္ဂါဟော၊ ကော အန္တောပူတိဘာဝေါတိ"။

လို့ပါဠိတော်မှာ လျှောက်ထားပုံကို ဒီလိုဘဲသုံးထားပါတယ်၊ အဲဒီလိုသုံးထားပြီးတော့မှ အောက်က အဖြေဝါကျတွေကို သပ်သပ်ပါဠိတော်မှာ ရေးထားပါတယ်၊ အခု ဘုန်းကြီးကတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ, နားရှင်းသွားအောင် ဆိုပြီးတော့အမေးနဲ့ အဖြေနဲ့တွဲတွဲပြီး တတွဲစီ, တတွဲစီ ဟောပါ့မယ်။

## ဒီဘက်ကမ်းဆိုဒါ အဇ္ဈတ္တိကာယတန

ကိုင်း—ဟောကြစို့. "ကိန္နု ခေါ ဘန္တေ ဩရိမံ တီရံ"။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင်အရှင်မြတ်ဘုရား။ ဩရိမံတီရံ၊ ဤမှာဘက်ကမ်းဟူသော အမည်သည်။ ကိန္နုခေါ၊ ဘယ်တရားကို ခေါ်သနည်းဘုရား။—

လို့ ရဟန်းတပါးက ဒီလိုမေးလျှောက်ပါတယ်၊ မြတ်စွာဘုရားက-

"ဩရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ"။—

လို့ဒီလိုဖြေလိုက်တယ်၊ ချစ်သားရဟန်းတဲ့ ဒီဘက်ကမ်းဆိုဒါအဇ္ဈတ္တိကာယတနာခြောက်ပါးကိုခေါ်တယ်။ ဒီတော့ အမျိုးကောင်းသားများအမျိုးကောင်းသမီးများဟာ အဇ္ဈတ္တိကာယတနတည်းဟူသော အတွင်းအာရုံလို့ ခေါ်တဲ့ ဒီဘက်ကမ်းမှာ တင်နေရင် နိဗ္ဗာန်ရောက်မလား၊ မရောက်ဘူးလား (မရောက်ပါဘုရား)။

ဒါ-ဘယ်သူပြောတာလဲ၊ဘုန်းကြီးပြောတာလား၊ ထူးကြီးဘုန်းကြီးက ပြောဒါလား....(မဟုတ်ပါဘုရား)။

ဒီတရားဟာ ဘုန်းကြီးဟောတဲ့တရားလား....(မဟုတ်ပါဘုရား)၊ ဘုရားကိုယ်တိုင် ဒီအတိုင်းဟောဒါပါ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဩရိမံတီရန္တိတော၊ ဒီမှာဘက်ကမ်းဟုခေါ်ဆိုသော ဤအမည်သည်ကား။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနံ-အာယတနာနံ၊အဇ္ဈတ္တိကာယတနတို့၏။အဓိဝစနံ၊သိစရာဖြစ်တဲ့အမည်ပေတည်း

ချစ်သား....ဒီဘက်ကမ်းဆိုဒါ အဇ္ဈတ္တိကာယတန ခြောက်ပါးကို ခေါ်တယ်၊ အဇ္ဈတ္တိကာယတန ခြောက်ပါးတည်းဟူသော ဒီဘက်ကမ်းမှာစွဲလမ်းငြိကပ် တပ်နှစ်သက်သောအားဖြင့် တင်နေရင်ဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နိဗ္ဗာန်ကိုရောက်နိုင်ပါအုံးမလား.... (မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ဘူး။

## အဇ္ဈတ္တိကာယတနမှာ တင်တဲ့သဘော

ကိုင်း–ဒီနေရာမှာကြည့်၊ အဇ္ဈတ္တိကာယတန ခြောက်ခုရောက်လာပြီ၊ ဘယ်လိုလုပ်ရမလဲ၊ ဒီဘက်ကမ်းတင်နေပြီ၊ ဘာလုပ်ရမလဲ၊ အဋ္ဌကထာက တော့ ဒီနေရာမှာ ဘယ်လိုဖွင့်သလဲဆိုတော့ မျက်လုံးတခုကိုအကြောင်း ပြုပြီး ဒီလိုဖွင့်ပါတယ်။

(၁) စက္ခာယတနတခု၊
(၂) သောတာယတနတခု၊
(၃) ဃာနာယတနတခု၊
(၄) ဇိဝှါယတနတခု၊
(၅) ကာယာတနတခု၊
(၆) မနာယတနတခု–

လို့ဆိုတဲ့အဇ္ဈတ္တိကာယတနခြောက်ခုအနက် စက္ခာယတနကိုအကြောင်း ပြုပြီးတော့ မျက်လုံးက အင်မတန်သေးငယ်တဲ့ အရာဝတ္ထုကလေးကို မြင် လိုက်တွေ့လိုက်ရတော့ ဟာ–ငါ့မျက်လုံးဟာ ဒါလောက် သေးမွှားတဲ့ အင် မတန်သေးငယ်တဲ့ အရာဝတ္ထုကလေးတောင်မှ မြင်နိုင်တယ်၊ ငါ့မျက်လုံးဟာ ဒီအသက်, ဒီအရွယ်ထိအောင်မှ မပြောင်းသေးဘူးလို့ ဆိုပြီးတော့ အဲဒီမျက်လုံး ကို မိမိစွဲလမ်းနေရင် နှစ်သက်နေရင် ဒီဘက်ကမ်းကို တင်တယ်လို့ခေါ်တယ်၊ တခါတရံမှာအမှတ်တမဲ့ဖြစ်သွားလို့ တံခါးခုံတို့တံခါးတိုင်တို့နဲ့ တိုက်မိခိုက်မိ တဲ့အခါမှာ ဩော်–မျက်လုံးနှယ်နေ့ခင်းဒါကြီးမှ မမြင်ဘူးလားလို့မိမိမျက်လုံး အပေါ်မှာ မနှစ်သက်တဲ့ သဘောတွေဖြစ်ပြီးတော့ လာပြန်တယ်၊ အဲဒီ နှစ်သက်မှု မနှစ်သက်မှု သဘောတွေ ဖြစ်ပေါ်လာဒါသည်ပင်လျှင် အဇ္ဈတ္တိ- ကာယတန တခုမှာ တင်တယ်လို့ ခေါ်ပါတယ်၊ အဋ္ဌကထာက ဒီလိုဘဲ ဖွင့်ပါတယ်။

အမှန်ကတော့ ဒါ-အဇ္ဈတ္တိကာယတနပေါ်မှာတင်ဒါဟာ သူကပြော ဒါ၊ အဋ္ဌကထာကဖွင့်ဒါ၊ ကိုင်း–အဇ္ဈတ္တိကာယတန ပေါ်မှာတင်နေတဲ့ သဘောကို ဘယ်လိုလုပ် ခွါချရမလဲလို့ ဆိုဒါကိုတော့ အဋ္ဌကထာမှာ–

"အနိစ္စံ, ဒုက္ခံ အနတ္တာတိ တိလက္ခံ လက္ခဏာနံ ဝသေန
ဝိပဿန္တော ပန န ဥပဂစ္ဆတိ နာမ"။

အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ အနိစ္စ,ဒုက္ခ, အနတ္တ-ဟူ၍။ တိလက္ခံ-လက္ခဏာနံ၊ လက္ခဏာရေး ၃-ပါးတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဝိပဿန္တောပန၊ ဝိပဿနာ ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည်ကား။ န ဥပဂစ္ဆတိနာမ၊ ကမ်းသို့ မကပ်ရောက်သူမည်၏။

လက္ခဏာရေးသုံးပါး တင်ရှုလိုက်ရမယ်တဲ့၊အဲဒီတော့ ဒီနေရာမှာ ဘယ်လို နှလုံးသွင်းရမလဲဆိုရင် ပါဠိတော်ရဲ့အာဘော်ကို ထောက်ကြည့်လိုက်တော့ အဇ္ဈတ္တိကာယတနဝ-ခုကို ပရမတ်အာရုံ လုပ်ကြည့်လိုက် ဘာတွေ့မလဲ၊ ရုပ်တရားနဲ့နာမ်တရားတွေဘဲတွေ့မယ်၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဟာ ဘာတွေ့မလဲ....(ရုပ်-နာမ်သာ တွေ့ပါတယ်ဘုရား)။

## အဇ္ဈတ္တိကာယတန အနိစ္စမှာပေါင်း

စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနာဆိုတဲ့ ဒီ-အာယတန ၅-ခုက ရုပ်တရား, မနာယတနာလို့ ဆိုပါက နာမ်တရား၊ ဒီရုပ်တရားနဲ့ နာမ်တရား ဘာလို့ခေါ်သလဲ၊ အဲဒီ-ရုပ်တရားနဲ့ နာမ်တရားကို ခန္ဓာလို့ ဒီလိုခေါ်ပါတယ်၊ ဘာပြုလို့ ခန္ဓာလို့ခေါ်သလဲလို့ ဆိုတော့ စက္ခုစတဲ့ ရုပ်တရားတခုတခုမှာ ဝေဒနာ စတဲ့နာမ်တရားတခုတခုမှာ အတိတ်,အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဟီန, ပဏီတ, ဩဠာရိက, သုခုမ, ဒူရ, သန္တိက-ဆိုတဲ့ အခြင်းအရာတဆဲ့ခြောက်ပါးတို့ရဲ့ အပေါင်းအစု ဖြစ်လို့ ခန္ဓာလို့ခေါ်တယ်။

တနည်းတဖုံသဘောအားဖြင့် ပြောရမယ်ဆိုရင် စက္ခာယတနလဲကုန်-တာပျောက်တာမှာ ပေါင်းတယ်-စုတယ်၊ သောတာယတန,ဃာနာယတန, ဇိဝှါယတန, ကာယာတနလို့ဆိုတဲ့ အာယတန ၅-ခု စလုံး ဘယ်သွားပေါင်းသလဲဆိုတော့ ကုန်ပျောက်တဲ့ နေရာမှာချည့် အကုန်သွားစုကြ ပေါင်းကြတယ်၊ ဒါ့ကြောင့် ခန္ဓာလို့ခေါ်တယ်။

ဒါကိုသက်သေထင်ရှားအောင် သမ္မုတိအနေအားဖြင့် ပြောရမယ်ဆိုရင် ရန်ကုန်မြို့မှာနေကြတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီး

တွေဆိုရင်ဖြင့် နောက်ဆုံး ဘယ်သွားပေါင်းကြမလဲ၊ တာမွေနဲ့ ကြံတောမှာချည့် သွားပေါင်းကြမယ်၊ ဘယ်လိုဘဲတိုက်ကြီးတွေ ကားကြီးတွေနဲ့ ဘယ်လိုနေနေ တဲကုတ်မှာဘဲနေနေ တဲကုတ်နေတဲ့လူကလဲ တာမွေသွားပေါင်းရမှာဘဲ၊ ကြံတောသွားပေါင်းရမှာဘဲ၊ တိုက်ကြီးတွေပေါ်မှာနေတဲ့လူတွေကော ဘယ်သွားပေါင်းရမလဲ၊ တိုက်ပေါ်မှာနေတဲ့ လူတွေရော့၊ တဲကုတ်မှာနေတဲ့လူတွေရော နောက်ဆုံး ဘယ်သွားပေါင်းရမှာလဲ၊ တာမွေနဲ့ကြံတောသွားပေါင်းကြရမှာဘဲ၊ ဒါ ဥပမာ။

ခုနကပြောခဲ့တဲ့ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနလို့ဆိုတဲ့ အာယတနတွေ ဘယ်သွားပေါင်းရမလဲ၊ အနိစ္စ-ကုန်တယ် ပျောက်တယ်ဆိုတဲ့နေရာမှာ အားလုံးသွားပေါင်းရမယ်၊ အဲဒီလိုသွားပေါင်းရမှာ ဖြစ်သောကြောင့် ကုန်တဲ့ပျောက်တဲ့ သဘောကို ရှုလိုက်ရင် အဇ္ဈတ္တိကာယတန ခြောက်ခုကနေပြီးတော့ ကွာကျသွားပြီလို့ ဒီလိုမှတ်ရမယ်၊ ဒါ အဇ္ဈတ္တိကာယတနပေါ်မှာတင်နေရင် ခွာနည်းပါဘဲ၊ အဲဒီလို အတွင်းအာရုံဖြစ်တဲ့ အဇ္ဈတ္တိကာယတနပေါ်မှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်တင်နေရင် ကပ်ငြိနေရင် ကြိုက်တယ် မကြိုက်ဘူးဆိုတဲ့ သဘောနဲ့တင်နေရင် ကပ်ငြိနေရင် နိဗ္ဗာန်ရောက်ပါ့အုံးမလား....(မရောက်ပါဘုရား)။

## ဟိုဘက်ကမ်းဆိုဒါ ဗာဟိရာယတန

တိုတိုပြောကြပါစို့ရဲ့ ကဲဒါဖြင့်အဇ္ဈတ္တိကာယတနဆိုတဲ့ ဒီဘက်ကမ်းကို သိပြီ၊ ဟိုဘက်ကမ်းဆိုတာဘာလဲ—

> "ကိံ ပါရိမံ တီရံ"။ ။ဘန္တေ၊ အရှင်ဘုရား။ ပါရိမံတီရံ၊ ဟိုဘက်ကမ်းဟူသော အမည်သည်။ ကိံ၊ ဘယ်တရားကိုခေါ်ပါသနည်းဘုရား။

လို့ ရဟန်းတော်များက လျှောက်တော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က-

> "ပါရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ"။

ဘိက္ခု၊ ရဟန်း။ ပါရိမံတီရန္တိတော်၊ ဟိမှာဘက်ကမ်းဟု ခေါ်ဆိုသော အမည်သည်ကား။ ဆန္ဓံ၊ ၆-ပါးကုန်သော။ ဗာဟိရာနံ အာယတနာနံ၊ ဗာဟိရာယတနတို့၏။ အဓိဝစနံ၊ သိစရာဖြစ်တဲ့ အမည်ပေတည်း။

အပြင်အာရုံတွေဟူသရွေ့ ဟိုဘက်ကမ်း၊ ရူပါယတန, သဒ္ဒါယတန၊ ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတနလို့ဆိုတဲ့ ဗာဟိရာယတနခြောက်ခု၊ အဲဒါဟိုဘက်ကမ်းဘဲ၊ ဟိုဘက်ကမ်းမှာလဲ မတင်ရဘူး, အဲဒီဟိုဘက်ကမ်းကိုတွက်ကြည့်မယ်ဆိုရင် ဘာတွေသာရှိနေမလဲလို့ ဆိုတော့ ရူပါရုံဆိုရင် နှစ်သက်မှုမနှစ်သက်မှုရှိတယ်၊ သဒ္ဒါရုံဆိုရင် နှစ်သက်မှုမနှစ်သက်မှုရှိတယ်၊ ဂန္ဓာရုံဆိုရင် နှစ်သက်မှုမနှစ်သက်မှုရှိတယ်၊ ရသာရုံဆိုရင်နှစ်သက်မှုမနှစ်သက်မှုရှိတယ်၊ ဖောဋ္ဌဗ္ဗာရုံဆိုရင် နှစ်သက်မှုမနှစ်သက်မှုရှိတယ်။

ဓမ္မာရုံနဲ့ပက်သက်လို့လဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မဂ်,ဖိုလ်, နိဗ္ဗာန်ဓမ္မာရုံကို ချန်ထား၊ ကျန်တဲ့ သုခုမရုပ်, ပသာဒရုပ်,စိတ်,စေတသိက်ဆိုတဲ့ ဓမ္မာရုံတွေပေါ်မှာလဲ ကိုယ်ရဲ့ကြိုက်နှစ်သက်မှု, မကြိုက်နှစ်သက်မှုတွေ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရှိနေသေးဒါဘဲ၊အဲဒါကြောင့် ဟိုဘက်ကမ်းလို့ဆိုဒါ ဗာဟိရာယတနခြောက်ပါးကို ခေါ်ပါတယ်။

အဲဒီ-ဟိုဘက်ကမ်းခေါ်တဲ့ ဗာဟိရာယတနခြောက်ပါး တည်းဟူသော အပြင်အာရုံမှာ ယောဂီပုဂ္ဂိုလ်များ, အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်တွေဟာ ကပ်ငြိနေမယ်, တင်နေမယ်ဆိုရင်ဖြင့် ဒီ-အပြင်အာရုံ အားလုံးတို့ဟာ အနိစ္စဆိုတဲ့သဘောတရား ကုန်ခြင်းပျောက်ခြင်းမှာ ပေါင်းစုတဲ့အတွက် ကပ်ငြိစရာ တွယ်တာစရာ မဟုတ်လို့ ခွါပေးရမယ်။

"သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ"။　။သော၊ ထိုအမျိုးကောင်းသားသည်။ တေဟိ ဓမ္မေဟိ၊ ထိုအပြင်အာရုံဖြစ်တဲ့ အနိစ္စဖြစ်နေတဲ့ သဘောတရားတို့မှ။ စိတ္တံ၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၏စိတ်ကို။ ပဋိဝါပေတိ၊ ခွါပေး၏။

ဟို အင်္ဂုတ္တိုရ်ပါဠိတော် ဈာနသုတ္တန်မှာ ဒီအတိုင်းဟောထားပါ ရှိပါတယ်၊ အပြင်အာရုံဆိုဒါက ဟိုဘက်ကမ်း။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိပ်ပြီး အကျယ်ချဲ့မဟောပါဘူး၊ မှတ်မိရံလောက်ပေါ့၊ အကွက်လဲစေ့ရံလောက်ပေါ့၊ ဒီသုတ္တန်တခုဟာ ဟောမယ်ဆိုရင်ဖြင့် (၇) ရက်လောက်ဟောမှ အဓိပ္ပါယ်အားလုံး ပြည့်စုံမှာပါ၊ အခုတော့ ဒီ-သုတ္တန်ကို ဒီ-တနေ့နဲ့ဘဲ အကုန်လုံးပြည့်စုံအောင် ဟောရမှာဖြစ်တဲ့အတွက် ခပ်ချုံးချုံး ခပ်ကျဉ်းကျဉ်းဘဲ အဓိပ္ပါယ် မပျက်ရုံဘဲ ဟောပြပါမယ်။

## နစ်မြုပ်သွားခြင်းဆိုဒါ နန္ဒိရာဂ

ဒီဘက်ကမ်းနှင့်ဟိုဘက်ကမ်းကို သိရပြီးနောက် နောက်ပုစ္ဆာတခုဟာ-

> "ကော မဇ္ဈေ သံသီဒေါ"။ ။ဘန္တေ၊ ဘုန်းတော်ကြီးခြောက်ပါးသောအရှင် ရှင်ပင်မြတ်ဘုရား။ မဇ္ဈေ၊ ရေလယ်ခေါင်၌။ သံသီဒေါ၊ နစ်မြုပ်၍သွားမယ်ဆိုတဲ့ သဘောသည်။ ကော၊ ဘယ်တရားကို ခေါ်ပါသနည်း။

ရေလယ်ခေါင်မှာ နစ်မြုပ်သွားတယ်ဆိုဒါ ဘယ်တရားကိုခေါ်ပါသလဲ ဘုရားလို့ ဒီလိုလျှောက်ပါတယ်။

ခု-ဒီသုတ္တန်ကို အတွင်းအာရုံရှင်းဘမ်းနဲ့ပတ်သက်ပြီး ဟောဒါဖြစ်တဲ့အတွက် အဇ္ဈတ္တိကာယတန, ဗာဟိရာယတနဖြစ်တဲ့ အတွင်းအာရုံ, အပြင်အာရုံမှာ မကပ်ရဘူးဆိုတဲ့သဘောကိုပေါ်လွင်စေလိုလို့ သာလျှင်ဒီသုတ္တန်ကို ဟောကြားခြင်းဖြစ်ပါတယ်၊ ရှေ့ပိုင်းတွေဘာတော့ အတွင်းအာရုံအပြင်အာရုံတို့နဲ့ မပတ်သက်တော့ဘူး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သန္တာန်မှာရှိနေတဲ့ သမ္မာဒိဋ္ဌိလို့ခေါ်ဆိုတဲ့ အမှန်ကိုသိနေတဲ့ အသိကလေးဟာ နိဗ္ဗာန်ဘက်ကိုမကိုင်းနိုင်, မညွတ်နိုင်, မရှိုင်းနိုင်လောက်အောင် တားဆီးကာကွယ်ထားတဲ့ အကြောင်း ၈-ချက်ကို ပြည့်စုံအောင်ဟောသွားရမှာဖြစ်ပါတယ်။

ရေလယ်ခေါင်မှာ နှစ်မြုပ်သွားတယ်ဆိုဒါ ဘာကိုခေါ်ပါသလဲ ဘုရားလို့ ဒီလိုလျှောက်ထားတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က–

"မဇ္ဈေ သံသီဒေါတိ ခေါ ဘိက္ခု နန္ဒိရာဂဿေတံ အဓိဝစနံ"။

ဘိက္ခု၊ ချစ်သားရဟန်း။ မဇ္ဈေသံသီဒေါတိ၊ ရေလယ်ခေါင်မှာ နှစ်မြုပ်သွားခြင်းဟု ဆိုသော စကားသည်။ နန္ဒိရာဂဿ၊ အာရုံကိုစွဲလမ်းခင်မင်နှစ်သက်ခြင်း တဏှာရာဂ၏။ အဓိဝစနံ၊ သိစရာဖြစ်တဲ့ ဝေါဟာရတရားတခုပေတည်း။

နန္ဒိရာဂဆိုတာ-စွဲလမ်းခြင်း နှစ်သက်ခြင်းနှင့်တကွဖြစ်တဲ့ ရာဂတရား၊ အဲဒီရာဂတရားဟာ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများရဲ့ သန္တာန်မှာ ကပ်ငြိနေမယ်ဆိုရင် ဘယ်အာရုံမဆိုစွဲလမ်းနေရင် ဘယ်အာရုံမဆို နှစ်သက်နေရင် ဘယ်အာရုံဆို မခွဲနိုင်ဘူးဖြစ်နေမယ်ဆိုရင်ဖြင့် နန္ဒိရာဂဖြစ်နေပြီ၊ နန္ဒိရာဂဆိုဒါ "တတြတတြ အဘိနန္ဒိနီ"=ထိုထိုအာရုံတွေမှာ စွဲလမ်းတဲ့ နှစ်သက်တဲ့ သဘောပါ။

ဓမ္မဋ္ဌိတိဉာဏ်ပိုင်းကို ဟောတဲ့အခါကျတော့ အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ လုပ်နေတဲ့ တိုးတဲ့သဘော တွန်းတဲ့သဘောကိုသိတဲ့ အသိဉာဏ်ပေါ်မှာ ဘယ်လိုလုပ်ရမလဲဆိုတဲ့ ဒီအပိုင်းတွေလဲ ပါလာပါလိမ့်မယ်၊ (၇) ရက်ဟောမယ်လို့ ပြောထားတဲ့အတွက် (၇) ရက်ဟောပြီးမှ အားလုံးတရားတွေဟာ ဝိုင်းမိမှာပါ၊ ဒီတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကလဲ (၇) ရက် နာရမှာဘဲ၊ (၇) ရက်နာမှလဲ ဟောသွားတဲ့တရား ဝိုင်းမိမှာဘဲ။

တိုးတဲ့သဘော တွန်းတဲ့သဘောနဲ့ပတ်သက်ပြီးတော့ ရေလယ်ခေါင်မှာ နှစ်မြုပ်သွားတယ်ဆိုတဲ့ သဘောကတော့ ထိုထိုအာရုံတို့၌- ထိုထိုအာရုံဆိုဒါ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-အဲဒီအာရုံ အမျိုးမျိုးတို့၌ စွဲလမ်းခြင်း, နှစ်သက်ခြင်း, မစွန့်နိုင်ခြင်းဆိုတဲ့ သဘောတရားကို နန္ဒိရာဂလို့ခေါ်တယ်။

အဲဒီနန္ဒီရာဂရှိနေရင်ဖြင့် ရေလယ်ခေါင်မှာ နစ်မြုပ်ထာနဲ့ အတူဘူဘဲလို့ မြတ်စွာဘုရားက ဒီလိုညွှန်ပြပါတယ်၊ နန္ဒီရာဂရှိရင် ထိုထိုအာရုံတို့၌ နှစ်သက်နေရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သမ္မာဒိဋ္ဌိအသိဉာဏ်ကလေးဟာ နိဗ္ဗာန်ဘက်ကို မကိုင်းတော့ မရှိုင်းတော့ မညွှတ်တော့ပြန်ဘူးတဲ့၊ နိဗ္ဗာန်ကို မရောက်ပြန်ဘူးတဲ့။

## ကုန်းမှာတင်နေခြင်းဆိုဒါ မာန်မာန

နောက်တခုက "ကော ထလေ ဥဿာဒေါတိ"။ ။ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ရှင်ပင်မြတ်ဘုရား။ ထလေ၊ ကုန်း၌။ ဥဿာဒေါ၊ ထင်နေတယ်ဆိုတဲ့ သဘောတရားသည်။ ကော၊ ဘယ်တရားကို ခေါ်ပါသနည်းဘုရား။

ကုန်းပေါ်တင်နေတယ်ဆိုဒါ ဘာကိုခေါ်ပါသလဲလို့ဆိုတော့=

"ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ"။

ကုန်းမှာတင်တယ်ဆိုဒါ မာနကိုခေါ်ပါတယ်တဲ့၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နှိပ်ချနိုင်သရွေ့ နှိပ်ချနိုင်ရမယ်၊ ပရိယတ္တိ ဗဟုသုတနဲ့ပြည့်စုံလာရင် ပဋိပတ္တိ ဗဟုသုတနှင့် ပြည့်စုံလာရင် ဝိပဿနာအလုပ်ကို ကြိုးစားပြီးတော့ အားထုတ်သာရင် အားထုတ်လာဒါနဲ့အမျှ မိမိရဲ့ကိုယ်ကို နှိပ်ချနိုင်သရွေ့ နှိပ်ချရမယ်၊ မဘက်ကြွရဘူး၊ ပရိယတ္တိ ဗဟုသုတနဲ့ ပြည့်စုံသည်ဖြစ်စေ, ပဋိပတ္တိဗဟုသုတနဲ့ ပြည့်စုံသည်ဖြစ်စေ တရားအားထုတ်လာရင်ဖြင့် နှိပ်ချနိုင်သရွေ့ နှိပ်ချပါ။

မနှိပ်ချလို့ ပရိယတ္တိဂုဏ်, ပဋိပတ္တိဂုဏ်, ပရိသတ်ရဲ့ဂုဏ် အားလုံးက မြှောက်စားကြတဲ့ဂုဏ်တွေကို အားကိုးပြီးတော့ မြှောက်လာမယ်ဆိုရင်ဖြင့် အားလုံးကမြှောက်ကြလို့ အင်မတန်ဘော်ဘယ်, တရားအဟော အပြောလဲ အင်မတန် ကောင်းတယ်, တရားပြသဒါ အင်မတန်ရှင်းတယ်, အင်မတန် လူအကြည်အညိုတွေများတယ်လို့, အင်မတန်အချီးအမြှောက်တွေ များလာရင် ကြွချင်ရော၊ ကြွလာရင်ဖြင့် အသ္မိမာနတွေဖြစ်ပြီးတော့ ဟိုလူနဲ့မတူ

မတန်သလိုလို၊ ဒီလူနဲ့မှတူ့ဇတန်သလိုလို၊ ဘော်ရှိတန့်ရှိ စကားမပြောချင်သလိုလို။

မိမိမှာရှိနေတဲ့ အသိညာဏ်ကလေးက မြင့်လာလေ၊ ငါတယ်ဟုတ်ပါကလား၊ ငါတော့အတော်ဟုတ်လာပြီ၊ အသ္မိမာနဆိုဒါက–

"သေယျောဟမသ္မီတိ အာဒိနာ မညတီတိ မာနော"။ အဟံ၊ ငါသည်။ သေယျော၊ မြတ်၍လာသည်။ အသ္မိ၊ ဖြစ်၏။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ မညတိ၊ မှတ်ထင်တတ်ပေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မာနော၊ မာနမည်၏။

ငါအတော်ဟုတ်လာပြီ၊ ငါသမာဓိတွေ အင်မတန်ကောင်းလာပြီ၊ ငါသမာဓိအတော်ရလာပြီ၊ တရားအားထုတ်နေရင်း ငါတော့ဖြင့်တရားအဆင့်ကလေး အတော်မြင့်လာပြီ၊ ငါတော့ သမာဓိလေး အင်မတန်ကောင်းလာပြီ၊ ငါ့အသိညာဏ်ကလေးတော့ အင်မတန်ကောင်းလာပြီ၊ ငါတော့ သိပ်ဟုတ်လာပြီ–လို့ ကိုယ့်ကိုကိုယ် အထင်ကြီးလာမိရင် အသ္မိမာနလို့ မှတ်ရမယ်။

အဲဒီမာနဟာ တရား၏ အာနှောက်အရှက် အန္တရာယ်ဘေးရန် ဖြစ်ပါသောကြောင့် အဲဒီ အသ္မိမာနမျိုးဖြစ်နေရင်ဖြင့် ဒီပုဂ္ဂိုလ်သည် အသ္မိမာနပေါ်မှာဘင်ပြီး၊ ကုန်းမှာတင်နေပြီလို့ မှတ်တဲ့ မြတ်စွာဘုရားက–

"ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ"။ ။ဘိက္ခု၊ ချစ်သားရဟန်း။ ထလေ၊ ကုန်း၌။ ဥဿာဒေါတိတော်၊ တင်နေတယ်ဆိုတဲ့ အမည်သည်။ အသ္မိမာနဿ၊ ထောင်လွှားတက်ကြွ အထင်ကြီးခြင်းဟူသော မာန၏။ အဓိဝစနံ၊ ခေါ်စရာအမည်ပေတည်း။

အသ္မိမာနဖြစ်နေရင်လဲ မဂ်ညာဏ်, ဖိုလ်ညာဏ်နဲ့ နိဗ္ဗာန်ကို မကိုင်းတော့ဘူး၊ မညွတ်တော့ပြန်ဘူး၊ နိဗ္ဗာန်မရနိုင်ပြန်ဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သန္တာန်မှာရှိနေတဲ့ အမှန်ကိုသိနေတဲ့ သမ္မာဒိဋ္ဌိကလေးဟာ အသ္မိမာနခံနေရင် နိဗ္ဗာန်ဘက်ကို မကိုင်းတော့, မညွတ်တော့ပြန်ဘူးတဲ့၊ ကုန်းပေါ်မှာတင်နေပြန်ပြီတဲ့၊ တိုတိုဘဲပြောကြပါစို့၊ ခု–ဒီဘက်

ကမ်းရယ်, ဟိုဘက်ကမ်းရယ်, ရေလယ်ခေါင်မှာ မြုပ်ထားရယ်, ကုန်းပေါ်မှာ တင်ဒါရယ်လို့ အဓိပ္ပါယ်ဒွလေးချက်ပြောပြီးပြီနော်။

## လူဆယ်တယ်ဆိုဒါ လူတွေနဲ့ရောနှောခြင်း

"ကော မနုဿဂ္ဂါဟော"။ ။ဘာခန္တုဘုန်းတော်ခြောက်ပါးသခင် ရှင်ဘုရင်မြတ်ဘုရား။ မနုဿဂ္ဂါဟော၊ လူဆယ်ထားတယ်ဆိုသည်ကား။ ကော၊ ဘယ်တရားကိုခေါ်ပါသနည်းဘုရား။

ရေထဲနေတဲ့တိုး လူဆယ်ထားတယ်ဆိုဒါက ဟုတ်ပါရဲ့၊ နိဗ္ဗာန်ဘက်ကို ညွတ်နေတဲ့, နိဗ္ဗာန်ဘက်ကို ကိုင်းနေတဲ့, နိဗ္ဗာန်ဘက်ကို ရှိုင်းနေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘော ကညီးဟူသော အမှန်ကိုသိနေတဲ့ သမ္မာဒိဋ္ဌိကလေးကို, သမ္မာဒိဋ္ဌိရှိသူကို လူဆယ်တယ်ဆိုဒါ ဘာလဲ၊ ဘယ်လိုလုပ်ဆယ်သလဲလို့ဆိုကော့ ဒီခနရာမှာ ဘုန်းကော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က ရဟန်းကော် ပရိသတ်ကိုဟောနေဒါ ဖြစ်ပါသောကြောင့် ရဟန်းတော်များ လူတွေနဲ့ ရောရောနှောနှော ဖြစ်နေပုံကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က–

"ဣဓ ဘိက္ခု မနုဿဂ္ဂါဟော"–ချစ်သားရဟန်း....လူဆယ်တဲ့ရဟန်းဆိုဒါ ဘာခေါ်သလဲလို့ဆိုတော့– ဤ သာသနာတော်မှာ ရဟန်းတော်ဟာ လူတွေနဲ့ ရောရောနှောနှော နေလေ့ရှိရင် ဒါလူဆယ်တဲ့ရဟန်း"တဲ့။

လူတွေနဲ့ ရောရောနှောနှောနေတယ်ဆိုဒါ ဘယ်လိုလဲ။

"ဣဓ ဘိက္ခု ဂိဟီသံသဋ္ဌော ဝိဟရတိ သဟနန္ဒီ သဟသောကီ သုခိတေသု သုခိတော ဒုက္ခိတေသု ဒုက္ခိတော၊ ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနာ တေသု ယောဂံ အာပဇ္ဇတိ၊ အယံ ဝုစ္စတိ ဘိက္ခု မနုဿဂ္ဂါဟော"

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဂိဟီသံသဋ္ဌော၊ လူတို့နှင့်ရောနှောသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သဟနန္ဒီ၊

လူတို့နှင့်အတူတကွ နှစ်သက်ခြင်းရှိ၏။ သဟသောကီ၊ လူတို့နှင့်အတူတကွ စိုးရိမ်ခြင်းရှိ၏။ သုခိတေသု၊ လူတို့ချမ်းသာကုန်သည်ရှိသော်။ သုခိတော၊ မိမိလည်းအတူ ချမ်းသာ၏။ ဒုက္ခိတေသု၊ လူတို့ဆင်းရဲကုန်သည်ရှိသော်။ ဒုက္ခိတော၊ မိမိလည်းအတူ ဆင်းရဲ၏။ ကိစ္စကရဏီယေသု၊ ပြုဘွယ်ကိစ္စတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည်ရှိသော်။ အတ္တနာ၊ မိမိသည်။ တေသု၊ ထိုပြုဘွယ်ကိစ္စတို့၌။ ယောဂံ၊ အားထုတ်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဘိက္ခု၊ ရဟန်း။ အယံ၊ ဤသို့ဖြစ်မှုကို။ မနုဿဂ္ဂါဒေဟာ၊ လူတို့ဆယ်တင်ထားခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

လူတွေမှာ ဝမ်းမြောက်မှုတွေရှိရင် သူလဲဝမ်းမြောက်တာဘဲ၊ လူတွေစိုးရိမ်မှုရှိရင် သူလဲစိုးရိမ်တယ်၊ လူတွေဆင်းရဲပလားဆိုရင် သူလဲ ရောဆင်းရဲတယ်၊ လူတွေချမ်းသာပလားဆိုရင် သူလဲရောချမ်းသာတယ်၊ အဲဒီ လူတွေမှာ ပြုဘွယ်ကိစ္စတွေဖြစ်ပေါ်လာရင် အဲဒီလူတွေရဲ့ပြုဘွယ်ကိစ္စတွေကို သူကချည့်လိုက်ပြီးတော့ အကျိုးဆောင်ပေးနေတယ် ဆိုရင် အဲဒီရဟန်းကို လူဆယ်တဲ့ ရဟန်းဟူ၍မှတ်လို့ ပါဠိတော်က ဒီလိုပြပါတယ်။

အဲဒီ အခိပ္ပါယ်နဲ့ ပတ်သက်ပြီးတော့ တရားအားထုတ်ကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို လူဆယ်တယ်ဆိုဒါ ရိပ်သာတော့ သွားလိုက်အုံးမယ်ဆိုပြီး အရက် ၄၀–သွားလိုက်၊ သို့မဟုတ် ၇–ရက်တော့ တရားသွားဝင်လိုက်အုံးမယ်ဆိုပြီး ရိပ်သာတခုခုမှာ ၇–ရက်လောက်သွားပြီးတော့ တရားဝင်၊ ဟိုကျတော့ ကျေးဇူးရှင် ဖြစ်ကြတဲ့ ဆရာတော်သံဃာတော် အရှင်ကောင်းအရှင်မြတ်များက မေတ္တာကရုဏာမိုးတွေစွေပြီးတော့ မေတ္တာကရုဏာ ရှေ့ထားပြီးတော့ ရောက်ရှိလာတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ဝိပဿနာသမ်းကြောင်းနဲ့ ကောင်းကောင်းမွန်မွန် တွဲတွဲမှန်မှန်ကြီး ပြလိုက်လို့ ဝိပဿနာအလုပ် ၇–ရက်လောက် လုပ်လိုက်တဲ့အခါမှာ အပြင်အာရုံတွေ အတွင်းအာရုံတွေ ရှင်းပြီးတော့ ကိလေသာတွေ ၇-ရက်လောက် ဖြစ်ခွင့်မရတော့ စိတ်ကတယ်အေးနေတယ်၊ တယ်ချမ်းသာနေတယ်၊ ၇–ရက်လဲစေ့လို့ထွက်လာရော စိတ်

ထဲဘယ်လိုအောက်မေ့သလဲ၊ "ဟာ–သိပ်ကောင်းဒါဘဲ ဝိပဿနာတရား အားထုတ်ရဒါ၊ ဒီတခါနဲ့တယ်၊ နောက်တခါကျရင်ဖြင့် အနဲဆုံး တလ လောက်တော့ ရိပ်သာထဲနေလိုက်မယ်" လို့ စိတ်ကူးပြီး ရိပ်သာကထွက်လာ အိမ်လဲရောက်ကရော သားတွေ, သမီးတွေ, မြေးတွေ, ခင်ပွန်းယောကျ်ား တွေ, ဇနီးမယားတွေက ၇–ရက်လောက် ကွဲနေတဲ့ပုဂ္ဂိုလ် တရားအားထုတ် ရာက ပြန်လာကယ်ဆိုပြီးတော့ ကျကျနန ဖွယ်ဖွယ်ရာရာနဲ့ အိမ်ကလူတွေက ပြုစုဘန်များတော့ ငါမရှိမဖြစ်သေးပါဘူးလေ—ဆိုပြီးတော့ မသွားဖြစ်တဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အများအပြားရှိပါတယ်၊ အဲဒါ လူဆယ်တဲ့ယောဂီ လူဆယ်တဲ့ အမျိုးကောင်းသား, လူဆယ်တဲ့ အမျိုးကောင်းသမီးလို့ခေါ်တယ်တဲ့။

အိမ်ကကိစ္စတွေ ငါမရှိမဖြစ်ဘူး၊ ပြုလုပ်စရာရှိတဲ့ကိစ္စ သားသမီးကိစ္စ ဘယ်သူ့တာဝန်လဲ ငါလုပ်မှပြီးမယ်၊ ငါ့တာဝန်၊ နို့–သူတို့ သားသမီး တွေကို ကြည့်လိုက်တော့ ဘယ်လောက်ရှိသလဲ၊ အသက်–၃၀–တို့–၄၀–တို့ အိုးနဲ့အိမ်နဲ့ တိုက်နဲ့တာနဲ့ ဒီလိုဟာတွေဖြစ်နေကယ်၊ အဲဒါလဲ မိဘတွေက ငါ့တာဝန်ဘဲ၊ ကဲ ငါ့တာဝန်ရှိသေးတယ်၊ သားသမီးတွေ ငါပြစ်ထားလို့ မဖြစ်သေးဘူး၊ ဒါပေမဲ့ သူတို့ကတော့ဖြင့် သူ့အိုးသူ့အိမ်နဲ့ သူ့သားမယား နဲ့ ဒီလိုနေကြပြီး အသက် ၃၀–၄၀–တွေ ဖြစ်နေပြီ၊ အဲဒါလဲ မိဘများက ငါ့တာဝန်လုပ်ပြီးတော့ ဒီသားတွေ, သမီးတွေမှာ ကိစ္စရှိရင်ဖြင့် ငါကချည့် လုပ်ရအုံးမယ်လို့ သူလုပ်တုန်းဘဲ။

> "ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနော တေသု
> ယောဂံ အာပဇ္ဇတိ"။

အဲဒီ သားတွေ, သမီးတွေမှာ ကိစ္စရှိတိုင်း မိဘတွေက သူတို့ပါတုန်းဘဲ၊ အမေအသာနေပေါ့, အဖေအသာနေပေါ့ ဆိုပေမဲ့ မနေဘူး၊ သူတို့ပါတုန်း၊ အဲဒီ ယောဂီအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို လူဆယ် တဲ့ပုဂ္ဂိုလ်လို့ခေါ်တယ်၊ အဲဒီလိုလူဆယ်ထားရင် ရောက်အုံးမလား–သမ္မာဒိဋ္ဌိ နဲ့ နိဗ္ဗာန်ကို.... (မရောက်ပါဘုရား)။

## နတ်ဆယ်တယ်ဆိုဒါ နတ်ဖြစ်လိုမှု

နတ်ဆယ်တယ်ဆိုဒါ ဘာခေါ်သလဲလို့ ဆိုတော့-

"ကော အမနုဿဂ္ဂါဟော"။ ။ဘန္တေ၊ ဘုန်းတော်ကြောက် ပါးသခင် ရှင်ပင်မြတ်ဘုရား။ အမနုဿဂ္ဂါဟော၊ နတ်ဆယ်တယ် ဆိုတဲ့ သဘောတရားတည်။ ကော၊ ဘယ်သဘောတရားကို ခေါ် ပါသနည်းဘုရား။

ဘယ်သဘောတရားက နတ်ဆယ်တယ်လို့ ခေါ်ပါသလဲ ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက-

"ဣဓ ဘိက္ခု၊ ကေစ္စော အညတရံ ဒေဝနိကာယံ ပဏိ ဓာယ ဗြဟ္မစရိယံ စရတိ၊ 'ဣမိနာဟံ သီလေန ဝါ ဝတေ- န ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရော ဝါ'တိ၊ အယံ ဝုစ္စတိ ဘိက္ခု၊ အမနုဿဂ္ဂါ- ဟော"။

ဘိက္ခု၊ ချစ်သားရဟန်း။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ကေစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ ဣမိနာသီလေနဝါ၊ ဤသတင်း သီလဆောက်တည် ရရှိခြင်းကြောင့်ရင်း။ ဣမိနာဝတေနဝါ၊ ဤ အကျင့်ကို ကျင့်ရခြင်းကြောင့်ရင်း။ ဣမိနာတပေနဝါ၊ ဤကမ္မ- ဋ္ဌာန်းအလုပ်ကို အားထုတ်ရခြင်းကြောင့်ရင်း။ ဣမိနာဗြဟ္မစရိ- ယေနဝါ၊ ဤမွန်မြတ်သော အကျင့်ကို ကျင့်ရခြင်းကြောင့်ရင်း။ ဒေဝေါဝါ၊ ထင်ရှားသောနတ်သည်မှုလည်း။ ဘဝိဿာမိ၊ ဖြစ်ရ ပါလို၏။ ဒေဝညတရောဝါ၊ မထင်ရှားသော နတ်သည်မှုလည်း။ ဘဝိဿာမိ၊ ဖြစ်ရပါလို၏။ ဣတိ၊ ဤသို့။ အညတရံဒေဝနိကာယံ၊ နတ်ပြည်တခုခုကို။ ပဏိဓာယ၊ လိုချင်သမှု ဆုတောင်းခြင်းပြု၍။ ဗြဟ္မစရိယံ၊ မြတ်သော ကုသိုလ်ကောင်းမှုနှင့် ကမ္မဋ္ဌာန်းဘာဝနာ တခုခု အကျင့်စုံကို။ စရတိ၊ ကျင့်ကြံအားထုတ် ပြုလုပ်၏။ ဘိက္ခု၊ ချစ်သားရဟန်း။ အယံ၊ ဤသို့ နတ်ဖြစ်လိုကြောင်း ဆုတောင်း

ပတ္ထနာ ပြုခြင်းအမှုကို။ အမနုဿဂ္ဂါဟော၊ နှတ်ဆယ်တင်ထားခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်, ဝိပဿနာကုသိုလ်များကို ကြိုးစားအားထုတ်ပြီးတော့ ထင်ရှားကြီးကျယ်တဲ့ နှတ်သည်ရင်း, မထင်မရှားမကြီးကျယ်တဲ့ တစုံတခုသော နှတ်သည်ရင်း, ဖြစ်ရပါလို၏လို့ ဆုတောင်းရင် (ခပ်ကျဉ်းကျဉ်းဘဲ) အဲဒါ နှတ်ဆယ်တဲ့ပုဂ္ဂိုလ်လို့ခေါ်တယ်၊ အဲဒီလို နှတ်ဆယ်ထားရင်လဲဘဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မရောက်နိုင်ပြန်ဘူးတဲ့။

တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော အမှန်သိနေဒါကို သမ္မာဒိဋ္ဌိလို့ အမည်ပေးခဲ့တယ်၊ ဝိပဿနာအလုပ်ပေးတရားဟောတဲ့နေ့က အဲဒီသမ္မာဒိဋ္ဌိကလေးဟာ ဒီသမ္မာဒိဋ္ဌိ အသိ ဉာဏ်ပညာကြောင့် တစုံတခုသော နှတ်သော်ရင်း, ပြဟ္မာသော်ရင်း, ဖြစ်ရပါလို၏လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ထဲမှာ ညွတ်ကိုင်းနေရင်ဖြင့် ဒီအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများနဲ့ ဒီယောဂီပုဂ္ဂိုလ်များကို နှတ်ဆယ်ထားပြီလို့ အဲဒီလိုမှတ်ပါတဲ့၊ နှတ်လဲဆယ်အောင် ကြိုးစားပြီးတော့ အားထုတ်မယ်လို့ ဆိုလိုတဲ့အဓိပ္ပါယ်ပါ၊ ဒီတရားအချက်အလက်တွေကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ယနေ့ ညွှန်ပြနေရဒါဟာ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ သိအောင်လို့ ညွှန်ပြနေဒါ၊ သိတော့ရှောင်နိုင်တယ်၊ မှဘ်လဲမှတ်မိအောင် မှတ်မိတော့ ရှောင်နိုင်တယ်။

## ဝဲစုတ်လို့မြုတ်ဆိုဒါ ကာမဂုဏ်၌နစ်မှု

အဲဒီအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သိသွားပြီးတဲ့နောက်အခါ ဝဲစုတ်လို့မြုပ်တယ်ဆိုဒါ ဘာခေါ်သလဲလို့--

"ကော အာဝဋ္ဋဂ္ဂါဟော"။ ။ဘန္တေ၊ ဘုန်းတော်ကြွက်ပါးသခင်ရှင်တော်မြတ်ဘုရား။ အာဝဋ္ဋဂ္ဂါဟော၊ ဝဲစုတ်လို့မြုပ်တယ်ဆိုတဲ့ သဘောသည် ကော၊ အဘယ်ပါနည်းဘုရားလို့ ရဟန်းတော်က လျှောက်ထားတော့ ဘုန်းတော်ကြွက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက--

"အာဝဋ္ဋဂါဟောတိ ခေါ ဘိက္ခု ပဥ္စန္နေတံ ကာမ ဂုဏာနံ အဓိဝစနံ"။

ဘိက္ခု၊ ချစ်သားရဟန်း အာဝဋ္ဋဂါဟောတိ တော၊ ဝဲစုတ်လို့ မြုပ်တယ်ဆိုတဲ့ ဒီအမည်သည်ကား။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ကာမဂုဏာနံ၊ ကာမဂုဏ်တို့၏။ အဓိဝစနံ၊သိစရာအမည်ပေတည်း။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးဟာ သူ့ဖာသာသူနေတဲ့အခါမှာ အာရုံဟာ အာရုံဘဲ၊မြင်လိုက်ရ, ကြားလိုက်ရ နံလိုက်ရ, စားသောက်လိုက်ရ, တွေ့ထိလိုက်ရလို့ နှစ်သက်လိုက်သည်နှင့် တပြိုင်နက် အဲဒီအာရုံတရားတွေသည် ကာမဂုဏ်ဖြစ်တယ်၊ အာရုံကတခြား ကာမဂုဏ်ကတခြား၊ အာရုံဆိုဒါက ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ၊ ကာမ ဂုဏ်ဆိုဒါက စွဲလမ်းနှစ်သက်မှု၊ ကြိုက်နှစ်သက်မှု၊ တွယ်တာခင်မင်မှု၊ အဲဒီလို အာရုံတွေ ကာမဂုဏ်တွေ ဖြစ်ပေါ်လာရင် ဒီအာရုံကာမဂုဏ်ဆိုဒါ ဝဲနဲ့ တူတယ်တဲ့။

ဒီဝဲကတော့ကြီးထဲကို ဘယ်လောက်ဘဲထည့်ထည့်, ဘာပစ္စည်းတွေဘဲ ထည့်ထည့် ထည့်သရွေ့ဟာလောက်နိုင်တယ်မရှိဘူး၊ဘယ်လောက်ဘဲများတဲ့ အရာဝတ္ထုပစ္စည်းတွေဘဲဖြစ်ဖြစ် ဒီ-ဝဲကတော့ကြီးက ပြည့်သွားပြီလို့မရှိဘူး၊ ထည့်လိုက်ရင်း မြုပ်သွားရင်းဘဲ၊ အဲသိုကလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နှစ်သက်တွယ်တာ ခင်မင်နေကြတဲ့ အာရုံငါးပါး လို့ဆိုဒါ ဘယ်တော့မှ ခံစားလို့ လက်စမတုံးနိုင်ဘူး။

မျက်စိနဲ့ ရူပါရုံ ကာမဂုဏ်ခံစားမှုဟာ ဘယ်တော့မှမဆုံးနိုင်မကုန်နိုင် ဘူး၊ ပြည့်ပါပြီ၊ တော်ပါပြီ၊ တန်ပါပြီ၊ မကြည့်ချင်တော့ပါဘူးရယ်လို့မရှိ ဘူး၊ ဒီဟာပြီးတော့ ဟိုဟာကြည့်ချင်သေးတယ်၊ ဟိုဟာပြီးတော့ ဟိုဟာ ကြည့်ချင်သေးတယ်၊ ဘယ်တော့မှမကြည့်ချင်ပါဘူးလို့မရှိဘူး၊ ဘယ်တော့ မှ မကြားချင်တော့ပါဘူးလို့မရှိဘူး၊ မနမ်းချင်တော့ပါဘူး, မစားချင် တော့ပါဘူးရယ်လို့မရှိဘူး၊ ဒါလေးကောင်းရိုးနိုး, ဟိုဒင်းလေးကောင်း နိုးနိုး စားချင်သေးတယ်၊ ဒီနေ့ဝတော့ နောက်ဘခါ စားချင်ပြန်ဒါဘဲ၊

ဘာယ်ႇတော့မှကြည့်လို့မဝ၊ နားထောင်လို့မဝ၊ စားလို့မဝ၊ နမ်းလို့ရှူလို့ မဝ၊ တွေ့ထိလို့ မဝတဲ့ကာမဂုဏ်ဟာ ဝဋ်ကတော့ကြီးနဲ့တူတယ်။

အဲဒီ-ကာမဂုဏ် တည်းဟူသောဝဋ်ကတော့ကြီးထဲကိုများ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အမှန်ကိုသိနေတဲ့ သမ္မာဒိဋ္ဌိကလေး ကျသွားရပြီ၊ ဒီ-ဝဲစုတ်ရင် ကာမဂုဏ်ဝဲစုတ်လို့ မြုပ်သွားရင် သမ္မာဒိဋ္ဌိ ကလေးနိဗ္ဗာန်ကို ရောက်ပါအုံးမလား၊ နိဗ္ဗာန်ဘက်ကို ညွှတ်နိုင် ကိုင်းနိုင် ရှိုင်းနိုင်ပါအုံးမလား၊ အဲဒါကြောင့် ကာမဂုဏ်ကို အဝေးကရှောင်ရမယ်။

ဒီ-ကာမဂုဏ်တွေကိုရှောင်ကြဉ်ပုံရှောင်ကြဉ်နည်းကတော့ဖြင့် အင်မတန် ဟောဘို့ကောင်းတဲ့ ကာမာဒီနဝတွေ အင်မတန်ပေါပါတယ်၊ နိက္ခမဆန္ဒာ- သယဓာတ်ခံရင့်သန့်တဲ့ပုဂ္ဂိုလ်များမှာ အဲဒီ-ကာမဂုဏ်များရဲ့ အပြစ်အာဒီနဝ ကို မြင်နိုင်တယ်၊သတ္တဝါတွေဟာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေဋ္ဌဗ္ဗာ ရုံ, အတွက် နေ့ရှိသရွေ့ ပင်ပန်းဆင်းရဲနွမ်းနယ်နေကြဒါတွေ, လုယက်တိုက် ဖျက်နေကြဒါတွေ, တယောက်နှင့်တယောက်သတ်ဖြတ် နေကြဒါတွေဟာ ဘယ်သူ့အတွက်လဲ၊ မှန်းလို့မဟုတ်ဘူး၊ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများ လိုချင်စရာရှိတဲ့ ကာမဝတ္ထု ကာမဂုဏ်တွေကြောင့်သတ် ကြ, ဖြတ်ကြ, လုကြ, ယက်ကြ-အဲဒီလိုတွေဖြစ်နေတယ်။

ဘာ့ပြုလို့လဲဆိုတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီး များမှာရှိနေတဲ့ ပစ္စည်းတွေက လူတိုင်းကလိုချင်တယ်၊ လူတိုင်းကနှစ်သက် တယ်၊ အဲသလို လူတိုင်းလိုချင်, လူတိုင်းနှစ်သက်တဲ့ ပစ္စည်းသည် ကာမ ဂုဏ်ဖြစ်တယ်၊ အဲဒီ ကာမဂုဏ်ကြီးကို ကိုယ်က လက်ခံသိမ်းပိုက်ထားတော့ ဟိုလူကလိုချင်၊ ဒီလူကလိုချင်၊ မရရင်သတ်ကြတော့ဒါဘဲ၊ ဒါကိုသား တစ်ဥပမာပေးပြီး မြတ်စွာဘုရားဟောထားတဲ့ အချက်တွေလဲရှိပါတယ်၊ ရှည်နေမှာစိုးလို့ နောက်များအကြောင်းသင့်မှ ထည့်ပြောကြပါစို့ရဲ့။

အတွင်းပုပ်ဆွေးဆိုဒါ ယုတ်မာသောအကျင့်ရှိမှု

အတွင်းပုပ်ဆွေးနေတယ်ဆိုဒါ ဘာခေါ်ပါသလဲဆိုတော့—

"ကော အန္တောပူတိဘာဝေါ"။ ။ဘန္တေ၊ ဘုန်းတော် ခြောက်ပါးသခင် ရှင်ပင်မြတ်ဘုရား။ အန္တော ပူတိဘာဝေါ၊

အတွင်း၌ ပုပ်ဆွေးသည်၏ အဖြစ်ဟူသည်။ ကော၊ အဘယ်တရား၏ အမည်ပါနည်းဘုရား။—

လို့ ရဟန်းတော်ကလျှောက်တော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က-

"ဣဓ ဘိက္ခု ကေစ္စော ဒုဿီလော ဟောတိ ပါပ-ဓမ္မော အသုစိ သင်္ကဿရသမာစာရော ပဋိစ္ဆန္နကမ္မန္တော အဿမဏော သမဏပဋိညော အဗြဟ္မစာရီ ဗြဟ္မစာရိပဋိ-ညော အန္တောပူတိ အဝဿုတော ကသမ္ဗုဇာတော၊ အယံ ဝုစ္စတိ ဘိက္ခု အန္တောပူတိဘာဝေါတိ"။

ဘိက္ခု၊ ချစ်သားရဟန်း။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ကေစ္စော၊ အချို့သောရဟန်းသည်။ ဒုဿီလော၊ သီလမရှိသည်။ ဟောတိ၊ ဖြစ်၏။ ပါပဓမ္မော၊ ယုတ်မာသောသဘောရှိ၏။ အသုစိသင်္ကဿရသမာစာရော၊ မစင်ကြယ်သည်ဖြစ်၍ ယုံမှားအပ်သော အကျင့်ရှိ၏။ပဋိစ္ဆန္နကမ္မန္တော၊ ဖုံးကွယ်ထားသော အမှုရှိ၏။အဿ မဏော၊ ရဟန်းမဟုတ်ဖဲလျက်။ သမဏပဋိညော၊ ရဟန်းဟု ဝန်ခံ၏။ အဗြဟ္မစာရီ၊ မြတ်သောအကျင့်ကိုကျင့်နေသူမဟုတ်ပဲလျက်။ ဗြဟ္မစာရိ ပဋိညော၊ မြတ်သောအကျင့်ကို ကျင့်နေသူဟု ဝန်ခံ၏။ အန္တောပူတိ၊ အတွင်းသဘောပုပ်၏။ အဝဿုတော၊ ကိလေသာမိုးရေစွတ်စိုလျက်ရှိ၏။ ကသမ္ဗုဇာတော၊ ကိလေသာအမှိုက်သရိုက်ရှိ၏။ ဘိက္ခု၊ ရဟန်း။ အယံ၊ ဤသို့သောသဘောကို။ အန္တော-ပူတိ ဘာဝေါတိ၊ အတွင်း၌ပုပ်ဆွေးသည်၏အဖြစ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ချစ်သား....အတွင်းက ပုပ်ဆွေးနေတယ်ဆိုဒါ ဘာခေါ်တာလဲလို့ ဆိုတော့ ယုံမှားသံသယရှိလောက်တဲ့ အကျင့်ရှိသော ဒီပုဂ္ဂိုလ်ဟာ "ပဋိစ္ဆန္နကမ္မန္တာ"-ဖုံးလွှမ်းထားတဲ့ အပြစ်တွေရှိတယ်၊"ဒုဿီလော"-သီလမရှိဘူး၊ အင်မတန်ဒီအချက်ဟာ လိုပါတယ်၊အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ မင်္ဂဉာဏ်,ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ဉာဏ်ကိုယူချင်ရင်ရချင်ရင် ဒီသမ္မာဒိဋ္ဌိ

ကလေးကို "သီလာနုဂ္ဂဟိတာစဟောတိ"-စေတောဝိမုတ္တိ, ပညာဝိမုတ္တိဖြစ်ဘို့ရန်အတွက် သီလနဲ့ချီးမြှောက်ပေးရမယ်လို့ဆိုဒါ ရှင်သာရိပုတ္တရာကြီးကိုယ်တော်တိုင် ရှင်မဟာကောဋ္ဌိကနဲ့ အမေးအဖြေပြုတဲ့အခါ ဟောထားဒါရှိပါတယ်-မဟာဝေဒလ္လသုတ္တန်မှာ၊ နောင်-အကြောင်းသင့်ရင်ဖြင့် မဟာဝေဒလ္လသုတ္တန်ကို ဟောပေးပါအုံးမယ်၊ မဟာဝေဒလ္လသုတ္တန်ကို တသုတ်လုံး ဘုန်းကြီးကိုယ်တိုင်ဟောပြီးတော့ ကြိုးသွင်းထားတဲ့ကြိုးခွေတွေလဲရှိနေပါတယ်။

အဲဒီ သီလနဲ့မချီးမြှောက်သေးသရွေ့ကာလပတ်လုံး သီလသာပျက်ကွက်နေမယ်ဆိုရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တိုးတဲ့သဘော, တွန်းတဲ့သဘောကိုသိနေတဲ့ အမှန်သိ၍ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်ဘက်ကို မရောက်နိုင်တော့ဘူး၊ နိဗ္ဗာန်ဘက်ကို မညွတ်နိုင် မကိုင်းနိုင် မရှိုင်းနိုင်တော့ဘူးတဲ့။

"အဗြဟ္မစာရီ ဗြဟ္မစာရိပဋိညော"- တရားအားမထုတ်ဘဲနဲ့ တရားအားထုတ်သယောင်ဆောင်တယ်၊ သီလမရှိဘဲနဲ့ သီလရှိသယောင်ဆောင်တယ်၊ သမာဓိမရှိဘဲနဲ့ သမာဓိရှိသယောင်ဆောင်တယ်၊ မိမိသန္တာန်မှာ တခါတရံမှ မဖြစ်ဘူးသေးတဲ့ မဂ်တရားတွေ, ဖိုလ်တရားတွေ ရှိသယောင်ဆောင်တယ်၊ အကျင့်မြတ်ရှိသူမဟုတ်ဘဲနဲ့ ဟုတ်သယောင် ဆောင်တယ်၊ မတတ်ဘဲနဲ့ တတ်သယောင်ဆောင်တယ်၊ ကိုယ့်မှာ သမာဓိ မပြည့်စုံသေးဘဲနဲ့ သမာဓိ ပြည့်စုံနေသယောင်ယောင်၊ ဝိပဿနာပညာတွေမပြည့်စုံသေးဘဲနဲ့ ဝိပဿနာ ပညာတွေ ပြည့်စုံနေသယောင်ယောင် အထင်မှောက်မှားပြီးတော့ မိမိကိုယ်ကို မိမိလှည့်ပတ် ဖြားယောင်းနေတယ်၊ အဲဒီပစင်ကြယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါသောကြောင့် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ သိနေတဲ့ သမ္မာဒိဋ္ဌိသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ဘက်ကိုမညွတ်နိုင်မကိုင်းနိုင်မရှိုင်းနိုင်တော့ဘူးလို့အဲဒီလိုမိန့်တော်မူပါတယ်။

## အဂ်ါရှစ်ပါးလွတ်လျှင် နိဗ္ဗာန်ဝင်

အဲဒီလို မိန့်တော်မူပြီးတဲ့နောက် ဒီအကြောင်း ၈-ချက်က လွန်မြောက်သွားရင်ဖြင့်-

"ဇဝံ တုမ္ဟေ ဘိက္ခဝေ နိဗ္ဗာနနိန္နာ ဘဝိဿထ နိဗ္ဗာန–
ပေါဏာ နိဗ္ဗာန ပဗ္ဘာရာ"။

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့....။ ဇဝံ၊ဤသို့တိုးတဲ့
သဘော, တွန်းတဲ့သဘော ဖြစ်တဲ့ အမှန်ကိုသိနေတဲ့ သမ္မာဒိဋ္ဌိဖြစ်
သည်ရှိသော်။ တုမ္ဟေ၊ သင်တို့သည်။ နိဗ္ဗာနနိန္နာ၊ နိဗ္ဗာန်ဘက်ကို
ညွတ်နေသည်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်ဘက်ကို ကိုင်းနေသည်။
နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်ဘက်ကိုရှိုင်းနေသည်။ ဘဝိဿထ၊ မုချမသွေ
ဖြစ်ကြရကုန်လိမ့်သတည်း။

(သာဓု–သာဓု–သာဓု)

အဲဒီလိုမြတ်စွာဘုရားသခင် ဒါရုက္ခန္ဓောပမသုတ္တန်ဟောပြီးလို့ နိဂုံးချုပ်တဲ့အခါမှာ အနားမှာရှိတဲ့ နန္ဒအမည်ရှိတဲ့နွားကျောင်းသားက "အရှင်ဘုရား တပည့်တော် ဒီဘက်ကမ်းလဲ မတင်ပါဘူး၊ ဟိုဘက်ကမ်းလဲမကပ်ပါဘူး–စသည်ဖြင့် ဒီအင်္ဂါ ၈–ချက်က လွန်မြောက်ပါပြီ၊ တပည့်တော် ရဟန်းပြုပါရစေ"လို့ ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သားနန္ဒ....သင်ရဲ့ နွားတွေကိုနွားရှင်ထံပြန်အပ်ချေအုံး" လို့ မိန့်တော်မူတော့ အရှင်ဘုရား နွားတွေ သူ့ဟာသူ ပြန်သွားကုန်ပါပြီ၊ ပြန်သွားပေမဲ့ သင့်နွားတွေကို နွားရှင်ထံပြန်အပ်ချေအုံးလို့ မြတ်စွာဘုရားက နှစ်ကြိမ်မြောက်မိန့်တော်မူတဲ့အခါ အဲဒီ–နန္ဒအမည်ရှိတဲ့ နွားကျောင်းသားသည် နွားတွေကို နွားရှင်ထံပြန်အပ်ပြီးပြန်လာတော့မှ မြတ်စွာဘုရားရဲ့ အထံမှာ ရဟန်းပြုလို့ ရဟန္တာပုဂ္ဂိုလ်များတို့တွင် တပါးအပါအဝင်ဖြစ်ပြီး ရှင်နန္ဒထေရ်ရယ်လို့ ဖြစ်တော်မူပါတယ်။

## နိဂုံး ဆုပေး

ဤသို့ ဝိပဿနာအလုပ်ပေးတရားမှာ အတွင်းအာရုံရှင်းတမ်းနဲ့ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်မှာ လာတဲ့ ဒါရုက္ခန္ဓောပမသုတ္တန် တရားဒေသနာတော်ကို ရိုသေစွာနာခံမှတ်သားရခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်ကံစေတနာတို့ကြောင့်ငှင်း၊ သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါ ၅–ပါးနှင့်ပြည့်စုံသော သီလတော်မြတ်တို့ကိုကောင်းမွန်ရှိသေစွာ ခံယူဆောက်တည်

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ

# နိမိတ်ရှင်းတမ်း

နှင့်

# ကစ္စာနဂေါတ္တ သုတ္တန်တရားတော်

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၄)

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတာသ မထေရ်မြတ်သည် ၁၃၂၇-ခု၊ တပေါင်းလဆန်း ၁၃-ရက်နေ့ (၄-၃-၆၆) ညအချိန်၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာပါဠိတော်ဟောစဉ် အမှတ် (၄) ဖြစ်သော ဤ "နိမိတ်ရှင်းတမ်း" နှင့် နိဒါနဝဂ္ဂသံယုတ် ပါဠိတော် အာဟာရဝဂ်၌ လာသော "ကစ္စာနဂေါတ္တသုတ္တန်တရားတော်" ကို ဟောကြားတော်မူသည်။

# နိမိတ်ရှင်းတမ်း

## ပရိကမ်ပြုရန်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ပရိကမ်ပြုတဲ့ စာရွက်ကလေးတွေပါကြရဲ့လား....(ပါပါတယ်ဘုရား)။

အားလုံး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပရိကမ်ပြုတဲ့စာရွက်ကလေးတွေပါကြရဲ့လား....(ပါပါတယ်ဘုရား)။

အဲဒီ-ပရိကမ်ပြုတဲ့ စာရွက်ကလေးတွေကို ကြည့်ထားပါ၊ မျက်လုံးကို အောက်ချထားပါ၊ မျက်လုံးကို ကမ္မဋ္ဌာန်းအားထုတ်တဲ့အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများနဲ့ တူအောင် ဇူနွေကိုကြီးကြီးမားမားထားပါ၊ စိတ်ကိုအပြင်အာရုံတွေ, အတွင်းအာရုံတွေ မရောက်ပါစေနဲ့၊ နဂိုရ်က ပေးထားချက်ဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ် အာရုံဖြစ်တဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော အမှန်ရှိတဲ့တရားကို အာရုံပြုပြီးတော့ အဲဒီ-ပရိကမ်ပြုဒါကလေးလို ဘုန်းကြီးက ချပေးမယ်၊အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက လိုက်ဆိုပါ၊ အထက်ပိုင်း ဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား၊ ကိုင်း-အားလုံးလိုက်ဆိုကြ။

မှတ်ချက်။ ။နောက်ကပရိကမ်ပြုနည်းအတိုင်း ပရိကမ်ပြုပါ။

## တိုးတဲ့သဘော တွန်းတဲ့သဘော

အားလုံး ခန္ဓာကိုယ်ကိုဖြောင့်ဖြောင့်ထား၊ ဘယ်ဘက်လက်ဝါးကလေး ပေါ် ညာဘက်လက်ဝါးကလေးထပ်ထား၊ လက်မချင်းလဲထိထား၊ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုဖြောင့်ဖြောင့်ထားပါ၊ ဖြောင့်ဖြောင့်ထားပြီးတော့ ဝိပဿနာအလုပ်ပေးတရားဟောခဲ့တဲ့နေ့က ပေးထားချက်ဖြစ်တဲ့ ဝါယော လေဓာတ်ရုပ်ပရမတ်ရဲ့ တိုးတဲ့သဘော,တွန်းတဲ့သဘော,တွန်းကန်တဲ့သဘော ကလေးကို အာရုံပြု၊ အဲဒီလိုအာရုံပြုလိုက်တဲ့အခါမှာ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးဟာ အသက်ရှူတိုင်း ရှူတိုင်း, အသက်ပြန်ရှိုက်တိုင်း ရှိုက်တိုင်း တိုးတယ် တွန်းတယ် ဆိုတဲ့သဘောကလေးကို အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများ တွေ့နေသလား၊ တွေ့မနေဘူးလား....(တွေ့နေပါတယ်ဘုရား)။

အခု-ဘုန်းကြီးပေးတဲ့သဘောဟာ သင်တန်းပေးတဲ့သဘောမျိုး လုပ်ပေးနေဒါပါ၊ ကမ္မဋ္ဌာန်းခွင်ကိုဝင်ပြီးတော့ အားထုတ်နေဒါ မဟုတ်သေးဘူး၊ နောင်ကို မိမိတို့အသီးသီး အားထုတ်ကြတဲ့အခါမှာ အားထုတ်တတ်အောင်လို့ ရှင်းတမ်းပေးနေတဲ့သဘောပါ၊ အဲဒါကြောင့် ဘုန်းကြီးကမေးလိုက်တဲ့အခါမှာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက သိသလို သွက်သွက်လက်လက် ပြန်ပြီးတော့ ဖြေဒါဟာ ပိုပြီးကောင်းပါတယ်၊ ဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ အခု-တွေ့နေသလား၊ တွေ့မနေဘူးလား.... (တွေ့နေပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တွေ့နေဒါဟာ မျက်လုံးနဲ့တွေ့နေဒါလား....(မဟုတ်ပါဘုရား)။

လက်နဲ့စမ်းကြည့်ရင်ကော တိုးတဲ့သဘော, တွန်းတဲ့သဘောကို တွေ့မလား....(မတွေ့ပါဘုရား)။

ခန္ဓာကိုယ်နဲ့ကော တိုးတဲ့သဘော,တွန်းတဲ့သဘောလေးကိုတွေ့မလား.... (မတွေ့ပါဘုရား)။

ဉာဏ်သိနဲ့တော့ တွေ့သလား၊ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

ပရမတ္ထအာရုံဝိပဿနာအာရုံဆိုဒါမျက်တွေ့,လက်တွေ့,ကိုယ်တွေ့,အတွေ့သုံးမျိုးနဲ့တွေ့ရဒါလား၊ဉာဏ်နဲ့တွေ့ရဒါလား.... (ဉာဏ်နဲ့တွေ့ရဒါပါဘုရား)

ကိုယ်တွေ့ဝိပဿနာနဲ့ ဉာဏ်တွေ့ဝိပဿနာ ဘယ်ဝိပဿနာက မှန်သလဲ.... (ဉာဏ်တွေ့ဝိပဿနာက မှန်ပါတယ်ဘုရား)။

သဘောကျပလား....(ကျပါပြီဘုရား)။

အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘောကို ပါဠိလိုခေါ်ရင် ပရမတ်၊ ဘာတဲ့လဲ....(ပရမတ်ပါဘုရား)။

အဲဒီ-ပရမတ်ဆိုတဲ့ စကားလုံးကို ဗမာလိုပြန်ခေါ်လိုက်ရင် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့သဘောကို ခေါ်တယ်။

အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ တိုးတဲ့သဘော, တွန်းတဲ့သဘော ဘည်းဟူသော အမှန်ရှိအဟုတ်ရှိကို သိနေသလား၊ သိမနေဘူးလား ... (သိနေပါတယ်ဘုရား)။

## ပရမတ်, ပညတ် ခြားနားချက်

ပရမတ်ကိုသိနေတာလား၊ ပညတ်ကိုသိနေဒါလား.... (ပရမတ်ကိုသိနေဒါပါဘုရား)။

ပရမတ်ဆိုဒါ အဟုတ်ရှိ အမှန်ရှိ၊ ပညတ်ဆိုဒါက သမုတ်သောအားဖြင့်ရှိ၊ နွားသီးဖျား,နူတ်ခမ်းဖျားလို့ဆိုဒါ သမုတ်သောအားဖြင့် ရှိတဲ့အရှိ၊ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်တဲ့ ခါး, ပေါင်, ရင်, ဝမ်း, ဥဒကွောင်း အစရှိဒါတွေဟာ သမုတ်သောအားဖြင့် ရှိတဲ့အရှိ၊ အသား, အရေ, အကြော, အရိုး, ရိုးတွင်းခြင်ဆီဆိုဒါ သမုတ်သောအားဖြင့် ရှိတဲ့အရှိ၊ ပရမတ်ဆိုဒါ သဘာဝအားဖြင့် အဟုတ်ရှိ,အမှန်ရှိ, တကယ်ရှိ၊ အဲဒီ-အဟုတ်ရှိ, အမှန်ရှိဆိုတဲ့ ပရမတ်တရားနဲ့ သမုတ်သောအားဖြင့် ရှိဆိုတဲ့ပညတ်တရား အဲဒီဘရား နှစ်ပါးတို့ရဲ့ ခြားနားချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာတရားကို အားထုတ်မယ်ဆိုရင် ဝိပဿနာကို အားမထုတ်မီရှေ့အဘို့က ကွဲကွဲပြားပြားသိထားရမယ်။

ဒီ·ပရမတ္ထတရားနဲ့ပညတ်တရားရဲ့ ခြားနားချက်ဘာလဲလို့ဆိုရင် ပရမတ္ထတရားဆိုဒါဉာဏ်နဲ့စိုက်ပြီးတော့ရှာလေလတွေလေဘဲ၊အဲဒီလိုဉာဏ်နဲ့ရှာလေလတွေလေဆိုတဲ့ သဘာဝဟာပရမတ်၊ သမုတ်သောအားဖြင့် ရှိတဲ့ပညတ်သဘောဆိုဒါ ဉာဏ်နဲ့စိုက်ရှာလေ ပျောက်သွားလေဘဲ၊ အဲဒီလိုအသိဉာဏ်နဲ့ရှာလေလေ ပျောက်သွားလေလေဖြစ်တဲ့ သဘောဟာ ပညတ်သဘော၊ အဲဒီလို ဉာဏ်နဲ့ရှာလေလေတွေလေလေနဲ့ ဉာဏ်နဲ့ရှာလေလေ ပျောက်လေလေတို့ရဲ့ ခြားနားချက်ဟာ ပရမတ်, ပညတ်တရားနှစ်ပါးတို့ရဲ့ ခြားနားချက်လို့ ဒီလိုမှတ်ပါ။

ပရမတ် ပညတ်တို့ရဲ့ခြားနားချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကွဲကွဲပြားပြား သိသွားပလား ...(သိပါပြီဘုရား)။

ဖြေပါ ဖြေပါ၊ ပရမတ် ပညတ်တို့ရဲ့ခြားနားချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကွဲကွဲပြားပြား သိသွားပလား.... (သိပါပြီဘုရား)။

ပရမတ်ဆိုဒါဉာဏ်နဲ့ ရှာလေတွေ့လေ၊ ပညတ်ဆိုဒါ ဉာဏ်နဲ့ရှာလေပျောက်လေ၊ ဉာဏ်နဲ့ရှာလို့တွေ့ဒါနဲ့ ဉာဏ်နဲ့ရှာလိုက်ရင် ပျောက်သွားဒါ-ဒီတရားနှစ်ခုတို့ရဲ့ ခြားနားချက်ကို ကွဲကွဲပြားပြားသိရင် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ ပရမတ် ပညတ်ကို သိသွားပြီလို့ ဒီလိုမှတ်ပါ။

## နိမိတ်ဆိုဒါ အရိပ် အရောင် ပုံသဏ္ဍာန်

ဒီကနေ့ည အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများကို ရှင်းတမ်းပေးရမှာက နိမိတ်ရှင်းတမ်း၊ ဘာရှင်းတမ်းတဲ့လဲ....(နိမိတ်ရှင်းတမ်းပါဘုရား)။

နိမိတ္တ....နိမိတ်၊ အရိပ်အရောင် ပုံပန်းသဏ္ဍာန် အသွင်အပြင်သဘောတရားကို နိမိတ်လို့ခေါ်တယ်။

နိမိတ္တလို့ခေါ်တဲ့ ပါဠိစကားကို ဗမာလိုပြန်ပြောမယ်ဆိုရင် အမှတ်အသားလို့ ဒီလိုခေါ်နိုင်ပါတယ်၊ တနည်းအားဖြင့် နိမိတ္တဆိုတဲ့ စကားလုံးဟာ အရိပ်အရောင် အသွင်အပြင် ပုံပန်းသဏ္ဍာန်ကို နိမိတ္တလို့ခေါ်နိုင်ပါတယ်၊ ပုံပန်းသဏ္ဍာန်အသွင်အပြင်ကို ဘယ်လိုခေါ်သလဲ....(နိမိတ်လို့ခေါ်ပါတယ်ဘုရား)။

အဲဒီနိမိတ်များဟာ တကယ်ရှိတဲ့သဘောလား, တကယ်မရှိတဲ့သဘောလားလို့ဆိုရင် သူကတကယ်မရှိတဲ့သဘော၊ အဟုတ်ရှိသလား,မရှိဘူးလားလို့ဆိုရင် အဟုတ်မရှိတဲ့သဘော၊ နိမိတ်ဆိုဒါနဲ့ ပညတ်ဆိုဒါ အတူတူဘဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နိမိတ္တပုံပန်းသဏ္ဍာန် အသွင်အပြင် အရိပ်အရောင် ထင်ရောင်ထင်မှားသဘောမျိုးတွေကိုဝိပဿနာတရားအားထုတ်တဲ့အခါမှာ အဟုတ်ရှိ တကယ်ရှိ မဟုတ်ဘဲနဲ့ အဲဒီ-အရိပ်အရောင် အသွင်အပြင် ပုံပန်းသဏ္ဍာန်များကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ တွေ့ကတတ်တယ်။

တွေ့တတ်တယ်ဆိုဒါ အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်းလားလို့ဆိုတော့ မဟုတ်ဘူး၊ ဝိပဿနာတရားကို အားထုတ်တဲ့အခါမှာ နိမိတ်တွေ့တဲ့ ပုဂ္ဂိုလ်မှတွေ့တယ်၊ မတွေ့တဲ့ပုဂ္ဂိုလ်က မတွေ့ဘူး၊

နောက်ညတွေက ရှင်းတမ်းပေးခဲ့တဲ့ အပြင်အာရုံတို့, အတွင်းအာရုံတို့ဆို ဒါကတော့ဖြင့် အမျိုးကောင်း သားတိုင်း, အမျိုးကောင်း သမီးတိုင်း တရားအားထုတ်ရင် တွေ့ရမဲ့လမ်းစဉ်ဘဲ၊ မတွေ့ဘဲရှောင်လွှဲလို့ရတဲ့လမ်းစဉ်မဟုတ်ဘူး၊ နိမိတ်ဆိုဒါကတော့ ပေါ်ချင်မှပေါ်တယ်၊ မပေါ်ချင်ရင် မပေါ်ဘူး၊ မိမိကတမင်ကလာကြံဖန်ပြီးတော့ နိမိတ်ကို ယူဒါဆိုရင်တော့ ပေါ်ဒါများပါတယ်၊ အဓိပ္ပါယ်ကဘာ့ နှာသီးဖျား, နှုတ်ခမ်းဖျားဆိုဒါ နိမိတ်၊ နှာသီးဖျား နှုတ်ခမ်းဖျားဆိုဒါဘာခေါ်သလဲ....(နိမိတ်ပါဘုရား)။

## နိမိတ်အမျိုးမျိုးထင်

နှာသီးဖျားကို တမင်ကလာ အာရုံပြုမယ်ဆိုရင် နိမိတ်တွေ့မယ်၊ ခေါင်းကိုအာရုံပြုကြည့်မယ်ဆိုရင် တွေ့မယ်။ လက်ခြေကို အာရုံပြုကြည့်မယ်ဆိုရင် တွေ့မယ်၊ ဒီသဘောတရားတွေဟာ နိမိက်တွေချည်းဘဲ၊ တခါ ဒါ့ထက်ပိုပြီးတော့ ထူးဆန်းတဲ့နိမိတ်တွေက ဘာတဲ့လဲ၊ တရားအားထုတ်နေတဲ့အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ တခါတရံ မျက်လုံးကိုမှိတ်ပြီးတော့ တရားအားထုတ်နေပေမဲ့ အဲဒီမျက်လုံးထဲမှာ လက်နှိပ်ဓာတ်မီးနဲ့ ထိုးလိုက်သလိုဝင်းကနဲ-လက်ကနဲ လျှပ်စီးများလက်သလို ဝင်းကနဲ-လက်ကနဲ အရောင်ကလေးတွေ ဘာလေးတွေ ပေါ်ပေါက်လာတတ်ပါတယ်၊ဒါပေမဲ့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တိုင်းမှာ ပေါ်ဒါမျိုးတော့မဟုတ်ပါဘူး၊ တချို့ ပေါ်တတ်ပါတယ်၊ ပေါ်တဲ့ပုဂ္ဂိုလ်မှပေါ်တယ်၊ မပေါ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ မပေါ်ဘူး။

ပေါ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အတွက် ဒီ-နိမိတ်ထင်လာခဲ့လို့ရှိရင် တခါတရံမှာ ဘုရားစေတီ, တခါတရံမှာ အသုဘကောင်, တခါတရံမှာ အရိုးစု, တခါတရံမှာ ဘယ်လိုတွေ့တတ်သလဲလို့ဆိုရင် ခေါင်းကသေးသေးလေး, ခန္ဓာကိုယ်ကြီးက အကြီးကြီး,တခါတရံမှာ ခန္ဓာကိုယ်ကသေးသေး, ခေါင်းနဲ့မျက်ခွက်ကြီးကအကြီးကြီး, တခါတရံမှာ အဲဒီမျက်ခွက် မျက်နှာကြီးက ထူပြစ်ပြစ်ကြီး, ပိန်းပိန်းကြီး, တခါတရံမှာ တော့ အင်မတန်သာယာဘွယ်ကောင်းတဲ့ တိမ်ခိုးတိမ်လိပ်တွေထဲမှာ နေရသလို, တခါတရံမှာ ကိုယ်ခန္ဓာတခုလုံး ဆိုပြီးဘော့ ထိုင်နေရာဖြစ်တဲ့ကြမ်း

ပြင်နဲ့ မိမိကိုယ်နဲ့ မသိတော့ဘူး–ဆိုတဲ့ သဘောမျိုးတွေ အင်မတန်နူးညံ့သိမ်မွေ့တဲ့ တိမ်ခိုးတိမ်လိပ်ကြီးတွေထဲမှာ ထိုင်နေရသလိုလို၊ အဲဒီလိုတိမ်ခိုးတိမ်လိပ်ကြီးတွေထဲမှာ ထိုင်နေရသလို ဖြစ်တော့မယ်လို့ဆိုတော့ တိမ်ခိုးတိမ်လိပ်တွေ မီးခိုးတွေလို တက်တက် တက်တက် လာဒါတွေကို ရှေးဦးစွာမြင်တတ်ပါတယ်။

အဲဒီလို တိမ်ခိုးတိမ်လိပ်တွေလို့၊ တိမ်တောင်ကြီးတွေလို့၊ အဲ–အနီတွေအဝါတွေ၊ အပြာတွေ၊ အစိမ်းတွေဟာ အင်မတန်ဘဲ ကြည့်လို့ ကောင်းတတ်ပါတယ်၊ အဲဒီလို–ကြည့်လို့ကောင်းတဲ့ အာရုံကြီးတွေ ပေါ်ပေါက်ပြီးတော့–ကိုယ်– ကိုယ်တိုင်ဘဲ အဲဒီ–တိမ်ခိုးတိမ်လိပ်ကြီးထဲမှာ စီးနေရသလို၊ ခန္ဓာဆိုယ်ထဲမှာဖြစ်နေတဲ့အခါ ဘယ်လိုထင်ရသလဲဆိုတော့ ငြိမ့်ပြီးတော့ဉဇ္ဇာဘုန်းကြီးတို့ လေယာဉ်တွေ စီးသွားတဲ့အခါ လေလှိုင်းနဲ့တွေ့လို့ ငြိမ့်ကနဲ ငြိမ့်ကနဲ ဖြစ်ဖြစ်သွားသလို နေတတ်ပါတယ်၊ အဲဒီလို တွေ့တဲ့သဘောတွေဟာ အားလုံးနိမိတ်ကြီးဘဲလို့မှတ်ပါ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့အခါမှာ ဒီလိုနိမိတ္တသဘောကို စိတ်ရောက်သွားတတ်တဲ့သဘောတွေရှိပါတယ်၊ နိမိတ်ဟာနှစ်မျိုးနော်–

(၁) ဥဂ္ဂကွောင်း, ရင်, ဝမ်း, နှာသီးဖျား, နှုတ်ခမ်းဖျား, လက်, ခြေခုံးစွန်း, ဒူးစွန်း စတဲ့ နေရာတွေကလဲ နိမိတ်တွေဘဲ၊ ဒါကိုပုံပန်းသဏ္ဌာန် နိမိတ်လို့ခေါ်တယ်။

(၂) ခုနကပြောခဲ့တဲ့ ခတ်မီးရောင်လို, နေရောင် လရောင်တွေလို့, တိမ်ခိုးတိမ်လိပ်တွေလို့, အသုဘကောင်တွေ, အရိုးစုတွေလို့, နောက်ပြီးတော့ ဟောကြီးကောင်ကြီးတွေ ပြိုးပြိုးပြက်ပြက်တွေ မျက်လုံးထဲမှာ လက်လက်လက်လက်နဲ့ကြယ်ရောင်တွေ ဒီသဘောမျိုးတွေဟာလဲနိမိတ်တွေပါဘဲ၊ ဒါကိုအာရုံနိမိတ်လို့ခေါ်တယ်။

## နှစ်သက်စရာနှင့် ကြောက်စရာနိမိတ်များ

အဲဒီလို နိမိတ်သဘောတွေနဲ့ တွေ့နေတဲ့အချိန်မှာ တခါတရံမှာ အင်မတန်နှစ်သက်ဖွယ်ကောင်းတဲ့ သန့်ရှင်းကြည်လင်တဲ့ နိမိတ်တွေကို တွေ့နေရတယ်၊ အဲဒီ

နိမိတ်မျိုးဆိုရင် အပြင်ဘက်မှာ ပကတိမျက်လုံးနဲ့ မြင်ရတာထက်ပိုပြီးတော့ ကြည်လင်တယ်၊ ပြတ်သားတယ်၊ အင်မတန် နှစ်သက်စရာ ကောင်းတဲ့ ပန်းတော,ပန်းဥယျာဉ်ကြီးတွေထဲမှာ တခါတရံ ရောက်နေတဲ့အခါ အဲဒီ ပန်းတော, ပန်းဥယျာဉ်ကြီးတွေမှာရှိတဲ့ ပန်းပွင့်ကလေးတွေရဲ့ နီပုံ,ပန်းရွက် ကလေးတွေရဲ့ စိမ်းပုံကလေးတွေဟာ အစိမ်းကလေးဆိုခဲ့လို့ရှိရင်လဲ ပကတိ မျက်လုံးနဲ့မြင်ရတဲ့ အစိမ်းရောင်ကလေးထက် ပိုပြီးတော့ သူက ကြည်လင် တယ်,ပြတ်သားတယ်။

အနီရောင်, အဝါရောင် အပြာရောင်ကလေးတွေကို မြင်မယ်ဆိုရင်လဲ ပကတိမျက်လုံးနဲ့မြင်ရတဲ့ အနီရောင်, အပြာရောင်, အဝါရောင်ကလေးတွေ ထက်ပိုပြီးတော့ သူက ကြည့်ကြည်လင်လင်,ပြတ်ပြတ်သားသားဖြစ်တယ်၊ အဲဒီတော့ ဒီလိုနိမိတ္တသဘောမှာဆိုရင် အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများရဲ့စိတ်ဟာ ဒီလို ကြည်ကြည်လင်လင်, ပြတ်ပြတ်သားသား ဖြစ်တဲ့နိမိတ်တွေကို တွေ့နေရတဲ့အခါမှာ နှစ်သက်စရာကလေးတွေ ဆိုရင် သိပ်နှစ်သက်တယ်၊ အဲဒီနိမိတ်ထဲက ခွါကိုမခွါချင်ဘူး၊ ထွက်ကိုမထွက် ချင်ဘူး။

တရံတခါမှာတော့ ကြောက်စရာ, လန့်စရာဖြစ်တဲ့ အသုဘကောင်ကြီး တွေ, စောစောပိုင်းက ဘုန်းကြီးပြောခဲ့တဲ့ ခန္ဓာကိုယ် သေးသေးနဲ့ ဥက္ကောင်းကြီး ကြီးကြီးတွေ, ဥက္ကောင်းသေးသေးနဲ့ ခန္ဓာကိုယ်ကြီး ကြီး ကြီးတွေ, ဗျစ်ထူကြီးတွေ, ထူပိန်းပိန်းကြီးတွေ အဲဒီလိုကိုယ်မကြိုက်နှစ်သက် တဲ့ ကိုယ့်အကြိုက်နဲ့မညီတဲ့ ကြောက်စရာ, လန့်စရာသဘောတွေ, အရိုးစု အသုဘကောင်တွေကိုတွေ့နေပြန်တယ်၊သေတဋ္ဌိက-ဖွေးဖွေးမြူနေတဲ့ အရိုးစု အသုဘကောင်များကို တွေ့တဲ့အခါမှာဆိုရင် ပကတိမျက်လုံးနဲ့မြင်ရတဲ့အရိုး စုများထက် သူကပိုပြီးတော့ ကြည်လင်တယ်၊ ပြတ်သားတယ်။

ကြောက်စရာကောင်းတဲ့ နိမိတ်ကိုတွေ့နေပြန်တဲ့အခါမှာလဲ ပကတိမျက် လုံးနဲ့မြင်ရတဲ့ ကြောက်စရာ ကောင်းဒါထက် ပိုပြီးတော့ သူက ကြောက် စရာလိုဖြစ်လာတယ်၊ အဲဒီလိုနိမိတ်ရဲ့ အရှိန်အဝါများဟာ ကြောက်စရာ ကောင်းတဲ့နိမိတ်တို့, နှစ်သက်စရာကောင်းတဲ့ နိမိတ်တို့တွေ့ပြီးတဲ့အခါမှာ

ဆိုရင် တရားအားထုတ်ပြီးလို့ တရားအားထုတ်ခွင်က ထွက်လာသည့် တိုင်အောင်တောင်မှ ဒီ-နိမိတ်များဟာ ရုတ်တရက်မပျောက်သေးဘဲနဲ့ မျက်လုံးထဲမှာ တရေးရေးပေါ်လျက် ရှိနေတတ်ပါသေးတယ်၊ တရံတခါမှာ မိမိရဲ့ခန္ဓာကိုယ်ထဲက ရင်ဘတ်ကြီးကွဲထွက်သွားပြီးတော့ အူတွေ၊ အသဲတွေ၊ နှလုံးကျောက်ကပ်တွေကိုများ ပြန်ပြီးတော့ မြင်နေတတ်တဲ့ သဘောမျိုး ရှိလဲ ရှိတတ်ပါသေးတယ်၊ မြင်လဲမြင်တတ်ပါသေးတယ်။

## နိမိတ်ထင်လျှင် သမာဓိကောင်းလာပြီ

အဲဒီလို နိမိတ်မျိုးတွေ တွေ့လာရင် မြင်လာရင် ဒီပုဂ္ဂိုလ်မှာ သမာဓိ အတော်အတန်တော့ ကောင်းလာပြီလို့မှတ်ရမယ်၊ အပြင်အာရုံကိုပျံ့လွင့်တဲ့ ပုဂ္ဂိုလ်နဲ့စာရင် အတွင်းအာရုံမှာ ပျံ့လွင့်တဲ့ပုဂ္ဂိုလ်က သမာဓိပိုကောင်းတယ်၊ အခုနိမိတ္တသဘောမှာ ဆိုလို့ရှိရင် အပြင်အာရုံ၊ အတွင်းအာရုံတွေကို မရောက်တော့ဘဲနဲ့ နိမိတ္တသဘောကို ရောက်လာတယ်ဆိုဒါ ပိုပြီးတော့ သမာဓိကောင်းလာလို့ မှတ်ပါ။

အဲဒီလိုနိမိတ္တသဘောကို အမျိုးကောင်း သားများ၊ အမျိုးကောင်း သမီးများရဲ့စိတ် ရောက်သွားတယ်ဆိုဒါဟာ ဘယ်လိုကြောင့် ဘယ်လိုဖြစ်ထာလဲလို့ဆိုတော့ အမျိုးကောင်းသားများ၊အမျိုးကောင်းသမီးများ ပုထုဇဉ် သတ္တဝါများရဲ့ စိတ်ဆိုဒါ အမြဲတမ်းအဖော်နဲ့ သူကနေလေ့ရှိပါတယ်၊ အဲဒီလို သူနေနေကျ အဖော်ကဘာလဲလို့ဆိုတော့ များသောအားဖြင့် ပညတ် အဖော်ပါ၊ တသံသရာလုံးက ဒီစိတ်ဟာ ပညတ်ဆိုတဲ့အဖော်နဲ့ ချည့် သူနေလာခဲ့ပါတယ်၊ ပရမတ်အဖော်နဲ့ သူဟာသိပ်မနေခဲ့ရပါဘူး။

အဲဒီလို ပရမတ်အဖော်နဲ့ သိပ်မနေခဲ့ရဓာ ပညတ်အဖော်နဲ့ချည့်နေလာဒါများတော့ ပညတ်ကိုအင်မတန် အစွဲသန်နေပါတယ်၊ အခုအမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများက သူ့ကို ထိန်းလိုက်တဲ့အခါကျတော့ ပရမတ်အာရုံနဲ့ တွေ့ပေးလိုက်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ညွှန်ကြားပြသ ဆုံးမပေးထားတော်မူတဲ့အတိုင်း ပရမတ်အာရုံပေါ်ကို တင်ပေးလိုက်လို့ ပရမတ်အာရုံနဲ့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများရဲ့ စိတ်ကို ထိန်းလဲပေးလိုက်ရော သူယူနေကျအာရုံမဟုတ်

တော့ ဒီ–အာရုံကို ကောင်းကောင်းမယူချင်ဘူး၊ ယူလဲမယူတတ်ဘူး၊ ယူနေကျလဲမဟုတ်ဘူး။

ဒီလို ပရမတ်အာရုံကို ယူနေကျမဟုတ်တော့ ယူနေကျဖြစ်တဲ့ ပညတ်ဖြစ်တဲ့ အပြင်အာရုံဘက်ကိုလဲ သွားတယ်၊ ပညတ်ဖြစ်တဲ့ အတွင်းအာရုံဘက်ကိုလဲသွားတယ်၊ အဲဒီလိုသွားတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘာလုပ်သလဲ၊ သွားဒါကိုပြန်ပြီးတော့ ထိန်းသလားမထိန်းဘူးလား....(ထိန်းပါတယ်ဘုရား)။

အဲဒီလို ထိန်းပါများတော့ သူကမသွားရတော့ဘူး၊ သူယူချင်ဒါက ပညတ်အာရုံ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ထိန်းပြီးတော့ သူ့ကိုပေးတာက ပရမတ်အာရုံဆိုတော့ ထိန်းပါများရင် သူက အဲဒီအပြင်အာရုံတွေ, အတွင်းအာရုံတွေကို မသွားရတော့ဘူး၊ သူယူချင်တဲ့ ပညတ်အာရုံတွေ မယူရတော့ဘူး၊ မယူရတော့ သူဘယ်လို လုပ်သလဲ ဆိုတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ ကိုယ်ယူနေကျ ပညတ်အာရုံကိုလဲ သူ့ာမယူနိုင်၊ ပရမတ်အာရုံဘက်ကိုလဲ သူက တိတိကျကျ မရောက်သေးတော့ အဲဒီကြားကာလ အတောအတွင်းမှာပညတ်တွေကို စိတ်ကူးတော့ဒါဘဲ။

## နိမိတ်ဆိုဒါ အဟုတ်မရှိ ပညတ်သိ

ခုနကပြောခဲ့တဲ့ အဟုတ်မရှိ,အမှန်မရှိ, တကယ်မရှိထဲ့ တိမ်ခိုး၊ တိမ်လိပ်တွေ အသုဘတွေ, အင်မတန်ကောင်းတဲ့ ပန်းဥယျာဉ်ကြီးတွေ, အင်မတန်သာယာဘွယ်ကောင်းတဲ့ နေရာတွေ, စေတီတွေ, ပုထိုးတွေ, အဟုတ်မရှိ, အမှန်မရှိတာတွေကို သူယူလာတော့ဒါဘဲ၊ ဒါတင်မကသေးဘဲ ခုနကပြောခဲ့တဲ့ ခေါင်းတို့, လက်တို့, ခြေတို့, ဝမ်းတို့ဆိုတဲ့ ရုပ်အစစ်မဟုတ်တဲ့အရိပ်ရုပ်တွေကို သူယူလာတော့တယ်၊ အဲဒီအရိပ်ရုပ်တွေကိုလဲ နိမိတ္တလို့ခေါ်ပါတယ်။

တကယ်မရှိတဲ့ အရောင်တွေ, အလင်းတွေ အဟုတ်မရှိ, အမှန်မရှိ, တကယ်မရှိတဲ့ တိမ်ခိုးတိမ်လိပ်တွေလိုဟာတွေဘုန်းကြီးအစောပိုင်းကပြောခဲ့တဲ့ နိမိတ္တအာရုံတွေကို သူကလှမ်းယူတယ်၊ ဘာပြုလို့လှမ်းယူသလဲ ဆို

တော့ ပရမတ်အာရုံကိုလဲ မယူတတ်သေး၊ လောကသမုတိအားဖြင့် ခေါ်ထားတဲ့ ပညတ်အာရုံတို့ကိုလဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ထိန်းထားတဲ့အတွက် မသွားရလေတော့ အဲဒီ-ပညတ်အာရုံက ထွက်လာတဲ့ နိမိတ္တအာရုံကို သူ လှမ်းပြီးတော့ယူပါတယ်၊ အဲဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ နိမိတ္တအာရုံကိုပျံ့လွင့်ပြီးနေတယ်လို့ ဒီလိုယူပါတယ်။

## နှစ်သက်လျှင် လောဘ မနှစ်သက်လျှင်ဒေါသ

အဲဒီလို နိမိတ္တအာရုံကို ပျံ့လွင့်နေတော့ တခါတရံမှာ အင်မတန်နှစ်သက်တဲ့ နိမိတ်, တခါတရံမှာ ကိုယ်မနှစ်သက်တဲ့ နိမိတ်ဟာ အမည်အမျိုးအစားတွေများပေမဲ့ ခွဲခြမ်းလိုက်တော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်က ကြိုက်တတ် နှစ်သက်တယ်ဆိုတဲ့ နိမိတ်နဲ့မကြိုက်ဘူး မနှစ်သက်ဘူးဆိုတဲ့ နိမိတ်-ဒီနှစ်မျိုးဘဲရှိတယ်။

အဲဒီနိမိတ်နှစ်မျိုးမှာ ကြိုက်တယ်ဆိုတဲ့ နိမိတ်နဲ့ တွေ့နေရင် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ လောဘဖြစ်ခွင့်ရသွားသလား၊ ရမသွားဘူးလား....(ရသွားပါတယ်ဘုရား)။

လောဘဖြစ်ခွင့်ရသွားတော့ ကြိုက်တယ်, နှစ်သက်တယ်ဆိုတဲ့ လောဘနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ် တွဲလိုက်တော့ ဒီစိတ်ဟာ ဘာစိတ်ဖြစ်သလဲ၊ (လောဘစိတ်ပါဘုရား)။

အဲဒီ-လောဘစိတ်ဟာ နိဗ္ဗာန်ဆောင်မလား၊ အပါယ်ဆောင်မလား.... (အပါယ်ဆောင်ပါတယ်ဘုရား)။

အဲဒီလို လောဘစိတ်ဖြစ်ရတာ ဘာကြောင့်လဲ၊ နိမိတ်၌ စိတ်ပျံ့လွင့်လို့၊ တခါတရံမှာ ကိုယ်ကြိုက်တဲ့နိမိတ်ကြီးတွေနဲ့တွေ့၊ အင်မတန် ကြောက်စရာကောင်းတဲ့ နိမိတ်နဲ့တွေ့၊ အဲဒီလိုတွေ့နေတဲ့အခါ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများရဲ့စိတ်ဟာ ဒေါသကိလေသာ ဖြစ်ခွင့်ရသွားသလား ရမသွားဘူးလား....(ရသွားပါတယ်ဘုရား)။

ဟော-ကိလေသာဖြစ်ခွင့်ရသွားပြန်ပြီ၊ အဲဒီလို ဒေါသကိလေသာ ဖြစ်ခွင့်ရသွားရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်

ဟာ ဘာနဲ့တွဲတဲ့စိတ်လဲ၊ ဒေါသနဲ့ တွဲတဲ့စိတ် ဖြစ်သွားသလား၊ ဖြစ်မသွားဘူးလား....(ဖြစ်သွားပါတယ်ဘုရား)။

ဒေါသနဲ့ တွဲတဲ့စိတ်ဖြစ်သွားရင် ဒေါသနဲ့တွဲတဲ့စိတ်က ဘယ်လိုဆောင်သလဲ....(အပါယ်ကို ဆောင်ပါတယ်ဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပညတ်အာရုံဖြစ်တဲ့ နိမိတ်ကို စိတ်ပျံ့လွင့်ဒါဟာ နှစ်သက်စရာရယ်, မနှစ်သက်စရာရယ်လို့ နိမိတ်နှစ်မျိုးအပြင် တခြားနိမိတ်များရှိသေးသလား မရှိဘူးလား....(မရှိပါဘုရား)။

နှစ်သက်စရာနိမိတ်နဲ့ တွေ့ရင် ဘာဖြစ်သလဲ၊ လောဘကိလေသာဖြစ်ခွင့်ရမယ်၊ မနှစ်သက်စရာဖြစ်တဲ့နိမိတ်နဲ့တွေ့ရင် ဘာဖြစ်မလဲ၊ ဒေါသ ကိလေသာဖြစ်ခွင့်ရမယ်၊ ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နိမိတ္တအာရုံမှာ စိတ်ပျံ့လွင့်နေဒါ ကောင်းသလား မကောင်းဘူးလား....(မကောင်းပါဘုရား)။

ဘာဖြစ်လို့မကောင်းသလဲ....(ကိလေသာဖြစ်ခွင့်ရလို့ပါဘုရား)။

ကဲ-ဒါဖြင့်ကောင်းပြီ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပဌမသိနေဒါက ဘာကိုသိနေဒါလဲ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ်အာရုံ၊ အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိတဲ့ ပရမတ်တရားကို သိနေသလား၊ သိမနေဘူးလား.... (သိနေပါတယ်ဘုရား)။

အဲဒီလို အဟုတ်ရှိ, အမှန်ရှိ, တကယ်ရှိဖြစ်တဲ့ တရားကို သိနေရာကနေပြီးတော့ နိမိတ္တသဘောကို စိတ်ရောက်သွားတဲ့အခါ နိမိတ်ဆိုဒါက အဟုတ်ရှိ, အမှန်ရှိဒါလား၊ သမုတ်သောအားဖြင့် ရှိဒါလား... (သမုတ်သောအားဖြင့် ရှိဒါပါဘုရား)။

အဟုတ်ရှိရဲ့လား, အမှန်ရှိရဲ့လား....(မရှိပါဘုရား)။

အဟုတ်မရှိ, အမှန်မရှိကို ပရမတ်လို့ ခေါ်သလား၊ ပညတ်လို့ခေါ်သလား....(ပညတ်လို့ခေါ်ပါတယ်ဘုရား)။

## နိမိတ်ကိုဆင်ခြင်နေလျှင် သမာဓိရှဲဘေးရန်

အဲဒီ-ပညတ်အာရုံကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ရောက်သွားတော့ ပရမတ်အာရုံပေါ်မှာ ဒီ-စိတ် နေသေးသလား၊ မနေတော့ဘူးလား....(မနေတော့ပါဘုရား)၊ မနေတော့ဘူး။

ဘာပြုလို့မနေသလဲဆိုတော့ နိမိတ်မှာသွားပြီးတော့ ဆင်ခြင်နေမိလို့။

"နိမိတ္တံ အာဝဇ္ဇတော အဿာသေ စိတ္တံ ဝိကမ္ပတိ သမာဓိဿ ပရိပန္ထော" (လို့ပါဠိတော်မှာ လာပါတယ်)။

နိမိတ္တံ၊ ပညတ်ဖြစ်တဲ့နိမိတ်ကို။ အာဝဇ္ဇတော၊ ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ အဿာသေ၊ တိုးတဲ့သဘော တွန်းတဲ့သဘော တည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ် အာရုံ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်အန္တရာယ်ပင်တည်း။

နိမိတ်ကို ဆင်ခြင်ရင် အဿာသဝင်လေရဲ့ တွန်းကန်မှုပရမတ်၌ တုန်လှုပ်တဲ့အတွက် သမာဓိရဲ့အန္တရာယ်ဘဲတဲ့၊ တုန်လှုပ်တယ်ဆိုကာ မတည်ဘူးလို့ဆိုတယ်၊ ဒီနေရာမှာလဲဘဲ အဲဒီပါဠိတော်ကိုဖွင့်ပြတဲ့ အဋ္ဌကထာဆရာက-

"နိမိတ္တန္တိ အဿာသ ပဿာသာနံ ဖုသနဋ္ဌာနံ၊ အဿာသပဿာသာ ဟိ ဒီဃနာသိကဿ နာသာပုဋံ ဃဋ္ဋေန္တာ ပဝတ္တန္တိ၊ ရဿနာသိကဿ ဥတ္တရောဋ္ဌံ၊ ယဒိ ဟိ အယံ ယောဂီ နိမိတ္တမေဝ အာဝဇ္ဇတိ၊ တဿ နိမိတ္တမေဝ အာဝဇ္ဇမာနဿ အဿာသေ စိတ္တံ ဝိကမ္ပတိ၊ န ပတိဋ္ဌာတီတိ အတ္ထော၊ တဿ တသ္မိံ စိတ္တေ အပတိဋ္ဌိတေ သမာဓိဿ အဘာဝတော တံ ဝိကမ္ပနံ သမာဓိဿ ပရိပန္ထော" (လို့မိန့်တော်မူခဲ့ပါတယ်)။

နိမိတ္တန္တိ၊ နိမိတ်ဟူသည်ကား။ အဿာသ-ပဿာသာနံ၊ ဝင်လေထွက်လေတို့၏။ ဖုသနဋ္ဌာနံ၊ ထိသွားတဲ့နေရာတည်း။ ဟိ၊ ထင်ရှားစေဦးအံ့။ အဿာသ-ပဿာသာ၊ ဝင်လေထွက်လေတို့သည်။ ဒီဃနာသိကဿ၊ နှာခေါင်းရှည်သူအား။ နာသာပုဋံ၊ နှာခေါင်းဖူ

နှာသီးဖျားကို။ဃဋ္ဋေန္တာ၊ ထိကုန်လျက်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ရဿနာသိကဿ၊ နှာခေါင်းတိုသူအား။ ဥတ္တရောဋ္ဌံ၊ အထက်နှုတ်ခမ်းဖျားကို။ဃဋ္ဋေန္တာ၊ ထိကုန်လျက်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဟိ၊ မှန်၏။ ယဒိ၊ အကယ်၍။ အယံယောဂီ၊ ဤယောဂီပုဂ္ဂိုလ်သည်။ နိမိတ္တဝသေ၊ နိမိတ်ကိုသာလျှင်။ အာဝဇ္ဇတိ၊ ဆင်ခြင်ငြားအံ့။ နိမိတ္တဝသေ၊ နိမိတ်ကိုသာလျှင်။ အာဝဇ္ဇမာနဿ၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ အဿာသေ၊ဝင်လေဟူသော အာရုံ၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။ နပတိဋ္ဌာတိ၊ မတည်။ ဣတိအတ္ထော၊ ဤကား ဆိုလိုရင်းအနက်တည်း။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ စိတ္တေ၊ စိတ်သည်။တသ္မိံ၊ ထိုဝင်လေဟူသော အာရုံ၌။ အပတိဋ္ဌိတေ၊ မတည်သည်ရှိသော်။ သမာဓိဿ၊ သမာဓိ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။တံဝိကမ္ပနံ၊ ထိုစိတ်၏တုန်လှုပ်ခြင်းသည်။သမာဓိဿ၊သမာဓိ၏။ပရိပန္ထော ဘေးရန်အန္တရာယ်တည်း။

အဓိပ္ပါယ်ကတော့ ဒီနေရာမှာ နိမိတ်ဆိုဒါ ထွက်လေ ဝင်လေတို့ရဲ့ ထိရာဌာနကိုခေါ်ပါတယ်၊ အဲဒီ–ထိရာဌာနဆိုဒါ နှာခေါင်းရှည်ကဲ့ ပုဂ္ဂိုလ်များအတွက်ဆိုရင် နှာသီးဖျားတဲ့၊ နှာခေါင်းတိုတဲ့ ပုဂ္ဂိုလ်များကျတော့ အထက်နှုတ်ခမ်းလို့ ပြပါတယ်၊ အကယ်၍ ယောဂီပုဂ္ဂိုလ်ဟာ ခုပြောတဲ့ နိမိတ်ကို ဆင်ခြင်ရင် သုံးသပ်စဲ့ကိုင်နေမယ်ဆိုရင် တွက်လေရဲ့ တွန်းကန်မှုသဘော၌ စိတ်ဟာ တုန်လှုပ်မယ်–မတည်ငြိမ်ဘူးလို့ ဆိုပါတယ်၊ အဲဒီလို စိတ်မတည်ငြိမ်ရင် သမာဓိမရှိနိုင်ဘူး၊ အဲဒီတော့ စိတ်ဟာ တုန်လှုပ်လာပါတယ် တုန်လှုပ်လာရင် သမာဓိရဲ့ အန္တရာယ်ဖြစ်တယ်လို့ အဋ္ဌကထာဆရာ ပြပါတယ်၊ အဲဒီ–အဋ္ဌကထာဆရာကြီး ပြသလို ဒီနိမိတ်မှာသွားပြီး ဆင်ခြင်မိရင် ပရမတ်အာရုံ လွတ်သွားသလား၊ လွတ်မသွားဘူးလား.... (လွတ်သွားပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ပရမတ်အာရုံပေါ်မှာ တည်သေးသလား၊ မတည်ဘူးလား....(မတည်ပါဘုရား)။

မတည်ရင် ဒီပရမတ်အာရုံပေါ်မှာ သမာဓိရအုံးမလား၊ မရတော့ဘူးလား....(မရတော့ပါဘုရား)။

သမာဓိရဲ့ အန္တရာယ်ဖြစ်သွားပြီ၊ ဒါဖြင့် အဲဒီလို-နိမိတ်ကို စိတ်ရောက်သွားရင် သမာဓိပျက်သလား၊မပျက်ဘူးလား....(ပျက်ပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဝိပဿနာကို အားထုတ်တဲ့နေရာမှာ ရှုဆဲခဏ၌ တည်နေသော ခဏိက သမာဓိမပါရင် ဖြစ်သလား၊ မဖြစ်ဘူးလား....(မဖြစ်ပါဘုရား)။

## နိမိတ်မှ စိတ်ကိုပြန်ခေါ်

ဒါဖြင့် အဲဒီ-သမာဓိ ပျက်မသွားအောင် နိမိတ်အာရုံကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ရောက်သွားခဲ့လို့ရှိရင် ဘာလုပ်မလဲ၊ ရောက်မှန်းသိရင် ကိလေသာဖြစ်ခွင့်မရအောင်င် ဒီနိမိတ်သို့ ရောက်နေတဲ့စိတ်ကို ပြန်ပြီးတော့ခေါ်ရမယ်၊ ပြန်ခေါ်ရင် စိတ်ကပြန်လာပါ့မလား....(လာပါတယ်ဘုရား)။

အတွင်းအာရုံ, အပြင်အာရုံတို့ကတောင်မှ ပြန်လာသေးဒါဘဲ၊ နိမိတ်ကလဲ ပြန်လာပါတယ်၊ ဒါပေမဲ့ တခါတရံမှာ သူက ဘယ်လိုလုပ်သလဲလို့ဆိုတော့ သူယူထားတဲ့ နိမိတ်အာရုံကို—ဟို အတွင်းအာရုံ, အပြင်အာရုံတို့လို မဟုတ်ဘဲနဲ့ အဲဒီ-နိမိတ်မှာ ပျံ့လွင့်တဲ့စိတ်ကို ပြန်ခေါ်တဲ့အခါ သူချည့်ပြန်မလာဘူး၊ ဒီ-နိမိတ်ကျတော့ အင်မတန် စွဲလမ်းနေပြီး ဖြစ်သောကြောင့် အဲဒီ-သူယူထားတဲ့ ပညတ်နိမိတ်နဲ့ အတူတူတွဲပြီးတော့ ပြန်ခေါ်လာတယ်၊ စိတ်ရယ်, နိမိတ်ရယ် နှစ်ခုစလုံးလာတယ်၊ ဒီတော့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက ဘယ်သူ့ကိုပြန်လက်ခံချင်သလဲ၊ နိမိတ်တော့ သူလက်မခံချင်ဘူး၊ လက်မခံချင်တော့ ဘယ်လိုလုပ်ရမလဲ၊ အဲဒီ နိမိတ်ကို နိမိတ္တသဘောရဲ့ အပြစ်ကိုမြင်အောင်ကြည့်ပြီးတော့မှ စိတ်ချည့်ပြန်ပြီးတော့ ဆွဲခေါ်ရမယ်။

ဒီနေရာမှာ အင်မတန် အခွဲခက်တဲ့နေရာပါ၊ မလွယ်ပါဘူး၊ ဆရာသမားများ သင်ကြားပြသထားတဲ့အတိုင်း ဒီ-နိမိတ်ဟာ အဟုတ်ရှိဒါမဟုတ်ပါဘူး၊ အမှန်ရှိဒါမဟုတ်ဘူး၊ ငါကြည့်နေဒါက အဟုတ်ရှိအမှန်ရှိတဲ့ သဘောကိုသာ ကြည့်နေဒါ၊ ဒီတော့ နိမိတ်ဟာ အဟုတ်ရှိအမှန်ရှိမဟုတ်ဘူး

တော်တော်ကြာ ပျောက်သွားမဲ့ဥစ္စာ၊ တော်တော်ကြာ ကမ္မဋ္ဌာန်းအာရုံ ကလွတ်လိုက်တော့ သူဟာ ပျောက်သွားသလား၊ ပျောက်မသွားဘူးလား.... (ပျောက်သွားပါတယ်ဘုရား)။

အဟုတ်ရှိလို့ ပျောက်သွားဒါလား၊ အဟုတ်မရှိလို့ ပျောက်သွားဒါ လား....(အဟုတ်မရှိလို့ ပျောက်သွားဒါပါဘုရား)။

နောက်တခါအားထုတ်တော့ ဒီ-နိမိတ်မျိုးပြန်ပေါ်ချင်မှ ပေါ်တယ်၊ ဒီကနေ့ အားထုတ်လို့ ဒီ-နိမိတ်မျိုးပေါ်ပေမဲ့ နောက်တနေ့ပြန်အားထုတ် တော့ ပေါ်ပါစေအုံး၊ပေါ်စေအုံး ဆိုပြီးလိုက်လေ မပေါ်လေဘဲ၊အဲဒီနိမိတ် ကို မျှော်လင့်တောင့်တနေရင်ဖြင့် အမျိုးကောင်းသားများ၊အမျိုးကောင်း သမီးများရဲ့စိတ်ဟာ ပရမတ်အာရုံမှာ တည်အုံးမလား၊ မတည်တော့ဘူး လား....(မတည်ပါဘုရား)။

ပရမတ်အာရုံပေါ်မှာ မတည်ဒါဟာ ကောင်းသလား၊ မကောင်းဘူး လား....(မကောင်းပါဘုရား)။

ကိုင်း-ဒါဖြင့်ကောင်းပြီ၊ အဲဒီ-နိမိတ္တသဘောကို ဒီစိတ်ပျံ့လွင့်သွားတဲ့ အကြောင်းနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက မိမိတို့ ရဲ့ စိတ်ကို ပရမတ်အာရုံကနေပြီးတော့ အဲဒီနိမိတ်သဘောကို တမင်တကာ ပို့လိုက်ထာလား၊ ကိုယ်တိုင်ပို့လိုက်ထာလား....(မဟုတ်ပါဘုရား)။

သူများက လာပို့လိုက်ထာသား....(မဟုတ်ပါဘုရား)။

သူ့ဖာသာသူရောက်သွားဒါလား၊ အကြောင်းရှိတယ်တဲ့၊ အပြင်အာရုံ အတွင်းအာရုံတို့မှာ ရှင်းတမ်းပေးခဲ့သလို နိမိတ်ကိုရောက်လာတဲ့အခါမှာလဲ နိမိတ္တအာရုံကို ရောက်တိုင်းရောက်တိုင်း ဩဘ်-ရာဂဖြစ်စရာ အာရုံတွေ, ဒေါသဖြစ်စရာအာရုံတွေနဲ့ တွေ့နေလို့ ငါ့ရဲ့စိတ်မှာ ရာဂ, ဒေါသတွေ ဖြစ် ခွင့်ရကုန်ပြန်ပြီ၊ ငါအားထုတ်နေတဲ့တရားက ရာဂ,ဒေါသ ကင်းကြောင်း ကို အားထုတ်နေတယ်၊ အခုတွေ့နေဒါက ရာဂ,ဒေါသဖြစ်ကြောင်းကို တွေ့ နေတယ်=ဆိုတာတွေကို စဉ်းစားဆင်ခြင် နှလုံးသွင်းပြီးတော့ ဒီ-နိမိတ္တ သဘောကနေပြီး စိတ်ကိုပြန်ထိန်းရမယ်။

## စိတ်ပြန်ထိန်းလျှင် အကျိုး ၅-ပါးရ

အဲဒီလိုထိန်းတဲ့အခါမှာ –

(၁) နိမိတ္တအာရုံကို စိတ်ရောက်နေတယ်လို့ဆိုတဲ့ အသိဉာဏ်ကလေး သိဒါကအကျိုးတခု။

(၂) စိတ်ကိုပြန်ပြီးတော့ခေါ်တာက အကျိုးတခု။

(၃) ပြန်ပြီးတော့ စိတ်ကလေးချည့်ပြန်လာဒါက အကျိုးတခု။

(၄) တခါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဒီ–နိမိတ္တသဘောကနေပြီးတော့ နိမိတ္တသဘောမှာ မိမိတို့စိတ်ကို မထားဘဲနဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးအပေါ်ပြန်ထားဒါက အကျိုးတခု။

(၅) အခိုက်အတန့်အားဖြင့် နိမိတ်ကိုစိတ်မပျံ့လွင့်ဘဲနဲ့တိုးတဲ့သဘော တွန်းတဲ့သဘော တည်းဟူသော ပရမတ်အာရုံ ကလေးပေါ်မှာ တည်နေဒါကအကျိုးတခု–

လို့ဆိုတော့ နိမိတ္တသဘောကို စိတ်ရောက်တိုင်း ရောက်တိုင်း အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ပြန်ပြန်ထိန်းသိမ်းပေးမယ်ဆိုရင် အဲဒီ-အကျိုးတရားငါးခုကိုရတယ်၊ ကုသိုလ် ၅–ခုရတယ်၊အမှန်တရားကိုသိတဲ့ အသိ ၅–ခုရတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်က တရား ၅-မျိုးရတယ်တဲ့။ ဘယ်နှစ်မျိုးရသလဲ....(၅-မျိုးရပါတယ်ဘုရား)။

(၁) နိမိတ်ကိုစိတ်ရောက်ရင် အပြင်အာရုံကိုဘဲ ရောက်ရောက်,အတွင်းအာရုံကိုဘဲ ရောက်ရောက်, နိမိတ်ကိုဘဲ ရောက်ရောက် ဒီအပြင်အာရုံ, အတွင်းအာရုံ နိမိတ်တွေကို စိတ်ရောက်တဲ့ အခါမှာ ရောက်မှန်းသိဒါက အမှန်တခု။

(၂) ရောက်မှန်းသိတဲ့အတိုင်း စိတ်ကိုပြန်ခေါ်ဒါက အမှန်တခု။

(၃) စိတ်က အပြင်အာရုံ, အတွင်းအာရုံ နိမိတ်ဘို့ကနေပြီးတော့ ပြန်လာဒါ ပြန်ခွါဒါက အမှန်တခု။

(၄) အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက မိမိတို့ရဲ့ စိတ်ကိုပရမတ်အာရုံပေါ် ပြန်တင်ထားဒါက အမှန်တခု။

(၅) ပရမတ်အာရုံတည်းဟူသော တိုးတဲ့သဘော, တွန်းတဲ့သဘော ပေါ်မှာ အခိုက်အတန့်ကလေးနေဒါကအမှန်တခု-

လို့ဆိုတော့ အပြင်အာရုံ, အတွင်းအာရုံ နိမိတ်ကို ရောက်တိုင်း,ရောက်တိုင်း ပြန်ထိန်းတဲ့အခါမှာအမှန်ဘယ်နှစ်ခုရသလဲ (၅-ခုရပါတယ်ဘုရား)။

အဲဒီ-အမှန် ၅-ခုဟာ တရားဘဲ၊ တရားဆိုဒါ မှန်ဒါကို တရားလို့ ခေါ်တယ်၊ တရားဆိုဒါ ဘာကိုခေါ်သလဲ... (မှန်ဒါကို ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ယနေ့သွားပြီးတော့ ကျွားကူးဓမ္မဗိမာန်ကြီးမှာ တရားသွားနာဒါ တရားရခဲ့ရှိလားလို့ ဆိုရင် ရခဲ့တယ်ပြောမလား၊ မရခဲ့ဘူးပြောမလား... (ရခဲ့ပါတယ်ပြောပါမယ်ဘုရား)။

တရားဘယ်နှစ်ခုရခဲ့သလဲမေးရင် ဘယ်လိုပြောမလဲ....(တရား ၅-ခု ရခဲ့တယ်လို့ ပြောပါမယ်ဘုရား)။

တရား ၅ ခုရဒါဟာ အမှန် ၅-ခုရဒါ၊ အဲဒီ-အမှန်ဆိုတဲ့တရားရဒါဟာ ကိုယ်နဲ့သိလို့ရဒါလား,မျက်လုံးနဲ့မြင်လို့ရဒါလား,လက်နဲ့စမ်းကြည့်လို့ရဒါလား, သို့မဟုတ် ခန္ဓာကိုယ်နဲ့သိလို့ရဒါလား, ဉာဏ်နဲ့သိလို့ရဒါလား.... (ဉာဏ်နဲ့သိလို့ရဒါပါဘုရား)။

ဉာဏ်ဆိုဒါ ပညာနော်-အမှန်ကိုသိဒါဟာ ဝိဇ္ဇာ, အမောဟ, အသိ, အလိမ်မာ, ဉာဏ်, ပညာလို့ ဒီလိုခေါ်ပါတယ်၊ အဲဒါကို သမ္မာဒိဋ္ဌိမဂ္ဂင်လို့ ခေါ်တယ်၊ ဘာမဂ္ဂင်တဲ့လဲ....(သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)။

သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဘုရားရှင်ကိုယ်တော်မြတ်က "တတ္ထ ဝါမံ မုဥ္စိတွာ ဒက္ခိဏံ ဂဏှာဟိ" လမ်းနှစ်ခွသို့ ရောက်သွားတဲ့အခါမှာ သမ္မာဒိဋ္ဌိမဂ္ဂင်ကို လက်ဝဲလမ်းလို့ ခေါ်သလား၊ လကျာလမ်းလို့ ခေါ်သလား.... (လကျာလမ်းလို့ခေါ်ပါတယ်ဘုရား။)

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က လက်ဝဲလမ်းလိုက်ရမယ်လို့ပြောသလား၊ လကျာလမ်းလိုက်ရမယ်လို့ ပြောသလား.... (လကျာလမ်းလိုက်ရမယ်လို့ပြောပါတယ်ဘုရား)။

## အမှန် ၅-ခု သမ္မာဒိဋ္ဌိစုံ

ခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ-

(၁) တိုးတဲ့သဘော,တွန်းတဲ့သဘောလေးကို အမှန်အတိုင်း သိနေဒါက သမ္မာဒိဋ္ဌိတခု။

(၂) အတွင်းအာရုံ, အပြင်အာရုံ နိမိတ်တွေမှာ ပျံ့နေတဲ့အခါ ပျံ့တယ်လို့ အမှန်အတိုင်းသိဒါက သမ္မာဒိဋ္ဌိတခု။

(၃) ပြန်ခေါ်ဒါကိုအမှန်အတိုင်းသိဒါက သမ္မာဒိဋ္ဌိတခု။

(၄) ကိုယ်ခေါ်တဲ့ ခနရာကနေပြီးတော့ စိတ်ပြန်လာဒါကို အမှန်အတိုင်းသိဒါက သမ္မာဒိဋ္ဌိတခု။

(၅) အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကိုယ်တိုင်က ပရမတ်အာရုံပေါ်ကို အမှန်အတိုင်း ပြန်ထားတဲ့အတွက် အမှန်လေးကို သိဒါက သမ္မာဒိဋ္ဌိတခု—

အဲဒီလိုပြန်ထားတဲ့အမှန်ကလေးကိုသိပြီးတော့ တိုးတဲ့သဘော, တွန်းတဲ့သဘော အမှန်ကလေးပေါ်မှာ အမှန်အတိုင်း ခေတ္တတော့ နေသေးတယ်လို့ အမှန်အတိုင်းသိဒါက သမ္မာဒိဋ္ဌိတခု၊ ဒီလိုဆိုတော့ အမှန်သိမှု ဘယ်နှစ်ခု ရသလဲ(၅-ခုရပါတယ်ဘုရား)။

အမှန်ကိုသိဒါဟာ တရားကိုသိဒါလား၊ တရားမဟုတ်ထာကိုသိဒါလား (တရားကိုသိဒါပါဘုရား)။

## လမ်းမှန်သိသူကား မြတ်စွာဘုရား

တရား၅-မျိုး သိရပြီတဲ့၊ အဲဒီနိမိတ္တသဘောကို စိတ်ရောက်သွားဒါဘာဖြစ်လို့လဲ၊ ခုနကအပိုင်းကလေး ပြန်ပြီးတော့ကြည့်ပါ၊ အပြင်အာရုံကို စိတ်ပျံ့လွင့်တဲ့အကြောင်း,အတွင်းအာရုံကို စိတ်ပျံ့လွင့်တဲ့ အကြောင်းတွေကို နောက်ည-နောက်ညတွေက ဘုန်းကြီး ရှင်းတမ်း ပေးခဲ့ပြီးပြီ၊ အခုနိမိတ်ကို စိတ်ပျံ့လွင့်ဒါဟာဘာဖြစ်လို့လဲ၊ ဘာပြုလို့ပျံ့ပါလိမ့်မလဲ၊နိမိတ်ကိုစိတ်ပျံ့လွင့်ရင်ကောင်းသလား၊ မကောင်းဘူးလားလို့ဆိုဒါ ဘုန်းကြီးတို့မေးကြည့်ရအောင်၊ ဘယ်သူ့ခမ်းမလဲ ဥပမာ လမ်းမသိတဲ့ အမျိုးသား

ရယ်, လမ်းသိတဲ့ အမျိုးသားရယ်လို့-အမျိုးသား နှစ်ယောက် ရှိတယ်၊ လမ်းမသိတဲ့အမျိုးသားက လမ်းကောင်းကိုသွားချင်ရင် လမ်းသိတဲ့အမျိုးသားကို မေးရမလား၊ မမေးရဘူးလား....(မေးရပါတယ်ဘုရား)။

အလုပ်ပေးတရား ပေးတဲ့နေ့တုန်းက ဒီ-ဥပမာကို သေသေချာချာဟော ခဲ့ပြီးပြီ၊ လမ်းမသိတဲ့သူက ဘယ်သူလဲဆိုတော့ ပုထုဇဉ်၊ လမ်းသိတဲ့သူက ဘယ်သူလဲဆိုတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်နှင့် အရိယာစတဲ့ ပုဂ္ဂိုလ်များက လမ်းသိတဲ့ပုဂ္ဂိုလ်၊ ဒါကို ပါဠိတော်မှာ"—

"မဂ္ဂ ကုသလောတိ ခေါ တိဿ တထာဂတဿေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ"။

တိဿ၊ တိဿ။ မဂ္ဂကုသလောတိ ဇော၊ လမ်းခရီး၌ ကျွမ်းကျင်တဲ့ လမ်းသိတဲ့ ပုဂ္ဂိုလ်ဟူသော ဤအမည်သည်။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်၏၊ (ဝါ) တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်၏။ အဓိဝစနံ၊ သိစရာဖြစ်တဲ့ အမည်ပေတည်း။

ဘုန်းကြီးတို့ကိုမမေးပါနဲ့၊ လမ်းသိချင်ရင် လမ်းမှန်ကိုသိချင်ရင်ဘုရားစသော အရိယာအပေါင်း သူတော်ကောင်းများကို မေးပါ၊ အဲဒီလိုမေးပါ၊ အဲဒီလိုမေးတို့ ဘုရားက အခုရှိသေးသလား....(မရှိတော့ပါဘုရား)။

ဘယ်ရောက်သွားသလဲ ...(ပရိနိဗ္ဗာန်ပြုသွားပါပြီဘုရား)။

ကောင်းပြီ၊ ပရိနိဗ္ဗာန်စံလွန်တော်မူသွားပြီ ဖြစ်သောကြောင့် ဘုရားရှင်ကိုယ်တော်မြတ်မရှိတော့ဘူး၊ မရှိတော့ ဘုန်းကြီးတို့တတွေက ဘယ်သူ့မေးမလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများနော်-သတိကြီးကြီးထားပါ၊ ဒီနေရာမှာ ကိုယ် သွားမေးတဲ့ပုဂ္ဂိုလ်က လမ်းမသိတဲ့ပုဂ္ဂိုလ်ကို သွားမေးမိရင်, သူကဖြန်းသန်းပြောလိုက်လို့ရှိရင်, ဟုတ်လိမ့်မယ်ထင်ပြီး လိုက်သွားမိရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ

အတွက် လမ်းမှားရောက်ပြီး ချောက်ကမ်းပါး မကျနိုင်ဘူးလား....(ကျနိုင်ပါတယ်ဘုရား)။

## ဘုရားကိုယ်စား တရားတော်များ

အဲဒီတော့ မမှားနိုင်တဲ့လမ်းကို တကယ်သိတယ်ဆိုတဲ့ ဘုရားရှင်ကို ဘုန်းကြီးတို့မေးရင်ဖြင့် ဘုရားကလဲ အခုမရှိတော့ဘူး၊ အဲဒီလိုဘုရားကမရှိတော့ ဘုန်းကြီးပဋ္ဌမညတွေက ပြောခဲ့တဲ့အတိုင်းဘဲ ရှင်အာနန္ဒာက "အရှင်ဘုရား ကွယ်လွန်သွားရင်ဖြင့် တပည့်တော်များ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းညွှန်ပြမဲ့ ပုဂ္ဂိုလ်ဖြင့် ဆိတ်သုဉ်းကွယ်ပျောက်သွားပြီဖြစ်သောကြောင့် ဆရာမဲ့ရပါတော့မယ်ဘုရား" လို့ ငိုကြွေးတဲ့အခါ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က—

"မာသောစိ မာပရိဒေဝိ၊ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"။

အာနန္ဒ၊ ငါဘုရား၏ ခစားလိမ်မာ အာနန္ဒာ။ မာသောစိ၊ မစိုးရိမ်ပါနှင့်။ မာပရိဒေဝိ၊ မငိုကြွေးပါနှင့်။ မယာ၊ သင်တို့ကိုယ်စား ငါဘုရားသည်။ ဓမ္မောစ၊ သုတ်အဘိဓမ္မာတရားတော်ကိုရင်း။ ဝိနယောစ၊ ဝိနည်းတရားတော်ကိုရင်း။ ဒေသိတော၊ ဟောတော်မူအပ်ခဲ့ပေပြီ။ ပညတ္တော၊ ပညတ်တော်မူထားခဲ့ပေပြီ။ သော၊ ကိုသုတ်, ဝိနည်း, အဘိဓမ္မာတရားတော်တွေသည်။ မမစ္စယေန၊ ငါဘုရားကွယ်လွန်တော်မူသောအခါ၌။ ဝေါ-တုမှာကံ၊ သင်ချစ်သားအပေါင်းတို့၏။ သတ္ထာ၊ ဆရာသည်။ ဟေဿတိ၊ ဖြစ်တော်မူလတ္တံ့။

ငါဘုရားမရှိပေမဲ့ ငါဘုရားဟောခဲ့တဲ့ ပါဠိတော်တွေရှိတယ်တဲ့၊ အဲဒီပါဠိတော်တွေကို မေးကြည့်ရင် ဘုန်းကြီးတို့လမ်းမှန်ကိုသိမယ်၊ အခုနိမိတ္တသဘောနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီး ရှင်းတမ်း ပေးခဲ့တဲ့နေရာမှာ နိမိတ်ကို အာရုံပြု့သွားရင် ကိလေသာတွေ ဖြစ်ခွင့်ရတဲ့အတွက် မကောင်းဘူး၊ သမာဓိမရတော့ဘူးလို့ ဆိုဒါ ဟုတ်ကဲ့လား၊ ဟုတ်ပမလားလို့ ဘုန်းကြီး

ပြောခဲ့တဲ့အတိုင်း ဘုန်းကြီးပြောလို့ ဟုတ်ထာဓဟုတ်ဘူး၊ ဘုန်းကြီးက ဘုန်းကြီးအပြောနဲ့ ပြောနေဒါမဟုတ်ဘူး၊ဘုန်းကြီးရဲ့အသိဉာဏ်နဲ့ ပြောနေ ဒါမဟုတ်ဘူး၊ ပါဠိတော်ကလာတဲ့အတိုင်း ဘုန်းကြီးတို့က ပြန်ပြောပြ နေဒါ။

ဒီ-ကျောင်းကူးစမ္မဗိမာန်ကြီးမှာ ဘုန်းကြီးအခုပေးနေတဲ့ ဝိပဿနာအလုပ် ပေးတရားဟာ သေသေချာချာမှတ်ပါနော်၊ ဘယ်သူ့မူလဲ,ဘယ်သူ့နည်းလဲ လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို မေးကြလိမ့်မယ်၊ ဟာ-ကျောင်းကူးစမ္မဗိမာန်မှာ အခု-ထူးကြီးဆရာတော် ဦးဝဏ္ဏိသရ တရား ပြနေတယ်၊ တရားဟောနေတယ်လို့ ပြောတယ်၊ ဘယ်သူ့မူနဲ့ပြောနေသလဲ ဘယ်သူ့မူနဲ့ ဟောနေသလဲ၊ အဲဒီလိုမေးကြလိမ့်မယ်။

## ဤဝိပဿနာ ဘုရားမူ, ပါဠိတော်မူ

အဲဒီလိုမေးရင် ဘုန်းကြီးရဲ့အဖြေကတော့ ဘုန်းကြီးကိုယ်တိုင်သိတဲ့ မူလဲ မဟုတ်ပါဘူး၊ ဘယ်ပုဂ္ဂိုလ်ရဲ့မူမှလဲ မဟုတ်ပါဘူး၊ ဘယ်ဆရာမူမှလဲ မဟုတ် ပါဘူး၊ ဘယ်ဆရာနည်းမှလဲ မဟုတ်ပါဘူး ပါဠိတော်မူပါ၊ ပါဠိတော် နည်းပါ၊ ဘုန်းကြီးပိုင်မူ၊ ဘုန်းကြီးပိုင်နည်းလဲမဟုတ်ပါဘူး၊ ဘုန်းကြီးပိုင် တဲ့မူ, ဘုန်းကြီးပိုင်တဲ့နည်းရယ်လို့လဲ ဝိပဿနာအလုပ်ပေးစခန်းမှာ ရှိကို မရှိပါဘူး။

အခုပေးတဲ့မူဟာ ပါဠိတော်မူပါ၊ ဒီတော့ - အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကလဲ ဖြေရမယ်၊ ဟာ-မင်းတို့ ဒီ-ထူးကြီးဆရာ တော် ဟောနေတဲ့တရားကို သွားနာနေတယ် မဟုတ်လား၊ ဘယ်သူ့မူ ဘယ်သူ့နည်းနဲ့, ဘယ်ဆရာတော့်မူ ဘယ်ဆရာတော့်နည်းနဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းကို ပေးနေသလဲလို့မေးရင် ဘယ်သူ့မူမှမဟုတ်ဘူး၊ ဘယ်သူ့ နည်းမှမဟုတ်ဘူး၊ ဘယ်ဆရာတော့်နည်းမှ မဟုတ်ဘူး၊ ဘယ်ဆရာတော့် မူမှမဟုတ်ပါဘူး၊ ပါဠိတော်မူနဲ့ ပါဠိတော်နည်းနဲ့ ပေးနေတယ်၊ အဲဒီလိုဖြေ ဆိုပါ။

ထူးကြီးဆရာတော် မူလားလို့ဆို မဟုတ်ဘူး၊ ထူးကြီး ဆရာတော် ဦးဝဏ္ဏိသရရဲ့ မူလားလို့ဆို-မဟုတ်ဘူး၊ ထူးကြီးဆရာတော် ဦးဝဏ္ဏိသရမှာ

ပေးစရာမှုကိုမရှိဘူး၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီမှုဟာ ဘယ်သူ့မှုလဲ....(ပါဠိတော်မှုပါဘုရား)။

အဲဒီ ပါဠိတော်မှုကို ခု- အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကြိုက်ရင်- ဒါပါဠိတော်ကို ကြိုက်ထာဘဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက - ဒီမှုကိုကြိုက်ရင် ပါဠိတော်မှုကို မကြိုက်ထာဘဲ၊ ဘုန်းကြီးနဲ့ ဘာမှမဆိုင်ဘူး၊ ထူးကြီးဆရာတော် ဦးဝဏ္ဏိဿရနဲ့ အဲဒီမှုနဲ့ ဘာမှမဆိုင်ဘူး။

အဲဒီတော့ ဘုန်းကြီးဟောတဲ့ဒီမှုကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ကဲ့ရဲ့ရင် ဘုန်းကြီးကိုကဲ့ရဲ့ဒါမဟုတ်ဘူး၊ ပါဠိတော်မှုကို ကဲ့ရဲ့ဒါ၊ အဲဒီမှုကို ကောင်းပါတယ်လို့ ချီးမွမ်းရင်လဲ ဘုန်းကြီးကို ချီးမွမ်းဒါမဟုတ်ပါဘူး၊ ပါဠိတော်ကို ချီးမွမ်းဒါ၊ အဲဒါကြောင့် ဘုန်းကြီးမှာ ဒီမှုကို ခုညွှန်ပြနေရတဲ့အတွက် အင်မတန်သက်သာတယ်၊ အခုဟောနေဒါဟာ ပရိသတ်ကြိုက်အောင်လို့ ဘုန်းကြီးဟောနေဒါ မဟုတ်ဘူး၊ ပရိသတ်ကြိုက်တာများကို ဘုန်းကြီးမဟောပါဘူး၊ ဘုရားကြိုက်တဲ့ ဘုရားမှုအတိုင်းဟောနေဒါပါ၊ အဲဒါကြောင့် ဘုန်းကြီးခုပြောနေတဲ့ မှုဟာ ပရိသတ်ကြိုက်အောင် ပရိသတ်စွဲသွားအောင် ပရိသတ်နှစ်သက်အောင် ဒီလိုဟောဒါမဟုတ်ပါဘူး။

ဘုန်းရှင်ကိုယ်တော်မြတ်ရဲ့ သာသနာတော်မှာ သာသနာ့ဝန်ကို ထမ်းနေရတဲ့ သာသနာ့ဝန်ထမ်းတယောက်အနေနဲ့ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ မှုကိုသာလျှင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို တင်ပြနေခြင်းဖြစ်ပါတယ်၊ အဲဒါကြောင့် ဒီ-နိမိတ္တအာရုံကို စိတ်ပျံ့လွင့်သွားပုံဟာ ကောင်းသလား မကောင်းဘူးလား....(မကောင်းပါဘုရား)။

မကောင်းဘူးလို့ ဘုန်းကြီးကပြောခဲ့ပေမဲ့ဘယ်သူ့မှုနဲ့ပြောဒါလဲ၊ ဘုရားမှုနဲ့ပါ၊ ကိုင်း-မကောင်း, မကောင်းဆိုဒါ ဘုရားကိုလျှောက်ကြည့်ရအောင်၊ "အရှင်ဘုရား....ဝိပဿနာတရားကို အားထုတ်တဲ့အခါမှာ ဒီနိမိတ္တအာရုံတွေဖြစ်တဲ့ နှာသီးဖျား, နှုတ်ခမ်းဖျားတွေ, ခေါင်း,ခါး,ရင်,ဝမ်းဆိုတဲ့နိမိတ်တွေ ပုံသဏ္ဌာန်နိမိတ်တွေ သို့မဟုတ် အရိပ်အရောင်ဖြစ်တဲ့ အဖြူ, အနီ, အဝါ

အစိမ်း အစရှိတဲ့နိမိတ်တွေကိုစိတ်ပျံ့လွင့်ရင် ကောင်းသလား၊ မကောင်းဘူးလား၊ သမာဓိဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား၊ ဘုရား''လို့ ဒီလို လျှောက်ကြည့်တော့ မြတ်စွာဘုရား၏ လက်ျာရံဖြစ်တဲ့ ရှင်သာရိပုတ္တရာ မထေရ်မြတ်က ဘယ်လိုမိန့်တော်မူလိုက်သလဲလို့ဆိုတော့။

"နိမိတ္တံ အာဝဇ္ဇတော အဿာသေ စိတ္တံ ဝိကမ္ပတိ။ သမာဓိဿ ပရိပန္ထော"။

လို့ ဒီလိုမိန့်တော်မူပါတယ်။

နိမိတ္တံ၊ ပုံပန်းသဏ္ဌာန်ဖြစ်တဲ့နိမိတ်ကို။ (ဝါ) အရိပ်အရောင်တွေဖြစ်တဲ့ အမှုန်အမွှားပုံပန်းသဏ္ဌာန် အရောင်အမျိုးမျိုးတွေကို။ အာဝဇ္ဇတော၊ ဆင်ခြင်နှလုံးသွင်းသော အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ၏။ စိတ္တံ၊ စိတ်သည်။ အဿာသေ၊ ဝင်သက်၌။ (ပဿာသေ၊ ထွက်သက်၌။) ဝိကမ္ပတိ၊ တုန်လှုပ်၏။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်အန္တရာယ်မည်၏။

အဲဒီ-ပါဠိတော်မှာ မြတ်စွာဘုရားသခင် ဟောကြားတော်မူတဲ့ နိမိတ်ဆိုဒါ ဘာတွေလဲ၊ ခေါင်း, ခါး, ရင်, ဝမ်း, နှာသီးဖျား, နှုတ်ခမ်းဖျား, မျက်လုံး, မျက်ခုံး, လက်,ခြေ, ဒူးစတဲ့ နိမိတ်တွေ၊ အမှုန်,အမွှား, ပုံပန်းသဏ္ဌာန်စတဲ့ နိမိတ်တွေ၊ မျက်လုံး, မျက်ခုံးစတဲ့ နိမိတ်တွေ၊ အရိပ်အရောင်နိမိတ်တွေ၊ အဲဒီနိမိတ်တွေ ဆင်ခြင်နှလုံးသွင်းနေရင် တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော အဿာသ,ပဿာသဆိုတဲ့ ဝါယောလေဓာတ်ရုပ်ပရမတ်၌ တုန်လှုပ်တယ်၊ တုန်လှုပ်တယ်ဆိုဒါ မတည်ဘူးလို့ ဒီလိုဆိုပါတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သမာဓိရဲ့ အန္တရာယ်ဟာ သူဘဲတဲ့။

## မဂ္ဂင်လေးပါးနဲ့ စိတ်ကိုပြန်ထိန်း

နို့- အရှင်ဘုရား....အဲဒီလိုနိမိတ်တွေများ တွေ့နေလို့ တပည့်တော်များ ကုသိုလ်မဖြစ်တော့ဘူးလားဆိုတော့ ကုသိုလ်ဖြစ်တော့ဖြစ်တယ်၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများဘုရားအားထုတ်တာကုသိုလ်

လိုချင်လို့ တရားအားထုတ်တာလား၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုချင်လို့ တရားအားထုတ်တာလား....(မဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုချင်လို့ပါဘုရား)။

ဒီနေ့ဟောရမဲ့ရသုတ္တန်ဒေသနာတော်ကကစ္စာနဂေါတ္တသုတ္တန်တရားတော်တဲ့၊ ခု ဂ–နာရီတောင်ရှိသွားပြီ၊ နိမိတ်ကို စိတ်ပျံ့လွင့်ရင် ထွက်သက်လေ, ဝင်သက်လေဆိုတဲ့ ဝါယောလေဓာတ် ရှပ်ပရမတ်ရဲ တိုးတဲ့ တွန်းတဲ့သဘောမှာ စိတ်ကတုန်လှုပ်တယ်တဲ့၊ အဲဒီလိုတုန်လှုပ်ရင်"သမာဓိဿ ပရိပန္ထော"-ဝိပဿနာကို အားထုတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၏ သမာဓိရဲ့ဘေးအန္တရာယ်ဖြစ်တယ်လို့ပါဠိတော်က ဒီလိုပြောပါတယ်၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့်တရားအားထုတ်တဲ့အခါမှာ ဒီလိုနိမိတ်အာရုံတွေ ပေါ်လာရင် နှာသီးဖျားတို့၊ နှုတ်ခမ်းဖျားတို့ဆိုတဲ့ နိမိတ်တွေပေါ်လာရင် ခေါင်း,ခါး, ရင်,ဝမ်းစတဲ့ နိမိတ်တွေပေါ်လာရင် အသွင်အပြင် ပုံပန်းသဏ္ဌာန် အမှုန်, အမွှားဆိုတဲ့ နိမိတ်တွေပေါ်လာရင် အရိပ်အရောင်တွေ, အရောင်အလင်းတွေ, တိမ်ခိုးတိမ်လိပ်တွေ, အသုဘတွေပေါ်လာရင် ဒီနိမိတ်တွေပေါ်လာရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘယ်လိုလုပ်မလဲ၊ မရောက်အောင်ပြန်ထိန်းရမယ်၊ ဘာနဲ့ပြန်ထိန်းရမှာလဲ၊ ဝီရိယ, သတိ ဦးစီးတဲ့ သမ္မာဝါယာမမဂ္ဂင်, သမ္မာသတိမဂ္ဂင်,သမ္မာဒိဋ္ဌိမဂ္ဂင်, သမ္မာသင်္ကပ္ပမဂ္ဂင်နဲ့ ပြန်ထိန်းရင် အခိုက်အတန့်တည်နေတဲ့ သမ္မာသမာဓိမဂ္ဂင်ဖြစ်မယ်၊ ပေါင်းတော့ ပဉ္စင်္ဂိကမဂ်တဲ့၊ ဘာမဂ်တဲ့လဲ....(ပဉ္စင်္ဂိ ကမဂ်ပါဘုရား)။

အဲဒီတရား ၅–ခုရနေရင် ဒီတရား ၅–ချုံ့ခြံရနေရင် သမာဓိပရိက္ခာရ ဖြစ်တဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်တဲ့ "ဣတိရူပံ ဣတိရူပဿ သမုဒယော၊ ဣတိရူပဿအတ္ထင်္ဂမော" ဤကားရုပ်တရား၊ ဤကားရုပ်ဖြစ်ကြောင်းတရား၊ ဤကားရုပ် ချုပ်ငြိမ်းခြင်းတရားဆိုတဲ့ အာရုံဟာ ထင်ထင်ရှားရှား, လှလှပပ, ထင်လာပါလိမ့်မယ်တဲ့။

## နိဂုံးချုပ်

နောက်တနေ့ ဥပက္ကိလေသတရား ရှင်းတမ်းပေးပြီးနောက် ဓမ္မဋ္ဌိတိဉာဏ် ဟောတဲ့အခါမှာ ဒီ-အချက်ပြန်ပြီးတော့ ပါလာပါလိမ့်မယ်၊ ဒီတော့ ဝိပဿနာအလုပ်ပေးတရားနဲ့မတ်သက်လို့—

(၁) ပဌမနေ့က ဝိပဿနာ အလုပ်ပေးတရား၊
(၂) ဒုတိယနေ့က အပြင်အာရုံရှင်းတမ်း၊
(၃) တတိယနေ့က အတွင်းအာရုံရှင်းတမ်း၊
(၄) အခု-စတုတ္ထမြောက်နေ့မှာ နိမိတ်ရှင်းတမ်း၊
(၅) ပဥ္စမမြောက်နေ့ကျတော့ ဥပက္ကိလေသရှင်းတမ်း၊
(၆) ဆဋ္ဌမမြောက်နေ့ကျတော့ ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်ပုံနှင့်၊
(၇) သတ္တမမြောက်နေ့မှာ မဂ်ဉာဏ်ဖြစ်ပေါ်လာပုံ-

ဆိုတော့ ဒီ-တရားအပြည့်အစုံ နာကြားမယ်ဆိုရင် ၇-ရက်၊ နောက်များဆိုရင်ဖြင့် ဂရိယတ်ကိုကျယ်ကျယ်ပြန့်ပြန့် ရှင်းပြနိုင်အောင် ၉-ရက်လောက် ဘုန်းကြီးဟောတဲ့တရားကို ၉-ရက်တရားစဉ် နာမှသာ တရားအားလုံး ပြည့်စုံပါလိမ့်မယ်၊ အခုတော့ သုတ္တန်ကိုဘဲပြောင်းချင်သေးဒါ ဖြစ်တဲ့အတွက် နိမိတ်ရှင်းတမ်းကို ဒီလောက်နဲ့ဘဲ နိဂုံးချုပ်ပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် သမ္မာသမ္ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးဟောကြားတော်မူတဲ့ နိဒါနဝဂ္ဂသံသုတ် ပါဠိတော် အာဟာရဝဂ်၌လာသော ကစ္စာန ဂေါတ္တ သုတ္တန်တရားတော်ကို ဟောကြပါစို့ရဲ၊ နိမိတ်ရှင်းတမ်း တော်လောက်ပါပြီ။

(သာဓု-သာဓု-သာဓု)

နိမိတ်ရှင်းတမ်း ပြီး၏။

# ကစ္စာနဂေါတ္တ သုတ္တန်တရားတော်

**တရားတော်အစ ပဏာမ**

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူနတ်ပြဟ္မာ သတ္တဝါအများ သောင်းထိုက်သား တို့၏ ပူဇော်ဘွယ်အထူး လှူဒါန်းဘွယ်အထူး အရိုအသေပြုခြင်း စသည်တို့ကို ခံယူခြင်းငှါ ထိုက်တော်မူပါပေထသော။ အရဟ-တော၊ တထောင့်ငါးရာ ကိလေသာ ရန်သူနှင့်တကွ အတွင်းရန် အပြင်ရန်တွေကို အကြွင်းအကျန်မရှိ အကုန်အစင် အောင်မြင်တော် မူပါပေထသော။ အ,ရဟတော၊ ဆိတ်ကွယ်ရာ အရပ်၌ ကိုယ်အမူ အရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ဖြင့် မကောင်းမှုတွေကို ပြုကျင့်ခြင်းငှာ ထိုက်တော် မမူပါပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးပါးသော သစ္စာတရား တွေကို ဆရာမကူ သယမ္ဘူဉာဏ်စွမ်းဖြင့် မိမိအလိုလိုသာလျှင် ကိုယ်တော်တိုင်ထိုးထွင်း၍ သိမြင်တော်မူပါပေထသော။ တဿ-ဘဂဝတော၊ ဣဿရိယ သီရိ ကာမ ဓမ္မ ယသ ပတတ္တ-မည် ဘုန်း ခြောက်လီနှင့် ပြည့်စုံတော်မူသော ထိုဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်အား။ အမှာက်၊ တရားဟော ပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ် ထိုထိုများစွာ သတ္တဝါဟု ဆိုအပ်ကုန် သော ဘုရားတပည့်တော် တပည့်တော်မတို့၏။ နမော၊ အဥ္ဇလီ ညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးပူဇော်ခြင်းသည်။ အတ္ထု၊ မုချမသွေ ဖြစ်ပါစေသား အရှင်ဘုရား။

(သာဓု-သာဓု-သာဓု)

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရှိခိုးပြီးပြီနော် ဘုရားရှိခိုးတဲ့အခါမှာ စိတ်ထားပုံက ဘုရားရှိခိုးတော့မယ်လို့ ဆိုတော့ အလုပ်သဘောကလေးပါအောင် ရှိခိုးဒါ

ဟာ ပိုပြီးတော့ ကောင်းပါတယ်။ နောက် မိမိတို့ ဘုရားရှိခိုးကြတဲ့အခါ မှာ ရှေးဦးစွာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ပုံတော်ကို မျက်လုံး ပြူးပြူးစိစိ ကြည့်ပြီးတော့ တခါထဲကြည့်ထားလိုက်၊ မျက်လုံးကိုဖွင့်ပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင် ရှား ရှိတော်မူစဉ်အခါကာလက အပူဇော်ကို ခံယူတော်မူတဲ့ ပုံဟာဒီပုံစံ အတိုင်းဘဲလို့ မျက်လုံးနဲ့မြင်အောင် သေသေချာချာကြည့်၊ အဲဒီလိုတရိပ် ရိပ် မျက်လုံးနဲ့မြင်အောင် ဘုရားရဲ့ပုံတော်ကို ကြည့်ကြည့်နေရင်းက နောက် တော့ ဘယ်လိုဖြစ်သလဲဆိုတော့ ဒီ-ပကတိ ကျောက်ဆင်းတု ဖြစ်ရင်လဲ ကျောက်ဆင်းတု၊ ကြေးဆင်းတုဖြစ်ရင်လဲ ကြေးဆင်းတု၊ စက္ကူပုံသားဖြစ် ရင်လဲ စက္ကူပုံသားဟာ တဖြေးဖြေး ပျောက်သွားပြီးတော့ လူပကတိ သဘောမျိုးလို အသားအရေတွေနဲ့ကို ဒီလိုပေါ်လာအောင် ကြည့်နိုင်ရင် ဖြင့် ပိုပြီးတော့ ကောင်းပါတယ်။

အဲဒီလိုကြည့်ပြီးတော့ အခုပြောခဲ့တဲ့ အရဟံဆိုတဲ့ ဂုဏ်တော်, သမ္မာ-သမ္ဗုဒ္ဓဆိုတဲ့ ဂုဏ်တော်, ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူတဲ့ ဘဂဝါ ဆိုတဲ့ ဂုဏ်တော်အပေါင်းတွေရဲ့ တည်ရာဌာနကြီးပါလားလို့ မျက်လုံးထဲ မြင်အောင်ကြည့်ပြီးတော့မှ ဦးတကြိမ်ချလိုက်ရရင် အမှတ်တမဲ့ ဦးချလိုက် ရဒါထက် ပိုပြီးတော့မြိန်တယ်၊ ပိုပြီးတော့ လေးလေးနက်နက် ရှိတယ်၊ ဘုရားရှိခိုးနည်းကလေးကိုလည်း အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ အဲဒီလိုမှတ်ပြီးတော့ ရှိခိုးကြရမယ်၊ ဒါကတော့ ဘုန်းကြီးများ ဉာဏ်မှီသလောက် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ပေးခဲ့တဲ့ ဥပဒေသလေးတခုပါ။

## သုတ်တော်နိဒါန်း

အဲဒီ ဥပဒေသပေးပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ် တော်မြတ်ကြီးကို ရိုသေစွာရှိခိုးပြီးတဲ့အခါ ထိုဣဿရိယ သိရိ ကာမ ဓမ္မ ယသ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရှေးဘုရားရှင် ကိုယ်တော်မြတ်တို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော တထာဂတအပည်ရတဲ့ သုံးလောကထွတ်တင် သဗ္ဗညု မြတ်စွာဘုရားရှင်ကိုယ်

တော်မြတ်ကြီး သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် အခါကာလမှာ အရှင်ကစ္စာနဂေါတ္တမထေရ်သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အထံသို့ ချဉ်းကပ်ပြီးတော့ ပုစ္ဆာတခု မေးမြန်းလျှောက်ထားပါတယ်။

ကစ္စာနဂေါတ္တနော်-ကစ္စာယနဂေါတ္တ မဟုတ်ဘူး၊ ယ-ပက်လက်မပါဘူး၊ ကစ္စာနဆိုဒါ ကစ္စည်း၊ ဂေါတ္တဆိုဒါ အနွယ်၊ ဒီကစ္စာနဂေါတ္တမထေရ်ဆိုဒါ ရှင်ကစ္စည်းထေရ်ရဲ့ အနွယ်ထဲကပေါ့၊ ရှင်ကစ္စည်းတို့ရဲ့အနွယ်ထဲကဆိုရင်ဖြင့် ''အဆင်းလှဒါ ရှင်ကစ္စည်း'' လို့ဆိုတော့ ဒီ-ကစ္စာနဂေါတ္တမထေရ်ဟာလဲဘဲ ရုပ်ရေရှုပကာ အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနဲ့ ပြည့်စုံပုံပေါ်ရဲ့၊ အဋ္ဌကထာမှာတော့ မဖွင့်ပါဘူး၊ အဲဒီ-ရှင်ကစ္စာနဂေါတ္တ မထေရ်သည် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့အထံ ချဉ်းကပ်ပြီးလို့ အမေးပုစ္ဆာ ပြဿနာတခုကို ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ထားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား ရှိစဉ်အခါကာလတုန်းကဆိုတော့ ပြဿနာတခုပေါ်လာရင် ပရှင်းလင်းဒါကလေး တခုပေါ်လာရင် ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ထံ သွားပြီးတော့ လျှောက်လိုက်ရင် အလွယ်တကူဘဲသိရတယ်၊ အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ နောက်ပိုင်း မှီလိုက်ရသည်ဖြစ်သောကြောင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို သက်တော်ထင်ရှားမတွေ့ရတဲ့အတွက် စိတ်ထဲမှာ နှစ်လုံးနှစ်ခွ သံသယဒွိဟဖြစ်နေရင် မေးစရာ, လျှောက်စရာ ပုဂ္ဂိုလ်ကဖြင့် ပါဠိတော်ကလွဲရင် ခိုင်လုံဒါမရှိဘူးလို့ ဒီလိုမှတ်ပါ၊ အဲဒါကြောင့်ပါဠိတော်ကို မေးကြည့်ပါ။

## အဘယ်မျှအသိဉာဏ်ရှိမှ သမ္မာဒိဋ္ဌိဖြစ်ပါသနည်း

အဲဒီ-ကစ္စာနမထေရ်သည် ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို ဘယ်လိုပုစ္ဆာ လျှောက်ပါသလဲလို့ဆိုတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လက်ထက်တော်အခါကာလမှာ ''မှန်ဒါကိုသိမှ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းဖြစ်တယ်'' လို့

ဒီအပြောမျိုး ရဟန်း,ရှင်,လူ ပြည်သူအများတွေမှာ အင်မတန်အပြောများ နေတော့ ကစ္စာနဂေါတ္တမထေရ်က ဘယ်သူ့မှမမေးဘူးတဲ့၊ ဘုန်းတော် ခြောက်ပါးသခင် သမ္ဗုဒ္ဓဘုရားရှင်ကို ဒီပုစ္ဆာသွားပြီးတော့ မေးလျှောက် ပါတယ်။

"သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌီတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ သမ္မာဒိဋ္ဌိ ဟောတိ"။

ဘန္တေ၊ အရှင်ဘုရား။ သမ္မာဒိဋ္ဌိသမ္မာဒိဋ္ဌီတိ၊ သမ္မာဒိဋ္ဌိ သမ္မာ ဒိဋ္ဌိ-ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဘန္တေ၊ အရှင်ဘုရား။ ကိတ္တာဝ တာနုခေါ၊ အဘယ်မျှလောက်သော အတိုင်းအရှည်ဖြင့်။ သမ္မာ ဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်ပါသနည်း။

ဒီလိုမေးလျှောက်ပါတယ်၊ ကိုင်း-ခုခေတ်လူတွေလဲ နားလည်နေပါ ပြီး၊ "သမ္မာဒိဋ္ဌိလို့ အများပြောနေကြပါကယ်၊ အဘယ်မျှလောက်သော အသိဉာဏ်ကို ရရင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်ပါသလဲဘုရား"လို့ မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကို သွားလျှောက်ပါတယ်၊ အဲဒီလို ရှင်ကစ္စာဂေါတ္တ မထေရ်က ဘုရားသခင်ကိုယ်တော်မြတ်ကို လျှောက်တော့ ဘုန်းတော်ခြောက် ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က ဘာဟောလဲဆိုတော့ အင်မတန် အဆင့်မြင့်တဲ့တရားကို ဒီနေရာမှာဟောပါတယ်၊ ဒီတရားရဲ့အဆင့်ဟာ အင် မတန်မှမြင့်ပါတယ်၊ ဟို မူလပဏ္ဏာသ ပါဠိတော်စသည်တို့မှာလာတဲ့ သမ္မာ ဒိဋ္ဌိသုတ္တန်တို့ဆိုဒါထက် သူကကဖြေးဖြေး လွယ်ဒါကနေပြီးတော့ ခတ်တဲ့ နေရာရောက်အောင် တဖြေးဖြေးဟောသွားပါတယ်။

သမ္မာဒိဋ္ဌိလို့ခေါ်တဲ့ ဒီ-ကစ္စာနဂေါတ္တသုတ္တန်မှာတော့ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က ပရိသတ်ရဲ့ အခြေအနေ လျှောက်ထားတဲ့ ပုဂ္ဂိုလ်ရဲ့အခြေအနေကိုကြည့်ပြီးတော့ ဒီနေရာမှာ သမ္မာ ဒိဋ္ဌိဖြစ်ပုံကို တော်တော်ကလေး အဆင့်မြင့်မြင့်ဟောပါတယ်၊ အခုလဲဘဲ ဒီကျောင်းကူးဓမ္မဗိမာန်တော်ကြီးဆိုဒါ တရားဓမ္မဒေသနာတွေကို သေချာစွာ မှတ်သားပြီးထားလို့ ဆရာကောင်းသမားကောင်းများရဲ့ထံမှာ နည်းနာ နိသျကို ဇတ်ဘော်လေး ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ခံယူထား

ကြတဲ့ တရားနာပရိသတ်တွေ ဖြစ်လိမ့်မယ်လို့ မြော်လင့်ချက်ရည်ရွယ်ချက်နဲ့ ဘုန်းကြီးများကလဲ ဒီ-ကစ္စာနဂေါတ္တသုတ္တန်ကိုဘဲ သမ္မာဒိဋ္ဌိဖြစ်ပုံနဲ့ ပတ်သက်ပြီးဟောပါမယ်။

## ပုထုဇဉ်လောကတွင် ဒိဋ္ဌိ ၂-ပါးယှဉ်

ဘုရားက ဘာမိန့်တော်မူသလဲဆိုတော့-

"ဒွယနိဿိတော ခွါယံ ကစ္စာန လောကော ယေဘု-ယျေန အတ္ထိတဉ္စေဝ နတ္ထိတဉ္စ"။

လို့- မေးဒါက သမ္မာဒိဋ္ဌိဖြစ်ပုံကို မေးပါဘယ်၊ အခု-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ဖြေတော်မူလိုက်တာက သဿ-တဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံကို ရှေးဦးစွာဖြေပါတယ်၊ ဒီကနေ့ ဒီကစ္စာနဂေါတ္တသုတ္တန်ကို ဘုန်းကြီးဟောတဲ့အကြောင်းကလေးတခုကလဲ ရှိပါသေးတယ်၊ ဘာလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကို ဟောချင်တဲ့အတွက် ဖြစ်ပါတယ်၊ နောက်ပိုင်းကျတော့ ဒီ-ကစ္စာနဂေါတ္တနဲ့ ပတ်သက်ပြီးဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ်ကို ဟောပါလိမ့်မယ်။

> ကစ္စာန၊ ချစ်သားကစ္စာန။ အယံလောကော၊ ဤလူများအပေါင်းသည်။ယေဘုယျေန၊ အရိယာပုဂ္ဂိုလ်တွေကို ချန်ထား များသောအားဖြင့်။ အတ္ထိတဉ္စေဝ၊ ရှိသည်၏အဖြစ်ကိုလည်း၊ နတ္ထိဘဉ္စ၊ မရှိသည်၏အဖြစ်ကိုလည်း။ဒွယနိဿိတော၊ နှစ်ပါးစုံသော အဘို့အစုကိုမှီသည်။ ဟောတိ၊ ဖြစ်၏။

တချို့ပုဂ္ဂိုလ်များက "ယေဘုယျေန-များသောအားဖြင့်"လို့ ဆိုတော့ အဋ္ဌကထာက ဒီနေရာမှာ ဘယ်လိုဖွင့်သလဲလို့ဆိုရင် အရိယာပုဂ္ဂိုလ်များကို ချန်ထား၊ ကျန်တဲ့ပုထုဇဉ်မှန်သမျှ အဲဒီ-အဘို့အစုနှစ်ခုမှာ တည်နေတယ်တဲ့၊ အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်များက- ရှိ၏- ဆိုတဲ့ အယူကိုယူဘယ်၊ အဋ္ဌ-ကထာက ဒီနေရာမှာ ဘယ်လိုဖွင့်သလဲဆိုတော့- ရှိ၏လို့ယူရင် သဿတဒိဋ္ဌိအယူ၊ မရှိဘူးလို့ယူရင် ဥစ္ဆေဒဒိဋ္ဌိအယူ၊ ကိုင်း-ဒီနေရာမှာ သေသေချာချာနားထောင်နော်၊ သေသေချာချာ နားစိုက်နော်၊ အမျိုးကောင်း

သားများ, အမျိုးကောင်းသမီးများ ဒီနေရာဟာ အင်မတန်အသိခက်တဲ့ နေရာ၊ ရှုပ်နေမယ်၊ ဘုန်းကြီးလဲ အဓိပ္ပါယ်ရှင်းလင်းအောင်တော့ဖြင့် ကြိုးစားပြီး ဉာဏ်မှီသရွေ့ ပြောပါ့မယ်။

တိုးတဲ့သဘော, တွန့်တဲ့သဘောကလေးကို ပုဂ္ဂိုလ်သတ္တဝါရှိတယ်လို့ ယူရင် သဿတဒိဋ္ဌိ၊ "အတ္ထီတခေါ ဝ သဿတံ" = လို့ အဋ္ဌကထာက ဒီလို ဖွင့်ပါတယ်၊သဿတအယူတဲ့၊ "နတ္ထိတခေါ ဝ ဥစ္ဆေဒံ"=မရှိဘူးဆိုရင် ဥစ္ဆေဒ ဒိဋ္ဌိတဲ့၊ အဲဒီအစွန်းနှစ်စွန်းလွတ်အောင် ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုတော်မြတ်က "ဒွယ နိဿိတော ခွါယံ ကစ္စာန လောကော ယေဘုယျေန အတ္ထိတခေါ ဝ နတ္ထိတ ဉ္စ"ဒီလို့ဟောတယ်၊ ချစ်သားကစ္စာန....ဤလူများအပေါင်းသည် အရိယာပုဂ္ဂိုလ်တွေချန်ထား များသောအားဖြင့် ရှိသည်၏အဖြစ်ကိုင်၊ မရှိသည်၏အဖြစ်ကိုင်၊ နှစ်ပါးစုံကို မှီ၍ နေ၏တဲ့။

## ခန္ဓာကိုလွတ်ပြီး ပုဂ္ဂိုလ်မရကောင်း

ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား,မိန်းမ, ရှိ-မရှိ၊ ရုပ်နာမ် ခန္ဓာတွေရှိ-မရှိ၊ ဒီနှစ်မျိုးမှာသာလျှင် မေးတယ်၊ ဟော-ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, မရှိဘူး၊ ခန္ဓာငါးပါးသာရှိတယ်၊ ဟော-ခန္ဓာငါးပါး မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ, လူနတ်ပြဟ္မာ သတ္တဝါ သာရှိတယ်၊ ခန္ဓာရယ်, သတ္တဝါရယ် နှစ်မျိုး၊ "ခန္ဓာနံ ခန္ဓပညတ္တိ၊ ပုဂ္ဂလာနံ ပုဂ္ဂလပညတ္တိ" = ခန္ဓာတခြား, ပုဂ္ဂိုလ်တခြား၊ ခန္ဓာကိုလွတ်ပြီးတော့ ပုဂ္ဂိုလ်ရယ်လို့မရကောင်းဘူး၊ပုဂ္ဂိုလ်ကိုလွတ်ပြီးတော့ခန္ဓာရယ်လို့မရကောင်းဘူး။

ဒီတရားဟာ အဆင့်မြင့်တယ်နော်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပဋိစ္စသမုပ္ပါဒ်နည်းကို စံနစ်တကျ သင်တန်းတက်ထားတဲ့ ပုဂ္ဂိုလ်တွေ ပါလိမ့်မယ်လို့ ဘုန်းကြီးယူဆတယ်၊ ခုလိုတွေ့ရတဲ့အတွက် ဝမ်းလဲဝမ်းမြောက်ပါတယ်၊ သာဓုလဲခေါ်နေပါတယ်၊ ပဋိစ္စသမုပ္ပါဒ်သင်တန်းတွေပေးနေကြတော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သိတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များနေပြီ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို သိတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များနေရင်ဖြင့် ဒီ-သာသနာတော်ကြီး မကွယ်နိုင်သေးဘူးလို့ အားတက်စရာဖြစ်ပါတယ်။

ကိုင်း-ဆက်ကြဦးစို့၊ ပုဂ္ဂိုလ်ကခြား, ခန္ဓာကခြားလို့မြင်ရင် ခန္ဓာကို လွှတ်ပြီးတော့ ပုဂ္ဂိုလ်ရယ်လို့ မရစကောင်းဘူး၊ ပုဂ္ဂိုလ်ကို လွှတ်ပြီးတော့ ခန္ဓာရယ်လို့ မရစကောင်းဘူး၊ ခန္ဓာသာရှိတယ်၊ ပုဂ္ဂိုလ်မရှိဘူး၊ ပုဂ္ဂိုလ် သာရှိတယ်၊ ခန္ဓာမရှိဘူး၊ "နတ္ထိတဒ္ဓေဝ အတ္ထိတဒ္ဓ" = ရှိသည်၏အဖြစ်, မရှိသည်၏အဖြစ် ဤနှစ်ပါးစုံ၌ များသောအားဖြင့် သတ္တဝါတွေ တည်နေ တယ်လို့ ဒီလိုရှင်းပါတယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီအပိုဒ်နဲ့ ပတ်သက် လို့မရှင်းသေးရင် နောင်အခွင့်သင့်တဲ့အခါ ဝိပဿနာ အလုပ်ပေးတရား ၉-ရက်ဟောတဲ့အခါမှာ ဒီအပိုဒ်ကို ထည့်ပြီးတော့ ပြည့်ပြည့်စုံစုံ ရှင်းပေးပါ မယ်၊ အခုတော့ အချိန်သိပ်မရမှာ စိုးတဲ့တွက် ရှေ့အပိုဒ်တွေ မကျန်ရ အောင် ရှေ့ဝါကျဆက်ကြပါစို့။

ဥစ္ဆေဒဒိဋ္ဌိပြုတ်ပုံ

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကသဿတအယူ နဲ့ဥစ္ဆေဒအယူကို ရှေးဦးစွာပြပြီးတော့မှ အဲဒီသဿတအယူ, ဥစ္ဆေဒအယူ နှစ်ပါးက လွတ်သွားရင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်ပုံကို ဒီလိုဆက်ပြီးတော့ ဟော ပါတယ်၊ အဲဒီလိုဟောရာမှာ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပုံက ဒီလို-

"လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာ
ယ ပဿတော ယာ လောကေ နတ္ထိတာ၊သာ နဟောတိ"။

လို့ဥစ္ဆေဒဒိဋ္ဌိပြုတ်ပုံကို ဟောပါတယ်။

သတ္တလောက, သင်္ခါရလောက, ဩကာသလောကရယ်လို့ လောကကြီး သုံးပါးရှိပါတယ်၊ ဒီနေရာမှာ "လောကသမုဒယံ ခေါ ကစ္စာန"လို့ ဟော တော်မူလိုက်တဲ့ လောကအရ သင်္ခါရလောကကိုယူရမယ်လို့အဋ္ဌကထာဆရာ က ဖွင့်ပါတယ်၊ ဒီတော့ အဋ္ဌကထာဆရာကို ကျေးဇူးတင်ဘို့ ကောင်းပါ ပေါ့။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာပြုလို့လဲ ဆိုရင် ဒီလောကဆိုရင် သင်္ခါရလောကလား, သတ္တလောကလား, ဩကာသလော

ကလား-လို့ဆိုဒါသိပ်ပြီးတော့ စဉ်းစားနေရအုံးမယ်၊ ဒီတော့ အဋ္ဌကထာ သွားပြီလှမ်းကြည့်လိုက်သည်နှင့်တပြိုင်နက် ဒါ-သခ်ါရ လောကကိုဖွင့်ဒါဘဲ လို့ဆိုတော့ အဋ္ဌကထာဆရာကို ကျေးဇူးတင်ရဒါပေါ့။

ကစ္စာန၊ ချစ်သားကစ္စာန။ လောကသမုဒယံ၊ သခ်ါရလောက ရဲ့ ဖြစ်ကြောင်းဖြစ်ပုံကို။ ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။ သမ္မ-ပ္ပညာယ၊ (အဲဒီ သမ္မပ္ပညာယကိုလဲ အဋ္ဌကထာက ဝိပဿနာပညာ, မဂ်ပညာလို့ ဒီလိုနှစ်မျိုးဖွင့်ပါတယ်၊ အဲဒါကြောင့်) ဝိပဿနာနဲ့ ယှဉ်တဲ့ သမ္မာဒိဋ္ဌိပညာ, မဂ်နှင့်ယှဉ်တဲ့ သမ္မာဒိဋ္ဌိပညာဖြင့်။ ပဿ-တော၊ မြင်သောသူအား။ လောကေ၊ လောက၌။ ယာနတ္ထိတာ၊ အကြင်မရှိဘူးဆိုတဲ့အယူသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုမရှိဘူးဆိုတဲ့ အယူသည်။ နဟောတိ၊ မဖြစ်တော့။ ဝါ-ဥစ္ဆေဒဒိဋ္ဌိပြုတ်၏။

သခ်ါရလောကရဲ့ဖြစ်ပုံကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်နဲ့ ယထာဘူတဟုတ်တိုင်းမှန်စွာ မြင်ရင် မရှိဘူးဆိုတဲ့အယူဟာ-ပြုတ်သွားရောတဲ့၊ တနည်းအား ဖြင့် ဒီနေရာမှာပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးနဲ့ ပြောရမယ်ဆိုရင် အဝိဇ္ဇာ သခ်ါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝဟူသော အကြောင်းတရား ၅-ပါး ရှိနေရင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုး တရား ၅-ပါးဟာ ရှိလာရမယ်၊ အကြောင်းတရားနဲ့ အကျိုးတရားဆက်စပ် ပြီးတော့ သခ်ါရလောကကြီး အမြဲတစေ ရှိနေတယ်လို့ ပဋိစ္စသမုပ္ပါဒ်နည်း နဲ့ကြည့်ပြန်တော့လဲ ရုပ်နာမ်နှစ်ပါး သခ်ါရလောကရဲ့ ဖြစ်ပုံကိုသိရတဲ့အတွက် မရှိဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူဟာ ပြုတ်သွားပြန်ပါရော။

## သဿတဒိဋ္ဌိပြုတ်ပုံ

သဿတဒိဋ္ဌိပြုတ်ပုံကတော့—

"လောကနိရောဓံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာ-ယ ပဿတော ယာ လောကေ အတ္ထိတာ၊သာ နဟောတိ"။

ကစ္စာန၊ ချစ်သားကစ္စာန။ လောကနိရောဓံ၊ သခ်ါရလောက၏ ချုပ်ငြိမ်းရာကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မပ္ပညာယ၊

ဝိပဿနာပညာ, မဂ်ပညာဖြင့်။ ပဿတော၊ မြင်သောသူအား။ လောကေ၊ လောက၌။ ယာ အတ္ထိတာ၊ အကြင်ရှိ၏ဟူသောအယူသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုရှိ၏ဟူသောအယူသည်။ နဟောတိ၊ မဖြစ်။

သင်္ခါရလောကရဲ့ ချုပ်ဆုံးခြင်း, ကွယ်ပျောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ ဝိပဿနာပညာနဲ့မြင်ရင် ရှိတယ်ဆိုတဲ့အယူပျောက်သွားရော, သဿတအယူ ပြုတ်ရော။

ဒီနေရာမှာ ဝိပဿနာယောဂီပုဂ္ဂိုလ်များ, အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသိအောင် လွယ်လွယ်ကလေး ဘုန်းကြီးပြောရမယ် ဆိုရင် ဘုန်းကြီးတို့ ဒီ-ဓမ္မဒိဋ္ဌိဉာဏ်ပိုင်းဖြစ်ပေါ်ပုံကို ဟောတဲ့နေ့ကျတော့ ဝါယောလေဓာတ်, ရုပ်ပရမတ်ရဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေး ဖြစ်ပုံပါလာမယ်၊ တိုးတဲ့သဘော,တွန်းတဲ့သဘောကလေးက သင်္ခါရဘဲ၊ အဲဒီ တိုးတဲ့သဘော, တွန်းတဲ့သဘောဘရားလေးရဲ့ ဖြစ်ပုံကို ဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ်နဲ့မြင်ရင် မရှိဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူ ပြုတ်မယ်တဲ့၊ တိုးတဲ့ သဘော,တွန်းတဲ့သဘောလေးရဲ့ ချုပ်ကွယ်ပျောက်သွားမှုကို ဝိပဿနာဉာဏ် နဲ့ ဟုတ်တိုင်းမှန်စွာ မြင်ရင် ရှိတယ်ဆိုတဲ့ သဿတဒိဋ္ဌိအယူ ပြုတ်မယ်တဲ့၊ ဟောသမ္မာဒိဋ္ဌိဖြစ်ပုံကလေးကို မြတ်စွာဘုရားက အဲဒီလိုပြပါတယ်။

## တဏှာဥပါယနဲ့ ဒိဋ္ဌိဥပါယကပ်ရောက်မှု

နောက်-ရှေ့ဆက်ပြီး ဘာကိုပြသလဲဆိုတော့—

"ဥပယုပါဒါနာဘိနိဝေသ ဝိနိဗန္ဓော ခွါယံ ကစ္စာန လောကော ယေဘုယျေန်"။

ကစ္စာန၊ ချစ်သားကစ္စာန။ အယံလောကော၊ ဤလူများ အပေါင်းကို။ ယေဘုယျေန၊ များသောအားဖြင့်။ ဥပယုပါဒါနာ ဘိနိဝေသဝိနိဗန္ဓော၊ ကပ်ရောက်စွဲလမ်းလျက် အမှားနှလုံးသွင်း တတ်, နှက်မြုပ်စူးဝင်တတ်သော တဏှာ, ဒိဋ္ဌိ အဘိနိဝေသ တရားတို့ သည် နှောင်ဖွဲ့၍ထားအပ်၏။

သတ္တဝါတွေကို ဘယ်လိုတရားတွေခနှောင်ဖွဲ့ထားသလဲ၊ သတ္တဝါတွေဟာ ဘယ်လိုတရားကိုကပ်ရောက်နေသလဲ၊ ဥပါယုပါဒါနာဘိနိဝေသဆိုတဲ့ ပါဠိကို အသေးစိပ်ပြီး ဥပယဆိုတဲ့နေရာမှာ အဋ္ဌကထာကပြပါတယ်၊ တဏှာဖြင့် ကပ်ရောက်မှု၊ ဒိဋ္ဌိဖြင့်ကပ်ရောက်မှုလို့ ကပ်ရောက်မှုနှစ်မျိုးရှိပါတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မျက်လုံးစသည်နဲ့ ရူပါရုံကို မြင်လိုက်, သဒ္ဒါရုံကို ကြားလိုက်, ဂန္ဓာရုံကိုနမ်းလိုက်, ရသာရုံကိုလျက်လိုက် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုက်, အတွင်းအာယတနတွေနဲ့ အပြင်အာယတနတွေဆုံတိုင်း ဆုံတိုင်း နှစ်သက်စရာကောင်းတယ်လို့ တခါထဲ တဏှာဖြင့် ပြေးကပ်လိုက်တယ်၊ အဲဒီလို တဏှာဖြင့် ပြေးကပ်လိုက်သည်နှင့် တပြိုင်နက် ငါသိတယ်, သူသိတယ်, ငါမြင်တယ်, သူမြင်တယ်လို့ ဒိဋ္ဌိဖြင့်တခါထဲ ပြေးကပ်လိုက်ပြန်ပါတယ်၊ ဤသတ္တလောကကြီးကို အရိယာပုဂ္ဂိုလ်တွေကို ချန်ထား ကျန်တဲ့ပုထုဇဉ်များ တဏှာဥပယ, ဒိဋ္ဌိဥပယလို့ခေါ်တဲ့ ဥပယနှစ်မျိုးတို့ဖြင့် အမြဲတမ်းကပ်ရောက်နေတယ်။

## စွဲလမ်းမှုနှင့် နှစ်မြုပ်မှု

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဉာဏ်ဖြင့် စိုက်ပြီး တော့ကြည့်ပါ၊ ကိုယ့်ဖြစ်ပုံနဲ့ကိုက်သလား၊ မကိုက်ဘူးလား၊ မှန်သလား၊ မမှန်ဘူးလားဆိုဒါ ဒီပါဠိတော်ကိုသုံးသပ်ပါ၊ အဲဒီတဏှာဖြင့် ကပ်ရောက်မှု, ဒိဋ္ဌိဖြင့်ကပ်ရောက်မှု နှစ်မျိုးရှိသလို ဥပါဒါနဆိုတဲ့ ပြင်းစွာ စွဲလမ်းမှုကလဲ တဏှာဖြင့် ပြင်းစွာစွဲလမ်းမှု, ဒိဋ္ဌိဖြင့် ပြင်းစွာစွဲလမ်းမှုလို့ ဒီလို နှစ်မျိုး ရှိပါတယ်။

အဘိနိဝေသလို့ခေါ်တဲ့ နှစ်မြုပ်စူးဝင်မှုကလဲ တဏှာဖြင့် နှစ်မြုပ်စူးဝင်မှု, ဒိဋ္ဌိဖြင့် နှစ်မြုပ်စူးဝင်မှုလို့ ဒီလိုနှစ်မျိုးရှိပါတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တဏှာဒိဋ္ဌိဖြင့် နှစ်မြုပ်စူးဝင်နေပုံကို စဉ်းစားကြည့်စမ်းပါ၊ နာလိုက်ရတဲ့တရားတွေ, အားထုတ်လိုက်ရတာတွေ ခုထက်ထိမကျွတ်သေးဘူး၊ တဏှာဖြင့်နှစ်မြုပ်စူးဝင်မှုတည်းဟူသော ငြောင့်ကြီးတွေ, ဒိဋ္ဌိဖြင့် နှစ်မြုပ်စူးဝင်မှု တည်းဟူသော ငြောင့်ကြီးတွေ အခုကျွတ်ပလား၊ မကျွတ်သေးဘူး၊ ငါ့ဝါဒမှမှန်တယ်လုပ်တုန်းဘဲ၊ အခုထက်

ထိ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဒေသနာတွေကို ကိုယ်ပိုင်ဆိုင်မှုတွေ လုပ်ထားတုန်းဘဲ၊ တဏှာဖြင့် နှစ်မြုပ်စူးဝင်မှု၊ ဒိဋ္ဌိဖြင့် နှစ်မြုပ်စူးဝင်မှု ဘယ်လောက်ပြင်းထန်သလဲဆိုဒါ ကြည့်ပါ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စူးဝင်နှစ်မြုပ်မှုကို သဘောကျပလား၊ တဏှာဖြင့် နှစ်မြုပ်စူးဝင်မှု, ဒိဋ္ဌိဖြင့် နှစ်မြုပ်စူးဝင်မှုကြီးဟာ ဘယ်လောက်ခိုင်သလဲ၊ စွန့်ကိုမစွန့်နိုင်ဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အဲဒါကြောင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က ဤလူများအပေါင်းကို သမ္မာဒိဋ္ဌိ ဖြစ်နိုင်ဘို့ရန်အတွက် အဲဒီ-တဏှာဖြင့် ကပ်ရောက်မှု, ဒိဋ္ဌိဖြင့် ကပ်ရောက်မှု, တဏှာဖြင့် စွဲလမ်းမှု ဒိဋ္ဌိဖြင့် စွဲလမ်းမှု, တဏှာဖြင့် နှစ်မြုပ်စူးဝင်မှု, ဒိဋ္ဌိဖြင့် နှစ်မြုပ်စူးဝင်မှုတွေက နှောင်ဖွဲ့ပြီးထားတဲ့ အတွက်ကြောင့် သဿတ=ရှိတယ်ဆိုတဲ့ အယူ, ဥစ္ဆေဒ=မရှိဘူးဆိုကဲ့အယူမှာ နှစ်မြုပ်နေကြပါတယ်။

တို့တဲ့ တွန်းတဲ့သဘောမှာ ဝိညာဏ်နာမ်-ရုပ်ပါ

"တဉ္စာယံ ဥပယုပါဒါနံ စေတသော အဓိဋ္ဌာနံ အဘိနိဝေသာနုသယံ န ဥပေတိ န ဥပါဒိယတိ န အဓိဋ္ဌာတိ အတ္တာ မေတိ"။

အယံ အရိယ သာဝကော၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်၏ အရိယာတပည့်သာဝက ဖြစ်သော အမျိုးကောင်းသား,အမျိုးကောင်းသမီးသည်။ စေတသော၊ အကုသိုလ်စိတ်တဲ့။ အဓိဋ္ဌာနံ၊ တည်ရာဖြစ်သော။ (တသ္မိံ၊ ထိုအကုသိုလ်စိတ်၌) အဘိနိဝေသာနုသယံ၊ စွဲလမ်းနှစ်မြုပ်, ကိန်းအောင်းသည် ဖြစ်၍ဖြစ်သော။ (အကုသိုလ်စိတ်၌ ယှဉ်စပ်နေသည်ဟု ဆိုလိုသည်) တဉ္စ ဥပယုပါဒါနံ၊ ယိုတဏှာဒိဋ္ဌိတို့ဖြင့် ကပ်ရောက်ခြင်း, တဏှာဒိဋ္ဌိတို့ဖြင့် ပြင်းစွာစွဲလမ်းခြင်းသို့။ ဝါ၊ ကို။ မေ၊ ငါ၏။ အတ္တာ၊ အားကိုးစရာ အနှစ်သာရ အတ္တပါပေတည်း။ ဣတိ၊ ဤသို့။ နဥပေတိ၊ တဏှာဒိဋ္ဌိတို့ဖြင့် မကပ်ရောက်။ န ဥပါဒိယတိ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်း။ န အဓိဋ္ဌာတိ၊ တဏှာဒိဋ္ဌိတို့ဖြင့်မဆောက်တည်။

အကုသိုလ်စိတ်ရဲ့ ဖြစ်ပေါ်တည်ရာဟာ တဏှာဒိဋ္ဌိ, အဲဒီတဏှာဒိဋ္ဌိရဲ့ တည်ရာ,ကိန်းအောင်းရာ, နှစ်မြုပ်စွဲလမ်းရာဟာ ဘယ်သူလဲ- ခန္ဓာ။ အဲဒီ-ခန္ဓာဆိုဒါ ရုပ်ခန္ဓာ, နာမ်ခန္ဓာရယ်လို့ နှစ်မျိုး၊ အကျယ်ချဲ့လိုက်ပြန်တော့ ရုပ်ခန္ဓာကတမျိုး, နာမ်ခန္ဓာက လေးမျိုး၊ တိုးတဲ့သဘော,တွန်းတဲ့သဘော ကြည့်ရင် တိုးတဲ့ တွန်းတဲ့သဘောကို သိနေဒါက ဝိညာဏ်, တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဟာ ကုန်တဲ့, ပျောက်တဲ့သဘော ရှိတယ်လို့ သိတဲ့ ပညာက နာမ်, တိုးတဲ့သဘော, တွန်းတဲ့သဘောက ရုပ်၊ အားလုံးပေါင်းလိုက်တော့ ဝိညာဏ်ရယ်, နာမ်ရယ်,ရုပ်ရယ်လို့ သုံးမျိုးလုံးပါသလား၊ မပါဘူးလား-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ....(ပါ-ပါတယ်ဘုရား)။

ဝိညာဏ်၊ နာမ်,ရုပ်၊ ဘာနဲ့ ဘာတဲ့လဲ....(ဝိညာဏ်,နာမ်,ရုပ်ပါဘုရား)။

အဲဒီ-ဝိညာဏ်, နာမ်,ရုပ်ဟာ ပဋိစ္စသမုပ္ပါဒ်ထဲရေးထားတဲ့ ဝိညာဏ်, နာမ်, ရုပ်လား....(မဟုတ်ပါဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောကို သိတိုင်းသိတိုင်းမှာ ဝိညာဏ်ရယ်, နာမ်ရယ်,ရုပ်ရယ်ဆိုတဲ့ ဝိညာဏ်,နာမ်ရုပ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောက ရုပ်၊ သိဒါက ဝိညာဏ်၊ ပိုင်းခြားပြီး ဒိဋ္ဌိမကပ်အောင် ပယ်တတ်တဲ့ ပညာက နာမ်ဆိုတော့ ဝိညာဏ်, နာမ်,ရုပ် မရလား.... (ရပါတယ်ဘုရား)။

## အတ္တစွဲရာ တိုးတဲ့တွန်းတဲ့သဘောမှာ

ဒီ-ဝိညာဏ်, နာမ်, ရုပ်တွေကို"အတ္တာမေတိ"လို့ စွဲထားလိုက်ဒါက တိုးတဲ့သဘော, တွန်းတဲ့သဘောတွေကို အတ္တလို့ ဘယ်လောက်စွဲသလဲ၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ စွဲပုံကိုကြည့်စမ်း၊ အနှစ်သာရ အတ္တအနေအားဖြင့် စွဲပုံကို မြင်ရပါလိမ့်အုံးမည်၊ ဒီနေရာမှာ တော်တော်ကျယ်ကျယ်ပြန့်ပြန့်ကလေး ရှင်းလိုက်ဖို့ပါရစေ၊ နဲနဲလေး အချိန်ပိုသွားရင်လဲ ခြော်-ဘုန်းကြီးဟာ ဒို့အပေါ်မှာ စေတနာသဒ္ဓါတရားတွေ ပိုပြီးတော့ အင်မတန်သိစေလိုလို့ အချိန်ပိုသွားဒါဘဲလို့ ဒီလိုနှလုံးသွင်းပြီးတော့ တရားကိုနာပါ၊ တိုးတဲ့သဘော၊ တွန်းတဲ့သဘောလေးမှာ ဘယ့်

လောက်နစ်မြုပ်ပြီး အတ္တအစွဲကြီးဘယ့်လောက် စွဲသလဲဆိုဒါ အတ္တစွဲပုံလေး ဘုန်းကြီး ဒီနေရာမှာ ပြောပါရစေ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ, တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဟာ မရှိရင် မျက်လုံးက မြင်လို့ ရပါအုံးမလား, နားကကော ကြားလို့ရအုံးမလား, နှာခေါင်းကကော အနံ့နံလို့ရပါအုံးမလား, လျှာကကော လျက်လို့ရပါအုံးမလား၊ ခန္ဓာကိုယ်ကလဲ တွေ့ထိမှုတွေကို တွေ့လို့ထိလို့ ဖြစ်ပါအုံးလား၊ ကုသိုလ်လုပ်လို့ကော ဖြစ်ပါအုံးမလား, အကုသိုလ်လုပ်လို့ကော ဖြစ်ပါအုံးမလား၊ ဩော်–တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးဟာဖြင့် မြင်မှု, ကြားမှု, နံမှု, လျက်မှု,တွေ့ထိမှု,စားမှု, သောက်မှု, ကွေးမှု, ဆန့်မှု, အလုပ်အကိုင်တွေ လုပ်ကိုင်မှု, ကုသိုလ်အကုသိုလ်တွေဖြစ်မှုရဲ့ အနှစ်သာရကလေး ဖြစ်နေပါကလား၊အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ သူမရှိ ဘာမှလုပ်လို့မရတော့ဘူးနော်။

ဒီ–တိုးတဲ့သဘော, တွန်းတဲ့သဘောဟာ ခုနေ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများမှာ မရှိရင် ဘာတွေလုပ်လို့ ဖြစ်အုံးမှာလဲ၊ မြင်လို့ဖြစ်ပါအုံးမလား၊ ဩော်– ဘယ်လောက်စွဲထားသလဲ၊ အဲဒီလောက်စွဲထားဒါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်က စူဠသစ္စကသုတ္တန်မှာ သစ္စကပရိဗိုဇ်ကြီးက အတ္တ အနတ္တငြင်းကြတဲ့ နေရာမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကို အတ္တ-တိုးတဲ့သဘော, တွန်းတဲ့သဘောဆိုတဲ့ ရုပ်တည်းဟူသော အတ္တလေးရှိနေပြီဖြစ်သောကြောင့် သာလျှင် ရုပ်တည်းဟူသော အတ္တကိုမှီပြီးတော့ မြင်လို့ဖြစ်တယ်, ကြားလို့ဖြစ်တယ်, စားလို့ဖြစ်တယ်, နံလို့ဖြစ်တယ်, ကုသိုလ်ကောင်းမှုတွေ ပြုလို့ဖြစ်တယ်, အကုသိုလ်တွေပြုလို့ ဖြစ်တယ်လို့ သစ္စကက ဒီလိုစွဲချက်တင်တယ်၊ အခု အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ဖြေပုံဟာ, သဘောပေါက်ပုံဟာ သစ္စကသဘောပေါက်ပုံလို အတ္တစွဲ ဖြစ်မနေဘူးလား၊ ဘာအစွဲတဲ့လဲ....(အတ္တစွဲပါဘုရား)။

အားလုံးတို့ရဲ့ တည်ရာအနှစ်သာရ အတ္တလေးဟာ တိုးတဲ့သဘော, တွန်းတဲ့သဘောဘဲ၊ အရှင်ဘုရား– ဒီတိုးတဲ့သဘော တွန်းတဲ့သဘောကို ‹မွာ–

နုပဿနာသတိပဋ္ဌာန်အနေနဲ့ ဘာပြုလို့ ပြသလဲလို့ဆိုတော့ သတ္တဝါ အတ္တစွဲဒါက ဒီအပေါ်မှာစွဲဒါ၊ တိုးတဲ့သဘော, တွန်းတဲ့သဘော အပေါ်မှာ အတ္တအစွဲဆုံး၊ ထိုထိုသိမှုဆိုတဲ့ သဘောတရားတွေဟာ တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးရှိရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသိလို့ ရပါအုံးမလား....(မရပါဘုရား)။

ဒါဖြင့် အတ္တအစွဲဆုံးဟာ ဘယ်သူ့အပေါ်မှာလဲ၊ ကိုင်း တခါပြန်ကြည့်အုံး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စီးပွားဥစ္စာကို ပေးမလား၊ လက်ခြေကို ပေးမလားဆိုရင် ဘာပေးမလဲ၊ လက်ခြေတော့ မပေးနိုင်ဘူးနော်၊ ဘယ်လောက်သူ့အပေါ်မှာ အဘိနိဝေသဖြစ်နေသလဲ၊ ဘယ့်လောက်စွဲသလဲ၊ တဏှာဒိဋ္ဌိနဲ့ ဘယ့်လောက်သူ့အပေါ်မှာ စွဲနေသလဲ ဆိုရင် ခန္ဓာကိုယ်အစိတ်အပိုင်းတော့ မပေးနိုင်ဘူး၊ စီးပွားဥစ္စာတွေသာ ယူပါနော်လို့ဆိုမှာ၊ ခန္ဓာကိုယ်အစိတ်အပိုင်းကို ပေးမလား၊ အသိဉာဏ်ဆိုတဲ့စိတ်နဲ့ ယှဉ်တဲ့ တွဲတဲ့ ပညာကို ပေးမလားလို့ဆိုရင် ဘာပေးမလဲ၊ ပညာပေးမယ်၊ ခု–အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တတ်တဲ့ နှုတ်မှုပညာ, လက်မှုပညာ, စိတ်နဲ့သိနေတဲ့အသိ ဒီလိုဟာတွေရှိနေသလား၊ ရှိမနေဘူးလား....(ရှိနေပါတယ်ဘုရား)။

အဲဒီ အသိတို့ ပညာတို့ကိုပေးမလား၊ လက်ခြေတို့ကိုပေးမလား ဆိုရင် ဘာပေးမလဲ . (အသိပညာကိုပေးပါမယ်ဘုရား)။

သိပ်ကိုစွဲတယ်၊ ပညာကိုစွဲတယ်ဆိုဒါ ကိုယ့်လက်ခြေလောက် မစွဲဘူး နော်၊ စွဲရဲ့လား (မစွဲပါဘုရား)၊ သဘောပေါက်ပလား....(ပေါက်ပါတယ်ဘုရား)။

## အတ္တစွဲရာ အဖြာဖြာ

ကိုင်း–တခါဆက်ကြည့်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ လက်ဖျားကလေး, နားရွက်ကလေး, နှုတ်ခမ်းဖျားကလေး, နှာ–ခေါင်းဖျားကလေးကို ပေးမလား၊ မျက်လုံးတလုံးပေးမလားဆိုရင် ဘာပေးမလဲ၊ မျက်လုံးတော့မပေးနိုင်ဘူးနော်၊ ကိုင်း–ဒါဖြင့် မျက်လုံးတလုံးကို ပေးမလား၊ တိုးတဲ့သဘော,တွန်းတဲ့သဘောကလေးလိုပေးမလားဆိုရင် ဘာပေးမလဲ....(မျက်လုံးကိုပေးပါမယ်ဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ-ခန္ဓာမှာ အသိဉာဏ်တွေရော, ပညာတွေရော, နှုတ်မှုပညာ, လက်မှုပညာတွေရော, ကိုယ်လက် အစိတ်အပိုင်းတွေရော, တိုးတဲ့သဘော, တွန်းတဲ့သဘောကလေး ရော ဘယ်ဟာကို အနှစ်သက်ဆုံးလဲ၊ ကြည့်စမ်း ဘယ်ဟာကိုအနှစ်သက်ဆုံး လဲ၊အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများတိုးတဲ့သဘောကလေး ဆိုဒါ အသက်ဘဲ၊ အသက်ပေးမလား, တခြားဟာတွေ ပေးမလားဆိုရင် ဘာပေးမလဲ၊ ဒီအသက်တော့ မပေးနိုင်ဘူး၊ ဒါဖြင့် အသက်ဆိုဒါဘာလဲ အဲဒီတိုးတဲ့သဘော, တွန်းတဲ့သဘောလေးကိုခေါ်ဒါ၊ သူ့ကိုအာယု-အသက် လို့ ဒီလိုခေါ်တယ်၊ အဿာသ-ဝင်သက်, ပဿာသ-ထွက်သက်၊ ဒီလိုလဲ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ကဲ-ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အစွဲ လမ်းဆုံးဟာ ဘယ်သူ့အပေါ်မှာ အစွဲလမ်းဆုံးလဲ၊ တဏှာဒိဋ္ဌိဖြင့် အစွဲ လမ်းဆုံးဟာ သူ့အပေါ်မှာအစွဲလမ်းဆုံး၊ စိတ်ကိုစွဲတယ်ဆိုဒါ သူ့လောက် မစွဲဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရုပ်ကိုအင်မတန် စွဲတယ်၊ ရုပ်ကို အင်မတန် နှစ်သက်တယ်၊ အဲဒါကို အတ္တာဘိဥပယ, အတ္တာ ဘိဥပါဒါန, အဇ္ဈာဘိနိဝေသလို့ ဒီလိုခေါ်တယ်။

တဏှာဒိဋ္ဌိဖြင့် ကပ်ရောက်မှု, တဏှာဒိဋ္ဌိဖြင့် စွဲလမ်းမှု, တဏှာဒိဋ္ဌိဖြင့် နှစ်မြုပ်စူးဝင်မှု အပြင်းထန်ဆုံးဟာ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ဒီ-ရုပ်တရားပေါ်မှာ အစွဲဆုံးဘဲ၊ ခုနကလဲ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ပြောပြီ၊ မြင်ဒါ, ကြားဒါ, နံဒါ, လျက်ခါ, တွေ့ထိဒါ, သိဒါတွေဟာ ဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘော, ရှိလို့ဖြစ်ထာ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောမရှိရင် ဒါတွေ ဖြစ်ပါအုံး မလား၊ ကုသိုလ်သင်္ခါရ, အကုသိုလ်သင်္ခါရတွေ ဖြစ်ပါအုံးမလား၊ အဲဒါ- သစ္စကရဲ့ဝါဒ။

## သစ္စကဝါဒ အတ္တ

သစ္စကပရိဗိုဇ်ကြီး၏ မဟာဝုန်တောမှာ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ထံသွားပြီးတော့ ဓါဒပြိုင်တဲ့အခါမှာ ဘာပြောသလဲ၊ ရှင်ဂေါတမ

အတ္တလား, အနတ္တလားလို့ သစ္စကကမေးတော့၊ ဒါကအနတ္တလို့ ဘုရားသခင်က မိန့်တော်မူတဲ့အခါမှာ ဟာ–မဟုတ်ဘူး၊ ရှင်ဂေါတမမှားပြီ၊ အတ္တပါလို့ သစ္စကကပြောတော့၊ ဘုရားသခင်က ဘယ်လိုကြောင့် အတ္တလဲလို့ မေးတဲ့အခါမှာ သစ္စကကပြောတယ်–

"ရူပတ္တာယံ ပုရိသပုဂ္ဂလော ရူပေ ပတိဋ္ဌာယ ပုညံ ဝါ အပုညံ ဝါ ပသဝတိ"။

ရှင်ဂေါတမတဲ့၊ ဥပမာအားဖြင့် အားခွန်ဗလနဲ့ အမှုကိစ္စတွေကိုပြုလုပ်ကြမဲ့ ပုဂ္ဂိုလ်တွေဟာ မြေကြီးပေါ်မှာ မှီပြီးတော့ မြေကြီးကို အမှီရမှသာလျှင် ခွန်အားဗလနဲ့အားထုတ်ပြီး အလုပ်ကိုလုပ်နိုင်ပါတယ်၊ အဲဒီ–ဥပမာလိုဘဲ ရုပ်တည်းဟူသော အတ္တကိုအမှီပြုပြီးမှ ရုပ်တည်းဟူသော အတ္တကိုအမှီရမှသာလျှင် သတ္တဝါတွေဟာ မြင်လို့ရတယ်, ကြားလို့ရတယ်, နံလို့ရတယ်, စားလို့ရတယ်, ကုသိုလ်အကုသိုလ်တွေကို ပြုလုပ်လို့ရပါတယ်တဲ့။

ရူပတ္တာယံ ပုရိသပုဂ္ဂလော၊ ရုပ်အတ္တဖြစ်တဲ့ ဤယောကျာ်း ပုဂ္ဂိုလ်သည်။ ရူပေ၊ ရုပ်အတ္တ၌။ ပတိဋ္ဌာယ၊ တည်၍။ ပုညံဝါ၊ ကုသိုလ်ကောင်းမှုကိုငင်း။ အပုညံဝါ၊ အကုသိုလ်မကောင်းမှုကိုငင်း။ ပသဝတိ၊ ပွားများအားထုတ်နိုင်ပါ၏တဲ့။

ဒါဟာ ဘယ်သူ့ဝါဒလဲ... (သစ္စကဝါဒပါဘုရား)။

အတ္တဝါဒ–ဘာဝါဒတဲ့လဲ.... (အတ္တဝါဒပါဘုရား)။

အခုလဲ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မေးကြည့်တော့ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ရုပ်ကလေးမရှိရင် ဘာမှလုပ်လို့မရတော့ဘူး၊ ဒီလိုပြောနေကြပြီမဟုတ်လား၊ ဟုတ်ကဲ့လား ဒီစကားဟာ၊ ဥပမာ မြင်တယ်ဆိုပါတော့ တိုးတဲ့သဘော, တွန်းတဲ့သဘောလေးက မြင်ပေးတဲ့ သဘောသားလို့ဆိုတော့ မဟုတ်ဘူး၊ စက္ခု, ရူပ, အာလောက,မနသိကာရလို့ခေါ်တဲ့ အကြောင်းလေးပါးပြည့်စုံမှမြင်တယ်လို့ ဘုရားက ဒီလိုပြပါတယ်။

ကုသိုလ်ဖြစ်တယ်, အကုသိုလ်ဖြစ်တယ်လို့ ဆိုဒါဟာလဲဘဲ ပါဠိတော်တွေမှာ–

"ရူပါရမ္မဏံ သဒ္ဒါရမ္မဏံ ဂန္ဓာရမ္မဏံ ရသာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ ဓမ္မာရမ္မဏံ ဝါ ယံ ယံ ဝါ ပနာရဗ္ဘ ဖဿော ဟောတိ ဝေဒနာ ဟောတိ"။

ရူပါရမ္မဏံ၊ရူပါရုံကိုင်း။သဒ္ဒါရမ္မဏံ၊သဒ္ဒါရုံကိုင်း။ဂန္ဓာရမ္မဏံ၊ ဂန္ဓာရုံကိုင်း။ ရသာရမ္မဏံ၊ ရသာရုံကိုင်း။ ဖောဋ္ဌဗ္ဗာရမ္မဏံ၊ ဖောဋ္ဌဗ္ဗာရုံကိုင်း။ဓမ္မာရမ္မဏံဝါ၊ဓမ္မာရုံကိုင်း။ယံယံဝါပန၊အကြင် အကြင်သို့သော အာရုံကိုင်း။ အာရဗ္ဘ၊အာရုံပြု၍။ဖဿော၊အာရုံ နှင့်တွေ့ထိမှု ဖဿသည်။ဟောတိ၊ဖြစ်ပေါ်လာ၏။ ဝေဒနာ၊ အာရုံ ကိုခံစားမှု ဝေဒနာသည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။—

စသည်ဖြင့် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံကို အာရုံပြုပြီးသကာလ ဖဿသဘောတွေဖြစ်, ဝေဒနာသဘောတွေဖြစ်, သဒ္ဓါ သဘောတရားတွေဖြစ်, စေတနာသဘောတရားတွေဖြစ်, အလောဘသဘော တရားတွေဖြစ်, အဒေါသသဘောတရားတွေဖြစ်, အမောဟသဘောတရား တွေဖြစ်တယ်၊ ကုသိုလ်တွေဖြစ်တယ်။

## အနတ္တဓမ္မ ဗုဒ္ဓဟောညွှန်ပြ

အဲဒီ- ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံကိုအာရုံပြုပြီး တော့ ဖဿ ဝေဒနာ သညာတွေ,လောဘတွေ, ဒေါသတွေ, မောဟတွေဆိုတဲ့ အကုသိုလ်တွေဖြစ်တယ်၊ ကုသိုလ်ဖြစ်ခြင်းရဲ့အကြောင်း, အကုသိုလ်ဖြစ်ခြင်း ရဲ့အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား-သစ္စကရေ.၊ သင့်ရုပ်ကြောင့်, အတ္တကြောင့် ဖြစ်တဲ့တရား မဟုတ်ဘူးလို့ ဘုရားရှင် ကိုယ်တော်မြတ်က အနတ္တဒေသနာတော်ကို ဒီမှာညွှန်ပြပါတယ်၊ အဲဒါကြောင့်ရုပ်သည် အလို သို့မလိုက်, အကြိုက်သို့မပါ, အနှစ်သာရမဟုတ်တဲ့အနတ္တတရား၊ ဒီတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အတ္တစွဲပုံဟာ ဘယ်မှာ ပိုစွဲသလဲ၊ မျက်လုံးမှာလဲမစွဲဘူး သူ့ကိုပေးနိုင်တယ်၊ အတ္တာဘိနိဝေသမဖြစ် ဘူး၊ သိပ်ပြီးတော့နစ်မြုပ်စူးဝင်ခြင်းမရှိဘူး၊ အနစ်မြုပ်ဆုံးအစူးဝင်ဆုံးက အဲဒီ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော အဿာသာ, ပဿာသ

အာနာပါနမှာ အစွဲဆုံး၊ အဲဒီလိုအာနာပါနမှာအစွဲဆုံးဖြစ်ပါသောကြောင့် ဒီ- အာနာပါနမှာစွဲနေတဲ့ အတ္တာဘိနိဝေသတရားကို ဖြုတ်ချင်လို့။

အယံအရိယသာဝကော၊ ဤအရိယာ၏ တပည့်သားသာဝက ဖြစ်တဲ့ အမျိုးကောင်းသား,အမျိုးကောင်းသမီးသည်။စေတသော၊ စိတ်၏။ အဓိဋ္ဌာနံ၊ ဘည်ရာဖြစ်၍ ဖြစ်သော။ အဘိနိဝေသာနု- သယံ၊ နှစ်မြှုပ်စူးဝင်ရာ, ကိန်းအောင်းရာဖြစ်၍ ဖြစ်သော။ တဥ္စ ဥပယုပါဒါနံ၊ ထိုတဏှာဒိဋ္ဌိတို့ဖြင့် ကပ်ရောက်ခြင်း၊ တဏှာဒိဋ္ဌိတို့ ဖြင့် ပြင်းစွာစွဲလမ်းခြင်းကို။ မေ၊ ငါ၏။ အတ္တာ၊ အားကိုးစရာ အနှစ်သာရ အတ္တတရားပေတည်း။ ဣတိ၊ ဤသို့။ န ဥပေတိ၊ တဏှာဒိဋ္ဌိတို့ဖြင့်မကပ်ရောက်။ န ဥပါဒိယတိ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်း။ န အဓိဋ္ဌာတိ၊ တဏှာဒိဋ္ဌိတို့ဖြင့် မဆောက်တည်။

ဒုက္ခသာလျှင်ဖြစ် ဒုက္ခသာလျှင်ချုပ်

ဒါဖြင့်ကောင်းပြီ၊ ဖြစ်မဖြစ်, ရှိမရှိဆိုဒါက ဘာလဲလို့ပြန်ပြီး သရုပ် ဖော်တော့-

"ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈ တီတိနကင်္ခတိ၊ နဝိစိကိစ္ဆတိ၊ အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ၊ ဧတ္တာဝတာခေါ ကစ္စာန သမ္မာဒိဋ္ဌိ ဟောတိ"။

ဒါ့ဘာပြောသလဲ၊ ခုနကတိုးတဲ့သဘော, တွန်းတဲ့သဘောတရားလေး ကို အတ္တလို့ မစွဲရင်ဖြင့်,အဘိနိဝေသနဲ့မစွဲလမ်းမနှစ်မြှုပ်ရင်ဖြင့် ဖြစ်တယ်, ရှိတယ်ဆိုတဲ့သဘောနဲ့ မဖြစ်ဘူး, မရှိဘူးဆိုတဲ့သဘောကို ဘယ်လိုလာစွဲ လမ်းသလဲဆိုတော့ သင်္ခါရလောကအပေါ်၌-

"ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ"။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်မယ် ဆိုရင်ဖြင့်။ ဒုက္ခမေဝ၊ ဆင်းရဲတရားအစုသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာများဖြစ်ချင် ကြဆေးသလဲ၊ နောင်တဖန် ဘဝသစ်မှာသော်ရင်း, ယခုဘဝမှာသော်ရင်း

အသစ်တခုဖြစ်အုံးမယ်ဆိုရင်ဖြင့် သုခတော့မဖြစ်ဘူး၊ ဒုက္ခသာဖြစ်မယ်လို့ မြင်တယ်တဲ့၊ ဖြစ်ရင်ဘာဖြစ်မှာလဲ ဆင်းရဲဖြစ်မှာလား၊ ချမ်းသာဖြစ်မှာလား....(ဆင်းရဲဖြစ်ပါတယ်ဘုရား)၊ ချမ်းသာတော့မဖြစ်ဘူးတဲ့။

ဒီတော့–ဆင်းရဲတွေဖြင်မှာဆိုတော့ ဖြစ်ချင်အုံးမလား၊ အင်း=အဲဒီမှာ သမုဒယက္ခာဒါပေါ့၊ ကိုင်း–ထားပါတော့၊ နောက်ပိုင်းမမ္ဗဋ္ဌိတိဉာဏ်နဲ့ မဂ်ဉာဏ်မှာ ဟောစရာအကွက်တွေ တော်တော်ကျန်ပါသေးတယ်။

> "ဒုက္ခမေဝ နိရုဇ္ဈမာနံ နိရုဇ္ဈတိ"။ ။နိရုဇ္ဈမာနံ၊ ချုပ်ဆုံးကွယ်ပျောက်မယ် ဆိုရင်ဖြင့်။ ဒုက္ခမေဝ၊ ဆင်းရဲတရားအစုသည်သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။

ဖြစ်တာက ဒုက္ခသာဖြစ်တော့ ချုပ်တာက ဘာချုပ်မှာလဲ....(ဒုက္ခသာချုပ်ပါတယ်ဘုရား)၊ ဒုက္ခသာချုပ်မှာနော်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်ပါ၊ ရုပ်နာမ်ကဖြစ်,ပျက်၊ ဒီနေရာမှာ ချုပ်ဆိုတဲ့ နိရောဓသဘောဟာ ၂-မျိုးရှိတယ်၊ ရုပ်နာမ်တို့ဖြစ်ပြီး ပျက်တာကိုလဲ နိရောဓလို့ခေါ်တယ်၊ တဏှာဒိဋ္ဌိစတဲ့ ကိလေသာ အကုသိုလ်တရားတွေ မဂ်နဲ့ပယ်သတ်လို့ အသစ်မဖြစ်တော့ဘဲ ချုပ်ငြိမ်းသွားတာကိုလဲ နိရောဓချုပ်တယ်လို့ခေါ်တယ်၊ အဲဒီတော့ ခဏိကအားဖြင့် အလိုလို ခဏခဏဖြစ်, ခဏခဏချုပ်နေဒါက ရုပ်နာမ်သဘော၊ ကိလေသာချုပ်ငြိမ်းဒါက ပညာနဲ့ ပယ်သတ်လိုက်တဲ့သဘော၊ အဲဒီလိုချုပ်တဲ့သဘော ၂-မျိုးကို သိထားရမယ် ချုပ်ဆိုတဲ့ စကား ၂–ခု အတူတူဘဲ ဖြစ်ပျက်အစား ဖြစ်ချုပ်လို့လဲ သုံးနိုင်တယ်။

ရုပ်နာမ်ပေါ်မှာစွဲနေတဲ့ တဏှာဉပယရယ်, ဒိဋ္ဌိဉပယရယ်, ဒီကိလေသာများက မဂ်ပညာနဲ့သတ်လိုက်ရင် မဖြစ်ချုပ်၊ အကြွင်းမဲ့ ငြိမ်းတယ်၊ ရုပ်နာမ်ကတော့ အကြွင်းမဲ့မချုပ်ငြိမ်းသေးဘူး၊ ဖြစ်ချုပ်,ဖြစ်ချုပ်နဲ့ နေဒါဘဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စဉ်းစားကြည့်၊ ရုပ်နာမ်ပေါ်မှာစွဲနေတဲ့ တဏှာဉပယ, ဒိဋ္ဌိဉပယ တဏှာဖြင့်စွဲလမ်းခြင်း,ဒိဋ္ဌိဖြင့် စွဲလမ်းခြင်း အဲဒီအစွဲအလမ်းများသာ ပညာနဲ့ ပယ်လို့ချုပ်လို့ရတယ်၊

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဘောပေါက်ပလား (ပေါက်ပါပြီဘုရား)။

ဖြစ်ချုပ်ကိုသိ သမ္မာဒိဋ္ဌိ

"ဒုက္ခမေဝ ဥပ္ပဇ္ဇတိ၊ ဒုက္ခမေဝ နိရုဇ္ဈတိ"–ဖြစ်ရင် ဒုက္ခသာ ဖြစ်တယ်၊ ချုပ်ရင်ဘာချုပ်သလဲ....(ဒုက္ခသာချုပ်ပါတယ်ဘုရား)။

ပညာနဲ့ပယ်သတ်လိုက်ရင် တဏှာ ဒိဋ္ဌိ ဥပယ ဥပါဒါန အဘိနိဝေသ တွေသာလျှင် ကွာရမယ်၊ အဲဒါကြောင့် "အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စတိ"စိတ်လွတ်မြောက်သွားတယ်ဆိုဒါ အစွဲအလမ်းတွေက လွတ်တယ်၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတွေကသာ လွတ်တယ်၊ ရုပ်ကမလွတ်၊ ရုပ်,နာမ် ဖြစ်,ပျက်က ဖြစ်,ပျက်နေဒါဘဲ။ နောက်တဆင့် သွားလိုက်–

"ဒုက္ခမေဝ နိရုဇ္ဈတိ"။ ။ဒုက္ခမေဝ၊ ဆင်းရဲသည်သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသို့။ နကခ်တိ၊ မယုံမှားတော့ဘူး။ နဝိစိကိစ္ဆတိ၊ မတွေးတောတော့ဘူး။ ဧတ္ထ၊ ဤအရာ၌။ အဿ၊ ထို အရိယာ၏တပည့်ဖြစ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး အား။ အပရပစ္စယာ၊ သူတပါး ပြောသမျှကိုသာလျှင် ယုံကြည် လိုက်နာနေရခြင်းကင်းသည်ဖြစ်၍။ ဉာဏမေဝ၊ ကိုယ်တိုင် ပညာနဲ့ သိတဲ့ ကိုယ်ပိုင်ဉာဏ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကစ္စာန၊ ချစ်သားကစ္စာန။ ဧတ္တာဝတာ၊ ဤမျှဖြင့်။ သမ္မာဒိဋ္ဌိ၊ အမှန်ကို သိတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်ပါသတဲ့။

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားဒေသနာ တော်မှာ သမ္မာဒိဋ္ဌိဖြစ်ပုံကိုဟောပြီးတော့ ဒီ–သမ္မာဒိဋ္ဌိဖြစ်အောင် ဟော တော်မူတဲ့ နေရာမှာ ရှိဒါကိုလဲ မြတ်စွာဘုရားကမဟောဘူး၊ မရှိဘူးဆိုဒါ ကိုလဲ မြတ်စွာဘုရားက မဟောဘူး။

သဗ္ဗမတ္ထီတိ ခေါ ကစ္စာန အယမေကော အန္တော၊ သဗ္ဗံ နတ္ထီတိ အယံ ဒုတိယော အန္တော၊ ဧတေ တေ ကစ္စာန ဥဘော အန္တေ အနုပဂမ္မ မဇ္ဈေန တထာဂတော ဓမ္မံ ဒေသေတိ"။

အဓိပ္ပါယ်က ချစ်သားကစ္စာန....အလုံးစုံရှိ၏လို့ ယူတဲ့အယူကအစွန်းတစွန်း၊ အလုံးစုံမရှိဘူးလို့ ယူတဲ့အယူက အစွန်းတစွန်း၊ အဲဒီအစွန်းနှစ်ဘက်က လွတ်အောင်ရှောင်ပြီးတော့မှ အလယ်အလတ်အားဖြင့် မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူပါသတဲ့။

## ပဋိစ္စသမုပ္ပါဒ် ဒုက္ခတွေဖြစ်

မြတ်စွာဘုရားဟောပုံက ဒီလိုတဲ့ –

> အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"။

(သာဓု-သာဓု-သာဓု)

အဲဒီ–ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို ကြည့်လိုက်ကြရအောင် ကြည့်နော် ဘုန်းကြီးခွဲပြမယ်၊ အခုရွတ်လိုက်တဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ စသည်တို့မှာ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ,ဇာတိ,ဇရာမရဏ ဒီတရားစုအားလုံးဟာ ဒုက္ခသာ သူကဖြစ်တဲ့တရား။

## ပဋိစ္စသမုပ္ပါဒ် ဒုက္ခတွေချုပ်

> "အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရ-နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာ-ဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာ-ယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရော-ဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိ-

ရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန-
နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိ-
ရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ
သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ
မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

အဲဒါက မဖြစ်တဲ့တရား။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မှာ ပဌမရွတ်လိုက်တဲ့အတိုင်း ဖြစ်တာက ဒုက္ခဖြစ်၊ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"- ဒီဒုက္ခကြီးဖြစ်ပုံဟာ ထင်ရှားပြီး၊ ဒုတိယရွတ်လိုက်တဲ့အတိုင်း ချုပ်တာကဒုက္ခချုပ်၊ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ-" ဒုက္ခမဖြစ်တော့ဘူး၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်မှာ အနုလုံပဋိလုံ ပြန်လိုက်ရင် ဖြစ်တာနဲ့ မဖြစ်တာအပြင် ဘာရှိသေးသလဲ.... (ဘာမှမရှိပါဘုရား)။

သဘောပေါက်ပြီလား....(ပေါက်ပါပြီဘုရား)။

## အကြောင်း ၅-ခု အကျိုး ၅-ခု

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, သူကဖြစ်ဒုက္ခ၊ဟိုဘက်က အဝိဇ္ဇာယတွေဝဆိုတဲ့ ပဋိလောမကျတော့ မဖြစ်ဘူး၊ ဒုက္ခမဖြစ်တော့ ဘာလဲ သုခ၊ ဖြစ်-မဖြစ် ဒီနှစ်မျိုးဘဲရတယ်၊ ပဋိစ္စသမုပ္ပါဒ်အားလုံးကို ချုံးလိုက်ရင် ဘာနဲ့ဘာသာရှိသလဲ၊ ဖြစ်-မဖြစ် ဒါဘဲရှိတယ်၊ ကိုင်း- ဒါဖြင့် ဖြစ်တဲ့အပိုင်းကိုကြည့်၊ ဖြစ်တဲ့အပိုင်းကိုကြည့်လိုက်တော့ ဘာတွေဖြစ်သလဲ၊ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ၊ အဲဒီ ၅-ခုဟာအကြောင်းတရားလို့ခေါ်တယ်၊ ဘာလို့ခေါ်သလဲ....(အကြောင်းတရားလို့ ခေါ်ပါတယ်ဘုရား)။

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ ဒီတရားငါးခုဟာ အကြောင်းတရား ၅-ခုနော်၊ အဲဒီ အကြောင်းတရား ၅-ခုရှိနေရင် "ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ"=ဒီအကြောင်းတရား ၅-ခုရှိနေရင် ဘာတွေဖြစ်မလဲ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဘယ်နှစ်ခုလဲ....(၅-ခုပါဘုရား)။

အဲဒီ ၅-ခုက အကျိုးတရား၊ အဲဒီတော့ အကြောင်းတရားက ဘယ်နှစ်ခုလဲ....(၅-ခုပါဘုရား)။

အကျိုးတရားက ဘယ်နှစ်ခုလဲ....(၅-ခုပါဘုရား)။

ပေါင်းတော့ ဘယ်နှစ်ခုလဲ....(၁၀-ခုပါဘုရား)၊ ၁၀-ခုနော်။

## ကြောင်းကျိုးစုမှာ ဇာတိဇရာ မရဏပါ

ရုပ်နာမ်တို့ရဲ့ ဖြစ်မှုကလေးကို ဇာတိလို့ခေါ်တယ်၊ ရုပ်နာမ်တို့ရဲ့ ရင့်ကျက်မှုကလေးကို ဇရာ, မရဏလို့ခေါ်တယ်၊ အဲဒီတော့ ဒီအကြောင်းတရား ၅-ခုဟာ ဘာရှိသလဲလို့ကြည့်၊ ဇာတိက တခု၊ ဇရာမရဏက တခုဆိုတော့ ဘယ်နှစ်ခုလဲ...(နှစ်ခုပါဘုရား)။

အကြောင်းတရား ၅-ခုထဲက အဝိဇ္ဇာမှာ ဇာတိမရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဇရာမရဏကော....(ရှိပါတယ်ဘုရား)။

တဏှာ, ဥပါဒါန်, ကမ္မဘဝ-ဆိုတဲ့ အကြောင်းတရား တခုစီမှာတော့ ဇာတိတွေ, ဇရာမရဏတွေ တခုစီ တခုစီရှိသလား- မရှိဘူးလား....(ရှိပါတယ်ဘုရား)၊ ရှိတယ်နော်။

အကျိုးတရား ၅-ခုမှာကြည့် ဘာရှိသလဲ၊ ဇာတိဇရာမရဏရှိသလား၊ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့အကျိုးတရား၅-ခုမှာကော ဘာရှိသလဲ၊ ဇာတိဇရာမရဏရှိတယ်၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဇာတိကကောင်းသလား, ဇရာမရဏကကောင်းသလား, ဇာတိကို သဘောကျသလား, ဇရာမရဏကိုသဘောကျသလား.... (မကျပါဘုရား)။

ဒါဖြင့် အကြောင်းတရား၅-ခုမှာဘာရှိသလဲ၊ ဇာတိဇရာမရဏ ရှိတယ်၊ ဘယ်ဟာကိုကြိုက်သလဲ, အကြောင်းတရား ၅-ခုကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက နှစ်သက်သလား၊ မနှစ်သက်ဘူးလား.... (မနှစ်သက်ပါဘုရား)၊ မနှစ်သက်ဘူး။

ဘာပြုလို့မနှစ်သက် လဲ၊ ဇာတိနဲ့ ဇရာမရဏရှိလို့ မနှစ်သက်ဘူး၊ ဒါဖြင့် အကျိုးတရား ၅-ခုမှာကော ဘာရှိသလဲ....(ဇာတိနဲ့ ဇရာမရဏရှိပါတယ် ဘုရား)။

အကျိုးတရား ၅-ခုကောနှစ်သက်သလား.... (မနှစ်သက်ပါဘုရား)။

အကြောင်းတရား ဖြစ်ချင်သေးသလား....(မဖြစ်ချင်ပါဘုရား)။

ဘာပြုလို့လဲ....(ဇာတိနဲ့ဇရာမရဏရှိလို့ပါဘုရား)။

အကျိုးတရားကော ဖြစ်ချင်သေးသလား....(မဖြစ်ချင်ပါဘုရား)။

ဘာဖြစ်လို့လဲ....(ဇာတိနဲ့ဇရာမရဏရှိလို့ပါဘုရား)။

အဲဒီလိုမြင်ဒါ အမှန်မြင်ဒါလား-အမှားမြင်ဒါလား....(အမှန်မြင်ဒါပါ ဘုရား)။

အမှန်မြင်ရင် အဝိဇ္ဇာရှိသေးသလား, မရှိဘူးလား....(မရှိပါဘုရား)။

အဝိဇ္ဇာချုပ်ဆဲခဏမှာ သင်္ခါရချုပ်တယ်, ဝိညာဏ်ချုပ်တယ်, နာမ်ရုပ် ချုပ်တယ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ အကုန် ချုပ်တယ်။

ဇာတိ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ”-ဆို တော့ ဟိုဘက်က-အကြောင်းတရားနဲ့ အကျိုးတရားငြိမ်းဒါနဲ့ တပြိုင်နက် ထဲ ဒီဘက်မှာ အကျိုးတရား ပေါ်အုံးမလား, မပေါ်ဘူးလား....(မပေါ် ပါဘုရား)။

အရေအတွက် ၁၂-ခု သဘော ၁၀-ခု

ပဋိစ္စသမုပ္ပါဒ်မှာ အကြောင်း ဖြတ်ရမလား, အကျိုး ဖြတ်ရမလားဆို တော့ ဒီလိုဖြစ်နေတယ်၊ အကြောင်းမှာ ဘာရှိသလဲ-ဇာတိ, ဇရာမရဏ၊ အကျိုးမှာ ဘာရှိသလဲ—ဇာတိ, ဇရာမရဏ၊ ဒီတော့—ပဋိစ္စသမုပ္ပါဒ်မှာ အကြောင်းတရားက ၅-ခု, အကျိုးတရားက ၅-ခု၊ ဇာတိဇရာမရဏက ၂-ခု၊ ပေါင်းလိုက်တော့ ဘယ်နှစ်ခုလဲ....(၁၂-ခုပါဘုရား)။

သေသေချာချာပြောနော်၊ ပေါင်းလိုက်တော့ ဘယ်နှစ်ခုလဲ....(၁၂-ခု ပါဘုရား)။

ကိုင်း-ပြန်ပြောအုံး၊ အကျိုးတရားက ဘယ်နှစ်ခုလဲ....(၅-ခုပါဘုရား)။

အကြောင်းတရားက ဘယ်နှစ်ခုလဲ....(၅-ခုပါဘုရား)။

ဂုဏ်က ဘယ်နှစ်ခုလဲ....(၂-ခုပါဘုရား)၊ ဇာတိနဲ့ ဇရာမရဏက ထိုအကြောင်းတရား ၅-ခု, အကျိုးတရား ၅ခု-တို့ရဲ့ ဂုဏ်ထူးဝိသေသပါ။

အကြောင်းတရား ၅-ခုရယ်, အကျိုးတရား၅-ခုရယ်, ဂုဏ်ထူးဝိသေသ ၂-ခုရယ် ပေါင်းလိုက်တော့ ဘယ်လောက်လဲ....(၁၂-ခုပါဘုရား)။

၁၂-ခု မဟုတ်ပါဘူး ၁၀-ခုပါ၊ ကိုင်း-ပြန်ပြောအုံး၊ အကြောင်းတရားက ၅-ခု၊ အကျိုးတရားက ၅-ခု၊ ဂုဏ်က ၂-ခုပေါင်းတော့ ဘယ်နှစ်ခုလဲ....(၁၂-ခုပါဘုရား)၊ မဟုတ်ပါဘူး ၁၀-ဖြစ်ရမယ်။

ကိုင်း-ရှင်းကြအုံးစို့၊ အရေအတွက်အားဖြင့် ၁၂-ခုရှိပေမယ်လို့ သဘာဝအားဖြင့်တော့ ၁၀-ခုသာရှိရပါမယ်၊ ဘာဖြစ်လို့လဲ။

ဥပမာ-အသားဖြူဖြူနဲ့ ဝဝညီအစ်ကို ၅-ယောက်လို့ဆိုရင် ဖြူဖြူဝဝရယ်, ညီအစ်ကို ၅-ယောက်ရယ် ပေါင်းရင် ၇-ယောက် ဖြစ်မလား....(မဖြစ်ပါဘုရား)။

အင်း-ဖြူဖြူဝဝရယ်, ညီအစ်ကို ၅-ယောက်ရယ် ပေါင်းရင် ဘယ်နှစ်ယောက်ဖြစ်မလဲ....(၅-ယောက်ပါဘုရား)။

အဲဒီလို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အကြောင်းတရား ၅-ခုရယ်, အကျိုးတရား၅-ခုရယ်, ဇာတိ ဇရာမရဏဆိုတဲ့ ဖြူဖြူ-ဝဝရယ် ထဲ့ပေါင်းလိုက်တော့ ဘယ်နှစ်ခုဖြစ်မလဲ၊ ၁၀-ခုဘဲဖြစ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ အင်္ဂါအားဖြင့် အဲဒီ ၁၀-ခုဘဲရှိတယ်၊ ဒါ့ထက် ကျဉ်းချင်သေးတယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်မှာ "ဖြစ်" ဒီတခုဘဲရှိတယ်၊ နောက်တခုက ပဋိလုံကို ပြန်ကြည့်မယ်ဆိုရင် "မဖြစ်ဘူး" ဒီသဘောတခုဘဲရှိတယ်၊ ဖြစ်တဲ့သဘောသည် ဒုက္ခ, မဖြစ်တဲ့သဘောသည် သုခ။

"ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ"။ ။ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဘယံ၊ ဘေးတည်း။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ခေမံ၊ ဘေးကင်းရာ နိဗ္ဗာန်ပေတည်း။

လို့အဲဒီလို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကိုအထွတ်တင်၍ဤကစ္စာနဂေါတ္တသုတ္တန်တရားဒေသနာတော်မြတ်ကို ဟောကြားတော်မူပါဘယ်။

## နိဂုံးဆုတောင်း

ဤသို့ ယနေ့ည ဝိပဿနာ အလုပ်ပေးတရားတို့တွင် "နိမိတ်ရှင်းတမ်း" နှင့်တကွသံယုတ္တနိကာယ်နိဒါနဝဂ္ဂသံယုဂ်ပါဠိတော်အာဟာရဝဂ်၌လာသော "ကစ္စာနဂေါတ္တသုတ္တန်" တရားဒေသနာတော်ကို ရိုသေစွာ နာခံမှတ်သားရခြင်းတည်းဟူသော ဓမ္မသဝန ကုသိုလ်ကံစေတနာတို့ကြောင့်ငင်း၊ (ဟောကြားခဲ့ပြီးသော သုတ်တို့၏ အဆုံးနိဂုံးဆုတောင်းအတိုင်း အကျယ် သိပါလေ) ဘုရားအစရှိကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့၏ ကိန်းအောင်းမွေလျော် ရှင်ပျော်ကြွသွားရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

ကစ္စာနဂေါတ္တ သုတ္တန်တရားတော် ပြီး၏။

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတသရ

# ဥပက္ကိလေသ ၁၈-ပါး ရှင်းတမ်း

နှင့်

# ဓိဇ္ဈသုတ္တန်တရားတော်

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၅)

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတသာရ မထေရ်မြတ်သည် ၁၃၂၇-ခု၊ တပေါင်းလဆန်း ၁၄-ရက်နေ့ (၅-၃-၆၆) ညအချိန်၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျွဲကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာပါဠိတော်ဟောစဉ် အမှတ် (၅) ဖြစ်သော ဤ "ဥပက္ကိလေသ ၁၈-ပါးရှင်းတမ်း" နှင့် ခန္ဓ ပဂ္ဂ သံယုတ် ပါဠိတော် ဥပယဝဂ်၌ လာသော "ဗီဇသုတ္တန်တရားတော်" ကို ဟောကြားတော်မူသည်။

# ဥပက္ကိလေသ ၁၀-ပါး ရှင်းတမ်း

## ပရိကမ်ပြုနည်း

ပရိကမ်ပြုတဲ့ စာရွက်ကလေးတွေကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်ထားပါ၊ မိမိတို့ရဲ့ ခန္ဓာကိုယ်ကိုလဲဘဲ ဝိပဿနာ အလုပ်ပေးတရားဟောတဲ့နေ့က ပေးထားတဲ့အတိုင်း ဥပဒေသ ၃-ချက်ကို လိုက်နာသောအားဖြင့် ဖြောင့်ဖြောင့်မတ်မတ်ထားပါ၊ မျက်လုံးကိုအောက်ချထားပါ၊ ဘာမှအာရုံမပြုဘဲနှင့် ဘယ်ကိုမှလှမ်းမကြည့်ဘဲနှင့် မျက်လုံးကို မျက်လွှာချပြီးတော့ မျက်လုံးကို အောက်ချထားပြီးတော့မှ တိုးတဲ့သဘော တွန်းကန်တဲ့သဘောကို အာရုံပြုပြီးတဲ့အခါ ဘုန်းကြီးက ပရိကမ်ပြုတာကို ချပေးပါမယ်၊ အားလုံးလိုက်ဆိုကြပါ။

မှတ်ချက်။ ။(နောက်ကပရိကမ်ပြုနည်းအတိုင်း ပရိကမ်ပြုပါ။)

## ဓမ္မာနုပဿနာအညစ်အကြေး ဥပက္ကိလေသ

အားလုံး ကမ္မဋ္ဌာန်းတရားကိုအာရုံပြု၊ တရားဆိုဒါ မှန်ဒါကို တရားလို့ ခေါ်တယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ တွန်းကန်တဲ့ သဘောကလေးဟာ-

(၁) ဝိပဿနာ အလုပ်ပေးတရား ဟောတဲ့နေ့ကရော,
(၂) အပြင်အာရုံကို ရှင်းတမ်းပေးတဲ့ နေ့ကရော,
(၃) အတွင်းအာရုံကို ရှင်းတမ်းပေးတဲ့ နေ့ကရော,
(၄) နိမိတ်ကို ရှင်းတမ်းပေးတဲ့နေ့ကရော-

အားလုံး အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာအမှန်တရားကလေး ပေးထားချက်ဖြစ်တဲ့ တိုးတဲ့သဘော တွန်းတဲ့သဘောလို့ ဆိုတဲ့ ဝါယောလေဓာတ်,ရုပ်ပရမတ်ဖြစ်တဲ့ ဓမ္မာနုပဿနာ သဘောတရားကို သိနေကြပြီ၊ အဲဒီ-အမှန်ရှိတဲ့ တရားကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်နှင့် ညှတ်ပြီးတော့ သိသိနေပါ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကိုနော်၊ တိုးတဲ့သဘော,တွန်းတဲ့သဘောကို သိနေပါလို့ဆိုဒါ ထွက်လေ, ဝင်လေရဲ့ ထွက်တာ,ဝင်တာကို သိခိုင်းတာမဟုတ်ဘူးနော်။

ဒီကနေ့ ဥပက္ကိလေသ တဆယ့်ရှစ်မျိုးကို ရှင်းတမ်းနှင့် ဗိဇသုတ္တန်တရားတော်ကို ဟောရမှာဖြစ်တဲ့အတွက် အာနာပါနုဓမ္မာနုပဿနာ သတိပဋ္ဌာန်ရဲ့ အညစ်အကြေးဖြစ်တဲ့ ဥပက္ကိလေသ, အခိုက်အတန့်အားဖြင့် တည်နေသော ခဏိကသမာဓိရဲ့ အန္တရာယ်ဖြစ်တဲ့ ဥပက္ကိလေသ, အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ စိတ်မတည်ငြိမ်မှုနှင့် ပတ်သက်တဲ့ ဥပက္ကိလေသ တဆယ့်ရှစ်မျိုးကို ဒီကနေ့ရှင်းတမ်းပေးရမယ်။

သို့ပေမဲ့ ဒီဥပက္ကိလေသ တရှစ်ဆယ့်ပါးထဲက အပြင်အာရုံကို ရှင်းတမ်းပေးတဲ့နေ့ကလဲ ဥပက္ကိလေသတချို့ပါသွားပါတယ်၊ အတွင်းအာရုံကိုရှင်းတမ်းပေးတဲ့နေ့ကလဲဘဲ ဥပက္ကိလေသတချို့ကို ထည့်ပြီးတော့ရှင်းပေးလိုက်ပါတယ်၊ နိမိတ်ကို ရှင်းတမ်းပေးတဲ့နေ့ကလဲဘဲ ဥပက္ကိလေသတချို့ ကိုထည့်ပြီးတော့ ရှင်းတမ်းပေးလိုက်ပါတယ်၊ဒီကနေ့ကတော့ ဥပက္ကိလေသရှင်းတမ်းကိုအပြည့်အစုံ ဟောရမဲ့နေ့ဖြစ်တဲ့အတွက် အပြင်အာရုံ,အတွင်းအာရုံ,နိမိတ်တို့ကို ရှင်းတမ်းပေးတဲ့အခါမှာ ပါသွားပြီဖြစ်တဲ့ ဥပက္ကိလေသနဲ့ မပါသေးဘဲ ကြွင်းကျန်နေသေးတဲ့ ဥပက္ကိလေသတွေကိုပြည့်ပြည့်စုံစုံ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ရှင်းတမ်းပေးရမယ်။

အပြင်အာရုံဆိုဒါ ဘာကိုခေါ်တယ်၊ အတွင်းအာရုံဆိုဒါ ဘာကိုခေါ်တယ်၊ နိမိတ်ဆိုဒါဘာကိုခေါ်တယ်လို့ဆိုဒါ အသီးအသီးရှင်းတမ်းပေးခဲ့တဲ့နေ့တွေက ရှင်းပေးပြီးပြီ၊ အဲဒီတော့ ဒီကနေ့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ တိုးတဲ့သဘော,တွန်းတဲ့သဘောကို အာရုံပြုနေဒါလား၊ ထွက်လေဝင်လေကို အာရုံပြုနေဒါလား၊ တိုးတဲ့သဘော,တွန်းတဲ့သဘောကို အာရုံပြုနေဒါနော်။

ထွက်လေ, ဝင်လေကို အာရုံပြုနေဒါလား၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကို အာရုံပြုနေဒါလား....(တိုးတဲ့သဘော,တွန်းတဲ့သဘောကို အာရုံပြုနေတာပါဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောဟာ ရုပ်တရား၊ ဘာတရားတဲ့လဲ.... (ရုပ်တရားပါဘုရား)။

ရုပ်တရားကို အာရုံပြုတယ်ဆိုတော့ တိုးတဲ့သဘော, တွန်းတဲ့သဘော, သက်သက်ကလေးကိုသာ အာရုံပြုနေဒါလား၊ ထွက်လေ,ဝင်လေကို အာရုံပြုနေဒါလား....(သဘောသက်သက်ကို အာရုံပြုနေပါတယ်ဘုရား)။

## ဥပက္ကိလေသ ဆက္က ၃-ပါး

သတိထားနေ၁် တွက်သက် ဝင်သက် ဘက်ကို ရောက်သွားတတ်တယ်၊ နိမိတ်ဘက်ကို ရောက်သွားတတ်တယ်၊ ထွက်လေ, ဝင်လေရဲ့ အစ, အလယ်, အဆုံးကို လိုက်တတ်တယ်ဆိုတဲ့ ဥပက္ကိလေသတွေကို ဒီကနေ့ရှင်းတမ်းထုတ်ကြစို့ရဲ့၊ ဒီ-ဥပက္ကိလေသတရားတဆယ့်ရှစ်ပါးနဲ့ ပတ်သက်လို့ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ပဌမဆက္က, ဒုတိယဆက္က, တတိယဆက္ကလို့ ဆက္က ၃-ခု ရှိပါတယ်။

(၁) ပဌမဆက္ကမှာ ဥပက္ကိလေသ ၆-မျိုး၊
(၂) ဒုတိယဆက္ကမှာ ဥပက္ကိလေသ ၆-မျိုး၊
(၃) တတိယဆက္ကမှာ ဥပက္ကိလေသ ၆-မျိုး–

လို့ဆိုတော့ ၆×၃-လီ ဘယ်နှစ်မျိုးလဲ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ... (တဆယ့်ရှစ်မျိုးပါဘုရား)။

တရားနာဒါမှတ်မိအောင်သား၊ နားထောင် ကောင်းအောင်လား.... (မှတ်မိအောင်ပါဘုရား)။

အခု-ဥပက္ကိလေသတရားရှင်းတမ်းပေးနေဒါဟာလဲ ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါမှာ ဒီ-ဥပက္ကိလေသတွေဝင်လာရင် ပင်လာမှန်းသိပြီးတော့ ဥပက္ကိ-လေသတရားတွေကို ပယ်ရှားနိုင်အောင် သင်တန်းပေးနေတဲ့ သဘောမျိုးဘဲရှိသေးတယ်၊ တရားအားထုတ်ခိုင်းထားဒါ မဟုတ်သေးတော့ ဘုန်းကြီးကမေးတဲ့အခါ အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများက သိသလိုပြန်ပြီးတော့ ဖြေဘို့ရာကို နှုတ်မလေးပါနှင့်၊ သင်တန်းပေးနေတယ်ဆိုဒါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို နားလည်အောင် မှတ်မိအောင်လို့ သင်တန်းပေးနေတဲ့သဘောဖြစ်လို့မှတ်မိစေချင်တဲ့အတွက် မေးခွန်းထုတ်နေရဒါပါ၊ နောင်ကို ဥပက္ကိလေသဖြစ်တဲ့ တရား

တွေကို တွေ့တဲ့အခါမှာလဲ ချောင်တတ်, ရှားတတ်, တိမ်းတတ်,ဖယ်တတ်ပြီး တော့ စင်စင်ကြယ်ကြယ်, သန့်သန့်ရှင်းရှင်းဖြစ်စေချင်လို့ အဲဒီမေးခွန်းတွေကို ထပ်ကာထပ်ကာ မေးမြန်းနေရဒါပါ။

## ဥပက္ကိလေသ ပဌမဆက္က ၆-ပါး

ဥပက္ကိလေသ တရားတဆယ့်ရှစ်ပါးနဲ့ ပတ်သက်လို့ ဆက္က ၃-ခု ရှိသည့်အနက် ပဌမဆက္ကမှာ—

"အဿာသာဒိ မဇ္ဈ ပရိယောသာနံ သတိယာ အနု-
ဂစ္ဆတော အဇ္ဈတ္တဝိက္ခေပဂတံ စိတ္တံ သမာဓိဿ ပရိပန္ထော"။

စသည်ဖြင့် စုဏ္ဏိယဝါကျတွေကို အစဉ်အတိုင်းပြုလုပ်ပြီးတဲ့အခါဂါထာကလေးတွေစီကုံးပြီးတော့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ပြထားတာရှိပါတယ်၊ အဲဒီတော့ စုဏ္ဏိယတွေကို မရွတ်တော့ဘဲ ဂါထာကို ရွတ်ပြီးတော့ ရှင်းတမ်းပေးမယ်ဆိုရင်လဲ ဒီ-ဥပက္ကိလေသ တဆယ့်ရှစ်ပါးဟာ ပြည့်စုံသွားပါလိမ့်မယ်၊ ပဌမရှေးဦးစွာ စုဏ္ဏိယပါဠိအစား မြန်မာလိုပြောပြပါမယ်၊ ပဌမဆက္ကမှာ—

(၁) ထွက်လေရဲ့ အစ, အလယ်, အဆုံးကို သတိနှင့် အစဉ်လျှောက်လိုက်ခြင်းသည် ဥပက္ကိလေသတပါး။

(၂) ဝင်လေရဲ့ အစ,အလယ်, အဆုံးကို သတိနှင့်အစဉ်လျှောက်လိုက်ခြင်းသည် ဥပက္ကိလေသတပါး။

(၃) အဇ္ဈတ္တအာရုံ၌ ပျံ့လွင့်ကြောင်းဖြစ်သော ဝင်လာတဲ့ လေကို မြော်လင့်တောင့်တပြီးတော့ နေခြင်းသည် ဥပက္ကိလေသတပါး။

(၄) အပြင်အာရုံ၌ ပျံ့လွင့်ကြောင်းဖြစ်သော ထွက်လေကို မြော်လင့်တောင့်တပြီးတော့ နှစ်သက်နေခြင်းသည် ဥပက္ကိလေသ တပါး။ ဘယ်နှစ်ပါးရသွားပလဲ....(လေးပါးပါဘုရား)။

(၅) သိပ်ပြီးတော့တိုတို,သိပ်ပြီးတော့ရှည်ရှည်ကြီး ရှူလိုက်တဲ့အတွက် ဝင်လာတဲ့လေရဲ့ ထိခိုက်မှုကို မခံနိုင်သောကြောင့် ထွက်လေမှာ သက်သာလိမ့်မလားလို့ တောင့်တခြင်းသည်ဥပက္ကိလေသတပါး။

(၆) ထွက်တဲ့လေရဲ့ နှိပ်စက်ထိုးကျင့်မှုကြောင့် မခံသာတဲ့သဘောတွေ ပေါ်လာတဲ့အခါမှာ ဝင်လေမှာ သက်သာလိမ့်မလားလို့ မြှော်လင့်တောင့်တခြင်းသည် ဥပက္ကိလေသတပါး။

ဘယ်နှစ်ပါးလဲ....(၆-ပါးပါဘုရား)။

ဒါပဌမဆက္ကလို့ခေါ်ပါတယ်၊ အခု ဒီမှာ အသံသွင်းကြိုးခွေလဲ သွင်းထားဒါဖြစ်တော့ ထပ်ကာထပ်ကာ ရှင်းနေစရာမလိုပါဘူး၊ နောက် ဒီတရားကို ပြန်ရှင်းချင်ရင် အဲဒီ-ကြိုးခွေမှာ ပြန်ပြီးတော့ နာပေါ့။

## ပဌမဆက္က ဂါထာပါဠိ

အဲဒီ-ပဌမဆက္က ၆-မျိုးကို ဂါထာဘယ်လိုစီထားသလဲလို့ဆိုတော့။—

(၁) အနုဂစ္ဆနာစ အဿာသံ၊
ပဿာသံ အနုဂစ္ဆနာ၊
သတိ အဇ္ဈတ္တဝိက္ခေပါ၊
ကင်္ခနာ ဗဟိဒ္ဓါဝိက္ခေပပတ္ထနာ။

(၂) အဿာသေနာဘိတုန္နဿ၊
ပဿာသ ပဋိလာဘေ မုစ္ဆနာ။
ပဿာသေ နာဘိတုန္နဿ၊
အဿာသ ပဋိလာဘေ မုစ္ဆနာ။

(၃) ဆ ဧတေ ဥပက္ကိလေသာ၊
အာနာပါနဿတိ သမာဓိဿ။
ယေဟိ ဝိက္ခိပ္ပမာနဿ၊
နောစ စိတ္တံ ဝိမုစ္စတိ။
ဝိမောက္ခံ အပဇာနန္တာ၊
တေ ဟောန္တိ ပရပတ္တိယာ။

ဒီလို-ပဋိသမ္ဘိဒါမဂ် ပါဠိတော် အာနာပါနဿတိကထာ ဥပက္ကိလေသ ဉာဏနိဒ္ဒေသမှာ ပါဠိစီထားဒါရှိပါတယ်။

## ပဋ္ဌမဆက္ကဂါထာအနက်

အနက်ကတော့—

(၁) အဇ္ဈာသံ၊ ဝင်သက်လေကို။ အနုဂစ္ဆနာစ၊ အစ, အလယ်, အဆုံး သုံးပါးလုံး လျှောက်၍လိုက်ခြင်းဟု ဆိုအပ်သော။ သတိစ၊ အတွင်းအာရုံ၌ ပျံ့လွင့်ကြောင်းဖြစ်သော သတိသည်ရင်း။

(၂) ပဿာသံ၊ ထွက်သက်လေကို။ အနုဂစ္ဆနာစ၊ အစ, အလယ်, အဆုံး သုံးပါးလုံးကို ထင်ရှားအောင်လိုက်ခြင်းဟု ဆိုအပ်သော။ သတိစ၊ အပြင်အာရုံ၌ ပျံ့လွင့်ကြောင်းဖြစ်သော သတိသည်ရင်း။

(၃) အဇ္ဈတ္တဝိက္ခေပါကင်္ခနာ၊ အတွင်းအာရုံ၌ပျံ့လွင့်ကြောင်းဖြစ်သော ဝင်သက်လေကို တောင့်တလိုလား နှစ်သက်ခြင်းတည်းဟူသော။ သတိစ၊ သတိသည်ရင်း။

(၄) ဗဟိဒ္ဓါ ဝိက္ခေပပတ္ထနာ၊ အပြင်အာရုံ၌ ပျံ့လွင့်ကြောင်းဖြစ်သောထွက်သက်လေကိုတောင့်တလိုလား နှစ်သက်ခြင်းတည်းဟူသော။ သတိစ၊ သတိသည်ရင်း။

(၅) အဿာသေန၊ ဝင်သက်လေဖြင့်။ အဘိတုန္နဿ၊ နှိပ်စက်အပ်သော ယောဂီပုဂ္ဂိုလ်၏။ ပဿာသပဋိလာဘေ၊ ထွက်သက်လေကိုရခြင်း၌။ မုစ္ဆနာ၊ သာယာဘွယ်ထင်လျက် တွေ့ဝေခြင်းဆိုတဲ့ တဏှာသဘောသည်ရင်း။

(၆) ပဿာသေန၊ ထွက်သက်လေဖြင့်။ အဘိတုန္နဿ၊ နှိပ်စက်အပ်သော ယောဂီပုဂ္ဂိုလ်၏။ အဿာသပဋိလာဘေ၊ ဝင်သက်လေကိုရခြင်း၌။ မုစ္ဆနာ၊ သာယာဘွယ်ထင်လျက် တွေ့ဝေခြင်းဆိုတဲ့ တဏှာသဘောသည်ရင်း။

ဆ၊ ခြောက်ပါးကုန်သော။ ဧတေဥပက္ကိလေသာ၊ ထိုဥပက္ကိလေသာ ညစ်နွမ်းကြောင်းတရားတို့သည်။ အာနာပါနဿတိသမာဓိဿ၊ အာနာပါနဿတိသမာဓိ၏။ ဥပက္ကိလေသာ၊ ညစ်

နှမ်းကြောင်းဖြစ်တဲ့ ဥပက္ကိလေသတရားတို့ပေတည်း။ ယေဟိ၊ ယင်းဥပက္ကိလေသတရားတို့က။ ဝိက္ခိပ္ပမာနဿ၊ ပျံ့လွင့်စေအပ် နှိပ်စက်အပ်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး၏။ စိတ္တံ၊ စိတ်သည်။ နောစပမုစ္စတိ၊ ထွက်သက်ဝင်သက်ဖြစ်တဲ့ တိုးတဲ့သဘော,တွန်းတဲ့သဘော၌ မသက်ဝင်။ ဝါ၊ ဆန့်ကျင် ဘက်တရားတို့မှလည်း မလွတ်မြောက်။ ဝိမောက္ခံ၊ တိုးတဲ့ သဘော,တွန်းတဲ့သဘော၌ သက်ဝင်ခြင်း,ဆန့်ကျင်ဘက်တရား တို့မှ လွတ်မြောက်ခြင်းကို။ အပဇာနန္တာ၊ ကွဲကွဲပြားပြား မသိကြကုန်သော။ တေ၊ ထိုအမျိုးကောင်းသား, အမျိုး ကောင်းသမီးတို့သည်။ ပရပတ္တိယာ၊ သူတပါးပြောသမျှကိုသာ လျှင် နားယောင်၍ နေကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

လို့ပါဠိတော်မှာ အဲဒီလိုဂါထာကလေးစီပြီးတော့ ဥပက္ကိလေသ ၆-ပါး ကို ရှင်းတမ်းပေးခဲ့ပါတယ်။

## ပဌမဆက္ကမှ လွတ်မြောက်ရန်

အဲဒီတော့- အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ဟာ အာနာပါနမှ တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ ပေးထားချက် ဖြစ်တဲ့ ပရမတ်အာရုံအမှန်ဆိုတဲ့ တရားကို သမ္မာဒိဋ္ဌိအသိဉာဏ်နဲ့ အာရုံပြုနေ တဲ့အခါမှာ—

(၁) ဝင်လာတဲ့လေနဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကိုမလိုက် ပါနှင့်။

(၂) ထွက်လာတဲ့လေရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကိုမလိုက် ပါနှင့်။

(၃) ဝင်သက်လေကို မတောင့်တ, မလိုလား,မနှစ်သက်ပါနှင့်။

(၄) ထွက်သက်လေကို မတောင့်တ,မလိုလား,မနှစ်သက်ပါနှင့်။

(၅) ဝင်သက်လေ ထိုးကျင်နှိပ်စက်သည် ဖြစ်သောကြောင့် ထွက် သက်လေကို ရခြင်း၌ သာယာဘွယ်ဟု မထင်မှတ်ပါနှင့်။

(၆) ထွက်သက်လေ ထိုးကျင်နှိပ်စက်သည်ဖြစ်သောကြောင့် ဝင်သက်လေကိုရခြင်း၌ သာယာဘွယ်ဟု မထင်မှတ်ပါနှင့်။

အဲဒီ ၆-ချက်က လွတ်ရင် ပဌမဆက္ကဖြစ်တဲ့ ဥပက္ကိလေသ ၆-ချက်က လွတ်မြောက်သွားပြီလို့မှတ်ပါ၊ ဒါ-ပဌမဆက္ကပြီးပြီလို့ ဆိုကြပါစို့ရဲ့။

ဥပက္ကိလေသ ဒုတိယဆက္က ၆-ပါး

ကဲ-ဒုတိယဆက္က သွားကြစို့၊ ပြီးခဲ့တဲ့ညကလဲ နိမိတ္တသဘာဝနိမိတ်သဘောကို ရှင်းခဲ့ဘယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နိမိတ်ဆိုဒါ အသွင်အပြင်, ပုံပန်းသဏ္ဍာန်, နှာခေါင်း, နှုတ်ခမ်း, လက်, ခြေ, ခေါင်း, ခါး, ရင်, ဝမ်းစသည်တို့ကို နိမိတ်လို့ခေါ်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ.... နိမိတ်ဆိုဒါ အဟုတ်ရှိအမှန်ရှိ ဟုတ်ကဲ့လား၊ သမုတ်သောအားဖြင့် ရှိဒါလား.... (သမုတ်သောအားဖြင့် ရှိဒါပါဘုရား)။

အဟုတ်ရှိ အမှန်ရှိ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အာရုံပြုနေဒါက ဘာကိုအာရုံပြုနေသလဲ၊ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ တိုးတဲ့သဘောတွန်းတဲ့သဘောကို အာရုံပြုနေတယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောတည်းဟူသော အဟုတ်ရှိ အမှန်ရှိကို အာရုံပြုဒါလား, သို့မဟုတ်သမုတ်သောအားဖြင့်ရှိတဲ့ စောစောက ပြောခဲ့တဲ့ နိမိတ်တွေကို အာရုံပြုဒါလား (အဟုတ်ရှိ အမှန်ရှိတဲ့ ပရမတ်ကို အာရုံပြုပါတယ်ဘုရား)။

နောက်တမျိုး နိမိတ်တွေ ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့ အရောင်တွေ, အလင်းတွေ, နှစ်သက်စရာတွေ, မနှစ်သက်စရာတွေ, အရိုးစုတွေ, အသုဘကောင်တွေ, လူတွေ, နတ်တွေ, ပန်းခြံကြီးတွေလို, တိမ်ခိုးတိမ်လိပ်တွေလို, မီးခိုးတန်းတန်းကလေးတွေလိုဆိုတဲ့ နိမိတ်တွေရှိပါသေးတယ်၊ အဲဒီနိမိတ္တသဘောတရားတွေနှင့် စောစောပိုင်းက။ ပြောခဲ့တဲ့ ပုံပန်းသဏ္ဍာန်, ခေါင်း, ခါး, ရင်, ဝမ်း, နှာသီးဖျား စတဲ့ နိမိတ်။

(၁) အဲဒီ-နိမိတ်ကို ဆင်ခြင်နေရင် ဝင်သက်လေ၌ ပျံ့လွင့်တယ်ဆိုတဲ့ ဥပက္ကိလေသ တပါး။

(၂) ဝင်သက်လေကို ဆင်ခြင်နှလုံးသွင်းနေရင် နိမိတ်၌ပျံ့လွင့်တယ် ဆိုတဲ့ ဥပက္ကိလေသ တပါး၊ ဘယ်နှစ်ပါးရသွားပလဲ....(နှစ်ပါး ပါဘုရား)၊ နှစ်ပါးနော်၊ ဒါ-ဒုတိယဆက္ကမှာပါတဲ့ နှစ်ပါး။

(၃) နောက်တခါ အဲဒီနိမိတ်တွေကို ဆင်ခြင်သုံးသပ်နေရင် နှလုံး သွင်းနေရင် ထွက်သက်လေ၌ ပျံ့လွင့်တယ်ဆိုတဲ့ ဥပက္ကိလေသ တပါး။

(၄) ထွက်သက်လေကို ဆင်ခြင်နှလုံးသွင်းနေပြန်ရင်လဲ နိမိတ်၌ တုန် လှုပ်တယ်ဆိုတဲ့ ဥပက္ကိလေသတပါး၊ ဘယ်နှစ်ပါး ရသွားပြန် ပလဲ၊ (လေးပါးပါဘုရား)။

(၅) ဝင်သက်လေကို နှလုံးသွင်းနေပြန်ရင်လဲ ထွက်သက်လေ၌ပျံ့လွင့် တယ်ဆိုတဲ့ ဥပက္ကိလေသတပါး။

(၆) ထွက်သက်လေကိုနှလုံးသွင်းလိုက်ပြန်ရင်လဲဝင်သက်လေ၌စိတ်ဟာ တုန်လှုပ်လာတယ်ဆိုတဲ့ ဥပက္ကိလေသတပါး၊ ပေါင်းတော့ ဘယ် နှစ်ပါးလဲ....(၆-ပါးပါဘုရား)၊ ကဲ-ဒါ ဒုတိယဆက္က ၆-ပါး။

အခုပြောခဲ့တဲ့ ဥပက္ကိလေသထဲမှာ တိုးတဲ့သဘော, တွန်းတဲ့သဘောဟာ ပါသလား၊ မပါဘူးလား....(မပါပါဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘော ဥပက္ကိလေသထဲမှာ ပါသလား—(မပါ ပါဘုရား)။

## ဒုတိယဆက္ကဂါထာ ပါဠိနှင့်အနက်

နို့=ဥပက္ကိလေသထဲပါနေဒါ ဘယ်သူလဲ၊ နိမိတ်ရယ်, ထွက်သက်ရယ် ဝင်သက်ရယ်, ထွက်သက်-ဝင်သက်တွေရယ် ဒါတွေဘဲ ပါနေတယ်၊ ဒီတော့ ဒါတွေကို ပါဠိတော်မှာ စုဏ္ဏိယစကားပြေအဖြစ်နဲ့ ဟောထားပါတယ်၊ အဲဒီအဓိပ္ပါယ်နဲ့ဘဲ ဒီ-စုဏ္ဏိယကို နိဂုံးချုပ်ပြီးတော့ ပဋိသမ္ဘိဒါမဂ်ပါဠိ တော်မှာရှိတဲ့ ဂါထာကလေး ရွတ်ကြအုံးစို့။

မှတ်ချက်။ ။[ဤနေရာ၌-ပဋိသမ္ဘိဒါမဂ်ပါဠိတော် ဝေါဒနညာဏနိဒ္ဒေသ ဆဋ္ဌမူ စာမျက်နှာ ၁၇၀-တွင်ပါရှိသော''ဝေ မေဝ ဘိက္ခု နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ

ဝါ သတိ' ဥပဋ္ဌပေတွာ နိသိန္နော ဟောတိ''စသည်ဖြင့် လာရှိသော စကားရပ်များမှာ သမထယာနိကယုဂနဒ္ဓ နည်းဖြင့် ဝိပဿနာကို ပွားများရန်အတွက် ရှေးဦးစွာ သမာဓိနိမိတ် ယူရာကိုဖေါ်ပြ၍ သမာဓိကို ထူထောင်ပြီးလျှင် ပဓာနပယောဂကို ပြည့်စုံစေ၍ ထိုမှတဖန် ဝိသေသတရားထူးကို ရခြင်းငှာ ပြတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် ''ပဓာနဥ္စ ပညာယတိ၊ ပယောဂဥ္စ သာမေတိ၊ ဝိသေသမဓိ ဂစ္ဆတိ'' ဟု ဝီရိယကြောင့် စိတ်၏ကမ္မဋ္ဌာန်းအာရုံ၌ ရှုမှတ်ရန်သင့်လျော်ခြင်း, ၎င်းမှတဆင့် ဥပက္ကိလေသကိုပယ်ခြင်း, ဝိတက်ငြိမ်းခြင်းကို ပြပြီးမှ ဝိပဿနာကြောင့် မဂ်ဉာဏ်တရားထူးကိုရ၍ သံယောဇဉ်ကို ပယ်လျက် အနုသယကင်းခြင်းကို ညွှန်ပြတော်မူသည်၊ သုဒ္ဓယာနိက ဝိပဿနာဖြစ်မှု ထွက်လေဝင်လေ ဟူသော ပရမတ္ထတရား၌ဆိုခဲ့သော မုခနာသိကစသော နိမိတ်များကို သုံးသပ်ရန်မလိုအပ်၊ ဘာကြောင့်နည်း၊ ပညတ္တိံ ဌပေတွာဟု ရှိသောကြောင့်ပင်တည်း။ ဤသို့ အကျဉ်းမှတ်ရာ၏။]

(၁) နိမိတ္တံ အာဝဇ္ဇမာနဿ၊
အဿာသေ ဝိက္ခိပ္ပတေ မနော။
အဿာသံ အာဝဇ္ဇမာနဿ၊
နိမိတ္တေ စိတ္တံ ဝိကမ္ပတိ။

နိမိတ္တံ၊ နိမိတ်ကို။ အာဝဇ္ဇမာနဿ၊ ဆင်ခြင်နှလုံးသွင်းသော အမျိုးကောင်းသား,အမျိုးကောင်းသမီး၏။ မနော၊ မနောဝိညာဉ်စိတ်သည်။ အဿာသေ၊ ဝင်သက်လေ၌။ ဝိက္ခိပ္ပတေ၊ ပျံ့လွင့်၏။ အဿာသံ၊ ဝင်သက်လေကို။ အာဝဇ္ဇမာနဿ၊ ဆင်ခြင်နှလုံးသွင်းသော အမျိုးကောင်းသား, အမျိုးကောင်းသမီး၏။ စိတ္တံ၊ စိတ်သည်။ နိမိတ္တေ၊ နိမိတ်၌။ ဝိကမ္ပတိ၊ တုန်လှုပ်၏။

ဒီ-ဂါထာအရ နိမိတ်ကိုဆင်ခြင်လို့ ဝင်လေ၌ စိတ်ပျံ့လွင့်ခြင်း တပါး။ ဝင်လေကိုဆင်ခြင်လို့ နိမိတ်၌ စိတ်တုန်လှုပ်ခြင်းတပါး၊ ဥပက္ကိလေသ နှစ်ပါးရပါတယ်၊ ဘယ်နှစ်ပါးတဲ့လဲ....(နှစ်ပါးပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှတ်မိကြလား၊ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား.... (မှတ်မိအောင်ပါဘုရား) နောက်တခါ—

(၂) နိမိတ္တံ အာဝဇ္ဇမာနဿ၊
ပဿာသေ ဝိက္ခိပ္ပတေ မနော။
ပဿာသံ အာဝဇ္ဇမာနဿ။
နိမိတ္တေ စိတ္တံ ဝိကမ္ပတိ။

ဒီ-ဂါထာအရ နိမိတ်ကိုဆင်ခြင်လို့ ထွက်လေ၌ စိတ်ပျံ့လွင့်ခြင်းတပါး၊ ထွက်လေကို နှလုံးသွင်းနေတဲ့အတွက် နိမိတ်၌ စိတ်တုန်လှုပ်ခြင်းတပါး၊ ဥပက္ကိလေသ ဘယ်နှစ်ပါးလဲ....(နှစ်ပါးပါဘုရား)။

ပေါင်းတော့ ဘယ်နှစ်ပါးလဲ....(၄-ပါးပါဘုရား)။

(၃) အဿာသံ အာဝဇ္ဇမာနဿ၊
ပဿာသေ ဝိက္ခိပ္ပတေ မနော။
အဿာသံ အာဝဇ္ဇမာနဿ၊
အဿာသေ စိတ္တံ ဝိကမ္ပတိ။

ဒီ-ဂါထာအရ ဝင်လေကို ဆင်ခြင်သုံးသပ်နေတဲ့အတွက် ထွက်လေ၌ စိတ်ပျံ့လွင့်ခြင်းတပါး၊ ထွက်လေကို ဆင်ခြင်သုံးသပ်နေတဲ့အတွက် ဝင်လေ၌ စိတ်တုန်လှုပ်ခြင်းတပါး၊ ဥပက္ကိလေသဘယ်နှစ်ပါးလဲ....(နှစ်ပါးပါဘုရား)။

အားလုံးပေါင်းတော့ ဘယ်နှစ်ပါးလဲ....(၆-ပါးပါဘုရား)။

အဲဒီ-ခြောက်ပါးက ဒုတိယဆက္က ဥပက္ကိလေသတရားလို့ခေါ်တယ်။

(၄) ဆ ဧတေ ဥပက္ကိလေသာ၊
အာနာပါနဿတိသမာဓိဿ။
ယေဟိ ဝိက္ခိပ္ပမာနဿ၊
နော စ စိတ္တံ ဝိမုစ္စတိ။
ဝိမောက္ခံ အပဇာနန္တာ၊
တေ ဟောန္တိ ပရပတ္တိယာ။

ဧတေဆ၊ ဤခြောက်ပါးတို့သည်။ အာနာပါနဿတိ သမာဓိဿ၊ အာနာပါနဿတိ သမာဓိ၏။ ဥပက္ကိလေသာ၊ ညစ်နွမ်း

ကြောင်းဖြစ်သော တရားတို့ပေတည်း။ ယေဟိ၊ အကြင် ညစ်နွမ်းကြောင်းတရားတို့သည်။ ဝိက္ခိပ္ပမာနဿ၊ ပျံ့လွင့်စေအပ်သော။ ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နောစဝိမုစ္စတိ၊ ဝင်သက် ထွက်သက်၏ တွန်းကန်မှုပရမတ်သဘော၌ မသက်ဝင်။ ဝါ ဆန့်ကျင်ဘက်တရားတို့မှလည်း မလွတ်မြောက်။ ဝိမောက္ခံ၊ သက်ဝင်ခြင်း လွန်မြောက်ခြင်းကို။ အပဇာနန္တာ၊ ကွဲကွဲပြားပြားမသိကြကုန်သော။ တေ၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်။ ပရပတ္တိယာ၊ သူတပါးပြောသမျှကိုသာ ယုံကြည်အားကိုးရာရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဲဒီ-ခြောက်ပါးကိုကွဲကွဲပြားပြားမသိကြရင်ဖြင့် သူများပြောဒါဟာယုံနေရလိမ့်မယ်၊ အဲဒါကြောင့် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများအားထုတ်ကြတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ကာယာနုပဿနာသတိပဋ္ဌာန်ကိုဖြစ်စေ, ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ဖြစ်စေ, စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဖြစ်စေ, အခုပြခဲ့တဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုဖြစ်စေ ပွားများအားထုတ်ရင်ဖြင့် အခုပြောခဲ့တဲ့ ဥပက္ကိလေသ တဆယ့်နှစ်မျိုးက လွတ်မြောက်ရလိမ့်မယ်လို့ ဒီလိုနှလုံးသွင်းပါ။

## ဥပက္ကိလေသ တတိယဆက္က ၆-ပါး

နောက်ပြမဲ့ တတိယဆက္က ဥပက္ကိလေသက ပိုပြီးတော့ အရေးကြီးတယ် ဒါကြောင့် နောက်ဆုံး တတိယဆက္ကဖြစ်တဲ့ ဥပက္ကိလေသ ၆-မျိုးကို သတိကြီးကြီးထားပြီးတော့ ဂရုစိုက်ပြီးတော့ မှတ်မိအောင် မှတ်ပါ၊ ကဲ-တတိယဆက္က ဥပက္ကိလေသ ကြေစို့ရဲ့။

(၁) အတီတာနုဓာဝနံ စိတ္တံ ဝိက္ခေပါနုပတိတံ သမာဓိဿ ပရိပန္ထော။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အတီတာနုဓာဝနံ၊ အတိတ်သို့အစဉ်ပြေးသွားသော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပါနုပတိတံ၊ ပျံ့လွင့်ခြင်းသို့ ကျရောက်သည်ဖြစ်၍။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးအန္တရာယ်မည်၏။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ၏ စိတ်အစဉ်က တိုးတဲ့သဘော တွန်းတဲ့သဘောကလေး ဖြစ်လာတိုင်း ဖြစ်လာတိုင်း အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို ပြန်ပြီးတော့ သုံးသပ်နေတဲ့ အတိတ်ကိုအစဉ်ပြေးသွားတဲ့စိတ်ဟာ ပျံ့လွင့်ခြင်းသို့ ကျရောက်တဲ့ အတွက် သမာဓိရဲ့ အန္တရာယ်ဖြစ်သောကြောင့် သူဟာဥပက္ကိလေသ တခုလို့မှတ်ပါ။

(၂) အနာဂတ ပဋိကခ်ီ စိတ္တံ ဝိကမ္ပိတံ သမာဓိဿ ပရိပန္ထော။

အနာဂတပဋိကခ်ီ၊ အနာဂတ်ကို မျှော်လင့် တောင့်တ၍နေသော။ စိတ္တံ၊စိတ်သည်။ ဝိကမ္ပိတံ၊တုန်လှုပ်သည်ဖြစ်၍။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်အန္တရာယ်မည်၏။

တိုးတဲ့သဘော, တွန်းတဲ့သဘောကလေး ဖြစ်ပေါ်မလာမီ ရှေးဦးစွာ ကြိုတင်သိပြီးသော သိသိ သိသိနေတတ်တဲ့ အသိကလေးမျိုးပေါ်လာရင် လဲ တိုးတဲ့သဘော, တွန်းတဲ့သဘောပေါ်၌ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်သည် တုန်လှုပ်ပြီးတော့ သွားပြန်တယ်တဲ့၊ အဲဒါကြောင့် ဥပက္ကိလေသတပါးလို့မှတ်ပါ၊ အတိတ်ကို သုံးသပ်ဆင်ခြင် ခြင်း, အနာဂတ်ကို သုံးသပ်ဆင်ခြင်ခြင်းလို့ ဥပက္ကိလေသ ၂-မျိုးရသွား တယ်။

(၃) လီနံ စိတ္တံ ကောသဇ္ဇာနုပတိတံ သမာဓိဿ ပရိပန္ထော။

လီနံ၊ တွန့်တိုဆုတ်နစ်၍နေသော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇာနုပတိတံ၊ ပျင်းရိငြီးငွေ့ခြင်းသို့ ကျရောက်သည်ဖြစ်၍။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်အန္တရာယ်မည်၏။

ပျင်းရိငြီးငွေ့ပြီးနေတဲ့ စိတ်ဓာတ်ကလေးကလဲ တွန့်တိုပြီးတော့ အား မထုတ်ချင်သလိုလို၊ အားထုတ်ချင်သလိုလို၊ ကမ္မဋ္ဌာန်းအားထုတ်ရမဲ့ အလုပ် ခွင်ကိုဝင်တဲ့အခါမှာ ရော့ယိရော့ရဲဖြစ်နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ ပျင်းရိငြီးငွေ့တဲ့ အဘို့၌ ကျရောက်

တဲ့အတွက် သမာဓိရဲ့ အနန္တရာယ်ဖြစ်ပါသောကြောင့် သူလဲ ဥပက္ကိလေသ တပါးလို့ မှတ်ပါ။

(၄) အတိပဂ္ဂဟိတံ စိတ္တံ ဥဒ္ဓစ္စာနု ပတိတံ သမာဓိဿ ပရိပန္ထော။

အတိပဂ္ဂဟိတံ၊ အားသွန်ပင့်ထောက် အလွန်ချီးမြှောက်ခြင်း ရှေးရှုသော။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စာနုပတိတံ၊ ဥဒ္ဓစ္စသို့ကျရောက်သည်ဖြစ်၍။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ဘေးရန်အန္တရာယ် မည်၏။

သိပ်ပြီးတော့ တအားလုပ်, မြန်မြန်ကြီးလုပ် အဲဒီလိုလုပ်တယ်ဆိုတဲ့ အတိပဂ္ဂဟိတခေါ် ရှေးရှုအားကြီးသော အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဓာတ်ကလေးဟာ ပျံ့လွင့်ခြင်းအဘို့သို့ ကျရောက်သည် ဖြစ်သောကြောင့် သမာဓိရဲ့ အန္တရာယ်ဖြစ်တဲ့အတွက် သူလဲ ဥပက္ကိလေသ တခုဘဲလို့ မှတ်၊ သိပ်ပြီးတော့ တအားလုပ်တဲ့ သိပ်ပြီးတော့ကြီးတဲ့ လောကြီးမှုကို ဆိုလိုပါတယ်။

(၅) အဘိနတံ စိတ္တံ ရာဂါနုပတိတံ သမာဓိဿ ပရိပန္ထော။

အဘိနတံ၊ အာရုံအမျိုးမျိုးသို့ အလွန်ညွတ်အားကြီးသော။ စိတ္တံ၊ စိတ်သည်။ ရာဂါနုပတိတံ၊ တဏှာရာဂသို့ ကျရောက်သည်ဖြစ်၍။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးအန္တရာယ် မည်၏။

ကမ္မဋ္ဌာန်းအာရုံကို အလွန်အကဲ စွဲလမ်းနှစ်သက်လောက်အောင် ညွတ်အားကြီးတဲ့ စိတ်ဟာလဲ ရာဂအဘို့၌ ကျရောက်သည် ဖြစ်ပါသောကြောင့် သမာဓိရဲ့အန္တရာယ်ဖြစ်တဲ့အတွက် သူလဲ ဥပက္ကိလေသ တခုဘဲလို့ မှတ်။

(၆) အပနတံ စိတ္တံ ဗျာပါဒါနုပတိတံ သမာဓိဿ ပရိပန္ထော။

အပနတံ၊ မူလအာရုံမှ ဖဲခွာသွားသော။ စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ ဗျာပါဒသို့ ကျရောက်သည်ဖြစ်၍။ သမာဓိဿ၊ သမာဓိ၏။ ပရိပန္ထော၊ ဘေးရန်အန္တရာယ်မည်၏။

တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကို ချန်ထားပြီးတော့ ဟိုနေရာရွှေ့လိုက်, ဒီနေရာရွှေ့လိုက်, ဟိုနေရာက လှုပ်လှုပ် လှုပ်လှုပ် ပေါ်လာရွှေ့လိုက်, ဒီနေရာက တင်းတင်း တင်းတင်းနဲ့ ဖြစ်လာ ရွှေ့လိုက်, ဟိုနေရာက ရွရွ ရွရွ ဖြစ်လာ ရွှေ့လိုက်, ဒီနေရာက ရွရွ ရွရွ ဖြစ်လာ ရွှေ့လိုက် ဟိုနေရာက အေးလာ အေးတဲ့နေရာရွှေ့လိုက်, ဒီနေရာကပူလာ ပူတဲ့နေရာရွှေ့လိုက်, အဲဒီလို နေရာအမျိုးမျိုးတွေ ရွှေ့နေတဲ့ "အပနတ" ဖဲခွါဖဲခွါသွားတဲ့ စိတ်ဟာလဲဘဲ ဗျာပါဒ ဒေါသ သဘောတရား၌ ကျရောက်သည်ဖြစ်ပါသောကြောင့် သူလဲ ဥပက္ကိလေသတရားတခုဘဲလို့. အဲဒီလို-မှတ်တော့ တတိယဆက္ကဥပက္ကိလေသ ၆-မျိုးဖြစ်ပါတယ်၊ ဒါကို ဂါထာကလေးနဲ့ နိဂုံးချုပ်ပြထားပါတယ်။

## တတိယဆက္က ဂါထာပါဠိနှင့် အနက်

အတီတာနု ဓာဝနံ စိတ္တံ၊
အနာဂတ ပဋိကင်္ခါနံ လီနံ။
အတိပဂ္ဂဟိတံ အဘိနတံ၊
အပနတံ စိတ္တံ နသမာဓိယတိ။
ဆဧတေ ဥပက္ကိလေသာ၊
အာနာပါနဿတိ သမာဓိဿ။
ယေဟိ ဥပက္ကိလိဋ္ဌသက်ပ္ပေါ၊
အဓိစိတ္တံ နပဇာနာတိ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အတီတာနုဓာဝနံ၊ အတိတ်သို့ အစဉ်ပြေးသွားသော။ စိတ္တံ၊ စိတ်သည်၎င်း။ အနာဂတပဋိကင်္ခနံ၊ အနာဂတ်ကို မြော်လင့်တောင့်တ၍နေသော။ စိတ္တံ စိတ်သည်၎င်း။ လီနံ၊ တွန့်တိုဆုတ်နစ်

ရှိနေသော။ စိတ္တံ၊ စိတ်သည်ငင်း။ အတိပဂ္ဂဟိတံ၊ အားသွန်ပင့်ထောက် အလွန်ချီးမြှောက်ခြင်း ရှေးရှုသော။ စိတ္တံ၊ စိတ်သည်ငင်း။ အဘိနတံ၊ အာရုံအမျိုးမျိုးသို့ ရှေးရှုဆောင်ခြင်းဟု ဆိုအပ်သော။ စိတ္တံ၊ စိတ်သည်ငင်း။ အပနတံ စိတ္တံ၊ ဟိုနေရာရွှေ့, ဒီနေရာရွှေ့ဟု ဆိုအပ်သော မူလပေးထားချက် အာရုံမှ ဖဲခွါပြီးသွားတဲ့ စိတ်သည်ငင်း။ နသမာဓိယတိ၊ တိုးတဲ့သဘော, တွန်းတဲ့သဘော ဖြစ်တဲ့ ပရမတ်အာရုံ၌မတည်။ တေဆ၊ ဤခြောက်ပါးတို့သည်။ အာ-နာပါနဿတိ သမာဓိဿ၊ အာနာပါနဿတိ သမာဓိ၏။ ဥပက္ကိ-လေသာ၊ ညစ်နွမ်းကြောင်းတို့ပေတည်း။ ယေဟိ၊ အကြင်ညစ်နွမ်းကြောင်းတို့ဖြင့်။ ဥပက္ကိလိဋ္ဌသက်ပ္ပေါ၊ ညစ်နွမ်းသောအကြံအစည်ရှိသော ပုဂ္ဂိုလ်သည်။ အဓိစိတ္တံ၊ လွန်ကဲထူးမြတ်တဲ့ အဓိစိတ္တသိက္ခာခေါ်တဲ့ သမာဓိကို။ နပ္ပဇာနာတိ၊ ကွဲကွဲပြားပြား ခြားခြားနားနား သိအောင် မရနိုင်။—

လို့ ပါဠိတော်မှာ ဒီလိုပြပါတယ်၊ အခု–ဘုန်းကြီးညွှန်ပြနေတဲ့ အချက်ဟာ ပါဠိတော်ကလာတဲ့အချက်ကို ညွှန်ပြနေဒါနော်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ညွှန်ပြရမဲ့နေရာမှာ ဘုန်းတော်ကြီးများမှာ တာဝန်ရှိပါတယ်၊ ပါဠိတော်ကို ရှေးဦးစွာ ညွှန်ပြရမယ်၊ ထို့နောက် အဋ္ဌကထာမှာလာတဲ့ အချက်တွေကို ညွှန်ပြရမယ်၊ ဋီကာဆရာရဲ့ အမိန့်တွေကို ညွှန်ပြရမယ်-စသည်ဖြင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် သက်တော်ထင်ရှားမရှိလို့ ကွယ်လွန်တော်မူပြီးတဲ့နောက်မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အရာမှာနေတဲ့ ပါဠိတော်ကိုညွှန်ပြရမှာဟာ သံဃာတော် အရှင်ကောင်းအရှင်မြတ်များရဲ့ အဓိကတာဝန်ကြီးပါ။

အဲဒီ–အဓိကတာဝန်ကြီးကို ထမ်းဆောင်လိုသည် ဖြစ်ပါသောကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းကြတဲ့အခါမှာ အဲဒီ–ဥပက္ကိလေသတရားတွေမှကင်းရှင်းဘို့ရန်အတွက်

ဥပက္ကိလေသတရား တဆယ့်ရှစ်ပါးကို ပါဠိတော်မူနဲ့ ပါဠိတော်နည်းအတိုင်း ဘုန်းကြီး အခု ရှင်းတမ်းပေးခဲ့ပါပြီ၊ ဒီ-ဥပက္ကိလေသတရား တဆယ့်ရှစ်ပါးတို့တွင် တပါးပါးနှင့် တွေ့နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဘယ်လိုနေသလဲဆိုတော့ ပါဠိတော်မှာ တွေ့ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

## ဥပက္ကိလေသနှင့်တွေ့သည့် ယောဂီဖြစ်ပုံ

"အတိပဂ္ဂဟိတေန စိတ္တေန ဥဒ္ဓစ္စာနုပတ္တိတေန ကာယောပိ စိတ္တံပိ သာရဒ္ဓါစ ဟောန္တိ ဇုဋ္ဌိတာစ ဖန္ဒိတာစ"။

ဥပက္ကိလေသတရား၁၈-ပါး,၁၈-ပါးတိုင်းမှာ အဲဒီ-"ကာယောပိ စိတ္တံပိ သာရဒ္ဓါစ ဟောန္တိ ဇုဋ္ဌိတာစ ဖန္ဒိတာစ"လို့ဆိုတဲ့ စကားတွေပါပါတယ်၊ ဒီတော့ ဥပက္ကိလေသ တဆယ့်ရှစ်ပါးလုံးနှင့် ဖြစ်စေ, တပါးပါးနှင့်ဖြစ်စေ, တွေ့နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့အခါ ဘယ်လိုဖြစ်နေသလဲလို့ဆိုတော့ "ကာယောပိ၊ ကိုယ်သည်ငှ်း။ စိတ္တံပိ၊ စိတ်သည်ငှ်း။ သာရဒ္ဓါစ၊ ပူပန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏"။ အဲဒီ- ဥပက္ကိလေသတွေနဲ့ တွေ့ပြီးတော့ နေတဲ့အခါ ကိုယ်ရော စိတ်ပါ ပူပန်နေတယ်တဲ့။

ပူပန်နေတယ်ဆိုဒါ ဘယ်လိုနေသလဲ၊ စိတ်ညစ်သလိုဖြစ်နေတယ်၊ တင်းကြပ်ကြပ်ကြီးလို ဖြစ်နေတတ်ကယ်၊ ချောင်ချောင်လယ်လယ် မဟုတ်ဘူး၊ လွတ်လွတ်လပ်လပ်မဟုတ်ဘူး၊ ဒီလိုဖြစ်နေတယ်၊ စိတ်ပူပန်နေတယ်၊ ခန္ဓာကိုယ်ကလဲ ပူပန်ပြီးတော့နေတယ်၊ ဒီ-ဝိပဿနာအလုပ်ခွင်မှာ အလုပ်ခွင်ကို ဝင်လို့ ဒီ-ဥပက္ကိလေသနဲ့ တွေ့တွေ့လာတဲ့အခါမှာ မတွေ့မဟုတ်ဘူး၊ ဒီ—ဥပက္ကိလေသတွေနဲ့ တွေ့တတ်တယ်၊ တွေ့တတ်တယ်ဆိုတော့ မတွေ့ဘူးလား လို့ ဒီလိုပြောစရာမဟုတ်ဘူး၊ တွေ့ကိုတွေ့တယ်လို့ တထစ်ချ မှတ်ရမယ်။

အဲဒီလိုတွေ့တဲ့အခါ ဘယ်လိုဖြစ်သလဲ၊ စိတ်ရောကိုယ်ပါ ပူပန်နေဒါဘဲ၊ ဒါ-အမှန်ဘဲ။ ဒီ-ပါဠိတော်က ညွှန်ပြတဲ့အတိုင်း အလုပ်လုပ်ဘူးရင် တွေ့မယ်၊ တွေ့ရင် အမှန်ကိုစိတ်ညစ်ရတယ်၊ ညစ်နွမ်းပြီးတော့နေတယ်၊ ဒီလိုဆို

ဥပက္ကိလေသတမျိုးမျိုးနဲ့တွေ့နေပြီ၊ ညစ်နွမ်းကြောင်း ၁၀-ပါးမှာ ပါဝင်တဲ့ တမျိုးမျိုးနဲ့ဘောင်တွေ့နေပြီ၊ နောက် ဘယ်မှာပိုထင်ရှားသလဲဆိုတော့ အဲဒီလိုတွေ့လာတဲ့အခါ, တကာယ်အလုပ်လုပ်တဲ့အခါ, ဆရာသမားရဲ့ ညွှန်ကြားချက်ကိုလိုက်နာပြီးတော့ တအားလုပ်ရမယ်လို့ ဆိုတဲ့အခါ, တအားလုပ်တဲ့အခါ ဘယ်လို ဖြစ်လာသလဲလို့ ဆိုတော့– "ကာယောပိ၊ ကိုယ်သည်ငင်း။ စိတ္တံပိ၊ စိတ်သည်ငင်း။ ဣဉ္စိတာစ၊ တုန်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဖန္ဒိတာစ၊ လှုပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏"။

တအားလုပ်လိုက်တဲ့အခါကျတော့ ဇပ်ဇပ်ဇပ်ဇပ်နှင့် ကိုယ်ရောစိတ်ပါ တခါထဲတုန်လှုပ်လာတယ်၊ လှုပ်ဖန်အားကြီးလာတော့ တုံးလုံး တခါထဲလဲသွားတယ်၊ အဲဒီလိုဖြစ်လာဒါဟာ ဥပက္ကိလေသနဲ့တွေ့နေပြီလို့ ပါဠိတော်နည်း, ပါဠိတော်မှုနဲ့ တထစ်ချ ပြတ်ပြတ်သားသား မှတ်ပါ၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ကြည့်လိုက်ပါ၊ ယိမ်းလိုက် ယိုင်လိုက်, တုန်လှုပ်လိုက်, ဇပ်ဇပ်ဇပ်ဇပ်နှင့် ဖြစ်နေလိုက်, တခါထဲကို မြင်မကောင်း ရှုမကောင်းအောင် တုံးလုံးကြီးများလဲသွားလိုက်ပလားဆိုရင် အဲဒီ– အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ပါဠိတော်မှု, ပါဠိတော်နည်းအရ ဥပက္ကိလေသနဲ့တွေ့နေပြီ၊ သမာဓိမရှိတော့ဘူးလို့မှတ်၊ ဒါ-ပါဠိတော်မှုပါ၊ ဒါပါဠိတော်နည်းပါ၊ အဲဒါကြောင့် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ကမ္မဋ္ဌာန်းတရားကို အားထုတ်တဲ့အခါမှာ ငြိမ်ပြီးတော့"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" အရ တိုးတဲ့သဘော, တွန်းတဲ့သဘောကို ပြတ်ပြတ်သားသား တည်တည်ငြိမ်ငြိမ် အာရုံပြုပြီးတော့ မလှုပ်မရှက်ဒီလိုနေရမယ်။

ကိုယ်စိတ် တုန်လှုပ် ပူပန်ခြင်းဖြစ်ပုံ

အဲဒီ ဥပက္ကိလေသနှင့် တွေ့လာပြီလို့ဆိုရင် ခုနကပြောခဲ့တဲ့ ပဌမဆုံး ဥပက္ကိလေသဖြစ်တဲ့ ဝင်လေရဲ့ အစ, အလယ်, အဆုံးကို အစဉ်လျှောက်လိုက်မိသည်ဖြစ်၍ အတွင်းအာရုံ၌ ပျံ့လွင့်သောစိတ်ကြောင့် ဒီ-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာဖြစ်မလဲ၊ "ကာယောပိ စိတ္တံပိ သာရဒ္ဓါစ ဟောန္တိ ဣဉ္စိတာစ ဖန္ဒိတာစ"–ခန္ဓာကိုယ်ရော, စိတ်ရော, တုန်

လှုပ်မယ်, ပူပန်ချောက်ချားမယ်, တုန်မယ်,လှုပ်မယ်,ဇပ်ဇပ်ဇပ်ဇပ်နဲ့ နတ်ကျ သလို လက်တွေတွေ့ဘူးကြပါလိမ့်မယ်၊ အဲဒီလို တုန်လဲပြီးရော နောက်တော့ ဘယ်လိုဖြစ်နေသလဲဆိုတော့ တကိုယ်လုံး ထရိုက်ချေထားသလို ဖြစ်ပြီးတော့ ဒုတ်ဒုတ်ဒုတ်ဒုတ်နှင့် တခါထဲ ခန္ဓာကိုယ်ထဲမှာ အမျိုးမျိုးတုန်လှုပ်ပြီးတော့ ဖြစ်ထာပါဘဲ၊ ဒီလို-တုန်တုန်ခိုက်ခိုက် ဖြစ်လာဒါကို ဥပက္ကိလေသတရားလို့ ခေါ်တယ်။

ဥပက္ကိလေသကင်းပြီး သမာဓိအားကောင်းနေပုံ

အဲဒီလို ဥပက္ကိလေသ တရားတွေကင်းပြီးနေတဲ့ ပုဂ္ဂိုလ်များကျတော့ ခန္ဓာကိုယ်ဟာ တုန်လှုပ်ယိမ်းယိုင်မှုမရှိဘဲ တည်ငြိမ်ဖြောင့်မတ်စွာနဲ့ နေရ တယ်ဆိုတာဟာ ခုမှမဟုတ်ပါဘူး၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ဘုရားရှင် လက်ထက်တော်အခါက အာနာပါန ကမ္မဋ္ဌာန်းအားရှုံကြောင့် တုန်လှုပ်ခြင်း, ယိမ်းယိုင်ခြင်းကင်းပြီး အာနာပါနသမာဓိဖြင့် ခန္ဓာကိုယ် တည်ငြိမ်နေပုံကို မြတ်စွာဘုရားက အရှင်မဟာကပ္ပိနမထေရ်ကို ညွှန်ပြပြီး သံဃာတော်များကို ဟောကြားတော်မူပါတယ်၊ အရှင်မဟာကပ္ပိနမထေရ် ကို အကြောင်းပြုပြီး ဟောဘာဖြစ်ခြင်းကြောင့် မဟာကပ္ပိနသုတ္တန်ဆိုပြီး တော့ မဟာဝဂ္ဂသံယုတ်ပါဠိတော် အာနာပါနသံယုတ်ကေဓမ္မဝဂ်မှာသုတ္တန် တခုရှိပါတယ်၊ ဒီသုတ္တန်မှာ ဘယ်လိုဟောသလဲဆိုတော့ -

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူတဲ့အခါမှာ အရှင်မဟာကပ္ပိနမထေရ်ဟာ မြတ်စွာဘုရားနဲ့ မနီး မဝေးမှာ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ထက်ဝယ်ဖွဲ့ခွေလျက် အထက် ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်မတ်တည်ငြိမ်စွာ ထားပြီး ကမ္မဋ္ဌာန်းအာရုံ ကို သတိဖြင့် ထင်ရှားစေလျက် ထိုင်နေပါတယ်၊ အရှင်မဟာကပ္ပိနမထေရ် ယိမ်းယိုင်လှုပ်ရှားခြင်းမရှိဘဲ တည်ငြိမ်ဖြောင့်မတ်စွာ သတိဖြင့် ကမ္မဋ္ဌာန်း အာရုံကို ထင်ရှားစေလျက် ထိုင်နေပုံကို ခပ်လှမ်းလှမ်းမှ မြတ်စွာဘုရား သခင် မြင်တော်မူတဲ့အခါ ရဟန်းတော်များကို ဒီလိုမိန့်တော်မူလိုက်တယ်။

"ပဿထ နော တုမှေ ဘိက္ခဝေ ဧတဿ ဘိက္ခုနော ကာယဿ ဣဉ္ဇိတတ္တံဝါ ဖန္ဒိတတ္တံဝါတိ"။

ဘိက္ခဝေ၊ သာသနာ့ဝန်ထမ်း အို-ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ တေသာဘိက္ခုနော၊ ထိုရဟန်း၏။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဠဍ္ဍိတတ္တံဝါ၊ တုန်ခြင်းကိုင်း။ ဖန္ဒိတတ္တံဝါ၊ လှုပ်ရှား ယိမ်းယိုင်ခြင်းကိုင်း။ ပဿထနော-ပဿထနု၊ မြင်ဘူးကြကုန်သလော။ ဣတိ၊ ဤသို့မေးတော်မူ၏။

အဓိပ္ပါယ်ကတော့ မြတ်စွာဘုရားက ရဟန်းတော်များကို ချစ်သားတို့ ရဟန်းဖြစ်သော ကပ္ပိနရဲ့ ခန္ဓာကိုယ်ဟာ ဖောက်ပြန်လှုပ်ရှား ယိမ်းယိုင်နေတာများ သင်ချစ်သားတို့ တွေ့ဘူးကြသလားလို့ မေးတော်မူတယ်။ ဒီတော့ ရဟန်းတော်များက ပြန်ပြီးလျှောက်ထားဖြေဆိုကြပါတယ်၊ ဘယ်လိုဖြေကြသလဲဆိုတော့-

"ယဒါပိ မယံ ဘန္တေ တံ အာယသ္မန္တံ ပဿာမ သံဃမဇ္ဈေဝါ နိသိန္နံ ဧကံဝါ ရဟောနိသိန္နံ၊ တဒါပိ မယံ တဿ အာယသ္မတော န ပဿာမ ကာယဿ ဣဉ္ဇိတတ္တံ ဝါ ဖန္ဒိတတ္တံဝါတိ"။

ဘန္တေ၊ဘုန်းတော်သခင် အရှင်မြတ်ဘုရား....။ မယံ၊ အကျွန်ုပ်တို့သည်။ ယဒါပိ၊ အကြင်အခါ၌လည်း။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌၊ နိသိန္နံဝါ၊ထိုင်နေသည်လည်းဖြစ်သော။ရဟော၊ဆိတ်ငြိမ်ရာအရပ်၌၊ ဧကံ၊ တပါးတည်း။ နိသိန္နံဝါ၊ ထိုင်နေသည်လည်းဖြစ်သော။တံ-အာယသ္မန္တံ၊ ထို အရှင်မဟာကပ္ပိနကို။ ပဿာမ၊ မြင်ကြရပါကုန်၏ တဒါပိ၊ ထိုအခါ၌လည်း။ တဿ အာယသ္မတော၊ ထို အရှင်မဟာကပ္ပိန၏။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဣဉ္ဇိတတ္တံဝါ၊ တုန်ခြင်းကိုင်း။ ဖန္ဒိတတ္တံဝါ၊ လှုပ်ရှား ယိမ်းယိုင်ခြင်းကိုင်း။ နပဿာမ၊ မမြင်ပါကုန်။ ဣတိ၊ ဤသို့ လျှောက်ထားကြကုန်၏။

ဘုန်းတော်ခြောက်ပါးသခင် အရှင်ဘုရား....အကျွန်ုပ်တို့သည်အရှင်မဟာကပ္ပိနမထေရ်အားသံဃာ့အလယ်၌ဖြစ်စေ,တပါးတည်းဖြစ်စေထိုင်ပြီးသီတင်းသုံးနေတဲ့ အခါ ထိုမထေရ်ရဲ့ ခန္ဓာကိုယ် ယိမ်းယိုင်လှုပ်ရှားမှုများကို မတွေ့

မြင်ကြပါဘုရားလို့ လျှောက်ထားကြတယ်၊ ဒီအခါမှာ မြတ်စွာဘုရားက ဘယ်လိုမိန့်တော်မူသလဲဆိုတော့--

"ယသ္မိံ ဘိက္ခဝေ သမာဓိသ္မိံ ဘာဝိတတ္တာ ဗဟုလီကတတ္တာ နေဝ ကာယသ္သ ဣဉ္ဇိတတ္တံ ဝါ ဟောတိ ဖန္ဒိတတ္တံဝါ။ နစိတ္တသ္သ ဣဉ္ဇိတတ္တံဝါ ဟောတိ ဖန္ဒိတတ္တံဝါ၊ တသ္မိံ သော ဘိက္ခဝေ ဘိက္ခု သမာဓိသ္မိံ နိကာမလာဘီ အကိစ္ဆလာဘီ အကသိရလာဘီ။"

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံသမာဓိသ္မိံ၊ အကြင်သမာဓိကို။ ဘာဝိတတ္တာ၊ မိမိ၌ ဖြစ်စေသောကြောင့်။ဗဟုလီကတတ္တာ၊အကြိမ်များစွာ အားထုတ်သောကြောင့်။ ကာယသ္သ၊ ခန္ဓာကိုယ်၏။ ဣဉ္ဇိတတ္တံဝါ၊ တုန်ခြင်းသည်၎င်း။ ဖန္ဒိတတ္တံဝါ၊ လှုပ်ရှားပြောင်းရွှေ့ခြင်းသည်၎င်း။ နဟောတိ၊ မဖြစ်။ စိတ္တသ္သ၊ ဘာဝနာစိတ်၏။ ဣဉ္ဇိတတ္တံဝါ၊ တုန်ခြင်းသည်၎င်း။ ဖန္ဒိတတ္တံဝါ လှုပ်ရှားခြင်းသည်၎င်း။ နဟောတိ၊ မဖြစ်။ ဘိက္ခဝေ၊ ရဟန်းတို့....။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တသ္မိံသမာဓိသ္မိံ၊ ထိုသမာဓိကို။ နိကာမလာဘီ၊ အလိုရှိတိုင်း ရနိုင်၏။ အကိစ္ဆလာဘီ၊ မငြိုမငြင်ရနိုင်၏။ အကသိရလာဘီ၊ မပင်မပန်းရနိုင်၏။

အဓိပ္ပါယ် အတိုချုပ်ကတော့ သမာဓိကို ပွားများအားထုတ်သောကြောင့် ခန္ဓာကိုယ်နှင့်ဘာဝနာစိတ်သည် ယိမ်းယိုင် လှုပ်ရှားမှုမရှိဘဲ တည်ငြိမ်စွာဖြင့် ထိုသမာဓိကို အလိုရှိသရွေ့ လွယ်လွယ်ကူကူ မပင်မပန်းဘဲရနိုင်တယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်၊ ဘယ်လို သမာဓိမျိုးလဲဆိုတော့ မြတ်စွာဘုရားက ရှေ့ဆက်ပြီးဟောခဲ့ပါတယ်။

အာနာပါနဿတိသမာဓိသ္မိံ ဘိက္ခဝေ ဘာဝိတတ္တာ ဗဟုလီကတတ္တာ နေဝ ကာယသ္သ ဣဉ္ဇိတတ္တံဝါ ဟောတိ ဖန္ဒိတတ္တံဝါ၊ န စိတ္တသ္သ ဣဉ္ဇိတတ္တံ ဝါ ဟောတိ ဖန္ဒိတတ္တံ ဝါ"။

ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနဿတိသမာဓိဿ၊ အာနာပါနဿတိ သမာဓိကို။ ဘာဝိတတ္တာ၊ ပွားသည်ဖြစ်စေသည်၏ အဖြစ်ကြောင့်။ ဗဟုလီကတတ္တာ၊ အကြိမ်များစွာပွားများသည်၏ အဖြစ်ကြောင့်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဣဉ္ဇိတတ္တံဝါ၊ တုန်ခြင်းသည်၎င်း။ ဖန္ဒိတတ္တံဝါ၊ လှုပ်ရှားခြင်း, ယိမ်းယိုင်ခြင်းသည်၎င်း။ နေဝဟောတိ၊ မဖြစ်။ စိတ္တဿ၊ ဘာဝနာစိတ်၏။ ဣဉ္ဇိတတ္တံဝါ၊ တုန်ခြင်းသည်၎င်း။ ဖန္ဒိတတ္တံဝါ၊ လှုပ်ခြင်းသည်၎င်း။ နဟောတိ၊ မဖြစ်တဲ့။

မြတ်စွာဘုရားက အရှင်မဟာကပ္ပိနမထေရ်ရဲ့ အာနာပါနဿတိသမာဓိနဲ့ပြည့်စုံပြီး ခန္ဓာကိုယ် တည်ငြိမ်နေပုံ ညွှန်ပြပြီး ခန္ဓာကိုယ် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိရပုံကို အဲဒီလို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒါကြောင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ နည်းနာနိဿယဖြစ်တဲ့ ပါဠိတော်မူနဲ့ဆိုရင်ဖြင့် ခန္ဓာကိုယ်တုန်လှုပ် ချောက်ချားလာရင်, ဟိုနေရာ,ဒီနေရာကိုရွေ့ရင် တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ဝါယောဓာတ်ကို အဓိကထား, ဗမ္ဘနုပဿနာ သတိပဋ္ဌာန်အနေနှင့် အနှောက်အရှက်ဘေး ရန် ဥပက္ကိလေသတရားဘဲလို့, ပါဠိတော်မူ, ပါဠိတော်နည်းအရမှတ်ပါ၊ ဒီမူ-ဒီနည်းဟာ ဘုန်းကြီးရဲ့မူ, ဘုန်းကြီးရဲ့နည်း မဟုတ်ပါဘူး၊ ဘုန်းကြီး ကိုယ်တိုင်သိတဲ့ မူလဲမဟုတ်ပါဘူး၊ ဘုန်းကြီးကိုယ်တိုင်သိတဲ့ မူရယ်, နည်း ရယ်လို့ ရှိလဲမရှိပါဘူး၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော် မြတ်ကြီးရဲ့ မူနဲ့နည်းကို ဘုန်းကြီးများကိုယ်တိုင် လေ့လာပြီး ပါဠိတော်ကို ကြည့်ပြီးတော့ ညွှန်ပြရခြင်းဖြစ်ပါတယ်။

---

မှတ်ချက်။ ။[ကိုယ်တုန်လှုပ်ခြင်းနှင့်ပတ်သက်၍ ပဉ္စမအကြိမ်ရိုက် စာအုပ်စာမျက်နှာနံပါတ် ၂၃၆၊ ကြောင်းရေ ၂၄မှ စာမျက်နှာ ၂၃၇ ကြောင်းရေ ၈-အထိ အရှင်မဟာကပ္ပိနမထေရ် ထိုင်နေပုံဟာ အာနာပါနဿတိသမာဓိနှင့် မပြည့်စုံလို့ တုန်လှုပ်ချောက်ချားနေတာပဲဟူ၍ အဓိပ္ပါယ်တမျိုးဖြင့် ပါသွားပါသည်၊ ၎င်းအဓိပ္ပါယ်ကိုမယူပဲ ယခု ဒုတိယအကြိမ် ပြန်လည် ပြင်ဆင်ရိုက်နှိပ်သော စာအုပ်မှအဓိပ္ပါယ်ကိုသာ အမှန်ယူကြစေလိုပါသည်။]

ဒီ-ဥပက္ကိလေသတရား ၁၈-ပါးရှင်းတမ်းနှင့်ပတ်သက်၍ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြိုက်ညီလို့ နှစ်သက်သွားရင် ပါဠိတော်မူကို ကြိုက်တာဘဲ၊ ပါဠိတော်မူကို နှစ်သက်တာဘဲ၊ မကြိုက်မနှစ်သက်ဘူးဆိုရင်လဲဘဲ ပါဠိတော်မူရဲ့ ပါဠိတော်နည်းကို မနှစ်သက်တာဘဲ ဘုန်းကြီးတို့အနေနဲ့ကတော့ ဒီကြားထဲမှာ လွတ်နေပါဘဲ၊ ဘုန်းကြီးမပါပါဘူး၊ ဒီထဲမှာ၊ အဲဒါကြောင့် ဥပက္ကိလေသ ၁၈-ပါးရှင်းတမ်းမှာ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ နက်ဖြန်ခါဆိုရင် ဓမ္မဋ္ဌိတိဉာဏ်ကိုကူးရတော့မယ်၊ ဒီ-ဥပက္ကိလေသတွေ သန့်ရှင်းပြီးတော့ စိတ်ကလေး စင်ကြယ်နေရမယ်၊ စိတ်မှာ ဒီ-ဥပက္ကိလေသတွေမရှိဘူးဆိုရင် အဲဒီစိတ်ကလေးဟာ ပြိုးပြိုးပြက်ပြက် တလက်လက်ဖြူစင်ပြီးတော့ အညစ်အကြေးကင်းတဲ့ စိတ်ကလေးနဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောဖြစ်တဲ့ရုပ်, ၎င်းကိုသိတဲ့ဝိညာဏ် ပိုင်းခြားသိမှတ်တဲ့ပညာနာမ်၊ ပေါင်းလိုက်တော့ ဝိညာဏ်, နာမ်, ရုပ်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာလို့ ဒီနေရာမှာ ကြံရလိမ့်မယ်။

နက်ဖြန်ခါကျရင်-အဲဒီလိုကြံတဲ့အခါမှာ မနေ့သက ပြောခဲ့ ဟောခဲ့တဲ့ ကစ္စာနဂေါတ္တသုတ္တန်ကိုလဲဘဲ သတိပြန်ထားပါဦး ကစ္စာနဂေါတ္တသုတ္တန်က အကြောင်းတွေပါမယ်၊ မနက်ဖြန်ခါမှာဟောမဲ့ သြဿတရဏသုတ္တန်အကြောင်းတွေလဲ ဒီထဲမှာပါမယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်က ဈာနသုတ္တန်ဆိုတာလဲ နက်ဖြန်ခါကျရင် ပါမယ်၊ ဒီတော့ ဓမ္မဋ္ဌိတိဉာဏ်နဲ့ ပတ်သက်ပြီး နက်ဖြန်ညကျမှဘဲ ရှင်းရှင်းလင်းလင်း ဟောပြပါတော့မယ်၊ ဒီနေ့ ဥပက္ကိလေသ တဆယ့်ရှစ်ပါး ရှင်းတမ်းတော့ဖြင့် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ တော်တော်လေး လုံလောက်ပါပြီ၊ အသိဉာဏ်ရှင်းလင်းလောက်ပါပြီ-လို့ ယူဆပါတယ်၊ အဲဒါကြောင့် ဒီ-ဥပက္ကိလေသ ၁၈-ပါးရှင်းတမ်းကို အဲဒီလောက်နဲ့ဘဲ နိဂုံးချုပ်ကြပါစို့ရဲ့။

## နိဂုံးချုပ်

ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ပဌမ ဆက္ကက ၆-ပါး၊ ဒုတိယဆက္ကက ၆-ပါး၊ တတိယဆက္ကက ၆-ပါး၊ ပေါင်းလိုက်တော့ ၆×၃ လီ ၁၈-ပါးက ဘာလဲလို့ဆိုတော့—

(၁) ဝင်လေရဲ့အစ, အလယ်, အဆုံးကို သတိနဲ့ အစဉ်လျှောက်လိုက်လို့ ဥပက္ကိလေသဖြစ်ခြင်း။
(၂) ထွက်လေရဲ့ အစ, အလယ်, အဆုံးကို သတိနဲ့ အစဉ်လျှောက်လိုက်လို့ ဥပက္ကိလေသဖြစ်ခြင်း။
(၃) အတွင်းအာရုံ၌ ပျံ့လွင့်ကြောင်းဖြစ်သော ဝင်လေကို လိုလားတောင့်တ၍ ဥပက္ကိလေသဖြစ်ခြင်း။
(၄) အပြင်အာရုံ၌ ပျံ့လွင့်ကြောင်းဖြစ်သော ထွက်လေကိုလိုလားတောင့်တ၍ ဥပက္ကိလေသဖြစ်ခြင်း။
(၅) ဝင်သက်လေမခံသာတဲ့အတွက် ထွက်သက်လေကောင်းလိမ့်မလားလို့အထင်ရောက်တဲ့ ဥပက္ကိလေသဖြစ်ခြင်း။
(၆) ထွက်သက်လေ မခံသာတဲ့အတွက် ဝင်သက်လေကောင်းလိမ့်မလားလို့ မြှော်လင့်နေမိတဲ့ ဥပက္ကိလေသဖြစ်ခြင်း။

ပေါင်းလိုက်တော့ ပဌမဆက္ကဖြစ်တဲ့ ဥပက္ကိလေသ ၆-မျိုး။

(၁) နိမိတ်ကိုဆင်ခြင်လို့ ဝင်လေ၌တုန်လှုပ်ခြင်း။
(၂) ဝင်လေကိုဆင်ခြင်လို့ နိမိတ်၌တုန်လှုပ်ခြင်း။
(၃) နိမိတ်ကိုဆင်ခြင်လို့ ထွက်လေ၌ တုန်လှုပ်ခြင်း။
(၄) ထွက်လေကိုဆင်ခြင်လို့ နိမိတ်၌တုန်လှုပ်ခြင်း။
(၅) ဝင်လေကိုဆင်ခြင်လို့ ထွက်လေ၌တုန်လှုပ်ခြင်း။
(၆) ထွက်လေကိုဆင်ခြင်လို့ ဝင်လေ၌တုန်လှုပ်ခြင်း—

ဆိုတဲ့ ဒုတိယဆက္က ဥပက္ကိလေသ ၆-မျိုး။

(၁) အတိတ်ကိုသွားတဲ့စိတ်ကြောင့် ဥပက္ကိလေသဖြစ်ခြင်း။
(၂) အနာဂတ်ကိုမြှော်လင့်တဲ့စိတ်ကြောင့် ဥပက္ကိလေသဖြစ်ခြင်း။
(၃) လျော့လျော့ကလေး တွန့်တိုဆုတ်နစ်တဲ့စိတ်ကြောင့် ဥပက္ကိလေသဖြစ်ခြင်း။
(၄) တအားကြိုးစားပြီ တော့ ပြင်းပြင်းထန်ထန် ပြုလုပ်တဲ့ အတွက် ဥပက္ကိလေသဖြစ်ခြင်း။

(၅) ကမ္မဋ္ဌာန်းအာရုံကို ရှေးရှုဆောင်ခြင်းကြောင့် ဥပက္ကိလေသဖြစ်ခြင်း။

(၆) ဟိုအာရုံ, ဒီအာရုံ အမျိုးမျိုးတွေကို ပြောင်းရွှေ့ခြင်းကြောင့် စိတ်မတည်တဲ့အတွက် ဥပက္ကိလေသဖြစ်ခြင်း။

ဆိုတဲ့ တတိယဆက္က ဥပက္ကိလေသ ၆-မျိုး။

ပေါင်းလိုက်တော့ တဆယ့်နဲ့ရှစ်ပါးသော ဥက္ကိလေသတရားတို့မှ ကင်းစင်ပြီးသကာလ ယနေ့ပြုလုပ်ကြတဲ့ ကုသိုလ်အရှိန်အစော် အာနုဘော်တွေရဲ့မဂ်မျိုးစေ့, ဖိုလ်မျိုးစေ့, မဂ်ဉာဏ်မျိုးစေ့, ဖိုလ်ဉာဏ်မျိုးစေ့ ဖြစ်ပြီးတော့ ဝေဘာမှာက သံသရာသဘောတရားကြီးရဲ့အတွင်းမှာ နောက်တခါ ခန္ဓာအပင် မပေါက်နိုင်အောင် ကုသိုလ်မျိုးစေ့တွေ ဘယ်လိုစိုက်ပျိုးရမလဲလို့ ဆိုဒါ သိဘို့ရန်အတွက် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီး သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဥပယဝဂ်၌လာသော ဗီဇသုတ္တန်ဒေသနာတော်ကို ဆက်ပြီးတော့ ဟောကြစို့။ ကိုင်း- ဥပက္ကိ-လေသရှင်းတမ်း တော်လောက်ပါပြီ။

(သာဓု-သာဓု-သာဓု)

ဥပက္ကိလေသရှင်းတမ်း ပြီး၏။

# ဗိဇသုတ္တန်တရားတော်

## တရားတော်အစ ပဏာမ

ဗိဇသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဟောတော်မူခဲ့တဲ့အတွက် ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဒေသနာကို ဟောတော်မူရာမှာ ဖြစ်ပါသောကြောင့် တရားဟောပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ် ထိုထိုများစွာ သတ္တဝါဟုခေါ်ဆိုကြကုန်သော ရုပ်,နာမ်သမုတ် အကျွန်ုပ်တို့အား ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရိုသေစွာ ရှိခိုးကြရအောင်လို့ ဘုန်းကြီးကဘုရားရှိခိုးတပုဒ်ကိုဆိုမယ်၊ ရွတ်ဖတ်သရဇ္ဈာယ်မယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘုန်းကြီးဆိုတဲ့ဘုရားရှိခိုးအသံနောက်ကိုမှီပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သတ္တိအထူးအထွေကို အာရုံပြုရစ်ကြ။

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးမှာ ဂုဏ်တော်လို့ဆိုဒါ ရူပကာယ ဂုဏ်တော်နဲ့ နာမကာယဂုဏ်တော်လို့-ဒီလိုဂုဏ်တော်နှစ်မျိုး ရှိပါတယ်၊ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်ထားလို့ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါတစုံတယောက်နှင့်မှ တူတော်မမူတဲ့ ရွှေတုံး, ရွှေခဲရှုမရဲအောင် တင့်တယ်သပ္ပါယ်တော်မူလှတဲ့ ခန္ဓာကိုယ်တော်အစဉ်ကိုတော့ဖြင့် ရူပကာယဂုဏ်တော်လို့ ခေါ်ပါတယ် ရူပကာယဂုဏ်တော်လို့မှတ်ကြ။

---

မှတ်ချက်။ ။[သာသနာတော်သက္ကရာဇ် ၂၅၀၉-ခုနှစ် ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက် (၆-၃-၆၆)၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးမွေ့ဗိမာန်တော်ကြီး၌ ဥပက္ကိလေသ တဆဲ့နှစ်ပါး ရှင်းတမ်းနှင့် စပ်လျဉ်း၍ ဟောကြားအပ်သော သံယုတ္တနိကာယ် ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဥပယဝဂ်၌လာသော ဗိဇသုတ္တန် တရားတော်မှာ အကျဉ်းမျှသာဖြစ်၍ ရန်ကုန်မြို့ အမှတ် ၆၉-၈၂-လမ်းရှိ ဦးမြင့် ဒေါ်သိန်းညွန့်တို့၏ လစဉ်နိစ္စဘတ် ဆွမ်းကျွေးအလှူတွင် ဟောကြားထားသောအကျယ်ကို ထည့်သွင်းဖော်ပြပါကြောင်း။]

အဲဒီ-ရူပကာယဂုဏ်တော်ကြီးကလဲဘဲ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလတိုင်တိုင် ဒါနပါရမီ, သီလပါရမီ-စတဲ့ ပါရမီအမျိုးမျိုးတွေကို ဖြည့်ကျင့် ဆည်းပူးတော်မူထားတော့ ခန္ဓာကိုယ်အရေးနဲ့ပတ်သက်ပြီး အကျိုးပေးဘို့ရန်အတွက် ဒီဘဝက နောက်ဆုံးဘဝဖြစ်တဲ့ ပစ္ဆိမ ဘဝိကဖြစ်လေတော့ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလတိုင်တိုင် အကျိုးပေးဘို့ရန် ကျန်ရှိနေသေးတဲ့ ကုသိုလ်တရားတွေက သာသာထိုးထိုးနဲ့ အမျိုးမျိုးသာအောင်လို့ အကျိုးပေးထားတော့ ဘယ်လူနဲ့မှ ဘယ်နတ်နဲ့မှ ဘယ်ဗြဟ္မာနဲ့မှ ဘယ်သတ္တဝါနဲ့မှ တူတော်မမူဘူး၊ မြတ်စွာဘုရားရဲ့ရုပ်ပုံတော် ရူပကာယဟာ အင်မတန်သပ္ပါယ်ပြီးတော့ ကြည်လင်ပြတ်သားတော်မူတယ်၊ ရွှေတုံးရွှေခဲ ရှုမရဲအောင် တင့်တယ်တော်မူတယ်လို့ ဆိုတဲ့ အများနဲ့မတူတဲ့ သတ္တိအထူးကို ဂုဏ်လို့ခေါ်ပါတယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဂုဏ်ဆိုဒါ သတ္တိအထူးကိုခေါ်တယ်နော်၊ ဂုဏ်ဆိုဒါဘာကိုခေါ်သလဲ ... (သတ္တိအထူးကိုခေါ်ပါတယ်ဘုရား)။

ရူပကာယ အနေအားဖြင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါနဲ့မှမတူလို့ ရုပ်ရေရူပကာယ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာရဲ့ တင့်တယ်သပ္ပါယ်ပုံဟာဖြင့် အများနဲ့မတူတန်သည် ဖြစ်သောကြောင့် အများမှာ မရှိဒါတွေရှိတဲ့အတွက် ကိုယ်တော်မြတ်ကြီးမှာ ရုပ်ရဲ့ သတ္တိအထူးလို့ ဒီလိုဟောပါတယ်။

ဥပမာပုံဆိုခဲ့လို့ရှိရင် ဘယ်သူနဲ့မှမတူဘူးဆိုဒါ ဘယ်လိုလဲ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ၃၂-ပါးသောလက္ခဏာတော်ကြီးများမှာ "ပဟူတဇိဝှေါ"လို့ ဆိုတဲ့ လက္ခဏာတခုပါပါတယ်၊ အဲဒီ-ပဟူတဇိဝှေါလို့ဆိုတဲ့ လက္ခဏာတော်ဟာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ လျှာတော်ကို ခေါ်ပါတယ်၊ လျှာဆိုတော့ စသုံးပေသုံးဖြစ်နေတယ်၊ စကားသုံးနဲ့ တွဲတွဲပြောရင်၊ ရှာပေါ့၊ အဲဒီရှာဟာ တခြားရှာနဲ့မတူဘူး၊ ကိုယ်တော်မြတ်ကြီးရှာကဘယ်လိုနေသလဲလို့ဆိုတော့

ရှေလဲရှေတယ်၊ ကျယ်ပျံ့လဲကျယ်ပျံ့တယ်၊ ပဟုတစိတ္တဝေါ့ဆိုတဲ့ လက္ခဏာတော်ပါ။

ဒီ–လက္ခဏာတော်ရှာက ဘယ်လိုလဲ၊ ထုတ်လိုက်ပြီးတော့ ဘယ်ဘက်နားခေါင်းပေါက် ညာဘက်နားခေါင်းပေါက်များကို ရှာနဲ့ထိုးနိုင် သုံးသပ်နိုင်ပါတယ်၊ ဘယ်ဘက်နားတွင်းတော် ညာဘက်နား တွင်းတော် ကိုလဲ ရှာနဲ့ ရှာဖျားနဲ့သုံးသပ်ပြီးတော့ ပြုလုပ်နိုင်ပါတယ်၊ အင်မတန်ရှေတဲ့ ရှာတော်ပဲ။ "မုခံ ဇိဝှာယ ဆာဒေတိ၊ ဥဏ္ဏာယ ဘမုကန္တရေ" ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရှာဟာ ထုတ်ပြီးတော့ မျက်နှာကို အုပ်လိုက်မယ်ဆိုရင် မျက်နှာတော်ဟာခုလုံး ရှာနှင့် အကုန်လုံးဖုံးဖိသွားပါတယ်၊ အဲဒီလောက်ရှည်ပြီးတော့ ဒီလောက် ကျယ်ပျံ့တဲ့ ရှာတော်ပါ၊ ကိုင်း–ဒီရှာမျိုး ဘယ်ပုဂ္ဂိုလ်မျိုးမှာပါသလဲ၊ မဟာပုရိသလက္ခဏာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးမှာပါ၊ ဘယ်ပုဂ္ဂိုလ်မျိုးမှာမပါဘူး။

အဲဒါကြောင့် အများမှာမရှိတဲ့ သတ္တိအထူး ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာ ရှိတယ်၊ အဲဒီ-ရူပကာယရှိသည်ဖြစ်ပါသောကြောင့် ဒီ-ရူပကာယဂုဏ်ကလဲ သတ္တိအထူးပါဘဲတဲ့၊ အဲဒီ-ရူပကာယဂုဏ်တော်ဆိုတဲ့ သတ္တိအထူးကိုသာ ရှိခိုးဘဲနဲ့ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာ လူနတ်ဗြဟ္မာ သတ္တဝါတွေဌ် မရှမရှိတဲ့ အရဟံ, သမ္မာသမ္ဗုဒ္ဓ, ဘဂဝါ-စတဲ့ ဂုဏ်တော်တွေနဲ့ပေါင်းရုံးပြီးတော့ သတ္တိလို့ဆိုတဲ့ဂုဏ်တော်၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ သတ္တိအထူးဖြစ်တဲ့ ရူပကာယဂုဏ်တော်ကို ရှိခိုးကြရအောင် ကိုင်း–ဘုန်းကြီးကဆိုမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက လိုက်ပြီးတော့ အာရုံပြုပြီး ဘုရားရှိခိုးကြ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့၏ပူဇော်ဘွယ်အထူး လှူဒါန်းဘွယ်အထူးကို ခံယူခြင်းငှာ ထိုက်တော်မူပါပေထသော။ အ-ဒုဟတော၊ ဆိတ်ကွယ်ရာအရပ်၌ ကိုယ်အမူအရာ

နှုတ်အမူအရာစိတ်အမူအရာတို့ဖြင့်မကောင်းမှုဟူသမျှကိုပြုကျင့်ခြင်း ငှာထိုက်တော်မမူပါပေထသော။ အရဟတော၊ ကိလေသာမာရ် တည်းဟူသော အတွင်းရန်, ဒေဝပုတ္တမာရ် တည်းဟူသော အပြင် ရန်, အဲဒီအတွင်းရန် အပြင်ရန်တွေကို အကြွင်းအကျန်မရှိ အောင် မြင်တော်မူပြီး ဖြစ်တော်မူပါပေထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စ ဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ၁၂-ပါးသော အခြင်းအရာတို့ဖြင့် ကောင်းစွာထင်ထင် သိမြင်တော်မူပြီးဖြစ်တော်မူပါပေထသော။ တဿ ဘဂဝတော၊ ဣဿရိယ, သိရီ, ကာမ,ဓမ္မ,ယသ, ပယတ္တ မည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော ထိုဘုန်းတော်ခြောက်ပါး သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။ မေ-အမှာက်၊ တရားဟောပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ် ထိုထိုများစွာ ရှပ်နာမ်နှစ်ဖြာ ဖြစ်ကြကုန်သော ဘုရားတပည့်တော်တို့၏။ နမော၊ ရိုသေမြတ်နိုး ဦးညွှတ်လျှိုး၍ ရှိခိုးပူဇော်ခြင်းသည်။ အတ္ထု-ဘဝတု၊ မုချမသွေ ဖြစ်ပါစေသား မြတ်စွာဘုရား။

(သာဓု-သာဓု-သာဓု)

## အကုသိုလ်အကြောင်း

ဒီ-ဗီဇသုတ္တန်တရားတော်ကို ဟောမယ်ဆိုတော့ ဗီဇသုတ္တန်တရားတော် လာ သတ္တဝါတွေရဲ့ အကျိုးပေးမှု, အကျိုးမပေးမှုကို အကြောင်းပြုပြီး တော့ ဒီ-သုတ္တန်တရားတော်ကို ဟောကြားတော်မူတယ်၊ သတ္တဝါတွေကို အကျိုးပေးဒါ ဘာလဲဆိုတော့ ကုသိုလ်ကံ, အကုသိုလ်ကံ၊ ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်မျိုးဟာ သတ္တဝါတွေကို အကျိုးပေးတယ်၊ ကုသိုလ်ကံ, အကုသိုလ်ကံဆိုဒါ အကျိုးတရား၊ အဲဒီအကျိုးတရားက ပေးလို့ရတဲ့ ခံစား ချက်တွေကို အကျိုးပေးတယ်လို့, အကျိုးကပေးလို့ရဒါကို အကျိုးပေး တယ်လို့ ခေါ်ပါတယ်။

ဒါဖြင့် ကုသိုလ်ကံ, အကုသိုလ်ကံ တည်းဟူသော အကျိုးတရားတို့ရဲ့ အကြောင်းက ဘယ်သူလဲလို့ဆိုတော့လောဘရယ်,ဒေါသရယ်,မောဟရယ် အဲဒီတရားသုံးပါးက အကုသိုလ်ကံရဲ့ အကြောင်းတရား၊ အကုသိုလ်ကံက

အကျိုးတရား၊ လောဘ,ဒေါသ,မောဟဒီတရား၃-ပါးကအကြောင်းတရား၊ ဂါထာဘိပါတ အစရှိတဲ့ ကာယကံ အကုသိုလ်ကံတွေ, မုသာဝါဒ အစရှိတဲ့ ဝစီကံ အကုသိုလ်ကံတွေ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောကံ အကုသိုလ်ကံတွေက အကျိုးတရားတွေလို့ခေါ်ပါတယ်။

အဲဒီ–အကျိုးတရားတွေကပေးတော့ ဘာတွေရသလဲ–

(၁) အနိဋ္ဌ=အလိုမရှိအပ်တဲ့ ရူပါရုံ,
(၂) အလိုမရှိအပ်တဲ့ သဒ္ဒါရုံ,
(၃) အလိုမရှိအပ်တဲ့ ဂန္ဓာရုံ,
(၄) အလိုမရှိအပ်တဲ့ ရသာရုံ,
(၅) အလိုမရှိအပ်တဲ့ ဖောဋ္ဌဗ္ဗာရုံ,
(၆) အလိုမရှိအပ်တဲ့ ဓမ္မာရုံ–

တွေကိုရတယ်၊ အဲဒီ-ကိုယ်အလိုမရှိအပ်, မနှစ်သက်အပ်, မမြတ်နိုးအပ်တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့ အာရုံမျိုးနဲ့ တွေ့ကြုံနေရခြင်းသည် အကုသိုလ်ကပေးလို့ ရတဲ့အကျိုးတရား၊ အကုသိုလ် အကျိုးတရားကပေးရင် ဘာရသလဲ၊ ကိုယ်မကြိုက်တဲ့ ကိုယ်မနှစ်သက်တဲ့ ကိုယ်မမြတ်နိုးတဲ့, ကိုယ်မချစ်ခင်မစုံမက်တဲ့ ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတွေရတယ်၊ ဒါဟာ လောဘစတဲ့ အကုသိုလ်ကံရဲ့ အကြောင်းရယ်, အကုသိုလ်ကံတည်းဟူသော အကျိုးရယ်၊ အဲဒီ-အကုသိုလ်ကံအကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကံအကျိုးက ပေးလို့ ရရှိတဲ့ အလိုမရှိအပ်တဲ့ အာရုံဆိုတဲ့ ရလဒ်ရယ်၊ အဲဒီသုံးမျိုးမှတ်။

လောဘ, ဒေါသ, မောဟဆိုတဲ့ တရား ၃-ခုက အကြောင်းတရား၊ ကိုယ်အမူအရာနဲ့ဖြစ်တဲ့ အကုသိုလ်မကောင်းမှု, နှုတ်အမူအရာနဲ့ဖြစ်တဲ့ အကုသိုလ် မကောင်းမှု, စိတ်အမူအရာနဲ့ဖြစ်တဲ့ အကုသိုလ်မကောင်းမှုက အကျိုးတရား၊ အဲဒီအကြောင်းတရား အကျိုးတရားကြောင့် ဘာတွေရလာသလဲ၊ ကိုယ်မကြိုက်တဲ့, ကိုယ်မနှစ်သက်တဲ့, ကိုယ်မမြတ်နိုးတဲ့, ကိုယ်မလိုချင်တဲ့ ရူပါရုံတွေ, သဒ္ဒါရုံတွေ, ဂန္ဓာရုံတွေ, ရသာရုံတွေ, ဖောဋ္ဌဗ္ဗာရုံတွေ, ဓမ္မာရုံ တွေကို ရတယ်။

ပြီးတော့ အကြောင်းတရားရယ်, အကျိုးတရားရယ်, အဲဒီအကျိုးကပေး လို့ရတဲ့ ရလဒ်ရယ် အဲဒီ ၃-မျိုးမှတ်ထား၊ ဒကာကြီး ဦးမြင့် မှတ်မိ ပလား....(မှတ်မိပါပြီဘုရား)။

## ကုသိုလ်အကြောင်း

နောက်တခါ ကုသိုလ်ကံရဲ့အကြောင်းက ဘယ်သူလဲ၊ အလောဘ, အ ဒေါသ, အမောဟ-အဲဒီတရား ၃-ပါးက ကုသိုလ်ကံဖြစ်ခြင်းရဲ့အကြောင်း ၃-ခု၊ ကိုယ်အမူအရာနဲ့ပတ်သက်တဲ့ ကုသိုလ်, နှုတ်အမူအရာနဲ့ ပတ်သက်တဲ့ ကုသိုလ်, စိတ်အမူအရာနဲ့ပတ်သက်တဲ့ကုသိုလ်, ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ် ဒီကုသိုလ်တွေက အကျိုးတရား၊ ဒါနဆိုဒါ အကျိုးတရား၊ သီလဆိုဒါအကျိုးတရား၊ ဘာဝနာပွားတယ်ဆိုဒါ အကျိုးတရား၊ ဘယ် သူ့ရဲ့အကျိုးတရားလဲ ဆိုတော့ အလောဘရဲ့အကျိုးတရားက ဒါနကုသိုလ်, အဒေါသရဲ့ အကျိုးတရားက သီလကုသိုလ်၊ အမောဟရဲ့ အကျိုးတရားက ဘာဝနာကုသိုလ်၊ ဘာဝနာကုသိုလ်မှာ သမထဘာဝနာ, ဝိပဿနာဘာဝနာ လို့ နှစ်မျိုးခွဲ။

ဒါဖြင့် အဲဒီအကျိုးတရားတွေကြောင့် ဘာတွေရမလဲ၊ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်လို့ဆိုတဲ့ အကျိုးတရားကြောင့် အဲဒီအကျိုး တရားက ဘာတွေရမလဲ၊ အကျိုးတရားကပေးရင် ဘာတွေပေးမလဲ၊ ဣဋ္ဌ ကန္တ, ပိယ, မနာပ, နှစ်သက်အပ်, မြတ်နိုးအပ်, စိတ်နှလုံးကို တိုးပွားစေ အပ်ကုန်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ, ဒီဟာတွေကိုရမယ်၊ အဲဒါက ကုသိုလ်ကံ အကျိုးကပေးလို့ ရတဲ့ရလဒ်၊ ဒီတော့ကုသိုလ်ကံမှာလဲဘဲ ခုနကအကုသိုလ်ကံမှာပြောခဲ့သလိုဘဲအကြောင်း တရားရယ်, အကျိုးတရားရယ်, အကြောင်းတရားအကျိုးတရားက ပေးလို့ ရတဲ့ ရလဒ်ရယ်လို့ ဒီလို ၃-မျိုးမှတ်ထား။

အဲဒီလို သုံးမျိုးမှတ်ထားပြီးတော့ အလောဘ, အဒေါသ, အမောဟက အကြောင်းတရား၊ ဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကု သိုလ်က အကျိုးတရား၊ နှစ်သက်အပ် မြတ်နိုးအပ်တဲ့ ဣဋ္ဌာရုံဖြစ်တဲ့ ကိုယ် လိုချင်တဲ့ အရာဝတ္ထုတွေနဲ့ ပြည့်စုံအောင်ရရှိခံစားနေရတဲ့ ရူပါရုံ, သဒ္ဒါရုံ,

ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံကို ရနေဒါကရလဒ်၊ အကျိုးကပေး လို့ ရဘဲ့ပစ္စည်းဝတ္ထုလို့ ဒီလိုဆိုတယ်။

အဲဒီတော့ ဒီနေရာမှာ အကုသိုလ်တည်းဟူသော အကျိုးတရားက ပေး လို့ရတဲ့ ပစ္စည်းဝတ္ထုတွေ, ကုသိုလ်ဆိုတဲ့ အကျိုးတရားကပေးလို့ ရတဲ့ ပစ္စည်းဝတ္ထုတွေဟာ ဘာတွေလဲ၊ ရူပါရုံတွေ, သဒ္ဒါရုံတွေ, ဂန္ဓာရုံတွေ, ရသာရုံတွေ, ဖောဋ္ဌဗ္ဗာရုံတွေ, ဓမ္မာရုံတွေ-ဒါတွေဘဲရတယ်၊ အဲဒါတွေကိုလဲ ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပြောမယ်ဆိုရင်တော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာလို့သာဆိုရမယ်။

## မကြိုက်ရင်အာရုံမကောင်း ကြိုက်ရင်ကောင်း

အဲဒီ-အကျိုးတရားကပေးလို့ ရဒါတွေကို သတ္တဝါတွေရဲ့ အကြိုက်နှင့် ညီရင် ဒါ-ကုသိုလ်ကံကပေးလို့ရတဲ့ အာရုံဝတ္ထုတွေဘဲ၊ ကိုယ့်အလိုနဲ့မညီ ရင် အကုသိုလ်ကံကပေးလို့ရတဲ့ အာရုံဝတ္ထုတွေဘဲ၊ အကုသိုလ်ကံကပေးလို့ ရဒါတွေဘဲဖြစ်ဖြစ်, ကုသိုလ်ကံကပေးလို့ရဒါတွေဘဲဖြစ်ဖြစ် အာရုံဝတ္ထုဘဲ၊ အဲဒီလို အာရုံဝတ္ထုဟာ သတ္တဝါတွေရဲ့ နှစ်သက်မှု,မနှစ်သက်မှုကို အကြောင်း ပြုပြီးတော့ ကောင်း-မကောင်းလို့ ဒီလိုသာကွဲပြားသွားဒါဘဲ။

အာရုံဝတ္ထုသဘောကတော့ဖြင့် အကုသိုလ်ကံကပေးတဲ့ အာရုံဝတ္ထုဘဲ ဖြစ်ဖြစ်, ကုသိုလ်ကံကပေးတဲ့ အာရုံဝတ္ထုဘဲ ဖြစ်ဖြစ် ရုပ်တရားဟာ ရုပ် တရားဘဲ၊ အာရုံတရားဟာ အာရုံတရားဘဲ၊ ဝတ္ထုတရားဟာ ဝတ္ထုတရားဘဲ၊ သူတို့ချင်းကတော့ဖြင့် အဲ-ကောင်းတယ်, မကောင်းဘူးရယ်လို့ သူတို့မှာ တော့မရှိဘူး၊ အဲဒီကောင်းတယ်, မကောင်းဘူးက ဘယ်ကျမှပါသလဲလို့ ဆိုတော့ သတ္တဝါရဲ့အလိုအကြိုက်နဲ့ မညီရင် ဒီ-အာရုံဝတ္ထုဟာ မကောင်း ဘူး၊ သတ္တဝါရဲ့ အလိုအကြိုက်နဲ့ညီရင် ဒီ-အာရုံဝတ္ထုဟာ ကောင်းတယ်၊ ဒီလိုသမုတ်ကြတယ်။

ဒီတော့ ဘာဘဲဖြစ်ဖြစ် သတ္တဝါအလိုမပါဘဲ ပရမတ္ထဒေသနာတော်ကို ပြောမယ်ဆိုရင် ဘယ်အာရုံဝတ္ထုမှာမှ ကောင်းဒါရယ်, မကောင်းဒါရယ် လို့မရှိဘူး၊ ဘာတွေရှိသလဲ သူတို့မှာ ရူပါရုံက ရူပါရုံရဲ့သဘော သဒ္ဒါရုံ,

ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံတွေက သူတို့အာရုံရဲ့သဘောဘဲရှိ တယ်၊ အဲဒီသဘောတွေဘဲရှိတယ်၊ ဒါ–အကျိုးပေးဒါ။

ဒီတော့ ဒါနကုသိုလ်တွေ, သီလကုသိုလ်တွေ, သမာဓိကုသိုလ်တွေ, ဝိပဿနာ ပညာကုသိုလ်တွေကို ကြိုးစားပြီး ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ် များမှာတော့ဖြင့် ဘာတွေဖြစ်သလဲ၊ ဒါနကုသိုလ်လုပ်ရင် ကုသိုလ်ကံဖြစ် တယ်၊ သီလကုသိုလ်လုပ်ရင် ကုသိုလ်ကံဖြစ်တယ်၊ သမာဓိကုသိုလ်လုပ်ရင် ကုသိုလ်ကံဖြစ်တယ်၊ ဝိပဿနာကုသိုလ်လုပ်ရင် ကုသိုလ်ကံဖြစ်တယ်၊ လုပ်ရင် တော့ ကံက ဖြစ်တာဘဲ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သန္တာန်မှာ အဲဒီ ကံပဲဖြစ်စေတဲ့ ကာမဝိညာဏ်ကတော့ ဖြစ်လာတော့ဒါဘဲ၊ အဲဒါ အကျိုး ပေးချင်သေးသလား၊ အကျိုးမပေးချင်တော့ဘူးလား၊ နေ့တိုင်းနေ့တိုင်း ဖြစ်တဲ့ ကုသိုလ်ကောင်းမှုတွေဟာ အကျိုးပေးစေချင်သေးသလား၊အကျိုး မပေးစေချင်တော့ဘူးလား၊ အကျိုးပေးရင်တော့ ဘာတွေကို ပေးမှာလဲ၊ ခုနကအာရုံဝတ္ထုတွေဘဲပေးမယ်၊ အာရုံနဲ့ ဝတ္ထုလို့ဆိုဒါ သူ့မှာဘာရှိသ လဲလို့ကြည့်ရင် ဖြစ်မှုနဲ့ ပျက်မှုအပြင် သူ့မှာဘာမှမရှိဘူး၊ ဖြစ်တာရယ် ပျက်တာရယ်, ဖေါက်ပြန်ပြောင်းလွှဲဒါရယ် ဒါဘဲရှိတယ်၊ "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ" စာအလိုပြောမယ်ဆိုရင်တော့ ဒီအာရုံ ဝတ္ထုကိုကြည့်မယ်ဆိုရင် သူ့မှာ ဘာသာထင်ရှားသလဲလို့ဆိုတော့ ဖြစ်တာနဲ့ ပျက်တာဘဲ ထင်ရှားတယ်၊ တခြားဘာမှမရှိဘူး။

ဘယ်အာရုံကိုကြည့်ကြည့် ဘယ်ဝတ္ထုကိုဘဲကြည့်ကြည့် နိဗ္ဗာန်ဘည်းဟူ သော အာရုံဟခုကိုဘဲချန်ထားပေါ့၊ သူ့မှာဘာရှိသလဲ၊ အကျိုးပေးတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံတို့က အကျိုးပေးလိုက်တဲ့ အကျိုးတရားတွေကို ကြည့်မယ်ဆိုရင် သူတို့ဟာ ဘာတွေလဲ၊ အာရုံဝတ္ထုတွေဘဲ၊ ဒီ-အာရုံဝတ္ထု တွေ, ဒီ-အာရုံဝတ္ထုတွေမှာ ဘာဖြစ်သလဲလို့ ကြည့်လိုက်ရင် "ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ"—ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ်။

ဒီတော့ အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေက မိမိတို့လုပ် ခဲ့တဲ့ ဒါနကုသိုလ်တွေ, မိမိတို့လုပ်ခဲ့တဲ့ သီလကုသိုလ်တွေ, မိမိတို့လုပ်ခဲ့တဲ့ သမာဓိကုသိုလ်တွေ, မိမိတို့လုပ်ခဲ့တဲ့ ပညာကုသိုလ်တွေကို အကျိုးပေးစေ

ချင်ဖေးသလား၊ အကျိုးပေးစေချင်ရင် အကျိုးပေးတဲ့နည်းလမ်းကိုလုပ်ရမယ်၊ အကျိုးမပေးစေချင်ရင် အကျိုးမပေးတဲ့နည်းလမ်းကို လုပ်ရမယ်လို့ ညွှန်ပြလိုတဲ့အတွက် အခု-ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာလာတဲ့ ဗီဇသုတ္တန်ကိုရည်ပြီးတော့ ဟောမယ်၊ ကိုင်း—ဒဟာကြစို့ရဲ့။

မျိုးစေ့ ၅ မျိုး

မြတ်စွာဘုရား သာဝတ္ထိပြည်မှာ သီတင်းသုံးနေတော်မူစဉ်အခါ ရဟန်းတော်များကို အကျိုးပေးမှု မပေးမှုနဲ့ ပတ်သက်လို့ ဒီ-ဗီဇသုတ္တန်ဘုရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်၊ ဟောတော်မူပုံက ဒီလိုတဲ့—

ပဉ္စိမာနိ ဘိက္ခဝေ ဗီဇဇာတာနိ၊ ကတမာနိ ပဉ္စ၊
မူလဗီဇံ ခန္ဓဗီဇံ အဂ္ဂဗီဇံ ဖလုဗီဇံ ဗီဇဗီဇညေ၀ ပဉ္စမံ”၊

ချစ်သားတို့....လောကမှာ အပင်ပေါက်နိုင်တယ်ဆိုတဲ့ မျိုးစေ့ ၅-မျိုး ရှိတယ်။

(၁) တချို့က ပင်စည်ဟာ အမြစ်ကနေပြီးတော့ အပင်တွေပေါက်ပွားလာတယ်၊ ဒါအမြစ်မျိုးစေ့ပေါ့။
(၂) တချို့က ပင်စည်ကနေပြီးတော့ အပင်တွေ ပေါက်ပွားလာတယ်၊ ဒါပင်စည်မျိုးစေ့ပေါ့။
(၃) တချို့က အဆစ်ကနေပြီးတော့ အပင်တွေပေါက်ပွားလာတယ်၊ ဒါ-အဆစ်မျိုးစေ့ပေါ့။
(၄) တချို့က အညွန့်ကနေပြီးတော့ အပင်တွေ ပေါက်ပွားလာတယ်၊ ဒါ-အညွန့်မျိုးစေ့ပေါ့။
(၅) တချို့က အစေ့ကနေပြီးတော့ အပင်တွေ ပေါက်ပွားလာတယ်၊ ဒါ အစေ့မျိုးစေ့ပေါ့။

မျိုးစေ့ ၅-မျိုး၊ အဲဒီမျိုးစေ့ ၅-မျိုးဟာ အပင်ပေါက်နိုင်တယ်၊ အပင်တွေပေါက်ရင် အဲဒီအပင်ဟာ ကြီးပွားနိုင်တယ်၊ စည်ပင်နိုင်တယ်၊ ပြန့်ပွားနိုင်တယ်။

## မျိုးစေ့ပေါက်လာနိုင်ခြင်း

အဲဒီ-အပင်ပေါက်နိုင်တယ်ဆိုတဲ့ မျိုးစေ့ ၅-မျိုးကို မြတ်စွာဘုရားက-

"ဣမာနိ စဿု ဘိက္ခဝေ ပဉ္စ ဗီဇဇာတာနိ အက္ခဏ္ဍာနိ အပူတိကာနိ အဝါတာတပဟတာနိ သာရာဒါနိ သုခ-သယိတာနိ ပထဝီစနာဿ၊ အာပေါစနာဿ။ အပိနု-မာနိ ဘိက္ခဝေ ပဉ္စဗီဇဇာတာနိ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျုံ"။

ဘုရားက ဒီလိုပုစ္ဆာ ထုတ်လိုက်ဘယ်၊ မေးလိုက်တယ်၊ "ချစ်သား ရဟန်းတို့.... ဒီပါဠိရဲ့အဓိပ္ပါယ်ကတော့ ခုနကပြောခဲ့တဲ့ အပင်ပေါက်နိုင် တယ်ဆိုတဲ့ မျိုးစေ့ ၅-မျိုးဟာ-

အခဏ္ဍာနိ၊ မကျိုးဘူးဆိုရင်။ အပူတိကာနိ၊ မပုပ်မဆွေးဘူးဆို ရင်။ အဝါတာတပဟာတာနိ၊ လေပူနေတို့ မနှိပ်စက်ဘူးဆိုရင်။ သာရာဒါနိ၊ ဒီမျိုးစေ့က အနှစ်သာရနဲ့ ပြည့်စုံရင်။ သုခသယိ တာနိ၊ ကောင်းစွာထားမယ်ဆိုရင်။ (အဲဒီလိုမပုပ်မဆွေး မကျိုးဘဲ နဲ့ အနှစ်သာရနဲ့ပြည့်စုံပေမဲ့ ဒီမျိုးစေ့ ၅-မျိုးဟာ) "ပထဝီ-စနာဿ၊ အာပေါစနာဿ"၊ မြေနှင့်ရေကို အမှီမရရင်။ "ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျုံ"၊ ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့် ပွားခြင်းဖြစ်နိုင်မလား" လို့ မြတ်စွာဘုရားကမေးတယ်။

ရဟန်းတော်များက ဘာပြန်ပြောသလဲ၊ "နောဟေတံ ဘန္တေ"=မဖြစ် နိုင်ပါဘူးဘုရားတဲ့၊ ဆိုလိုတဲ့အဓိပ္ပါယ်က အပင်ပေါက်နိုင်တယ်ဆိုတဲ့ မျိုး စေ့ဟာ အင်မတန်ကောင်းတဲ့ မျိုးစေ့ဖြစ်စေကာမူ မြေနှင့်ရေကို အမှီမရ ရင် အဲဒီမျိုးစေ့အပင်ပေါက်နိုင်ပမလားလို့ မြတ်စွာဘုရားက ဒီလိုမေးဒါ။

ကိုင်း အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပေါက်နိုင် ပါ့မလား....(မပေါက်နိုင်ပါဘုရား)။

မပေါက်နိုင်ဘူးနော်၊ အပင်မပေါက်ရင် ဒီအပင်ဟာ ကြီးပွားနိုင်ပါ့ မလား....(မကြီးပွားနိုင်ပါဘုရား)၊ မကြီးပွားနိုင်ဘူးနော်။

မျိုးစေ့ကတော့ကောင်းတယ်နော်၊ မျိုးစေ့ကောင်းပေမဲ့ မြေနှင့်ရေကို အမှီမရရင် ဒီမျိုးစေ့တွေမကြီးပွားနိုင်၊ မစည်ပင်နိုင်၊ မပြန့်ပွားနိုင်တော့ မြုံသွားဘူးလား ဒီမျိုးစေ့တွေ.... (မြုံသွားပါတယ်ဘုရား)၊ မြုံသွားတယ်နော် ဒါကဘာနည်း။

နောက်တခုတော့ "ဣမာနိ စဿု ဘိက္ခဝေ ပဉ္စဗီဇဇာတာနိ အခဏ္ဍာနိ အပူတိကာနိ အဝါတာတပဟတာနိ သာရာဒါနိ သုခသယိတာနိ ပထဝီစ-အဿ၊ အာပေါစအဿ"၊ နောက်ဝါကျတခုက "အပိနုမာနိဘိက္ခဝေ ပဉ္စဗီဇဇာတာနိ ဝုဍ္ဎိံ ဝိရုဠ္ဟိံ ဝေပုလ္လံ အာပဇ္ဇေယျုံ"လို့ မေးလိုက်တော့ ရဟန်းတော်များက "ဧဝံ ဘန္တေ"လို့ပြန်ဖြေတယ်။

ဒါကတော့ဘာပြောဒါလဲဆိုတော့"ချစ်သားတို့....အပင်ပေါက်နိုင်တယ် ဆိုတဲ့ အဲဒီ-မျိုးစေ့ငါးမျိုးဟာ မကျိုး,မပုပ်ဘဲ အနှစ်သာရနဲ့ပြည့်စုံရင် လေပူ,နေပူတို့ မနှိပ်စက်ရင်ကောင်းမွန်စွာ သိမ်းစည်းပြီးတော့ ထားမယ် ဆိုရင် ဒီမျိုးစေ့ငါးခုဟာ မြေနဲ့ရေကို အမှီရရင် ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပွားခြင်း ဖြစ်နိုင်ပါ့မလား"လို့ မြတ်စွာဘုရားကမေးတော့ ရဟန်းတော်များက ဖြစ်နိုင်ပါတယ်ဘုရား, အပင်ပေါက်နိုင်ပါတယ်ဘုရားလို့" ဒီလို-ဖြေပါတယ်။

ဆိုလိုတဲ့အဓိပ္ပါယ်က ခုနကပြောခဲ့တဲ့ မျိုးစေ့ငါးခုဟာ အနှစ်သာရနဲ့ ပြည့်စုံပြီး အင်မတန်အောင်မြင်တဲ့ မျိုးစေ့တွေဖြစ်နေလို့ မြေနှင့်ရေ အမှီကောင်းကိုရရင် ဒီမျိုးစေ့တွေ အပင်ပေါက်မလား၊ မပေါက်ဘူးလား ... (ပေါက်ပါတယ်ဘုရား)။

ဘယ့်နှယ်လဲ ဒါကာကြီး ဦးမြင့် ပေါက်နိုင်ပါ့မလား.... (ပေါက်နိုင်ပါတယ်ဘုရား)။

ဦးဘိုးညွှာ ပေါက်နိုင်ပါ့မလား.... (ပေါက်နိုင်ပါတယ်ဘုရား)။

အပင်ပေါက်တယ်နော်၊ အပင်ပေါက်ရင် သာဖြစ်မလဲ၊ အကိုင်းတွေ ထွက်လာမယ်၊ အကိုင်းတွေထွက်လာရင် စည်ပင်ပြန့်ပွားလာမယ်၊ နောက် အသီးတွေသီးလာမယ်၊ နောက် အဲဒီ အသီးတွေကမှပြီးတော့ အပင်တွေ ဆက်ကာ ဆက်ဆက်ပြီးတော့ ပွားမယ်၊ သရက်ပင်ဆိုရင် သရက်စေ့

ကြီး ဖြစ်နိုင်တယ်၊ လူဆိုရင် လူတောကြီးဖြစ်နိုင်ဒါပေါ့၊ အခု လူတော ကြီး ဖြစ်နေဒါဘဲမဟုတ်လား.... (တင်ပါ့ဘုရား)။

 မြေခတ်နှင့် ဝိညာဏဋ္ဌိတိတူ

အဲဒါ-ဥပမာစကား၊ အဲဒီ-ဥပမာမှာမြတ်စွာဘုရားက ဥပမေယျ ဘယ် လိုပြောသလဲလို့ ဆိုတော့—

"သေယျထာပိ ဘိက္ခဝေ ပထဝီဓာတု၊ ဧဝံ စတဿော ဝိညာဏဋ္ဌိတိယော ဒဋ္ဌဗ္ဗာ"။=

လို့ ဒီလို-ပြောပါတယ်၊ အဓိပ္ပါယ်ကတော့ ချစ်သားရဟန်းတို့...မြေ ခတ်နဲ့ ဘယ်သူနဲ့တူသလဲလို့ဆိုတော့ ခုနက အပင်ပေါက်တယ် ဆိုဒါမှာ မျိုးစေ့ရယ်, မြေကြီးရယ်, ရေရယ် ၃-ခုနော်....(တင်ပါ့ဘုရား၊ ကုသိုလ် ကမ္မဝိညာဏ်, အကုသိုလ်ကမ္မဝိညာဏ်တို့ရဲ့ တည်ရာဌာနဖြစ်တဲ့ ဝိညာဏဋ္ဌိတိ လေးမျိုးကို မြေလို့မှတ်ရမယ်တဲ့....(တင်ပါ့ဘုရား)။

"စတဿော ဝိညာဏဋ္ဌိတိယော ဒဋ္ဌဗ္ဗာ"။ ။စတဿော၊ ဒလေးပါးကုန်သော။ ဝိညာဏဋ္ဌိတိယော၊ ဝိညာဏ်ရဲ့ တည်ရာဌာန တို့ကို။ ဒဋ္ဌဗ္ဗာ၊ မြေခတ်ကဲ့သို့ မှတ်အပ်ကုန်၏။

အဲဒီ-ဝိညာဏ်ရဲ့ တည်ရာလေးမျိုးဆိုဒါ ဘာတွေလဲဆိုတော့ ရုပ်, ဝေဒ နာ, သညာ, သင်္ခါရ၊ အဲဒါ ဝိညာဏ်ရဲ့ တည်ရာဌာနလေးမျိုးပါဘဲ၊ ဝိညာဏ် ရဲ့ တည်ရာလေးမျိုးဟာ ဘယ်ဟာလဲ...(ရုပ်, ဝေဒနာ, သညာ, သင်္ခါရပါ ဘုရား)။

ဘယ်နှစ်မျိုးလဲ....(လေးမျိုးပါဘုရား)။

ဝိညာဏ်ရဲ့ တည်ရာနော်၊ ဒီလေးမျိုးမရှိရင် ဝိညာဏ်ဟာ တည်လို့ရပါ့ မလား....(မရပါဘုရား)။

မြေမရှိရင် မျိုးစေ့ဟာတည်လို့ရပါ့မလား (မရပါဘုရား)။

ရေခတ်နှင့် နန္ဒီရာဂတူ

အဲဒါလေး သေသေချာချာ မှတ်ထားရမယ်။

သေယျထာပိ ဘိက္ခဝေ အာပေါဓာတု၊ ဧဝံ နန္ဒိရာ- ဂေါ ဒဋ္ဌဗ္ဗော"။

ရေခေါတ်က ဘာနဲ့တူသလဲလို့ဆိုတော့ စွဲလမ်းခြင်းနှစ်သက်ခြင်းနှင့်တကွ ဖြစ်တဲ့ တဏှာရာဂ, နန္ဒီရာဂကို ရေခေါတ်နဲ့တူတယ်လို့ မှတ်ရမယ်၊ မြေက ဘာနဲ့တူသလဲ၊ ဝိညာဏ်ရဲ့ တည်ရာလေးမျိုးနဲ့တူတယ်၊ တဏှာက ရေနဲ့တူတယ်။

## မျိုးစေ့နှင့် ကမ္မဝိညာဏ်တူ

"သေယျထာပိ ဘိက္ခဝေ ပဉ္စဗီဇဇာတာနိ၊ ဧဝံ ဝိညာဏံ သာဟာရံ ဒဋ္ဌဗ္ဗံ"။

လို့ ပါဋ္ဌိတော်မှာလာတဲ့အတိုင်းဘဲ ဘုန်းကြီးပြောနေဒါနေ၁်၊သူ့ဟာနဲ့သူတော့ ရှင်းနေဒါဘဲ၊ တခါတရံမှာ အဲဒီအရှင်းကိုလဲ တခါတလေ ရှုပ်ရှုပ်သွားတတ်သေးတယ်၊သူ့ဟာနဲ့သူတော့ ရှင်းမနေဘူးလား....(ရှင်းနေပါတယ်ဘုရား)။

ဒီတော့ မျိုးစေ့ဟာ ဘာနဲ့တူသလဲလို့ဆိုတော့ အကြောင်းနှင့်တကွ ဖြစ်သော ကုသိုလ်ကမ္မဝိညာဏ်, အကုသိုလ်ကမ္မဝိညာဏ်တို့နဲ့ မျိုးစေ့နဲ့တူတယ်တဲ့၊ဒီကဂနေ့ဘာ ာဦးမြင့်တို့နဲ့ဘုရားအမှူးရှိတဲ့သံဃာတော်အရှင်ကောင်း အရှင်မြတ်တို့ကို ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်းခဲ့တဲ့ ဒါနကုသိုလ်, ပရိတ်တရားတော်ကို ရိုသေစွာ နာခံမှတ်သားတဲ့ ဓမ္မဿဝနကုသိုလ် သရဏဂုံ သုံးပါးနှင့်တကွ အင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့ သီလကို ခံယူဆောက်တည်တဲ့ သီလကုသိုလ်—အဲဒီကုသိုလ်တွေဟာ ကမ္မဝိညာဏ်တွေဘဲ။

ဒီ-ကုသိုလ်ကမ္မဝိညာဏ်တို့ရဲ့ တည်ရာဖြစ်တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ တည်းဟူသော မြေခေါတ်နဲ့ ဒီကုသိုလ်ကမ္မာဘိသင်္ခါရတွေကို စွဲလမ်းခြင်း, နှစ်သက်ခြင်းဆိုတဲ့ နန္ဒီရာဂနဲ့ပေါင်းမိရင် လူ့ဘဝ လူ့ခန္ဓာ, နတ်ဘဝ နတ်ခန္ဓာ, ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာ–ဒါက ကုသိုလ်ဘက်ဆိုင်ရာဖြစ်တယ်။

အကုသိုလ်ဘက်ဆိုင်ရာကဆိုရင်လဲ ကမ္မပထမြောက်အောင် လွန်ကျူးလိုက်တဲ့ ကမ္မဝိညာဏ်-ပါဏာတိပါတ အကုသိုလ်ကံတခု၊ အဲဒီပါဏာတိပါတ အကုသိုလ်ကံတခုကို ကမ္မပထမြောက်အောင် လွန်ကျူးပေးလိုက်လို့ ရှိရင် အဲဒါ အကုသိုလ်ကမ္မဝိညာဏ်ဖြစ်တယ်၊ ဒီအကုသိုလ်ကမ္မဝိညာဏ်ဟာ

ဘယ်အပေါ်မှာ တည်ရသလဲလို့ဆိုတော့ ရုပ်တရား, ဝေဒနာတရား, သညာတရား, သင်္ခါရတရားတည်းဟူသော တရားလေးပါးပေါ်မှာတည်လို့ အကုသိုလ်ကမ္မဝိညာဏ်ကို စွဲလမ်းခြင်း, နှစ်သက်ခြင်းနဲ့တကွဖြစ်တဲ့ နန္ဒီရာဂတဏှာနဲ့ သွန်းလောင်းပေးရင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပင်ကြီးတွေ တခါထဲပေါက်လာတယ်။

ဒကာကြီး ဦးမြင့် ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးဘိုးညာဏ် ရှင်းပလား....(ရှင်းပါပြီဘုရား)။

## ကုသိုလ် အကုသိုလ်ကမ္မဝိညာဏ်

ကုသိုလ်ကမ္မဝိညာဏ်, အကုသိုလ်ကမ္မဝိညာဏ်ဆိုဒါ, ဒကာ, ဒကာမတွေပြုလုပ်နေကြတဲ့ ကာမာဝစရကုသိုလ်တွေ, ရူပါဝစရကုသိုလ်တွေ, အရူပါဝစရကုသိုလ်တွေဟာ ကမ္မဝိညာဏ်တွေချည့်ဘဲ၊ ဒါ-ဝိညာဏ်တရားတွေ၊ သာဟာရဲ-ဆိုဒါဘာလဲ၊ အကြောင်းနှင့်တကွဖြစ်တဲ့ ကမ္မဝိညာဏ်တွေဟာ ဘာကိုအမှီရမှသာလျှင် ကုသိုလ်ရဲ့အကျိုး, အကုသိုလ်ရဲ့ အကျိုးတွေကိုနောက်ကပြောခဲ့တဲ့အတိုင်း ပေးနိုင်သလဲလို့ဆိုရင် မြေနဲ့ရေကိုအမှီရမှ ပေးနိုင်တယ်၊ မြေတည်းဟူသော ဝိညာဏ်ရဲ့တည်ရာလေးမျိုးနဲ့ ရေတည်းဟူသောတဏှာကိုအမှီရမှသာလျှင် အဲဒီ ကုသိုလ်, ကမ္မဝိညာဏ်တွေ, အကုသိုလ်ကမ္မဝိညာဏ်တွေဟာ ကုသိုလ်အကျိုး ,အကုသိုလ်အကျိုးတွေကို သူတို့ပေးနိုင်တယ်၊ မြေ, ရေ တည်းဟူသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရနဲ့ တဏှာကိုအမှီမရရင် ဒီ-ကုသိုလ်ကမ္မဝိညာဏ်တွေ, အကုသိုလ်ကမ္မဝိညာဏ်တွေဟာ ခုနက မျိုးစေ့တွေ အပင်မပေါက်နိုင်သလို သူတို့လဲ အကျိုးမပေးနိုင်တော့ဘူး၊ ပေးနိုင်ပါအုံးမလား....(မပေးနိုင်ပါဘုရား)။

မပေးနိုင်ရင် အဲဒါဒီနေရာမှာ တဏှာဆိုတဲ့ကိလေသာရေဓာတ် ကိလေသဝဋ်က မဖြစ်တော့ ကမ္မဝဋ်တွေက လွတ်သွားတော့ဒါပေါ့၊ ဟင်-ကမ္မဝဋ်ကလွတ်သွားတော့ ဝိပါကဝဋ်ကကော မလွတ်ဘူးလား....(လွတ်ပါတယ်ဘုရား)။

ဝိပါကဝဋ်မှမရှိရင် ဒီ ဝိပါကဝဋ်ကို မှီပြီးဖြစ်ရတဲ့ ကိလေသဝဋ်ကကော နောက်ထပ်ဖြစ်အုံး ရှိအုံးမှာတဲ့လား....(မရှိတော့ပါဘုရား)။

ကိလေသဝဋ္ဋ,ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋ ဒီနေရာမရှိတော့ဟောဒီနေရာ နိရောဓ သစ္စာဗျ၊ ဒီနေရာမှာချုပ်မနေနဲ့ဒနော်၊ ကိုင်း-ဒကာကြီး ဦးမြင့် သဘောကျ ပလား ...(ကျပါပြီဘုရား)။

ဦးဘိုးညက်ဒကာ....(ကျပါပြီဘုရား)။

ကိုင်း—မှတ်ထားကြနော်၊ မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ရှင်းကော ရှင်းရဲ့လား.... (ရှင်းပါတယ်ဘုရား)၊ သေသေချာချာမှတ် ထားနော်။

## ရုပ်ဥ္စကပ်၍ ကမ္မဝိညာဏ်တည်

နောက်တခါ ဘုရားက ဘာဆက်ဟောသလဲလို့ဆိုတော့—

> "ရူပုပယံ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ၊ ရူပါရမ္မဏံ ရူပပ္ပတိဋ္ဌံ နန္ဒူပသေစနံ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျ"။

ပေါက်လာတယ်, ကြီးပွားလာတယ်, အကျိုးပေးလာတယ်လို့ ဆို တော့ ကုသိုလ်ကမ္မဝိညာဏ်ဖြစ်ဖြစ်, အကုသိုလ်ကမ္မဝိညာဏ်ဖြစ်ဖြစ် ခုနက ပြောခဲ့တဲ့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရတည်းဟူသော မြေဓာတ်နဲ့ စွဲလမ်း ခြင်း, နှစ်သက်ခြင်းတည်းဟူသော နန္ဒီရာဂကို အမှီရလို့ အပင်ပေါက်မယ် ဆိုရင် ဘယ်လိုပေါက်သလဲ။

> ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ဝိညာဏံ၊ပဋိသန္ဓေ ကမ္မဝိညာဏ်သည်။ တိဋ္ဌမာနံ၊ တည်မယ်လို့ဆိုရင်။ ရူပုပယံဝါ၊ ရုပ်သို့ကပ်ရောက်၍မူလည်း။ တိဋ္ဌေယျ၊ တည်ရာ၏။ ဝေဒနုပယံဝါ၊ ဝေဒနာသို့ ကပ်ရောက်၍မူလည်း။ သညုပယံဝါ၊ သညာသို့ကပ် ရောက်၍မူလည်း။ သင်္ခါရုပယံဝါ၊ သင်္ခါရသို့ကပ်ရောက်၍မူလည်း။ (ဝိညာဏံ၊ ဝိညာဏ်သည်။) တိဋ္ဌေယျ၊ တည်ရာ၏။

ပဋိသန္ဓေကမ္မဝိညာဏ် တည်တယ်လို့ဆိုဒါ ရုပ်ကိုကပ်ရောက်၍လည်း ပဋိသန္ဓေဝိညာဏ်တည်လို့ရတယ်၊ ဝေဒနာကိုကပ်ရောက်၍, သညာကိုကပ် ရောက်၍, သင်္ခါရတွေကို ကပ်ရောက်၍, ကပ်ရောက်ပြီးမှ ပဋိသန္ဓေဟည်

လို့ရတယ်၊ ကမ္မဝိညာဏ်ဟာ ဇာတိဖြစ်လို့ ရတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့ နော်၊ အခုဟာက ဇာတ်ငြိမ်းအောင် ပြောနေတော့ ဇာတိမဖြစ်ရင်တော့ ဖြင့် အထူးပြောစရာမလိုတော့ဘူး၊ "ဇရာ မရဏာ သောက ပရိဒေဝ ဒုက္ခ ဒေါ မနဿုပါယာသာ နိရုဇ္ဈန္တိ" အားလုံးငြိမ်းကုန်ပြီနော်။

ဒီတော့ ဇာတိဆိုဒါ အဖြစ်ပေါ့၊ အဖြစ်ငြိမ်းဘို့ချည်းပြနေတယ်၊ ခုနက အကျိုးပေးလို့ရဒါက ဇာတိနဲ့ရလာဒါကိုး၊ ဇာတိမရှိဘဲနဲ့ ဘယ်ဘောမှ အကျိုးပေးလို့မရဘူး၊ ရပါ့မလား....(မရပါဘုရား)။

## ဖြစ်သမျှ ဒုက္ခချည်းသာ

အဲဒါလေးတွေ ရှင်းအောင်မှတ်ထားနော်၊ ကုသိုလ်တွေက အကျိုး ပေးရင်, အကုသိုလ်တွေကအကျိုးပေးရင် ဇာတိရှိရမယ်၊ ဇာတိရှိရင်ဘယ် ကုသိုလ်ကဘဲ အကျိုးပေးပေး ဒုက္ခက စပေးတော့ဒါပါဘဲ၊ ဒါကြောင့် "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ"။ ။ဘိက္ခဝေ၊ရဟန်းတော်များအိုချစ်သား တို့။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ရအံ့မယ်ဆိုရင်ဖြင့်။ ဒုက္ခမေဝ၊ ဆင်းရဲခြင်းသည်သာ လျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာတတ်၏။- လို့ဟောတော်မူပါတယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ-ကုသိုလ်တွေ ကြောင့် ဘာတွေများဖြစ်ချင်သေးသလဲ၊ ဖြစ်ချင်လို့ဖြစ်ရမယ် ဆိုရင်တော့ သုခတော့မဖြစ်ဘူးတဲ့၊ ဆင်းရဲအစုချည်းသာ ဖြစ်ရမယ်လို့ ဘုရားက ဒီလို ဟောပါတယ်၊ ဘာကုသိုလ်ကိုလုပ်လုပ် ဘာဖြစ်ချင်သေးသလဲ၊ ဖြစ်ချင်ရင် တော့ဖြင့် အဲဒီဒုက္ခဘဲဖြစ်မှာဘဲ၊ သုခတော့ မဖြစ်ဘူး၊ လက်တွေ့ဘဲ၊ ဒါ အမှန်ပါ။

ကိုင်း-ဆက်ကြဦးစို့။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဝိညာဏံ၊ ပဋိသန္ဓေကမ္မဝိညာဏ်သည်။ တိဋ္ဌမာနံ၊ တည်မယ်ဆိုရင်ဖြင့်။ ရူပုပယံ ဝါ၊ ရုပ်ကိုကပ်၍မူလည်း။ တိဋ္ဌေယျ၊ တည်ရာ၏။ ရူပါရမ္မဏံ၊ ရုပ် လျှင် အာရုံရှိသော။ ရူပပ္ပတိဋ္ဌံ၊ ရုပ်လျှင်တည်ရာရှိသော။ (ဝိညာဏံ၊ ဝိညာဏ်သည်။) နန္ဒူပသေစနံ၊ စွဲလမ်းခြင်း နှစ်သက်ခြင်း တည်းဟူသော တဏှာရေဖြင့် သွန်းလောင်းအပ်သည်ဖြစ်၍။ ဝုဍ္ဍိံ၊

ကြီးပွားခြင်းသို့။ ဝိရုဠှိံ၊စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပွားခြင်းသို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။

အခု-ဒကာကြီးတွေ ကြီးပွားစေချင်သေးရဲ့လား၊ ဒကာကြီး ဦးမြင့် ဒကာကြီးဦးဘိုးညွှဏ်, ဒကာကြီး ဦးဘရင် စသည်ဖြင့် အဲဒီလို ပဋိသန္ဓေ ကမ္မဝိညာဏ်က လူပင်ကြီးတပင် ပေါက်လိုက်တဲ့ အခါကျတော့ စွဲလမ်းခြင်း နှစ်သက်ခြင်း နန္ဒီရာဂတဏှာတည်းဟူသော ရေနဲ့သွန်းလောင်း ပေးလိုက်တော့ ခု-ဘယ်လောက်ကြီးပွားနေသလဲ၊ သားတွေ, သမီးတွေ,မြေးတွေ, မြစ်တွေ, ဆွေတွေမျိုးတွေ, တိုင်းသူပြည်သားတွေ, မြို့သူမြို့သားတွေ ရွာသူရွာသားတွေ–စသည်ဖြင့် ဘယ်လောက်ကြီးပွားနေသလဲ၊ အဲဒါတွေ ဖြစ်နေသရွေ့ ဒုက္ခလား–သုခလား....(ဒုက္ခပါဘုရား)။

မြင်အောင်ကြည့်ပါ၊ ပါးစပ်ဖျားမှာဘဲ ဒီ-ဒုက္ခဟာဆုံးမနေပါစေနဲ့၊ ဒီ-ဒုက္ခကို မြင်အောင်ကြည့်ပါ၊ ဇာတိဒုက္ခရဲ့လက်ချက်ဟာ ဘယ်လောက် များ ပြင်းထန်သလဲဆိုဒါ ယနေ့ခံနေရပြီနော်၊"နန္ဒူပသေစနံ"စွဲလမ်းခြင်း နှစ်သက်ခြင်းတည်းဟူသော တဏှာရေဖြင့် သွန်းလောင်းအပ်သည် ဖြစ်၍ ကြီးပွားနေကြတယ်၊ လူ့ဘဝကို နှစ်သက်တယ်နော်၊ ဘယ်လောက်နှစ်သက် တယ်, ဘဝတဏှာကြီးဖြင့် ဘယ်လောက် စွဲလမ်းတယ်ဆိုရင် ဘယ်လိုကျိုးကမ်းပဲ့ ရှဲ့ပြီးတော့ လူစင်မမှီအောင်ဖြစ်နေတဲ့ လူပင်ဖြစ်စေကာမူမင်းဘဝကို စွန့်လိုက်ပါတော့ကွာ၊ နောင်ဘဝကျရင် မင်းဒါထက်ကောင်းတဲ့ နတ်သားကလေးဖြစ်မယ်ဆိုရင် စွန့်နိုင်ပါ့မလား....(မစွန့်နိုင်ပါဘုရား)။

ဘယ်လောက်များ စွဲလမ်းတဲ့သဘောလဲ၊ ဟင်– ဒါလောက် စွဲလမ်းခြင်း, နှစ်သက်ခြင်းတည်းသောဟူ တဏှာရေနဲ့ ဒီအမြစ်ဟာ ဘယ်လောက် သွန်းလောင်းထားလို့ ဘယ်လောက်ခိုင်နေသလဲ၊ အဲဒီအမြစ်ကိုပြတ်အောင် ဖြတ်ရမယ်။

ဝေဒနာ,သညာ,သင်္ခါရတို့၌ကပ်၍ ကမ္မဝိညာဏ်တည်

"ဝေဒနုပယံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ၊ ဝေဒနာရမ္မဏံ ဝေဒနာပ္ပတိဋ္ဌံ နန္ဒူပသေစနံ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျ"။

သညူပယံ၀ါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ၊ သညာရမ္မဏံ သညာပ္ပတိဋ္ဌံ နန္ဒူပသေစနံ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျ။

သင်္ခါရုပယံ၀ါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ၊ သင်္ခါရာရမ္မဏံ သင်္ခါရပ္ပတိဋ္ဌံ နန္ဒူပသေစနံ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျ"။

ရုပ်ကို ကပ်ရောက်၍ ဝိညာဏ်တည်တယ်၊ ဝေဒနာကို ကပ်ရောက်၍ သညာကိုကပ်ရောက်၍ သင်္ခါရကို ကပ်ရောက်၍ ဝိညာဏ်ကလေးဟာတည် ရတယ်၊ ဒါ-ဝိညာဏ်ရဲ့ တည်ရာ ၄-မျိုးပေါ့နော်၊ အဲဒီ-ဝိညာဏ်ရဲ့တည်ရာ ၄-မျိုးကို အမှီပြုပြီးတော့ နန္ဒူပသေစန-စွဲလမ်းခြင်း နှစ်သက်ခြင်းတည်း ဟူသော တဏှာရေနဲ့ သွန်းလောင်းပေးလိုက်တဲ့ အခါကျတော့ လူ့ဘဝမှာ လူ့အပင်တွေ ပေါက်လာတယ်၊ နတ်ဘဝမှာ နတ်အပင်တွေ ပေါက် လာတယ်၊ ဗြဟ္မာ့ဘဝမှာ ဗြဟ္မာအပင်တွေ ပေါက်လာတယ်၊ သတ္တဝါအပင် တွေပေါက်၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံ ပင်တွေ ပေါက်ပြီးသကာလ ထိုသတ္တဝါတွေရဲ့ ကြီးပွားနေပုံကိုကြည့်ကြ။

## ရုပ်မှန်း ဝေဒနာမှန်း မသိကြ

ယနေ့ ကမ္ဘာလောကကြီးတခုလုံး ကြီးပွားတိုးတက်ပြီးနေဒါတွေမှန်သ မျှ တဏှာတည်းဟူသော ရေနဲ့ သွန်းလောင်းလို့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရပေါ်မှာ မှီပြီးတော့ ကြီးပွားနေကြဒါတွေ, စည်ပင်နေကြဒါတွေ, တိုးတက်နေကြဒါတွေ, အဏုမြူကပြီးတော့နော် တကမ္ဘာလုံးကြီးပွားနေ ကြဒါတွေကို ကြည့်မယ်ဆိုရင် အဲဒီတဏှာရေဖြင့်သွန်းလောင်းပြီးတော့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ တည်းဟူသော အမှီပြုရတဲ့ မြေပေါ်မှာစွဲပြီးတော့ ရုပ်ကို စွဲလမ်းနှစ်သက်နေတယ်၊ ဝေဒနာကိုစွဲလမ်းနှစ်သက်နေတယ်၊ သညာ ကိုစွဲလမ်းနှစ်သက်နေတယ်၊ သင်္ခါရတရားကို စွဲလမ်းနှစ်သက်နေတယ်၊ ဘာ ဖြစ်လို့ စွဲလမ်းနှစ်သက်နေသလဲ-ရုပ်ကို ရုပ်မှန်းမသိလို့၊ ဝေဒနာကိုလဲ ဝေဒ နာမှန်းမသိလို့၊ တချို့က ရုပ်ကိုဝေဒနာလို့တခါလုပ်နေကြပြန်တယ်။

ဥပမာ-ဘုန်းကြီးက တနားပြတော့ လူတယောက် တရားထိုင်တယ်၊ တရားထိုင်လိုက်တဲ့အခါ ဘယ်လိုဖြစ်သလဲ၊ တရားထိုင်တယ်ဆိုရင် တရားနှလုံးသွင်းလို့ အာနာပါန အာရုံယူပြီးတော့ တရားထိုင်လိုက်ရင် စိတ်ကို ဘယ်မှာထားသလဲ- "ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" ကမ္မဋ္ဌာန်းအာရုံမှာ သာ သတိကို ရှေးရှုထားရမယ်လို့ ဒီလိုပါပါတယ်၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒီလို-"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ"လို့ ဆိုတော့ ကမ္မဋ္ဌာန်း အာရုံကို ရှေးရှုပြီး ကမ္မဋ္ဌာန်းထိုင်လိုက်တဲ့ အခါမှာဖြစ်စေ, လျှောင်းတဲ့အခါ မှာဖြစ်စေ, သွားတဲ့အခါမှာဖြစ်စေ, ဘယ်လိုဖြစ်သလဲ၊ ထိုင်နေတယ်ဆိုရင် ထိုင်နေတဲ့ ဣရိယာပုထ်မှာ (အလုပ်စခန်းမှာ သေသေချာချာလေး နားရှင်းပါးရှင်း ဒီနေရာမှာမှတ်ပါ)၊ ထိုင်လိုက်တယ်ဆိုရင် ပဌမဆုံး ဘယ်လို ဖြစ်သလဲ၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ဟာ ပူလာတယ် ထိုင်ကြည့်ပါ၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ဟာ ပူလာတယ်ဆိုတာ တေဇောလား, ဝါယောလားလို့ဆိုတော့ တေဇောပါ၊ ဘာတေဇောလဲလို့ ဆိုတော့ ဥဏှ-တေဇော၊ ဥဏှတေဇောရဲ့ မိဿကကဘယ်ဟာလဲ ဝါယောဓာတ်ဖြစ်တယ်။

တေဇောဓာတ် အတက်အကျ

အဲဒီ-အပူများလာလေ ဝါယောဓာတ်ကပါလေလေဖြစ်တော့ ဘယ်လိုဖြစ်သလဲ၊ ဒီအပူဟာ တဖြေးဖြေး တဖြေးဖြေးအပေါ်ကို ဖျင်းဖျင်း ဖျင်းဖျင်းနဲ့ ဒီအပူဟာ ရှိန်ရှိန်- ရှိန်ရှိန်နဲ့ တခါထဲတက်လာတယ်၊ ဥဏှတေဇောဓာတ်ရဲ့ လက္ခဏာဟာ ဘယ်အခါမဆို အပေါ်ကိုတက်တဲ့ လက္ခဏာရှိတယ်၊ ဘယ်တော့မှ အောက်ကိုပြန်တဲ့ လက္ခဏာမရှိဘူး၊ သက်သေထင်ရှားအောင် ပြရမယ်ဆိုရင် ဒကာကြီးများ ဒကာမကြီးများ အိမ်မှာရှိတဲ့ ပြဒါးချိန်, ပြဒါးကိုတိုင်းကြည့်ပါ၊ ဘယ်အခါမှ အပူဒီဂရီဟာ အောက်ကိုကျတယ်လို့ မရှိဘူး၊ အထက်ကိုသာတက်တယ်၊ အပူနဲနေရင် အောက်ကို ကျတယ်၊ အပူများသာရင် အထက်ကိုတက်တယ်။

အဲဒီ-ပြဒါးတိုင်လိုဘဲ ကြာကြာထိုင်ဖန်များလို့ ပူလာတဲ့အခါအောက် တင်ပါးနဲ့ ပေါင်ဟာ တခါထဲပူလာတယ်၊ ပူလာပြီး အဲဒီ-အပူဟာ ဖျင်း ဖျင်းဖျင်းဖျင်းနဲ့ ရင်ထဲ, ခေါင်းထဲမှာ ရှိန်ရှိန်-ရှိန်ရှိန်နဲ့ အဲဒီ-အပူတွေဟာ

ဝါယောဓာတ်က မှုတ်ပေးတော့ အပေါ်ကိုတက်လာပါတယ်၊ အဲဒီလို အပူတွေတက်ပြီးတော့လာတဲ့အခါ အောက်ပိုင်းက ဘယ်လိုဖြစ်သလဲ၊ အောက်ပိုင်းက ကျင်လာတယ်, ထုန်လာတယ်၊ အဲဒီလိုကျင်လာတဲ့, ထုန်လာတဲ့နေရာကိုစမ်းကြည့်မယ်ဆိုရင် ဘယ်လိုနေမလဲ၊ လေးဘေးဘေးနဲ့ အေးတေးဟေးတော့နေမှာဘဲ၊ အဲဒါက သီတတေဇောနဲ့ အာပေါဓာတ်ဖြစ်တယ်။

ရှေးဦးစွာ ဒီ-ကျင်တဲ့နေရာကို ကိုင်ကြည့်ရင် အေးပြီးတော့နေလိမ့်မယ် သီတတေဇော၊ ဒီ-ဓာတ်ကို မိအောင်ယူပါ၊ ဒါ-ဝိပဿနာအလုပ်ပခန်းနော်၊ အဲဒီ-သီတတေဇောဓာတ်နဲ့ မိသားကဘယ်သူလဲ၊ အာပေါဓာတ်-အေးတယ်၊ သီတတေဇောဓာတ်ကထုန်တယ်, လေးတယ်, အဲဒီလိုဖြစ်တယ်၊ ဘာဖြစ်လို့ သီတတေဇောဓာတ်တွေ အောက်ကျနေသလဲ၊ ခုနကပြောခဲ့တဲ့ ဥဏှတေဇောနဲ့ ဝါယောက အပေါ် တက်သွားပြီး သီတတေဇောက အောက်ပြန်ကျသာပြီကိုး၊ အဲ-ထုန်လာတယ်, ကျင်လာတယ်၊ အဲဒီ-နေရာကိုစမ်းကြည့်ရင် အေးနေတယ်။

အဲဒီ—အပြောင်းအလဲလေးကို ကြည့်လိုက် "အယံ ရူပဿ ဝိပရိဏာမ-ဓမ္မာ"- ဒါ-ရုပ်တရားတို့ရဲ့ ဝိပရိဏာမအချက်၊ အဲဒီအချက်ကို တချို့က မကောက်တတ်တော့ ဒီနေရာမှာ ခေါင်းကိုက်လာတယ်၊ ရင်ထဲကတောင့်လာပြီး ဖျင်းဖျင်း-ဖျင်းဖျင်းနဲ့ ပူလာတဲ့-အဲဒီ အပူဓာတ်ကို ဝေဒနာလို့ယူလိုက်တော့ အယူကတမျိုးဖြစ်သွားတယ်၊ ဘယ်လိုလဲ ပူတာဟာ ဝေဒနာလား၊ ပူတာဟာ ဝေဒနာမဟုတ်ပါ၊ ပူတာဟာ ဥဏှတေဇောဓာတ်ပါ၊ ဝေဒနာက နာမ်တရား၊ မိမိရဲ့စိတ်မှာ ခံသာမှု မခံသာမှုဖြစ်ပေါ်တတ်တယ်၊ အဲဒါ ဝေဒနာဘဲလို့မှတ်။ အဲဒီဝေဒနာကြောင့် တဏှာရေကြောင်းမဖြစ်ဘို့ ခံသာမှု မခံသာမှု ဆင်းရဲချမ်းသာပေါ်လာရင် ဝိပဿနာရှုမှတ်ရမယ်။

တဏှာရေကြောင်း ကမ္မဝိညာဏ်အပင်ပေါက်

ဝေဒနာဟာ "အာရမ္မဏာနုဘဝနလက္ခဏာ"-အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ၊ ပူဒါနဲ့ဝေဒနာနဲ့ မဆိုင်ပါ၊ ခွဲမှတ်၊ ဝိပဿနာအဆာမှာ အရေးကြီးတယ်နော်၊ အဲဒီတော့ ပူနေဒါကို ဝေဒနာတွေတက်လာပြီဆိုရင် ပူနေဒါက တေဇောဓာတ် ရုပ်တရားဘဲ၊ ဝေဒနာမဟုတ်ဘူး၊ အဲဒီ

နေရာမှာ အမည်တပ်မှားသွားပြီ၊ ဒီနေရာမှာလွဲသွားပြီ၊ ဒီနေရာကလွဲရင် ဖြင့် ရှေ့ကို အကုန်လွဲတော့မှာဘဲနော်၊ အမည်တပ်မှန်ပါစေ။

"ရူပုပယံ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ"–အဲဒီ– ရုပ်ပေါ်မှာ ကပ်ရောက်နေတဲ့ ဝိညာဏ်ကလေးကိုကြည့်၊ ရုပ်လျှင် အာရုံရှိတဲ့ဝိညာဏ် နေပါစေ သူ့ဟာသူ၊ တဏှာ တည်းဟူသော ရေနှင့် သွန်းလောင်းရင်ဖြင့် ဒီ-ရုပ်ပေါ်မှာ ကပ်ရောက်နေတဲ့ ဝေဒနာပေါ်မှာ ကပ်ရောက်နေတဲ့ဝိညာဏ် ဟာ အပင်ပေါက်မယ်၊ ရုပ်ပေါ်, ဝေဒနာပေါ်မှာ ကပ်ရောက်နေတဲ့, ကျ ရောက်နေတဲ့ ဝိညာဏ်ကို တဏှာတည်းဟူသော ရေလောင်းမပေးရင်အပင် ပေါက်နိုင်ပါ့မလား....(မပေါက်နိုင်ပါဘုရား)။

အဲဒီလို အပင်မပေါက်နိုင်အောင်လို့ ဘုရားက....

"ယော ဘိက္ခု ဧဝံ ဝဒေယျ အဟမညတြ ရူပါ အညတြဝေဒနာယ အညတြ သညာယ အညတြ သင်္ခါရေဟိ ဝိညာဏဿ အာဂတိံ ဝါ ဂတိံ ဝါ စုတိံ ဝါ ဥပပတ္တိံ ဝါ ဝုဒ္ဓိံ ဝါ ဝိရုဠှိံ ဝါ ဝေပုလ္လံ ဝါ ပညာပေဿာမီတိ နေတံ- ဌာနံ ဝိဇ္ဇတိ"။

ချစ်သားတို့....အကြင် လူတယောက်ဟာ– ငါသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရကို ဖယ်ထားပြီးတော့ ပဋိသန္ဓေကမ္မဝိညာဏ်ဆိုတဲ့သဘော တရားလေးရဲ့ တည်နေခြင်းကိုရင်း, ဖြစ်ပွားခြင်းကိုရင်း, ပျက်ခြင်းကိုရင်း, ကြီးပွားခြင်းကိုရင်း, စည်ပင်ခြင်းကိုရင်း, ပြန့်ပွားခြင်းကိုရင်း ပညတ်မယ် ဆိုရင် ဒီစကားဟာ စကားမျှသာဖြစ်တယ်၊ ဒီအကြောင်းဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးတဲ့၊ ဘုရားက ဒီလိုဟောပါတယ်။

ဒါဖြင့် ကောင်းပြီ၊ ဒီ–ရုပ်, ဝေဒနာ,သညာ,သင်္ခါရပေါ်ကို ဒီ-ဝိညာဏ် ကပ်ရောက်တဲ့အခါမှာ နန္ဒူပသေစန- တဏှာရေဖြင့် မသွန်းလောင်းနိုင် အောင် ဘယ်လိုလုပ်ရမလဲ၊ ဘုရားက ဘယ်လိုဆက်ပြီး ဟောပါသလဲ။

"ရူပဓာတုယာ စေ ဘိက္ခဝေ ဘိက္ခုနော ရာဂေါ ပဟီနော ဟောတိ၊ဝေဒနာဓာတုယာစေ ဘိက္ခဝေ၊သညာ

ဓာတုယာဝေ ဘိက္ခဝေ၊ သင်္ခါရ ဓာတုယာ စေ ဘိက္ခဝေ၊ ဝိညာဏ ဓာတုယာ စေ ဘိက္ခဝေ ဘိက္ခုနော ရာဂေါ ပဟီနော ဟောတိ''။

ချစ်သားတို့....ရုပ်ပေါ်မှာ စွဲနေတဲ့ရာဂကို ပယ်နိုင်ရင်, ဝေဒနာပေါ် မှာစွဲနေတဲ့ ရာဂကို ပယ်နိုင်ရင်, သညာပေါ်မှာစွဲနေတဲ့ရာဂကို ပယ်နိုင်ရင်, သင်္ခါရ တရားပေါ်မှာ စွဲနေတဲ့ရာဂကို ပယ်နိုင်ရင်၊ ဆိုလိုတဲ့အဓိပ္ပါယ်က ရုပ်ကို တဏှာရေနဲ့ မသွန်းလောင်းရင်, ဝေဒနာ, သညာ, သင်္ခါရကို တဏှာ တည်းဟူသောရေနဲ့ မသွန်းလောင်းရင် ဒီ-ဝိညာဏ်တည်းဟူသော မျိုးစေ့ ဟာ အပင်မပေါက်နိုင်ဘူးလို့ ဒီလိုဆိုဒါပါဘဲ။

ဘိက္ခဝေ၊ ရဟန်းတော်များအိုချစ်သားတို့။ ဘိက္ခုနော၊ ရဟန်း သည်။ ရူပဓာတုယာ၊ ရုပ်ဓာတ်၌။ ရာဂေါ၊ ရာဂကို။ ပဟီနော၊ ပယ်နိုင်သည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ရုပ်ပေါ်စွဲလမ်း နေတဲ့ ရာဂကိုပယ်နိုင်ရင် "ဝေဒနာဓာတုယာ စေ ဘိက္ခဝေ ရာဂေါ ပဟီနော ဟောတိ"=ဝေဒနာပေါ်မှာစွဲနေတဲ့ရာဂကို ပယ်နိုင်ရင်။

"သညာ ဓာတုယာ စေ ဘိက္ခဝေ ရာဂေါ ပဟီနော ဟောတိ"= သညာပေါ်မှာ စွဲလမ်းပြီးနေတဲ့ ရာဂကိုပယ်နိုင်ရင်"=

"သင်္ခါရဓာတုယာ စေ ဘိက္ခဝေ ရာဂေါ ပဟီနော ဟောတိ"= သင်္ခါရတရားပေါ်မှာ စွဲလမ်းပြီးနေတဲ့ရာဂကို ပယ်နိုင်ရင်။

"ပတိဋ္ဌာ ဝိညာဏဿ နဟောတိ။ ။ဝိညာဏဿ၊ ပဋိသန္ဓေ ဝိညာဏ်၏။ ပတိဋ္ဌာ၊ တည်ရာသည်။ နဟောတိ၊ မဖြစ်နိုင်။

ဘယ်လောက်ရှင်းသလဲ၊ ရုပ်ပေါ်, ဝေဒနာပေါ်, သညာပေါ်, သင်္ခါ ပေါ်မှာ စွဲလမ်းနေတဲ့ ရာဂဖြင့် နှစ်သက်ခြင်း စွဲလမ်းခြင်းကို ပယ်နိုင်ရင် ဒကာ, ဒကာမတွေလုပ်တဲ့ ကုသိုလ်ကမ္မဝိညာဏ်, အကုသိုလ် ကမ္မဝိညာဏ် တရားတွေ ပဋိသန္ဓေမျိုးစေ့ မတည်နိုင်တော့ဘူးတဲ့၊ ဘုရားက ရှင်းရှင်း လေးဟောဒါ၊ ဒကာကြီးဦးမြင့် ရှင်းရဲ့လား....(ရှင်းပါဘယ်ဘုရား)၊ ဒကာ ကြီး ဦးဘိုးညဏ်ဒကာ ရှင်းရဲ့လား....(ရှင်းပါဘယ်ဘုရား)။

## တဏှာရာဂပယ်နိုင်လျှင် ကမ္မဝိညာဏ် အပင်မပေါက်

ရုပ်ပေါ်မှာစွဲနေတဲ့ ရာဂ, ဝေဒနာပေါ်မှာစွဲနေတဲ့ရာဂ, သညာသင်္ခါရ ပေါ်မှာစွဲနေတဲ့ရာဂကိုပယ်နိုင်ရင် မိမိတို့ ပြုပြုသမျှ ကမ္မဝိညာဏ်များဟာ လူ, နတ်, ဗြဟ္မာစတဲ့အပင်တွေ မပေါက်နိုင်တော့ဘူးတဲ့၊ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ ရုပ်စွဲဆိုဒါ ရှိသလား....(ရှိပါတယ် ဘုရား)။

ဘယ်လိုစွဲသလဲ၊ "ဧတံ မမ"။ ။ဧတံ၊ဤရုပ်သည်။ မမ၊ငါ၏။သန္တကံ၊ ဥစ္စာပါပေတည်း။ ငါ့ရုပ်လို့စွဲတယ်။ "ဧသော ဟမသ္မိ"—ဒီရုပ်ဟာ ငါတဲ့ လို့စွဲတယ်၊ "ဧသော မေ အတ္တာ"—ဤရုပ်ဟာ ငါ၏ အနှစ်သာရလို့ စွဲတယ်၊ အတ္တစွဲ၊ ဘယ်သူ့ကိုဖြုတ်ရမလဲ၊ ဘယ်အစွဲကိုဖြုတ်ရမလဲ၊ ဘယ် သူက အရင်စဖြုတ်မလဲ၊ "ဧသော မေ အတ္တာ"—အတ္တစွဲက အရင်စပြီး ဖော့ဖြုတ်ရမယ်၊ အဲဒီလိုအတ္တစွဲက အရင်စဖြုတ်လိုတဲ့အတွက် ဘုရားက ဘာပြောလဲ။

> "ရူပဓာတုယာ စေ ဘိက္ခဝေ ရာဂေါ ပဟီနော ဟော- တိ၊ ရာဂဿ ပဟာနာ ဝေါစ္ဆိဇ္ဇတာရမ္မဏံ ပတိဋ္ဌာ ဝိညာဏဿ န ဟောတိ"။

ချစ်သားတို့....ယောဂီပုဂ္ဂိုလ်ဟာ ရုပ်ဓာတ်ပေါ်မှာစွဲနေတဲ့ ရာဂကိုပယ် နိုင်ရင် စွန့်နိုင်ရင် ထိုပယ်နိုင် စွန့်နိုင်သော ယောဂီပုဂ္ဂိုလ်ရဲ့ ကုသိုလ်ကမ္မ ဝိညာဏ်, အကုသိုလ် ကမ္မဝိညာဏ်တွေသည် တည်ရာမရှိတော့ဘူးတဲ့၊ မြေကြီး တည်းဟူသော တည်ရာမရှိတော့ဘူး၊ မရှိရင်စွဲလမ်းခြင်း နှစ်သက်ခြင်း ရာဂ ကို ပယ်လိုက်ဘယ်ဆိုရင်ဘဲ နန္ဒူပသေစန-ဆိုတဲ့ တဏှာ ရေနဲ့သွန်းလောင်း ခြင်းဟာလဲ မရှိတော့ဘူး၊ ဒီတော့ဒီ-ကုသိုလ်ကမ္မဝိညာဏ်မျိုးစေ့ဟာ အပင် ပေါက်အုံးမလား....(မပေါက်ပါဘုရား)။

လူပင်ပေါက်လို့ရအုံးမလား....(မရပါဘုရား)။

နတ်ပင် ဗြဟ္မာပင်ဆိုတဲ့ သတ္တဝါအပင်တွေ, အကုသိုလ် ကမ္မဝိညာဏ် တွေကလဲဘဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်လေးဘုံ အပင်တွေပေါက်လို့ရအုံးမလား....(မရပါဘုရား)။

မပေါက်ရင် ကြီးပွားအုံးမလား....(မကြီးပွားပါဘုရား)။
စည်ပင်ပြန့်ပွားအုံးမလား (မစည်ပင် မပြန့်ပွားတော့ပါဘုရား)။
ငြိမ်းမသွားဘူးလား.... (ငြိမ်းသွားပါတယ်ဘုရား)။ ဒါ-နိဂုံးစကားစွာနော်။

အပင်မပေါက်နိုင်ရခြင်း အကြောင်းကို မြတ်စွာဘုရားပြတဲ့ ဥပမာဘယ်လောက်ရှင်းသလဲ၊ ဒါ-ပဋ္ဌိဖော်သက်သက်ပါ၊ ဒါဖြင့်ရင် ရုပ်ပေါ်မှာ စွဲနေတဲ့ရာဂကို ပယ်နိုင်အောင် ဘာလုပ်ရမလဲ၊ အဲဒီ-ရုပ်မှာ ဘာရှိသလဲ၊ ဒီဝေဒနာမှာ ဘာရှိသလဲ၊ ဒီ-သညာမှာ ဘာရှိသလဲ၊ ဒီ-သင်္ခါရအမှုံးတွေမှာ ဘာတွေရှိသလဲလို့ မြင်အောင်ကြည့်၊ ကြည့်တော့ ဖောက်ပြန်ပျက်စီးနေတာကိုတွေ့ရတယ်၊ သူ့သဘောလက္ခဏာတွေကိုလဲ တွေ့ရမယ်၊ အဲဒီလို အာရုံပေါ်မှာ အမြင်မှန်ရမယ်နော်၊ ကြည့်တဲ့ရုပ် အာရုံစသည်ကို တဏှာ, ဒိဋ္ဌိ, မာနနှင့်ကြည့်လျှင် အမြင်မှန်အုံးမလား....(မမှန်ပါဘုရား)။

အမြင်မမှန်ရင် ကမ္ဘဋ္ဌာန်းသမ်းလွဲသွားပြီလို့ ဒီလိုမှတ်ရမယ်၊ ဒါ ပါဠိတော်မှာလာတဲ့ နည်းနော်...(မှန်ပါဘုရား)။

## ဉာဏ်တွေ့ ခဏိက သမာဓိ

ပူတယ်, ပူတယ်, ပူတယ်,-ခါးထဲကပူတယ်၊ ခါးထဲက ပူမှုကိုသိတာက ဉာဏ်တွေ့, ဉာဏ်သိ၊ အဲဒီ ဉာဏ်တွေ့ဉာဏ်သိက ဝိပဿနာဇောခုနစ်ကြိမ်နှင့် ဖြစ်လိုက်ပျက်လိုက် တပ်ခါထပ်ခါဖြစ်ရသောကြောင့် ခဏိက, ခဏိကဉာဏ်တွေ့ ဉာဏ်သိဇောနှင့် ယှဉ်ဘပ်နေတဒါကသမာဓိ၊ ဉာဏ်တွေ့, ခဏိက,သမာဓိ ဒီသုံးချက်ရှင်းပလား....(ရှင်းပါပြီဘုရား)၊ ဝိပဿနာအလုပ်မှာနော်။

ဉာဏ်တွေ့,ခဏိက,သမာဓိ-ဘယ်နှစ်ချက်လဲ....(သုံးချက်ပါဘုရား)၊
ဒကာကြီးတွေ, ဒကာမကြီးတွေ ရှင်းပလား....(ရှင်းပါပြီဘုရား)။
သဘောကျပလား ...(ကျပါပြီဘုရား)၊
မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

ဝိပဿနာအလုပ်ကို လုပ်တယ်ဆိုဒါ ဉာဏ်တွေ့, ခဏိက,သမာဓိဆိုဒါ ပါရတယ်၊ ဥပမာ- တွန်းကန်တဲ့ ပရမတ်အာရုံတွေချင် အဲဒီတွန်းကန်တဲ့ ပရမတ်အာရုံကလေးက ဉာဏ်တွေ့၊ တွန်းကန်တဲ့ ပရမတ်အာရုံကလေးကို

သိနေဒါက ချာန်ဇော, ဖိုလ်ဇောများလို အကြာကြီးသိနေဒါ မဟုတ်ဘူး၊ ဝိပဿနာဇောဆိုဒါက ခုနစ်ကြိမ်သာဖြစ်တော့ သိတာက မကြာရှောဲ ခဏခဏ ထပ်ခါထပ်ခါ သိနေရလို့ ခဏိက၊ အဲဒီ ခဏိကညာဏ်တွေ့ညာဏ်သိ လေကို တွန်းကန်တဲ့ ပရမတ်အာရုံပေါ်မှ ရွှေ့ရှားမသွားဘဲ တည်ငြိမ်နေ အောင်ပြုပေးနေဒါက သမာဓိ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒကာကြီးဦးမြင့် ရှင်းပလား....(ရှင်းပါပြီဘုရား)။

ညာဏ်တွေ့,ခဏိက သမာဓိရပလား.... (ရပါပြီဘုရား)။

အဲဒီ ခဏိကညာဏ်တွေ့ ညာဏ်သိနဲ့ ယှဉ်တဲ့ သမာဓိကိုဘဲ ခဏိကသမာဓိ လို့ခေါ်တယ်၊ အဲဒီ ခဏိကသမာဓိကိုမရဘဲနဲ့တော့ဖြင့် ဝိပဿနာကိုလုပ်လို့ မဖြစ်ဘူး၊ ကိုင်း–ဒါဖြင့် သွားမယ်၊ ဝိပဿနာရဲ့ ခဏိကသမာဓိ, ခဏိက သမာဓိနဲ့ ဝိပဿနာဟာဒွန်တွဲပြီးတော့ တက်သွားရမယ်၊ ရှေ့နောက်မနေရ ဘူးနော်၊ ရှေ့နောက်နေရမလား၊ ဒွန်တွဲနေရမလား....(ဒွန်တွဲနေရပါမယ် ဘုရား)။ ဒွန်တွဲနေရမယ်၊ ရှေ့နောက်မနေရဘူး၊ သေသေချာချာ မှတ် ထားပါ။

ထို့ဥပစာရ သမာဓိ,အပ္ပနာသမာဓိ, ပရိကမ္မဘာဝနာဆိုတဲ့ သမထလမ်း ကတော့ဖြင့်သမာဓိနဲ့ပညာဟာ ရှေ့နောက်နေရမယ်၊ အခုပြနေတဲ့ဝိပဿနာ လမ်းကတော့ဖြင့် ခဏိကသမာဓိနဲ့ ပညာဟာ တခါထဲဒွန်တွဲနေရမယ်၊ ယှဉ်နေရမယ်၊ယှဉ်တွဲပြီးတော့ နေရမယ်၊ ဟုတ်ကဲ့လား.... (တင်ပါ့ဘုရား)။

ခန္ဓာကိုယ်ထဲက တနေရာရာမှာသွားပြီး ပူတယ်ဆိုတဲ့ သဘောပေါ်လာ ပြီဆိုကြပါစို့၊ အဲဒီပူပူကလေးပေါ်လာတဲ့ နေရာမှာ ပူပူကလေးပေါ် လာဒါကိုသိဒါက ညာဏ်တွေ့၊ သူ့ကို ကိုယ်တွေလို့မခေါ်ရဘူး၊ မျက်လုံး, နား, နှာခေါင်း, လျှာနဲ့တွေ့ဒါလဲမဟုတ်ဘူး၊ ကာယပသာဒရုပ်ပေါ်မှာ ညာဏ်တွေ့နဲ့တွေ့နေဒါ ဆိုသောကြောင့် ညာဏ်တွေ့သာခေါ်ရမယ်၊ ဒီနေရာမှာ ရှင်းပလား....(ရှင်းပါတယ်ဘုရား)။

ကာယဝိညာဏ် ကိုယ်တွေ့သည် နိဗ္ဗာန်ကို အာရုံမပြုနိုင်၊ မနောဝိညာဏ် ညာဏ်တွေ့သာ နိဗ္ဗာန်ကိုအာရုံပြုနိုင်တယ်၊ ဒါကလေးကို မှတ်ထားပါ၊ အဲဒီ ညာဏ်တွေ့ကလေးဟာ ဘယ်နေရာကပေါ်သလဲ၊ ရင်ထဲကပေါ်တယ်,ခါးထဲ

ကပေါ်တယ်, ခေါင်းထဲကပေါ်တယ်, ဝိပဿနာအာရုံဖြစ်ရတိုင်းမှာပေါ် နိုင်တယ်၊ တိုးမှုတွန်းမှုသဘောကလေးက ပေါ်လာတဲ့အခါ ဒါကို မနေနာ ဝိညာဏ်ဖြင့်တွေ့နေတဲ့အတွက် ဉာဏ်တွေ၊ အဲဒီအပေါ်ကို စိတ်ရောက်သွား ပြီး တည်နေတဲ့သမာဓိ၊ ခဏိက, သမာဓိ,ဉာဏ်တွေ ၃-ချက်စီ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒီ ဉာဏ်တွေ, ခဏိက သမာဓိကို ဘယ်သူလုပ်လုပ် မရဘူးလား.... (ရပါတယ်ဘုရား)။

ဒီ-သမာဓိကို ပွားရင်မရဘူးဆိုတဲ့လူ ရှိနိုင်ပါ့မလား....(မရှိနိုင်ပါဘုရား) မရှိနိုင်ဘူးနော်။

နို့ဘာလို့မရဒါလဲလို့ဆိုတော့ မလုပ်လို့မရဒါ၊ လုပ်ကြစမ်းပါ၊ အဲဒီ ဉာဏ်တွေ, ခဏိက, သမာဓိရရင် ဉာဏ်တွေ, ခဏိကသမာဓိကို ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ စိတ်ချမ်းသာပါလိမ့်မယ်၊ ဒီဉာဏ်တွေ ခဏိက သမာဓိ မှာ ဘာတွေအကျုံးဝင်နေသလဲလို့ဆိုတော့ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ၊ ဒီ-စျာန်အင်္ဂါငါးခုဟာ တခါထဲ အကျုံးဝင်လာပါတယ်၊ အဲဒီ-ငါးပါးထဲမှာ သုခရှိလို့ ချမ်းသာလိုက်ထာ, ချမ်းသာလိုက်ထာလို့ ဥဒါန်းကျူးရလောက်အောင် တွေ့လာပါလိမ့်မယ်၊ တွေ့တဲ့ချမ်းသာကိုလဲ ဝိပဿနာရှုပွားရတယ်၊ မရှုပွားရင် အဲဒီ ချမ်းသာမှုလေးကို နိကန္တိတဏှာ ဝင်လာပြီး ဝိပဿနာပွားမှု မတိုးတက်ဘဲ ရပ်နေတတ်တယ်။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဘယ်အာရုံမှမဝင် လေ ချမ်းသာလေ, ဘယ်အာရုံမှမဝင်လေ ချမ်းသာလေပါဘဲ၊ ဝင်လာရင်လဲ ဝိပဿနာ ပွားများရှုမှတ်ပါ၊ ဝိပဿနာပွားများရှုမှတ်မှုရဲ့ ချမ်းသာကိုလုပ် ကြည့်ပါ၊ တကယ်လုပ်ကြည့်မှ ဒီအရသာကို တွေ့မယ်၊နားထောင်ရုံနဲ့တော့ ဒီအရသာကို ဒကာကြီးများမတွေ့ဘူး၊ နားထောင်ရုံထောင်ဒါဘဲတော့ဖြင့် ကြားရရုံဘဲရှိမယ်၊ ဟုတ်တယ်လို့ထင်ချင်မှထင်မယ်၊ ဒီ-အလုပ်ကို တကယ် လုပ်ကြည့်ပါ တကယ်ကိုယ်တိုင်လုပ်ကြည့်ပါ၊ ချမ်းသာလိုက်ထာ ချမ်းသာ လိုက်ထာဆိုတဲ့ အရသာဟာ တကယ်ကိုယ်တိုင်, ဉာဏ်တွေ့ဖြစ်သာပါလိမ့် မယ်၊ ဘာ့ကြောင့်လဲဆိုတော့ဆိုထိုအာရုံတွေပေါ်မှာ ဝိပဿနာဉာဏ်အရှိန်

ဖြင့် တဏှာဒိဋ္ဌိကင်းနေလို့ပါဘဲ၊ အာမခံချက်လဲရှိပါတယ်၊ တကယ်လုပ်ကြည့်ပါ၊မလုပ်ဘဲနဲ့တော့ ပြောဒါကို နားထောင်နေရုံမျှနှင့်တော့ဖြင့် အဲဒီချမ်းသာလိုက်ထာဆိုတဲ့ အာရုံဟာ ရောက်ကိုရောက်လာမှာမဟုတ်ဘူး၊အရသာလဲ တွေ့မှာမဟုတ်ဘူးနော်။

ဆားဟာငန်တယ်, ဆားဟာငန်တယ်၊ မယုံရင်လျှာနဲ့လျက်ကြည့်ပါဆိုလို့ လျက်မကြည့်ဘဲနဲ့ ဘယ်လိုဘဲပြောနေနေ ဒီပုဂ္ဂိုလ်ဟာ ငန်မလား....(မငန်ပါဘုရား)၊ အရသာတွေ့မလား....(မတွေ့ပါဘုရား)။

အဲဒါ-တရားအရသာကို မခံစားရတဲ့ပုဂ္ဂိုလ်နော်၊ ကာမဂုဏ် အရသာတွေကိုသာလျှင် ခံစားပြီးတော့ တရားအရသာကို မခံစားရတဲ့ပုဂ္ဂိုလ်သည် လူဖြစ်ရှုံးပါတယ်၊ သာသနာနဲ့တွေ့ရကျိုးမနပ်ဘူးနော်၊ အဲဒီတော့ ဒကာကြီးများ, ဒကာမကြီးများဟာ သာသနာနဲ့ တွေ့ရကျိုးနပ်အောင် ဒီအရသာလေးကို ခံစားနိုင်အောင် ခံကြည့်ပါနော်၊ ဉာဏ်တွေ့ ခဏိက, သမာဓိ၊ ဒါနဲ့ နေရမလား၊ ဒီလို-ဘုရားက ရပ်နေဘို့မလိုဘူး၊ သွားပါတဲ့၊ ယုဂနဒ္ဓနည်းနဲ့ ပညာကိုတွဲပြီး တက်သွားရမယ်နော်။

## ရုပ်ကိုသိ ဖြစ်မှုပျက်မှုကိုသိ

ရှေ့ကိုဆက်သွား၊ သမာဓိကနေ တရား ရှေ့ဆက်တက်လိုက်မယ်နော်၊ ဘာတွေသလဲ....(ပူတာတွေ့ပါတယ်ဘုရား)။

ခုနကပူတာနော်၊ ခုနက တေဇောဓာတ်ကိုပြောနေဒါပေါ့၊ ဒကာကြီးတွေက ဝါယောဓာတ်ကိုတော့ဖြင့် ဘုန်းကြီးဆီမှာအတော့ကိုနာထားရဒါဖြစ်တယ်မဟုတ်လား....(တင်ပါဘုရား)။

ပူတယ်ဆိုတဲ့သဘောတွေ့ပလား၊ အဲဒီပူတာဟာ ရုပ်တရားလား, နာမ်တရားလားဆိုတော့ ရုပ်တရား၊ ဘာရုပ်တရားလဲလို့ဆိုတော့ ကံ, စိတ်, ဥတု,အာဟာရကြောင့်ဖြစ်တဲ့ စတုသမုဋ္ဌာနိက တေဇောရုပ်တရား၊ဉာဏ်တွေ့တေဇောနော်....(တင်ပါဘုရား)။

အဲဒီ ရုပ်တရားကို ဘုရားကဘာပြောသလဲ၊ "ရုပ္ပတီတိရူပံ" တဲ့။ရုပ္ပတိ၊ဖောက်ပြန်သောကား၊ ရူပံ၊ သူ့ကိုရုပ်တရားလို့ခေါ်ပါ၊ ရုပ်တရားလို့သိထား၊ဒီပြင်ဘာမှ သိစရာမလိုဘူး၊ ရုပ်တရားလို့သူ့ကိုသိဒါ-ဟာချက်။

"ဣတိရူပဿသမုဒယော" = အဲဒီ ပူမှုကလေးဖြစ်လာဒါကို သိပါတဲ့။

"ဣတိရူပဿ အတ္ထင်္ဂမော" = ရုပ်တရားကလေးပျောက်သွားဒါ,ဒီတေဇောဓာတ်ကလေးပျောက်သွားဒါကိုသိပါတဲ့။ ပျောက်သွားပြီးတော့ ပြန်ဖြစ်တာကိုသိ။

တေဇောဓာတ်သိပါ-တချက်၊ တေဇောဓာတ်ဖြစ်လာတာကို သိပါ-တချက်၊ တေဇောဓာတ်ပျောက်သွားတာကိုသိပါ-တချက်၊ ပေါင်း ၃-ချက်ညီရင် ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)၊ ဒကာကြီးဦးမြင့် ရှင်းပလား....(ရှင်းပါပြီဘုရား၊)ဦးဘိုးညဏ်ဒကာ ရှင်းပလား....(ရှင်းပါပြီဘုရား)၊ အလုပ်ကော တကယ်လုပ်မှာလား.... (လုပ်ပါ့မယ်ဘုရား)။

"ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော"။

ဒီတရားကို ရုပ်လို့သိတဲ့၊ အဲဒီ-ရုပ်မှာဘာရှိသလဲလို့ကြည့်၊ သမုဒယနဲ့ အတ္ထင်္ဂမ ဒီ-နှစ်မျိုးဘဲရှိတယ်၊ ချစ်သားတို့.... တခြားဘာမှမရှိဘူးတဲ့၊ ဘုရားကဒါဘဲပြတယ်၊ ကဲ-ဒီပြင်ဘာရှိသေးသလဲ....(မရှိပါဘုရား)။

ဒီပြင်ရှိဒါကို ထည့်ပြစမ်းပါ၊ ဘာများရှိသေးသလဲ၊ဘာမှမရှိတော့ဘူး၊ အဲဒီမှာ-ဖြစ်တာရယ်, ပျက်တာရယ် ဒါဘဲရှိတယ်၊ အဲဒါကိုဘဲထပ်ခါ ထပ်ခါ သုံးသပ်နေရင် သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်,ဘင်ဉာဏ်,ဘယဉာဏ်,အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဥ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်-သွားရော။

ဘာကိုချည်းဘဲ လုပ်ရမလဲ၊ ဘယ်ဉာဏ်အဆင့်ကိုရောက်ရောက်

"ဣတိရူပံ၊ ဣတိရူပဿ သမုဒယော၊ ဣတိရူပဿ အတ္ထင်္ဂမော" = ဖြစ်ပျက်ချည်းသွားရမယ်၊"ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ" = ဖြစ်တာနဲ့ ပျက်တာ ဒကာ-ဒကာမတွေ ဘယ်ဟာကို ကြိုက်သလဲ....(ဘယ်ဟာမှမကြိုက်ပါဘုရား)။

ဘယ်ဟာကကော ကောင်းသလဲ....(ဘယ်ဟာမှ မကောင်းပါဘုရား)။

ဒါဖြင့် အဲဒီရုပ်ဓာတ်မှာ ကောင်းဒါဘာရှိသလဲ....(ဘာမှမရှိပါဘုရား)၊

## ဝေဒနာကိုသိ-ဖြစ်မှုပျက်မှုကိုသိ

ဝေဒနာမှာကော"ဣတိဝေဒနာ၊ဣတိဝေဒနာယသမုဒယော၊ဣတိဝေဒနာယအတ္ထင်္ဂမော" = ဟောဒါဝေဒနာဖြစ်တာ၊ဟောဒါက ဝေဒနာပျက်သွားဒါ၊ ဘာရှိသေးသလဲ....(ဘာမှမရှိပါဘုရား)။

ဝေဒနာမှာ ဖြစ်တာကကောင်းသလား၊ ပျက်တာကကောင်းသလား....(ဖြစ်တာ ပျက်တာ မကောင်းပါဘုရား)။

ဝေဒနာဖြစ်တာ ကောင်းသလား,ဝေဒနာပျက်တာ ကောင်းသလား....(ဘာမှမကောင်းပါဘုရား)။

မကောင်းဘူး....(တင်ပါ့ဘုရား)။

ကောင်းပြီ"ဣတိသညာ၊ ဣတိသညာယသမုဒယော၊ ဣတိသညာယအတ္ထင်္ဂမော" = ဟောဒါက သညာ,ဟောဒါကသညာဖြစ်တာ,ဟောဒါကသညာပျက်တာ၊ဘယ်ဟာကကောင်းသလဲ(ဘယ်ဟာမှမကောင်းပါဘုရား)၊

"ဣတိသင်္ခါရာ၊ ဣတိသင်္ခါရာနံ သမုဒယော၊ ဣတိသင်္ခါရာနံ အတ္ထင်္ဂမော" = ဟောဒါကသင်္ခါရတရား,ဟောဒါကသင်္ခါရတရားဖြစ်တာ,ဟောဒါက သင်္ခါရတရားပျက်တာ၊ ဘယ်ဟာကကောင်းသလဲ.... (ဘယ်ဟာမှမကောင်းပါဘုရား)။

ဒါဖြင့် ရုပ်,ဝေဒနာ,သညာ, သင်္ခါရတို့တွင် ဘယ်အပေါ်မှာ တပ်မက်ရအုံးမလဲ....(ဘယ်အပေါ်မှာမှ မတပ်မက်ချပါဘုရား)။

တဏှာနဲ့ သွန်းလောင်းတာ ရှိသေးသလား....(မရှိပါဘူးဘုရား)။

ရုပ်ပေါ်မှာ စွဲလမ်းခြင်းရာဂ ကွာမသွားဘူးလား....(ကွာသွားပါတယ်ဘုရား)၊ ရှင်းသွားရဲ့လား (ရှင်းသွားပါတယ်ဘုရား)။

> "ရူပဓာတုယာ စေ ဘိက္ခဝေ ရာဂေါ ပဟီနော ဟောတိ။(ပ) ရာဂဿ ပဟာနာ ပတိဋ္ဌာ ဝိညာဏဿ န ဟောတိ"။

ဘိက္ခဝေ၊ ရဟန်းအများ အိုချစ်သားတို့။ ရူပဓာတုယာ၊ ရုပ်ဓာတ်၌။ ရာဂေါ၊ ရာဂကို။ပဟီနော၊ ပယ်နိုင်သည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။

ပယ်နိုင်အောင်လုပ်တဲ့လုပ်ငန်း ပြပြီးပြီနော်....(တင်ပါ့ဘုရား)။

ဝေဒနာဓာတုယာ၊ ဝေဒနာဓာတ်၌။ရာဂေါ၊ရာဂကို။ပဟီနော၊ ပယ်နိုင်သည်။ စေဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ သညာဓာတုယာ၊ သညာဓာတ်၌။ ရာဂေါ၊ ရာဂကို။ ပဟီနော၊ ပယ်နိုင်သည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ သင်္ခါရဓာတုယာ၊ သင်္ခါရဓာတ်၌။ ရာဂေါ၊ ရာဂကို။ ပဟီနော၊ ပယ်နိုင်သည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ဝိညာဏဿ၊ ပဋိသန္ဓေဉာဏ်၏။ ပတိဋ္ဌာ၊ တည်ရာသည်။ န ဟောတိ၊ မရှိနိုင်။

ပဋိသန္ဓေမတည်နိုင်၊ ပဋိသန္ဓေမျိုးစေ့ဟာ မတည်နိုင်တော့ဘူး။

တည်ရာမရလျှင် ကမ္မဝိညာဏ်ချုပ်ငြိမ်း

"တဒ ပတိဋ္ဌံ ဝိညာဏံ"။ ။အပတိဋ္ဌံ၊ တည်ရာဌာနမရှိသော။ တံ ဝိညာဏံ၊ ထိုဝိညာဏ်သည်။

ဟောတည်ရာမရှိတဲ့ ဝိညာဏ်ကလေးဟာ ခုနက ရုပ်, ဝေဒနာ, သညာ, သင်္ခါရမှာ သူမမှီတော့ဘူးနော်....(မှန်ပါ့ဘုရား)။

ကိုင်း–ဒါဖြင့် တည်ရာမရှိတဲ့ဝိညာဏ်ဟာ ဘယ်သွားမလဲ။

အပတိဋ္ဌံ၊ တည်ရာမရှိသော။ တံ ဝိညာဏံ၊ ထိုဝိညာဏ်သည်။အနဘိသင်္ခတံ၊ တစုံတရာမပြုပြင်အပ်သည်ဖြစ်၍။ ။တဏှာရေနဲ့ သွန်းလောင်းသေးသလား သူ့ကို....(မသွန်းလောင်းပါဘုရား)။

ဘယ်လိုလုပ်လိုက်သေးသလဲ၊ ဘာပြုပြင်ထားသေးသလဲ.... (ဘာမှပြုပြင်မထားပါဘုရား)။

ပြုပြင်လို့ကော ဘာရသေးသလဲ ...(မရပါဘုရား)။

ဖြစ်တာနဲ့ပျက်တာဘဲရှိတယ်နော်....(တင်ပါ့ဘုရား)။

အနဘိသင်္ခတံ၊ တစုံတရာမပြုပြင်အပ်သည်ဖြစ်၍။ ဝိမုတ္တံ၊ သံသရာဝဋ်ဆင်းရဲကလွတ်ပြီ၊ နိရောဓသစ္စာ– လွတ်သွားပြီ၊ သူဘာဖြစ်အုံးမှာတဲ့လဲ.... (မဖြစ်ပါဘုရား)။

ရုပ်အသစ်ဖြစ်အုံးမလား....(မဖြစ်ပါဘုရား)။

နာမ်အသစ်ဖြစ်အုံးမလား....(မဖြစ်တော့ပါဘုရား)။

သင်္ခါရဝါဖြစ်အုံးမလား(မဖြစ်တော့ပါဘုရား)။

ဘုံကိုးဝဖြစ်အုံးမလား....(မဖြစ်တော့ပါဘုရား)။

ဘယ်ဝိညာဏ ဘယ်ဌီတိကိုသူသွားအုံးမလဲ.... (မသွားတော့ပါဘုရား)၊ မသွားနိုင်ဘူး သေပြီနေဉ်။

အဲဒါ ဘုရားရဲ့ ဗီဇသုတ္တန် ဝိညာဏ်သတ်ဆေးဘဲ၊ ဝိညာဏ်မသေသေး သရွေ့ ကာလပတ်လုံး သင်္ခါရဝါတွေမှာ သံသရာအဒပြေးမရပ်ဘူး၊ (တင်ပါ ဘုရား)။

## အမြစ်ပြတ်လျှင် သံသရာပြတ်မယ်

ဘယ်ပေါ်လှည့်ပြေးသလဲ၊ ရုပ်ပေါ်မှာ လှည့်ပြေးနေတယ်၊ ဝေဒနာ ပေါ်မှာ လှည့်ပြေးနေတယ်၊ သညာပေါ်မှာလှည့်ပြေးနေတယ်၊ သင်္ခါရ ပေါ်မှာလှည့်ပြေးနေတယ်၊ဒါသူဆောက်ထားတဲ့အိမ်တွေ၊ရုပ်ဆိုတဲ့အိမ်၊ဝေ ဒနာဆိုတဲ့အိမ်, သညာဆိုတဲ့အိမ်, သင်္ခါရဆိုတဲ့အိမ်—ဒါ သူဆောက်ထား တယ်၊ ဒကာကြီးတို့ ရုပ်ပေါ်ကိုတင်ပြီးတော့ ဝိညာဏ်ကိုဖမ်းရင် သူကဘယ် ပေါ်သွားသလဲ ဝေဒနာပေါ်သွားတယ်၊ ဝေဒနာပေါ် တင်ပြီးတော့ ဝိညာဏ်ကိုဖမ်းကယ်ဆိုရင် ဘယ်သွားသလဲ၊ ရုပ်ပေါ်ပြန်လာတယ်၊ ဒါ— သူဆောက်တဲ့အိမ်တွေ၊ သူသွားနေဒါ ဘာကိုအကာအကွယ်ယူပြီး သွားနေ သသဲလို့ဆိုရင် အဝိဇ္ဇာ၊ ဘာနဲ့သွားသလဲ (အဝိဇ္ဇာနဲ့ပါဘုရား)။

အကာအကွယ်က အဝိဇ္ဇာ၊ သူဘာနဲ့သွားသလဲ မော်တော်ကားနဲ့သွား သလား၊ လေယာဉ်ပျံနဲ့သွားသလား၊ သူဘာနဲ့သွားသလဲ၊ နန္ဒိုပသေစန- တဏှာ တည်းဟူသော ဘီးပေါ်လှည့်ပြီးသွားနေဒါ၊ အဝိဇ္ဇာနဲ့တဏှာ ပဋိစ္စသမုပ္ပါဒ်ပြန်လှည့်၊ ဒီ-အဝိဇ္ဇာနဲ့တဏှာ အမြစ်အကြောင်းကုံးတော့ဘယ် ဘောမှမလွှတ်နဲ့၊ ဘာတွေရှောက်ပြောသွားသွား အဲဒီ အဝိဇ္ဇာနဲ့ တဏှာ အမြစ်ကိုတခါထဲ ပြန်လာခဲ့ရမယ်၊ ဒီအမြစ်ပြတ်မှ သံသရာအမြစ်ပြတ်မယ်။

"အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိ" ကြားဘူးဘယ်မဟုတ်လား.... (ကြားဘူးပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့တဏှာသည် သံသရာရဲ့အမြစ်ကြီး ၂-ခု၊ သူတို့မပြတ်ရင်ဘယ် ဘောမှဝိညာဏ်မသေ၊ အခု"နန္ဒိုပသေစန"ခေါ်တဲ့ တဏှာရေက မလွှတ်

နိုင်၊ ဝိညာဏ်ရဲ့တည်ရာလေးမျိုးကလဲ မရှိရင် ဒီ-ဝိညာဏ်တွေ ဘယ်သွားမလဲ....(ဘယ်မှမသွားနိုင်ပါဘုရား)။

အဝိဇ္ဇာမှောင်ကြီး ချနိုင်သေးသလား....(မချနိုင်ပါဘုရား)။

တဏှာတည်းဟူသောယာဉ်ဘီးကြီး လည်သေးသလား....(မလည်တော့ပါဘုရား)။

မသေဘူးလား....(သေပါတယ်ဘုရား)။

**တရားအဆင့်ဆင့်ဖြစ်ပုံနှင့် ငြိမ်းအေးပုံ**

အဲဒီ ဝိညာဏ်သေရင် "ဝိမုတ္တတ္တာ ဌိတံ"။ ။ဝိမုတ္တတ္တာ၊ လွတ်မြောက်သည်ဖြစ်ပါသောကြောင့်။ ဌိတံ၊ တည်တံ့၍နေ၏။ (ငြိမ်းသွားပြီနေ၁်)၊ "ဌိတတ္တာ သန္တုသိတံ"။ ဌိတတ္တာ၊ ကည်သည်၏အဖြစ်ကြောင့်။ သန္တုသိတံ၊ ရောင့်ရဲလွယ်ပြီ။

ဘာနဲ့နေရနေရ တင်းတိမ်တော့တယ်၊ ဘယ်နေရာ ဘာနဲ့စားရ စားရ တင်းတိမ်တော့တယ်။

"သန္တုသိတတ္တာ န ပရိတဿတိ"။ ။သန္တုသိတတ္တာ၊ရောင့်ရဲလွယ်သည်၏ အဖြစ်ကြောင့်။ န ပရိတဿတိ၊ ဘယ်တော့မှမတပ်နှစ်သက်တော့, ဘယ်တော့မှ မတောင့်တတော့, ဘာမှမတောင့်တတော့ဘူး။

ဘာမှလဲ မတပ်နှစ်သက်တော့ဘူး၊ အခု-ဒီမှာ တောင့်တ နေရတာ ပင်ပန်းဒုက္ခမဟုတ်လား....(ဟုတ်ပါတယ်ဘုရား)။

အာသာကြီးပြတ်သွားပြီ၊ "အပရိတဿတ္တာ ပစ္စတ္တညေဝ ပရိနိဗ္ဗာယတိ"။ ။အပရိတဿတ္တာ၊ မတောင့်တ မနှစ်သက်သည်၏အဖြစ်ကြောင့်။ ပစ္စတ္တညေဝ၊ မျက်မှောက်ဘဝ၌သာလျှင်။ ပရိနိဗ္ဗာယတိ၊ ကိလေသာမီးပုံကြီး အကုန်လုံးငြိမ်း၏။

မီးငြိမ်းပြီ၊ ဘယ်မီးမှ တောက်စရာမရှိတော့ဘူး၊ မျိုးစေ့လဲ မပေါက်တော့ဘူး။

"ခီဏာ ဇာတိ" = ပဋိသန္ဓေနေမှု ကုန်ပြီ။

"ဝုသိတံ ဗြဟ္မစရိယံ"။ ။ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုသိတံ၊ ကျင့်သုံး၍ ပြီးပြီ။

"ကတံ ကရဏီယံ" ။ ကရဏီယံ၊ နိဗ္ဗာန်ရောက်ဘို့ ပြုဘွယ်ကိစ္စတွေကို။ ကတံ၊ ပြု၍ ပြီးပြီ။

"နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ" ။ ။နောင်တဖန် ဘဝသစ်မဖြစ်တော့ဘူးလို့ အပြားအားဖြင့်သိတဲ့မဂ်ဉာဏ်၊ ဟောဒီမှာပေါ်ပြီနော်....(တင်ပါဘုရား)။

အဲဒီလို သိတဲ့ဉာဏ်က မဂ်ဉာဏ်၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တွေငြိမ်းတာ နိရောဓသစ္စာ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရဆိုတဲ့ ဝိညာဏ်နှင့်တကွဝိညာဏ်ရှဲတည်ရာ ၄-မျိုးက ဒုက္ခသစ္စာ၊နန္ဒိုပသေစနတည်းဟူသော တဏှာရေနဲ့ သွန်းလောင်းဒါက သမုဒယသစ္စာ၊ ဤသို့ ဒုက္ခ,သမုဒယ, နိရောဓ, မဂ္ဂ-သစ္စာ ၄-ချက် ဒီမှာဝင်တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

## နိဂုံးနှင့် ဆုတောင်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဗီဇသုတ္တန်ဒေသနာတော်ကို ဤသို့ သစ္စာလေးပါးအထွတ်တင်၍ နိဂုံးချုပ်အားဖြင့် ဟောကြားတော်မူပါတယ်၊ဤသို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော ဗီဇသုတ္တန်ဒေသနာတော်ကို သစ္စာလေးပါး အထွတ်တင်၍ ရှိသေစွာနာခံမှတ်သားရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့်ရှင်း၊(ပြီးခဲ့သော သုတ်တို့၏အဆုံး၌ အကျယ်ဆုတောင်းပါရှိပြီးဖြစ်သည်)။

ဤ ဗီဇသုတ္တန်ဒေသနာတော်၌ ဟောကြားတော်မူအပ်သော ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကို ပယ်ခွာနိုင်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်း,မဂ္ဂသစ္စာကို ပွားများနိုင်ခြင်း တည်းဟူသော မဂ်ကိစ္စလေးချက် တပြိုင်နက် ကိစ္စပြီးနိုင်ကြကုန်သည်ဖြစ်၍ ဘုရားအစရှိကုန်သော အရိယာသူတော်ကောင်းအပေါင်းတို့၏ ကိန်းဝောင်းမွေလျော် ရှင်ပျော်ကြသွားရာဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်ကို လျင်မြန်ဆောစွာ မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

ဗီဇသုတ္တန် တရားတော်ပြီး၏။

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ

# ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်ပုံ

နှင့်

# ဩဃတရဏသုတ္တန်, ဈာနသုတ္တန် တရားတော်

ပါဠိတော်ဟောဝဉ် ထူးကြီးဝိပဿနာ အမှတ် (၆)

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတသရ မထေရ်မြတ်သည် ၁၃၂၇-ခု၊ တပေါင်းလဆန်း ၁၅-ရက်နေ့ (၆-၃-၆၆) ညအချိန်၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာပါဠိတော်ဟောစဉ် အမှတ် (၆) ဖြစ်သော ဤ "ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်ပုံ" နှင့် သဂါထာဝဂ္ဂသံယုတ် ပါဠိတော်နှင့်ဝင်၍ လာသော "ဩဿာရဏသုတ္တန်၊ စျာနသုတ္တန်တရားတော်"ကို ဟောကြားတော်မူသည်။

# မေ့ဒ္ဓိတိဉာဏ် ဖြစ်ပေါ်ပုံ

## ပရိကမ် ပြုနည်း

အားလုံးသော အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ပရိကမ်ပြုတဲ့ စာရွက်ကလေးတွေ အသီးသီးပါကြရဲ့လား.... (ပါပါတယ် ဘုရား)။

အဲဒီပရိကမ်ပြုတဲ့ စာရွက်ကလေးတွေကို မျက်လွှာအောက်ချ ပြီးတော့ ကြည့်၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုခွေပြီးတော့ထိုင်၊ အထက်ပိုင်းဖြစ် တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား၊ တွန်းကန်တဲ့သဘောကို သတိနဲ့ရှေးရှု အာရုံပြုပြီးတော့ထား၊ မျက်လုံးကို အောက်ချ၊ မျက်လွှာကလေးကိုအောက် ချပြီးတော့ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် တည်တည်ငြိမ်ငြိမ် ထားပါ၊ ကိုင်း–ဘုန်းကြီးကချပေးမယ်၊ အားလုံးလိုက်ဆိုကြ။

မှတ်ချက်။ ။[နောက်က ပရိကမ်ပြုနည်းအတိုင်း ပရိကမ်ပြုပါ]။

### အစွဲချွတ် ကြေးချွတ်တဲ့သဘော

ဒီကနေ့ ဝိပဿနာအလုပ်ပေးတရားကို ဟောတဲ့နေ့ကလို အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများမှာ သိတဲ့ အသိဉာဏ်ကလေး ပေါ် ပေါ်လွင်လွင် ထင်ထင်ရှားရှားရှိနေအောင် ဝါယောလေဓာတ်ရုပ်ရဲမတ် ရဲ့ တွန်းကန်တဲ့သဘောကလေးကို အာရုံပြုထားပါ၊ အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများကို ဒီကနေ့ မေ့ဒ္ဓိတိဉာဏ် ဖြစ်ပေါ်ပုံကိုညွှန် ပြရပါမယ်။

မေ့ဒ္ဓိတိဉာဏ် ဖြစ်ပေါ်ပုံကို မညွှန်ပြမီ ဝိပဿနာ အလုပ်ပေးတရားကို ဟောကြားပြီးတဲ့နောက်ပိုင်းမှာ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ စိတ်အစဉ် ကြည်လင်သန့်ရှင်းလို့ အညစ်အကြေးကင်းဘို့ရန် အတွက် လေးရက်တိုင်တိုင် ဥပက္ကိလေသဖြစ်စေနိုင်တဲ့ ညစ်နွမ်းကြေးငြင်း ဖြစ်တဲ့ ရှောင်ကြဉ်သင့်, ရှောင်ကြဉ်ထိုက်တဲ့ အချက်အလက်တွေကို တော် တော်ကလေး စုံသင့်သလောက်စုံအောင် ရှင်းတမ်းပေးပြီးခဲ့ပြီ။

အဲဒီ–ရှင်းတမ်းအားလုံးတွေကို နိဂုံးပြန်ချုပ်ရမယ်ဆိုရင် မေ့ဒ္ဓိတိဉာဏ် ဖြစ်ပေါ်ဘို့ရန်အတွက် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ

ရဲ့ စိတ်အစဉ်ကို ကြည်လင်သန့်ရှင်းအောင် အစွဲချတ်နေဒါလို့ ခေါ်ရင် ခေါ်နိုင်ပါတယ်။

တနည်းအားဖြင့်ဆိုရင် နောက်ကပြီးခဲ့တဲ့ အလုပ်ပေးတရားကို ဟော ပြီးတဲ့နောက် အပြင်အာရုံရှင်းတမ်း, အတွင်းအာရုံရှင်းတမ်း, နိမိတ်ရှင်း တမ်း, ဥပက္ကိလေသရှင်းတမ်းလို့ဆိုတဲ့ ဒီရှင်းတမ်းတွေကို ပေးနေရဒါဟာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်အစဉ် ကြည်လင် သန့်ရှင်းအောင်လို့ ကြေးချွတ်တဲ့သဘောဘဲလို့ ဒီလိုမှတ်ပါ။

ဘာပြုလို့ ကြေးတွေချွတ်ရသလဲ၊ ပန်းချီကားရေးတဲ့အခါမှာ ကြည် လင်သန့်ရှင်းတဲ့ ကြည်လင်ပြတ်သားတဲ့ လှပတင့်တယ်ကောင်းမွန်တဲ့ အရာ ဝတ္ထုတခုကိုရေးချင်ရင် အဲဒီအရာဝတ္ထုသင်မဲ့ ဇက္ကူပြားပေါ်မှာ ပိတ် ကားပေါ်မှာ ဖြူစင်သန့်ရှင်းအောင် ပြုလုပ်ပြီးမှ ကိုယ်ရေးချင်တဲ့ အရုပ် ကလေးကို ရေးလိုက်ရင်ဖြင့် ကြည်ကြည်လင်လင်, ပြတ်ပြတ်သားသား, တင့်တင့်တယ်တယ် ရှိနေသလို အခု အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများရဲ့ စိတ်အစဉ်ကို ဝိပဿနာဉာဏ်မျိုးစေ့ ဓမ္မဋ္ဌိတိဉာဏ် ကိုချပေးရမှာဖြစ်တဲ့အတွက် ကြည်ကြည်လင်လင်, သန့်သန့်ရှင်းရှင်းရှိအောင် လို့ ဝိပဿနာ အလုပ်ပေးတရားကို ညွှန်ပြပြီးတဲ့နောက်ပိုင်း လေးရက် မြောက်မှာ စင်ကြယ်သန့်ရှင်းအောင် ကြေးချွတ်လို့ လေးရက်ကုန်လွန်ပြီး လို့ ငါးရက်မြောက်ဖြစ်တဲ့နေ့မှာ ဓမ္မဋ္ဌိတိဉာဏ် ဖြစ်ပေါ်ပုံကို ညွှန်ပြရ ပါမယ်။

## ဝိဇ္ဇာအမှန်သိက အဝိဇ္ဇာအမှောင်ထုမရှိ

နောက်က ပြောခဲ့တဲ့ ဥပက္ကိလေသ ဖြစ်ကြောင်းတရားတွေများဝင် လာရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက မိမိတို့ရဲ့ စိတ်အစဉ်မှာ အညစ်အကြေး ကင်းစေတတ်တဲ့ ဥပက္ကိလေသ မဝင်မလာ ရအောင် သတိနဲ့ သမ္မာသတိမဂ္ဂင်, သမ္မာဝါယာမမဂ္ဂင်လို့ ခေါ်တဲ့ မဂ္ဂင် နှစ်ပါးနဲ့ ဒီ-အညစ်အကြေးတွေးများ ဝင်မလာနိုင်အောင် ထိန်းသိမ်း ရမယ်၊ စောင့်ရှောက်ပေးရမယ်၊ ဒီ-အခါမှာ အမှန်ကိုသိနေတယ်ဆိုဘဲ ဝါ ယောလေဓာတ် ရုပ်ပရမတ်ရဲ့ တွန်းကန်တဲ့သဘော အမှန်ကလေးကိုသိနေ

တယ်ဆိုတဲ့ ပညာဟာ ဉပက္ကိလေသတရားတွေ မဝင်နိုင်အောင် ပယ်သတ်ပြီးတော့ ထားပါလိမ့်မယ်၊ ဉပက္ကိလေသတရားတွေ မဝင်လာနိုင်အောင် ပယ်ထားတယ်ဆိုဒါ ဘယ်သူကပယ်သလဲ၊ အမှန်ကိုသိတယ်ဆိုတဲ့ ပညာ သမ္မာဒိဋ္ဌိ-အမောဟဆိုတဲ့ တရားက ပယ်ထားပါတယ်၊ အဲဒီလို ပယ်ပြီးတော့ ခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဆက်ပြီးတော့ ကြည့်ဘို့ကဘာလဲ၊ အားလုံးအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများပေးထားချက်ဖြစ်တဲ့ တရားကို ခုတွေ့နေသလား၊ တွေ့မနေဘူးလား.... (တွေ့နေပါတယ်ဘုရား)။

တရားဆိုဒါ ဘာလဲ....(အမှန်ပါဘုရား)၊ အမှန်သဘောလေးကိုတွေ့နေသလား၊ တွေ့မနေဘူးလား....(တွေ့နေပါတယ်ဘုရား)။

တရားဆိုဒါ မှန်ဒါကိုခေါ်တယ်နော်၊ ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ တွန်းကန်တဲ့ သဘောအမှန်ကလေးကို အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ တွေ့နေတော့တရားအမှန်တွေ့နေဒါလား၊ တွေ့မနေဒါလား....(တွေ့နေဒါပါဘုရား)၊တရားတွေ့နေတယ်။

အမှန်ကိုတွေ့လို့ အမှန်ကိုသိနေတဲ့အခါ မမှန်ဒါကို သိတယ်ဆိုတဲ့အဝိဇ္ဇာမောဟ အညစ်အကြေးမှောင်ထုကြီး ရှိသေးသလား၊ မရှိဘူးလား ...(မရှိပါဘုရား)။

အလင်းရောင်ပေါ်လာရင် အလင်းရောင်ပေါ်ခြင်းကိစ္စ,အမှောင်ကိုပယ်ခွင်းခြင်းကိစ္စ, အရာဝတ္ထုကိုမြင်စွမ်းနိုင်ခြင်းကိစ္စလို့ဆိုတဲ့ ကိစ္စတွေတပြိုင်နက်ပြီးသလို အမှန်ကိုသိတဲ့ သမ္မာဒိဋ္ဌိ အသိညာဏ် မှန်ဒါကိုသိတဲ့အသိ ပေါ်သည်နှင့်တပြိုင်နက် အမှန်ကိုသိခြင်းကိစ္စ, အဝိဇ္ဇာတည်းဟူသော အမှောင်ကြီးပျောက်သွားခြင်းကိစ္စ, အဲဒီ အဝိဇ္ဇာအောက်မှာခိုနေတဲ့ ဒိဋ္ဌိ ပျောက်ကွယ်ခြင်းကိစ္စတွေဟာ တပြိုင်နက်ပြီးစီးတော့သွားပါတယ်၊ အဲဒီလို ပျောက်ကွယ်သွားပြီးတဲ့နောက် ခုဘာလေးကျန်နေသလဲ၊ ဉပက္ကိလေသတရားတွေကို ရှင်းတမ်းထုတ်ပြီးတဲ့ အခါကျတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများမှာ ဝါယောလေဓာတ်ရုပ်ပရမတ်ရဲ့ တွန်းကန်တဲ့သဘောလေး ကျန်နေသေးသလား၊ ကျန်မနေဘူးလား....(ကျန်နေပါတယ်ဘုရား)။

## အစဉ်လိုက်ပြီးဆင်ခြင်လျှင် ဥပက္ကိလေသ

ဒီ-ခနရာမှာ ထွက်လေ,ဝင်လေနဲ့တွန်းကန်တဲ့သဘောဟာ အတူတူလား၊ တခြားစီလား....(တခြားစီပါဘုရား)၊ တခြားစီ။

ထွက်လေသည် တွန်းကန်တဲ့သဘောမဟုတ်၊ ဝင်လေသည်တွန်းကန်တဲ့သဘောမဟုတ်၊ နှာသီးဖျား,နှုတ်သီးဖျားဆိုတဲ့နိမိတ်သည်တွန်းကန်တဲ့သဘောမဟုတ်၊ ဥပက္ကိလေသတွေဖြစ်ရမယ်ဆိုဒါ ဘာ့ကြောင့်လဲ၊ ထွက်လေကိုအစဉ်လိုက်ပြီးတော့ဆင်ခြင်ရင် ဥပက္ကိလေသ ဖြစ်တယ်၊ ဝင်လေကိုအစဉ်လိုက်ပြီးတော့ဆင်ခြင်ရင် ဥပက္ကိလေသဖြစ်တယ်၊နိမိတ်ကိုဆင်ခြင်ရင် ဥပက္ကိလေသဖြစ်တယ်၊ အခုအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ထွက်လေဝင်လေနဲ့ နိမိတ်ကိုဆင်ခြင်သုံးသပ်နေသလား၊ တွန်းကန်တဲ့ သဘောကိုဆင်ခြင်သုံးသပ် နေသလား....(တွန်းကန်တဲ့သဘောကို ဆင်ခြင်သုံးသပ်နေပါတယ်ဘုရား)။

ဒီ-နေရာမှာတရားဟာ နူးညံ့သိမ်မွေ့လာပြီ၊ ထွက်လေဝင်လေကိုလွှတ်လို့တွန်းကန်တဲ့သဘောဆိုဒါမရကောင်း၊တွန်းကန်တဲ့သဘောလက္ခဏာကိုလွှတ်ပြီးတော့ ထွက်လေဝင်လေဆိုဒါ မထင်ရှားကောင်း၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများကတွန်းကန်တဲ့သဘောကိုအာရုံပြုနေသလား၊ ထွက်လေ ဝင်လေကိုအာရုံပြုနေသလား....(တွန်းကန်တဲ့သဘောကို အာရုံပြုနေပါတယ်ဘုရား)။

## လက္ခဏာနှင့် လက္ခဏဝတ္ထု တခြားစီ

လက္ခဏာနဲ့ လက္ခဏဝတ္ထုဆိုဒါ တခြားစီနော်၊ ဒီ-အကွက်ဟာမမွှေတိညက် ထင်ထင်ရှားရှားပေါ်ဘို့ရန်အကွက်တချက်ပါ၊ ဥပမာ အမျိုးကောင်းသားတယောက်ဆိုပါတော့၊ ဒီ-အမျိုးကောင်းသားတယောက်ကိုမှတ်သားဘို့ရန်အတွက် ဘယ်လိုအချက်အလက်ရှိသလဲ ဆိုတော့ နဖူးမှာ မှဲ့ကလေးနဲ့ဆိုတဲ့ အမှတ်အသား မှတ်ကြောင်းလက္ခဏာကလေးဟာရှိနေတယ်၊ အဲဒီ-မှဲ့ကလေးဟာ အမျိုးကောင်းသားဟုတ်ရဲ့လား....(မဟုတ်ပါဘုရား)။

အမျိုးကောင်းသား ကကော မှဲ့ကလေး ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

အမျိုးကောင်းသားကိုလွှတ်ပြီးတော့ မှဲ့ကလေးက ရှိလို့ရပါ့မလား(မရပါဘုရား)။

မှဲ့ဆိုတဲ့အမှတ်လက္ခဏာကို လွှတ်ပြီးတော့ အမျိုးကောင်းသားရဲ့သဘောတရားဟာ ထင်ရှားမလား၊ မထင်ရှားဘူးလား (မထင်ရှားပါဘုရား)၊ မထင်ရှားဘူး။

ဒီ-အချက်ကို ဝိပဿနာအားထုတ်တဲ့ အမျိုးကောင်းသားတိုင်း,အမျိုးကောင်းသားတိုင်း, အမျိုးကောင်းသမီးတိုင်း, အမျိုးကောင်းသမီးတိုင်းဟာ ကွဲကွဲပြားပြား ခြားခြားနားနား သိထားရမယ်၊ အဲဒီအချက်ကို ကွဲကွဲပြားပြားသိတော့ တိုးတဲ့သဘော, တွန်းတဲ့သဘော သူ့ကလက္ခဏာ၊ ထွက်လေ ဝင်လေဆိုဒါ လက္ခဏဝတ္ထု၊ အဲဒီလိုမှတ်သားထားပါ၊ မှတ်သားကြောင်းဖြစ်တဲ့ သဘောဘရား, အဲဒီတရားလေးကိုကွက်ပြီးတော့ အမှတ်အသားဖြစ်တဲ့ လက္ခဏာကိုသာ ယူပြီးတော့ လက္ခဏဝတ္ထုကိုမယူဘဲ မသိမ်းပိုက်ဘဲနဲ့လက္ခဏာဖြစ်တဲ့ တွန်းကန်တဲ့သဘောကိုသာ ပဋ္ဌမရှေးဦးစွာမိအောင်ဘမ်းထားလိုက်ပါ၊ ဘမ်းထားလိုက်တော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ထွက်လေဝင်လေကိုတွေ့သလား, တွန်းကန်တဲ့သဘောကိုတွေ့သလား....(တွန်းကန်တဲ့သဘောကို တွေ့ပါတယ်ဘုရား)။

အလုပ်လဲလုပ်ကြည့်နော်၊ ဇလုပ်လုပ်နေရင်း သင်တန်းပေးတဲ့သဘောမျိုးနဲ့ အဖြေပေးရမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ထွက်လေဝင်လေကို သိသလား၊ တွန်းကန်တဲ့သဘောကို သိသလား....(တွန်းကန်တဲ့သဘောကို သိပါတယ်ဘုရား)။

နှာသီးဖျား, နှုတ်ခမ်းဖျား, ခေါင်း, ခါး, ရင်, ဝမ်းစတဲ့ ပုံပန်းသဏ္ဌာန်နိမိတ်ကို သိသလား၊ တွန်းကန်တဲ့သဘောကို သိသလား.... (တွန်းကန်တဲ့သဘောကို သိပါတယ်ဘုရား)။

တွန်းကန်တဲ့ သဘောကလေးချည့်သက်သက်သိနေရင် ဥပက္ကိလေသ ၁၀-ပါး ဝင်လို့ရအုံးမလား၊ မရတော့ဘူးလား.... (မရပါဘုရား)။

သဘောကျပလား....(ကျပါပြီဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားနာဒါ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား....(မှတ်မိအောင်ပါဘုရား)။

တွန်းတဲ့ဘာဘောကလေးကို သိနေသလား၊ ထွက်လေဝင်လေနဲ့ နိမိတ်ဘွဲကို သိနေသလား.... (တွန်းကန်တဲ့သဘောကို သိနေပါတယ်ဘုရား)။

ကောင်းပြီ၊ တွန်းကန်တဲ့သဘောကလေးကို သိနေရင် ဥပက္ကိလေသတွေဝင်လို့ ရသေးရဲ့လား၊ မရတော့ဘူးလား.... (မရတော့ပါဘုရား)။

မှန်းဆပြောဒါလား၊ ကိုယ်တိုင်ပညာနဲ့သိလို့ ပြောဒါလား....(ကိုယ်တိုင်ပညာနဲ့သိလို့ ပြောဒါပါဘုရား)။

အမှန်ကိုသိလို့ပြောဒါလား၊ မှန်းဆပြောဒါလား....(အမှန်ကိုသိလို့ပြောဒါပါဘုရား)။

အမှန်ကိုသိဒါကို ပညာလို့ခေါ်တယ်၊ ဘာလို့ခေါ်သလဲ....(ပညာလို့ခေါ်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိလို့လဲခေါ်တယ်၊ ဘာလို့ခေါ်သလဲ...(သမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ပညာဆိုတဲ့သမ္မာဒိဋ္ဌိဖြစ်နေသလား၊ မဖြစ်နေဘူးလား....(ဖြစ်နေပါပြီဘုရား)။

ဓမ္မဆိုဒါ အကြောင်းအကျိုး အမှန်တရား

ဘယ်ကရသလဲ၊ ဘယ်သူကပေးလို့ ရသလဲ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ပေးသနားတော်မူခဲ့တဲ့ ပါဠိတော်မူ ပါဠိတော်နည်းက ဒီ-အတွက်ကိုရဒါ၊ ကဲ-ကောင်းပြီ၊ ဓမ္မဋ္ဌိတိဉာဏ်ဆိုဒါ ဘာကိုခေါ်သလဲ ဓမ္မဋ္ဌိတိ-ဉာဏ်၊ ဓမ္မဆိုဒါ အကြောင်းအကျိုးတရားအမှန်၊ မှန်တဲ့သဘော၊ မှန်တဲ့သဘောကို ဘာလို့ခေါ်သလဲ....(ဓမ္မလို့ခေါ်ပါတယ်ဘုရား)။

အဲဒီ-အကြောင်းအကျိုး အမှန်ပေါ်မှာ တည်နေဒါကို ဋ္ဌိတိလို့ခေါ်တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ဥပက္ကိလေသ ၁၀-ပါး ကင်းစင်နေတဲ့ မနောဝိညာဏ်စိတ်အစဉ်သည် အမှန်ဖြစ်တဲ့ တွန်းကန်တဲ့ ဓမ္မပေါ်မှာ တည်ငြိမ်နေဒါကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက သိရင် ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်တယ်၊ ဓမ္မဋ္ဌိတိဉာဏ်လို့မှတ်၊ ဓမ္မဆိုဒါက အကြောင်းအကျိုးနှင့် တွန်းကန်တဲ့သဘော ပရမတ်တရား၊ အဟုတ်ရှိ,အမှန်ရှိတဲ့တရား၊ ဋ္ဌိတိဆိုဒါက တည်နေတယ်၊ ဘယ်သူ

တည်သလဲလို့ဆိုတော့ ဥပက္ကိလေသအညစ်အကြေးတွေ ကင်းစင် သန့်ရှင်းနေတဲ့ မနောဝိညာဏ် စိတ်အစဉ်ကလေးဟာ အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ဓမ္မပေါ်မှာတည်နေကယ်၊ အဲဒီ-ဥပက္ကိလေသတွေကင်းတဲ့ မနောဝိညာဏ် စိတ်အစဉ်ကလေး ဓမ္မပေါ်မှာ တည်နေဒါကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကိုယ်တွင် ဉာဏ်နဲ့သိတဲ့ အကြောင်းအကျိုးနှင့် တွန်းကန်တဲ့သဘောက ဓမ္မ၊ ဥပက္ကိလေသတရားတွေ ကင်းစင်တဲ့ မနောဝိညာဏ် စိတ်အစဉ်တည်နေဒါက ဌိတိ၊ အမှန်သဘောကို သိဒါကဉာဏ်၊ ဒါကိုပြန်ပေါင်းမယ်ဆိုရင် ဓမ္မဋ္ဌိတိဉာဏ်၊ ဘာဉာဏ်တဲ့လဲ ... (ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား)။

ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံသဘောကျပလား....(ကျပါတယ်ဘုရား)။

ဓမ္မဆိုဒါက အကြောင်းအကျိုးနှင့် တွန်းကန်တဲ့ သဘောအမှန်ကို တရားလို့ခေါ်တယ်၊ ပါဠိလိုခေါ်တော့ ဓမ္မပေါ့၊ မြန်မာလိုပြန်တော့ အကြောင်းအကျိုးအမှန်၊ အဲဒီအမှန်ပေါ်မှာ ဥပက္ကိလေသတရား ၁၀-ပါး ကင်းပြီးတော့ သန့်ရှင်းကြည်လင်နေတဲ့ မနောဝိညာဏ် စိတ်အစဉ်ကလေး တည်နေရင် ဌိတိလို့ခေါ်တယ်၊ အဲဒီလိုတည်နေဒါကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကိုယ်တိုင် ပညာနဲ့သိနေရင် ဉာဏ်လို့ခေါ်တယ်၊ ပေါင်းလိုက်တော့ ဓမ္မဋ္ဌိတိဉာဏ်ဆိုဒါ အကြောင်းအကျိုးနှင့် အမှန်သဘောတရားအပေါ်မှာ မနောဝိညာဏ်စိတ်အစဉ်ကလေး တည်နေဒါကိုသိတဲ့အသိကို ဓမ္မဋ္ဌိတိဉာဏ်လို့ခေါ်တယ် ဓမ္မဋ္ဌိတိဉာဏ်လို့မှတ်၊ ဘာဉာဏ်တဲ့လဲ ... (ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား)။

## ကုန်တဲ့ပျောက်တဲ့သဘောက အနိစ္စ

အဲဒီ-ဓမ္မဋ္ဌိတိဉာဏ်ကိုသိပြီးတော့ ကိုင်း—ရှေ့ဆက်ကြည့်လိုက်၊ ပဌမတကြိမ်ဖြစ်လိုက်တာကို နှလုံးသွင်းစမ်း၊ တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဟာ ဘယ်ရောက်ရောက်သွားသလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်စမ်း၊ တိုးတဲ့သဘောလေးဟာ ဘယ်ရောက်သွားသလဲလို့ကြည့်စမ်း၊ အဲဒီ-နှာခေါင်းထဲက တိုးပြီးထွက်လာတဲ့တွန်းကန်တဲ့ သ

ဘောလေးဟာ ဖြစ်ပြီးတော့ ဘယ်ရောက်သွားသလဲ၊ ဘယ်နေရာမှာသွား နေသလဲ၊ သူ့ကိုပြန်တွေ့သေးသလား၊ မတွေ့ဘူးလား....(မတွေ့ပါဘုရား)။

ဘာပြုလို့မတွေ့သလဲ၊ ပျောက်သွားလို့မတွေ့ဒါ၊ပျောက်သွားသလား၊ မပျောက်ဘူးလား....(ပျောက်သွားပါတယ်ဘုရား)။

ကိုင်း–အားလုံး အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေပြော ကြစမ်းပါ၊ ဒီအချက်ဟာ ဓမ္မဋ္ဌိတိဉာဏ်ပိုင်ဘို့အကွက်ပဲ၊ ဒါမပိုင်ရင် ဓမ္မဋ္ဌိတိ ဉာဏ်ဟာမပိုင်ဘူးနော်၊ တိုးတဲ့သဘောလေး, တွန်းတဲ့သဘောလေးဟာ ဘယ်ရောက်သွားသလဲ....(ပျောက်သွားပါတယ်ဘုရား)။

အဟုတ်ပျောက်ကဲ့လား....(ပျောက်ပါတယ်ဘုရား)။

ပျောက်တာကိုသိသလား၊ မသိဘူးလား....(သိပါတယ်ဘုရား)။

''ခယဋ္ဌေန အနိစ္စံ''။ ။ခယဋ္ဌေန၊ ကုန်ခြင်း, ပျောက်ခြင်းသဘောရှိပါ သောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ။ကုန်တဲ့ပျောက်တဲ့ သဘောကို ဘာ လို့ခေါ်သလဲ....(အနိစ္စလို့ခေါ်ပါတယ်ဘုရား)။

ကုန်တဲ့ပျောက်တဲ့သဘောကို အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများတွေ့သလား၊ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခု-ပါဠိလိုဆိုရင် အနိစ္စ၊ မြန်မာလိုဆိုရင်ကုန်ခြင်း,ပျောက်ခြင်း၊ အခု·ကုန်ခြင်း,ပျောက်ခြင်းကို တွေ့နေတော့ ပါဠိလိုဆိုရင် အနိစ္စကိုတွေ့သလား၊ မတွေ့ဘူးလား....(တွေ့ပါ တယ်ဘုရား)၊ ဘာနဲ့တွေ့သလဲ....(ဉာဏ်နဲ့တွေ့ပါတယ်ဘုရား)။

အနိစ္စကိုတွေ့ဒါ ဘာနဲ့တွေ့သလဲ....(ဉာဏ်နဲ့တွေ့ပါတယ်ဘုရား)၊ အမှန်ကိုသိတဲ့ပညာနဲ့ ဉာဏ်နဲ့တွေ့တယ်။

ကိုယ်တွေ့လား၊ ဉာဏ်တွေ့လား....(ဉာဏ်တွေ့ပါဘုရား)၊ အနိစ္စကိုတွေ့ တယ်ဆိုဒါ ကိုယ်တွေ့ တွေ့ဒါလား၊ ဉာဏ်တွေ့ တွေ့ဒါလား....(ဉာဏ်တွေ့ တွေ့ဒါပါဘုရား)၊ မျက်လုံးနဲ့တွေ့ဒါလား....(မဟုတ်ပါဘုရား)။

လက်နဲ့စမ်းကြည့်လို့အနိစ္စကိုတွေ့ဒါလား....(မဟုတ်ပါဘုရား)။

ကိုယ်နဲ့ တွေ့ထိကြည့်လို့ ကိုယ်နဲ့ တွေ့တဲ့အတွေ့လား.... (မဟုတ်ပါ ဘုရား)။

ဘာနဲ့တွေ့ပါလဲ...(ညာဏ်နဲ့တွေ့ပါဘုရား)။

မနောဝိညာဏ်စိတ်အစဉ်မှာ ပိုင်းခြားသိမြင်တတ်တဲ့ ပညာသမ္မာဒိဋ္ဌိ အမှန်ကိုသိတဲ့ပညာနဲ့ မနောဝိညာဏ်နဲ့ ပေါင်းပြီးသကာလ သိလိုက်သည် ဖြစ်သောကြောင့် ညာဏ်တွေ့ဝိပဿနာ၊ ဘာ ဝိပဿနာတဲ့လဲ....(ညာဏ်တွေ့ ဝိပဿနာပါဘုရား)၊ ကိုယ်တွေ့ဝိပဿနာနဲ့ ညာဏ်တွေ့ဝိပဿနာဟာ ဘယ်ဝိပဿနာကမှန်သလဲ.... (ညာဏ်တွေ့ဝိပဿနာက မှန်ပါတယ်ဘုရား)၊ သဘော ကျပလား.... (ကျပါတယ်ဘုရား)၊ အခု အနိစ္စ ကုန်တယ် ပျောက်တယ်၊တိုးတဲ့သဘော,တွန်းတဲ့သဘောလေးဟာ ကုန်သလား မကုန်ဘူးလား ...(ကုန်ပါတယ်ဘုရား)၊ ပျောက်သလား၊ မပျောက်ဘူးလား.... (ပျောက်ပါတယ်ဘုရား)။

ကုန်တာပျောက်တာကို သိနေဒါဟာ မနောဝိညာဏ်နဲ့တွဲပြီး ပညာနဲ့ သိနေဒါ၊ အဲဒီလိုသိနေတော့ ညာဏ်နဲ့သိနေတဲ့အသိ၊ညာဏ်နဲ့တွေ့နေတဲ့အတွေ့၊ အနိစ္စကိုတွေ့ပြီ၊ အနိစ္စကိုတွေ့ဒါဟာ ညာဏ်နဲ့တွေ့ဒါလား၊ ကိုယ်နဲ့တွေ့ဒါလား....(ညာဏ်နဲ့တွေ့ဒါပါဘုရား) ဝိပဿနာဆိုဒါ၊ ကိုယ်တွေ့လား ညာဏ်တွေ့လား....(ညာဏ်တွေ့ပါဘုရား)၊ ညာဏ်တွေ့ဝိပဿနာ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ရှင်းပလား....(ရှင်းပါတယ်ဘုရား)။

## အနိစ္စကို ကိုယ်တိုင်ညာဏ်နဲ့တွေ့

အနိစ္စကို ခု-တွေ့နေသလား မတွေ့ဘူးလား....(တွေ့နေပါတယ်ဘုရား)၊ သူများပြောပေးလို့ တွေ့ဒါလား၊ ကိုယ်တိုင်ညာဏ်နဲ့ တွေ့ဒါလား ...(ကိုယ်တိုင်ညာဏ်နဲ့တွေ့ဒါပါဘုရား)၊အမှန်လား၊ အမှားလား....(အမှန်ပါဘုရား)၊ ပျောက်သွားတယ်, ကုန်သွားတယ်ဆိုဒါမှန်ရဲ့လား.... (မှန်ပါတယ်ဘုရား)၊ အမှန်ကို ဘာလို့ခေါ်သလဲ...(တရားလို့ခေါ်ပါတယ်ဘုရား)။

အနိစ္စတရားကို တွေ့နေပြီလား၊ မတွေ့သေးဘူးလား၊ အခုလုပ်ရင် အခုတွေ့သလား၊ တော်တော်ကြာမှတွေ့သလား .. (အခုတွေ့ပါတယ်ဘုရား)၊ "အကာလိကော"။

ကိုယ်တိုင်တွေ့ဒါလား၊ သူများပြောလို့တွေ့ဒါလား ... (ကိုယ်တိုင်တွေ့ဒါပါဘုရား)။ "သန္ဒိဋ္ဌိကော"။

ဒို့လဲ မမြင်ရပါလားကွာ-မင်း အနိစ္စကို၊ အေး-မမြင်ရရင် လာပြီး လုပ်ကြည့်စမ်း၊ ကုန်တဲ့ပျောက်တဲ့သဘောကို မင်းကိုယ်တိုင် တွေ့လိမ့်မယ် လို့ သူများကို ခေါ်ဆောင်ပြသွန်း တိုက်တွန်းခြင်းငှါ ထိုက်တန်သလား၊ မထိုက်တန်ဘူးလား၊ (ထိုက်တန်ပါတယ်ဘုရား)။ "ဟောပဿိကော"။

တိုးတဲ့သဘော, တွန်းတဲ့သဘောလေးကို မင်းတွေ့ရင် အဲဒီ-တိုးတဲ့ သဘော, တွန်းတဲ့သဘောကလေးဟာ ကုန်သွားဒါ,ပျောက်သွားဒါကို မင်း ကိုယ်တိုင် တွေ့ပါလိမ့်မယ်၊ လာ-အားထုတ်ကြည့်စမ်းပါ လုပ်ကြည့်စမ်း ပါလို့ သူတပါးကို ခေါ်ဆောင်ပြသွန်းတိုက်တွန်းခြင်းငှါ ထိုက်တန်တဲ့ တရားဆိုဒါ သူဘဲ။

သန္ဒိဋ္ဌိက=ကိုယ်တိုင်၊ အကာလိက=ချက်ခြင်း၊ ဟောပဿိက = လာလုပ် ကြည့်လှဲ့ပါလို့ ခေါ်ဆောင်ပြသွန်း တိုက်တွန်းခြင်းငှါ ထိုက်တန်တဲ့တရား၊ တရားဆိုဒါ ဒီအကွက်ထဲက, ဒီသဘောထဲက လွတ်ထွက်မသွားရဘူးနော်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ခု-ဘာတွေ့နေသလဲ၊ တိုးတဲ့သဘော, တွန်းတဲ့သဘော ကုန်ပျောက်သွားတယ်ဆိုတဲ့ သဘောကို တွေ့နေသလား၊ တွေ့မနေဘူးလား....(တွေ့နေပါတယ်ဘုရား)၊ လုပ်ကြည့် စမ်းပါ ပျောက်ကဲ့လား... (ပျောက်ပါတယ်ဘုရား)။

နှာခေါင်းထဲကနေ လုပ်ကြည့်၊ ဟူးဆို မှုတ်ထုတ်ကြည့်လိုက်တဲ့အခါ ကျတော့ တိုးတဲ့သဘော ဖြစ်လာပြီးတော့ ပဌမမှုတ်ထုတ်လိုက်တဲ့ သဘော လေးဟာ ဘယ်ရောက်သွားသလဲ ...(ပျောက်သွားပါတယ်ဘုရား)။ဟုတ်ကဲ့ လား....(ဟုတ်ပါတယ်ဘုရား)။

မြဲလို့ ပျောက်သွားဒါလား၊ မမြဲလို့ ပျောက်သွားဒါလား....(မမြဲလို့ ပျောက်သွားဒါပါဘုရား)၊ အနိစ္စကိုတွေ့ပလား-(တွေ့ပါပြီးဘုရား)၊ မှတ် ထားနော်-အနိစ္စအချက်အတွက် တော်လောက်ပါပြီ။

## တိုးတဲ့သဘော တွန်းတဲ့သဘော ဂုဏ်တော် ငါးပါးနှင့်ညီ

ကိုင်း-ရှေ့ဆက်ကြစို့ရဲ၊ အဲဒီ တိုးတဲ့သဘောလေး, တွန်းတဲ့သဘော လေးပျောက်သွားပြီးတော့ နောက်တခါ အဲဒီ တိုးတဲ့, တွန်းတဲ့သဘော

လေးပြန်ဖြစ်လာသေးသလား၊ ဖြစ်မလာတော့ဘူးလား၊ အသစ်နော်....(ဖြစ်လာပါတယ်ဘုရား)။

ဟုတ်ကဲ့လား.... (ဟုတ်ပါတယ်ဘုရား)။

ပဋ္ဌမ တိုးတဲ့, တွန်းတဲ့သဘောလေး ပျောက်သွားပြီးတဲ့နောက် နောက်တကြိမ် တိုးတဲ့,တွန်းတဲ့သဘောလေး ပြန်ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီ ဖြစ်တဲ့ အဖြစ်ကလေးကိုကော အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကိုယ်တိုင် ဉာဏ်နဲ့သိသလား၊ မသိဘူးလား.... (သိပါတယ်ဘုရား)။

သိရဲ့လား....(သိပါတယ်ဘုရား)။

ဘုန်းကြီးက အတင်းအသိခိုင်းနေဒါလား....(မဟုတ်ပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ အသိဉာဏ်ကိုလွတ်လွတ်လပ်လပ်ကြည့်နော်၊ အပိတ်အပင် အကန့်အကွက် အတားအဆီးမရှိပါစေနဲ့၊ ပါဠိဒိဋ္ဌိခတော် ဓမ္မတွေနပမဲ့ လွတ်လွတ်သပ်လပ်ဝေဘန်နိုင်ပါစေ၊ တိုးတဲ့သဘော,တွန်းတဲ့သဘောလေး ကုန်ပျောက်သွားပြီးတဲ့နောက်-နောက်တခါအသစ်ပြန်ဖြစ်သေးသလား၊ မဖြစ်တော့ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တယ်နော်....(ဖြစ်ပါတယ်ဘုရား)။

အဲဒီ တိုးတဲ့သဘောလေးဖြစ်တာကိုရောအမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ သိသလား၊ မသိဘူးလား....(သိပါတယ်ဘုရား)။

ဖြစ်တာဟာ အမှန်လား၊ မမှန်လား....(အမှန်ပါဘုရား)။

ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

သူများပြောဒါကြားဘူးလို့လား၊ ကိုယ်တိုင်သိလို့လား....(ကိုယ်တိုင်သိလို့ပါဘုရား)။ ၊'သန္ဒိဋ္ဌိကော''။

နို့-အခုလုပ်ကြည့်ရင်အခုဖြစ်တဲ့သဘောလေးကိုတွေ့သလား၊မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

တွေ့မှတွေ့တယ်ပြောနော်၊ သံယောင်နောက်ကမလိုက်နဲ့၊ကိုယ်တိုင်ဉာဏ်နဲ့သိတဲ့အသိကိုလိုချင်လို့ သေသေချာချာ စစ်စစ် ဆေးဆေး ဓမ္မဒိဋ္ဌိတိဉာဏ်

ကို အသိဉာဏ်ပေးနေဒါပါ၊ တိုးတဲ့သဘော,တွန်းတဲ့သဘောပြန်ဖြစ်သေးသလား၊ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တဲ့အဖြစ်ကလေးကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက သိသလား၊ မသိဘူးလား....(သိပါတယ်ဘုရား)။

ဖြစ်တာ အမှန်လား၊ အမှားလား....(အမှန်ပါဘုရား)။

ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ကိုယ်တိုင်ဉာဏ်နဲ့သိဒါလား၊ သူများပြောလို့သိဒါလား.... (ကိုယ်တိုင်ဉာဏ်နဲ့သိဒါပါဘုရား)။ "သန္ဒိဋ္ဌိကော"။

ချက်ခြင်းသိဒါလား၊ တော်တော်ကြာမှ သိဒါလား....(ချက်ခြင်းသိဒါပါဘုရား)။ "အကာလိကော"။

ဖြစ်ဘာလေး ဒို့လဲမြင်ရပါလားဟုတ်ကဲ့လားကွယ်လို့တစ်ုတယောက်သော ပုဂ္ဂိုလ်ကပြောရင်အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက တိုးတဲ့သဘော, တွန်းတဲ့သဘောလေး ဖြစ်ပုံကိုသိချင်ရင် လာပြီးဘော့လုပ်ကြည့်စမ်းပါလို့ သူတပါးကို ခေါ်ဆောင်ပြညွှန်း တိုက်တွန်းခြင်းငှါ ထိုက်တန်တဲ့တရား ဟုတ်သလား၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။ "ဧဟိပဿိကော"

"ဩပနေယျိကော"-အနီးကပ်၍ သိအပ်တဲ့တရား၊ ပစ္စတ္တံဝေဒိတဗ္ဗောပညာရှိသူ ရှင်,လူအပေါင်း သူတော်ကောင်းတို့သာလျှင်သိအပ်တဲ့ တရား၊ တရားဂုဏ်ငါးပါး၊ ဘယ်နှစ်ပါးလဲ....(ငါးပါးပါဘုရား)။

သန္ဒိဋ္ဌိက, အကာလိက, ဧဟိပဿိက, ဩပနေယျိက, ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ လို့ဆိုတဲ့ တရားဂုဏ်တော် ငါးပါးနဲ့ အခု အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ တွေ့နေတဲ့အတွေ့နဲ့ညီသလား၊မညီဘူးလား... (ညီပါတယ်ဘုရား)။

သဘာကျပလား ...(ကျပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘော ဖြစ်တာကို တွေ့သလား၊ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

## အနိစ္စ, ဒုက္ခ, ဝိပရိဏာမ

အဲဒီ-ဖြစ်ပြီးတဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဟာ နောက်ဘယ်ရောက်သွားပြန်သလဲ....(ပျောက်သွားပြန်ပါတယ်ဘုရား)။

အဲဒီ-ဖြစ်တဲ့သဘောက ဇာတိတရား၊ ဘာတရားတဲ့လဲ....(ဇာတိတရားပါဘုရား)။

ဒီ-ဇာတိကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးက သုခလို့ဟောခဲ့သလား၊ ဒုက္ခလို့ဟောခဲ့သလား.... (ဒုက္ခလို့ဟောခဲ့ပါတယ်ဘုရား)။

ဇာတိပိ ဒုက္ခာ-တဲ့၊ တွေ့ပလားဒုက္ခကို....(တွေ့ပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခု ဘာတွေ့သလဲ....(ဒုက္ခကိုတွေ့ပါတယ်ဘုရား)။

အမလေးလို့ အော်ရသလား....(မအော်ရပါဘုရား)။

စုတ်သတ်ပြီးတော့ ကျွတ်ကျွတ်မည်အောင် အော်ရတဲ့ဒုက္ခမျိုးလား၊ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်, တောင့်တယ်, တင်းတယ်, အောင့်တယ်, အင့်တယ်ဆိုတဲ့ ဒုက္ခမျိုးလား၊ အဲဒီ-နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်, တောင့်တယ်, တင်းတယ်, အောင့်တယ်, အင့်တယ်ဆိုတဲ့ ဒုက္ခမျိုးက ဓမ္မတာဒုက္ခလို့ခေါ်တယ်၊ ပညတ်ဒုက္ခ။

ခု-တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဖြစ်နေတဲ့ ဒုက္ခက သဘာဝဒုက္ခလို့ခေါ်တယ်၊ ဘာဒုက္ခတဲ့လဲ....(သဘာဝဒုက္ခပါဘုရား)။

နာတယ်, ကျင်တယ်, ကိုက်တယ်,ခဲတယ်,တောင့်တယ်,တင်းတယ်, ဆိုတဲ့ ဒုက္ခမျိုးက တော်တော်လေးကြာတော့ သက်သာမသွားဘူးလား၊ အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောလေး ဖြစ်ဖြစ်နေတယ်ဆိုတဲ့ ဒုက္ခက ဘယ်တော့သက်သာမလဲ၊ ဘယ်ဒုက္ခကကြီးသလဲ၊ ဖြစ်နေတယ်ဆိုတဲ့ ဒုက္ခဟာကြီးသလား မကြီးဘူးလား၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပညာနဲ့မြင်အောင်ကြည့်နော်၊ ဉာဏ်နဲ့မြင်အောင် ကြည့်နော်၊ ဘုရားက အဲဒီ-ဒုက္ခသည် အရိယသစ္စာဒုက္ခတဲ့၊ အရိယာပုဂ္ဂိုလ်အပေါင်းတို့မြင်တဲ့ဒုက္ခဆိုဒါ အဲဒီ-ဖြစ်တဲ့သဘောဟာ ဒုက္ခဘဲလို့မြင်တယ်၊ ဒုက္ခဖြစ်သာ

တယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဖြစ်လာတယ်ဆိုဒါက ဒုက္ခ၊ကုန်ပျောက်သွားတယ်လို့ဆိုဒါက အနိစ္စ။

နို့-ကုန်တော့ ပျောက်တော့ ချက်ခြင်းဘဲဖြစ်ပြီးတော့ ချက်ခြင်းဘဲ ကုန်ပျောက်သွားသလားဆိုတော့ မဟုတ်သေးဘူး၊ ဒီနေရာမှာ ဖြစ်ပြီးဒါနဲ့ တပြိုင်နက်ထဲ ကုန်တဲ့ပျောက်တဲ့ဘက်ကို တရိပ်ရိပ် ရွှေ့ရှားပြီးတော့ နေတဲ့ ဝိပရိဏာမသဘောလို့ဆိုဒါ ရှိသေးတယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘော လေး ဖြစ်လာတာက ဒုက္ခ၊ ကုန်တဲ့ပျောက်တဲ့ဘက်ကို တရိပ်ရိပ်ရွေ့ရှားနေဒါက ဝိပရိဏာမ၊ ကုန်ပျောက်သွားတယ်ဆိုဒါက အနိစ္စ၊ ဘယ်နှစ်ချက်လဲ.... (သုံးချက်ပါဘုရား)။

အနိစ္စ, ဒုက္ခ, ဝိပရိဏာမ၊ ဘယ်နှစ်ချက်လဲ....(သုံးချက်ပါဘုရား)။

ကိုင်း-အားလုံး အမျိုးကောင်းသားတွေ,အမျိုးကောင်းသမီးတွေကော ဒီ-ဝိပဿနာကို တိုးတဲ့, တွန်းတဲ့သဘောအပေါ်မှာ အာရုံပြုပြီးတော့-ကိုင်း နှုတ်ကလိုက်ဆိုကြစမ်း၊ ဘုန်းကြီးကချပေးမယ်၊ အားလုံးကျယ်ကျယ် လိုက်ဆိုကြ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ၊ ဘယ်နှစ်ချက်လဲ....(သုံးချက်ပါဘုရား)၊ သုံးချက်နော်။

တိုးတဲ့သဘော,တွန်းတဲ့သဘောလေးဖြစ်တာ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဉာဏ်နဲ့တွေ့ရဲ့လား....(တွေ့ပါတယ်ဘုရား)။

လုပ်ကြည့်စမ်း ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

တွေ့ရဲ့လား ဖြစ်တဲ့သဘောလေးကို....(တွေ့ပါတယ်ဘုရား)။

ဒီသဘောကို ဘုရားရှင်ကိုယ်တော်မြတ်က ဒုက္ခလို့ဟောသလား၊ သုခလို့ ဟောသလား... (ဒုက္ခလို့ဟောပါတယ်ဘုရား)၊ အင်မတန် အသိခက်တယ် နော်။

အဲဒီ-ဖြစ်ပြီးတဲ့နောက် ရိပ်ရိပ်ရိပ်ရိပ်နဲ့ တရွေ့ရွေ့ကုန်တဲ့ ပျောက်တဲ့ ဘက်ကိုပြောင်းသွားဒါက ဝိပရိဏာမ၊ ကုန်ပျောက်သွားတယ်ဆိုတဲ့အပိုင်း ကိုလဲ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တွေ့သလား မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)၊ အဲဒါက-အနိစ္စ။

တိုးတဲ့သဘော, တွန်းတဲ့သဘောမှာ ဒီ-သုံးချက်အပြင် တခြားရှိသေး သလား....(မရှိပါဘုရား)။

## သရက်သီးဥပမာ

ကိုင်း-သက်သေပြကြစို့ရဲ့၊ သရက်သီးကလေးတလုံးကိုကြည့်ပါ၊ ဒါက သက်သေနော်၊ ဝိပဿနာရှုဘို့ပြဒါမဟုတ်ဘူး၊ ဗဟိဒ္ဓအနိန္ဒြိယဗဒ္ဓ ရုပ်များကို ဝိပဿနာမရှုရဘူး၊ ဣန္ဒြိယဗဒ္ဓရုပ်များကိုသာ ဝိပဿနာရှုရမယ်၊ အဲဒါကြောင့် ဟိုသရက်သီးဆိုဒါက အနိန္ဒြိယဗဒ္ဓရုပ်၊ ဒါ့ပမဲ့ ဒီ-အနိန္ဒြိယဗဒ္ဓ ရုပ်ကိုဘာပြုလို့ ထဲ့ပြောရသလဲလို့ဆိုတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဝိပဿနာဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရအောင် ယူတဲ့နေရာမှာ သဘောလေးပေါ်လာအောင်လို့ အသိဉာဏ်လေး ပိုရှင်းသွားအောင်လို့ ဒီ-ဥပမာလေးကိုပြရဒါ၊သရက်သီးလေးတလုံးဟာမမှည့်ခင်တုန်းကအဲဒီ သရက်သီးရဲ့ အရောင်ကလေးဟာ စိမ်းစိမ်းလေးနေသလား၊ မနေဘူးလား....(နေပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘယ်လိုနေသလဲ.... (စိမ်းစိမ်းကလေးနေပါတယ်ဘုရား)၊ အရောင်နော်။

အရသာက ဘယ်လိုနေသလဲ....(ချဉ်ပါတယ်ဘုရား)။

အားလုံးပြောကြ၊အရောင်က ဘယ်လိုနေသလဲ....(စိမ်းပါတယ်ဘုရား)။

သရက်သီးရဲ့အရောင်ဟာ မမှည့်ခင်က စိမ်းတယ်၊ အရသာကချဉ်တယ်၊ ဘယ်လိုနေသလဲ....(ချဉ်ပါတယ်ဘုရား)။

ကိုင်း- သရက်သီးအမှည့် ရောက်သွားတဲ့အခါကျတော့ အရောင်စိမ်းစိမ်းလေးလား၊ဝါဝါလေးလား.... (ဝါဝါလေးပါဘုရား)။

ဒီ-သရက်သီးမှာ ပဌမတုန်းကစိမ်းတဲ့အရောင်ကလေးတွေ ဘယ်ရောက်ကုန်သလဲ....(ပျောက်ကုန်ပါတယ်ဘုရား)၊ အနိစ္စ။

ဘာအရောင်တွေ ဖြစ်လာသလဲ....(အဝါရောင်ပါဘုရား)၊ ဒုက္ခ။

မြင်အောင်ကြည့်၊ ဉာဏ်နဲ့မြင်အောင်ကြည့်နော်။

အစိမ်းရောင်ကလေးတွေ ပျောက်သွားဒါ အနိစ္စ၊ အဝါရောင်ဖြစ်လာဒါ ဒုက္ခ။

နို-အချဉ်ဓာတ်တွေမှည့်တဲ့အခါကျတော့ ချဉ်တယ်ဆိုတဲ့ အရသာတွေရှိသေးသလား၊ မရှိဘူးလား....(မရှိပါဘုရား)။

ဘယ်ရောက်ကုန်သလဲ....(ပျောက်သွားပါတယ်ဘုရား)။

ဘာအရသာတွေ ဖြစ်ပေါ်လာသလဲ....(ချိုတဲ့အရသာတွေ ဖြစ်လာပါတယ်ဘုရား)။

ချဉ်တဲ့အရသာတွေ ပျောက်သွားဒါက အနိစ္စ၊ ချိုတဲ့အရသာတွေဖြစ်လာဒါက သုခလား၊ ဒုက္ခလား....(ဒုက္ခပါဘုရား)၊ဒုက္ခ၊မြင်အောင်ကြည့်။

သရက်သီးလေးချိုလာပြီဆိုတော့ သုခလို ထင်သွားရော၊ ဒုက္ခလို့ကို မထင်ဘူး၊ချိုတဲ့အရသာတွေဖြစ်လာပြီ၊ ဇာတိပိဒုက္ခာ၊ ဘာတဲ့လဲ....(ဒုက္ခပါဘုရား)။

ဟိုတနေ့ကဟောခဲ့တဲ့ ကစ္စာနဂေါတ္တသုတ္တန်မှာ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ"-ဖြစ်တယ်ဆိုရင်တော့ အမှည့်လေးဘဲဖြစ်ဖြစ်,အဝါလေးဘဲဖြစ်ဖြစ်, အစိမ်းရောင်ဘဲဖြစ်ဖြစ်, ချိုတဲ့အရသာဘဲဖြစ်ဖြစ်, ချဉ်တဲ့ အရသာဘဲဖြစ်ဖြစ် အဲဒီ-အရသာ ဖြစ်လာရင်ဖြင့်-ဒုက္ခမေဝ၊ ဆင်းရဲသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ်။ သုခတော့မဖြစ်ဘူး။ အဲဒီ-သရက်သီးကလေးဟာ အစိမ်းကနေပြီးတော့ အမှည့်ရောင်လေး,အဝါရောင်လေးပြောင်းသွားဒါဟာ ချက်ခြင်းပြောင်းသွားဒါလား၊ နေ့ရှိသရွေ့, နာရီရှိသရွေ့, အချိန်ရှိသရွေ့ အချိန်တိုင်း တရွေ့ရွေ့ ပြောင်းနေဒါလား၊ မြင်အောင်ကြည့်နော်၊ ချက်ခြင်းပြောင်းပြီးသားချည်း မြင်နေဒါကတော့ဖြင့် အစိမ်းကနေပြီး အဝါဖြစ်သွားဒါကိုမြင်ဒါက အညထာဘာဝလို့ခေါ်တယ်၊ ဝိပရိဏာမ မဟုတ်ဘူး၊ တမျိုးဖြစ်နေတယ်၊ အစိမ်းကနေ အဝါရောင်ဆိုတော့ တမျိုးဖြစ်မသွားဘူးလား....(ဖြစ်သွားပါတယ်ဘုရား)၊ အဲဒါ-အညထာဘာဝ၊ တမျိုးဖြစ်နေတယ်။

ဒီ-အညထာဘာဝ ဖြစ်ဘို့ရန်အတွက် အစိမ်းရောင်ကလေး ဖြစ်ပြီးဒါနဲ့ တပြိုင်နက်ထဲ အဝါရောင်ဖြစ်ဘို့ဘက်ကို နေ့ရှိသရွေ့ အချိန်တိုင်းပြောင်းရွေ့ပြီးတော့ တရွေ့ရွေ့ပြောင်းနေတဲ့ သဘောကလေးဟာ ထင်ထင်ရှားရှားရှိသလား၊ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီ-ပြောင်းရွေ့တဲ့သဘောတရားက လေးက ဝိပရိဏာမတရားလို့ခေါ်တယ်၊ ဘာတရားတဲ့လဲ...(ဝိပရိဏာမတရားပါဘုရား)။

အဲဒီလို-သရက်သီးလေးတလုံး အစိမ်းရောင်ကနေပြီးတော့ အဝါရောင်ကို ပြောင်းသွားတဲ့နေရာမှာ, အချဉ်ဓာတ်ကနေပြီးတော့ အချိုဓာတ်ကို ပြောင်းတဲ့နေရာမှာ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်လို့ ဆိုတဲ့အချက်သုံးချက် ထင်ထင်ရှားရှားကြီး ဖြစ်နေသလို တိုးတဲ့သဘောလေးမှာလဲဘဲ တိုးတဲ့သဘောလေးဖြစ်လာတဲ့ ဒုက္ခ၊ ဖြစ်သည်နှင့် တပြိုင်နက်ထဲ ဖြစ်ပြီးဒါနဲ့တပြိုင်နက်ထဲ ကုန်တဲ့ပျောက်တဲ့ဘက်ကို တရိပ်ရိပ်ပြောင်းရွှေ့နေတဲ့ ဝိပရိဏာမအချက်ကလေးတွေဟာ အချိန်တိုင်းမှာပါနေတယ်၊ အဲဒီလို ပြောင်းရွှေ့ပြီးတော့မှ ကုန်တယ်,ပျောက်တယ်ဆိုတဲ့သဘောဖြစ်ရတယ်၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ၊ ဘယ်နှစ်ချက်လဲ....(သုံးချက်ပါဘုရား)။

တိုးတဲ့တွန်းတဲ့သဘောမှာ အချက် ၃-ချက်တွေ့

တိုးတဲ့,တွန်းတဲ့ သဘောကလေးမှာ ဒီ-အချက်သုံးချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဝိပဿနာရှုတဲ့အခါမှာ တွေ့သလား၊ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ကိုယ်တိုင်ဉာဏ်နဲ့တွေ့သလား၊ သူများပြောလို့ တွေ့ဒါလား... (ကိုယ်တိုင်ဉာဏ်နဲ့တွေ့ဒါပါဘုရား)။

ဒီ-အချက် သုံးချက်ကို ဉာဏ်နဲ့တွေ့ဒါလား၊ သူများပြောလို့ တွေ့ဒါလား....(ဉာဏ်နဲ့တွေ့ဒါပါဘုရား)။

မျက်လုံးနဲ့တွေ့သလား(မတွေ့ပါဘုရား)။
လက်နဲ့ကိုင်တွယ်စမ်းသပ်ကြည့်လို့ တွေ့သလား.... (မတွေ့ပါဘုရား)။
ဘာနဲ့မှတွေ့သလဲ.... (ဉာဏ်နဲ့မှတွေ့ပါတယ်ဘုရား)။

"ဘာဝနာနယောဂံ အနန္နယုတ္တသံ ဘိက္ခဝေ ဘိက္ခုနော ဝိဟရတော"—

လို-ဟိုဝါသိဇ္ဇသုတ္တန်မှာ ဟောခဲ့တဲ့အတိုင်းအားမထုတ်ရင်ကော ဒီ-အချက်သုံးချက်ကို တွေ့မလား၊ မတွေ့ဘူးလား... (မတွေ့ပါဘုရား)။

ဒါကြောင့်"တရားဆိုဒါသိရင် ပြီးဒါပါဘဲကွယ်–အားထုတ်စရာမလိုပါဘူး"လို့ပြောကြတယ်၊ အားမထုတ်ရင် ဒီ–အချက်သုံးချက်ကို တွေ့မလား၊ မတွေ့ဘူးလား....(မတွေ့ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကိုယ်ပိုင်ဉာဏ်နဲ့ဒီနေရာမှာ အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်ပါ၊ဒါလောက်နူးညံ့သိမ်မွေ့တဲ့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ပေးသနားထားတော်မူတဲ့ ပါဠိတော်မူ– ပါဠိတော်နည်းဟာ အင်မတန် နူးလဲနူးညံ့တယ်၊ အင်မတန် သိမ်လဲသိမ်မွေ့တယ်၊ အချက်အလက်တွေကို ကိုယ်တိုင် အလုပ်မလုပ်ဘဲနဲ့ တကယ်အလုပ်မလုပ်ဘဲနဲ့တွေ့နိုင်မြင်နိုင်ပမလား၊ သူများပြောဒါနဲ့ ဒီ-အသိဉာဏ် ပိုင်နိုင်ပမလားဆိုဒါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ကိုယ်ပိုင်ဉာဏ်ကို ဒီ–နေရာမှာ စေစားပြီးတော့ဆုံးဖြတ်ချက်ချပါ၊ဘုန်းကြီးတို့က ဘာလို့မပြောလိုဘူး ပါဠိတော်ကိုညွှန်ပြဘို့တာဝန်သာရှိတယ်။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်လို့ဆိုတဲ့ ဒီ-အချက်သုံးချက်ကို တိုးတဲ့သဘော, တွန်းတဲ့သဘောပေါ်မှာ တွေ့သလား၊ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

ကိုယ်နဲ့တွေ့ဒါလား၊ ဉာဏ်နဲ့တွေ့ဒါလား....(ဉာဏ်နဲ့တွေ့ဒါပါဘုရား)။

ဝိပဿနာတရားဆိုဒါ ကိုယ်တွေ့တရားလား၊ ဉာဏ်တွေ့တရားလား....(ဉာဏ်တွေ့တရားပါဘုရား)။

သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား)။

သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ရှင်းရှင်းလင်းလင်း, ကွက်ကွက်ကွင်းကွင်း, ပြတ်ပြတ်သားသား အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ဉာဏ်မှာ ထင်ရှားပလား....(ထင်ရှားပါတယ်ဘုရား)။

အဲဒီလိုသိနေတဲ့အသိဉာဏ်နဲ့ ကုန်တဲ့, ပျောက်တဲ့သဘောကို သိတယ်၊ အသစ်ဖြစ်တဲ့သဘောကိုသိတယ်၊ ကုန်တဲ့,ပျောက်တဲ့သဘောကို သိတယ်ဆိုဒါက အနိစ္စလို့သိတယ်၊ အသစ်ဖြစ်တဲ့သဘောတရားကိုသိဒါက ဒုက္ခလို့သိ

တယ်၊ ပြောင်းရွှေ့တဲ့သဘောကိုသိဒါက ဝိပရိဏာမလို့ သိတယ်၊ အဲဒီ-သုံးချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ဉာဏ်မှာ ထင်ထင်ရှားရှား, ကွက်ကွက်ကွင်းကွင်း လက်ပေါ်မှာ ပတ္တမြားလုံးကိုတင်ပြီး ကြည့်ဘိသကဲ့သို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ဉာဏ်မှာ ရှင်းရှင်းလင်းလင်း, ကွက်ကွက်ကွင်းကွင်း တွေ့သလား၊ မတွေ့ဘူးလား ....(တွေ့ပါပြီဘုရား)။

## အချက် ၃-ချက်တွေ့လျှင် ဓမ္မဋ္ဌိတိဉာဏ်

မဒတ္တ မတွေ့မချင်းကြည့်ပါ၊ တွေ့အပ် တွေ့သင့် တွေ့ထိုက်တဲ့ တွေ့ကောင်းတဲ့တရားမျိုးမို့လို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က တွေ့အောင်ညွှန်ပြခဲ့တဲ့ တရားဖြစ်ပါတယ်၊ အဲဒီလိုတွေ့နေရင် ထင်ထင်ရှားရှား တိုးတဲ့သဘော,တွန်းတဲ့သဘောရဲ့-

(၁) အနိစ္စအချက်,
(၂) ဒုက္ခအချက်,
(၃) ဝိပရိဏာမအချက်-

ကို ကွက်ကွက်ကွင်းကွင်း,ပြတ်ပြတ်သားသား, ကြည်ကြည်လင်လင် တွေ့နေရင်, ကြည်ကြည်လင်လင်သိနေရင်ဘဲ ဒီ-အသိဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်တယ်၊ ဘာဉာဏ်တဲ့လဲ....(ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား)၊ ဓမ္မဋ္ဌိတိဉာဏ်နော်။

အဲဒီ- ဓမ္မဋ္ဌိတိဉာဏ်ကိုရောက်နေတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ ပါဠိတော်အရပြောရမယ်ဆိုရင် နိဗ္ဗာန်မြင်ဘို့အတွက် ခြေဘယ်နှစ်လှမ်းလိုသေးသလဲ.... (တလှမ်းပါဘုရား)၊ တလှမ်းထဲလိုတော့တယ်။

ဒီ-ဉာဏ်ကိုသာ ရောက်ပါစေ၊ "အသဒ္ဓေါ စ အမာယာဝီ" ဆိုတဲ့ပဓာနိယင်္ဂတရား ငါးပါးမှာပါတဲ့ မိမိကိုယ်ကို မိမိလေိမ်ရင်, မိမိကိုယ်ကိုမိမိမညာရင်, မိမိကိုယ်ကိုမိမိမလှည့်ပတ် မဖြားယောင်းရင်, မိမိကိုယ်ကို မိမိမကောက်ကျစ် မစဉ်းလဲရင်, မိမိကိုယ်ကို မိမိမသွေဖီရင်, မိမိကိုယ်ကို မိမိ မလှီးလွှဲခဲ့လို့ ရှိရင် ဒီ-အသိဉာဏ်ရကြောင်းကို မိမိကိုယ်ကိုမိမိ ခုနက မသွေဖီ မလှီးလွှဲ

မညာမလိမ်သို့ရှိရင်ဖြင့် ဒီ–အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများဟာ မိမိကိုယ်တိုင်ဆုံးဖြတ်ပါ၊ နိဗ္ဗာန်မြင်ဘို့အတွက် ခြေတလှမ်းလက်တလှမ်းဘဲ လိုတော့တယ်၊ တလှမ်းစာကလေးဘဲ လိုတော့တယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခုဘာညဏ်တဲ့လဲ....(ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား)၊ ဓမ္မဋ္ဌိတိဉာဏ်နော်။

မေးနေရခါက ဘာပုလို့မေးနေရဒါလဲဆိုတော့ အလုပ်အားထုတ်တဲ့အခါမှာ နောင်ကိုအလုပ်လုပ်တဲ့အခါမှာ ပြတ်ပြတ် သားသားလုပ်တတ်အောင်လို့ အခုဥစ္စာကအလုပ်ကို သင်တန်းပေးနေဒေါ ဖြစ်တဲ့အတွက် ဘုန်းကြီးက မေးနေဒါပါ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ နောင်အလုပ်လုပ်တဲ့အခါမှာ ဒီအသိဉာဏ်တွေ ကွက်ကွက် ကွင်းကွင်းပေါ်ဘို့ရန်အတွက် တိုးတဲ့သဘော, တွန်းတဲ့သဘောလေးရဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်ကို တွေ့အောင် ပြနေရပါတယ်။

## ဓမ္မာနုပဿနာရှုကွက် အချက် ၃-ချက်

တိုးတဲ့သဘော, တွန်းတဲ့သဘောကရုပ်၊ ဘာတရားတဲ့လဲ....(ရုပ်တရားပါဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးဖြစ်ဘာက ရူပသမုဒယ၊ ဘာလို့ခေါ်သလဲ....(ရူပသမုဒယလို့ ခေါ်ပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောလေး ချုပ်ဆုံးကွယ်ပျောက်သွားဒါက ရူပနိရောဓ၊ ဘာတဲ့လဲ ...(ရူပနိရောဓပါဘုရား)။ ဒါကိုအတ္ထင်္ဂမလို့လဲခေါ်တယ်၊ ဘာသို့ခေါ်သလဲ ...(အတ္ထင်္ဂမလို့ခေါ်ပါတယ်ဘုရား)။

အဲဒါကို ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေနဲ့–"ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော" ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါတဲ့၊ ဘာသတိပဋ္ဌာန်တဲ့လဲ... (ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား)။

သဘာဝတရားအတိုင်း ရှုလိုက်တဲ့သတိပဋ္ဌာန်ကို ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ခေါ်တယ်၊ တိုးတဲ့သဘော,တွန်းတဲ့သဘောလေးကရုပ်။

(၁) ဣတိ၊ ဤတိုးတဲ့သဘော,တွန်းတဲ့သဘောသည်။ ရူပံ၊ ဖောက်ပြန်တဲ့ရုပ်။

(၂) ဣတိ၊ ဤသဘောတရားကတော့။ ရူပဿသမုဒယော၊ ရုပ်တရားတွေရဲ့ဖြစ်ခြင်း။

(၃) ဣတိ၊ဤသဘောတရားကတော့။ ရူပဿ အတ္ထင်္ဂမော၊ ရုပ်တရားတွေရဲ့ ချုပ်ဆုံးကွယ်ပျောက်ခြင်း။

အနိစ္စအချက်, ဒုက္ခအချက် ရှုပလို့ခေါ်တဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော သဘာဝလက္ခဏာအချက်၊ အဲဒီအချက်ကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ထပ်ပြန်တလဲလဲရှုပြီး သကာလ နေရင်ဖြင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ခေါ်တယ်၊ ဘာ သတိပဋ္ဌာန်တဲ့လဲ....(ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)။

သတိပဋ္ဌာန်တရားလေးပါးတို့တွင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်၊ ဘာသတိပဋ္ဌာန်လို့ခေါ်ပါသလဲ.... (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)။

## ဝိညာဉ် ၆-မျိုးနှင့် ဓမ္မာရုံ ၆-မျိုး

အဲဒီနေရာမှာ တိုးတဲ့သဘော, တွန်းတဲ့သဘောကရုပ်၊ ဘာတရားတဲ့လဲ....(ရုပ်တရားပါဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောလေးကို သိနေဒါက ဝိညာဏ်၊ ဘာတဲ့လဲ....(ဝိညာဏ်ပါဘုရား)။

ဘာဝိညာဏ်ပါလိမ့်....(မနောဝိညာဏ်ပါဘုရား)။

ဘာဝိညာဏ်လဲ ဝိညာဏ်ကခြောက်မျိုးတောင်ရှိတယ်။

(၁) စက္ခုဝိညာဏ်,
(၂) သောတဝိညာဏ်,
(၃) ဃာနဝိညာဏ်,
(၄) ဇိဝှါဝိညာဏ်,
(၅) ကာယဝိညာဏ်,
(၆) မနောဝိညာဏ်—

ဆိုတဲ့ ဝိညာဏ်ခြောက်မျိုးတို့တွင် မနောဝိညာဏ်၊ ဓမ္မာရုံသဘောတရားကို အာရုံပြုတတ်တဲ့ မနောဝိညာဏ်။

(၁) စက္ခုဝိညာဏ်ဆိုဒါက ရူပါရုံကိုသာ အာရုံပြုနိုင်တယ်၊ ဒိပြင် အာရုံမပြုနိုင်ဘူး။
(၂) သောတဝိညာဏ်ဆိုဒါကလဲ အသံကိုသာ အာရုံပြုနိုင်တယ်၊ တခြားကို အာရုံမပြုနိုင်ဘူး။
(၃) ဃာနဝိညာဏ်ဆိုဒါကလဲ အနံ့ကိုသာ အာရုံပြုနိုင်, အာရုံယူနိုင် တယ်၊ တခြားအာရုံကို မယူနိုင်ဘူး။
(၄) ဇိဝှါဝိညာဏ် ဆိုဒါကလဲ အရသာကိုသာ အာရုံပြုနိုင်, အာရုံယူ နိုင်တယ်၊ တခြားဘာမျှ အာရုံမပြုနိုင် အာရုံမယူနိုင်ဘူး။
(၅) ကာယဝိညာဏ်ဆိုဒါကလဲ ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုနိုင်, ယူနိုင် တယ်၊ တခြားဘာမျှအာရုံမပြုနိုင်, မယူနိုင်ဘူး။
(၆) အခု မနောဝိညာဏ်ကျတော့ သူယူနိုင်တဲ့အာရုံက ခြောက်မျိုး ရှိပါတယ်။

ဒါကို ဘုန်းကြီးတို့ ငယ်စဉ်ကဆိုခဲ့တဲ့ သင်္ဂြိုဟ်ကျမ်းမှာ သင်္ဂြိုဟ်လက် သန်း အဋ္ဌကထာကို အဘိဓမ္မတ္ထသင်္ဂဟလို့ ခေါ်ပါတယ်၊ အဲဒီလက်သန်း အဋ္ဌကထာမှာ—

"ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမရူပ စိတ္တစေတသိက
နိဗ္ဗာန ပညတ္တိဝသေန် ဆဓာ သင်္ဂယှတိ"။

အဲဒီ-မနောဝိညာဏ်ယူနိုင်တဲ့ ဓမ္မာရုံဆိုဒါ ခြောက်မျိုးတဲ့၊ ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်နဲ့ ပညတ်-ပေါင်း ခြောက်မျိုး၊ဒီတော့-မနောဝိညာဏ်က နိဗ္ဗာန်ကိုအာရုံပြုနိုင်သလား၊ မပြုနိုင်ဘူးလား.... (ပြုနိုင် ပါတယ်ဘုရား)။

စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယ ဝိညာဏ်များက နိဗ္ဗာန်ကို အာရုံပြုနိုင်သလား၊ မပြုနိုင်ဘူးလား.... (မပြုနိုင် ပါဘုရား)၊ မပြုနိုင်ဘူး။

## ဝိညာဏ်, နာမ်, ရုပ်သိ ဓမ္မဋ္ဌိတိဉာဏ်

အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများ....အဲဒါကြောင့် ဒီ-မနောဝိညာဏ် စိတ်အစဉ်ကနေ ဖဲ်းလို့ တိုးတဲ့သဘော, တွန်းတဲ့သဘော

က ရုပ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘောကို သိနေဒါက မနောဝိညာဏ်၊ ဘာ ဝိညာဏ်တဲ့လဲ....(မနောဝိညာဏ်ပါဘုရား)။

တိုးတဲ့သဘော,တွန်းတဲ့သဘောမှာ ဖြစ်တယ်,ကုန်တယ်, ပြောင်းရွှေ့နေတယ်ဆိုတဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေကို ပိုင်းခြားပေးနေဒါက ပညာ၊ ပိုင်းခြားပေးနေဒါက ဘာတဲ့လဲ....(ပညာပါဘုရား)။

အဲဒီ-ပညာက (နာမ်)၊ မနောဝိညာဏ်ဆိုတဲ့ ဝိညာဏ်ရယ်၊ တိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော ရုပ်ရယ်၊ ပိုင်းခြားပေးနေတဲ့ပညာဆိုတဲ့ နာမ်ရယ်ဆိုတော့ ဝိညာဏ်, နာမ်, ရုပ် သုံးခုကို ဒီဒန္ဒရာမှာ မချုပ်မိဘူးလား၊ ချုပ်မိသလား....(ချုပ်မိပါတယ်ဘုရား)။

ဒီ-ဝိညာဏ်, နာမ်, ရုပ်ကို ငုံမိသလား....(ငုံမိပါတယ်ဘုရား)။

အဲဒီ-ဝိညာဏ်, နာမ်, ရုပ်ခေါ်တဲ့တရားကို ငုံမိချုပ်မိတဲ့ အသိဉာဏ်သည် ဓမ္မဋ္ဌိတိဉာဏ်၊ ဘာဉာဏ်တဲ့လဲ....(ဓမ္မဋ္ဌိတိဉာဏ်ပါဘုရား)။

သဘောပေါက်ပလား....(ပေါက်ပါပြီဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံဟာ ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား)။

နောက် မရှင်းသေးရင်လဲ ဟိုမှာ ကြိုးခွေသွင်းထားဒါတွေ ရှိပါတယ်နော်၊ အခု အဲဒီလို ကြိုးခွေသွင်းထားဒါတွေရှိတော့ ဘုန်းကြီးများ ဟောပြော ပြသနေရတဲ့ တရားဒေသနာတော် အချက်အလက်တွေဟာ နောက်လဲဘဲ မရှင်းလင်းသေးတဲ့ အချက်အလက်တွေကို ဒီသွင်းထားတဲ့ ကြိုးခွေမှာ ပြန်ပြီးတော့ နာခံမှတ်သားမယ်ဆိုရင်ဖြင့် အဲဒီဓမ္မဋ္ဌိတိဉာဏ် အချက်အလက်တွေဟာ ကွက်ကွက်ကွင်းကွင်း ပေါ်ပါတယ်။

## ပိုင်းခြားပေးနေဒါ ပညာ

အဲဒီလို မနောဝိညာဏ် စိတ်အစဉ်မှာ ပေါ်ဒါတွင်မကဘဲနဲ့ တကယ် ဝိပဿနာအလုပ်ကို ဝင်ပြီးတော့အားထုတ်တဲ့အခါကာလမှာ တိုးတဲ့သဘော, ဘွန်းတဲ့သဘောကလေးကို တွေ့တိုင်းတွေ့တိုင်း အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်ဆိုတဲ့ ပညာပါပါစေနော်၊ ဘာပါရမလဲ....(ပညာပါရပါမယ်ဘုရား)။

ပညာဆိုဒါ နာမ်လား, ရုပ်လား....(နာမ်ပါဘုရား)။

သူကပိုင်းခြားပေးနေတယ်၊ အဲဒီလို တိုးတဲ့သဘော, တွန်းတဲ့သဘောကို ပိုင်းခြားပြီးသကာလ ပေးနေတဲ့ပညာက ပိုင်းခြားပေးရုံတွင် မဟုတ်ဘူး၊ သူကဘာလုပ်တတ်သေးသလဲ၊ "နိစ္စသညံ ပဇဟတိ"=မြဲတယ်လို့ထင်တဲ့အထင်ကြီးကိုလဲ ပယ်နိုင်သေးတယ်၊ သူ့သတ္တိက အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားဟောတဲ့အခါမှာဖြစ်ဖြစ်, တရားနာတဲ့အခါမှာဘဲဖြစ်ဖြစ်, စာအုပ်စာတမ်း စာဘတ်တဲ့အခါမှာဘဲဖြစ်ဖြစ် ဒီတရားရဲ့တရားတလုံးဟာလုံးရဲ့ သတ္တိအထူးပေါ်အောင်လို့တရားဟောရတယ်၊ ဒီတရားဘလုံးတလုံးရဲ့သတ္တိအထူးပေါ်လာအောင် တရားနာရတယ်၊ ဒီတရားတလုံးတလုံးရဲ့ သတ္တိအထူးပေါ်လာအောင် စာဘတ်ရတယ်၊ အမှတ်တမဲ့တရားမဟောပါနဲ့၊ အမှတ်တမဲ့တရားမနာပါနဲ့၊ အမှတ်တမဲ့စာမဘတ်ပါနဲ့၊ ပြတ်ပြတ်သားသား, ကွက်ကွက်ကွင်းကွင်း, ရှင်းရှင်းလင်းလင်းနဲ့ သတ္တိအထူးကလေးပေါ်လာအောင် တရားနာပါ, စာဘတ်ပါ၊ အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အရေးကြီးနေဒါက ပညာ၊ ဘာအရေးကြီးနေသလဲ....(ပညာပါဘုရား)။

ဒီပညာဆိုတဲ့ နာမ်တရားရဲ့ သတ္တိအထူးက ဘာလုပ်သလဲ၊ အနိစ္စအချက်ပါကလား၊ ကုန်တဲ့ပျောက်တဲ့သဘောပါကလား၊ တိုးတဲ့, တွန်းတဲ့သဘောပါကလား,အသစ်ဖြစ်တဲ့သဘောတရားပါကလား, တရွှေ့ရွှေ့ကုန်တဲ့ပျောက်တဲ့ဘက်ကို ပြောင်းရွှေ့ပေးနေတဲ့သဘောပါကလားလို့ ပိုင်းခြားပေးနေပါတယ်၊ ပိုင်းခြားပေးနေဒါ ဘယ်သူလဲ....(ပညာပါဘုရား)၊ ပညာ။

ပညာရဲ့သတ္တိဟာ ဒါဘဲ၊ မနောဝိညာဏ်က အဲသလို ပိုင်းခြားမပေးနိုင်ဘူး၊ ပညာက ပိုင်းခြားပေးနေဒါကို သူက သိရုံလိုက်လိုက်သိပေးနေဒါ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်နေ၁်-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာတဲ့လဲ....(ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

ပညာကပိုင်းခြားပေးတယ်၊ မနောဝိညာဏ်က ဘာလုပ်ပေးသလဲ....(သိပေးပါတယ်ဘုရား)။

ဘယ်လိုပိုင်းခြားပေးသလဲ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောလေးပါက လား, ဖြစ်တဲ့သဘောလေးပါကလား, ဒုက္ခသဘောပါကလား, ကုန်တဲ့ ပျောက်တဲ့အနိစ္စသဘောပါကလား,ဟောဒါပညာကပိုင်းခြားပေးဒါ၊ပညာ က ပိုင်းခြားပေးတိုင်း, ပိုင်းခြားပေးတိုင်း မနောဝိညာဏ်ကဒက်ကနဲဒက်က နဲ လိုက်သိပေးတယ်၊ အဲဒီလို လိုက်သိပေးလိုက်တော့ တိုးတဲ့သဘော, တွန်း တဲ့သဘောကလေးကို ပိုင်းခြားပေးဒါက ဘယ်အပေါ်မှာ ပိုင်းခြားပေးနေ သလဲ၊ တိုးတဲ့သဘော, တွန်းတဲ့သဘောတည်းဟူသော တွန်းကန်တဲ့ဝါယော လေဓာတ် ရုပ်ပရမတ်ပေါ်မှာပိုင်းခြားပေးတယ်၊ ဒီတော့ တွန်းကန်တဲ့ပရ မတ်ကလေး ဖြစ်တိုင်းဖြစ်တိုင်း ပိုင်းခြားပေးတဲ့ပညာကော မဖြစ်ဘူးလား ....(ဖြစ်ပါတယ်ဘုရား)။

ပိုင်းခြားပေးတဲ့ ပညာဖြစ်တိုင်းဖြစ်တိုင်း ဝိညာဏ်ဆိုတဲ့မဇနောဝိညာဏ် ကော မဖြစ်ဘူးလား၊ ဖြစ်သလား....(ဖြစ်ပါတယ်ဘုရား)။

ဒီတော့ တခါတခါဖြစ်ရင် တရားဘယ်နှစ်လုံးဖြစ်သလဲ....(သုံးလုံးဖြစ် ပါတယ်ဘုရား)။

တပြိုင်နက်ဖြစ်ကြတော့ ဘယ်သူက အရင်စဖြစ်သလဲလို့ မေးစရာရှိသ လား၊ မရှိဘူးလား ...(ရှိပါတယ်ဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောက အရင်စဖြစ်သလား၊ ဝိညာဏ်က အရင်စပြီးတော့ ဖြစ်သလား၊ ပညာပိုင်းခြားမှုက အရင်စဖြစ်သလား ဆိုရင် ဘယ်လိုပြောမလဲ၊ ဘသူကအရင်စဖြစ်သလဲ၊ ပရမတ္ထစက္ကူမှာ ဒီပဲရင်း ဆရာတော်ကြီးက—

> "အာရုံနှင့်စိတ်၊ စေတသိက်၊ ဖြစ်လိမ့်အစ၊ ဘသူကနည်း"လို့ ဒီလိုအမေးပုစ္ဆာပြုခဲ့ပါတယ်။

## ဝိညာဏ်,နာမ်,ရုပ်, ဖြစ်ပုံနှင့် ဥပမာ

တိုးတဲ့သဘော,တွန်းတဲ့သဘောရယ်၊ မနောဝိညာဏ်ရယ် ပိုင်းခြားတဲ့ ပညာရယ်၊ ဘသူကအရင်စဖြစ်သလဲဆိုတော့ ဝါယောလေဓာတ် ရုပ်ပရမတ် ဖြစ်တဲ့ တွန်းကန်မှုသဘောကိုသာ အကြောင်းပြုပြီး ဝိညာဏ်ရယ်, နာမ်ရယ် ဆိုတဲ့ တရားတွေ ဖြစ်ပေါ်လာပါတယ်။

ဘယ်လိုဖြစ်သလဲဆိုတော့ ဒီနေရာမှာ လောကဥပမာ သက်သေလေး တခုပြကြပါစို့ရဲ့၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ.... ဥပမာ–အစည်းအဝေးတခုမှာ ဥက္ကဋ္ဌရယ်လို့ဆိုဒါ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အတွင်းရေးမှူးဆိုဒါ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အမှုဆောင်အဖွဲ့လို့ ဆိုဒါ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီအသင်းကြီးတခုမှာ ဥက္ကဋ္ဌရယ်, အတွင်းရေးမှူးရယ်, အမှုဆောင်ရယ်ဆိုပြီးတော့ ဒီသုံးဦး ဆုံးဖြတ်ချက်တခုကို ချလိုက်တယ်။

ဥက္ကဋ္ဌကချတဲ့ဆုံးဖြတ်ချက်လား....(မဟုတ်ပါဘုရား)။

အတွင်းရေးမှူးကချတဲ့ ဆုံးဖြတ်ချက်လား(မဟုတ်ပါဘုရား)။

အမှုဆောင်အဖွဲ့ကချတဲ့ ဆုံးဖြတ်ချက်လား....(မဟုတ်ပါဘုရား)။

မဟုတ်ဘူး၊ ဥက္ကဋ္ဌရယ်, အတွင်းရေးမှူးရယ် အမှုဆောင်ရယ် ဆိုတဲ့ အသင်းသားတွေရယ် အားလုံးသဘောတူညီတဲ့အခါမှာ ဒီ–ဆုံးဖြတ်ချက်ကြီးတခု ပေါ်ပေလို့ဆိုပြီး ချမှတ်လိုက်တဲ့အတွက် ဆုံးဖြတ်ချက်ကြီးတခု ပေါ်လာတယ်၊ အဲဒီ–ဥပမာမျိုးလိုဘဲ မနောဝိညာဏ်က အရင်စဖြစ်ပေးသလား....မဟုတ်ဘူး။

ကိုင်း–ဒါဖြင့် ဘယ်လိုဖြစ်လာသလဲ ဆိုတော့– ဝါယောလေဓာတ် ရုပ်ပရမတ်ရဲ့ တွန်းကန်မှုကို အကြောင်းပြုပြီးတော့ သိတယ်ဆိုတဲ့ မနောဝိညာဏ်, ပိုင်းခြားသတ်မှတ်ပေးတယ်ဆိုတဲ့ ပညာခေါ် နာမ်တရားရယ် အဲဒီသုံးပါး အကြောင်းညီညွတ်လို့ ပေါင်းဆုံမိတဲ့အခါမှာ ဖြစ်ပေါ်လာပါတယ်၊ ပါဠိတော်မှာလဲ "ပစ္စယသမဝါယေ"တဲ့၊ ခုနက အတွင်းရေးမှူးရယ်,ဥက္ကဋ္ဌရယ်, အမှုဆောင်အဖွဲ့ရယ် သဘောတူညီမှုရကြသလို အထောက်အပံ့အကြောင်းဖြစ်တဲ့ ပစ္စည်း-ကျေးဇူးပြုမှုတရားတွေ အကြောင်းညီညွတ်တိုက်ဆိုင်တဲ့အခါကာလမှာ ဒီသဘောတရားတွေ ဖြစ်ပေါ်လာဒါဘဲလို့ ဒ်လိုမှတ်။

အကြောင်းညီညွတ်တဲ့ခါမှာ ဒီလို ဖြစ်တိုင်းဖြစ်တိုင်းကို ဘာလို့ပြထားသလဲ၊ ဒီတရားသုံးလုံးဖြစ်လာတော့ တိုးတဲ့သဘော, တွန်းတဲ့သဘောလေးဖြစ်လာဒါက သုလေား၊ ဒုက္ခလား....(ဒုက္ခပါဘုရား)။

"ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ"-ဟိုနောက်နေ့က ပြခဲ့တဲ့ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ကစ္စာနဂေါတ္တသုတ္တန်မှာ ဒုက္ခတဲ့၊ မနောဝိညာဏ်စိတ် အစဉ်ကလေးဖြစ်ပေါ်လာဒါကတော့ သုခလား၊ ဒုက္ခလား... (ဒုက္ခပါ ဘုရား)၊ သူလဲဒုက္ခ။

အနိစ္စသဘော, ဒုက္ခသဘော,ဝိပရိဏာမသဘော, တိုးတဲ့သဘော, တွန်း တဲ့သဘောတဲ့ ပိုင်းခြားပေးတဲ့ ပညာဖြစ်လာဒါကတော့ သုခလား၊ ဒုက္ခ လား... (ဒုက္ခပါဘုရား)။

ဒီ-တရားသုံးလုံး ဘယ်ဒင်းကောင်းသလဲ.... (ဘယ်ဒင်းမှမကောင်းပါ ဘုရား)။

ဘယ်ဒင်းက နှစ်သက်စရာလဲ.... (ဘယ်ဒင်းမှ နှစ်သက်စရာမဟုတ်ပါ ဘုရား)။

ဘယ်ဒင်းက အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသိမ်း ပိုက်ပြီးတော့ ပိုင်ဆိုင်ထားဘို့ အခွင့်ရှိသလဲ.... (ဘယ်ဒင်းမှမရှိပါဘုရား)။

ဘယ်သူနဲ့ကောဆိုင်သလဲ.... (ဘယ်သူနဲ့မှမဆိုင်ပါဘုရား)။

ဒီ-တရားသုံးလုံးကို ဘယ်သူကကော အစိုးရသလဲ....(ဘယ်သူမှအစိုးမရ ပါဘုရား)။

"တေ မမ သော ဟမသ္မိ-သော မေ အတ္တာ"-ငါ့ဥစ္စာပါ,ငါဖြစ်ပါ တယ်, ငါ့ရဲ့အားကိုးစရာပါလို့ ပြောခြင်းငှါ ထိုက်သလား၊ မထိုက်ဘူး လား၊"နောဟေတံ ဘန္တေ"-မထိုက်ပါဘုရား၊ (အနတ္တလက္ခဏာသုတ္တန်)။

အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ အဲဒီ-တိုးတဲ့ သဘော, တွန်းတဲ့သဘောပေါ်မှာ အခုရှင်းတမ်းပေးခဲ့တဲ့ ဓမ္မဋ္ဌိတိဉာဏ် ဖြစ်ပေါ်ပုံ၊ ဝိညာဏ်, နာမ်, ရုပ်တရားလို့ ပေါ်လာတဲ့အခါ ဒုက္ခဖြစ်ပုံကို သဘောပေါက်သလား၊ မပေါက်ဘူးလား ...(ပေါက်ပါတယ်ဘုရား)။

ဒုက္ခဆိုဒါ ဒါပါလားလို့ သဘောပေါက်ရလား.... (ပေါက်ပါတယ် ဘုရား)။

### တိုးတဲ့, တွန်းတဲ့ သဘောရှိသမျှ ဘဝဒုက္ခတွေ

ဘုန်းတော်ကြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် တကွ တပည့်သားသံဃာအရိယာအပေါင်းသူတော်ကောင်းတို့ ထိုးထွင်းပြီး

သကာလ သိတဲ့ ဒုက္ခဆိုဒါ ဒီဒုက္ခမျိုးပါလားလို့ အခုအမျိုးကောင်းသား များ,အမျိုးကောင်းသမီးများ တွေ့ပြီနော်၊ ဘာတွေ့သလဲ ဆင်းရဲဒါတွေ့ပြီ၊ နို့တကယ်ဉာဏ်နဲ့တွေ့ဒါလား၊အဲဒီလိုဉာဏ်နဲ့တွေ့တဲ့ ဆင်းရဲတဲ့သဘောဘာရား ဆိုဒါ ဒုက္ခသစ္စာ သူ့အမှန်။

ဒီ-ဒုက္ခကဘယ်တော့သက်သာမလဲ၊ ဘယ်တော့များ ဒီဒုက္ခကရပ်မလဲ၊ အမလေးလေး ဘာလေးလေး အော်ပြီးတော့ နာကျင်တဲ့ဒုက္ခ၊ အောင့်ရ, အင့်ရ,တောင့်ရ, တင်းရ,ကိုက်ရ, ခဲရစသည်ဖြင့် နာကျင်ရတဲ့ဒုက္ခမျိုးဆိုဒါ ကတော့ တော်တော်ကြာသက်သာသွားလေလား၊ သက်သာမသွားဘူးလား .... (သက်သာသွားပါတယ်ဘုရား)။

ဒီ - ဝိညာဏ်နာမ်ရုပ် ဒုက္ခက ဘယ်တော့ သက်သာမလဲ၊ တသံသရာလုံး သက်သာရဲ့လား....(မသက်သာပါဘုရား)။

မသကာ အင်မတန်ပြင်းထန်တဲ့ ဒုက္ခကိုခံရရင် ဒီဘဝပေါ့၊ ဒီသဘောက တော့ ဓမ္မတာအားဖြင့်ဖြစ်တဲ့ ဒုက္ခဆိုတော့ အင်မတန်ပြင်းထန်လှရင် ဒီတဘ ဝပေါ့၊နောက်ဘဝထိအောင် ဆက်ဆက်ပြီးတော့ ဒီဒုက္ခလိုက်မလား၊ မလိုက် ဘူးလား....(မလိုက်ပါဘုရား)။

ဟော ဒီတိုးတဲ့သဘော, တွန်းတဲ့သဘောကလေးနဲ့ ခုနကဝိညာဏ်နာမ် ရုပ်တွေ ဖြစ်တိုင်းဖြစ်တိုင်းဆိုတဲ့ဒုက္ခကတော့ နောက်ဘဝဒီဒုက္ခနဲ့တွေ့အုံးမ လား၊ မတွေ့ဘူးလား....(တွေ့ပါမယ်ဘုရား)။

ဒါဖြင့်နောက်ဘဝလိုချင်သေးသလား.... (မလိုချင်ပါဘုရား)။

အင်း—ဒီအကွက်ကလေးပေါ်လာပြီ၊ နောက်ဖြစ်ရင် ဘာတွေဖြစ်မလဲ ....(ဒုက္ခတွေဖြစ်ပါတယ်ဘုရား)။

ဝိညာဏ်, နာမ်, ရုပ်အပြင် တခြားဖြစ်စရာရှိသေးရဲ့သား.... (မရှိပါ ဘုရား)။

## ရုပ်၏ အာဒိနဝဉာဏ်

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတာက အကြောင်းတရား၊ အကြောင်း တရားဆိုဒါသူပါဘဲ၊ ပဋိစ္စသမုပ္ပါဒ်မှာ ဘုန်းကြီးဟိုနေ့က ပြခဲ့ပါတယ်၊ အ ကြောင်းတရားအကျိုးတရားတွေ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအာ

ချက်တွေ အကြောင်းတရားကြောင့်ဖြစ်ပေါ်လာတဲ့ဝိညာဏ်နာမ် ရုပ်တို့တွင် တိုးတဲ့သဘော, တွန်းတဲ့သဘောကရုပ်၊ သိဒါကဝိညာဏ်၊ ပိုင်းခြားပေးဒါကပညာ၊ အဲဒီအကြောင်းတရားရဲ့ အကျိုးတရားတွေမှာကော ဒုက္ခတွေ့သလား, သုခတွေ့သလား၊ ကစ္စာနဂေါတ္တသုတ္တန်ဒေသနာတော်မှာ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံဥပ္ပဇ္ဇတိ"။ ။ဥပ္ပဇ္ဇမာနံ၊ ဖြစ်တယ်ဆိုရင်ဖြင့်။ ဒုက္ခမေဝ၊ ဆင်းရဲအတိသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

နို့-ကုန်တော့ပျောက်တော့ကော ဘာတွေ ကုန်ကြပျောက်ကြသလဲ၊ ဒုက္ခဘဲ ကုန်တယ်ပျောက်တယ် ဒုက္ခတွေ ကုန်ပျောက်သွားဒါများနှမြောနေကြသေးသလား၊ အမယ်-တချို့များ နှမြောလို့မျက်ရည်တောင်ကျလာယ်၊ စုတ်ဘသတ်သတ်နဲ့ဖြစ်မှဖြစ်ရလေခြင်းလို့ ညည်းလိုက်ကြသေးတယ်၊ အနိစ္စအချက်,ဒုက္ခအချက်,ဝိပရိဏာမအချက်ဆိုတဲ့အချက်သုံးချက် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီခနဲ့ တွေ့ပြီနေဉ်၊ အဲဒီအချက်သုံးချက်ကိုတွေ့အောင်လို့ အလုပ်လုပ်ပုံ လုပ်နည်းကိုဟောပြနေရတာ၊ တွေ့နေရင် ဒီ-ဉာဏ်ကို ဒီ-အသိဉာဏ်ကို ဘာလို့ခေါ်သလဲ.... (ဓမ္မဋ္ဌိတိဉာဏ်လို့ခေါ်ပါတယ်ဘုရား)။

ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံကို သဘောပါပလား....(ပါပါပြီဘုရား)။

ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများသဘောပေါက်ပလား....(ပေါက်ပါပြီဘုရား)။

ဒီအထဲ ဥပက္ကိလေသ ပါသေးသလား....(မပါပါဘုရား)။

ဥပက္ကိလေသတွေနဲ့ ရောထွေးနေတဲ့ မနောဝိညာဏ်မျိုးနဲ့ အခု-ပြခဲ့တဲ့ အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက် ဒီ-အချက်သုံးချက်ကိုမြင်နိုင်မလား၊ မမြင်နိုင်ဘူးလား....(မမြင်နိုင်ပါဘုရား)။

ဒီ-အချက်သုံးချက်ကိုမြင်ရင်ဖြင့်—

> "ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ"။ (ပါဠိတော်)။

ယံရူပံ၊ အကြင် တိုးတယ်, တွန်းတယ်ဆိုတဲ့သဘောသည်။ တွန်းကန်တယ်ဆိုတဲ့ ရုပ်သဘောသည်။ အတ္ထိ၊ ရှိ၏။ တံ ရူပံ၊ ထိုတိုး

တယ်, တွန်းတယ်ဆိုတဲ့ ရုပ်သဘောတရားသည်။ အနိစ္စံ၊ ကုန်ခြင်း ပျောက်ခြင်း သဘောရှိ၏။ ဒုက္ခံ၊ နောက်ထပ်တဖန် အသစ်ဖြစ်တဲ့ အတွက် ဆင်းရဲခြင်းသဘော ရှိ၏။ ဝိပရိဏာမ ဓမ္မံ၊ ပြောင်းလွဲ ဖောက်ပြန်ခြင်းသဘောရှိ၏။ အယံ၊ ဤကဲ့သို့ တွန်းကန်တဲ့သဘော တရားတို့၏ ကုန်ခြင်းပျောက်ခြင်း,အသစ်ဖြစ်ခြင်း, ဖောက်ပြန်ခြင်း သည်။ ရူပဿ၊ ရုပ်တရား၏။ အာဒီနဝေါ၊ အပြစ်မည်၏။ (အာဒီ နဝဉာဏ်, နိဗ္ဗိန္ဒာဉာဏ် ဒီနေရာမှာ ဝင်ရမယ်)။

သမ္မာဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်း ၂-ပါး

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘုန်းကြီးများပြ ပေးနိုင်ဒါ ပြောပေးနိုင်ဒါက ဒီ ယထာဘူတဉာဏ်ပိုင်း ဓမ္မဋ္ဌိတိဉာဏ် လောက်ကိုသာ ပြပေး ပြောပေးလို့ ဖြစ်တယ်၊ နိဗ္ဗိန္ဒာဉာဏ် ငြီးငွေ့ဘိုကျ တော့ ပြပေးပြောပေးလို့ မဖြစ်တော့ဘူး၊ ဒါဖြင့် ဘာလုပ်မလဲဆိုတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ကိုယ်တိုင်ပွားပေးရ မယ်၊ ကိုယ်တိုင် အားထုတ်ပေးရမယ်၊ မဂ်ဉာဏ်ကျတော့ ဘုန်းကြီးတို့လုပ် ပေးလို့ ဖြစ်ပါအုံးမလား၊ ပြောပေးလို့ကော ဖြစ်ပါအုံးမလား.... (မဖြစ် ပါဘုရား)။

ဒီတော့ နက်ဖြန်ခါကျရင် မဂ်ဉာဏ် ဖြစ်ပေါ်ပုံကလေးကိုသာ ဘုန်း ကြီးတို့ ပြောပေးနိုင်တယ်၊ ဖြစ်နိုင်တဲ့အင်္ဂါကိုသာ ဘုန်းကြီးတို့ပြောပေးနိုင် တယ်၊ မဂ်ဉာဏ်တော့ ဖြစ်မပေးနိုင်ဘူး ဘာဉာဏ် ဖြစ်ပေးနိုင်သလဲလို့ဆို ရင် ဓမ္မဋ္ဌိတိဉာဏ် ယထာဘူတဉာဏ်လို့ခေါ်တဲ့ အမှန်ကိုသိဘို့ရန်တော့ ဘုန်း ကြီးတို့ပြပေးနိုင်တယ်၊ ပြောပေးနိုင်တယ်၊ အခု ပြခဲ့တဲ့ ဓမ္မဋ္ဌိတိဉာဏ်တွေ ဟာ အမှန်တွေလား၊အမှားတွေလား၊ ကိုင်း-အမှားလို့ ပြောကြည့်စမ်းပါ၊ ဟာ-ဒါတွေဟာ အမှားတွေပါ လုပ်လို့ မဖြစ်နိုင်ပါဘူးလို့ ပြောလို့ဖြစ် မလား....(မဖြစ်ပါဘုရား)၊ လုပ်ရင် ဖြစ်တယ်နော်။

ဘုန်းကြီးများမှာတော့ ပြောပေးရုံဘဲတတ်နိုင်တယ်၊ ခု-ဖြစ်နေတဲ့ အသိ ဉာဏ်ဟာ ပရတောဃောသဆိုတဲ့ သမ္မာဒိဋ္ဌိဖြစ်ခြင်းရဲ့ အကြောင်းကြောင့် အမှန်တွေကို သိတယ်ဆိုတဲ့ သမ္မာဒိဋ္ဌိဖြစ်နေတာ၊ ခု-သမ္မာဒိဋ္ဌိဖြစ်ပလား၊

မဖြစ်သေးဘူးလား၊ ဒီ-သမ္မာဒိဋ္ဌိဟာ ဈေးက တိုးတဲ့သဘော, တွန်းတဲ့သဘောကလေးကိုသိတဲ့ သမ္မာဒိဋ္ဌိလောက် က-သေးရဲ့သား၊ ဒီ-သမ္မာဒိဋ္ဌိဟာ ရင့်ကျက်သာပလား၊ မရင့်ကျက်သေးဘူးလား၊ ဒီ-သမ္မာဒိဋ္ဌိ ဘာသူ့ကြောင့်ဖြစ်သလဲ စသည်ဖြင့် ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်ရမယ်၊ ကိုင်း-သမ္မာဒိဋ္ဌိဖြစ်ခြင်းရဲ့အကြောင်းကို ပါဠိမှာဘာပြသလဲ၊ "ပရတောဃောသော၊ ယောနိသော စ မနသိကာရော"လို့ နှစ်ချက်ပြတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှတ်မိအောင်လား၊နေ့ထောင်ကောင်းအောင်လား....(မှတ်မိအောင်ပါဘုရား)။

ခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သမ္မာဒိဋ္ဌိဖြစ်နေတယ်ဆိုဒါ ဖြစ်ခြင်းရဲ့အကြောင်းရှိတယ်နော်၊ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်မှာ "ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ"။ ဒီ-အကြောင်းကြောင့်သာ ဒီ-အကျိုးဖြစ်ထာပါ၊ ဒီအထဲ ဘာသူပါသလဲ၊ ပုဂ္ဂိုလ်, သတ္တဝါ, နတ်,ဗြဟ္မာ,ငါ, သူတပါး, ယောကျ်ား, မိန်းမပါသလား....(မပါပါဘုရား)။

အဲဒီ-သမ္မာဒိဋ္ဌိဖြစ်ခြင်းရဲ့အကြောင်းက ဘယ်နှစ်မျိုးတဲ့လဲ... (နှစ်မျိုးပါဘုရား)၊ နှစ်မျိုးက—

(၁) ပရတောဃောသ။

(၂) ယောနိသောမနသိကာရ။

### ပရတောဃောသရလျှင် သောတာပန်ဖြစ်

သာဝကပါရမီဉာဏ်ဆိုဒါ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါကိုချန်ထား၊ ရှင်သာရိပုတ္တရာကစပြီးတော့ သာဝကပါရမီဉာဏ်နဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို သွားကြမဲ့သူတော်စင်မှန်သမျှ ပရတောဃောသဆိုတဲ့ သမ္မာဒိဋ္ဌိဖြစ်ခြင်းရဲ့ အကြောင်းချို့တဲ့နေရင် သမ္မာဒိဋ္ဌိမဖြစ်နိုင်ဘူး၊ နိဗ္ဗာန်မရနိုင်ဘူးလို့မှတ်၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဟာ အဂ္ဂသာဝကပါရမီတွေဖြည့်လို့ တသင်္ချေနဲ့ကမ္ဘာတသိန်းတိုင်တိုင် "ဒါန သီလဥ္စ နိက္ခမံ"ဆိုတဲ့ပါရမီတွေ ဖြည့်ပြီးသားမဟုတ်လား၊သမ္မာဒိဋ္ဌိဖြစ်ခြင်းရဲ့ အကြောင်း ပရတော ဃောသလို့ခေါ်တဲ့ တရားမနာရသေးသရွေ့ ကာလပတ်လုံး ရှင်သာရိပုတ္တရာရဲ့ အလောင်း ဥပတိဿဟာ သမ္မာဒိဋ္ဌိဖြစ်ကဲ့လား၊ မဖြစ်ဘူးလား.... (မဖြစ်ပါဘုရား)။

ပါရမီမရှိလို့လား....(ရှိပါတယ်ဘုရား)။

ဘာလိုနေလို့လဲ၊ ပရာဘာသသ-ရုပ်နာမ်ခမ္မသင်္ခါရတို့နဲ့ စပ်တဲ့ သုတ်တော်ကောင်းတို့ ဟောပြတဲ့တရားဓမ္မကို ရှိခသစ္စာနာခံမှတ်သားရမယ်ဆိုတဲ့ သူတပါးပြောပြတဲ့အသံလိုနေလို့၊ အဲဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားနာဖပျင်းကြပါနဲ့ တရားကြိုးစားပြီးတော့ နာပါ၊ ဘယ်ပုဂ္ဂိုလ်ဘဲဟောဟော တရားပွဲဟာ ဆိုရင် ရောက်အောင်သာ သွားပြီးတော့ တရားနာပါ၊ အချိန်ကာလသိပ်မရလို့ တရားနာပုံနာနည်းများကို နက်ဖြန်မှဘဲ ဆက်ပြီးပြောပါအုံးမယ်။

ဒီကျောင်းကူးဓမ္မဗိမာန်ကြီးဟာလဲဘဲ တရားဟောဌာန, တရားနာဌာန, တရားပွားများအားထုတ်ရာဌာနကြီး ဖြစ်နေတော့ နိဗ္ဗာန်ပေးတဲ့နေရာကြီး ဆိုရင်, သမ္မာဒိဋ္ဌိဖြစ်ကြောင်းဖြစ်တဲ့ နေရာကြီးဆိုရင် မမှားပါဘူး၊ အဲ-ဒါကြောင့် သမ္မာဒိဋ္ဌိဖြစ်ဘို့ရန်အတွက် ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးရဲ့ အလောင်း ဥပတိဿမှာ ရှင်အဿဇိမထေရ်—

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော"။

လို့အကြောင်းတရားကြောင့်ဖြစ်တဲ့ အကျိုးတရားဘဲ၊ အကြောင်းတရားငြိမ်းရင် အကျိုးတရားလဲငြိမ်းတယ်ဆိုဘဲ့တရားဒေသနာကိုရှိခသစ္စာနာခံမှတ်သားလိုက်ရတဲ့"ပရတောဃောသ"သူတပါးရဲ့အသံကြားသိသည်နှင့် တပြိုင်နက်ထဲ သောတာပန် တန်းတည်တယ်။

ပဓာနိယင်္ဂပြည့်စုံလျှင် သောတာပန်ဖြစ်

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-ဆိုတဲ့ အောက်ပိုင်း သံယောဇဉ်သုံးပါး တခါထဲပြုတ်၊ လွယ်လွယ်ကလေးနဲ့ပြုတ်တယ်၊ဟိုဝါသိဋ္ဌသုဘ္ဘန်ကိုဟောစဉ်အခါတုန်းက ကြိမ်အဖွဲ့တွေ ဆွေးနေတဲ့အခါမှာအနည်းငယ်မျှသော မိုးရေ မိုးပေါက်ဖြင့် ကြိမ်အဖွဲ့တွေ ပြုတ်ကျတယ်၊ တရားတည်းဟူသော မိုးအစွတ်ခံလိုက်ရလို့ရှိရင်ဖြင့် သံသရာတလျှောက်လုံးက

နှောင်ဖွဲ့လာခဲ့တဲ့ သံယောဇဉ်အနှောင်အဖွဲ့ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ-ဆိုတဲ့ အနှောင်အဖွဲ့တွေ တရားကလေးနှစ်ပိုဒ်ထဲနဲ့ အကုန်ပြုတ်ကျတယ်၊ အဲဒါကြောင့်–

> "တထာဂတံ ဝိနာယကံ လဘာမာနော သာယံ အနုသိဋ္ဌော ပါတော ဝိသေသ မဓိဂစ္ဆတိ"။

> တထာဂတံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကဲ့သို့သော။ ဝိနာယကံ၊ ဆုံးမညွှန်ကြားတတ်တဲ့ဆရာကို။ လဘာမာနော၊ ရသည်ရှိသော်။ သာယံ၊ ညနေချမ်းအခါ၌။ အနုသိဋ္ဌော၊ ဆုံးမအပ်သည့်အတိုင်း အားထုတ်ရင်ဖြင့်။ ပါတော၊ အရုဏ်ရောင်ကျင်း နံနက်လင်း၌။ ဝိသေသံ၊ တရားထူးကို။ အဓိဂစ္ဆတိ၊ ရနိုင်တယ်။

မနက်အားထုတ်ရင် ညနေရနိုင်တယ်။ ညနေအားထုတ်ရင် မနက်ရနိုင်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်တို့ကဲ့သို့သော ဆုံးမညွှန်ကြား ယထာဘူတဉာဏ် ဓမ္မဋ္ဌိတိဉာဏ်ကို ပေးစွမ်းနိုင်တဲ့ဆရာများကို တွေ့ရင်ဖြင့် မိမိကိုယ်တိုင်ကလဲ အသဋ၊ အမာယာဝီဆိုတဲ့ မလှည့်ပတ် မလှည့်စားဘဲ ပဓာနိယင်္ဂတရားနဲ့ပြည့်စုံရင်ဖြင့် မနက်တရားနာပြီး အားထုတ်ရင် ညနေ သောတာပန်ဖြစ်နိုင်တယ်လို့ ဒီလိုဟောပါတယ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇသုတ္တန်မှာ ဒီအတိုင်းဟောထားဒါ ရှိပါတယ်၊ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

နိဂုံးချုပ်

အဲသလို ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်လာဘို့ရန်အတွက် အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်တွေဖြစ်ဘို့ကြိုးစားပြီးတော့ ပွားများအားထုတ်ကြပါ၊ ဒီသြဝါလေးပါးတည်းဟူသော သံသရာကူးမြောက်ဘို့အတွက် သြဝါတရဏသုတ္တန်ကို ဆက်ပြီးတော့ ဟောကြစို့ရဲ့၊ ကိုင်း-ဒါလောက်ဆိုရင်ဖြင့် ဓမ္မဋ္ဌိတိဉာဏ်တော်လောက်ပါပြီ။

(သာဓု-သာဓု-သာဓု)

ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပေါ်ပုံ ပြီး၏။

# ဩဃတရဏာသုတ္တန်တရားတော်

## တိုက်တွန်းခြင်းဥယျောဇဉ်

ကိုင်း-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သာသနာတော်သက္ကရာဇ် ၂၅၀၉-ခုနှစ် ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ် တပေါင်းလပြည့်နေ့ ရွှေတိဂုံဘုရားပွဲတော်ကြီး ကျင်းပနေတုန်းလို့ဆိုတော့ အင်မတန်ထူးမြတ်တဲ့ တပေါင်းလပြည့်နေ့ဆိုဒါ ရှေးအစဉ်အလာက ဗုဒ္ဓဘာသာဝင်သူတော်စင်, သူတော်မြတ်များ ဘုရား, တရား, သံဃာ, ရတနာသုံးပါးနဲ့ပတ်သက်တဲ့ပွဲတော်ကြီးတွေ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲတဲ့ တပေါင်းလပြည့်နေ့ဆိုတော့ ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပတဲ့ လကိုအကြောင်းပြုပြီးတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သံသရာဝဋ်ဆင်းရဲက လွတ်ဘို့အတွက် ဒီ-ဓမ္မဋ္ဌိတိဉာဏ်ရဲ့ ယထာဘူတဉာဏ်ကိုလဲပွါးများကြရမယ်၊ဘာလုပ်ကြရမလဲ....(ပွါးများကြရပါမယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာဝိတော—ပွားတယ်,ပွားတယ်ဆိုဒါ ဘာလုပ်ထာလဲလို့ မသိမှာစိုးလို့ ဗဟုလီကတော-အကြိမ်များစွာ အလေ့အလာလုပ်ထာကို ပွားတယ်လို့ ဒီလိုခေါ်ပါတယ်၊ ဒီတော့ ယနေ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သန္တာန်မှာရောက်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ကို ဘာလုပ်ကြမလဲ....(ပွားရပါမယ်ဘုရား)။ ပွားတယ်ဆိုဒါ ဘာလုပ်တာလဲ...(အကြိမ်များစွာ လေ့လာတာပါဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘယ်နှစ်ကြိမ်ပွားကြမှာလဲ... (တတ်နိုင်သလောက်ပါဘုရား)၊ အင်း- ရေ့သွားပြီနော်၊ တတ်နိုင်သလောက်ကလေးလို့ဆိုတော့ ဟုတ်လား၊ အကြိမ်များစွာအလေ့အလာပြုပြီးတော့ ပွားများပေးရမယ်၊ အဲဒီလိုပွားဘို့အတွက်-ပွားတဲ့အခါ ဘယ်လိုလုပ်ပွားရမလဲ ကြိုးစားပြီးတော့ မရပ်မနား တအားကြီးဘဲလုပ်ရမှာလား၊ခပ်ဖြေးဖြေး ခပ်ရှော့ရှော့ ခပ်ပေါ့ပေါ့ဘဲလုပ်ရမှာလားဆိုတဲ့ပြဿနာကို ရှင်းသင်းဘို့ရန်အတွက် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတဲ့ ဩဃတရဏာသုတ္တန်ကို သာသနာသက္ကရာဇ် ၂၅၀၉-ခု ကောဇာသက္ကရာဇ် ၁၃၂၇-ခု တပေါင်းလပြည့်နေ့ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မဗိမာန်တော်ကြီး၌ ဓမ္မဋ္ဌိတိဉာဏ်

ပွားများရေးနဲ့ပတ်သက်ပြီးတော့ အသိဉာဏ်ကြွယ်ဘို့ရန်အတွက်ဟောကြား အပ်သော နိကာယ်ငါးရပ် အပါအဝင် သံယုတ္တနိကာယ် အစဆုံးဖြစ်တဲ့ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နဠဝဂ် ဩဃတရဏသုတ္တန်တရားတော်လို့ မှတ်ပါ။

တရားတော်အစ ပဏာမ

အဲဒီ ဩဃတရဏသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ကြီးခြောက် ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူဒါကို ဘုန်းကြီးက တဆင့်ပြန်ပြီးတော့ဟောရမှာ ဖြစ်တဲ့အတွက် တရားဟော ပုဂ္ဂိုလ်,တရားနာပုဂ္ဂိုလ် ထိုထိုများစွာ ရုပ်နာမ်နှစ်ဖြာ ဖြစ်ကြကုန်သော သတ္တဝါအပေါင်းတို့က ဘုရားရှိခိုးကြရအောင်ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင် ကိုယ်တော်မြတ်ဘုရားကြီးကိုအာရုံပြုပြီးတော့ ကိုင်း-ဘုန်းကြီးက ရှေ့ကဆိုမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက အာရုံ ပြုပြီးတော့ လိုက်ကြ၊လိုက်ဆိုရမယ်လို့ မပြောပါသူး၊စိတ်ထဲကမှန်းပြီးတော့ ဘုန်းကြီးဆိုတဲ့ အသံနောက်ကနေပြီးတော့ အာရုံပြုကြပါ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။
(သုံးခေါက်)

အရဟတော၊ လူနတ်ပြဟ္မာသတ္တဝါတို့၏ ပူဇော်ဘွယ်အထူးအထူးတွေ ကို ခံယူခြင်းငှာ ထိုက်တော်မူပါပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေး ပါး မြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်စွမ်းဖြင့် ကိုယ်တော်တိုင် သိမြင် တော်မူပေထသော။ တဿဘဂဝတော၊ ဣဿရိယ သိရိ ကာမ ဓမ္မ ယသ ပယတ္တမည် ဘုန်းတော်ခြောက်လီနှင့် ပြည့်စုံတော်မူပါပေသော ထိုမြတ်စွာ ဘုရားအား။ အမှာက်၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ထိုထိုများ စွာ ရုပ်နာမ်နှစ်ဖြာ ဖြစ်ကြကုန်သော ဘုရားတပည့်တော်တို့၏။ နမော၊ ကာယ ဝစီ မနောချီ၍ အဥ္ဇလီညွတ်လျှိုး လက်စုံမိုး၍ရှိခိုးမာန်လျှော့ ပူဇော် ကန်တော့ခြင်းသည်။ အတ္ထု–ဘဝတု၊ မုချမသွေ ဖြစ်ပါစေသား မြတ်စွာ ဘုရား....။

(သာဓု-သာဓု-သာဓု)

## သုတ်တော်နိဒါန်း

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းဦးကိန်းအောင်းမွေ့လျော်စံနေတော်မူစဉ်အခါကာလမှာ-

"အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ"။-

လို့ ညဉ့်ဦးယံလွန်ပြီးတဲ့ သန်းခေါင်ယံအချိန်ကာလမှာ အမျိုးအမည်အားဖြင့် မထင်ရှားတဲ့ နတ်သားတယောက် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရား၏ ရှေ့တော်မှောက် ရောက်ပြီးတော့ အမေးပုစ္ဆာပြဿနာကို မေးပါတယ်။

## ဩဃကိုဘယ်လိုလုပ်ပြီးကူးမြောက်ပါသလဲဘုရား

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကိုဘယ်လို နတ်သားက လျှောက်သလဲလို့ဆိုတော့-

"ကထံ နု တွံ မာရိသ ဩဃ မတရိတိ"။

"ကထံ နုတွံ မာရိသ ဩဃမတရိ"=နတ်သားကအင်မတန်ခင်မင်လို့ အကျွမ်းဝင်ပြီးတော့ ချစ်ခင်လေးမြတ်တဲ့အနေမျိုးနဲ့ မာရိသလို့ ဒီလိုခေါ်ပါတယ်၊ သူ့ရဲ့ပုဒ်ရင်းအနက်ကတော့ဖြင့်-

> မာရိသ၊ ငါနှင့်အတူ ကြည်ဖြူလေးစားအပ်ပေသော အိုရှင်တော်မြတ်ဘုရား။ မာရိသ၊ ဆင်းရဲတင်းတော်မူသော အိုရှင်တော်မြတ်ဘုရား။ တွံ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်သည်။ ဩဃံ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဆိုတဲ့ ဩဃလေးဖြာ သံသရာကြီးကို။ ကထံ၊ ဘယ်သို့လျှင်။ အတရိနု၊ ကူးမြောက်တော်မူသွားပါသနည်းဘုရား။-

လို့ဘုရားကိုလျှောက်တယ်၊

အမျိုးကောင်းသမီးများ, အမျိုးကောင်းသမီးများ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား....(မှတ်မိအောင်ပါဘုရား)။

နတ်သားက ဘုရားကိုဘာလျှောက်သလဲ။

အရှင်ဘုရား....ဩဃလေးဖြာ သံသရာက အရှင်ဘုရားဘယ်လိုနည်းနဲ့ ဘယ်လိုလုပ်ပြီးတော့ ကူးမြောက်တော်မူသွားပါသလဲ ဘုရား-လို့ဆိုတော့ နတ်သားလျှောက်ပုံက ဩဃလေးပါးလဲ သူကသိသလိုလို၊ ဩဃလေးပါး လွန်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုလဲ သူကသိသလိုလို ဒီလိုအဓိပ္ပါယ် ထွက်မနေဘူးလား။

ဒီ–နေရာမှာ အဋ္ဌကထာဆရာက အများကြီးဖွင့်ထားပါတယ်၊ "ပဏ္ဍိတမာနီ"–ဒီ-နတ်သားဟာ မသိဘဲနဲ့ သိချင်ယောင်ဆောင်နေတဲ့ နတ်သားဘဲလို့ အဋ္ဌကထာက ဒီလိုပြပါတယ်၊ ဒါကြောင့် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က ပြန်ဖြေတဲ့အခါမှာ ပဟေဠိခပ်ဆန်ဆန် ပြန်ဖြေပါလိမ့်မယ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားဒေသနာတော်ကို ဟောတော်မူတယ်ဆိုဒါ–

(၁) ချီးမြှောက်ထောက်ပံ့လိုလို့ တရားဒေသနာတော်ကို ဟောတော်မူခြင်းကတမျိုး။

(၂) မာန်မာနနှိမ်လိုလို့ တရားဒေသနာတော်ကို ဟောတော်မူခြင်းကတမျိုး–

လို့ဒီလို အဋ္ဌကထာက ဖွင့်ပြပါတယ်၊ ဒါအဋ္ဌကထာရဲ့အဓိပ္ပါယ်တွေပါ၊ အဋ္ဌကထာသဘောတွေ သိပ်ဝင်နေပြန်ရင်လဲ ပါဠိတော်အရင်းက အနက်အဓိပ္ပါယ်တွေဟာ ကွယ်ဝှက်တိမ်မြုတ်ပြီးသကာလ နေမှာစိုးလို့အဋ္ဌကထာကို ခပ်တိုတိုမြှုတ်ထားပြီးတော့ သုတ္တန်ရဲ့သဘောသွားကလေးကိုသာလျှင် ပေါ်လွင်ထင်ရှားအောင် ဟောကြပါစို့ရဲ့၊ အဋ္ဌကထာသဘောကို ထဲ့ပြီးတော့ ပြောတန်တဲ့နေရာမှာလဲ ဘုန်းကြီးတို့ထဲ့ပြီးတော့ ပြောပါ့မယ်၊ သုံးသပ်ပါ့မယ်။

"ကထံ နု တွံ မာရိသ ဩဃ မတရိ"။ ။မာရိသ၊ ဆင်းရဲကင်းတော်မူသော မြတ်စွာဘုရား။ တွံ၊ ဘုန်းတော်ခြောက်ပါးသခင် ရှင်ပင်မြတ်ဘုရားသည်။ ဩဃ၊ ဩဃလေးဖြာ သံသရာကြီးကို။ ဩဃံ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဆိုတဲ့

ဩဿလေးဖြာ သံသရာကို။ ကထံ-ကေန ကာရဏေန၊ အဘယ်သို့သောအကြောင်းဖြင့်၊ အတရိနု၊ ကူးမြောက်တော်မူပါသနည်း။ လို့ နတ်သားက ဘုရားကိုလျှောက်တယ်။

ရပ်လဲမနေဘဲ-အားလဲမထုတ်ဘဲ ငါကူးမြောက်တယ်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဩဃလေးဖြာ သံသရာကို လွန်မြောက်ဘို့ရန်အတွက် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ အခုဒမ္မဋ္ဌိတိဉာဏ်ဆိုဒါ ရနေပလား၊ ရမနေသေးဘူးလား....(ရနေပါတယ်ဘုရား)၊ ဒီအပိုဒ်ကလေး ပါလာပြီနော်၊ ဘုရားက ဘာပြန်ဖြေသလဲဆိုတော့—

"အပတိဋ္ဌံ ခွါဟံ အာဝုသော အနာယူဟံ ဩဃ မတရိန္တိ"။

အာဝုသော၊ ဒါယကာနတ်သား။ အဟံ၊ သင်တို့ကိုးစားတဲ့ ငါဘုရားသည်။ ခေါ၊ စင်စစ်ကေန်အမှန်မုချအားဖြင့်။ အပတိဋ္ဌံ၊ တည်ငြိမ်သောအား မရပ်နားမူ၍။ ဝါ၊ ရပ်တည်လဲ မနေဘဲ။ အနာယူဟံ၊ အားထုတ်ကြိုးစားလို့လဲ မလုပ်ဘဲ။ ဩဃံ၊ဩဃလေးဖြာ သံသရာကို။ အတရိံ၊ ကူးမြောက်တော်မူခဲ့ပေပြီလို့. ဖြေလိုက်တယ်။

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးဖြေကြားတော်မူပုံဟာ ပဟေဠိမဆန်ဘူးလား၊ ရပ်လဲမနေဘူးတဲ့၊ အားလဲမထုတ်ဘူးတဲ့၊ အဲသလို ရပ်မနေအားမထုတ်ဘဲနဲ့ သံသရာမှ ငါဘုရားကူးမြောက်တော်မူတယ်လို့. ဘုရားက ဒီလိုမိန့်တော်မူတယ်။

မရပ်တည်ဘဲ အားမထုတ်ဘဲ ဘယ်လိုကူးပါသလဲဘုရား

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်စမ်း၊ ရပ်လဲမနေဘူး, အားလဲမထုတ်ဘူးတဲ့၊ ဒီတော့ နတ်သားကနားမလည်ဘူး၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ နားလည်ပါအုံးမလား၊အဲသလို နားမလည်သည်ဖြစ်ပါသောကြောင့် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကို နတ်သားကတဆင့်ပြန်ပြီးမေးပြန်ရော။

"ယထာကထံ ပန ့ တွံ မာရိသ အပတိဋ္ဌံ အနာယူဟံ ဩဃ မတရိ"။

မာရိသ၊ ငါနှင့်တမူ ကြည်ဖြူလေးစားအပ်ပေသော အို–ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရား။ (ကိုယ်နဲ့ထပ်တူထားပြီးတော့ လေးစားအပ်တယ်လို့ ဒီလိုဆိုပါတယ်)။ ယထာကထံပန၊ ဘယ်သို့သောအကြောင်းအားဖြင့်။တွံ၊ ရှင်ပင်မြတ်ဘုရားသည်။ အပတိဋ္ဌံ၊ ရပ်တည်၍လဲမနေဘဲ။ အနာယူဟံ၊ အားထုတ်ကြိုးစား၍လဲ မကူးဘဲ။ ဩဃံ၊ ဩဃလေးဖြာသံသရာကို။အတရိနု၊ ကူးမြောက်တော် မူပါသနည်းဘုရား။

အရှင်ဘုရား....တပည့်တော်က "ဩဃလေးဖြာ သံသရာကို အရှင်ဘုရား ဘယ်လိုကူးသွားပါသလဲလို့မေးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က "ငါသည် ရပ်တည်၍လဲမနေဘဲ ကြိုးစားအားထုတ်၍လဲ မကူးဘဲနဲ့ ဩဃလေးဖြာ သံသရာမှ ထိုမှာဘက်ကမ်းတည်းဟူသော နိဗ္ဗာန်သို့ ရောက်တော်မူတယ်"လို့ အရှင်ဘုရားဖြေကြားတော်မူပါတယ်၊ ထိုအဖြေ၌ ဘုရားတပည့်တော်လည်း မရှင်းလင်းမပြတ်သားသည် ဖြစ်ပါသောကြောင့် အရှင်ဘုရား ဘယ်လိုရပ်မနေဒါပါလဲဘုရား၊ ဘယ်လိုအားထုတ်ပြီးတော့ မကူးဒါပါလဲဘုရားလို့ နတ်သားကဘုရားရှင်ကိုယ်တော်မြတ်ကို တဆင့်ပြန်လျှောက်တော့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က ဘာပြန်ဖြေသလဲ။

## ရပ်နေလျှင်မြုပ် အားထုတ်ကူးလျှင်မျော

ဒီ·အပိုဒ်ကလေးကြည့်ကြနော်၊အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဓမ္မဋ္ဌိတိဉာဏ်ပိုင်းကို ရောက်နေတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ရပ်နေမှာလား၊ ကြိုးစားပြီးတော့လုပ်မှာလား၊ ရပ်လဲမနေနဲ့ ကြိုးစားပြီးတော့ အားထုတ်လဲမနေနဲ့၊ ကိုင်း–ဘယ့်နှယ်လုပ်မလဲ၊ နတ်သားပြန်မေးတဲ့အခါမှာ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်က ဘာပြန်ဖြေသလဲ။

"ယဒါ သွာဟံ အာဝုသော သန္တိဋ္ဌာမိ၊ တဒါဿု သံသီဒါမိ"။

အာဝုသော၊ ဒါယကာနတ်သား။ သွာဟံ-သော အဟံ၊ သင် တို့ကိုးစားတဲ့ ထိုငါဘုရားသည်။ ယဒါ၊ အကြင်အခါ၌။ သန္တိဋ္ဌာမိ၊ တည်ငြိမ်သောအား ရပ်နား၍နေ၏။ တဒါ၊ ထိုအခါကာလ၌။ သံသီဒါမိ၊ နစ်မြုပ်၍သွားမယ်။

ဒါယကာနတ်သားတဲ့-ငါဟာ ဩဃလေးဖြာ သံသရာပင်လယ်ကြီး ကူးတဲ့အခါ ကာလမှာ ဟိုဘက်ကမ်းမရောက်မီ ရပ်နေရင်ဖြင့် မြုပ်သွား လိမ့်မယ်တဲ့၊ ရပ်နေရင်ဖြင့် ဘာဖြစ်မတဲ့လဲ.... (မြုပ်သွားပါမယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မြုပ်သွားချင်သ လား....(မမြုပ်ချင်ပါဘုရား)။

ဒါဖြင့် ဘာလုပ်ရမလဲ၊ ရပ်မနေဘဲနဲ့ အားထုတ်ကြိုးစား ကူးပြန်တော့-

"ယဒါ သွာဟံ အာဝုသော အာယူဟာမိ၊ တဒါဿု နိဗ္ဗုယှာမိ"။

အာဝုသော၊ ဒါယကာနတ်သား။ ယဒါ၊ အကြင်အခါကာလ သမယ၌။ သွာဟံသောအဟံ၊ ထိုငါဘုရားရှင်ကိုယ်တော်မြတ်သည်။ အာယူဟာမိ၊ အားထုတ်ကြိုးစား၍ ကူးသွား၏။ တဒါ၊ ထိုအခါ၌။ နိဗ္ဗုယှာမိ၊ မျော၍သွားမယ်။

ကြိုးစားအားထုတ်ရင် ဘာဖြစ်မတဲ့လဲ.... (မျောသွားပါမယ်ဘုရား)၊ မျောသွားမယ်။

ကိုင်း-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘာလုပ် ကြမလဲ၊ ဘုန်းကြီးလဲ ပါဠိတော်လာသရွေ့ဘဲဟောတတ်တယ်၊ပါဠိတော်က လဲ ကုန်ပြီ၊ အဋ္ဌကထာကို ဒီနေရာမှာသွားကြည့်ပြီးတော့ ပါဠိတော်မူနဲ့အဋ္ဌ ကထာမူကို တိုက်ဆိုင်ပြီးတော့ဘုန်းကြီးစွမ်းနိုင်သရွေ့ ဟောပါမယ်, ပြော ပါမယ်၊ အဲ-အကယ်၍ သဘာဝမကျသေးရင်လဲဘဲ ဘုန်းကြီးများထက် တတ်ကျွမ်းလိမ်မာတဲ့ ဆရာတော် သမားတော်တွေ, ဆရာကောင်းသမား

ကောင်းတွေရှိကြပါသေးတယ်၊ သပ္ပုရိသသံဝေသဆိုတဲ့ ဒေသနာတော်ကို ထောက်ထားပြီးတော့ ဘုန်းကြီးများထက် အသိဉာဏ်ကြွယ်တဲ့, တတ်ကျွမ်းလိမ္မာတော်မူကြတဲ့ သူတော်ကောင်းကြီးများကို မှီဝဲပြီးသကာလ ဘုန်းကြီးဟောသမျှ ပြောသမျှနဲ့ မရှင်းသေးရင် မေးကြပါ, စမ်းကြပါ၊ ဘုန်းကြီးစွမ်းနိုင်သရွေ့တော့ ဘုန်းကြီးဟောပါမယ်။

## မြုပ်ခြင်း, မျောခြင်း အဋ္ဌကထာဖွင့်ပြပုံ

"ယဒါ သွာဟံ သန္တိဋ္ဌာမိ၊ တဒါဿု သံသီဒါမိ။ ယဒါ သွာဟံ အာယူဟာမိ၊ တဒါဿု နိဗ္ဗုယှာမိ"—ငါဘုရားရပ်နေရင်ဖြင့် မြုပ်သွားမယ်၊ ကြိုးစားအားထုတ်ရင်ဖြင့် မျောသွားမယ်၊ အဋ္ဌကထာက ဘယ်လိုဖွင့်သလဲဆိုတော့ သတ္တဒုကနှစ်ခုတွဲ ခုနစ်ခုတောင် ဖွင့်ဆိုပါတယ်၊ ဘုန်းကြီးကတော့ အဋ္ဌကထာဖွင့် နစ်ပုံ မျောပုံ တရားကို အစုံသုံးခုလောက်ဘဲယူပြီး တရားအားထုတ်ရင်း နစ်ပုံမျောဘတ်ပုံကို ဟောရမယ်။ ကိုင်း အဋ္ဌကထာဖွင့်ကိုဆက်ကြစို့။

တဏှာ,ဒိဋ္ဌိတို့ဖြင့်မြုပ်မယ်၊ တခြားသောကိလေသာတို့ဖြင့် မျောမယ်လို့ ဒီလိုဖွင့်ပါတယ်။ ရပ်တယ်ဆိုဒါ တဏှာ, ဒိဋ္ဌိဖြင့် ရပ်တည်နေတယ်၊ အားထုတ်ကြိုးစားတယ်ဆိုဒါ တခြားသောဥပက္ကိလေသတို့ဖြင့် အားထုတ်ကြိုးစားပြီးတော့ အဘိသင်္ခါရတရားဖြင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံအစုန်အဆန်မျောတယ်လို့ဒီလိုဆိုပါတယ်၊ ဒါ အဋ္ဌကထာရဲ့အဖွင့်ပါ။

နောက်တခါ အဋ္ဌကထာက ပြန်ဖွင့်ပါသေးတယ်၊ ရပ်နေတယ်ဆိုဒါက သဿတဒိဋ္ဌိအယူဘဲ၊ မျောသွားတယ်ဆိုဒါက ဥစ္ဆေဒဒိဋ္ဌိအယူ။

နောက်ဘခါ ဒီလိုဖွင့်ပြန်ပါသေးတယ်၊ တဏှာနဲ့ရပ်ပြီးတော့ တဏှာနဲ့နေရင် မြုပ်သွားမယ်၊ ဒိဋ္ဌိနဲ့ဆိုရင်မျောသွားမယ်၊ဒီလိုဖွင့်ပါတယ်၊အဓိပ္ပါယ်က ဘာပြောသလဲ၊ ဒီ-ပါဠိခေတ်နဲ့ အဋ္ဌကထာကို ပြန်ပြီးတော့ စံချိန်ထိုးကြည့်ကြစို့၊ ဋီကာမှာလဲ မဖွင့်ဘူး။

## တဏှာစွဲနဲ့မြုပ်, ဒိဋ္ဌိစွဲနဲ့မျော

ဘုန်းကြီးအသိဉာဏ်မှီသရွေ့ ပြောရမယ်ဆိုရင် အကြောင်းအကျိုးနှင့်တကွ အခုတိုးတဲ့သဘော, တွန်းတဲ့သဘော တည်းဟူသော အမျိုးကောင်း

သားများ, အမျိုးကောင်းသမီးများ ရုပ်နေတဲ့ဉာဏ်က ဘာဉာဏ်တဲ့လဲ.... (မြင်္ဂိတိဉာဏ်ပါဘုရား)။

အဲဒီ-ဓမ္မဋ္ဌိတိဉာဏ်ကို ငါပိုင်, ငါ့ဟာ, ငါ့ဥစ္စာလို့ စွဲလမ်းသိမ်းပိုက်ထားရင် တဏှာစွဲနဲ့မြုပ်မယ်၊ သူ့ကိုသိမ်းပိုက်ထားရင် ဒိဋ္ဌိစွဲနဲ့မျောမယ်။

(၁) အဲဒီ-တိုးတဲ့သဘော, တွန်းတဲ့သဘောလေးရယ်။

(၂) မနောဝိညာဏ်ဆိုတဲ့ ငိညာဏ်ရယ်။

(၃) ပိုင်းခြားပေးတဲ့ ပညာရယ်။

ဒီတရားသုံးလုံးကို ငါ, ငါ့ဥစ္စာအနေအားဖြင့် စွဲလမ်းထားရင် ရုပ်နေဒါနဲ့အားထုတ်ကြိုးစားဒါဖြစ်လိမ့်မယ်လို့ ဒီလိုဆိုလိုတဲ့အဓိပ္ပါယ်ပါ။

အဲ-ဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ သန္တာန်မှာဖြစ်ပေါ်နေတဲ့ တွန်းကန်တဲ့သဘောတည်းဟူသောရုပ်, တွန်းကန်တဲ့သဘောကိုသိပေးနေတဲ့ မနောဝိညာဏ်, ရုပ်ဝိညာဏ်ကို ပိုင်းခြားပြီးပေးနေတဲ့ ပညာဆိုတဲ့နာမ်တရား၊ ဒီဝိညာဏ်, နာမ်, ရုပ်ဖြစ်တဲ့ တရားတွေဟာ ရှုဘွယ်ကိုရှုတဲ့အခါမှာ ဖြစ်ကြတော့လဲ အတူတူဖြစ်ကြတယ်၊ ကုန်ကြ, ပျောက်ကြတော့လဲ အတူတူကုန်ကြပျောက်ကြတယ်၊ ဖြစ်ကြ,ပျက်ကြ,ကုန်ကြ, ပျောက်ကြတဲ့ သဘောတရားရှိပါသောကြောင့် ဒုက္ခတရား၊ ဘာတရားတဲ့လဲ....(ဒုက္ခတရားပါဘုရား)။

ဘယ်ဒုက္ခက ကောင်းသလဲ....(ဘယ်ဒုက္ခမှမကောင်းပါဘုရား)။

အဲဒီ-ဉာဏ်ကလေးဝင်ပါစေနော်၊ ဒါကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က ရည်ရွယ်လို့ "ကာမေသုကာမသုခလ္လိကာနုယောဂ"။ မျောနေတယ်လို့ ဒီလိုခေါ်ပါတယ်၊ ကာမဂုဏ်တွေ ခံစားပြီး ဘော့ဒါနကုသိုလ်,သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်တွေကို ကြိုးစားပွားများအားထုတ်ပြီးတဲ့ အခါကာလမှာ ကာမဘဝ,ဘဝေါ်ဃ,ဒိဋ္ဌောဃ, အဝိဇ္ဇောဃတည်းဟူသော ဩဃလေးဖြာ သံသရာကလွတ်ဖို့ရန်အတွက် မရည်မှန်းဘဲနဲ့ လူနတ်ပြဟ္မာသတ္တဝါတွေဖြစ်ပြီးတော့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို လျှောက်ပြီး ခံစားမယ်ဆိုရင် မြုပ်မယ်၊ ဒိဋ္ဌိစွဲရင်မျောမယ်၊ တဏှာကမြုပ်ပေးတယ်၊ ဒိဋ္ဌိကမျောပေးလိုက်တယ်၊ ဟိုဘက်ကမ်းမရောက်နိုင်တော့ဘူး။

အဲဒီအချက်ကိုမြင်တော်မူလို့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က အကြင်အခါ ငါဘုရားရှင်ကိုယ်တော်မြတ်သည် ရပ်တည်၍နေအံ့၊ ထိုအခါမြုပ်သွားမယ်၊ အကြင်အခါ ငါဘုရားရှင်ကိုယ်တော်မြတ်သည်ကြိုးစားအားထုတ်ပြီးတော့လုပ်အံ့၊ ထိုအခါမျောသွားလိမ့်မယ်လို့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ တဏှာနဲ့ဒိဋ္ဌိကိုအရင်းခံ ထားပြီးတော့ ရည်ရွယ်ပြီးဟောတော်မူတဲ့ ဒေသနာတော်ဖြစ်ပါတယ်။

အဲဒီအခါကျတော့မှနတ်သားက ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသားနားလယ်ပြီးတော့—

စိရဿံ ဝတ ပဿာမိ၊ ဗြာဟ္မဏံ ပရိနိဗ္ဗုတံ။
အပတိဋ္ဌံ အနာယူဟံ၊ တိဏ္ဏံ လောကေ ဝိသတ္တိကံ။

ဘုရားကိုနတ်သားက ဒီဂါထာနဲ့ဥဒ္ဒါန်းကျူးပြီးတော့ ချီးကျူးတော်မူပါတယ်၊ဒီနေရာမှာ ကာမောဃ၊ ဘာပြဿနာတဲ့လဲ....(ကာမောဃပါဘုရား)။

ပြဿ ၄-ပါး

"ပဉ္စသု ကာမဂုဏေသု ဆန္ဒရာဂေါ ကာမောဃော နာမ"။—

လို့အဋ္ဌကထာက ဒီလိုဖွင့်ပါတယ်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌နှစ်သက်ခြင်း၊ စွဲလမ်းခြင်းနဲ့ ဆန္ဒရာဂကလိုချင်နေရင်၊နှစ်သက်နေရင် တိုးတဲ့သဘော၊ တွန်းတဲ့သဘောတည်းဟူသောရုပ်၊ တိုးတဲ့သဘော၊ တွန်းတဲ့သဘောတွေကို သိသိပြီးနေတဲ့ ဝိညာဏ်၊ တိုးတဲ့သဘော တွန်းတဲ့သဘောတည်းဟူသော ဝိညာဏ်နဲ့ရုပ်ကို ပိုင်းခြားပြီးတော့ အနိစ္စအချက်၊ ဒုက္ခအချက်၊ ဝိပရိဏာမအချက်လို့ပိုင်းခြားပေးနေတဲ့ ပညာတည်းဟူသောနာမ်ကို ဆန္ဒလိုချင်နေမယ်၊ ရာဂစွဲလမ်းနေမယ်ဆိုရင် ကာမောဃောနာမ-ကာမောဃလို့ခေါ်တယ်၊ ဘာပြဿနာတဲ့လဲ....(ကာမောဃပါဘုရား)၊ ဒါ ကာမောဃ။

"ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဈာနနိကန္တိ စ ဘဝေါဃော နာမ"။

ဒါ-အဌကထာဖွင့်တဲ့ စကားတွေပါ၊ ရူပဘဝ, အရူပဘဝတွေကို စွဲလမ်းနှစ်သက်တဲ့ ဆန္ဒတွေ ရာဂတွေ လိုချင်နေရင်, နှစ်သက်နေရင်, စွဲလမ်းနေရင် ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန် စတုတ္ထစျာန်, အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်တွေကို စွဲလမ်း နှစ်သက်ပြီးသကာလ နေရင်, နိကန္တိ-နှစ်သက်နေရင် ဘဝေါဃလို့ အဌကထာဖွင့်ပါတယ်။

"ဒွါသဋ္ဌိဒိဋ္ဌိသု ဒိဋ္ဌောဃောနာမ"။

၆၂-ပါးသော မိစ္ဆာဒိဋ္ဌိအယူကို ဒိဋ္ဌောဃလို့ခေါ်ပါတယ်၊အဲဒီ ၆၂-ပါးသော မိစ္ဆာဒိအယူလို့ဆိုဒါ သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ္တန်မှာပါပါတယ်၊ ဒီ-သုတ္တန်ကြီးတွေကလဲ အင်မတန်မှ ဟောကြားစရာအချက်အလက်တွေ ပါပါတယ်။

"စတူသု သစ္စေသု အညာဏံ အဝိဇ္ဇောဃောနာမ"။

လေးပါးသော သစ္စာတရားတို့၌ မသိခြင်းသည် အဝိဇ္ဇောဃမည်၏။ ဒုက္ခသစ္စာကိုမသိခြင်း၊ အခု တိုးတဲ့သဘော,တွန်းတဲ့သဘောလေးနဲ့ဝိညာဏ်နာမ်ရုပ်တွေကို ပိုင်းခြားပေးထားတဲ့ ဒုက္ခဖြစ်လာရင် ဒုက္ခလို့ဆိုဒါ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမသိရင် "ဒုက္ခေအညာဏံ၊ ဣဒံ ဝုစ္စတိ အဝိဇ္ဇာ"၊ ဒါ အဝိဇ္ဇောဃ။

ကောင်းပြီ—က ာမောဃရဲ့တရားကိုယ်ကို ကောက်လိုက်တော့ ဆန္ဒနဲ့ရာဂ၊ ဘဝေါဃရဲ့တရားကိုယ်ကို ကောက်လိုက်တော့ ဆန္ဒနဲ့ရာဂ၊ ဒိဋ္ဌောဃရဲ့တရားကိုယ်ကိုကောက်လိုက်တော့ ဒိဋ္ဌိ၊ အဝိဇ္ဇောဃရဲ့ တရားကိုယ်ကိုကောက်လိုက်တော့ မောဟ၊ တဏှာ, ဒိဋ္ဌိ, မောဟတရားကိုယ် သုံးလုံးရပါတယ်။

အဲဒီ-တရားကိုယ်သုံးလုံးကို အကုသိုလ်စိတ် ၁၂-ခုနဲ့ ဝေဘန်ပိုင်းခြားပြီးတော့ အဌကထာက ဘယ့်နှယ်ပြပြန်သလဲဆိုတော့-ကာမောဃလို့ဆိုဒါက လောဘသဟဂုတ်စိတ် ၈-ခုမှာဖြစ်တယ်၊ လောဘမူ စိတ်၈-ခုမှာ လုံးဝဖြစ်ပါတယ်၊ စေတသိက်ဆိုရင်ဖြင့် ၂၂-ပါး ယှဉ်ပါတယ်၊ ပြီးတော့ခန္ဓာတွေ ဖွဲ့ပြီး ဓမ္မာနုပဿနာသတိပဋ္ဌာန်သဘောသွားနဲ့ ရှုမယ်ဆိုရင် ဒီနေရာမှာဖြစ်

ပါသေးတယ်၊ ဓမ္မဋ္ဌိတိဉာဏ်ဖြစ်နေပြန်တယ်၊ ဟောဘာမူလစိတ် ၈-လုံးမှာ ကာမောဃဆိုတဲ့သဘောတရားတွေ ဖြစ်ပါတယ်၊ တည်ပါတယ်။

ခုန-ပြောတဲ့ "ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဈာနနိကန္တိစ ဘဝေါ- ဃောနာမ"လို့ဆိုတဲ့ ရူပဘဝ,အရူပဘဝတွေကို စွဲလမ်းခြင်း,နှစ်သက်ခြင်းဆို တဲ့ ဘဝေါဃကကော ဘယ်မှာဖြစ်သလဲ၊ လောဘမူစိတ် ရှစ်ခုထဲမှာရှိတဲ့ ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်လေးလုံးမှာသာလျှင် သူကယှဉ်ပါတယ်။

နောက်တချက် ဒိဋ္ဌောဃကျတော့ လောဘမူစိတ် ၈-ခုမှာရှိတဲ့ ဒိဋ္ဌိဂတ- သမ္ပယုတ်စိတ် ၄-ခုမှာသာလျှင် သူကဖြစ်ပါတယ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၄-ခု မှာ သူကမဖြစ်ဘူး။

အဝိဇ္ဇောဃကျတော့ အကုသိုလ်စိတ် ၁၂-ပါးလုံးမှာ အဝိဇ္ဇောဃက ဖြစ်တယ်လို့ ဒီအဋ္ဌကထာက မှတ်ချက်ချပြန်ပါတယ်။

အဲဒီလို အဋ္ဌကထာက မှတ်ချက်တွေချလို့ ခုန"ဈာနနိကန္တိစဘဝေါ- ဃောနာမ"လို့ဆိုတော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဒီ-ဘဝေါဃကလွတ်ဘို့ရန်လိုသလား မလိုဘူးလား.... (လိုပါတယ်ဘုရား)။

အဲဒီလို လိုတဲ့အတွက် ဘုန်းကြီး ဒီနေ့စဉ်းစားထားတာက ဒီ—ဓမ္မဋ္ဌိတိ ဉာဏ်နဲ့ပတ်သက်လို့ သုတ္တန်ကို နှစ်သုတ္တန်ထွက်အောင် ဟောရလိမ့်မယ်လို့ ဘုန်းကြီး ဒီလိုရည်ရွယ်ချက်ထားတဲ့အတိုင်း ဒီ-ညတော့ဖြင့် ၉-နာရီကလဲ ထိုးတော့မှာဖြစ်နေပါတယ်၊ နဲနဲလေး အချိန်ပိုသွားရင်ဖြင့် ဩော်-ဘုန်း ကြီးဟာဖြင့် ဒို့အပေါ်မှာ အင်မတန်သိစေလိုတဲ့ အတွက် မေတ္တာ, ကရုဏာ ရှေ့ထားပြီး သဒ္ဓါတရားပိုသွားဒါဘဲလို့ ဒီလိုနှလုံးသွင်းကြပါနော်။

(သာဓု-သာဓု-သာဓု)

ဩဃတရဏ သုတ္တန်တရားတော် ပြီး၏။

# ဈာနသုတ္တန် တရားတော်

## "ဈာန်ကိုမှီပြီးအာသဝေါကုန်ခန်းပုံ"

"ဈာနနိကန္တိစ"လို့ ခုန အဋ္ဌကထာဖွင့်တဲ့ အရိပ်ကလေးဟာ ပါမလာဘူးလား၊ ဒီ-အဋ္ဌကထာဖွင့်တဲ့အရိပ်က ဘာကိုမြှော်လိုက်သလဲလို့ ဆိုတော့ ဟိုနဝင်္ဂုတ္တရပါဠိတော်မှာရှိတဲ့ ဈာနသုတ္တန်ကို သွားပြီးတော့ညွှန်းလိုက်ပါတယ်၊ ဈာနသုတ္တန်ကို သွားပြီးတော့ မြှော်လိုက်ပါတယ်၊ ဘယ်လိုလဲ ဈာနသုတ္တန်မှာ-

> ပဌမံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ၊ ဒုတိယံ ပါဟံ ဘိက္ခဝေ၊ တတိယံ ပါဟံ ဘိက္ခဝေ၊ စတုတ္ထံ ပါဟံ ဘိက္ခဝေ၊ အာကာသာနဉ္စာယတနံ ပါဟံ ဘိက္ခဝေ၊ ဝိညာဏဉ္စာယတနံ ပါဟံ ဘိက္ခဝေ၊ အာကိဉ္စညာယတနံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမိ''။

ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါ တရားလေးပါးကုန်ဖို့အတွက်မြတ်စွာဘုရားက 'နေဝသညာနာသညာယတနံ ပါဟံ ဘိက္ခဝေ'' ဆိုဒါကတော့ ပါဠိတော်မှာမပါဘူး၊ ဘာကြောင့်လဲဆိုတော့ အလွန်သိမ်မွေ့တဲ့ နာမ်ခန္ဓာတွေဖြစ်နေတော့ ဝိပဿနာရှုလို့မရဘူး၊ ဝိပဿနာက ထင်ရှားတဲ့ ရုပ်နာမ်ခန္ဓာကိုရှုရတာဖြစ်တယ်၊ အာကိဉ္စညာယတန ဈာန်ထိအောင်သာပါတယ်၊ ဒီတော့ ပဌမဈာန်တခုပြောလိုက်ရင်လဲဘဲ အားလုံးအမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဘောပေါက်လောက်ပါတယ်။

ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဆိုတာတွေလဲ ဩဃနဲ့အတူတူပါဘဲ၊ အဲဒီ-အာသဝတွေက လွတ်ဖို့ရန်အတွက် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်မှာ "ပဌမံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံဝဒါမိ"လို့ဒီလိုဟောပါတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဒေသနာတော်နော်၊ ဘုန်းကြီးပိုင်ဘုန်းကြီးဟောတဲ့တရားမဟုတ်ဘူး။

ဘိက္ခဝေ၊ ရဟန်းအများ အိုချစ်သားတို့။ ပဌမံဈာနံ၊ ပဌမဈာန်ကို။ နိဿာယ၊ အမှီပြု၍။ အာသဝါနံ၊ ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရားလေးပါးတို့၏။ ခယံ၊ ကုန်ခြင်းကို။ အဟံ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ (ဒါကပါဠိတော်အနက်ပါ။)

ပဌမဈာန်ကိုအမှီပြုပြီးတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများနော်-ဈာန်ဆိုဒါနဲ့ သမထဘက်ကိုချည်း မဒအောက်မေ့ပါနဲ့၊ ဈာန်ဆိုဒါ ဘာခေါ်သလဲလို့ဆိုရင် ဆန့်ကျင်ဘက် ကိလေသာတရားတွေကို လောင်ကျွမ်းစေကက်တဲ့ သဘောတရားကို ဈာန်လို့ခေါ်တယ်၊ ဈာန်လို့မှတ်၊ ကိလေသာတရားတွေကို လောင်ကျွမ်းစေတတ်တဲ့တရားကို ဘာတရားလို့ခေါ်သလဲ....(ဈာန်တရားလို့ခေါ်ပါတယ်ဘုရား)။

မကောင်းဘူးလားလို့မေးရင် "သူ့ဥစ္စာက သမထလမ်းကြီးပါ" လို့ နှိမ့်ချလိုတဲ့ သဘောနဲ့ မပြောကောင်းဘူးနော်၊ "နိဝရဏေသမေတီတိသမထော="နိဝရဏတရားတွေငြိမ်းလို့ ဈာန်ကိုလဲသမထလို့ ခေါ်တာရှိတယ်၊ အလုံးစုံသောဒုက္ခတွေ ငြိမ်းဒါကိုလဲ သဗ္ဗသင်္ခါရသမထောလို့ ဒီလိုခေါ်လိမ့်အုံးမယ်။

ကိုင်း-ဆက်ကြအုံးစို့၊ ပဌမဈာန်ကို အမှီပြုပြီးတော့အာသဝေါတရားတွေကုန်ပုံကို ငါဘုရားဟောတော်မူတယ် လို့ဆိုတော့ ကိုင်း-ခပ်ကျဉ်းကျဉ်းဘဲဟောကြစို့ရဲ၊ ဒီသုတ္တန်ဟာ အင်မတန်အကျယ်ချဲ့ပြီး အဋ္ဌကထာအဖွင့်နဲ့ဟောဘို့ကောင်းတဲ့ သုတ္တန်တခုပါ၊ ဘုန်းကြီးရဲ့တရားဒေသနာအစဉ်မှာလဲဘဲ ဟို-ရွှေဘုန်းပွင့်ဓမ္မာရုံကြီးမှာဟောစဉ်အခါကာလတုန်းက-ဓမ္မဋ္ဌိတိဉာဏ်ကိုပေးတဲ့နေ့မှာ ဒီ-သြဿတရဏသုတ္တန်နဲ့တုံပြီး ဒီ-ဈာနသုတ္တန်ကို ဘုန်းကြီးမဟောခဲ့ပါဘူး၊ အခု ဒီ-ကျွာကူး ဓမ္မဗိမာန်တော်ကြီးကျတော့ သြဿတရဏသုတ္တန်နဲ့ တွဲဖက်ပြီးတော့ ဒီ-အချက်ကလေး ကွက်ကွက်ကွင်းကွင်း ပေါ်လာဘို့ရန်အတွက် ဒီ-ဈာနသုတ္တန်ပါတွဲဖက်ပြီး နှစ်သုတ္တန်ဖြစ်အောင် ဟောပြခြင်းဖြစ်ပါတယ်။

### ပဌမစျာန်ကိုမှီပြီး ဘာ့ကြောင့်အာသဝေါကုန်သလဲ

ဒီ-ပဌမစျာန်ကိုအမှီပြုပြီးတော့အာသဝေါတွေ ကုန်တယ်ဆိုဒါ ဘယ်လိုလဲ,ဘယ်လိုကုန်ဒါလဲလို့ဆိုဒါ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တော်တိုင် ပုစ္ဆာထုတ်ပါတယ်။

"ပဌမံ ပါဟံ ဘိက္ခဝေ ဈာနံ နိဿာယ အာသဝါနံ ခယံ ဝဒါမီတိ ဣတိ ခေါပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ"။

ဒါပါဠိတော်ပါ၊ ချစ်သားတို့....အဲဒီပဌမစျာန်ကို အမှီပြုပြီးတော့ အာသဝေါတရားတွေ ကုန်တယ်လို့ဟောတော်မူခဲ့တာဟာ ဘယ်အကြောင်းကို စွဲပြီးတော့ အာသဝေါတရားတွေကုန်ရပါသလဲလို့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကိုယ်တိုင် ပုစ္ဆာထုတ်ပြီးတော့-

### ပဌမစျာန် ဖြစ်ပေါ်ပုံ

"ဣဓ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"။

ဒါဘာပြောဒါလဲ၊ ပဌမစျာန်ဖြစ်ပုံကိုပြောတယ်၊ စျာန်ဆိုဒါ ရှိရမယ်နော်၊ ဆန့်ကျင်ဘက် ကိလေသာ အညစ်အကြေးတရားတွေကို လောင်ကျွမ်းစေတတ်တဲ့ သဘောတရားကို စျာန်လို့ခေါ်ပါတယ်၊ ဘာလို့ခေါ်သလဲ...(စျာန်လို့ခေါ်ပါတယ်ဘုရား)။

ကောင်းသလား၊ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ရှိအပ်သလား၊ မရှိအပ်ဘူးလား....(ရှိအပ်ပါတယ်ဘုရား)။

ရှိသင့်သလား၊ မရှိသင့်ဘူးလား....(ရှိသင့်ပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှတ်မိအောင်လား နားထောင်ကောင်းအောင်လား....(မှတ်မိအောင်ပါဘုရား)။

အဲဒီ-ပဌမစျာန် အမှီပြုပြီးတော့ အာသဝေါတွေ ကုန်တယ်ဆိုဒါကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က—

"ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"။

ဒါ-ပဌမဈာန်ကိုရောက်နေပုံကို ဘုရားက ညွှန်ပြတယ်၊ ချစ်သားတို့.... ဤသာသနာတော်မှာ ရဟန်းတော်တွေ ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီးတော့ အလုံးစုံသော အကုသိုလ်တရားတွေ ဆိတ်သုဉ်းပြီးတော့ အလုံးစုံသော ကာမဂုဏ်အာရုံတွေ ဆိတ်သုဉ်းပြီးတဲ့အခါမှာ ကြံစည်ခြင်း ဝိတက်, သုံးသပ်ဆင်ခြင်ခြင်း ဝိစာရနဲ့တကွ ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်တဲ့ ပီတိ, သုခကိုရပြီးတော့ ပဌမဈာန်ကိုရောက်နေတယ်။

ပဌမဈာန်၌ ပြည့်စုံအင်္ဂါ—၅၊ ပယ်အင်္ဂါ—၅

ဒီ-ပဌမဈာန်မှာ ပြည့်စုံရမဲ့အင်္ဂါက ၅-ပါး, ပယ်ရမဲ့ အင်္ဂါက ၅-ပါး လို့ ဒီလိုမှတ်ပါ။

ဝိတက်,ဝိစာရ,ပီတိ, သုခ, ဧကဂ္ဂတာ ဒီ-တရား ၅ ပါးက ပဌမဈာန်မှာ ပြည့်စုံရမဲ့တရား ၅-ပါးပါ၊ နောက် ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ ဒီ-တရား ၅-မျိုးက ပယ်ရမဲ့တရား ၅-မျိုးပါ၊ ပဌမဈာန်ကိုရရင် အဲဒီ-ပြည့်စုံရမဲ့တရား ၅-မျိုးလဲ ပြည့်စုံတယ်၊ ပယ်ရမဲ့တရား ၅-မျိုးလဲ ပယ်ပြီးသားဖြစ်တယ်။

နို့-ကောင်းပြီ၊ အဲဒီပဌမဈာန်က ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ ဒီ-အကုသိုလ်အညစ်အကြေး ဆန့်ကျင်ဘက်တရားတွေကို ပယ်လိုက်တာဟာ ဝိတက်ကပယ်လိုက်တာလား၊ မဟုတ်ဘူး၊ ဝိစာရက ပယ်လိုက်တာလား၊ မဟုတ်ဘူး၊ ပီတိ, သုခ, ဧကဂ္ဂတာတွေက ပယ်လိုက်တာလား၊ မဟုတ်ဘူး၊ မပယ်ဘူး၊ ပဌမဈာန်ရဲ့အင်္ဂါတွေက ပယ်ကိုမယ် နိုင်ဘူး။

နို့-ဒါဖြင့် အဲဒီ-ပဌမဈာန် အင်္ဂါ ၅-ပါးနဲ့ယှဉ်တဲ့ ပဌမဈာန်စိတ်က ပယ်လိုက်တာလား၊ မဟုတ်ဘူး၊ ဘယ်သူကပယ်သလဲ၊ အဲဒီ-ပဌမဈာန်စိတ်နဲ့ ယှဉ်တဲ့ ပညိန္ဒြေစေတသိက်က ပယ်ပါတယ်၊ ဒီ-ပဌမဈာန်မှာ စေတသိက်

၃၅-လုံးယှဉ်ပါတယ်၊ ဘာကြိုက်သလဲ ယှဉ်ခဲ့ဘူးတဲ့ ပုဂ္ဂိုလ်တွေတော်တော်များများ ပါပါလိမ့်မယ်၊ အဲဒီ-ပဌမစျာန်စိတ်မှာ စေတသိက်ပေါင်း ၃၅-လုံးယှဉ် သည့်အနက်က ပညိန္ဒြေစေတသိက်ဆိုဒါပါပါတယ်၊အဲဒီ-ပညိန္ဒြေစေတသိက် နှင့်ယှဉ်ပြီးလျှင် ဖြစ်ပေါ်လာတဲ့စျာန်အင်္ဂါ ၅-ပါးကသာလျှင် ခုန ကာမစ္ဆန္ဒ ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ နီဝရဏတရားတွေကိုပယ် တယ်၊ ပယ်တယ်ဆိုရာမှာလဲဘဲ ဝိတက်က ထိနမိဒ္ဓ၊ ဝိစာရက ဝိစိကိစ္ဆာ၊ ပီတိ ကဗျာပါဒ၊ သုခက ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဧကဂ္ဂတာ=သမာဓိက ကာမစ္ဆန္ဒ အဲဒီ လို သူဟာနဲ့သူပယ်ကြတယ်၊ ပညာပါဝင်မှုပါဘဲ၊ ဒါကြောင့် ပညာဟာ "ပဟာနကိစ္စ" ပယ်ခြင်းကိစ္စရှိတယ်၊ သမာဒိဋ္ဌိရဲ့ သတ္တိပေါ်အောင်လို့ပြော နေဒါ။

တော ၁၁-ပါး ရှုပုံ

ကဲ-ကောင်းပြီ၊ အဲဒီ-ပဌမစျာန်မှာ ဒီ-ပဌမစျာန်နဲ့ ပြည့်စုံနေတဲ့အခါ မှာ ဒီ-ရဟန်းတော်က ဘယ်လိုစီမံသလဲ၊ ဘယ်လို စိတ်ကူးသလဲ၊ ဘယ်လို အာသဝကုန်သလဲ-လို့ဆိုတော့ ပါဠိတော်မှာ ကြည့်ပါ။

> "သော ယဒေဝ တတ္ထ ဟောတိ ရူပဂတံ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ"။

အဲဒီ-ပဌမစျာန်အတွင်းမှာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်လို့ ဆိုတဲ့ ခန္ဓာငါးမျိုးပါပါတယ်၊ ခုနက ဘုန်းကြီးပြောလိုက်တဲ့ တရားတွေကို ခန္ဓာဖွဲ့လိုက်မယ်ဆိုရင် ခန္ဓာငါးမျိုးရသွားပါတယ်၊ ရှေ့မှာစိုးလို့ အဲဒီ-ခန္ဓာ တွေကို စုံစုံစိစိ ဒီမှာရှင်းမပြတော့ပါဘူး။

ထိုပဌမစျာန်ဝင်စားတဲ့ ရဟန်းက ဘယ်လိုရှုမလဲ၊

> "တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿတိ"။

ဒီလိုရှုလိုက်ပါတယ်၊ ပဌမစျာန်မှာရှိနေတဲ့ အင်္ဂါအစိတ်အပိုင်းတွေကို ကော, ပဌမစျာန်စိတ်ကကော၊ ခုန ပဌမစျာန်စိတ်နဲ့တွဲပြီးပေါ်ဖြစ်တဲ့ပညိ-န္ဒြေစေတသိက်က ဆန့်ကျင်ဘက်တရားတွေကို ပယ်လိုက်တယ်ဆိုတဲ့ ပညိန္ဒြေ-စေတသိက်က ဒီ-တရားစုတွေကို ဘယ်လိုရှုလိုက်သလဲဆိုတော့—

(၁) အနိစ္စတော-မမြဲသောအားဖြင့်။
(၂) ဒုက္ခတော-ဆင်းရဲတဲ့သဘောအားဖြင့်၊ ပဌမစျာန်ဖြစ်လာရင် ဘာသာဖြစ်မလဲ၊ ဒုက္ခဖြစ်မလား၊သုခဖြစ်မလား....(ဒုက္ခဖြစ်ပါမယ်ဘုရား)၊ ဒုက္ခသာဖြစ်မယ်။
(၃) ရောဂတော-အနာရောဂါအားဖြင့်။
(၄) ဂဏ္ဍတော-အိုင်းအမာအားဖြင့် ငါ့ကိုယ်မှာရှိနေပါတကား-ဟူ၍ရှုလိုက်တယ်။
(၅) သလ္လတော-ငြောင့်ကြီး မြှားကြီး စူးဝင်သော သဘောရှိပါတကားဟူ၍။
(၆) အဃတော-အပြစ်တုံးကြီးပါတကားဟူ၍။
(၇) အာဗာဓတော-နာကျင်စရာကြီးတွေပါတကားဟူ၍။
(၈) ပရတော-ကိုယ်နှင့်မဆိုင် ကိုယ်ပိုင်မထား သူတပါးအနေအားဖြင့်။
(၉) ပလောကတော—ကုန်တတ်, ပျောက်တတ် ပျက်စီးတတ်တဲ့ အနိစ္စသဘောအားဖြင့်။
(၁၀) သုညတော-ငါ,ငါ့ဥစ္စာတွေမှ ဆိတ်သုဉ်းတယ်ဆိုတဲ့သဘော အားဖြင့်။
(၁၁) အနတ္တတော—အလိုသို့မလိုက် အကြိုက်သို့မပါ အစိုးရပိုင်ဆိုင်သူမရှိပါတကား-ဟူ၍၊ သမနုပဿတိ၊ ရှု၏။

လို့တော့ ၁၁-တောနဲ့ရှုလိုက်တယ်၊ဘယ်နှစ်တောတဲ့လဲ ... (၁၁-တောပါဘုရား)။

အဲဒီ ၁၁-တောနဲ့ ရှုလိုက်တဲ့အခါကျတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ကို ကောင်းဒါကြိုက်သလား၊ မကောင်းဒါ

ကြိုက်သလား.... (ကောင်းဒါ ကြိုက်ပါတယ်ဘုရား)၊ ကောင်းဒါကြိုက်တယ်နော်။

သက်သာဒါကြိုက်သလား၊ မသက်သာဒါကြိုက်သလား.... (သက်သာဒါကြိုက်ပါတယ်ဘုရား)။

ဆင်းရဲဒါကြိုက်သလား၊ချမ်းသာဒါကြိုက်သလား....(ချမ်းသာဒါကြိုက်ပါတယ်ဘုရား)။

ပဌမစျာန်အင်္ဂါတွေကို ခုနက တော ၁၁-တောနဲ့ ရှုလိုက်တော့ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ ဘာတွေတွေ့သလဲ၊ ကောင်းဒါတွေ တွေ့သလား၊ မကောင်းဒါတွေတွေ့သလား.... (မကောင်းဒါတွေ တွေ့ပါတယ်ဘုရား)၊ မကောင်းဒါတွေ တွေ့တယ်။

တော ၁၁-တောက သက်သာဒါတွေလား၊ မသက်သာဒါတွေလား.... (မသက်သာဒါတွေပါဘုရား)၊ မသက်သာဒါတွေ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ကအဲဒါတွေ ကြိုက်ကဲ့သား....(မကြိုက်ပါဘုရား)၊မကြိုက်ဘူး၊မကြိုက်တော့ဘယ်လိုဖြစ်။

ယထာဘူတဉာဏ်မြင်တော့ စျာန်ကိုခွာ

"သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ"

သော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။ တေဟိ ဓမ္မေဟိ၊ ထိုတော ၁၁-တောတွေ ဖြစ်နေတယ်ဆိုတဲ့စျာန်, စျာန်အင်္ဂါတရားတို့မှ။ စိတ္တံ၊ စိတ်ကို။ပဋိဝါပေတိ၊ ခွါလိုက်တယ်။

အစက ကောင်းတယ်မှတ်လို့ပေါင်းနေဒါ၊ သေသေချာချာ တော ၁၁-တောနဲ့ ယထာဘူတဉာဏ်နဲ့လဲမြင်လိုက်ရော မကောင်းဘူးဆိုတော့ စိတ်က ဒီ-မကောင်းတဲ့ဟာတွေက ခွါသလား၊ မခွါဘူးလား.... (ခွါပါတယ်ဘုရား)။

ခွါဒါ ဘယ်သူ့သတ္တိလဲ.... (ပညာရဲ့သတ္တိပါဘုရား)၊ ပညာသတ္တိနော်၊ ခွါပြီးတော့ ဘယ်သွားသလဲ။

"သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတွာ အမ–
တာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ"။

သော၊ ထိုအမျိုးကောင်းသား, အမျိုးကောင်း သမီးသည်။
တေဟိဓမ္မေဟိ၊ ထိုတရားတို့မှ, မကောင်းတဲ့တရားတွေမှ။ စိတ္တံ၊
စိတ်ကို။ ပဋိဝါပေတွာ၊ ခွာပြီးတော့။ (ဘယ်ပို့လိုက်သလဲ)
အမတာယဓာတုယာ၊ ငြိမ်သက်တယ်ဆိုတဲ့ အမတဓာတ်၌။ စိတ္တံ၊
စိတ်ကို။ ဥပသံဟရတိ၊ ပူးကပ်၍ပေးလိုက်၏။

တခါထဲဘဲ အဲဒီ–တရားတွေက ခွာလာပြီးတော့ စိတ်ကို နိဗ္ဗာန်နဲ့ပူးပေး
လိုက်တယ်၊ ဘယ်လိုလုပ်ပူးသလဲ၊ ပူးပုံကလေးက—

ဈျာန်စိတ်ခွာပြီး နိဗ္ဗာန်သို့ကပ်

"ဧတံ သန္တံ ဧတံ ပဏီတံ"။

ဧတံ၊ ဤနိဗ္ဗာန်သဘောတရားသည်။ သန္တံ၊ ငြိမ်သက်လှပေ၏။
ဧတံ၊ ဤသဘောတရားသည်။ ပဏီတံ၊ မွန်မြတ်လှပေ၏။

ပြော်—ဒီသဘောကလေးကတော့ ငြိမ်သက်တယ်၊ ဟိုဘက်က အနိစ္စ
တော့,ဒုက္ခတော-အစရှိတဲ့ တော ၁၁-တောကတော့ လှုပ်လှုပ်လှုပ်လှုပ်နဲ့
နေတယ်၊ ဒီဘက်သဘောလေးကတော့ ငြိမ်သက်တယ်လို့ ငြိမ်တဲ့ဘက်ပူး
ပေးလိုက်တယ်၊ ငြိမ်တဲ့ဘက်ကပ်ပြီးတော့ ပေးလိုက်တယ်၊ဘက်လိုလုပ် ကပ်
သလဲ။

"ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ
တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ"။
(ဒီလိုပူးလိုက်တယ်)။

"ယဒိဒံနိဗ္ဗာနံ၊ ငြိမ်သက်ခြင်း,မြေခြင်းရှိသော ယင်းနိဗ္ဗာန်သည်
ကား။ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံအလုပ်လုပ်စရာတွေ ငြိမ်း
တယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သုံးဆယ့်တဘုံမှာ
အလုပ်မလုပ်ရတဲ့နေရာ ဘယ်နေရာရှိသလဲ၊ အလုပ်လုပ်နေရဒါနဲ့ မလုပ်ဘဲ

နေရဒါ ဘယ်သင်းကငြိမ်းသလဲ, ဘက်သင်းကကောင်းသလဲ၊ သုံးဆဲ့တဘုံမှာ နေဝသညာ နာသညာယတန ပြဟ္မာကြီးတွေ ဖြစ်နေရင်ကော အလုပ်ဗလုပ်ရဘူးလား.... (လုပ်ရပါတယ်ဘုရား)၊ လုပ်နေရတယ်၊ လူ့ပြည်မှာဆိုဒါကတော့ မပြောနဲ့တော့။

သဗ္ဗသင်္ခါရသမထော-အလုံးစုံသော ပြုပြင်စရာ,လုပ်စရာ,ကိုင်စရာတွေ ငြိမ်းတယ်၊ အဲဒီ-ငြိမ်းတဲ့နေရာဇလေး ပူးပေးလိုက်တာဘဲ စိတ်ကို၊ စိတ်နဲ့ဘာနဲ့ သွားတွေ့သလဲ၊ စိတ်နဲ့သင်္ခါရသမထတွေ ငြိမ်းတယ်ဆိုတဲ့သန္တိနဲ့သွားတွေ့သလား, မတွေ့ဘူးလား၊ နိဗ္ဗာန်အာရုံပြုပုံဟာ ဒီအတိုင်းလို့မှတ်ပါ၊ နိဗ္ဗာန်ပေါ်လာပြီနော်။

> သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံစွဲလမ်းစရာ ဟူသမျှတွေကို စွန့်တယ်။ တဏှာက္ခယော၊စွဲလမ်းခြင်းတွေကုန်တယ်။ ဝိရာဂေါ၊ စွဲလမ်းခြင်း, နှစ်သက်ခြင်းတွေကင်းတယ်။ နိရောဓော၊ စွဲလမ်းခြင်း, နှစ်သက်ခြင်းတွေချုပ်တယ်။

လို့ အဲဒီ—သဘောနဲ့ ပူးပေးလိုက်သည် ဖြစ်ပါသောကြောင့် ပူးပေးသည်နှင့် တပြိုင်နက်ထဲ ကာမာသဝ— လိုချင်တောင့်တဒါတွေ ရှိသေးသလား၊ ဘဝါသဝ—နန္ဒီရာဂတွေ ရှိသေးရဲ့လား၊ ဒိဋ္ဌာသဝ ၆၂—ပါးသော ဒိဋ္ဌိတွေရှိသေးသလား၊ အဝိဇ္ဇာသဝ-နိရောဓသစ္စာကို သိသည်ဖြစ်ပါသောကြောင့် မမှန်ဒါသိတဲ့ အဝိဇ္ဇာရှိသေးရဲ့လား၊ အဲဒီလို- အာသဝေါတရားတွေကုန်ပုံကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည် ဈာနသုတ္တန် တရားဒေသနာတော်မှာ ဟောကြားတော်မူပါတယ်။

## နိဂုံး ဆုတောင်း

ဤသို့ ယနေ့ဓမ္မဋ္ဌိတိဉာဏ် ဖြစ်ပေါ်လာပုံနှင့်တကွ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာလာသော ဩဃာဘရဏသုတ္တန် တရားဒေသနာတော်နှင့်အင်္ဂုတ္တရနိကာယ် နဝင်္ဂုတ္တရ ပါဠိတော်မှာလာသော ဈာနသုတ္တန် တရားဒေသနာတော်တို့ကိုရိုသေစွာ နာခံမှတ်သားရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ်ကံ

စေတနာတို့ကြောင့်ရှင်း, သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလတော်မြတ်တို့ကိုကောင်းမွန်ရှိလေစွာ ဆောက်တည်ရခြင်းတည်းဟူသော သရဏဂုံသီလကုသိုလ်ကံ စေတနာတို့ကြောင့်ရှင်း,စွမ်းအားရှိသမျှ ဓမ္မဋ္ဌိတိဉာဏ်ရဘို့ရန်အတွက် ပွားများအားထုတ်ကြကုန်သော ဘာဝနာမယကုသိုလ်ကံစေတနာတို့ကြောင့်ရှင်း၊ဤသို့ပေါင်းအပ် များမြတ်သည့်ကုသိုလ်ကံ စေတနာတို့ကြောင့် (ဟောကြားခဲ့ပြီးသော သုတ်တို့၏ အဆုံးနိဂုံးဆုတောင်းအတိုင်း အကျယ်သိပါလေ)။

ဘုရားအစရှိကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့၏ ကိန်းအောင်းမွေ့လျော် ရှင်ပျော်ကြွသွားဆုဖြစ်သောနိဗ္ဗာန်ချမ်းသာကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်ဆောစွာ လွယ်ကူစွာနှင့် မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

ဗျာနသုတ္တန်တရားတော် ပြီး၏။

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ

# မဂ်ညာဏ်ဖြစ်ပေါ်ပုံ

နှင့်

# ကိံသုကောပမသုတ္တန်တရားတော်

ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ အမှတ် (၇)

---

ကာယည္ခ 24 (၁)

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိတသရ မထေရ်မြတ်သည် ၁၃၂၇-ခု၊ တပေါင်းလဆန်း ၁-ရက် နေ့ ( ၇-၃-၆၆ ) ညအချိန်၊ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျွဲကူးဓမ္မဗိမာန်တော်ကြီးတွင် ဝိပဿနာ ပါဠိတော်ဟောစဉ် အမှတ် (၇) ဖြစ်သော ဤ "မဂ်ဉာဏ်ဖြစ်ပေါ်ပုံ" နှင့် သင္ဂြဟတနဝဂ္ဂသံယုတ် ပါဠိတော် အာသီဝိသဝဂ်၌ လာသော "ကိံသုကောပမ သုတ္တန်တရားတော်"ကို ဟောကြားတော်မူသည်။

# မဂ်ဉာဏ်ဖြစ်ပေါ်ပုံ

## ပရိကမ်ပြုနည်း

ဝိပဿနာအလုပ်ပေးရာဟောတဲ့နေ့က ညွှန်ကြားပြသထားတဲ့ အတိုင်း အမျိုးကောင်းသားများက တင်ပလ္လင်ခွေ ထိုင်ပြီးတော့ ဘယ်ဘက်လက်ဝါးပေါ် ညာဘက်လက်ဝါး ထပ်ထားပြီး အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားပါ၊ အမျိုးကောင်းသမီးများကလဲ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ထက်ဝယ်ဘွဲ့ခွေထိုင်ပြီးတော့ လက်ကလေးနှစ်ဘက်ကိုထပ်ထားပြီး အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပါ၊ မလှုပ်ပါစေနဲ့၊ သိပ်လဲတောင့်ပြီးတော့မထားနဲ့၊ အလိုက်သင့်ကလေးပေါ့။

အဲသည်လိုထားပြီးတဲ့အခါကျတော့ စိတ်က ဘာကိုအာရုံပြုနေရမလဲဆိုတော့ ထွက်သက်ဝင်သက် ဝါယောဓာတ် ရုပ်ပရမတ်ရဲ့ တွန်းကန်တဲ့သဘောကလေးကို အာရုံပြုနေပါ၊ အဲဒီ-တွန်းကန်တဲ့သဘောကလေးကို အာရုံပြုနေပြီးတော့ ဘုန်းကြီးက ချပေးတဲ့ ပရိကမ်ပြုပုံကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက လိုက်ပြီးတော့ဆိုကြပါ၊ ဘုန်းကြီးက ချပေးမယ်၊ ''ကိုင်း-လိုက်ဆိုကြ''။

(ခုနောက်က ပရိကံပြုနည်းအတိုင်း ပရိကမ်ပြုပါ)

## နိဗ္ဗာန်အထိ အာရုံယူတဲ့ မနောဝိညာဏ်

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ပေးထားချက်ဖြစ်တဲ့ မူလကမ္မဋ္ဌာန်းအာရုံဖြစ်တဲ့ တွန်းကန်တဲ့သဘောကလေးကို အာရုံပြုပါ၊ အဲဒီ-တွန်းကန်တဲ့သဘောကလေးကို အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများအသိဉာဏ်နဲ့တွေ့နေသလား၊တွေ့မနေဘူးလား....(တွေ့နေပါတယ်ဘုရား)။

အဲဒီ-တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေးကို အသိဉာဏ်နဲ့တွေ့ပြီးနေတဲ့အခါမှာ အပြင်အာရုံထဲ စိတ်ရောက်သွားသေးသလား....(မရောက်ပါဘုရား)။

အတွင်းအာရုံကော....(မရောက်ပါဘုရား)။

နိမိတ်ကိုကော....(မရောက်ပါဘုရား)။

ဥပက္ကိလေသတရား၁၀-ပါးကိုကောစိတ်ရောက်သေးသလား....(မရောက်ပါဘုရား)။

ဒါဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ဟာ ဆင့်မနေ့မြောက်ညမှာ ပြခဲ့တဲ့ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံကိုတော်တော်လေးစုံအောင် ဘုန်းကြီးရှင်းပေးခဲ့ပြီးပြီ၊ ဒီ-ကနေ့ညတော့ မဂ်ဉာဏ်ဖြစ်ပုံသဘောကိုပြောရမှာဘဲ။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခု-တွန်းကန်တဲ့ သဘောကလေးကို တွေ့နေသလား၊ တွေ့မနေဘူးလား.... (တွေ့နေပါတယ်ဘုရား)။

ကိုယ်နဲ့တွေ့ဒါလား၊ ဉာဏ်နဲ့တွေ့ဒါလား....(ဉာဏ်နဲ့တွေ့ဒါပါဘုရား)။ ဉာဏ်တွေ့။

အဲဒီ-တွန်းကန်တဲ့ သဘောကလေးကို တွေ့နေတော့ ဘာတွေပါသလဲ၊ မနောဝိညာဏ်ပါသလား၊ မပါဘူးလား....(ပါပါတယ်ဘုရား)။

အသိ၊ တွန်းကန်တဲ့သဘောကလေးကိုသိနေတဲ့ အသိကလေးပါသလား မပါဘူးလား....(ပါပါတယ်ဘုရား)။

တွန်းကန်တဲ့သဘောကလေးကို အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်လို့ ဒီ-သုံးချက်ကို ပိုင်းခြားပိုင်းခြားပေးတဲ့ ပိုင်းခြားမှုကလေးကော ပါသလား၊ မပါဘူးလား....(ပါပါတယ်ဘုရား)။

နောက်နေ့ညက ဓမ္မဋ္ဌိတိဉာဏ်ပိုင်းကို ရှင်းပေးခဲ့တော့ ဒီ-သုံးချက်ပါနေတယ်၊ တွန်းကန်တဲ့သဘောကလေးကို သိပြီးနေဒါက ဝိညာဏ်၊ ဘာတဲ့လဲ....(ဝိညာဏ်ပါဘုရား)။

ဘာ ဝိညာဏ်တဲ့လဲ....(မနောဝိညာဏ်ပါဘုရား)။

စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့ဆိုဒါဟာ သူနဲ့ သူနဲ့ ဆိုင်ရာဆိုင်ရာ-ရူပ,သဒ္ဒ,ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗ, ကိုသာလျှင် အာရုံယူနိုင်တယ်၊ အာရုံပြုနိုင်တယ်၊ ပသာဒ,သုခုမရူပ, စိတ္တ, စေတသိက, နိဗ္ဗာန်ဆိုတဲ့ တရားစုတွေကို အာရုံမပြုနိုင်ဘူး၊ အာရုံမယူနိုင်ဘူး၊ ဒါကြောင့်-အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့မနောဝိညာဏ်ဟာဖြင့် နိဗ္ဗာန်ထိအောင် အာရုံယူနိုင်ဒါ မနောဝိညာဏ်ဘဲ။

## ဝိညာဏ် နာမ်, ရုပ်အကျိုးတရား

အဲဒီ-အာရုံယူနိုင်တဲ့ မနောဝိညာဏ်ဟာ ဘာအာရုံကို အခုယူထားသလဲ ဆိုတော့ ရုပ်အာရုံကိုယူထားတယ်၊ စိတ်အာရုံကို ယူထားတယ်၊ စေတသိက်အာရုံကိုယူထားတယ်၊ ဒီတော့ မနောဝိညာဏ်ယူထားတဲ့အာရုံဟာ ဘယ်နှစ်မျိုးရှိသလဲ....(သုံးမျိုးရှိပါတယ်ဘုရား)၊ သုံးမျိုး။

အဲဒီ-သုံးမျိုးကိုရှုကွက်မှာရှုတဲ့အခါကျတော့ သူကတမျိုးစီ တမျိုးစီယူရသလား၊ တိုးတဲ့သဘော, တွန်းကန်တဲ့သဘောကလေးကို အာရုံပြုလိုက်သည်နှင့်တပြိုင်နက် ဒီ-သုံးမျိုးပါလာသလား၊ပါမလာဘူးလား.... (ပါလာပါတယ်ဘုရား)။

အဲဒီ-သုံးမျိုးပါလာပုံကိုလဲဘဲဘုန်းကြီးညတုန်းကဒီ-ဥပမာ,ဥပမေယျနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကို ရှင်းလင်းပြီးတော့ ပေးခဲ့ပြီးပြီ၊ ခုည= ဒါကိုရှင်းနေအုံးမယ်ဆိုရင် သိပ်ပြီးတော့ အပိုဖြစ်ပြီးတော့ကျယ်နေပါအုံးမယ်။ တွန်းကန်တဲ့သဘောရယ် မနောဝိညာဏ်ရယ်၊ တွန်းကန်တဲ့သဘောလေလေးရဲ့ ကုန်တဲ့,ပျောက်တဲ့သဘောရယ်, အသစ်ပြန်ဖြစ်တဲ့သဘောရယ်,ဖြစ်ပြီးတော့ ကုန်တဲ့ပျောက်တဲ့ဘက်ကိုတရိပ်ရိပ်ပြောင်းရွှေနေတဲ့သဘောရယ်ဆိုတဲ့ ဒီ-သဘောသုံးချက်ကို ပိုင်းခြားပေးသွားဒါရယ်ဆိုတော့—

(၁) တွန်းကန်တဲ့သဘောရယ်,
(၂) သိတဲ့သဘောရယ်,
(၃) အနိစ္စအချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်ကိုပိုင်းခြားပေးတဲ့ သဘောရယ်—

လို့ သုံးချက်ပါသလားမပါဘူးလား....(ပါပါတယ်ဘုရား)၊ သုံးချက်။

အဲဒီသုံးချက်က သိတဲ့သဘောဖြစ်တဲ့ မနောဝိညာဏ်က ဝိညာဏ်၊ တွန်းကန်တဲ့သဘောကရုပ်၊ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေကို ပိုင်းခြားပေးနေတဲ့ ပညာက နာမ်တရား၊ သူကဘာတရားတဲ့လဲ....(နာမ်တရားပါဘုရား)။

သိနေတဲ့သဘောက ဘာတရားတဲ့လဲ....(ဝိညာဏ်ပါဘုရား)။

တိုးတဲ့သဘော, တွန်းတဲ့သဘောက ဘာတရားတဲ့လဲ.... (ရုပ်တရားပါဘုရား)။

သိတဲ့သဘောကဝိညာဏ်၊ ပိုင်းခြားပေးတဲ့သဘောက နာမ်၊ တိုးတဲ့သဘော,တွန်းတဲ့သဘောကရုပ်၊ ဒီသုံးလုံးပေါင်းလိုက်တော့ ဘာဖြစ်သလဲ, ဝိညာဏ်,နာမ်,ရုပ်၊ ဒီသုံးလုံးမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အကြောင်းတရားလား၊ အကျိုးတရားလား၊ ပဋိစ္စသမုပ္ပါဒ် နေ့၊ဟို–ကစ္စာနဂေါတ္တသုတ္တန်မှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ရှင်းလင်းချက်ပေးခဲ့တဲ့အခါတုန်းက ဒီ ဝိညာဏ်, နာမ်,ရုပ်ကိုအကြောင်းတရားလို့ပြောခဲ့သလား၊ အကျိုးတရားလို့ပြောခဲ့သလား.... (အကျိုးတရားလို့ပြောခဲ့ပါတယ်ဘုရား)၊ အကျိုးတရား။

ဝိညာဏ်,နာမ်,ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဒီတရားငါးမျိုးက အကျိုးတရား၊ ကဲ-ဒါဖြင့်ကောင်းပြီ၊ သူ့အကြောင်းကို ပြန်ကြည့်စမ်း၊ ဘယ်သူတွေလဲ၊ အမှန်ကိုမသိတဲ့ အဝိဇ္ဇာကြောင့် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက ဖြစ်ချင်တဲ့သဘောကလေးတွေ ရှိနေသလား၊ ရှိမနေဘူးလား....(ရှိနေပါတယ်ဘုရား)။

ဒီတွန်းကန်တဲ့ သဘောကလေးဟာ ပဌမအကြိမ် ဖြစ်ပြီးတဲ့နောက် ရှင်းအောင်နားထောင်နော်၊ ဘုန်းကြီးခပ်ဖြေးဖြေးဘဲပြောမယ်၊ တွန်းကန်တဲ့သဘောကလေး ပဌမအကြိမ်ဖြစ်ပြီးတဲ့နောက် ဒီဖြစ်ပြီးတဲ့ တွန်းကန်တဲ့သဘောကလေးဟာ ဘယ်ရောက်သွားသလဲ၊ ကုန်ပျောက်သွားတယ်နော်၊ နောက်တခါ အဲဒီ-တွန်းကန်တဲ့သဘောကလေး ပြန်ဖြစ်ချင်သေးသလား၊ မဖြစ်ချင်တော့ဘူးလား၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်မှာ ဒီလို-တွန်းကန်တဲ့ လေလေး ပြန်ဖြစ်ချင်သေးသလား၊ မဖြစ်ချင်တော့ဘူးလားဆိုတော့ ဖြစ်ချင်သေးတယ်၊ ဒီလေလေးမရှိရင် သေသွားမှာကိုး–သူ့ဟာက၊ နောက်တခါပြန်ဖြစ်ချင်သေးသလား၊ မဖြစ်ချင်တော့ဘူးလား....(ဖြစ်ချင်ပါတယ်ဘုရား)၊ ဒီလေလေးပြန်ပြီးတော့ ဖြစ်ချင်နေသေးတယ်။

အဲဒီလေလေးမရှိဒါတောင်မှ အခုခေတ်မှာ သိပ္ပံပညာအမျိုးမျိုးတွေနဲ့၊ ဒီလေလေး အစားထိုးပြီးရအောင်လုပ်နေကြသေးတယ်၊ ဒီလေလေးမရှိရင်၊ ဒီသတ္တဝါအသက်ရှင်မလား၊ မရှင်ဘူးလား....(မရှင်ပါဘုရား)။

ဒီတော့–အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက ဒီလေလေး ပြန်ပြီးတော့ ဖြစ်ချင်နေသေးသလား၊ မဖြစ်ချင်တော့ဘူးလား.... (ဖြစ်ချင်ပါတယ်ဘုရား)။

မဖြစ်မှာကို စိုးရိမ်နေသလား၊ မနေဘူးလား.... (စိုးရိမ်နေပါတယ်ဘုရား)။

## အဝိဇ္ဇာ, တဏှာ အကြောင်းတရား

ဖြစ်ချင်နေသေးတယ်ဆိုဒါက တဏှာ၊ အဲဒီလိုပြန်ဖြစ်ချင်နေဒါဟာ ဘာပြုလို့လဲ, ဘာပြုလို့ဖြစ်ချင်နေရဒါလဲဆိုတော့– ကစ္စာနဂေါတ္တသုတ္တန်ဒေသနာတော်မှာ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ"။ ။ဥပ္ပဇ္ဇမာနံ၊ ဖြစ်မယ်ဆိုရင်ဖြင့်။ ဒုက္ခမေဝ၊ ဆင်းရဲတရားသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ ထိုကဲ့သို့ သဘောတရားပိုင်းကလေးကို မမြင်လို့မသိလို့ဖြစ်လာရင် ဒုက္ခဘဲလို့ဆိုဒါ မမြင်တဲ့အတွက် ဒုက္ခကိုမမြင်လို့ ပြန်ဖြစ်ချင်ဒါ"ဒုက္ခေ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ"။ အဝိဇ္ဇာနဲ့တဏှာ ရမလာဘူးလား.... (ရလာပါတယ်ဘုရား)။

တွန်းကန်တဲ့သဘောကလေး ဖြစ်ခြင်းရဲ့အကြောင်းဟာ ဘယ်သူလဲ၊ အဝိဇ္ဇာနဲ့တဏှာ၊ တဏှာက ဒါလေးပြန်ပြီးတော့ ဖြစ်ချင်တယ်၊ ဘာပြုလို့ဖြစ်ချင်သလဲ၊ဖြစ်လာရင် ဒုက္ခလို့ဆိုဒါ ပိုင်းခြားပြီးသကာလ မသိတဲ့အဝိဇ္ဇာကြောင့်၊ ပဋိစ္စသမုပ္ပါဒ်ကို ရှင်းခဲ့စဉ်အခါတုန်းက ဒီအဝိဇ္ဇာနဲ့တဏှာကို အကြောင်းတရားလို့ ပြောခဲ့သလား၊ အကျိုးတရားလို့ပြောခဲ့သလား.... (အကြောင်းတရားလို့ပြောခဲ့ပါတယ်ဘုရား)။

အဝိဇ္ဇာ, တဏှာတည်းဟူသော အကြောင်းတရားကြောင့် ဝိညာဏ်, နာမ်ရုပ်တည်းဟူသော အကျိုးတရားဖြစ်– အကြောင်းတရားနှင့် အကျိုးတရား၊အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အဲဒီ–အကြောင်းတရားနဲ့ အကျိုးတရားကို ကွဲကွဲပြားပြား ခုလိုမသိရင် မဂ်ဉာဏ်ပေါ်နိုင်မလား၊ မပေါ်နိုင်ဘူးလား....(မပေါ်နိုင်ပါဘုရား)။

ကျားကူး ဓမ္မဗိမာန်မှာ တရားနာလာကြတဲ့ ပရိသတ်က တော်တော် ဟုတ်တာဘဲ၊ ဒီ-မေးခွန်းရဲ့အဖြေဟာ မလွယ်ပါဘူး၊ ဒီ-အကြောင်းတရား နဲ့ အကျိုးတရားကို ကွဲကွဲပြားပြားမသိရင် မဂ်ဉာဏ် ပေါ်နိုင်မလား၊ မပေါ်နိုင်ဘူးလား ...(မပေါ်နိုင်ပါဘုရား)မပေါ်နိုင်ဘူး။

အခု-ကျားကူး ဓမ္မဗိမာန်မှာ တရားနာကြတဲ့ အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများဟာ ဒီ—အကြောင်းတရားနဲ့ ဒီ—အကျိုး တရားကို ကွဲကွဲပြားပြားသိပလား၊ မသိသေးဘူးလား.... (သိပါပြီဘုရား)။

တွန်းကန်တဲ့ သဘောတရားကလေးကို သိနေဒါက ဝိညာဏ်၊ အနိစ္စ အချက်,ဒုက္ခအချက်,ဝိပရိဏာမအချက်ကို ပိုင်းခြားပေးတဲ့ ပညာဆိုဒါက နာမ်၊ တွန်းကန်တဲ့သဘောကရုပ်၊ ပေါင်းလိုက်တော့ဘာတဲ့လဲ....(ဝိညာဏ်, နာမ်,ရုပ်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် သွားလှန်ကြည့်လိုက်တော့ အကြောင်းလို့ ခေါ်သလား အကျိုးတရားလို့ခေါ်သလား.... (အကျိုးတရားလို့ ခေါ်ပါတယ်ဘုရား) အကျိုးတရား။

ခန္ဓာကိုယ်ကြီးမှာ သစ္စာ ၄-ပါး

ဘယ်အကြောင်းကြောင့်ပေါ်တဲ့ အကျိုးတရားလဲ၊ အဝိဇ္ဇာနဲ့တဏှာ ကြောင့် ပေါ်လာတဲ့အကျိုးတရား၊ အမျိုးကောင်းသားများနဲ့ အမျိုး ကောင်းသမီးများက ကြည့်။

> ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ
> သမနကေ လောကဉ္စ ပညာပေမိ လောကသမုဒယဉ္စ
> လောကနိရောဓဉ္စ လောကနိရောဓဂါမိနိ ပဋိပဒဉ္စ"။

လို့ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ မိန့်ခွန်းတော်ပါ၊ အနိန္ဒြိယဗဒ္ဓဖြစ်တဲ့ သစ်ပင်,ရေ,မြေ, တော,တောင် အစရှိသည်တို့ကို ဝိပဿနာဉာဏ်ပညာသွင်းလို့ မရပါဘူးတဲ့၊ နို့—ဘယ်မှာလဲလို့ဆိုတော့"ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ"-ကဠေ ဝရ ဖြစ်တဲ့ အလျားတလံ, အနံတထွာမျှရှိတဲ့ ဒီခန္ဓာကိုယ်ကြီးမှာတဲ့။

ကောင်းပြီ အသက်ဝိညာဏ်မရှိတဲ့, သိမှုတည်းဟူသော ဝိညာဏ်မရှိတဲ့, အာရုံကို ညွတ်ကိုင်းမှုတည်းဟူသော နာမ်မရှိတဲ့ ဒီ–ကိုယ်မှာလားလို့ဆို တော့ မဟုတ်ဘူး၊ ဝိညာဏ်နှင့်တကွ နာမ်နှင့်တကွဖြစ်တဲ့ တိုးတဲ့သဘော, တွန်းတဲ့သဘောမှာပင်လျှင်–

> လောကဉ္စ၊ ဒုက္ခသစ္စာဖြစ်တဲ့ လောကကိုငင်း။ လောကသမုဒယဉ္စ၊ ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ သမုဒယသစ္စာအကြောင်းတရားကိုငင်း။ ပညာပေမိ၊ ငါဘုရားပညတ်တော်မူ၏။ (ဒါတွင်မကပါဘူး) လောကနိရောဓဉ္စ၊ လောကရဲ့ချုပ်ဆုံးရာဖြစ်တဲ့ နိရောဓသစ္စာကိုငင်း။ လောကနိရောဓဂါမိနိပဋိပဒဉ္စ၊ လောက၏ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုငင်း။ ပညာပေမိ၊ ငါဘုရား ပညတ်တော်မူ၏။

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ မိန့်ခွန်းတော်အတိုင်း မဂ်ဉာဏ်ပေါ်သို့ အရင်းခံ အခြေခံပြောနေဒါနော်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တွန်းကန်တဲ့ သဘောကလေးကို သတိလစ်မသွားစေနဲ့၊ မျက်လုံးကို အောက်ချထားပါ၊ ခန္ဓာကိုယ်ကို ငြိမ်ငြိမ်ထားပါ၊ မလှုပ်ပါစေနဲ့၊ ဟိုယိမ်းဒီယိမ်းမဖြစ်ပါစေနဲ့၊ ငယိုင်ပါစေနဲ့၊ ခေါင်းကလှုပ်မနေပါစေနဲ့၊ ခန္ဓာကိုယ်ကိုဖြောင့်ဖြောင့် မတ်မတ်ထားပါ။

## ဥပက္ကိလေသ ဖြစ်တတ်ပုံ

အကယ်၍ ယိမ်းယိုင်လှုပ်ရှားနေမယ်ဆိုရင်ဖြင့် ဥပက္ကိလေသနှင့် တွေ့နေပြီလို့မှတ်ရမယ်၊ ဘာပြုလို့လဲ–

> "အဘိနတေန ဥဒ္ဓစ္စာနုပတိတေန စိတ္တေန ကာယောပိ စိတ္တံပိ သာရဒ္ဓါစ ဇူဇ္ဇိတာစ ဖန္ဒိတာစ"။

လို့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ မိန့်တော်မူတယ်။

> အဘိနတေနစိတ္တေန၊ အာရုံသို့ အလွန်ရှေးရှုညွတ်တဲ့ စိတ်ကြောင့်။ ဥဒ္ဓစ္စာနုပတိတေန၊ ပျံ့လွင့်သောစိတ်ကြောင့်။ ကာ

ယောပိ၊ ကိုယ်သည့်ငင်း။ စိတ္တံပိ၊ စိတ်သည့်ငင်း။ သာရဒ္ဓါစ၊ ပူလောင်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥဇ္ဇိတာစ၊ တုန်လှုပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဖန္ဒိတာစ၊ လှုပ်ရှားကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ခေါင်းဘဲဖြစ်ဖြစ်, ကိုယ်ဘဲဖြစ်ဖြစ် လှုပ်နေရင်ဖြင့် ဥပက္ကိလေသဝင်ပြီ— လို့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီလိုမှတ်နော်။

အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ ခန္ဓာကိုယ် တည်ငြိမ်ပုံကလေးကို ကြည့်ခြင်းအားဖြင့် စိတ်လဲတည်ငြိမ်နေပြီ၊ အဲဒီလို စိတ်တည်ငြိမ်နေဒါ ဘယ်အပေါ်တင်ထားသလဲ၊ တွန်းကန်တဲ့သဘောပေါ်မှာ မနောဝိညာဏ်ကို တင်ထားတယ်၊ ထပ်ခါထပ်ခါ ပြန်ရှင်းပေးနေဒါ နော်၊ ရှင်းတမ်းပေးနေရဒါဖြစ်တဲ့အတွက် ထပ်ခါထပ်ခါပြန်ပြောနေရဒါ မလွတ်စေနဲ့။

တွန်းကန်တဲ့သဘောပေါ်မှာ စိတ်ကိုတင်ထား၊ တွန်းကန်တဲ့သဘောကို သိနေဒါက မနောဝိညာဏ်၊ ကုန်သွားတယ်, ပျောက်သွားတယ်-လို့ ဆိုတဲ့ အနိစ္စအချက်ကို ပိုင်းခြားလိုက်တာ၊ အသစ်ဖြစ်လာတဲ့အခါမှာ ဆင်းရဲပါ ကလားဆိုတဲ့ ဇာတိဒုက္ခအချက်ကို ပိုင်းခြားလိုက်တာ၊ ဖြစ်လာတဲ့ တွန်းကန်မှုကလေးဟာ တရိပ်ရိပ်ကုန်တဲ့, ပျောက်တဲ့ဘက်ကိုပြောင်းသွားတယ်- လို့ဆိုတဲ့ ဝိပရိဏာမအချက်ကို ပိုင်းခြားလိုက်တာ၊ ဘယ်သူက ပိုင်းခြားလိုက်တာလဲဆိုတော့ မနောဝိညာဏ်စိတ်အစဉ်နဲ့ ယှဉ်တဲ့ ပညိန္ဒြေလို့ခေါ်တဲ့ သမ္မာဒိဋ္ဌိလို့ခေါ်တဲ့ပညာက ပိုင်းခြားပေးလိုက်တယ်။

### ပညာရဲ့သတ္တိကြီး ၃-မျိုး

ပညာမှာသတ္တိကြီးသုံးမျိုးရှိတယ်၊ ပညာရဲ့သတ္တိကို ဒီနေရာမှာ အထူး ပေါ်လွင်ထင်ရှားစေတဲ့အတွက် ဒါကို ထပ်ခါထပ်ခါမပြောနေရဒါ၊ တရား တလုံးတလုံးရဲ့ သတ္တိဟာအင်မတန် တန်ဘိုးရှိပါတယ်၊ ဒါကြောင့်ဘုန်းကြီး တို့ မကြာမကြာ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများကို သတိပေးနေသလို တရားဟောတဲ့နေရာမှာလဲဘဲ တရားတလုံးတလုံးရဲ့ သတ္တိ အထူးဟာ ပေါ်လွင်ထင်ရှားပါစေ၊ တရားနာယူတဲ့အခါကာလမှာလဲ ထို

တရားတလုံးတလုံးရဲ့ သတ္တိအထူး ပေါ်လွင်ထင်ရှားလာအောင် တရားနာနိုင်ပါစေ၊ စာပေပရိယတ္တိကို သင်အံ့လေ့ကျင့်တဲ့အခါမှာလဲ ထိုစာပေတို့မှာဆိုတဲ့ အဓိပ္ပါယ်တွေရဲ့ သတ္တိထူး ပေါ်ထွက်ပါစေ၊ အဲဒီလိုဟောမှု၊ အဲဒီလိုကရားနာမှု၊ အဲဒီလိုစာပေကို လိုက်စားမှုသာလျှင် ဟောတော်မူတဲ့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားဒေသနာတော်ရဲ့ အရသာတွေ ထွက်ပေါ်လာပါလိမ့်မယ်၊ ပညာဟာ ပိုင်းခြားပေးပါတယ်။

ပညာရဲ့သတ္တိသုံးမျိုးက အဘိညာတာ, ပရိညာတာ, ပဟာနတာတွေဘဲ၊ ပိုင်းခြားပေးရုံတွင် မဟုတ်ဘူး၊ အဲဒီဟာကို ပယ်လဲပယ်ပစ်တယ်၊ ဘာတွေကို ပယ်ပစ်သလဲ၊ ဒီ-အချိန်မှာတော့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဥပက္ကိလေသာတွေကို ပယ်ပစ်တယ်၊ ပယ်ခြင်းကိစ္စကလဲ ပညာရဲ့သတ္တိပါ၊ အဲဒီ—ပညာဆိုဒါကနာမ်၊ တွန်းကန်တဲ့သဘောကိုသိဒါကဝိညာဏ်၊ တွန်းကန်တဲ့သဘောကရုပ်၊ပေါင်းလိုက်တော့ဝိညာဏ်, နာမ်, ရုပ်၊ တရားဘယ်နှစ်လုံးရသလဲ.... (သုံးလုံးရပါတယ်ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား....(မှတ်မိအောင်ပါဘုရား)။

မှတ်မိအောင်နော်၊ ဒါဖြင့် အဲဒီ-ဝိညာဏ်, နာမ်, ရုပ်လို့ဆိုတဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အခု ပညာနဲ့ပိုင်းခြားသွားပြီးတော့ သိနေဒါဟာ စာအုပ်ထဲကဝိညာဏ်, နာမ်, ရုပ်လား.... (မဟုတ်ပါဘုရား)။

ဘုန်းကြီးတို့ဟောပြောပေးနေတဲ့ ဝိညာဏ်,နာမ်,ရုပ်လား....(မဟုတ်ပါဘုရား)။

ကျောက်သင်ပုန်းပေါ်မှာ ရေးပြတဲ့ ဝိညာဏ်,နာမ်, ရုပ်လား....(မဟုတ်ပါဘုရား)၊ကိုယ်တိုင်ပညာနဲ့သိတဲ့ ဝိညာဏ်,နာမ်,ရုပ်။

## ပညာတွေ့ ဉာဏ်တွေ့

"ဣမသ္မိံ ယောဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လော—ကဥ္စ ပညာပေမိ" လို့ ခေါ်တဲ့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အမိန့်တော်ဟာ အခုဒီရောက်လာပြီ၊ ဘုန်းကြီးစောစောပိုင်းက ပြောခဲ့သလိုဘဲ "ဆလိမ်ရေးချ ဝစ္စနှစ်လုံးပေါက်ဆား"နဲ့ ခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သုံးနေကြတဲ့ဆားကို ယှဉ်ကြည့်လိုက်ရင် ဆားချင်းတူသလား၊ မတူဘူးလား (မတူပါဘုရား)၊မတူဘူး။

လျှာပေါ်ရောက်လာတဲ့ဆားနဲ့ အပြင်မှာနေတဲ့ ဆားပွင့်ကလေးတွေနဲ့ ယှဉ်ကြည့်ရင်ကော တူမလား....(မတူပါဘုရား)၊ အရသာ ထွက်လာဒါက လျှာပေါ်ရောက်မှ အရသာထွက်တယ်။

အဲဒီ-ဥပမာမျိုးလိုဘဲ ဘုန်းကြီးတို့ဟောကြ, ပြောကြ, ကျောက်သင်ပုန်းပေါ်မှာ ရေးပြနေကြတဲ့ ဝိညာဏ်,နာမ်,ရုပ်ဆိုဒါက "ဆလိမ်ရေးချ ဝစ္စနှစ်လုံးပေါက်ဆား"နဲ့ တူတယ်၊ အခု-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများကိုယ်တိုင် ပညာနဲ့ ပိုင်းခြား ပိုင်းခြားပြီးတော့ သိသိပေးနေတဲ့ ဝိညာဏ်,နာမ်,ရုပ်ဆိုဒါက လျှာပေါ်မှာတင်ထားတဲ့ ဆားနဲ့ တူပါတယ်၊ ပညာရဲ့အရသာ တကယ်ထွက်လာလို့ ပယ်သင့်, ပယ်အပ်,ပယ်ထိုက်တဲ့ တရားများကို ပယ်နိုင်ရင်ဖြင့် ဘာဖြစ်လာမလဲ လျှာပေါ်ရောက်တဲ့ဆားနဲ့ တူမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ သဘောကျပလား....(ကျပါပြီဘုရား)၊ သဘောကျသွားပြီနော်။

ကိုင်း-ဒါဖြင့် အမျိုးကောင်း သားများ, အမျိုးကောင်း သမီးများ ဝိညာဏ်,နာမ်,ရုပ်ကို တွေ့နေပလား၊တွေ့မနေဘူးလား.... (တွေ့နေပါတယ်ဘုရား)။

မျက်လုံးနဲ့တွေ့သလား၊ ဉာဏ်နဲ့တွေ့သလား.... (ဉာဏ်နဲ့တွေ့ပါတယ်ဘုရား)။

ဒါဖြင့်- ဝိပဿနာတရားဆိုဒါ မျက်လုံးတွေ့, လက်တွေ့, ကိုယ်တွေ့ ဝိပဿနာဟုတ်ရဲ့လား....(မဟုတ်ပါဘုရား)။

ဝိပဿနာဆိုဒါ ကိုယ်တွေ့ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဘာတွေ့တဲ့လဲ....(ဉာဏ်တွေ့ပါဘုရား)။

ဉာဏ်တွေ့, ပညာနဲ့ တွေ့တဲ့အတွေ့၊ ကိုယ်နဲ့တွေ့လို့ကော ဖြစ်ကဲ့လား.... (မဖြစ်ပါဘုရား)။

မျက်လုံးနဲ့တွေ့လို့ကောဖြစ်ကဲ့လား....(မဖြစ်ပါဘုရား)။

လက်နဲ့တွေ့လို့ကော ဖြစ်ကဲ့လား....(မဖြစ်ပါဘုရား)၊ မဖြစ်ဘူး။

လက်တွေလဲမဖြစ်ဘူး, မျက်စိတွေလဲ မဖြစ်ဘူး, ကိုယ်တွေလဲ မဖြစ်ဘူး၊ ဘာနဲ့တွေ့မှဖြစ်သလဲ....(ဉာဏ်နဲ့တွေ့မှဖြစ်ပါတယ်ဘုရား)။

ဉာဏ်နဲ့ပညာနဲ့တွေ့မှဖြစ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင်၊ အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများ တွေ့နေတဲ့ ဒီ-ဝိညာဏ်, နာမ်, ရုပ်ဟာ အကြောင်းတရားလား၊ အကျိုးတရားလား....(အကျိုးတရားပါဘုရား)။

ဘယ်သူ့အကျိုးလဲ၊ အဝိဇ္ဇာနဲ့တဏှာ၊ ဘာနဲ့ဘာတဲ့လဲ.... (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။

## အဝိဇ္ဇာ, တဏှာ ကိုယ်မှာရှာ

ဘယ်မလဲ အဲဒီ-အဝိဇ္ဇာနဲ့တဏှာ၊ ဘယ်မှာသွားရှာမလဲဆိုတော့ ဟော ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ဣမ သ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညာပေမိ လောကသမုဒယဉ္စ"-အကြောင်းတရားကိုလဲ အဲဒီမှာရှာရမယ်၊ တွန်းကန်တဲ့ သဘောကလေး နောက်တခါပြန်ပြီးတော့ ဖြစ်ချင်သေးသလား၊ မဖြစ်ချင် တော့ဘူးလား....(ဖြစ်ချင်ပါတယ်ဘုရား)။

အခုနေ-တွန်းကန်တဲ့သဘောကလေး နောက်ထပ် မဖြစ်ချင်တော့ဘူးဆို ရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့စိတ်ထဲမှာဘယ့်နှယ် နေမလဲ၊ထပ်မဖြစ်ရင် ဟောဒီနားမှာ ဆရာဝန်ကြီးတွေလဲရှိနေပါတယ်၊ မေး ကြည့်စမ်းပါ၊ ဆရာဝန်များကို အဲဒီ-တွန်းကန်တဲ့သဘောကလေး ပြန်မဖြစ် ရင် အဲဒီ-သတ္တဝါအသက်ရှင်အုံးမလား၊ မရှင်နိုင်တော့ဘူးလားလို့မေးကြည့် ရင် သူတို့ဘာဖြေမလဲ....(အသက်မရှင်နိုင်တော့ဘူးလို့ဖြေမှာပါဘုရား)။

ဒါဖြင့် ဒီ-တွန်းကန်တဲ့သဘောကလေး ထပ်ပြီးတော့ ဖြစ်ချင်သေးသ လား၊ မဖြစ်ချင်တော့ဘူးလား....(ဖြစ်ချင်ပါတယ်ဘုရား)၊ ဖြစ်ချင်တယ်။

ဖြစ်ချင်သမှ အသက်ရှည်ပါစေလို့ဆုတောင်းလိုက်သေးတယ်၊ အသက် ရှည်ရပါစေဆိုဒါ အဲဒီတွန်းကန်မှုသဘောကလေးတွေများများဖြစ်ပါစေလို့ ဆုတောင်းတာဘဲ၊ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ အဲဒီ-

တွန်းကန်တဲ့သဘောတရားကလေးတွေ ထပ်ပြီးတော့ အမျိုးကောင်းသား များ,အမျိုးကောင်းသမီးများမှာ ဖြစ်ချင်နေတဲ့သဘောတွေရှိနေရင် ဖြစ်ချင်တဲ့သဘောက သမုဒယသစ္စာ တဏှာတရား၊ ဖြစ်ချင်တဲ့သဘောက ဘာတရားတဲ့လဲ....(တဏှာတရားပါဘုရား)၊ တဏှာတရား။

ဒုက္ခမသိလို့ ဖြစ်ချင်မှုတဏှာပေါ်

တဏှာကို ရှင်းရှင်းခပ်လွယ်လွယ် ဘာသာပြန်မယ်ဆိုရင် ဖြစ်ချင်နေဒါပါဘဲ၊ ဖြစ်ချင်တဲ့သဘောကို တဏှာလို့ခေါ်တယ်၊ ဘာပြုလို့ဖြစ်ချင်ဒါလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက တွန်းကန်မှုသဘောတရားကလေးတွေဖြစ်လာရင် ဆင်းရဲမယ်ဆိုဒါကိုဟုတ်တိုင်းမှန်စွာ ယထာဘူတဉာဏ်နဲ့မသိတဲ့အတွက် ဒုက္ခကို မသိသည်ဖြစ်သောကြောင့် ထပ်ဖြစ်ချင်တယ်၊ ဒုက္ခကိုမသိဒါ ဘာလဲလို့ဆိုတော့ "ဒုက္ခေ အညာဏံ အယံ ဝုစ္စတိ အဝိဇ္ဇာ" တဲ့၊ တွန်းကန်မှုသဘောကလေးတွေဖြစ်လာရင် ဒုက္ခပါလားဆိုဒါ မသိဒါဟာ ဘာလဲ....(အဝိဇ္ဇာပါဘုရား)။

အဲဒီ-အဝိဇ္ဇာကြောင့်ထပ်ဖြစ်ချင်တယ်ဆိုတဲ့သဘောလေးပေါ်လာတယ် အဝိဇ္ဇာနဲ့တဏှာ ပဋိစ္စသမုပ္ပါဒ်ရှင်းတမ်းပေးခဲ့တဲ့နေ့က အဝိဇ္ဇာ, တဏှာကိုအကြောင်းတရားလို့ ပြောခဲ့သလား၊ မပြောခဲ့ဘူးလား.... (ပြောခဲ့ပါတယ်ဘုရား)။

အဲဒီ-အဝိဇ္ဇာ, တဏှာတည်းဟူသော အကြောင်းတရားကြောင့်ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ အကျိုးတရားတွေ ဖြစ်လာတယ်၊ အကြောင်းတရားအကျိုးတရား တခါထဲတွဲပါလာသလား၊ မပါဘူးလား....(ပါလာပါတယ်ဘုရား)။

အကြောင်းတရားရော, အကျိုးတရားရော ဘုန်းကြီး ဒီ-ပဋိစ္စသမုပ္ပါဒ်ကို ရှင်းတမ်းပေးခဲ့တဲ့နေ့တုန်းက အကြောင်းတရားမှာလဲ ဇာတိနဲ့ဇရာမရဏ ရှိပါတယ်၊ အကျိုးတရားမှာလဲ ဇာတိနဲ့ဇရာမရဏရှိပါတယ်၊ အဲဒီလို ရှင်းတမ်းပေးခဲ့ပါတယ်၊ အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာပညာဉာဏ်နဲ့တွေ့နေတဲ့ ဒီ-အကြောင်းတရား,အကျိုးတရားမှာကော ဇာတိနဲ့ ဇရာမရဏဆိုတဲ့ အချက်တွေ ရှိနေသလား၊ ရှိမနေဘူးလား....(ရှိနေပါတယ်ဘုရား)။

အကြောင်းတရားမှာကော ရှိမနေဘူးလား....(ရှိနေပါတယ်ဘုရား)။

အကျိုးတရားမှာကော....(ရှိနေပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းတရားမှာရှိနေတဲ့ ဇာတိနဲ့ဇရာမရဏက ကောင်းသလား....(မကောင်းပါဘုရား)။

အကျိုးတရားမှာရှိနေတဲ့ ဇာတိနဲ့ ဇရာမရဏကကော ကောင်းသလား (မကောင်းပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘယ်သင်းကို ကြိုက်သလဲ....(မကြိုက်ပါဘုရား)။

ဘယ်သင်းကိုနှစ်သက်သလဲ....(မနှစ်သက်ပါဘုရား)။

မနှစ်သက်ဘူးဆိုရင် ဝိရာဂ၊ နှစ်သက်တယ်ဆိုရင် ရာဂ၊ နှစ်သက်တယ်ဆိုရင် ဘာတဲ့လဲ....(ရာဂပါဘုရား)။

မနှစ်သက်ဘူးဆိုရင်....(ဝိရာဂပါဘုရား)၊ ဝိရာဂ။

## ပညာနဲ့ ဝိညာဏ်ကွဲပြားပုံ

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကြည့်နေ၊ သူဘာလို့မနှစ်သက်သလဲ၊ အနိစ္စ,ဒုက္ခ,ဝိပရိဏာမလို့ ပညာက ပိုင်းခြားပေးနေလို့ မနောဝိညာဏ်က မနှစ်သက်တော့ဘူး၊ ဘယ်သူက ပိုင်းခြားပေးနေသလဲ....(ပညာက ပိုင်းခြားပေးနေပါတယ်ဘုရား)။

အမှတ်သညာပေးနေဒါက ဘယ်သူလဲ...(ပညာပါဘုရား)၊ပညာ။

မနှစ်သက်တာက ဘယ်သူလဲ....(ဝိညာဏ်ပါဘုရား)၊ ဝိညာဏ်။

ရှင်းပလား....(ရှင်းပါပြီဘုရား)၊ ရှင်းအောင်မှတ်နေ၊

အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, ဇာတိ, ဇရာမရဏ မကောင်းဘူးလို့ အမှတ်သညာပေးနေဒါက ဘယ်သူလဲ(ပညာပါဘုရား)။

မနှစ်သက်တာကဘယ်သူလဲ....(ဝိညာဏ်ပါဘုရား)၊ ဝိညာဏ်။

သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ-ပညာနဲ့ ဝိညာဏ်မကွဲပြားရင်ဖြင့်, အမှတ်သညာ ပေးနေဒါနဲ့ မနှစ်သက်တဲ့သဘောတရား ဒီ-နှစ်လုံး ကွဲကွဲပြားပြား မသိရင်ဖြင့် မဂ်ဉာဏ်

မပေါ်နိုင်ဘူးလို့မှတ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ-နှစ်လုံးကွဲသွားပလား....(ကွဲသွားပါပြီဘုရား)။

အခု အကြောင်းတရား,အကျိုးတရား ကွဲကွဲပြားပြား သိပြီးတဲ့အပြင် မဂ်ဉာဏ်ပေါ်နိုင်ဘို့ရန်အတွက် အရည်အသွေးဖြစ်တဲ့ ပညာနဲ့ဝိညာဏ်ကို ပိုင်းခြားပြီး သိဘို့ကော ကွဲသွားပလား၊ မကွဲပြားသေးဘူးလား.... (ကွဲပြားသွားပါပြီဘုရား)။

ကွဲပြားပြီနော်၊ ကွဲပြားပလား....(ကွဲပြားပါပြီဘုရား)။

မှတ်ကော မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

အကြောင်းတရားနဲ့ အကျိုးတရားကိုလဲ ကွဲကွဲပြားပြားသိပြီ၊ ပညာနဲ့ ဝိညာဏ်တို့ရဲ့ သတ္တိအထူးကိုလဲသိပြီ၊ ကွဲကွဲပြားပြား ဘယ်လိုသိသလဲ၊ ပညာက ဘာလုပ်ပေးသလဲ၊ အမှတ်သညာပေးနေတယ်၊ ဟောဒီ-တွန်းကန်တဲ့ သဘောဟာ, ဒီရုပ်သဘောဟာ,ဒီ-နာမ်သဘောဟာ, ဒီ-ဝိညာဏ်ရဲ့သဘော ဟာ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ ဒီလို-အမှတ်သညာပေးနေတယ်၊ ပိုင်းခြား ပိုင်းခြားပေးနေတယ်ဆိုဒါ အမှတ်သညာပေးနေဒါ၊ အဲဒီလို-အမှတ်သညာ ပေးပေးနေတော့ ဝိညာဏ်က အနိစ္စကို နှစ်သက်သလား....(မနှစ်သက်ပါ ဘုရား)။

ဒုက္ခကိုကော....(မနှစ်သက်ပါဘုရား)။

ဝိပရိဏာမကိုကော....(မနှစ်သက်ပါဘုရား)။

အနိစ္စနဲ့ ဒုက္ခတို့တည်ရာ ဘယ်သူလဲလို့ပြန်ကြည့်တော့ အနိစ္စနဲ့ဒုက္ခသည် လက္ခဏာတရား၊ အနိစ္စ,ဒုက္ခဆိုတဲ့ လက္ခဏာရဲ့တည်ရာ လက္ခဏာဝတ္ထုတရားက ဘယ်သူလဲလို့ဆိုတော့ တွန်းကန်တဲ့သဘော ရုပ်တရား၊ ရှေ့တဆင့်တက် မလို့နော်-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဒီ-အချက် ကို ပိုင်ပိုင်နိုင်နိုင်, ရှင်းရှင်းလင်းလင်း, ပြတ်ပြတ်သားသား, ကွက်ကွက် ကွင်းကွင်း နားရှင်းအောင် နားထောင်ထားပါ၊ အခုပညာက ပိုင်းခြား ပြီးတော့ အမှတ်သညာပေးနေပုံနဲ့ ဝိညာဏ်ကမနှစ်သက်ပုံကို ပြောခဲ့ပြီးပြီ၊ ပညာနဲ့ ဝိညာဏ်ဟာ ကိစ္စချင်းတူသလား၊ မတူဘူးလား ...(မတူပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မတူဘူးနော်.... (မတူပါဘုရား)။

ပညာနဲ့ ဝိညာဉ်,နာမ်နဲ့ဝိညာဉ် အဲဒီ-နာမ်နဲ့ ဝိညာဉ်ကို ကွဲကွဲပြားပြား မသိသေးသမျှကာလပတ်လုံး, ပညာနဲ့ဝိညာဉ် မကွဲပြားသေးသရွေ့ ကာလ ပတ်လုံး မဂ်ဇောကျရှုမဖြစ်, မဂ်ဉာဏ်မပေါ်ဘူး၊ သဘောကျပလား.... (ကျပါပြီဘုရား)။

တရား တလုံးတလုံးမှာ သင်္ခါရ တခုတခုစီ

ကိုင်းဒါဖြင့် ရှေ့တဆင့်တက်လိုက်၊ ပညာရယ်, ဝိညာဉ်ရယ်, တွန်းကန် တဲ့သဘော တည်းဟူသော ရုပ်ရယ်၊ အဲဒီ-ဝိညာဉ်, နာမ်, ရုပ်ရယ်၊အဝိဇ္ဇာ ရယ်, တဏှာရယ်ဆိုတဲ့ အကြောင်းတရားတွေရယ်၊ ဝိညာဉ်,နာမ်,ရုပ် ခေါ်တဲ့ အကျိုးတရားတွေရယ်၊ အဝိဇ္ဇာ တဏှာဆိုတဲ့ အကြောင်းတရား တွေရယ်၊ ပညာရဲ့ပိုင်းခြားပေးမှုရယ်၊ ဝိညာဉ်ရဲ့ မနှစ်သက်မှု, မလိုချင် မှုရယ်၊ ဝိညာဉ်က သူ့ကို မကပ်ငြိမှု, မတွယ်တာမှု, မလိုချင်မှုရယ်၊ အဲသလို-ပိုင်းခြားထားတဲ့ အချက်တွေကို အားလုံးခြုံငုံပြီးတော့ တခါပြန် ကြည့်လိုက်၊ အခုပြောခဲ့တဲ့အကြောင်းတရား, အကျိုးတရားတွေမှာ ပညာ, ဝိညာဉ်မှာဘာတွေရှိသလဲဆိုတော့ အနိစ္စ, အနိစ္စလက္ခဏာနဲ့ အနိစ္စာနုပဿ နာအချက်တွေရှိတယ်။

အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာ၊ဘယ်နှစ်ချက်လဲ....(သုံးချက် ပါဘုရား)။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများကို ဘုန်းကြီးမေးနေ ရဒါဟာ ဘာပြုလို့ မေးနေရဒါလဲဆိုတော့ သင်တန်းပေးတဲ့သဘောမျိုးတ ရားဟောနေဒါ ဖြစ်တဲ့အတွက် ပြန်ပြီးတော့မေးနေရဒါပါ၊ ဘုန်းကြီးလဲ တရားဟောနေရဒါဆိုပေတယ်လို့သတိကို မလွှတ်အောင်ထားပြီးတော့တ ရားဟောနေရဒါ၊ အခုကြည့် အမျိုးကောင်းသားများ, အမျိုးကောင်းသ မီးများမှာ ပညာနဲ့တွေ့နေတယ်ဆိုတဲ့ တရားအလုံးတိုင်းအလုံးတိုင်းမှာ ဘာ ရှိသလဲ၊ တရားတလုံးတလုံးသည် သင်္ခါရတခုတခု။

တရားတလုံးတလုံးဟာဘာတခုတခုတဲ့လဲ....(သင်္ခါရတခုဘခုပါဘုရား)။

ခန္ဓာတပါးတပါးမှာ တရားတလုံးတလုံး၊ တရားတလုံးတလုံးမှာ သင်္ခါ ရ တခုတခု၊ အဝိဇ္ဇာသည်သင်္ခါရတခု၊ တဏှာသည် သင်္ခါရတခု၊ နာမ်သည်

သညာ်ရေ တခု၊ ရုပ်သည် သန်ရေတခု၊ အကျိုးတရားဘက်ကပညာသည်သန်ရေတခု၊ ဝိညာဏ်သည် သန်ရေတခု၊ ခုန ပြောတဲ့ ပိုင်းခြားဒါနဲ့ မလိုချင်ဒါနဲ့၊ ပညာက အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့ အမှတ်သညာပေးတယ်။

## ဝိညာဏ်မှာ ရာဂကွာ၍ ဝိရာဂ ဖြစ်ပုံ

ပညာဆိုတဲ့နာမ်တရားက အနိစ္စ,ဒုက္ခ,ဝိပရိဏာမလို့သူက အမှတ်သညာ ပိုင်းခြားပိုင်းခြားပေးတယ်၊ ဝိညာဏ်ကဘာလုပ်သလဲဆိုရင် သိပြီးတော့မလို ချင်ဘူးလို့ သူကလုပ်နေတယ်၊ ဘာပြုလို့မလိုချင်ဒါလဲသူက၊ သူနဲ့တွဲပြီး တော့ ဖြစ်တဲ့ပညာက ဟောဒါကအနိစ္စအချက်, ဒါကဒုက္ခအချက်, ဒါက ဝိပရိဏာမအချက်-လို့ ပိုင်းခြားပြီးပေးနေတော့ ဝိညာဏ်က အနိစ္စအချက် ကိုကြိုက်သလား....(မကြိုက်ပါဘုရား)။

ဒုက္ခအချက်ကိုကော....(မကြိုက်ပါဘုရား)။

ဝိပရိဏာမအချက်ကိုကော....(မကြိုက်ပါဘုရား)။

ဟင်-ဒါဖြင့် ငါမကြိုက်တော့ဘူးတဲ့၊ အစတုန်းကတော့ ဒါတွေဟာ ငါကောင်းတယ်မှတ်လို့ကြိုက်နေဒါ၊ ခုမင်းသညာပေးလိုက်တော့ မင်းဖော် ပြပေးတဲ့အတွက် ဝိညာဏ်က ငါမကြိုက်တော့ဘူး၊ ဝိညာဏ်မှာကြိုက်တဲ့ သဘောကလေးကွာသွားသလား၊ မကွာသွားဘူးလား....(ကွာသွားပါတယ် ဘုရား)။

အဲဒီ-ဝိညာဏ်မှာ ကြိုက်တဲ့သဘောကလေး ကွာတော့ ဝိရာဂလို့ခေါ် တယ်၊ ဝိရာဂလို့မှတ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိရာဂ, ဝိရာဂနဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ပြောမနေကြဘူးလား ..(ပြောနေပါတယ်ဘုရား)။

ဘာဝိရာဂလဲ၊ ဟော-ခုကြည့် ဝိရာဂသဘောဟာ ပညာက အနိစ္စအ ချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်ကို အမှတ်သညာပေးလိုက်တဲ့အတွက် ဝိညာဏ်က ဒီလိုဆိုငါမကြိုက်တော့ဘူးလို့ အဲသလိုသိလိုက်တာကိုး၊ ဒီတော့ ဝိညာဏ်မှာ ရာဂရှိသေးသလား၊ မရှိတော့ဘူးလား....(မရှိတော့ပါဘုရား)။

ဘယ်သူ့မှာကင်းနေတဲ့ ရာဂလဲ...(ဝိညာဏ်မှာ ကင်းနေတဲ့ ရာဂပါ ဘုရား)။

အဲဒီ-ရာဂကင်းဒါကို ဝိရာဂလို့ခေါ်တယ်၊ စွဲလမ်းခြင်း, နှစ်သက်ခြင်းမရှိတော့ဘူး၊ ဘာကို မစွဲလမ်း, မနှစ်သက်တာလဲ၊ တွန်းကန်တဲ့သဘောအပေါ်မှာမနှစ်သက်တာ၊ ဒီတော့ ပညာက သူ့ကိုယ်သူပြန်ပိုင်းခြားလိုက်, ရှေ့စိတ်ကနေ နောက်ပိတ်ဆုံး နောက်စိတ်ကို ပိုင်းခြားပေးလိုက်-ဆိုတော့ ပညာမှာရော, ဝိညာဏ်မှာရော, တွန်းကန်တဲ့သဘော တည်းဟူသော ရုပ်မှာရော, အဝိဇ္ဇာဆိုတဲ့ သဘောမှာရော, တဏှာဆိုတဲ့သဘောမှာရော ဘာတွေတွေ့သလဲဆိုတော့—

(၁) အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာ။

(၂) ဒုက္ခ, ဒုက္ခလက္ခဏာ, ဒုက္ခာနုပဿနာ။

(၃) အနတ္တ, အနတ္တလက္ခဏာ, အနတ္တာနုပဿနာ—

ဆိုတာတွေတွေ့တယ်၊ ဘယ်နှစ်ချက်စီလဲ....(သုံးချက်စီပါဘုရား)။

ဝိရာဂဖြစ်ပုံကို ပြောခဲ့ပြီးပြီနော်၊ ပြောခဲ့ပြီးပြီလား....(ပြောခဲ့ပြီးပါပြီဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဘုရား)။

မမှတ်မိရင်လဲ အခုကြိုးခွေ သွင်းထားပါတယ်၊ အဲဒီကြိုးခွေမှာ ပြန်ပြီးတော့ နားကြည့်ပေါ့။

## လက္ခဏာနဲ့ လက္ခဏာဝန္တ ကွဲပြားပုံ

ကဲ-ဒါဖြင့် ကောင်းပြီ၊ လက္ခဏာနဲ့ လက္ခဏာဝန္တကို ကွဲပြားအောင် အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများက အသိဉာဏ်နဲ့သိအောင် လုပ်ရမယ်၊ လက္ခဏာနဲ့ လက္ခဏာဝန္တ မကွဲပြားရင် ဘယ်တော့မှ မဂ်ဇောမကျဘူး၊ မဂ်ဉာဏ်မပေါ်ဘူး-လို့ ဒီလိုမှတ်ပါ။

(၁) လက္ခဏာဆိုဒါဘာလဲ၊ မှတ်ကြောင်း။
(၂) လက္ခဏာ ဝန္တဆိုဒါဘာလဲ၊ အဲဒီ-မှတ်စရာကလေးရဲ့ တည်ရာကို လက္ခဏာဝန္တလို့ ခေါ်တယ်။

အခုပညာက သတ်မှတ်ပိုင်းခြားပိုင်းခြားပြီး ပေးလိုက်တော့ ဘယ်လိုပိုင်းခြားပေးသလဲ၊ ပညာက အနိစ္စ, အနိစ္စ, အနိစ္စလို့ ပိုင်းခြားပေးတယ်၊ အနိစ္စဆိုဒါဟာ ဘယ်လိုပိုင်းခြားပေးသလဲဆိုတော့ ကုန်သွားတယ်, ပျောက်သွားတယ်၊ ဘာတွေ ကုန်တာ,ပျောက်တာလဲ၊ ဟော-ကုန်တယ်, ပျောက်တယ်ဆိုဒါက လက္ခဏာ၊ အဲဒီ-ကုန်တဲ့,ပျောက်တဲ့ လက္ခဏာရဲ့ တည်ရာဖြစ်တဲ့ လက္ခဏဝန္တက ဘယ်သူလဲလို့ဆိုတော့ တွန်းကန်တဲ့သဘောရယ်, ပညာရယ်, ဝိညာဏ်ရယ်-ဆိုတဲ့ ဝိညာဏ်, နာမ်, ရုပ်, အကျိုးတရားတွေ၊ အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ အကြောင်းတရားတွေ၊ ဒီ-တရားငါးခု၊ (အကြောင်းတရားက ၂-ခု, အကျိုးတရားက ၃-ခု) အဲဒီ-တရားငါးခုဟာ ကုန်တဲ့, ပျောက်တဲ့ သဘောရှိတယ်၊ ကုန်တာပျောက်တာက လက္ခဏာ၊ အဲဒီ-တရားငါးခုက လက္ခဏဝန္တ၊ ကုန်တာပျောက်တာရဲ့ တည်ရာဟာ ဘယ်သူလဲ၊ အဲဒီ-တရားငါးခု၊ သဘောကျပသား....(ကျပါပြီဘုရား)။

ရှင်းသွားပလား....(ရှင်းသွားပါပြီဘုရား)။

ရှုပ်နေသေးသလား....(မရှုပ်တော့ပါဘုရား)။

ဒီလို-ရှင်းပြနေရဒါဘာပြုလို့လဲ၊ မဂ်ဉာဏ်ပေါ်ဘို့ရန် အခွင့်ကောင်းရအောင် ရှင်းပြနေရဒါ၊ ဒီလိုမရှင်းရင် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့အခါမှာ အဲဒီလိုမှမရှင်းရင်, ပါဠိတော်မူနဲ့ ကွဲတယ်ဆိုရင် ဘယ်နည်းနှင့်မှ မဂ်ဇောမကျဘူး-လို့ ပါဠိတော်မူအတိုင်း အဲဒီလို-မှတ်ပါ။

## အနိစ္စနဲ့ အနိစ္စလက္ခဏာ ကွဲပြားပုံ

ပါဠိတော်မူနဲ့ မဂ်ဇောကျနိုင်အောင်လို့ ဒါကို ဘုန်းကြီးကရှင်းပြနေရဒါ၊ ပါဠိတော်မူနဲ့ဘဲ ရှင်းပြမယ်၊ ဒီတော့-အနိစ္စ, အနိစ္စလက္ခဏာ၊ ဩြော်-အနိစ္စဆိုဒါ ဘယ်သူလဲလို့ဆိုရင် အကြောင်းတရားနဲ့ အကျိုးတရားသည် အနိစ္စ၊ ဘယ်လိုအကြောင်းတရားနဲ့ အကျိုးတရားလဲဆိုတော့—

(၁) တွန်းကန်တဲ့သဘောသည် အနိစ္စ၊

(၂) တွန်းကန်တဲ့သဘောကိုသိတဲ့ ဝိညာဏ်သည် အနိစ္စ၊

(၃) ပိုင်းခြား, ပိုင်းခြားပေးနေတယ်ဆိုတဲ့ ပညာသည် အနိစ္စ၊

(၄) နောက်တခါပြန်ပြီးတော့ဖြစ်ချင်တယ်ဆိုတဲ့ တဏှာသည် အနိစ္စ။
(၅) ဖြစ်ရင် ဒုက္ခပါကလားလို့မသိတဲ့ အဝိဇ္ဇာသည် အနိစ္စ။

အဲဒီ-တရားငါးလုံးဟာ အနိစ္စဘဲ၊ ကုန်ပျောက်သွားတယ်ဆိုဒါက ဘာလဲ၊ လက္ခဏာ၊ ပေါင်းလိုက်တော့ အနိစ္စလက္ခဏာ၊ ခုနက တွန်းကန်တဲ့ သဘောကလေးက အနိစ္စ၊ တွန်းကန်တဲ့သဘောကလေး ကုန်ပျောက်သွား ဒါက အနိစ္စလက္ခဏာလို့ အနိစ္စနဲ့ အနိစ္စလက္ခဏာ ကွဲပြားသွားပလား....

(ကွဲပြားသွားပါပြီဘုရား)။

ဒါဖြင့်-ကောင်းပြီ၊ အနိစ္စသည်လက္ခဏာဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

အနိစ္စသည် လက္ခဏာမဟုတ်ဘူး၊ လက္ခဏာသည် အနိစ္စမဟုတ်ဘူး။ ဒီလို ကွဲကွဲပြားပြားသိရမယ်၊ ဉပမာ- လက္ခဏာနဲ့ လက္ခဏဝန္တကွဲပြားပုံ ကလေးကို ဘုန်းကြီးတို့ ဉပမာပေးကြစို့ရဲ့၊ အမျိုးကောင်းသားတယောက် ရဲ့နဖူးမှာ မှဲ့ကလေးရှိတယ်၊ ဒီအမျိုးကောင်းသားကို သိရဲ့လားလို့ဆိုတော့ ငါမသိဘူးလို့ပြောတယ်၊ နဖူးမှာမှဲ့ကလေးနဲ့ဆိုတော့ ဒီ-အမျိုးကောင်း သားကိုသိပါတယ်၊ ဒီလိုဆိုတော့ ဒီ-နဖူးကမှဲ့ကလေးဟာ ဒီ-အမျိုးကောင်း သားကို သိဘို့ရန်အတွက် အမှတ်အသားကလေးဟုတ်သလား၊ မဟုတ် ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီ-မှဲ့ကလေးက အမျိုးကောင်းသားလား.... (အမျိုးကောင်း သားမဟုတ်ပါဘုရား)။

အမျိုးကောင်းသားကတော့ မှဲ့ကလေးလား....(မဟုတ်ပါဘုရား)။

အမျိုးကောင်းသားကိုလွတ်ပြီးတော့ ဒီ-အမျိုးကောင်းသားကို သိနိုင် ဘို့ရန် အမှတ်အသားက ကင်းလို့ ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား)။

ဒါကြောင့် သင်္ခါရသည် လက္ခဏာမဟုတ်လို့ ဆိုပါတယ်။

သံယုတ်အဋ္ဌကထာမှာတော့=

> "သင်္ခါရော၊ သင်္ခါရတရားသည်၊ န လက္ခဏံ၊ လက္ခဏာ မဟုတ်။ လက္ခဏံပိစ၊ လက္ခဏာသည်လည်း။ န သင်္ခါရော၊ သင်္ခါရ တရားမဟုတ်။ သင်္ခါရေန၊ သင်္ခါရတရားနှင့်။ ဝိနာ၊ ကင်း၍။

လက္ခဏံ၊ လက္ခဏာကို။ ပညာပေတုံ၊ ပညတ်ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ သဝိဂ္ဂဟေန၊ သဝိဂ္ဂဟတရားနှင့်တွန်းကန်တယ်ဆိုတဲ့ သဝိဂ္ဂဟတရားနဲ့။ ဝိနာ၊ ကင်း၍။ လက္ခဏံ၊ ကုန်တယ်၊ပျောက်တယ် ဆိုတဲ့ မှတ်ကြောင်း လက္ခဏာကို။ ပညာပေတုံ၊ ရှိတယ်လို့ပညတ် ခြင်းငှါ။ န သက္ကာ၊ မဖြစ်နိုင်ဘူး"—

လို့ အဋ္ဌကထာက ဒီလိုပြောတယ်။

ဒီတော့-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မဂ်ဉာဏ် ပေါ်ချင်ရင် လက္ခဏာနဲ့ လက္ခဏဝန္တ, အနိစ္စနှင့် အနိစ္စလက္ခဏာ ကွဲကွဲ ပြားပြားသိရမယ်၊ ကွဲကွဲပြားပြားမသိရင် မဂ်ဇောကျလို့မဖြစ်, မဂ်ဉာဏ် ပေါ်လို့မရဘူး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အနိစ္စ နှင့် အနိစ္စလက္ခဏာကို အသိဉာဏ်ထဲမှာ ကွဲသလား၊ မကွဲဘူးလား လို့ ဆိုဒါကိုယ်ပိုင်ဉာဏ်နဲ့ကြည့်၊ဘုန်းကြီးပြောပေးလို့ မဟုတ်ဘဲ, စာအုပ်ထဲမှာ ဖတ်ထားလို့မဟုတ်ဘဲ, မှတ်ထားဒါမဟုတ်ဘဲ ပညာနဲ့ ပိုင်းခြားသိပါစေ။

အနိစ္စာနုပဿနာဖြစ်ပုံ

အနိစ္စာနုပဿနာ အချက်ကျတော့ တွန်းကန်တဲ့ သဘောကလေးက တခြား၊ ကုန်ပျောက်သွားဒါလေးက တခြား၊ တွန်းကန်တဲ့သဘောသည် ကုန်တဲ့, ပျောက်တဲ့သဘော မဟုတ်ဘူး၊ ကုန်တဲ့, ပျောက်တဲ့သဘောသည် တွန်းကန်ဒါမဟုတ်ဘူး၊ အနိစ္စနှင့် အနိစ္စလက္ခဏာခွဲပုံ၊ပညာက ပိုင်းခြားပေး နေတယ်၊ ပိုင်းခြားပေးတဲ့ သဘောတရားကလေးဟာ ကုန်ပျောက်သွားဒါ လားကြည့်၊ ကုန်ပျောက်သွားဒါသည် ပိုင်းခြားပေးတဲ့ ပညာမဟုတ်ဘူး၊ ပိုင်းခြားပေးတဲ့ပညာသည် ကုန်ပျောက်သွားဒါမဟုတ်ဘူး၊ ကုန်ပျောက် သွားဒါကလေးက တခြား၊ အနိစ္စ, ဒုက္ခ, ဝိပရိဏာမလို့ ပိုင်းခြားပေးဒါ လေးက တခြား၊ အဲဒီလို-သိ၊ရှုကွက်ထဲမှာ နောက်တခါသိနေတဲ့ ဝိညာဏ် ဆိုတဲ့ သဘောတရားလေးက တခြား၊ သိပြီးတော့ ကုန်ပျောက်သွားတယ် ဆိုတဲ့ အနိစ္စလက္ခဏာက တခြား။ ဒီတော့ ဝိညာဏ်က အနိစ္စ, ကုန်ပျောက် သွားဒါက အနိစ္စလက္ခဏာ၊ အနိစ္စနဲ့ အနိစ္စလက္ခဏာဟာ တခြားစီ။

ဒီ-ဝိညာဏ်,နာမ်,ရုပ်ကို ဖယ်ထားပြီးတော့ကုန်တဲ့ ပျောက်တဲ့ လက္ခဏာ ကလဲမပေါ်၊ ကုန်ပျောက်တာကလဲ ဝိညာဏ်, နာမ်,ရုပ်မဟုတ်၊ ဝိညာဏ်,

နာမ်,ရုပ်ကလဲ ကုန်တာပျောက်တာမဟုတ်၊ ကုန်တာပျောက်တာက တခြား ဝိညာဏ်, နာမ်ရုပ်ကတခြား, အကြောင်းတရားကတခြား, အကျိုးတရား က တခြား၊ အကြောင်းတရား အကျိုးတရားဖြစ်တဲ့ အဝိဇ္ဇာ, တဏှာ, ဝိညာဏ်,နာမ်,ရုပ်ကိုးယ်ထားပြီးတော့ ကုန်တယ်,ပျောက်တယ်ဆိုတဲ့ အနိစ္စ သဘောတရား မရှိပါလားလို့ ဟောဒီပုဂ္ဂိုလ်ရဲ့ အမျိုးကောင်းသားများ, အမျိုးကောင်း သမီးများရဲ့ ရှုကွက်ထဲမှာ တရားအားထုတ်နေတဲ့အခါ အသိဉာဏ်ပေါ်လာရင် အဲဒါ အနိစ္စာနုပဿနာ၊ ဘာအနုပဿနာတဲ့လဲ (အနိစ္စာနုပဿနာပါဘုရား)။

## မဂ်ဉာဏ်ပေါ်ပုံ

ဒီ-တခါဆိုရင်ပေါ်တော့မယ်-မဂ်ဉာဏ်၊ အဲဒီ÷အနိစ္စာနုပဿနာဉာဏ် သုံးချက်, လေးချက်လောက်ဆက်ပြီးတော့ ပိုင်ပိုင်နိုင်နိုင် အမျိုးကောင်း သားများ, အမျိုးကောင်းသမီးများရဲ့ ဝိညာဏ်မှာ ပညာနဲ့ တွဲပြီးတော့ သိလိုက်ရင်၊ သုံးချက်,လေးချက်လောက်ဆက်ပြီးတော့ သိလိုက်ရင် ဒီ ခု-ပြောခဲ့တဲ့ အကြောင်းတရားပေါ်မှာ, အကျိုးတရားပေါ်မှာ ကပ်ငြိခြင်း တွယ်တာခြင်းရှိအုံးမလား၊ မရှိတော့ဘူးလား....(မရှိတော့ပါဘုရား)။

ကပ်ငြိခြင်းတွယ်တာခြင်းမရှိဒါကို ရာဂလို့ခေါ်မလား၊ ဝိရာဂလို့ခေါ် မလား....(ဝိရာဂလို့ခေါ်ပါတယ်ဘုရား)။

ဒီတော့-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ မနော ဝိညာဏ်စိတ်အစဉ်ဟာ တွန်းကန်တဲ့သဘောရဲ့အပေါ်မှာ,ဝိညာဏ်ရဲ့အပေါ် မှာတွဲပြီးတဲ့အခါမှာကျလို့ရှိရင် ပညာရဲ့အပေါ်မှာ, အကြောင်းတရားရဲ့ အပေါ်မှာ အကျိုးတရားရဲ့အပေါ်မှာ ဒီ-စိတ်ဝိညာဏ်ကလေးဟာ တွယ် တာကပ်ငြိခြင်း လွတ်ကင်းသွားသလား၊ လွတ်ကင်းမသွားဘူးလား၊ (လွတ် ကင်းသွားပါတယ်ဘုရား)၊ သင်္ခါရတရားတွေပေါ်မှာ တပ်မက်မှု ကိလေ သာမှ စိတ်ဝိညာဏ်ကလေး လွတ်သွားပြီနေဉ်။

အဲဒီ-လွတ်ကင်းသွားတဲ့သဘောတရားက "ဝိရာဂါဝိမုစ္စတိ"။ ။ဝိရာဂါ၊ သူ့အပေါ်မှာကပ်ငြိနှစ်သက်ခြင်း,တပ်မက်ခြင်းကင်းပြီ ဖြစ်သောကြောင့်။ ဝိမုစ္စတိ၊ သင်္ခါရနယ်ပယ်မှ လွတ်သွားပြီတဲ့။ အဲဒီ-တရားသုံးခုက အနိစ္စ

အချက်,ဒုက္ခအချက်, ဝိပရိဏာမအချက်တွေ ပြည့်နေတဲ့အကြောင်းတရား, အကျိုးတရား၊ သို့မဟုတ် ဝိညာဏ်,နာမ်,အဝိဇ္ဇာ, တဏှာက လွတ်သွားပြီ တဲ့ မနောဝိညာဏ်စိတ်ကလေးဟာ အဲဒီလို လွတ်သွားဒါကို လွတ်သွားပြီ လို့ သိလိုက်တဲ့ အသိဉာဏ်ကလေးပေါ်လာရင် လွတ်သွားပြီ။

ဒီ-တွန်းကန်တဲ့သဘောအရ ဝိညာဏ်,နာမ်,ရုပ် အကြောင်းတရားရယ်, အကျိုးတရားရယ်က နေပြီးတော့ သူတို့နှစ်သက်တဲ့ သဘောကလေးက မရှိ တော့ဘူးလို့ ဆိုတော့ ဒီ-ဝိညာဏ်နာမ်ရုပ်ကနေပြီးတော့ ဝိညာဏ်ကလေး ဟာလွတ်သွားသလား၊လွတ်မသွားဘူးလား....(လွတ်သွားပါတယ်ဘုရား)။

လွတ်သွားဒါကို နိဗ္ဗာန်လို့ခေါ်တယ်၊ ဒီ-နေရာမှာ ရုပ်မနေရဘူး နော်၊ မေ့လဲမနေရဘူး၊ သတိလဲလစ်မနေရဘူး၊ လှစ်ကနဲလဲဖြစ်မသွားရဘူး၊ အသိက ထင်ထင်ရှားရှားကြီး သိပြီးတော့လွတ်သွားပြီလို့ သိလိုက်တဲ့အသိ ဉာဏ်ကလေးပေါ်လာရင် အဲဒါမဂ်ဉာဏ်လို့ သေသေချာချာမှတ်။

## ပစ္စဝေက္ခဏာဉာဏ် ပေါ်ပုံ

ကိုင်း-မဂ်ဉာဏ်ပေါ်ပုံသဘောကျပလား၊ မဂ်ဉာဏ်ပေါ်ပုံသဘောမကျ သေးရင် ကြိုးသွင်းထားတယ်၊ အဲဒီ-ကြိုးကိုပြန်ပြီးနာကြည့်ပါ၊ အချိန်က အတော်ကလေးရောက်သွားပြီ၊ "ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ"။ ဝိမုတ္တသ္မိံ-အဲဒီ-တရားတွေက မနောဝိညာဏ်လွတ်သွားတဲ့ အခါကာလ၌။ ဝိမုတ္တမိတိ၊ ဒီတရားတွေက မနောဝိညာဏ်စိတ်အစဉ်သည် လွတ်သွားပြီ လို့ သိလိုက်တဲ့ အသိဉာဏ်ကလေးသည်။ ဟောတိ၊ ဖြစ်ပေါ်၍လာတယ်၊ အဲဒါတော့ဘာဉာဏ်လဲ၊ မဂ်ဉာဏ်နောက်မှဖြစ်တဲ့ ပစ္စဝေက္ခဏာဉာဏ်၊ ဘာ ဉာဏ်တဲ့လဲ ...(ပစ္စဝေက္ခဏာဉာဏ်ပါဘုရား)။

သဘောကျပလား-မဂ်ဉာဏ်နဲ့ ပစ္စဝေက္ခဏာဉာဏ် ပေါ်ပုံ....(ကျပါ တယ်ဘုရား)။

## သင်္ခါရမှုဖယ်ခွါ၍ နိဗ္ဗာန်သို့ ဝိညာဏ်ကျရောက်သွားပုံ

မနောဝိညာဏ် စိတ်အစဉ်ဟာ ညကဟောခဲ့တဲ့ အင်္ဂုတ္တိုရ်ပါဠိတော် ဈာနသုတ္တန်မှာ"တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ"။ ။သော၊ ထိုအမျိုး ကောင်းသား, အမျိုးကောင်းသမီးသည်။တေဟိ ဓမ္မေဟိ၊ ထိုဝိညာဏ်နာမ်

ရုပ်ဆိုတဲ့ အကျိုးတရား၏ အဝိဇ္ဇာတဏှာဆိုတဲ့ အကြောင်းတရား သခ်ါရက တခြား,လက္ခဏာကတခြားလို့ ကွဲကွဲပြားပြား သိနေတယ်ဆိုတဲ့အကြောင်း တရား, အကျိုးတရားတို့မှ။ ဝါ-အနိစ္စအချက်၊ ဒုက္ခအချက်၊ ဝိပရိဏာမ အချက်တွေဖြစ်တဲ့အကြောင်းတရား,အကျိုးတရားတွေမှ။ စိတ္တံ၊ စိတ်ကို။ ပဋိဝါပေတိ၊ဖယ်ခွါ၍ပေးလိုက်။ "တေဟိ ဓမ္မေဟီတိ တေဟိ ပဉ္စက္ခန္ဓေဟိ" လို့ အဋ္ဌကထာကဖွင့်ပြတဲ့အတွက် ဒီ-နေရာမှာ ကိလေသာတို့မှ စိတ်ခွဲခွါ တာကို မဆိုလိုဘူး၊ မိမိတို့စွဲလမ်းနေတဲ့ အကြောင်းတရား, အကျိုးတရား ဆိုတဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာတရားတွေမှ စိတ်ခွဲခွါတာကို ဆိုလိုပါတယ်။

ဖဲခွါပေးပြီးတော့ ဘယ်သွားသလဲ၊ "အမတ ဓာတုယာ စိတ္တံ ဥပသံဟ ရတိ"။ ။အမတဓာတုယာ၊ အမတဓာတ်လို့ခေါ်တဲ့ အသခ်တဓာတ် လွတ်ငြိမ်းတယ်ဆိုတဲ့ နိရောဓသစ္စာ၌။စိတ္တံ၊ အမျိုးကောင်းသားများ,အမျိုး ကောင်းသမီးတို့ရဲ့စိတ်ကို။ ဥပသံဟရတိ၊ ပူးကပ်၍ ပေးလိုက်၏။ အဲဒါ- နိဗ္ဗာန်အာရုံပြုပုံပါဘဲ။

## ကွဲကွဲပြားပြားသိဒါပညာ

အဲသလို-နိဗ္ဗာန်ကိုအာရုံပြုနိုင်တဲ့ လွတ်သွားပြီလို့ သိလိုက်တဲ့ အသိဉာဏ် ကလေး ဒီမှာ တချက်ပေါ်မယ်၊ အဲသလို- တချက်ပေါ်လိုက်သည်နှင့် တပြိုင်နက်ထဲ "ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ"လို့ဆိုတဲ့ ဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ်၊ ဘာဉာဏ်တဲ့လဲ....(ပစ္စဝေက္ခဏာဉာဏ်ပါဘုရား)။

ဒါ ပါဠိတော်မှာပါတဲ့ဉာဏ်နေ့ာ်- အနတ္တလက္ခဏသုတ္တန် ပါဠိတော်မှာ ဒီအချက်ဟာ ရှိနေပါတယ်။ မဂ်ဉာဏ်ပေါ်ပုံဟာ ဒီအတိုင်းပါဘဲ၊ ခု-ဘုန်း ကြီးပြောပြခဲ့တဲ့အတိုင်း ဘုန်းကြီးပါဠိတော်မှုနှင့် ရှင်းပြခဲ့တဲ့အတိုင်း မဂ် ဉာဏ်ပေါ်ရပါတယ်၊ အဲဒါကြောင့် မဂ်ဉာဏ်ပေါ်ဘို့ရာအတွက် လက္ခဏာနဲ့ လက္ခဏဝန္တကို သေသေချာချာကွဲပြားပါစေ၊ ဒီနေရာမှာအရေးကြီးဆုံးဘဲ၊ ကွဲကွဲပြားပြားသိဒါကိုမှပညာ၊ နောက်ပညာမှာပါတဲ့ (ပ)စောက်ကလေး က ဘာအနက်ကိုဟောသလဲလို့ဆိုတော့ ကွဲကွဲပြားပြားလို့ဆိုတဲ့ အနက်ကို ဟောတယ်၊ (ညာ) ဆိုဒါက သိခြင်းဆိုတဲ့အနက်ကို ဟောတယ်။ ဒီတော့ (ပနဲ့ညာနဲ့)ပေါင်းတော့ပညာမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒီတော့ ပန်းညာနဲ့ပေါင်းတော့ခါ ကွဲကွဲပြားပြားရယ်, သိဒါရယ်၊ ကွဲကွဲပြားပြားသိဒါ၊ ပေါင်းလိုက်တော့ ကွဲကွဲပြားပြားသိဒါကို ဘာလို့ခေါ်သလဲ....(ပညာလို့ခေါ်ပါတယ်ဘုရား)။

ခုနက ဝိညာဏ်,နာမ်,ရုပ် အကြောင်းတရားတွေမှ လွတ်တာကလေးကို ပစ္စဝေက္ခဏာဉာဏ်နဲ့သိရင် မဂ်ပညာရပြီလို့မှတ်ရမယ်။

## ပဌမမဂ်ပညာဖြင့် ပယ်အပ်သော သံယောဇဉ်

အဲဒီ-အချိန်မှာ ဘာတွေကွာသွားသလဲ၊ မဂ်ပညာကဘာတွေကို အပြီးသတ်ပယ်လိုက်သလဲဆိုတော့ ပညာသည် ပယ်ခြင်းကိစ္စရှိတယ်၊ ဘာကိစ္စရှိသတဲ့လဲ....(ပယ်ခြင်းကိစ္စရှိပါတယ်ဘုရား)။

ပညာရဲ့သတ္တိက ဘာတွေပယ်ပစ်သလဲ၊ (သက္ကာယဒိဋ္ဌိကို ပယ်ပါတယ်ဘုရား)။

သ-ထင်ရှားရှိသော၊ ကာယ-တရားအပေါင်း၌၊ ဒိဋ္ဌိ-မှားသောအားဖြင့် ယူစွဲခြင်းတဲ့ သက္ကာယဒိဋ္ဌိကို အဲဒီ-မဂ်နဲ့ယှဉ်တဲ့ ပညာကပယ်ပါတယ်၊ ဝိစိကိစ္ဆာဆိုဒါ ငါဖြစ်ခဲ့လေသလား, မဖြစ်ခဲ့လေဘူးလား၊ ငါနောက်ဖြစ်အုံးမလား, မဖြစ်တော့ဘူးလားလို့ တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာကို ပယ်တယ်။

သီလဗ္ဗတပရာမာသတည်းဟူသော အင်မတန်ပင်ပန်းဆင်းရဲတဲ့ လမ်းလွဲခြင်း, လက်ဝဲလမ်းဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်ကိုမရနိုင်ဘူး၊ မဂ္ဂင်ရှစ်ပါးအကျင့်တရားဖြင့်သာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုရနိုင်တယ်လို့ သိတဲ့အသိဉာဏ်သည် သီလဗ္ဗတပရာမာသ သံယောဇဉ်ကိုလဲပယ်ပစ်တယ်၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ အဲဒီ တရားသုံးချက် ဒီ-တရားသုံးလုံးကို ခုန ဘုန်းကြီးပြောခဲ့တဲ့ မဂ်ဆိုတဲ့ မဂ်ဉာဏ်ပေါ်ရင် မဂ်စိတ်နဲ့ယှဉ်တဲ့ ပညိန္ဒြေစေတသိက်က ပယ်တယ်လို့ဒီလိုမှတ်။ မဂ်စိတ်ကတော့ မပယ်ဘူး။

မဂ်စိတ်ကပယ်ဒါလား၊ မဂ်စိတ်နဲ့ယှဉ်တဲ့ ပညိန္ဒြေစေတသိက်က ပယ်ဒါလား....(ပညိန္ဒြေစေတသိက်က ပယ်ပါတယ်ဘုရား)။

မဂ်စိတ်က ပယ်နိုင်ရဲ့လား....(မပယ်နိုင်ပါဘုရား)။

မဂ်ကပယ်တယ်ဆိုပေမဲ့ မဂ်နဲ့ယှဉ်တဲ့, မဂ်စိတ်နဲ့ယှဉ်တဲ့ ပညာကသာ ပယ်နိုင်ဒါ၊ မဂ်စိတ်က မပယ်နိုင်ဘူး၊ မဂ်စိတ်ဆိုဒါ ဘယ်စိတ်လဲ၊နိဗ္ဗာန်ကို အာရုံပြုပြီးတော့ တပ်မက်ခြင်းမှကင်းလွတ်သွားတဲ့စိတ်ကို မဂ်စိတ်လို့ခေါ်တယ်၊ မဂ်စိတ်ကလောကုတ္တရာစိတ် တကြိမ်သာဖြစ်တော့ အလွန်မြန်တယ် ထို့နောက်ဖိုလ်နှစ်ကြိမ်သုံးကြိမ်ဖြစ်ပြီး ချုပ်ပျောက်သွားတယ်၊ မဂ်စိတ်က ပယ်ပုံမြင်ပုံစသည်တို့ကို ဆင်ခြင်မှသိတယ်၊ ဒါကြောင့် အဲဒီမဂ်စိတ်နောက် လွတ်သွားရင် လွတ်သွားတယ်လို့ သိတဲ့အသိဉာဏ်ကလေးကို ပစ္စဝေက္ခဏာ ဉာဏ်လို့ခေါ်တယ်၊ ပစ္စဝေက္ခဏာဉာဏ်ဆိုဒါက ကာမာဝစရဉာဏသမ္ပယုတ် စိတ်၊ မဂ်စိတ်မှာရှိတဲ့ပညာကသာ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာ-မာသ တည်းဟူသော သံယောဇဉ်သုံးပါး ပယ်ရှားနိုင်ပါတယ်လို့ ဒီလို မှတ်ပါ၊ မဂ်ဉာဏ်ပေါ်ပုံကို ပါဠိတော်မူနဲ့ ဒါလောက်ဘဲ ဘုန်းကြီးတို့ စွမ်းနိုင်သရွေ့ ဟောခဲ့ပါတယ်။

## နိဂုံးချုပ်

ဒါကြောင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ....မဂ်ဉာဏ် ဖြစ်နိုင်ပုံနှင့် မဂ်ဉာဏ်ပေါ်နိုင်ပုံကို ယနေ့ရှင်းတမ်းပေးခဲ့တဲ့အတိုင်း-

* အကြောင်းတရားအကျိုးတရား၊ ခြားနားကွဲပြားပါစေ၊
* တွန်းကန်တဲ့ သဘောပေါ်မှာ အဝိဇ္ဇာ, တဏှာ ဆိုတဲ့အကြောင်းတရား၊ဝိညာဏ်, နာမ်, ရုပ်ဆိုတဲ့ အကျိုးတရား အကြောင်းတရား, အကျိုးတရားတွေ ကွဲပြားပါစေ၊
* ပညာနဲ့ ဝိညာဏ် ကွဲပြားပါစေ၊
* နာမ်နဲ့ဝိညာဏ် ကွဲပြားပါစေ၊
* လက္ခဏာဆိုတဲ့ မှတ်ကြောင်းဖြစ်သော သဘောနှင့် မှတ်အပ်သော အရာဝတ္ထု ကွဲပြားပါစေ၊
* လက္ခဏာနဲ့ လက္ခဏာဝန္တ ကွဲပြားပါစေ၊

အနိစ္စသည် လက္ခဏာမဟုတ် တိုးတဲ့, တွန်းကန်တဲ့သဘောတရားသည် အနိစ္စ အဲဒီ-အနိစ္စသည် လက္ခဏာမဟုတ်၊တက္ခဏာသည်အနိစ္စမဟုတ်၊ခုနက

ဘုန်းကြီးပြောခဲ့တဲ့ ဥပမာအတိုင်း အဲသလို–ကွဲကွဲပြားပြားသိရင်ဖြင့် အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မဂ်ဉာဏ်ပေါ်နိုင်ပြီ–လို့ အဲဒီလို–မှတ်သားပြီးတော့ မဂ်ဉာဏ်ဖြစ်ပေါ်ပုံကို ဤနေရာတွင်ဘဲ နိဂုံးချုပ်ကြပါစို့ရဲ့။

မဂ်ဉာဏ်ပေါ်တယ်ဆိုတာမေ့မနေဘူး၊ သတိကိုလစ်မသွားဘူး၊
ဒီ–နေရာမှာ သတိဟာ ပိုတောင်ကောင်းရအုံးမယ်။

အဲသလို–ဖြစ်မှသာလျှင် မဂ်ဉာဏ်ပေါ်နိုင်တယ်လို့ တထစ်ကျမှတ်ပြီးတော့ ယနေ့ည မဂ်ဉာဏ်ပေါ်ပုံကို နိဂုံးချုပ်ပြီးသကာလ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်နိကာယ်ငါးရပ်တို့တွင် သံယုတ္တနိကာယ်အပါအဝင်ဖြစ်တဲ့ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် အာသီဝိသာဂ်၌လာသော ကိံသုကောပမသုတ္တန် တရားဒေသနာတော်ကို ဟောကြပါစို့ရဲ့။

(သာဓု–သာဓု–သာဓု).

မဂ်ဉာဏ်ဖြစ်ပေါ်ပုံ ပြီး၏။

# ကိံသုကောပမသုတ္တန်တရားတော်

ပဋိညာဉ်,ဥယျောဇဉ်

ကိံသုကောပမသုတ္တန်တရားတော်ကို ဒီနေ့နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ဘာ့ကြောင့်ဟောရသလဲလို့ဆိုရင်တော့ ရွှေတိဂုံစေတီတော်ကြီးရဲ့အတွင်း ရှိတဲ့ ဒီ-ဓမ္မာရုံကြီးမှာ တရားပွဲကြ, တရားဟောကြတဲ့ ပုဂ္ဂိုလ်များဟာ တော်တော်ကလေး စုံသွားပါပြီ၊ အားလုံးတော်တော် စုံသွားကြတော့ တရားဒေသနာတော်တွေကို နည်းအမျိုးမျိုးနဲ့ ဆရာတော်, သံဃာတော်များက မေတ္တာရှေ့ထားပြီးတော့ ဒီ-လိုဟောခဲ့ကြ,ပြောခဲ့ကြတယ်၊ ဒီတော့ တရားနာပရိသတ်တွေရဲ့ စိတ်ဓာတ်ထဲမှာ ဟိုဆရာတော်ဟောဒါကတမျိုး, ဒီဆရာတော်ဟောဒါကတမျိုး, နောက်တခါဆရာတော်တပါးကြွလာပြန်တော့တမျိုး, နောက်တခါ ဆရာတော်တပါးကြွလာပြန်တော့ တမျိုးလို့-အဲသလို အမျိုးမျိုးတွေ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရဲ့ စိတ်ထဲမှာ ထွေထွေပြားပြားထင်မှတ်ပြီးတော့ သို့လောသို့လော ဖြစ်နေကြလိမ့်မယ်။

ဘာပြုလို့လဲဆိုတော့ ဟိုဆရာတော်ကြွလာတော့ တမျိုးဟောတယ်၊ နောက်ဆရာတော်တပါး ကြွလာပြန်တော့ တမျိုးဟောတယ်၊ နောက်ဆရာတော်တပါး ကြွလာပြန်တော့ တမျိုးဟောတယ်၊ နောက်ဆရာတော်တပါး ကြွလာပြန်တော့ တမျိုးဟောတယ်၊ အဲဒီတော့-ဆရာတော်လေးပါးဟောရင်ဘဲ ဝိပဿနာက လေးမျိုးလို ဖြစ်နေတော့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ ဒို့-ဘယ်ဝိပဿနာလိုက်မလဲလို့ မဝေဖန်တတ်လောက်အောင် များဖြစ်နေရင်တော့ အခု-ဟောကြားလတံ့ဖြစ်တဲ့ ကိံသုကောပမသုတ္တန် ဒေသနာတော်ဖြင့် ဘယ်သင်းမှန်ကန်လိမ့်မလဲလို့ သို့လော, သို့လော တွေးတောပြီးတော့ ဘယ်ဝိပဿနာ လိုက်ရပါ့မလဲလို့ ယောင်ဝါး

---

မှတ်ချက်။ ။ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူး ဓမ္မဗိမာန်တော်ကြီး၌ ဟောကြားတော်မူအပ်သော ကိံသုကောပမ သုတ္တန်မှာ အကျဉ်းမျှသာဖြစ်နေပါသဖြင့် ရန်ကုန်မြို့ ပုဇွန်တောင် ရွှေဘုန်းပွင့်ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံတွင် ဟောကြားထားသော အကျယ်ကိုထည့်သွင်းထားပါကြောင်း။

နေတဲ့ပုဂ္ဂိုလ်များဟာ ရှင်းလင်းသွားပါလိမ့်မယ်၊ အဲသလို-ရှင်းလင်းစေခြင်း အကျိုးငှါ ဒီ-ကိ သုကောပမသုတ္တန်ကို နိဂုံးချုပ်အနေအားဖြင့် ဘုန်းကြီး ဟောကြားခဲ့ပါမယ်။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ရှိသေစွာ ဒီ-တရားတော်ကို နာခံမှတ်သားကြ၊ ဘုန်းကြီးကလဲ ဒီ တရားဒေသနာတော်ကို ရိုရိုသေသေ ဟောမယ်၊ ဒီ-တရားဒေသနာတော်ဟာ ဘုန်းကြီးကိုယ်တိုင် ထွင်ဟောတဲ့ တရားလဲမဟုတ်ဘူး၊ ဘုန်းကြီးရဲ့ကိုယ်ပိုင် တရားလဲမဟုတ်ဘူး၊ ဘုန်းကြီးဖြန်းသန်းဟောတဲ့ တရားလဲမဟုတ်ဘူး၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပိုင်ဆိုင်တဲ့, မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်ကို ဟောရမှာဖြစ်တဲ့အတွက် ဘုန်းကြီးကလဲ ရိုရိုသေသေ ဒီ တရားကို ဟောမယ်။

အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများကလဲ မြတ်စွာဘုရား တရားတော်ကို ရိုရိုသေသေနာကြ၊ တရားတော်ကို ရိုရိုသေသေနာတယ်ဆို တာ မှတ်မိအောင်နာတာကို ဆိုတာနော်....(တင်ပါ့ဘုရား)။

ဘုရားတရားတော်ကို ရိုရိုသေသေနာတယ်ဆိုသာ ဘယ်လိုနာတာလဲ.... (မှတ်မိအောင်နာတာပါဘုရား)။

ထိုင်-တာကတော့ ဣရိယာပုထ်မျှတသလိုထိုင်၊ ကျုံ့ကျုံ့ထိုင်ထိုင်, တင်ပလ္လင်ခွေထိုင်ထိုင် အဂါရဝမဖြစ်ရင် ပြီးတာဘဲ။

### တရားတော်အစ ပဏာမ

မြတ်စွာဘုရားကိုယ်တော်တိုင်ဟောတဲ့ တရားဒေသနာတော်ကို ဟောရမှာဖြစ်တဲ့အတွက် ရှေးဦးစွာ ဘုရားရှိခိုးကြဦးစို့ရဲ့၊ ဘုန်းကြီးက ဘုရားကို ရှိခိုးမယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများက ဘုန်းကြီးဆိုတဲ့ အသံနောက်ကမှီပြီ လိုက်အာရုံပြု-မြတ်စွာဘုရားကို ရှိခိုးပါ။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူနတ်ပြဟ္မာ သတ္တဝါအများ သောင်းထိုက် သားတို့၏ ပူဇော်ဘွယ် လှူဒါန်းဘွယ်ကို ခံယူခြင်းငှါ ထိုက်တော်

မူပါပေထသော။ အ, ရဟာတော၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုတို့ကို ပြုကျင့်တော်မမူတတ်သော။ အရ, ဟတော၊ အတွင်းရန်, အပြင်ရန်တည်းဟူသော ရန်သူအပေါင်းတို့ကို အကြွင်းအကျန်မရှိအောင် သတ်ဖြတ်တော်မူပြီးထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို မမှီဆရာ ကိုယ်တိုင်သာလျှင် သိတော်မူပါပေထသော။ တဿ ဘဂဝတော၊ ဣဿရိယ သိရီ ကာမ ဓမ္မ ယသ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော ထိုဘုရားရှင်ကိုယ်တော်မြတ်အား။ အမှာကာ၊ တရားဟောပုဂ္ဂိုလ်, တရားနာပုဂ္ဂိုလ် ဖြစ်ကြကုန်သော ထိုထိုများစွာ သတ္တဝါဟု ဆိုကြကုန်သော တပည့်တော်,တပည့်တော်မတို့၏။ နမော၊ အဥ္စလီညွတ်လျှိုးလက်စုံမိုး၍ ရှိခိုးခြင်းသည်။ အတ္ထု၊ မုချမသွေ ဖြစ်ပါစေသားအရှင်ဘုရား။

(သာဓု-သာဓု-သာဓု)

(၁) အဘယ်မျှသိမှ သောတာပတ္တိမဂ်ဉာဏ်ကို ရသနည်း

"အထခေါ အညတရော ဘိက္ခု ယေနညတရော ဘိက္ခု–တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ တံ ဘိက္ခုံ ဧတဒဝေါစ"။ (ပါဠိတော်မှာ)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် လက်ထက်တော်မှာ ပုထုဇဉ်ရဟန်းတော်တပါးရှိတယ်တဲ့၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှတ်မိအောင်သား၊ နားထောင်ကောင်းအောင်လား.... (မှတ်မိအောင်ပါဘုရား)။

တရားတော်ကို ရှိရှိသေသေ နာတယ်ဆိုတာ ဘယ်လိုနာတာလဲ....(မှတ်မိအောင် နာတာပါဘုရား)။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် လက်ထက်တော် အခါကာလက ရဟန်းတော်တပါးရှိတယ်၊ အညတရရဟန်းတဲ့၊ အညတရဆိုဒါ နာမည်မထင်ပေါ်ဘူး၊ အမျိုးအနွယ် ထင်ရှားခြင်းမရှိဘူး၊ ဒါပေမဲ့ သူ့ပကတိနာမည်တော့ရှိမှာဘဲ။

အထခေါ၊ ထိုအခါ၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ ယေန၊ အကြင်အရပ်၌။ အညတရော၊ အမှတ်မထား တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအမှတ်မထား တပါးသော ရဟန်းရှိရာအရပ်သို့။ ဥပသင်္ကမိ၊ (ထိုအမှတ်မထား တပါးသောရဟန်းသို့) ချဉ်းကပ်လေ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ် လက်ထက်တော်အခါ ကာလတုန်းက ရဟန်းတပါးဟာ ရဟန္တာမထေရ်ကြီးဘဲ ဆိုကြပါစို့ရဲ၊ ရဟန္တာပါဘဲ၊ ရဟန္တာပုဂ္ဂိုလ်ကြီးတပါးထံ ချဉ်းကပ်ပြီးတော့ ပုစ္ဆာတခု သွားပြီးတော့ မေးတယ်၊ ဘယ်လိုပုစ္ဆာမျိုး မေးလိုက်သလဲဆိုတော့—

"ကိတ္တာဝတာ နုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"။

အာဝုသော၊ ငါ့ရှင်။ ဘိက္ခုနော၊ ရဟန်းအား။ ကိတ္တာဝတာ၊ အဘယ်လောက် အသိဉာဏ်ရှိတယ်လို့ ဆိုရင်ဖြင့်။ ဒဿနံ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ခြင်းသည်။ သုဝိသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ နုခေါ၊ ဖြစ်ပါသနည်း-လို့ မေးတယ်။

(ရှေးတုန်းကတော့ ဒီ-အာဝုသောကိုဘဲ သုံးတယ်နော်၊ ငါ့ရှင်တဲ့) တရားအားထုတ်တဲ့ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ၊ သို့မဟုတ်-ရဟန်းများမှာ ဘယ်မျှလောက်သော ဉာဏ်အမြင်နှင့် ပြည့်စုံရင် ဒဿနဝိသုဒ္ဓိ-သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ခြင်းဌါ စင်ကြယ် ပါသလဲ၊ အမြင်စင်ကြယ်ပါသလဲ-လို့ ဒီလိုမေးတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်က တော့ ခပ်ရှင်းရှင်းပြန်ပြောမယ်ဆိုရင် ဘယ်မျှလောက်သော အသိဉာဏ်နဲ့ ပြည့်စုံရင် သောတာပတ္တိမဂ်ဉာဏ်ကို ရပါသလဲလို့ ဒီလိုမေးတာဘဲ၊ အဲ သဘောကျပလား....(ကျပါတယ်ဘုရား)။

ရှင်းပလား....(ရှင်းပါတယ်ဘုရား)။

ဘယ်လောက်အသိဉာဏ်ရောက်နေရင်, ဘယ်မျှလောက်သောအသိဉာဏ် ကိုရနေရင် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ခြင်းဌါ စင်ကြယ်နိုင် ပါသလဲ-လို့ ဒီလိုမေးတယ်။

## ဖဿာယတန ၆-ပါးတို့၏ ဖြစ်ချုပ်ကိုသိမှ သောတာပတ္တိ မဂ်ဉာဏ်ရ

အဲဒီတော့-အဲဒီအမေးခံရတဲ့ရဟန်းက သူမြင်တဲ့အတိုင်း ပြန်ပြီးတော့ ဟောလိုက်တယ်၊ ဘယ်လိုဟောလိုက်သလဲဆိုတော့-

> "ယတော ခေါ အာဝုသော ဘိက္ခု ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"။

ခြောက်ပါးသော ဖဿာယတနတို့၏ဖြစ်ခြင်းကိုရင်း၊ ခြောက်ပါးသော ဖဿာယတနတရားတို့၏ ကုန်ခြင်း,ပျောက်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာ မြင်ရင်သိရင် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်နိုင်ဘယ်လို့ ဒီလိုဟော လိုက်တယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း-သိပ်အနက်တွေပေးမနေနဲ့တော့၊ စကားပြေနဲ့ ပြောကြစို့ရဲ့နော်-ပါဠိတော့ ဘုန်းကြီးရွတ်ပြမယ်၊ပဌမရဟန်းတပါးကို ပုထုဇဉ်ရဟန်းတပါး ကသွားပြီးတော့မေးတယ်၊ "အရှင်ဘုရား....ဘယ်လို အသိဉာဏ်မျိုးကိုရရင် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်နိုင်ပါသလဲ"လို့ မေးတော့ ပဌမ ရဟန်းက စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မန ခြောက်ပါးသော ဖဿာ ယတနဆိုတာ သူ့ကိုခေါ်တယ်၊ စက္ခု,သောတ, ဃာန, ဇိဝှါ,ကာယ,မန, ဘယ်နှစ်ပါးလဲ ...(ခြောက်ပါးပါဘုရား)။

အဲဒီ-စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-မနတွေဟာ ဘယ်မှာလဲ၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘုန်းကြီးပါးစပ်ထဲ မှာလား....(မဟုတ်ပါဘုရား)။

စာအုပ်ထဲမှာလား ...(မဟုတ်ပါဘုရား)။

ဘယ်မှာလဲ....(ခန္ဓာထဲမှာပါဘုရား)၊ အင်း-ခန္ဓာမှာပြန်ကြည့်၊ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများမျက်လုံး,နား,နှာ,လျှာ,ကိုယ်, စိတ်-ဘယ်မှာလဲ၊ အဲ-ဒါတွေ ...(ခန္ဓာထဲမှာပါဘုရား)။

တွေ့ပလား... (တွေ့ပါပြီဘုရား)။

အာဝုသော၊ ငါ့ရှင်။ ဆန္ဒံ၊ ခြောက်ပါးကုန်သော။ ဖဿာ-
ယတနာနံ၊ ဖဿတရားရဲ့တည်ရာဌာနဖြစ်ကုန်သော စက္ခု,သောတ,
ဃာန,ဇိဝှါ,ကာယ,မနတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုငှင်း။ အတ္ထင်္ဂမဉ္စ၊
ကုန်ခြင်း,ပျောက်ခြင်းကိုငှင်း။ ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။
ပဇာနာတိ၊ သိ၏။

''ဟုတ်မှန်တဲ့အတိုင်းသိတယ်, ဟုတ်မှန်တဲ့အတိုင်းသိတယ်'' ဆိုတာဘယ်
လိုလဲ၊ တိုးတဲ့သဘောကို တိုးတဲ့သဘောအမှန်အတိုင်း, ဖြစ်တဲ့သဘောကို
ဖြစ်တဲ့သဘောအမှန်အတိုင်း, ကုန်တဲ့ပျောက်တဲ့သဘောကို ကုန်တဲ့ပျောက်
တဲ့သဘောအမှန်အတိုင်း အဲဒီလိုသိဒါကို ယထာဘူတဉာဏ်လို့ ခေါ်
တယ်၊ ဘာဉာဏ်တဲ့လဲ....(ယထာဘူတဉာဏ်ပါဘုရား)။

မဗ္ဗင္ဂီတိဉာဏ်လို့လဲခေါ်တယ်၊ အဲဒီ-ဖဿာယတနခြောက်ခုတို့ရဲ့ ကုန်
ခြင်း,ပျောက်ခြင်း,ဖြစ်ခြင်း,ပျက်ခြင်းကိုမြင်ရင် သောတာပတ္တိမဂ်ဉာဏ်ဖြင့်
နိဗ္ဗာန်မြင်ပုံဟာ စင်ကြယ်ပြီလို့မှတ်၊ အဲဒီလို-ပြောလိုက်တယ်၊ ရှင်း
ပလား....(ရှင်းပါပြီဘုရား)။

## (၂) အဘယ်မျှသိမှ သောတာပတ္တိမဂ်ဉာဏ်ကိုရသနည်း

အခုလိုဟောလိုက်တော့ အဲဒီရဟန်းကဘယ်လိုလဲ-

''အထခေါ သော ဘိက္ခု အသန္တုဋ္ဌော တဿ ဘိက္ခုဿ
ပဥှဝေယျာကရဏေန ယေနညတရော ဘိက္ခု တေန-
ပသင်္ကမိ၊ ဥပသင်္ကမိတွာ တံ ဘိက္ခုံ ဧတဒဝေါစ''။

ပါဠိတော်မှာ အဲဒီလို-ရဟန်းတပါးက ဖဿာယတန ခြောက်ခုတို့ရဲ့
အဖြစ်အပျက်ကို ယထာဘူတအမှန်ကန်စွာသိရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့
နိဗ္ဗာန်မြင်ပုံဟာ စင်ကြယ်တယ်လို့ဟောလိုက်တယ်။

အထခေါ၊ ထိုသို့ဟောလိုက်တဲ့အခါ။ သော ဘိက္ခု၊ ထိုမသိ
သေးတဲ့ရဟန်းသည်။ အသန္တုဋ္ဌော၊ မနှောင့်ရဲ, မတင်းတိမ်, မနှစ်
သက်သည်ဖြစ်၍။

ဟုတ်ပါ့မလား-သူပြောတဲ့စကားဟာ၊ ဒီနေရာမှာ အဋ္ဌကထာဖွင့်
ကလေးကို ဘုန်းကြီးထဲ့ပြောပါမယ်၊ အသန္တုဋ္ဌ၊ မနှစ်သက်ဘူးဆိုတာ ဘာ

ပြုလို့လဲ၊ ဒီရဟန်းက သပဒေသကမ္မဋ္ဌာန်းကိုပြရင် သခါရတရားဆိုတဲ့ အကြွင်းအကျန် ရှိနေသေးတယ်၊ ဒီတော့-သပဒေသ ကမ္မဋ္ဌာန်းတရားကို ညွှန်ပြလိုက်သည့်အတွက် ဒီလို- အကြွင်းအကျန်ရှိနေသေးတဲ့ ကမ္မဋ္ဌာန်း တရားကိုညွှန်ပြရုံနဲ့ သောတာပတ္တိမဂ်ဉာဏ်ကို မြင်နိုင်တယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ ဖဿာယတန ခြောက်ပါးတို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းကလေး ကို သိရုံနှင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်ပုံ စင်ကြယ်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ သူ့စိတ်ထဲမှာ သံသယဖြစ်သယ်၊ အဲဒါကြောင့် အဲဒီ-ရဟန်းကတပါးသောရဟန်းကိုကပ်ပြီးမေးပြန်တယ်၊ဒါက အဋ္ဌကထာ ပြောဒါ။

ငါ့ရှင်က သောတပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်တာဟာ ငါ့ရှင်တပါး ထဲ မြင်တာလား၊ ဒီ့ပြင်ကော ဒီလို-သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်မြင် တဲ့ ပုဂ္ဂိုလ်များ မရှိဘူးလားလို့ မေးတော့ ဟာ—ရှိပါသေးတယ်၊မည်သည့် နေရာမှာ,မည်သည့်မထေရ် ဟာဖြင့် ဒီလိုဘဲ သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန် ကို မြင်ပါသေးတယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်ကတော့ ရဟန္တာဆိုဒါ ငါ့ရှင် တပါးထဲရှိသလား မေးတော့— ဟာ-မဟုတ်ဘူး၊ အခြားရဟန္တာရှိပါသေး တယ်-ဆိုတော့မှ—

"အထခေါ သောဘိက္ခု အသန္တုဋ္ဌော တဿဘိက္ခုသော ပဉှဝေယျာကရဏေန ယေနညတရော ဘိက္ခု-တေနုပ သင်္ကမိ"။

အထခေါ၊ ထိုအခါ၌။ သောဘိက္ခု၊ ထိုရဟန်းသော်သည်။ (ပုစ္ဆာမေးတဲ့ရဟန်းတော်နော်)။ တဿဘိက္ခုသော၊ ထိုဖဿာ— ယတန ခြောက်ပါးတို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းကိုမြင်၍ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပုံ စင်ကြယ်ဘယ်လို့ ဟောလိုက်တဲ့ရဟန်း တော်၏။ ပဉှဝေယျာကရဏေန၊ အမေးပုစ္ဆာပြဿနာ ဖြေကြား ခြင်းဖြင့်။ အသန္တုဋ္ဌော၊ မဒရောင့်ရဲ မတင်းတိမ်သည်ဖြစ်၍။ ယေန၊ အကြင်အရပ်၌၊ အညတရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုရဟန်းတပါးရှိရာသို့၊ ဥပသင်္ကမိ၊ချဉ်းကပ် ပြန်တယ်။

ဆရာတမျိုးဆီသွားပြန်တယ်၊ တရားဟော ဆရာတော်တပါး ပင့်ပြန်တယ်၊အသန္တုဋ္ဌလို့ ဟိုမှာပါနေပါတယ်၊ သူပြောတာ ဟုတ်ချင်မှဟုတ်မယ်၊ သူဟောတာ မှန်ချင်မှမှန်မယ်၊ အသန္တုဋ္ဌော-မနှစ်သက်ဘူးလို့ ဆိုတော့ နောက်တခါ ရဟန်းတပါးဆီ သွားပြီးတော့ ဘာပြောပြန်သလဲ။

ကိတ္တာဝတာ နုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ''။

အာဝုသော၊ ငါ့ရှင်။ ကိတ္တာဝတာ၊ ဘယ်မျှလောက်ခြင်းဖြင့်။ ဘိက္ခုနော၊ ရဟန်း၏။ ဒဿနံ သုဝိသုဒ္ဓံ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပုံ စင်ကြယ်ခြင်းသည်။ ဟောတိနုခေါ၊ ဖြစ်ပါသနည်း။

''ငါ့ရှင်....အဘယ်မျှလောက်သော အသိဉာဏ်ကိုရရှိဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်ပုံ စင်ကြယ်ပါသလဲ''လို့ နောက်တပါးကိုသွားမေးပြန်တယ်။

## ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၏ ဖြစ်မှုချုပ်မှုကိုသိမှ သောတာပတ္တိမဂ်ဉာဏ်ရ

အဲဒီ— နောက်တပါးက ဘာပြောသလဲဆိုတော့-

''ယတော ခေါ အာဝုသော ဘိက္ခု ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ''။

ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားတို့ကို ဟုတ်တိုင်းမှန်စွာ ပညာနဲ့သင်ခြင်လို့ ကြည့်ရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်ပုံဟာ စင်ကြယ်တယ်လို့ နောက်တပါးက ပြောပြန်တယ်၊ လက်ဦးတပါးပြောတာက ဘယ်နှစ်ပါးလဲ.... (ခြောက်ပါးပါဘုရား)။

ခုတပါးပြောတာက ဘယ်နှစ်ပါးလဲ... (ငါးပါးပါဘုရား)။

ဟို-မေးတဲ့ရဟန်းကတွေးပြီ''လက်ဦးဆရာတော်တပါး ဟောသွားတုန်းကခြောက်ပါး၊ ခုဆရာတော်တပါးက ငါးပါးလို့ဟောတော့ ဟုတ်မှဟုတ်

ပါ့မလား''လို့သံသယဖြစ်ပြန်တယ်၊ အခုလဲဘဲ့ရှေ့ဘုန်းပွင့်ကအမျိုးကောင်း သားတွေ့, အမျိုးကောင်းသမီးတွေမှာ ဓမ္မကထိကတွေကများနေတော့ ဟို ဆရာတော်ဟောတဲ့တရားလဲ မရလိုက်၊ ''ဒီဆရာတော်ဟောတဲ့တရားလဲ မရ လိုက်၊ ဒီရဟန်းလို ဖြစ်တော့မယ်ထင်တယ်၊အမျိုးကောင်းသားများ,အမျိုး ကောင်းသမီးများ.... ကိံသုကောပမသုတ္တန်နော်၊ ဘာသုတ္တန်တဲ့လဲ.... (ကိံသုကောပမသုတ္တန်ပါဘုရား)။

ယနေ့ညတော့ နောက်ဆုံးညနော်....(တင်ပါ့ဘုရား)။

နောက်ဆုံးညဖြစ်တဲ့အတွက်နည်းနည်းကလေး အချိန်နောက်ကျချင်ကျ မယ်နော်။ အဲဒီတော့-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ကလဲဘဲ ဇွဲကောင်းကောင်းနဲ့နာကြပါ၊ဘုန်းကြီးဟာ ယခုနေ့တိုင်းထက်ပိုပြီး နေမကောင်းဘူး၊ နေ့တိုင်ထက်ပိုပြီးနေမကောင်းတော့ နေ့တိုင်းထက်ပိုပြီး ဟောရမယ်၊ ဒီခန္ဓာကိုယ်ညှာဘာလို့ မဖြစ်ဘူး–အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများနော်၊ သူဟာ သတ္တဝါတို့ကို အင်မတန်နှိပ်စက် တယ်၊ ဒီတော့–သူ့ကိုညှာတာလို့ဖြစ်ပါ့မလား မဖြစ်ဘူးလား....(မဖြစ်ပါ ဘုရား)။

အမျိုးကောင်းသားတွေ့, အမျိုးကောင်းသမီးတွေက ညှာချင်သလား ....(မညှာချင်ပါဘုရား)၊ ညှာချင်ရင်ဒုက္ခတွေ့မယ်၊ သူ့ကိုမညှာနဲ့။

လက်ဦး ရဟန်းတပါးကဘယ်နှစ်ပါးတဲ့လဲ....(ခြောက်ပါးပါဘုရား)။

နောက်တခါ ရဟန်းတပါးကဘယ်နှစ်ပါးတဲ့လဲ....(ငါးပါးပါဘုရား)။

ဒီတော့- သွားမေးတဲ့ရဟန်းက ကျေနပ်ပါ့မလား.... (မကျေနပ်ပါ ဘုရား)။

လက်ဦးဆရာတော်ကခြောက်ပါး,ခုဆရာတော်ကငါးပါးလို့ ဟောပြန် ပြီ၊ ဟုတ်မှဟုတ်နိုင်ပါ့မလားလို့ သံသယဖြစ်နေတဲ့အတွက် ''အသန္တုဋ္ဌော၊ မနစ်သက် မရောင့်ရဲသည်ဖြစ်၍။ ယေန၊အကြင်အရပ်၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ရဟန်းသည်။ အတ္ထိ၊ရှိ၏''။ ။ငါ့ရှင်....ငါ့ရှင်သာ ဒီတရားမျိုး ဟောတတ်သလား၊ ဝိပဿနာကို ဟောတတ်တဲ့ တပါးသော ရဟန်းမရှိတော့ဘူးလား–လို့ အဲဒီလို ကပ်ကပ်သပ်သပ်မေးချင်း မေးအုံးမှာ သိလား။

(၃) အဘယ်မျှသိမှ သောတာပတ္တိမဂ်ဉာဏ်ကိုရသနည်း

ဒုတိယ ရဟန်းတော်က ဒီ-တရားမျိုး ငါချည်းဟောတတ်တာမဟုတ်ဘူး၊ ရှိပါသေးတယ်၊ တပါးပင့်အုံး-ဆိုတော့ ပင့်ပြန်ရော။

> အထခေါ၊ ထိုအခါ၌။ သောဘိက္ခု၊ ထိုရဟန်းသည်။ တဿ-ဘိက္ခုဿ၊ ထိုငါးပါးကိုမြင်ရင် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပုံစင်ကြယ်ပြီလို့ ဟောလိုက်တဲ့ရဟန်းတော်၏။ ပဥှဝေယျာကရဏေန၊ အမေးပုစ္ဆာပြဿနာ ဖြေကြားခြင်းဖြင့်။ အသန္တုဋ္ဌော၊ မနှစ်သက်သည် ဖြစ်ပါသောကြောင့်။ ယေန၊ အကြင်အရပ်၌။ အညတရော၊တပါးသော၊ ဘိက္ခု၊ရဟန်းသည်။ အတ္ထိ၊ရှိ၏။ တေန၊ ထိုတပါးသော ရဟန်းရှိရာသို့၊ ဥပသင်္ကမိ၊ ချဉ်းကပ်ပြန်၏။

ပင့်ပြန်ပဟော့-ဓမ္မကထိကတပါး၊ ဘယ်နှစ်ပါး ရှိသွားပြီလဲ....(သုံးပါးပါဘုရား)။ သုံးပါးရှိသွားပြီ၊ ထပ်ပြီးတော့ ဘယ်လိုလျှောက်ပြန်သလဲ။

> ကိတ္တာဝတာ နုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ”။

ငါ့ရှင်....အဘယ်မျှလောက်သော အဘိဉာဏ်ကိုရရင်ဖြင့် နိဗ္ဗာန်ကိုမြင်ခြင်းငှါ စင်ကြယ်ပါသနည်း-လို့မေးပြန်ပြီ။

## မဟာဘုတ်လေးပါးတို့၏ ဖြစ်မှု့ချုပ်မှုကိုသိမှ သောတာပတ္တိမဂ်ဉာဏ်ရ

ဒီတော့-တတိယမြောက်ဖြစ်တဲ့ ဓမ္မကထိကဆရာတော်က ဘာဟောလိုက်သလဲ။

> “ယတော ခေါ အာဝုသော ဘိက္ခု စတုန္နံ မဟာ-ဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ-သုဒ္ဓံ ဟောတိ”။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ အင်မတန် ကျက်သရေးမင်္ဂလာရှိကြပါတယ်၊ ဒီ-ပါဠိတော်ကြီးတွေဟာ အမတန်နာရခဲပါ

တယ်၊ “ကိတ္တာဝတာ နုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ”=ငါ့ရှင်....အဘယ်မျှလောက်သော ဉာဏ်အမြင် သန့်ရှင်းရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်ပုံဟာ သန့်ရှင်းစင်ကြယ်ပါသလဲ-လို့ ဒီ မေးခွန်းကိုဘဲ မေးလိုက်ပြန်တယ်၊ မေးလိုက်တော့-ထိုသတိယမြောက်ဖြစ်တဲ့ ရဟန်းတော်က ဘာပြောသလဲ။

> “ယတော ခေါ အာဝုသော ဘိက္ခု စတုန္နံ မဟာဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ”။
>
> အာဝုသော၊ ငါ့ရှင်။ ယတော၊ အကြင်အခါ၌။ ဘိက္ခုနော၊ ရဟန်းအား။ စတုန္နံ မဟာဘူတာနံ၊ ဓာတ်ကြီးလေးပါးဖြစ်ကုန်သော ပထဝီ,တေဇော, အာပေါ,ဝါယောလို့ဆိုတဲ့ လေးပါးသော သဘောတရားတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုရင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ငြိမ်းကွယ်ပျောက်ခြင်းကိုရင်း။ ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။ ပဇာနာတိ၊ သိ၏။ အာဝုသော၊ ငါ့ရှင်။ ဧတ္တာဝတာခေါ၊ ဤမျှလောက်ဖြင့်။ ဘိက္ခုနော၊ ရဟန်းအား။ ဒဿနံသုဝိသုဒ္ဓံ ဟောတိ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပုံစင်ကြယ်၏-လို့ ပြောလိုက်တယ်။

ပဌမရဟန်းက ဘယ်နှစ်ပါးတဲ့လဲ....(ခြောက်ပါးပါဘုရား)။

ဒုတိယရဟန်းက....(ငါးပါးပါဘုရား)။

တတိယ ဓမ္မကထိက ပုဂ္ဂိုလ်က....(လေးပါးပါဘုရား)။

တတိယမြောက်ဖြစ်တဲ့ ရဟန်းက လေးပါးသော မဟာဘုတ်တို့၏ ဖြစ်ခြင်းကိုရင်း, ကုန်ခြင်းပျောက်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာ ဉာဏ်နဲ့မြင်ရင်ဖြင့် နိဗ္ဗာန်ကိုမြင်ပုံဟာစင်ကြယ်ဇယ်လို့ ဒဿနဝိသုဒ္ဓိကိုဒီလို-မိန့်တော်မူလိုက်ပါတယ်၊ ဒီတော့ ဒီလို မေးနေရတဲ့ရဟန်းဟာ လက်ဦးရဟန်းတပါး မေးတုန်းက ခြောက်ပါးလို့ ပြောတယ်၊ နောက်ရဟန်းတပါးမေးပြန်တော့ ငါးပါးလို့ ပြောတယ်၊ အခု-လေးပါးဖြစ်ပြန်ပြီ၊ ဒီ-ရဟန်းပြောတာကို အသန္တုဋ္ဌော-မနှစ်သက်ပြန်ဘူးနော်။

(၄) အဘယ်မျှသိမှ သောတာပတ္တိ မဂ်ဉာဏ်ကိုရသနည်း

"အထခေါ သောဘိက္ခု အသန္တုဋ္ဌော တဿဘိက္ခုဿ ပဉ္စဝေယျာကရဏေန ယေနညတရော ဘိက္ခု တေနုပသင်္ကမိ"။

အထခေါ၊ ထိုအခါ၌။ သော ဘိက္ခု၊ ထို လိုက်မေးတဲ့ရဟန်းသည်။ တဿ ဘိက္ခုဿ၊ ထိုလေးပါးသော မဟာဘုတ်တို့ရဲ့ ဖြစ်ခြင်း, ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ မြင်ရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို မြင်ပုံဟာ စင်ကြယ်တယ်လို့ ဟောလိုက်တဲ့ ရဟန်းတော်၏။ ပဉ္စဝေယျာကရဏေန၊ အမေးပုစ္ဆာ ပြဿနာဖြေကြားခြင်းဖြင့်။ အသန္တုဋ္ဌော၊ မနှစ်သက်မရောင့်ရဲ မတင်းတိမ်သည်ဖြစ်၍။ ယေန၊ အကြင်အရပ်၌။ အညတရော၊ တပါးသော။ ဘိက္ခု၊ ရဟန်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုရဟန်းတပါးရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြန်လေပြီ။

ပင့်ပြန်ပြီနော်—ဓမ္မကထိကတပါး၊ ဘယ်နှစ်ပါးရှိသွားပလဲ....(လေးပါးရှိသွားပါပြီဘုရား)။

အဲဒီ-ဓမ္မကထိကကို ချဉ်းကပ်ပြီးတော့ ဘယ်လိုမေးလျှောက်လိုက်ပြန်သလဲဆိုတော့—

"ကိတ္တာဝတာ နုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"။

ငါ့ရှင်....အဘယ်မျှလောက်သော အသိဉာဏ်ပိုင်ရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပုံဟာ စင်ကြယ် သန့်ရှင်းပါသနည်းလို့ ဒီလို-မေးလိုက်ပြန်ပါတယ်။

ဖြစ်ပေါ်လာသော တရားဟူသမျှ ချုပ်ပျက်မြဲဟုသိမှ
သောတာပတ္တိမဂ်ဉာဏ်ရ

အဲဒီတော့-လေးကြိမ်မြောက်ဖြစ်တဲ့ ရဟန်းတော်က (ဆရာတော်က) ဘယ်လိုဟောသလဲ။

"ယထာ ခေါ အာဝုသော ဘိက္ခု ယံကိဉ္စိ သမုဒယ
ဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ ယထာဘူတံ ပဇာနာတိ၊
ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ-
သုဒ္ဓံ ဟောတိ"။

ငါ့ရှင်ရဟန်း...တဲ့၊ အလုံးစုံဖြစ်ပေါ်လာသမျှ သဘောတရားတို့သည် ကုန်ခြင်းပျောက်ခြင်းသဘောလျှင် သဘောရှိတယ်လို့ ဉာဏ်အမြင်ရောက်ရင် ဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြုနိုင်တယ်၊ သောတာပတ္တိ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုအာရုံပြုပုံဟာ စင်ကြယ်တယ်လို့ လေးပါးမြောက်ဖြစ် တဲ့ မေ့ကထိက-က ဟောလိုက်တယ်။

ပဌမ ရဟန်းက ဘယ်နှစ်ပါးတဲ့လဲ....(ခြောက်ပါးပါဘုရား)။

ဒုတိယ ရဟန်းက....(ငါးပါးပါဘုရား)။

တတိယ ရဟန်းက....(လေးပါးပါဘုရား)။

နောက်ဆုံးရဟန်းက တပါးဆိုတော့ ဒမေးတဲ့ရဟန်းမှာ သံသယဖြစ်စရာ ဖြစ်မနေဘူးလား-ဒီနေရာမှာ....(ဖြစ်နေပါတယ်ဘုရား)။

အဲဒီတော့-အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများရွှေဘုန်း ပွင့်စေတီတော်ကြီးရဲ့ဓမ္မာရုံအတွင်းမှာ ဟောတော်မူကြတဲ့ တရားဒေသနာ တော်တို့ကို နည်းမျိုးစုံတွေကို နာခံမှတ်သားပြီးသကာလ ထားရှိတော့ဟုတ် ပါပေတယ်၊ ဘယ်နည်းနဲ့ ဘယ်ကိုလိုက်ရပါ့မလဲလို့ သံသယဖြစ်မယ်ဆိုရင် ဖြစ်လောက်စရာ ဖြစ်မနေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒီ-ပြဿနာလေးဟာဖြင့် ရှင်းသွားပါလိမ့်မယ်နော်၊ ဒီ သုတ္တန်ကို ရိုရို သေသေ လေးလေးစားစား နာခံမှတ်သားကြပါ၊ မှတ်မိအောင်လား၊ နား ထောင်ကောင်းအောင်လား....(မှတ်မိအောင်ပါဘုရား)။

အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ မှတ်မိအောင်လား၊ နားထောင် ကောင်းအောင်လား ... (မှတ်မိအောင်ပါဘုရား)၊ မှတ်မိ အောင်နော်။

## အပြေ ၄-မျိုးဖြစ်နေ၍ မနှစ်သက်

ငါ့ရှင်တို့လေးပါးဟာ တပါးမေးလဲတမျိုး၊ ဟိုဘပါးဟောတော့လဲ တမျိုး၊ ဒီ-တပါးဟောတော့လဲ တမျိုးနဲ့ လေးပါးသွားပြီး မေးမိပါ၊

တရားက လေးမျိုးဖြစ်နေပါတယ်၊ တရားက ဘယ်နှစ်မျိုးဖြစ်နေသလဲ.... (လေးမျိုးပါဘုရား)။

ဒီတော့-အကျွန်ုပ်တို့ ဘာကျင့်ရမှာလဲ၊ ငါရှင်တို့ကို အကျွန်ုပ်တို့ မေးမြန်းပါရစေ၊ ဒီ-တရားတွေကို ငါ့ရှင်တို့ကိုယ်တိုင် ငါ့ရှင်တို့ ထိုးထွင်းပြီးသကာလ သိတော်မူကြတာလား၊ သို့မဟုတ် တစုံတယောက်သော ပုဂ္ဂိုလ်ကဟောထားလို့ ငါ့ရှင်တို့ ဒီ-တရားတော်တွေကို သိကြတာလား၊ ဒါ အဋ္ဌကထာစကား၊ ဒီ-အသိဉာဏ်တွေကို ငါ့ရှင်တို့ကိုယ်တိုင်ငါ့ရှင်တို့ သိကြတာလား၊ သို့မဟုတ် တစုံတယောက်သောပုဂ္ဂိုလ်က ဟောလို့သိကြတာလားလို့၊ ဒါလဲ အဋ္ဌကထာစကားပါနော်....(မှန်ပါဘုရား)။

ဘယ်မှာ ကိုယ့်ကိုယ်တိုင် ထိုးထွင်းသိတဲ့တရားရှိမလဲ၊ ဒီ-တရား လေးမျိုးစလုံးကို အစိအန္တယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုယ်တိုင် ဟောတော်မူလို့ ဒို့တတွေသိပြီးသကာလ တဆင့်တဆင့် ပြန်ဟောတာလို့ဆိုတော့-ကိုင်းဒါဖြင့်-

> "အထခေါ သော ဘိက္ခု အသန္တုဋ္ဌော တဿ ဘိက္ခုဿ ပဥ္စဝေယျာကရဏာန ယေန ဘဂဝါ တေနုပ-သင်္ကမိ"။

ဘယ်သွားသလဲ....(ဘုရားထံသွားပါတယ်ဘုရား)

ဟာ-ဒို့အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေသိပ်ဟုတ်နေပြီ၊ ဒီ-ပါဠိသွားတော့ သူတို့သိနေပြီ၊ ဒီ ရဟန်းကမကျေနပ်တော့ ဘယ်သွားမေးသလဲဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဆီ သွားမေးတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ.... ဘယ်သူ့ကို သွားမေးသလဲ....(ဘုရားရှင်ကိုသွားမေးပါတယ်ဘုရား)။

ကိုင်း—ခု ဒီ-အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လက်ထက်မှာ ဘုရားရှိသေးသလား....(မရှိပါဘုရား)။

ဓမ္မကထိကတွေ အမျိုးမျိုးဟောချင်တိုင်း ဟောနေဒါ ဘယ်သူ့ကို သွားမေးမလဲ....(မေးစရာမရှိပါဘူးဘုရား)။

## ယခုအခါ ပါဠိတော်ကိုသာ မေးသင့်ပုံ

ပါဠိတော်ကိုမေးပါ၊ မဟာပရိနိဗ္ဗာနသုတ်ကြီးမှာ မြတ်စွာဘုရားက ဘာမိန့်တော်မူခဲ့သလဲ—

"ယော ခေါ အာနန္ဒ မာသောစိ မာပရိဒေဝိ၊ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးတော့ အရှင်အာနန္ဒာက သည်းစွာငိုကြွေးပြီး "အရှင်ဘုရား....ဟိုသာဝတ္ထိ,ရာဇဂြိုဟ်,ကောသမ္ဗီ,အာဠဝီစတဲ့ နိုင်ငံတွေ တပည့်တော်သွားရင် အရှင်ဘုရားအာနန္ဒာ-မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘယ်နေရာထားပစ်ခဲ့သလဲ၊ မြတ်စွာဘုရားမှတပါး ဘယ်သူကိုအားကိုးရမလဲ-ဆိုရင် တပည့်တော် ဘယ်လိုလုပ်ပြီး ဖြေရပါ့မလဲဘုရား" လို့ လျှောက်တယ်၊ အရှင်အာနန္ဒာကို ဒီတော့ မြတ်စွာဘုရားက နှစ်သိမ့်စေတယ်၊ ရှင်အာနန္ဒာကို—

အာနန္ဒ၊ ငါဘုရား၏ချစ်စားလိမ္မာ အာနန္ဒာ။ မာသောစိ၊ မင်းမစိုးရိမ်နဲ့။ မာပရိဒေဝိ၊ မင်းမငိုကြွေးပါနဲ့။ မယာ၊ ငါသည်။ ပဉ္စစတ္တာလီသဝဿာနိ၊ လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး။ ဓမ္မောစ၊ သုတ်,အဘိဓမ္မာတရားကိုရင်း။ ဝိနယောစ၊ ဝိနည်းတရားကိုရင်း။ ဒေသိတော၊ ဟောထားတော်မူခဲ့ပြီ။ ပညတ္တော၊ ပညတ်ထားခဲ့ပြီ။ သော၊ထိုသုတ်,အဘိဓမ္မာ,ဝိနည်း တရားတော်တွေဟာ။ မမစ္စယေန၊ ငါဘုရားလွန်ရင်ဖြင့်။ ဝေါ-တုမှာကံ၊ သံသရာဝဋ်တဏှာညွတ်က မလွတ်ကြသေး မဝေးရှည်လျား သင်အာနန္ဒာနှင့်တကွ ချစ်သား,ချစ်သမီးတို့၏။ သတ္ထာ၊ ဆရာသည်။ ဘဝိဿတိ၊ ဖြစ်မယ်"။

ကိုင်း-ငါဘုရားမရှိတော့မယ်လို့ အားမငယ်ကြပါနဲ့၊ အစိန္တေယျ လောက ထွတ်တင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး အခုမရှိပေမဲ့ ဒို့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ အားမငယ်ကြနဲ့တော့ (တင်ပါ့ဘုရား)။

မြတ်စွာဘုရား လေးဆယ့်ငါးဝါကာလတိုင်တိုင် ဟောကြားထား တော်မူတဲ့ မဇ္ဈိမနယလို့ဆိုတဲ့ ပါဠိတော်တွေရှိတယ်၊ အဲဒီ-ပါဠိတော်တွေ ဆိုမေးကြရအောင်—မကောင်းဘူးလား....(ကောင်းပါပြီဘုရား)။

ဒီတော့- ပရိယတ္တိသာသနာတော်ကြီးလို့ဆိုဒါ အမျိုးကောင်းသား များ, အမျိုးကောင်းသမီးများ မပစ်ပယ်ကောင်းဘူးနော်.... (တင်ပါ့ ဘုရား)။

ပရိယတ္တိသာသနာတော်ကြီးကို အခုအခါပစ်ပယ်ရင် ဘုရားကို ပစ် ပယ်တာနဲ့ အတူတူဘဲလို့ ဘုန်းကြီးကဆိုချင်တယ်၊ ဘာပြုလို့လဲဆိုတော့ အခု ဘယ့်နှယ် မြတ်စွာဘုရား ရှိမှမရှိဘဲနဲ့ ဘုန်းကြီးတို့ ဘယ်သူ့အားကိုးနေ ရမလဲ၊ ဒီ-ပရိယတ္တိသာသနာတော်ကြီးကို အားကိုးနေရတယ် မဟုတ်လား ပါဠိတော်ကို....(မှန်ပါ့ဘုရား)။

''မင်းတို့စကားတွေ စာစကားတွေပါကွာ၊ အလုပ်စကားမဟုတ်ပါဘူး၊ မပြောပါနဲ့''ဆိုရင် အဲဒါဘုရားရှင်ကို ပစ်ပယ်တာနဲ့ အတူတူဘဲ၊ အမျိုး ကောင်းသားများ, အမျိုးကောင်းသမီးများ....(တင်ပါ့ဘုရား)။

ဒီတော့ ဘုရားကိုမပစ်ပယ်ပါနဲ့၊ ဒီ-ပါဠိတော်တွေကို မပစ်ပယ်ပါနဲ့၊ ပါဠိတော်ကိုပစ်ပယ်ရင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ပစ်ပယ်တာနဲ့တူ လိမ့်မယ်၊ ဒါ့ကြောင့် ပရိယတ္တိသာသနာတော် အင်မတန်အရေးကြီးတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ- အဲဒါကြောင့် နိုင်ငံ တော်အုပ်ချုပ်ကြတဲ့ အစိုးရအပေါင်းကလဲဘဲ ပရိယတ္တိသာသနာတော်ကြီး အားပေးလို့, ဟောဒီ ဝိုင်-အမ်-ဘီ-အေအသင်းကြီးကဆိုရင်လဲ ပရိယတ္တိ သာသနာတော်ကြီး အားပေးလို့ဟုတ်လား၊ မင်္ဂလာသုတ်ကစပြီးတော့ ပရိ ယတ္တိသာသနာတော်ကြီး အားပေးပြီးသကာလ နေလိုက်ကြတာ၊ သာသနာ ရဲ့အနှစ်မြစ်ကို ပြုစုပျိုးထောင်ကြတာဘဲ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများနော်-အဲဒါကြောင့် ပရိယတ္တိသာသနာတော်ကြီး ယနေ့ တိုင်တည်ထွန်းနေတာဘဲ။

ဘုရားထံ ချဉ်းကပ်၍လျှောက်ထားပုံ

ဘုရားရှင်ကိုယ်တော်မြတ်ထံ ချဉ်းကပ်ပြီးတော့ ခုနကရဟန်းက ထိုရ ဟန်းလေးပါး ပြေတာကိုမကျေနပ်တော့—

"အထ ခေါ သော ဘိက္ခု အသန္တုဋ္ဌော တဿ ဘိက္ခုဿ ပဋိဝေဿကရဏေန ယေန ဘဂဝါ တေနုပ သင်္ကမိ"

အထခေါ၊ ထိုအခါ၌။ သောဘိက္ခု၊ ထိုရဟန်းသည်။ တဿ-ဘိက္ခုဿ၊ ထိုအလုံးစုံဖြစ်သမျှ တရားတွေဟာ ပျက်မှာဘဲလို့ ဟော တော်မူလိုက်တဲ့ ရဟန်းတော်၏။ ပဋိဝေဿကရဏေန၊အမေးပုစ္ဆာ ပြဿနာကိုဖြေကြားခြင်းဖြင့်။ အသန္တုဋ္ဌော၊ မနှစ်သက်, မရောင့် ရဲ မတင်းတိမ်သည်ဖြစ်၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ ဘုန်း တော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရှိတော်မူရာအရပ်သို့။ဥပသင်္ကမိ၊ချဉ်းကပ်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ရှေ့တော်မှာရောက်တော့ သူကလျှောက်တယ်။

"ဧကမန္တံ ဘန္တေ ယေနညတရော ဘိက္ခု-တေနုပ သင်္ကမိ၊ ဥပသင်္ကမိတွာ တံ ဘိက္ခုံ ဧတဒဝေါစ"။

အရှင်ဘုရား တပည့်တော်ဟာ ရဟန်းတပါးထံကို ချဉ်းကပ် ပါတယ်။ ချဉ်းကပ်ပြီးတော့ အဲဒီ-ရဟန်းကို အမေးပုစ္ဆာပြဿနာ ကို ဒီလိုမေးပါတယ်။

"ကိတ္တာဝတာ နုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"။

အဘယ်မျှသောက်သော အသိဉာဏ်ကို ရရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ် ဖြင့် နိဗ္ဗာန်ကိုမြင်ပုံဟာ စင်စင်ကြယ်ကြယ်ဖြစ်ပါသလဲလို့ တပည့်တော်မေး ပါတယ်၊ အဲဒီလိုမေးတော့-

"ဧဝံ ဝုတ္တေ ဘန္တေ သော ဘိက္ခု မံ ဧတဒဝေါစ"။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် အရှင်သူမြတ်ဘုရား။

ဧဝံဝုတ္တေ၊ ဤသို့ဘုရားတပည့်တော်က မေးလျှောက်သည်ရှိ သော်။ သောဘိက္ခု၊ ထိုရဟန်းသည်။ မံ၊ တပည့်တော်ကို။ ဧတ ဒဝေါစ၊ ဤသို့ပြန်လည်မိန့်တော်မူပါတယ်ဘုရား။

အဲဒီ–ရဟန်းမိန့်တော်မူပုံကိုပြန်ပြောတယ်၊ ဘယ်လိုဖြေလိုက်သလဲဆိုတာ ပြောစမ်း-လို့ဘုရားကဒီလိုမေးပါလိမ့်မယ်၊အဲဒီအခါအရှင်ဘုရားနားထောင်တော်မူပါဆိုပြီးတော့–

(၁) "ယတော ခေါ အာဝုသော ဘိက္ခု ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"။–

လို့ ဖြေလိုက်ပါတယ်ဘုရား၊ ခြောက်ပါးသော ဖဿာယတနတို့၏ဖြစ်ပုံပျက်ပုံအလုံးစုံကို ဟုတ်တိုင်းမှန်စွာသိရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပုံဟာ စင်ကြယ်ပြီ–လို့ ဒီလိုဖြေလိုက်ပါတယ်ဘုရား။

အဲဒီလိုဖြေလိုက်တာကို ဘုရားတပည့်တော်က သူ့ဟာ ဟုတ်မှဟုတ်ပါ့ မလားလို့ မနှစ်သက်သည်ဖြစ်ပါသောကြောင့် အခြား ရဟန်းတပါးထံသို့ ချဉ်းကပ်ပြီးသကာလ ဘုရားတပည့်တော် အမေးပုစ္ဆာပြဿနာကို ထပ်ပြီး မေးပြန်ပါတယ်၊ ခြောက်ပါးကိုမနှစ်သက်လို့ နောက်တခါ ရဟန်းတပါး ကို တပည့်တော်ထပ်ပြီးတော့ မေးပြန်ပါတယ်၊ "ငါ့ရှင် အဘယ်မျှလောက်သော အသိဉာဏ်ကိုရရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်ပုံဟာ စင်ကြယ်သန့်ရှင်းပါသလဲ"လို့ ဒီလိုမေးလိုက်တဲ့အခါကျတော့ ထိုရဟန်းတော်က–

ဧဝံ ဝုတ္တေ သော ဘိက္ခု မံ ဧတဒဝေါစ"။

ဧဝံ ဝုတ္တေ၊ ဘုရားတပည့်တော်က မေးလိုက်ဘည်ရှိသော်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ မံ၊ တပည့်တော်ကို။ ဧတဒဝေါစ၊ ဤသို့ပြောလိုက်ပါတယ်။

ဘယ်လိုပြောလိုက်ပါသလဲဆိုတော့–

(၂) "ယတော ခေါ အာဝုသော ဘိက္ခု ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"။

လို့ဖြေလိုက်ပါတယ်ဘုရား၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ရဲ့ဖြစ်ခြင်း ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိလို့မြင်လို့ရှိရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပုံဟာ စင်ကြယ်ပြီ-လို့ ဖြေလိုက်ပါတယ်ဘုရား။

အဲဒီ-အခါကာလမှာလဲ ဘုရားတပည့်တော်ဟာ ထိုကဲ့သို့ ငါးပါးမြေ တာကို မကျေနပ် မနှစ်သက်သည်ဖြစ်ပါသဖြင့် နောက်ရဟန်းတပါးထံ ချဉ်းကပ်ပြီးတော့ အမေးပုစ္ဆာပြဿနာကို မေးပြန်ပါတယ်၊ "အဘယ်မျှ လောက်သော အသိဉာဏ်ကိုရရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင် ပုံဟာ စင်ကြယ်ပါသလဲငါ့ရှင်"လို့ မေးလိုက်တဲ့အခါ ရဟန်းတပါးကလဲ—

(၃) "ယတော ခေါ အာဝုသော ဘိက္ခု စတုန္နံ မဟာ ဘူတာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ- သုဒ္ဓံ ဟောတိ"။

လို့ လေးပါးသော မဟာဘုတ်တို့ရဲ့ ဖြစ်ခြင်း,ပျက်ခြင်းကို ဟုတ်တိုင်း မှန်စွာ ဝိပဿနာပညာနဲ့မြင်လို့ရှိရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မြင်ပုံဟာ စင်ကြယ်ပြီ-လို့ ဒီလိုမိန့်တော်မူလိုက်ပါတယ်။

အဲဒီ-အချက်ကိုလဲ ဘုရားတပည့်တော် မကျေနပ်သေးသည် ဖြစ်ပါ သောကြောင့် နောက်တခါ ရဟန်းတပါးထံ ချဉ်းကပ်ပြီးတော့ အမေး ပုစ္ဆာပြဿနာကို မေးပြန်တဲ့အခါမှာ ထိုရဟန်းကလဲတဲ—

(၄) ယတော ခေါ အာဝုသော ဘိက္ခု ယံကိဉ္စိ သမု- ဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ ယထာဘူတံ ပဇာနာတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ- သုဒ္ဓံ ဟောတိ"။

လို့ဒီလိုဖြေလိုက်ပြန်ပါတယ်၊ အလုံးစုံဖြစ်သမျှ သဘောတရားတွေဟာ ကုန်ခြင်း, ပျောက်ခြင်း သဘောရှိတယ်လို့ ဟုတ်တိုင်မှန်စွာ မြင်ရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်မြင်ပုံဟာ စင်ကြယ်တယ်လို့ ဖြေလိုက်ပါ တယ်ဘုရား။

အဲဒါတွေ ဘုရားတပည့်တော် မကျေနပ်သည် ဖြစ်ပါသောကြောင့် ခြောက်ပါးက တမျိုး, ငါးပါးက တမျိုး, လေးပါးက တမျိုး, တပါးထဲက တမျိုးနဲ့ ဘယ်ဟာမှန်ကန်သည်ဆိုတာ မသိသည် ဖြစ်ပါသောကြောင့် အရှင်ဘုရားထံ ချဉ်းကပ်ရပါတယ်ဘုရား။

"ကိတ္တာဝတာ နုခေါ ဘန္တေ ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ"။

အရှင်ဘုရား .... အဘယ်မျှလောက်သော ဉာဏ်အမြင်ကို ရရင်ဖြင့် ဒီ–ရဟန်းတော်ရဲ့ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာ မြင်ပုံဟာ စင်ကြယ်ပါသလဲဘုရား- မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်တယ်။

## ပေါက်ပင်ပမာပြ၍ ဘုရားရှင်ဖြေပုံ

ဒီတော့မှ ဘုရားကပြန်ပြီးဟောတယ်။ ဘုရားက ဘာဟောသလဲ၊ ဥပမာကို ရှေးဦးစွာဟောလိုက်တယ်၊ ကိံသုကောပမသုတ္တန်ဆိုတဲ့အတိုင်း ကိံသုက–ကျေးသားလေလား, သစ်ပင်လေလားဆိုတဲ့ ပေါက်ပင်ကို ဥပမာ ပေးပြီးတော့ မြတ်စွာဘုရားက ဟောလိုက်တယ်။

"သေယျထာပိ ဘိက္ခု ပုရိသဿ ကိံသုကော အဒိဋ္ဌ– ပုဗ္ဗော အဿ"။

ပေါက်ပင်ကို တခါမှမမြင်ဘူးတဲ့ လူတယောက်ရှိတယ်- ဆိုကြပါစို့၊ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ ဘာကိုမမြင်ဘူးတဲ့ လူတယောက် ရှိသတဲ့လဲ.... (ပေါက်ပင်ကို မမြင်ဘူးတဲ့လူပါဘုရား)၊ တခါမှ မမြင်ဘူးဘူး။

ဟောဒီ–ဒို့ရန်ကုန်က အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ လူတိုင်း, လူတိုင်း ပေါက်ပင်ကို မြင်ဘူးကြရဲ့လား....(လူတိုင်း,လူတိုင်း မမြင်ဘူးပါဘုရား)။

ဒီ–အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေထဲမှာ ပေါက်ပင်ကို မမြင်ဘူးတဲ့ပုဂ္ဂိုလ်ပါပါသလား.... (ပါပါတယ်ဘုရား)၊ပါမယ် တချို့က မြင်ဘူးပုံမပေါ်ဘူး။

သေယျထာပိ၊ လောကဘန္တု ပုံစံပြု၍ ဥပမာကိုပြရမယ်ဆိုရင် ဖြင့်။ ဘိက္ခု၊ ရဟန်း။ ပုရိသဿ၊ ယောကျ်ားအား။ ကိံသုကော၊ ပေါက်ပင်ကို။ အဒိဋ္ဌပုဗ္ဗော၊ ရှေးကအခါမှ မမြင်အပ်စဘူးသည်။ အဿ၊ ရှိသည်ဖြစ်ရာ၏။ တနည်းအားဖြင့် အဋ္ဌကထာဖွင့်ရိပ်ကို ကြည့်၍ "သေယျထာပိ၊ လောကဥပမာဖြင့်။ ကိံသုကော၊ ပေါက်ပင်ကို။ အဒိဋ္ဌပုဗ္ဗော၊ ရှေးကမမြင်ဘူးသော။ ပုရိသဿ-ပုရိသော၊ ယောကျ်ားတယောက်သည်။ အဿ၊ ရှိရာ၏" ဟုအနက်ပေးလျှင် ပို၍ပေါ်လွင်ကယ်။

ပေါက်ပင်ကို တခါမျှမမြင်ဘူးတဲ့ ယောကျ်ားတယောက်ရှိကယ်။

"သော ယေနညတရော ပုရိသော ကိံသုကဿ ဒဿာဝီ-တေနုပသင်္ကမေယျ"။

အဲဒီ-ပေါက်ပင်ကို တခါမျှမမြင်ဘူးတဲ့ အမျိုးကောင်းသားဟာ ပေါက်ပင်ကို သေသေချာချာမြင်ဘူးတဲ့ အမျိုးကောင်းသားတယောက်ထံ ချဉ်းကပ်ပြီးတော့ ဘယ်လိုမေးသလဲ-

"ကီဒိသော ဘောပုရိသ ကိံသုကောတိ"

ဘောပုရိသ၊ အို ပေါက်ပင်ကိုမြင်ဘူးတဲ့ယောကျ်ား။ ကိံသုကော၊ ပေါက်ပင်သည်။ ကီဒိသော၊ ဘယ်လိုနေသလဲ။

ပေါက်ပင် ခင်ဗျား မြင်ဘူးသလားလို့-မေးတယ်။ ဒီတော့-ပေါက်ပင် မြင်ဘူးတဲ့ပုဂ္ဂိုလ်က ဘယ်လိုပြောသလဲဆိုတော့—

"တံပုရိသံ ဧဝံ ဝဒေယျ"။

ပါဠိတော်မှာနော်၊ အဋ္ဌကထာမှာလဲ ဒီ-နေရာကလေးက အတော် ကောင်းတဲ့အကွက်တွေဘဲ၊ ပြောလို့ ၁၀—နာရီလဲထိုးတော့မယ်....(ကိစ္စမရှိ ပါဘုရား)။

(၁) ပေါက်ပင်ဆိုဒါ ဘယ်လိုနေသလဲ

ပေါက်ပင်ကိုမြင်ဘူးတဲ့ အမျိုးကောင်းသားက ပေါက်ပင်ကိုမြင်ဘူး တဲ့ အမျိုးကောင်းသားကို သွားမေးတယ်။

"ကီဒိသော ဘောပုရိသ ကိံသုကောတိ"။

ဘော ပုရိသ၊ အို ပေါက်ပင်မြင်ဘူးတဲ့ ယောကျ်ား။ ကိံသုကော၊ ပေါက်ပင်သည်။ ကီဒိသော၊ ဘယ်လိုနေသလဲလို့-မေးတော့– "သော ဇဝံဝဒေယျ"၊ ထိုပေါက်ပင်ကို မြင်ဘူးတဲ့ပုဂ္ဂိုလ်က "ဧဝံဝဒေယျ"၊ဒီလို–ပြောလိုက်တယ်။

ပေါက်ပင်ဆိုဒါ မီးလောင်သစ်ငုတ်လိုနေတယ်

"ကာဠကော ခေါ အမ္ဘောပုရိသ ကိံသုကော၊
သေယျထာပိ ဈာမခါဏူတိ"။

ဒါ–ဘာပြောဒါလဲလို့ဆိုတော့ မောင်ရေ့....ပေါက်ပင်ဆိုတာမီးလောင်ထားတဲ့ သစ်ငုတ်တိုကြီးလို မဲမဲကြီးလို့ ပြောလိုက်တယ်၊ ပေါက်ပင်ဆိုဒါ ဘယ်လိုနေသတဲ့လဲ....(မီးလောင်ထားတဲ့ သစ်ငုတ်တိုကြီးလို မဲမဲကြီးနေပါသတဲ့ဘုရား)။

"တေန ခေါ ပန ဘိက္ခု သမယေန် တာဒိသော
ဝဿ ကိံသုကော၊ ယထာပိ တဿ ပုရိသဿ ဒဿန်"။

အဲဒီ-အချိန်တုန်းက ပေါက်ပင်ဟာ သူမြင်ခဲ့တဲ့အတိုင်း အဟုတ်ကိုမဲမဲကြီးတဲ့ဗျာ့၊ ဘယ်အချိန်မြင်တာလဲ သူက၊ ပေါက်ပင်ကအရွက်တွေအကုန်ချွေပြီးတော့ အပွင့်တွေမပွင့်ဘဲနဲ့ အဖူးတွေဖူးနေတဲ့ အခါမှာ ကြည့်လိုက်ရင် အဟုတ်ကို မဲမဲကြီး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ဘုန်းကြီးတို့ကတော့ တကယ်ကိုမြင်လဲမြင်ဘူးတယ်၊ ဘာပြုလို့လဲဆိုတော့ ဘုန်းကြီးကတောသားကိုး မြင်ဘူးဒါပေါ့ ပေါက်ပင်ကို "အမ္ဘောပုရိသ၊ အိုပေါက်ပင်ကို မမြင်ဘူးတဲ့ယောကျ်ား၊ ကိံသုကောနာမ၊ ပေါက်ပင်မည်သည်ကား။ သေယျထာပိ ဈာမခါဏူ၊ မီးလောင်ထားတဲ့ သစ်ငုတ်တိုကြီးကဲ့သို့။ ကာဠကော ခေါ၊ မဲမဲကြီးသာလျှင်ဘည်း"။ ပေါက်ပင်ဆိုတာ မဲမဲကြီးမောင်ရေ့ မီးလောင်ထားတဲ့ သစ်ငုတ်တိုကြီးနဲ့တူတယ်လို့ ပဌမပေါက်ပင်မြင်ဘူးတဲ့ ပုဂ္ဂိုလ်က ပြောလိုက်တယ်၊ ဒီအခါမှာ မြတ်စွာဘုရားက ဒါအမှန်တဲ့။

"တေန ခေါပန ဘိက္ခု သမယေန တာဒိသော ဝဿ
ကိံသုကော၊ ယထာပိ တဿ ပုရိသဿ ဒဿန်"။

ဒီအတိုင်းဘဲ အဲဒီယောကျ်ားမြင်တဲ့အတိုင်း မှန်တယ်တဲ့။

## ပေါက်ပင်ဖြေပုံ မကျေနပ်

အဲဒီတုန်းက ပေါက်ပင်ဟာ မဲမဲကြီး၊ မဲမဲကြီးဆိုတော့ ဟိုလူကဘယ့်နှယ် ဟုတ်ကဲ့လား၊ ပေါက်ပင်မေးပါတယ် ဆိုတာဘယ့်နှယ်မဲမဲကြီးမီးလောင်ထား တဲ့ သစ်ငုတ်တိုကြီးလို ပြောတယ်ဆိုတော့—သူကျေနပ်ပါ့မလား.... (မကျေ နပ်ပါဘုရား)။

မကျေနပ်တော့အဲဒီ–ပေါက်ပင်ကိုမမြင်ဘူးတဲ့ပုဂ္ဂိုလ်က—

နေစမ်းပါအုံးမိတ်ဆွေ မိတ်ဆွေကို မေးစမ်းပါရစေ၊ ဒီပေါက်ပင်ကို မိတ်ဆွေတယောက်ထဲမြင်ဘူးသလား၊ ဒီ့ပြင်ပေါက်ပင်ကိုမြင်ဘူးတဲ့ပုဂ္ဂိုလ် တွေရှိပါသေးသလားလို့မေးတော့ အရှေ့အရပ်, အနောက်အရပ်, တောင် အရပ်, မြောက်အရပ်တွေမှာ ရှိပါတယ်လို့ပြောလိုက်တယ်။

အထ ခေါ သော ဘိက္ခု ပုရိသော အသန္တုဋ္ဌော တဿ ပုရိသဿ ပဥ္စဝေယျာကရဏေန ယေနညတရော ပုရိသော ကိံသုကဿ ဒဿာဝီ တေနုပသင်္ကမေယျ”။

အထခေါ၊ ဣ၌။ သောပုရိသော၊ ပေါက်ပင်ကိုမမြင်ဘူးသောထို ယောကျ်ားသည်။ တဿပုရိသဿပဥ္စဝေယျာ ကရဏေန၊ ပေါက်ပင် ကိုမဲမဲကြီးလိုပြောတဲ့သူရဲ့အဖြေစကားဖြင့်။ အသန္တုဋ္ဌော၊ မနှစ်သက် သည်ဖြစ်၍။ ယေန၊ အကြင်အရပ်၌။ ကိံသုကဿဒဿာဝီ၊ ပေါက်ပင် ကိုမြင်ဘူးသော။ အညတရော ပုရိသော၊ အခြားယောကျ်ား တ ယောက်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုပေါက်ပင်ကိုမြင်ဘူးတဲ့ ယောကျ်ားတယောက်ထံသို့။ ဥပသင်္ကမေယျ၊ ချဉ်းကပ်ပြန်တယ်။

### အဋ္ဌကထာဆရာ ဝတ္ထုကြောင်းပြ၍ ရှင်းပုံ

ဒီ–နေရာမှာတော့ဖြင့် အဋ္ဌကထာက ဝတ္ထုကြောင်းလေးလိုလုပ် ပြီးတော့ပြပါတယ်၊ ဆေးကုကတ်တဲ့ ဆရာကြီးတယောက်ရှိတယ်၊ အဲဒီ–ဆေးကုတတ်တဲ့ ဆရာကြီးတယောက်ကအရပ်လေးမျက်နှာမှာ (မြို့ရဲ့ တံခါးလေးမျက်နှာမှာ) ဖြူဒတဲ့သော ရောဂါ စွဲနေတဲ့ ပုဂ္ဂိုလ်လေးယောက်ရှိတယ်၊ အဲဒီ–ဖြူဒတဲ့သော ရောဂါစွဲနေတဲ့ ပုဂ္ဂိုလ်လေးယောက်အနက် အရှေ့အရပ်က နေတဲ့လူကသဲ ဒီ–ဆရာ ကြီးထံသွားပြီး ဆေးတောင်းတယ်၊ ကျုပ်ဒီရောဂါစွဲနေလို့ဘာဆေး

သောက်ရမလဲလို့ဆိုတော့-(ဟော- ပေါက်ပင်ကိုမီးရှို့တာ အဋ္ဌက
ထာမှာပါတယ်နော်)၊ ပေါက်ပင်ကိုမီးရှို့ပြီးတော့ သင်အဲဒီ-ပေါက်
ပင်က ပြာကို ယူပြီးတော့ အဲဒီ ပြာရေနဲ့ "ဍူးတာစိတော စ
ဘေသဇ္ဇံ ယောဇေတွာ အရိဋ္ဌံ ကတွာ" လို့ဆိုတော့ ထိုထိုဤဤ
အလီလီသော မဆေးမြစ်တွေနှင့် စပ်ပြီးတော့, စိမ်ရေလုပ်ပြီးတော့
သောက်ပါ-ပေါက်ပြာရေနဲ့၊ အဲဒီလိုဆိုရင် သင့်ရောဂါ ပျောက်
လိမ့်မယ်ဆိုတော့ အဲဒီ-လူတယောက်တော့ ပျောက်တယ်၊ အရှေ့
အရပ်ကလူက သောက်တော့ ပျောက်သလို တောင်အရပ်ကလူက
သောက်တော့လဲ ရောဂါ ပျောက်တယ်၊ မြောက်အရပ်က လူက
သောက်တော့လဲ ပျောက်တယ်၊ အဲ-အနောက်အရပ်ကလူကသောက်
တော့လဲပျောက်တယ်၊ ဒါ-ပေါက်ပြာရေနဲ့ချည်းဘဲ။

အဲဒီလို-ရောဂါပျောက်မှန်းသိတော့ကို ပစ္စန္တရစ်အရပ်က (ဒါ-
အဋ္ဌကထာမှာပြောတဲ့စကားဘဲ)၊ ဟာခါမှ ပေါက်ပင်ကိုမမြင်ဘူး
တဲ့ ပုဂ္ဂိုလ်တယောက်မှာလဲ ဒီလိုရောဂါစွဲနေတော့ မြို့မှာနေကြတဲ့
ပုဂ္ဂိုလ်တွေဟာ ဒီ-ရောဂါစွဲတာကြောင့် ဆရာကြီးထံဆေးသွားယူ
ပြီး ဆေးသောက်ရင် ပျောက်တယ်လို့ပြောတယ်၊ ငါလဲသွားအုံး
မယ်ဆိုပြီး အရှေ့အရပ်ကလူကို လာမေးတယ်၊ ခင်ဗျားဒီရောဂါမျိုး
စွဲတယ်ဆိုဒါမှန်သလား၊ ဟုတ်တယ် ဒီရောဂါမျိုးကျုပ်မှာစွဲခဲ့တယ်၊
နို့-ဘယ်ဆေးနဲ့ ပျောက်သလဲ၊ ဟာ မြို့လယ်ခေါင်ရှိတဲ့ ဆရာကြီး
ထံ သွားပြီးမေးတော့ သူဆေးပေးလိုက်တယ်၊ သူ့ဆေးနဲ့ပျောက်
တယ်ဆိုတော့ မြို့လယ်ခေါင်ရှိတဲ့ဆရာကြီးဆီ သွားပြီး-ဆရာကြီး....
ကျွန်တော့်မှာ ဒီရောဂါစွဲနေလို့ ဆေးပေးပါဆိုတော့ ဟာ-မင်း
ပေါက်ပြာနဲ့ ကျိုပြီးတော့ ခုနပြောသလိုပေါ့စိမ်ရေလုပ်ပြီးတော့
သောက်ဆိုတော့ ဆရာကြီး....ကျွန်တော်ပေါက်ပင်ကိုမသိဘူး၊ ဟာ-
ပေါက်ပင် သိတဲ့လူဟာ အရပ် လေးမျက်နှာမှာ ရှိလေရဲ့ အရှေ့,
အနောက်, တောင်, မြောက်အရပ်မှာ ရှိလေရဲ့၊ လိုက်မေးဆိုတော့
လိုက်မေးတယ်၊ ခင်ဗျားပေါက်ပင်သိသလား၊ သိတယ်၊ ဘယ်လိုနေ
သလဲ၊ မဲမဲကြီးလို့ပြောလိုက်တယ်၊ အော်-ခင်ဗျားဥစ္စာ မဲမဲကြီး

ဆိုတော့ ဒီ-ဆေး ကျုပ်မသောက်ချင်ဘူး၊ နောက်တခါ တယောက် သွားမေးပြန်ပြီ။

## (၂) ပေါက်ပင်ဆိုတာ ဘယ်လိုနေသလဲ

ခု ပေါက်ပင်ရှာတဲ့ ပုဂ္ဂိုလ်ဟာလဲ တယောက်သွားမေးတယ်၊ မဟုတ်ပါဘူး ဒီပေါက်ပင်ကို ခင်ဗျားတယောက်ထဲသိသလား၊ ဒီ့ပြင် ပေါက်ပင်သိတဲ့လူ မရှိဘူးသား၊ ဟာ-ရှိဘယ်မောင်ရေ့၊ အဲဒီသွားချေဆိုတော့ သွားမေးတယ်၊ ဘယ်လိုသွားမေးပြန်သလဲ—

"ဒိုကီသော ဘောပုရိသ ကိံသုကော"။

ဘောပုရိသ၊ အိုပေါက်ပင်ကို မြင်ဘူးတဲ့ယောကျ်ား။ ကိံသု-ကော၊ ပေါက်ပင်သည်။ ကီဒိသော၊ ဘယ်လိုနေသလဲ။

ပေါက်ပင် ခင်ဗျားသိသလား၊ အေး-သိတယ်၊ ဘယ်လိုနေသလဲ၊ အဲဒီလူက ပြောလိုက်တယ်။

### ပေါက်ပင်ဆိုဒါ သားတစ်နီကြီးလို နေတယ်

"လောဟိတကော ခေါ အမ္ဘော ပုရိသ ကိံသု-ကော၊ သေယျထာပိ မံသပေသီတိ"။

ပေါက်ပင်ဆိုဒါ သွေးသံရဲရဲနဲ့ သားတစ်ကြီးနဲ့တူဘယ်၊ နီနီရဲရဲကြီး မောင်ရေ့-လို့ ပြောလိုက်တယ်။

ပဌမလူပြောဒါက ဘာတုံး....(မဲမဲကြီးပါဘုရား)။

အခုလူပြောဒါက ဘာတုံး....(နီနီကြီးပါဘုရား)။

တေန ခေါ ပန ဘိက္ခု သမယေန တာဒိသော ဝသံ ကိံသုကော၊ ယထာပိ တဿ ပုရိသဿ ဒဿနံ"။

ဟုတ်တယ်ချစ်သား.... အဲဒီတုန်းကပေါက်ပင်ဟာ နီနီနေတယ်-ရဲရဲကြီး အဲဒီ-ပေါက်ပင်ကြီးပွင့်နေတဲ့အခါ သွားကြည့်လိုက်ရင်ဘော့ ရဲလို့-ပင်လုံးကျွတ်ပွင့်နေတယ်၊ အရွက်မရှိဘူး၊ ဒီတော့ ပေါက်ပင်ဘဲ မဟုတ်လား.... (တင်ပါ့ဘုရား)။

ဟိုလူပေါက်ပင်တွေ့ပလား....(တွေ့ပါပြီဘုရား)၊ခုနကပေါက်ပင်မသိလို့ လိုက်မေးတဲ့လူ ပေါက်ပင်တွေ့သလား....(တင်ပါ့ဘုရား)၊တွေ့ပြီ။

## ပေါက်ပင်ဖြေပုံ မကျေနပ်

ဒါပေမဲ့ ကျေနပ်လောက်အောင် မတွေ့သေးဘူး–သူ့မှာ၊ မဲမဲကြီးတုန်း ကလဲ ပေါက်ပင်ဘဲ မဟုတ်လား.... (တင်ပါ့ဘုရား)၊ အဲဒါ သူကျေနပ် လောက်အောင်တွေ့ရဲ့လား· ဒီပေါက်ပင်ကို.... (မတွေ့ပါဘုရား)၊ အဲဒီလို ပေါက်ပင်ကို ကျေနပ်လောက်အောင် မတွေ့သည် ဖြစ်ပါသောကြောင့် နောက်တခါ ပေါက်ပင်သိတဲ့ လူတယောက်ကို မေးပြန်တော့ အဲဒီပေါက်ပင် သိတဲ့ပုဂ္ဂိုလ်က ဘာပြောလိုက်သလဲ....(နီနီရဲရဲကြီးလို့ ပြောလိုက်ပါတယ် ဘုရား)၊ နီနီရဲရဲကြီးလို့ ပြောလိုက်တော့ သူပေါက်ပင်တွေ့ပလား....(မတွေ့ သေးပါဘုရား)။

"အထ ခေါ သော ဘိက္ခု ပုရိသော အသန္တုဋ္ဌော တဿ ပုရိသဿ ပဉ္စဝေယျာကရဏေန ယေနညတရော ပုရိသော ကိံသုကဒဿာဝီ တေနုပသင်္ကမေယျ"။

(ပါဠိတော်မှာ)။

## (၃) ပေါက်ပင်ဆိုဒါ ဘယ်လိုနေသလဲ

အဲဒီလို မကျေနပ်သည်ဖြစ်ပါသောကြောင့် နောက်တခါ ပေါက်ပင်ကို မြင်ဘူးတဲ့ အခြား အမျိုးကောင်းသားတယောက်ထံ ချဉ်းကပ်ပြီးတော့ မေးပြန်ပြီ။

"ကီဒိသော ဘောပုရိသ ကိံသုကောတိ"။

ခင်ဗျားပေါက်ပင်မြင်ဘူးသလား၊ အေး-မြင်ဘူးတယ်၊အဲဒီ-ပေါက်ပြာ နဲ့ဘောင်မှ အေးဖျော်သောက်လို့ ငါ့ရောဂါ ပျောက်တာဘဲ' ကျွန်တော် လဲ ဒီရောဂါစွဲနေလို့ဗျာ အဲဒါဆေးသောက်ချင်လို့ ပေါက်ပင်ဆိုဒါ ဘယ် လိုနေပါသလဲ"ကီဒိသော ဘောပုရိသ ကိံသုကောတိ"။ ဘောပုရိသ၊ အို- ပေါက်ပင်ကိုမြင်ဘူးတဲ့ယောကျ်ား။ ကိံသုကော၊ ပေါက်ပင်သည်။ ကီဒိ- သော၊ ဘယ်လိုနေပါသလဲဗျာ–လို့ မေးတယ်။

## ပေါက်ပင်ဆိုဒါ ကုက္ကိုလ်ပင်လိုနေတယ်

အဲဒီလိုမေးတော့–ဟိုက ဘာပြောလိုက်သလဲ။

"ဩစိရကဇာတော ခေါ အမ္ဘော ပုရိသ ကိံသု-
ကော အာဒိန္နသိပါဠိကော၊ သေယျထာပိ သိရီသောတိ"။

မောင်ရင်....ပေါက်ပင်ဆိုဒါမင်းတို့ တောအရပ်မှာရှိတဲ့ သိရီသဆိုတဲ့ ကုက္ကိုပင်လို သန်လျက်အိမ်ဖွဲ့ထားသကဲ့သို့ အသီးတွေ တိုးလို့ တွဲလောင်း ကျနေတဲ့"ဩစိရကဇာတော"=အသီးတွေတိုးလို့တွဲလောင်းဆွဲတဲ့ အပင်ကို ကုက္ကိုပင်ခေါ်တယ်မှတ်လား၊ အဲဒီ-ကုက္ကိုပင်နဲ့ တူတယ်လို့ ပြောလိုက် တယ်၊ ကိုင်း-ကျေနပ်လောက်အောင် တွေ့ပလား-အဲဒီလူ ပေါက်ပင်ကို.... (မတွေ့ရသေးပါဘုရား)။

အခုလဲဘဲ မတွေ့သေးဘူးနော်-ပေါက်ပင်ကို....(မတွေ့သေးပါဘုရား)။

နို့-ပဌမပြောလိုက်တဲ့ မဲမဲကြီးပါဆိုဒါက ပေါက်ပင်မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

## ပေါက်ပင်ဖြေပုံ မကြေနပ်

ကျေနပ်လောက်အောင်တွေ့ပလား....(မတွေ့ပါဘုရား)။

ဒုတိယတယောက်ပြောလိုက်တဲ့ နီနီရဲရဲကြီးဆိုဒါကကော ပေါက်ပင် မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

နီနီရဲရဲကြီးကျေနပ်လောက်အောင်တွေ့ပလား....(မတွေ့သေးပါဘုရား)

အခု တတိယလူပြောတာကအပွင့်တွေ, အရွက်တွေ, အဖူးတွေကြွေပြီး တော့အသီးတွေချည်းရှိနေတဲ့ အချိန်မှာဖြစ်ပါသောကြောင့် ကုက္ကိုပင်ကြီး နဲ့ တူတဲ့ သန်လျက်တွေ ဆွဲထားဘိသကဲ့သို့အသီးတွေ တိုးလို့ တွဲလောင်း နေတဲ့အပင်ကို ပေါက်ပင်ခေါ်တယ်-လို့ဆိုတော့ မတွေ့ပြန်ဘူးသူ့မှာ၊ "အသန္တုဋ္ဌော" အဲဒါကို မကျေနပ်လို့ နောက်ဘခါ-ပေါက်ပင် ခင်ဗျား ချည်းမြင်ဘူးသလားလို့မေးပြန်တယ်၊ မဟုတ်ပါဘူး၊ ငါလိုပေါက်ပင်မြင် ဘူးတဲ့ လူတယောက်ရှိပါသေးတယ်လို့ ဆိုတော့ အဲဒီပေါက်ပင်မြင်ဘူးတဲ့ လူဆီသွားပြန်တယ်။

## (၄) ပေါက်ပင်ဆိုဒါဘယ်လိုနေသလဲ

ဟိုရောက်တော့မေးတယ်၊ "ကီဒိသော ဘောပုရိသ ကိံသုကောတိ"= ခင်ဗျားပေါက်ပင်မြင်ဘူးသလား၊ အေး-မြင်ဘူးတယ်၊ ဒါဖြင့် ပေါက်ပင်

ဆိုဒါ ဘယ်လိုနေသလဲလို့ ပေါက်ပင်ကို မမြင်ဘူးတဲ့ပုဂ္ဂိုလ်က မေးတော့-ဟို-ပေါက်ပင်မြင်ဘူးတဲ့ နောက်ဆုံးလူက ဘယ်လိုပြောလိုက်သလဲ–

ပေါက်ပင်ဆိုဒါ ပဉ္စောင်ပင်ကြီးလိုနေတယ်

"မဟာလပတ္တပလာသော သန္ဓိစ္ဆာယော ခေါ အမ္ဘော
ပုရိသ ကိံသုကော၊ သေယျထာပိ နိဂြောဓောတိ"။

မောင်ရေ...ပေါက်ပင်ဆိုဒါ ပဉ္စောင်ပင်ကြီးကဲ့သို့ အရွက်ချင်းထွေးစပ်ပြီး ထူထဲသောအရိပ်ရှိတဲ့ လန်းလန်းစိုစို မြစိမ်းညိုကြီးကဲ့သို့သော အပင်ကို ပေါက်ပင်လို့ခေါ်တယ်မှတ်ထားလို့ ပြောလိုက်တယ်။

ဒီ-ပုဂ္ဂိုလ်လေးယောက်ပေါက်ပင်ကိုပြောဒါ တူသလား၊ မတူဘူးလား.... (မတူပါဘုရား)။

ဒါဖြင့်-သူတို့ပြောဒါတွေအားလုံးပေါက်ပင်ချည်းကော ဟုတ်သလား၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ကျေနပ်လောက်အောင် တွေ့ပြီလား....(မတွေ့ပါဘုရား)၊ ပေါက်ပင်ဘော့ ပေါက်ပင်ပါဘဲ သူမတွေ့ဘာ။

ဓမ္မကထိက ဆရာတော်အရှင်ကောင်း အရှင်မြတ်တွေဟာ ဝိပဿနာဉာဏ်တွေကို အသီးသီး မိမိတို့ဉာဏ်စွမ်းရှိသမျှ ရွှေဘုန်းပွင့်ဓမ္မာရုံကြီးမှာ ဟောကြားတော်မူခဲ့တယ်၊ ဝိပဿနာတရားဒေသနာတော်တွေဟာ ဘယ်သူကမှန်တယ်, ဘယ်သူကမှားတယ်, ဘယ်သူကမဟုတ်ဘူး, ဘယ်သူကဟုတ်တယ်-မပြောကြနဲ့တော့၊ ပေါက်ပင်ချည်းလို့မှတ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ ရှင်းသွားပလား....(ရှင်းသွားပါပြီဘုရား)။

သဘောကျသွားပလား....(ကျသွားပါပြီဘုရား)။

ပေါက်ပင်လေးမျိုးဟာ အမှန်ချည်းသာ

အစိန္တေယျလောကထွတ်တင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က "ဧဝံ ခေါ ဘိက္ခု"=ဟိုရဟန်းတော်လေးပါးက ခြောက်ပါးရယ်, ငါးပါးရယ်,လေးပါးရယ်,တပါးရယ်, ဖြစ်ခြင်း,ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာမြင်ရရင်ဖြင့် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ပုံဟာ စင်ကြယ်တယ်လို့

ဟောတော်မူပေမဲ့ မကျေနပ်မနှစ်သက်သည် ဖြစ်ပါသောကြောင့် ငါ့ထံသို့ ရောက်အောင်လာပြီးမေးတယ်။

ဘိက္ခု၊ အိုချစ်သားရဟန်း။ ဧဝမေဝ၊ အဲဒီပေါက်ပင်ကို နှိုင်းယှဉ်ပမာအတူသာလျှင်။ ယထာယထာ ဇာမိမုတ္တာနံ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် ကိလေသာမှ လွတ်တော်မူကြကုန်သော။ တေသံ သပ္ပုရိသာနံ၊ ထိုသူတော်ကောင်းဖြစ်ကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့၏။ ဒဿနံ၊ သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ် အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကိုမြင်ခြင်းသည်။ သုဝိသုဒ္ဓံ၊ ကောင်းစွာစင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ ကထာတထာ၊ ထိုသို့သောအခြင်းအရာအားဖြင့် ကိလေသာမှ လွတ်တော်မူကြကုန်သော။ တေဟိသပ္ပုရိသေဟိ၊ ရဟန္တာဖြစ်တဲ့ ထိုသူတော်ကောင်းတို့သည်။ ဗျာကတံ၊ သင့်ကို ဖြေကြားလိုက်တာ အမှန်ဘဲ။

ဖဿာယတန ၆-ခုအဖြစ်အပျက်ကိုမြင်လို့ နိဗ္ဗာန်ကိုမြင်တယ်ဆိုတာလဲ အမှန်ဘဲ၊ ငါးပါးသော ဉပါဒါနက္ခန္ဓာ, လေးပါးသော မဟာဘုတ်တို့ရဲ့ အဖြစ်အပျက်အလုံးစုံကို ဖြစ်သမျှသဘောတရားတွေ ကုန်ပျောက်တာမြင်လို့ နိဗ္ဗာန်ကို မြင်တယ်ဆိုဒါလဲ အမှန်ဘဲလို့ ဘုရားက ဟောလိုက်တယ် နော်....(မှန်ပါ့ဘုရား)။

အမှန်ကတော့ ဖဿာယတနဘဲဖြစ်ဖြစ်, ခန္ဓာငါးပါးဘဲဖြစ်ဖြစ်, ဓာတ်လေးပါးဘဲဖြစ်ဖြစ်, အလုံးစုံသင်္ခါရတရားဘဲဖြစ်ဖြစ် ဖြစ်ပျက်ချည်းဘဲ၊ ရှုလိုက်ရင် အတူတူဘဲမဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

## ဖြစ်ပျက်ရှုလျှင် အမှန်ချည်းဖြစ်တယ်

ဖြစ်တဲ့သဘော ပျက်တဲ့သဘော, ဖြစ်ပျက်တဲ့သဘော- ရှုကွက်တော့မှန်ပါစေ၊ ဒါကို မဟာသတိပဋ္ဌာနသုတ်ပါဠိတော်ကြီးမှာ-

"သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ"။

(၁) သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်တဲ့သဘောကိုရှု။
(၂) ဝယဓမ္မာနုပဿီဝါ၊ ပျက်တဲ့သဘောကိုရှု။
(၃) သမုဒယ ဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်း,ပျက်ခြင်းကိုရှု။

ဒီ-သုံးလုံးကိုချည်း ရှုရတယ်၊ အဲဒါ-ဟိုရဟန်းတော်လေးပါးဖြေလိုက်တဲ့အဖြေဟာ အကုန်မှန်တယ်။

ကိုင်း-ပြဿနာတော့ ပြီးသွားပြီ၊ ပြီးသွားတော့ ဒီရဟန်းက သူဟာဘာမှ အကျွတ်တရား မရသေးတော့ ကျန်မနေဘူးလား.... (ကျန်နေပါတယ်ဘုရား)။

ကိုသုဓမ္မ-ပေါက်ပင် ဥပမာပေး ဒဟာခဲ့ဒါ ရှင်းသွားပြီနော်....(တင်ပါ့ဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများလဲဘဲ ရွှေဘုန်းပွင့်စေတီတော်ဝင်းကြီးရဲ့အတွင်းမှာလာပြီးတော့ တရားဓမ္မဒေသနာတော်တွေကို ကရုဏာ,မေတ္တာတွေ ပေပြီးတော့ ဆရာတော်,သံဃာတော်များ ဝိပဿနာ ကမ္မဋ္ဌာန်း နည်းလမ်းတွေကို တော်တော်ကလေးစုံအောင် ပြသွားကြတာဖြင့် ဒီ-ပေါက်ပင် ဥပမာလိုဘဲ သဘောထားပြီးတော့ မှတ်ကြပါတော့ ဒီလိုဘဲရှင်းပြခဲ့ပါရစေနော်၊ ဒါနောက်ဆုံးနိဂုံးချုပ်တဲ့ တရားပေါ့ဟုတ်ကဲ့လား....(မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့် အဲဒီနိဗ္ဗာန်မြင်ပုံကို လိုက်ပြီးတော့ မေးနေတဲ့ ခုနကရဟန်း အကျွတ်တရားရဘို့မလိုဘူးလား.... (လိုပါတယ်ဘုရား)။

## ဥပမာ ၈-ချက်ပြ တရားတော်

အဲ့ဒီလို-အကျွတ်တရားရဘို့ လိုသည်ဖြစ်ပါသောကြောင့် အစိန္တေယျလောကထွတ်တင် သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီ-ရဟန်းတော်အတွက် ဥပမာ-စွက်ဖက်ပြီးတော့ ဒီလို ဟောကြားတော်မူပြန်တယ်။

> "သေယျထာပိ ဘိက္ခု ရညော ပစ္စန္တိမံ နဂရံ ဒဠှုဒ္ဒါပံ ဒဠှ ပါကာရတောရဏံ ဆဒွါရံ၊ တတြဿ ဒေါဝါရိကော ပဏ္ဍိတော ဗျတ္တော မေဓာဝီ အညာတာနံ နိဝါရေတာ၊ ဉာတာနံ ပဝေသေတာ"။

စသည်ဖြင့် ဥပမာတခုပြပြန်တယ်၊ ချစ်သားရဟန်း....တခါးခုံတို့ဖြင့်၊ တံတိုင်းတို့ဖြင့် ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ထားတဲ့ ပစ္စန္တရစ်မြို့ဘမြို့ ရှိတယ် ဘာတခု ရှိသတဲ့လဲ....(ပစ္စန္တရစ်မြို့တခု ရှိပါတယ်ဘုရား)။

မြို့တခု တံခါးတိုင်တွေ, တံခါးခုံတွေ, တုရိုဏ်တိုင်တွေ, သံတိုင်တွေနဲ့ကာ ရံပြီးသကာလ ထားတဲ့မြို့၊အဲဒီ-မြို့မှာ ဆဒ္ဒါရံ-တံခါးခြောက်ပေါက်ရှိတယ်၊ ဘယ်နှစ်ပေါက် ရှိသလဲ... (ခြောက်ပေါက်ရှိပါတယ်ဘုရား)၊ မှတ်ထား နော်၊ မြို့ကတခု, တံခါးခြောက်ပေါက်က တခု။

အဲဒီ-မြို့မှာ ပဏ္ဍိတော လိမ္မာတဲ့၊ ဗျတ္တော-ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့၊ မေဓာဝီ-ပညာရှိတဲ့၊ အညာတာနံ နိဝါရေတာ-မသိတဲ့လူကို တားမြစ်ပြီး တော့၊ ဉာတာနံ ပဝေသေတာ-သိတဲ့လူသာလျှင် မြို့တွင်းကို သွားခွင့်ပေးတဲ့၊ ဒေါဝါရိကော-တံခါးစောင့်ဆိုတာ တယောက်ရှိတယ်တဲ့၊ ဘယ်နှစ်ချက် လဲ.... (သုံးချက်ပါဘုရား)။

အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား.... (မှတ်မိအောင်ပါဘုရား)။

မြို့ကြီးတမြို့ရှိတယ်၊ တံခါးခြောက်ပေါက်ရှိတယ်၊ အဲဒီမြို့မှာ တံခါး စောင့်တယောက်ရှိတယ်၊ ဘယ်နှစ်ချက်ရှိပလဲ....(သုံးချက်ပါဘုရား)။

"ပုရတ္ထိမာယ ဒိသာယ အာဂန္တွာ သီဃံ ဒူတယုဂံ
တံ ဒေါဝါရိကံ ဧဝံ ဝဒေယျ"။

အရှေ့အရပ်က တမန်နှစ်ယောက်လာတယ်၊ တမန်တော်နှစ်ယောက်လေး ခုခုသွားပြီနော်....(တင်ပါဘုရား)။

တံခါးစောင့်ကိုမေးတယ်၊ "အို-တံခါးစောင့်....ဒီမြို့ရဲ့ အရှင်သခင်ဟာ ဒီမြို့ကို အုပ်ချုပ်တဲ့ရှင်ဘုရင်ဟာ ဘယ်နေရာမှာနေသလဲ၊ အဲဒီလိုမေးလိုက် တယ်၊ အဲဒီလိုမေးတော့ တံခါးစောင့်က ဘာပြောသလဲလို့ဆိုတော့-

"ဧသော ဘန္တေ မဇ္ဈေ သိင်္ဃာဋကေ နိသိန္နောတိ"။

အို-အရှင်တမန်တို့...ဒီမြို့ရဲ့ အရှင်သခင်ဖြစ်တဲ့ ရှင်ဘုရင်ဟာ အရှေ့ နောက်,တောင်, မြောက် အရပ်လေးမျက်နှာဆုံတဲ့ ခရီးဆုံအရပ်မှာနေတယ် လို့ ဒီလိုပြောတယ်၊ အဲဒီလို ပြောလိုက်တယ် ဆိုရင်ဘဲ-အထခေါ် တံ

ဒူဘယုဂံ၊ ဒီတမန်အစုံဟာ။ နဂရသာမိကဿ၊ မြို့ရဲ့အရှင်သခင်ဖြစ်တဲ့ ရှင်ဘုရင်အား။ ယထာဘူတံ ဝစနံ၊ ဟုတ်မှန်တဲ့စကားကို။ နိယျာတေတွာ၊ ပြောကြားပြီးတော့။ ယထာဂတမဂ္ဂံ လာမြဲတိုင်းသောခရီးသို့။ ပဋိပဇ္ဇေယျ၊ ပြန်သွားရာ၏။

ဟောဒီ–ခုနရ ဒီ-ဥပမာမှာ မြို့ရယ်, တံခါးခြောက်ပေါက်ရယ်,တံခါးစောင့်ရယ်,တမန်နှစ်ယောက်ရယ်လာခဲ့နေဘူးလား (နေပါတယ်ဘုရား)။

မြို့ရဲ့ အရှင်သခင်ရယ်ဆိုတော့ ဘယ်နှစ်ခုလဲ....(ငါးခုပါဘုရား)။

ပြီးတော့ကော မြို့အရှင်သခင်နေတဲ့ ခရီးလမ်းဆုံ လေးခုံရယ် ဆိုတော့ ခြောက်ခုမနေဘူးလား ...(နေပါတယ်ဘုရား)၊ ခြောက်ခုနေနှ်။

ပြီးတော့ ယထာဘူတံ ဝစနံ–ဆိုတဲ့ ဟုတ်မှန်သောစကားရယ် ဆိုတော့ ဘယ်နှစ်ခုလဲ....(ခုနစ်ခုပါဘုရား)။

ယထာဂတမဂ္ဂံ–လာမြဲတိုင်း လမ်းအတိုင်း ပြန်တာရယ် ဆိုတော့ ဘယ်နှစ်ခုလဲ....(ရှစ်ခုပါဘုရား)။

အဲဒီ-ဥပမာရှစ်ခုကိုသေသေချာချာမှတ်ထားပြီးတော့ ပုရတ္ထိမာယဒိသာယ ဒက္ခိဏာယ ဒိသာယ–စသည်ဖြင့် အရပ်လေးမျက်နှာက တမန်တွေလာတယ်ဆိုတော့ ဒီအတိုင်းဘဲ၊ ကဲဆက်ကြပါစို့ရဲ့၊ အဲဒီလို=အရပ်လေးမျက်နှာက တမန်တွေလာတော့ ဒီ–ဥပမာရှစ်ခုရရော့နော်။

## ဥပမာ–ဥပမေယျစပ်ဟပ်ပြ

ဥပမေယျက ဘာပြောသလဲလို့ဆိုတော့ မြတ်စွာဘုရားက–

> "ဥပမာ ခေါ မျာယံ ဘိက္ခု ကတာ အတ္ထဿ ဝိညာပနာယ အယမေ့ဝေတ္ထ အတ္ထော"။

ဘိက္ခု၊ ချစ်သားရဟန်း။ (မျာယံ–မေအယံ) မေ–မယာ၊ ငါသည်။အယံ ဥပမာ၊ ဤဥပမာကို။ အတ္ထဿ၊ ငါဘုရား ဟောတော်မူတဲ့ တရားတော်၏ အနက်အဓိပ္ပါယ်ကို။ ဝိညာပနာယ၊ ကောင်းစွာသိပါစေခြင်းအကျိုးငှါ။ ကတာ၊ ပြုလုပ်၍ပြီးပြီ။အယံ၊ ဤဆက်ပြီးတော့ ဟောလတံ့ဖြစ်တဲ့ တရားဒေသနာတော်သည်။

တ္ထေ၊ ဤဥပမာ၌။ အတ္ထော၊ ပရမတ္ထသဘာဝကို သိကြောင်းဖြစ်တဲ့အနက်အဓိပ္ပါယ်တည်း။

မြို့ဆိုဒါ မဟာဘုတ် ၄-ပါးရှိတဲ့ ခန္ဓာကိုယ်

ဒီ-ဥပမာ ရှင်းချက်ရဲ့ အဓိပ္ပါယ်က ဘာလဲလို့ဆိုရင်—

"နဂရန္တိ ခေါ ဘိက္ခု ဣမဿေတံ စာတုမဟာဘူတိကဿ ကာယဿ အဓိဝစနံ မာတာပေတ္တိကသမ္ဘဝဿ ဩဒနကုမ္မာ သူပစယဿ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသနဓမ္မဿ"။

မာတာပေတ္တိကသမ္ဘဝဿ ဩဒနကုမ္မာသူပစယဿ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒနဝိဒ္ဓံသန ဓမ္မဿ"=အမိအဘတို့ရဲ့ ဥတုဘည်းဟူသော သုက်သွေးကြောင့်ဖြစ်သောထမင်းဟင်းလျာ မုန့်ပဲသွားရေစာတို့ဖြင့်ကြီးပွား၍နေသော, ကုန်ခြင်းပျောက်ခြင်းသဘော လိမ်းကျံရခြင်းသဘော နှိပ်နယ်ပြီးပေးရခြင်းသဘော, ပျက်စီးခြင်းသဘော, ဖရိုဖရဲပြန့်ကျဲခြင်း သဘောရှိသော။ ဣမဿ စာတုမဟာဘူတိကဿ၊ ဤဓာတ်ကြီးလေးပါးရှိသော ခန္ဓာကိုယ်ကြီးရဲ့။ အဓိဝစနံ၊ အမည်တည်း။

ဒီခန္ဓာကိုယ်ကြီးကို ကြည့်စမ်း၊ ဒီ-ခန္ဓာကိုယ်ကြီးကို ပြန်ကြည့်စမ်း ချစ်သားရဟန်း....ဒီခန္ဓာကိုယ်ကြီးဟာ အမိ, အဘနှစ်ပါးတို့ရဲ့ ဥတုဘည်းဟူသော သုက်သွေးကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်တဲ့၊ ဘယ်လောက်များ နှစ်သက်စရာရှိလို့လဲ၊ ဘာများ မာနကြီးစရာရှိလို့လဲ၊ ဝိဇယသုတ်တို့ ဘာတို့မှာ ဟော့-မင်းငါ့ကို ဘယ်လိုကောင်မှတ်လို့လဲ၊ ဒီလို-ကြိမ်းဝါးတယ်၊ ဟော့-မင်းငါ့ကိုဘယ်လိုကောင်မှတ်လို့လဲ၊ ငါဟာ မစင်ဘင်ပုပ် အညစ်အကြေးတွေထဲက လာပြီး မစင်ဘင်ပုပ် အညစ်အကြေးထဲ ပြန်သွားမဲ့လူပါလို့ ကြိမ်းချင်ရင် ကြိမ်းပါတဲ့၊ ဒါသုတ္တန်နိပါတ်ပါဠိတော်၊ ခုဒ္ဒကနိကာယ်၊ ဝိဇယသုတ်ဆိုဒါမှာ ဒီ—စကားဟာ ဂါထာလေးတပုဒ်စီလို့ ပါပါတယ်။

မာတာပေတ္တိက သမ္ဘဝဿ-အမိအဘတို့ရဲ့ သုက်သွေးကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်,ထမင်းဟင်းလျာ မုန့်ပဲသွားရေစာတို့ဖြင့် စည်ကားကြီးပွားနေတဲ့၊ ခန္ဓာကိုယ်ကြီးပါတဲ့။ ဒါတွင်မကသေးဘူး၊ မတင့်တယ်လိုက်တဲ့ ဖြစ်ခြင်း

မှာလဲ ဥစ္စာဒန-မတင့်တယ်တဲ့ သဘောတရားတွေကို ပန်းတွေ မာလ်တွေ သနပ်ခါးတွေ အဝတ်တွေနဲ့ တန်ဆာအမျိုးမျိုး ဖုံးလွှမ်းပေးရတဲ့သဘော ရှိတဲ့ ခန္ဓာကိုယ်ကြီး၊ ဘယ့်လောက်ကြီးတဲ့ တာဝန်လဲ ခန္ဓာဝန်ထုပ် ဝန်ပိုကြီး၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ....ဘာရသုတ်ဆိုဒါ ရှိပါတယ်။

ဒီ-ခန္ဓာဂုသံယုတ် ပါဠိတော်မှာ နောင်အကြောင်းသင့်ရင် ဘုန်းကြီး ဟောပါအုံးမယ်၊ ဒီ-ဘာရသုတ္တန်ဆိုဒါလဲ ဒီ-ခန္ဓာကိုယ်ကြီးရဲ့ ဝန်လေးပုံတွေကို ဟောထားတာ၊ အင်မတန်မှကြည်ညိုဘွယ်ရာ ကောင်းလှပါတယ်၊ ထမင်းဟင်းလျာ မုန့်ပဲသွားရေစာတို့ဖြင့် စည်ကားကြီးပွားပြီးသကာလ နေတဲ့ ခေတ်ကြီးလေးပါး အမာခံအထည်ရှိတဲ့ ထိုပ္ပိုကွဲခြင်း, ပျက်စီးခြင်းရှိတဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘော ရှိတဲ့ ဒီ-ခန္ဓာကိုယ်ကြီးကို မြို့နဲ့တူတယ်လို့မှတ်၊ ဒါမြို့ကြီးနော်....(တင်ပါ့ဘုရား)။

တံခါးခြောက်ပေါက်ဆိုဒါ အဇ္ဈတ္တိကာယတန ၆-ပါး

"ဆဒွါရာတိ ခေါ ဘိက္ခု ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ"။

ဒီ-မြို့ကြီးမှာ တံခါးခြောက်ပေါက်ဆိုဒါက ဘာလဲ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန-ဆိုတဲ့ ဖဿတည်ရာဖြစ်တဲ့ အဇ္ဈတ္တိကာယတန ခြောက်ပါးက တံခါးခြောက်ပေါက်နဲ့ တူတယ်လို့-မှတ်တဲ့ ဘုရားက.... (မှန်ပါ့ဘုရား)၊ တံခါးခြောက်ပေါက်နော်....(မှန်ပါ့ဘုရား)။

တံခါးစောင့်ဆိုဒါ သတိတရား

"ဒေါဝါရိကောတိ ခေါ ဘိက္ခု သတိယာ ဧတံ အဓိဝစနံ"။

တိုးတဲ့သဘော, တန်းတဲ့သဘောကလေးကို သတိရနေတဲ့ အမှတ်ရနေတဲ့ သတိက တံခါးစောင့်နဲ့ တူတယ်ဘဲ၊ အဲဒါကြောင့် မျက်လုံးကို သတိနဲ့စောင့်ပါ၊ နားကို သတိနဲ့စောင့်ပါ၊ နှာခေါင်းကို သတိနဲ့စောင့်ပါ၊ လျှာကိုသတိနဲ့ စောင့်ပါ၊ ခန္ဓာကိုယ်ကို သတိနဲ့စောင့်ပါ၊ မနောစိတ်ကို သတိနဲ့စောင့်ပါ။

စက္ခုနာ သံဝရော သာဓု၊
သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊
သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊
သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊
သာဓု သဗ္ဗတ္ထ သံဝရော''-

လို့-ဆိုပြီးတော့ ဓမ္မပဒ ပါဠိတော်မှာ မြတ်စွာဘုရားဟောထားတဲ့ အတိုင်း စောင့်ရှောက်ပါ၊ သတိရှိပါစေ၊ သတိဆိုဒါ ဘယ်အခါမှပိုဘယ်လို့ မရှိဘူးနော်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ....သတိဆို ဒါအမြဲတမ်းလိုလျက် ရှိတယ်။

သတိတရားက တံခါးစောင့်နဲ့တူတယ်၊ စက္ခုဒွါရမှာ အာရုံဘခုလာပြီး တော့သင်ရင်ဖြင့် သတိရှိလိုက်ရင် ဒေါလ ပြီးတော့ အာရုံဘခုသင်လာပါ လားလို့သာမှတ်လိုက်မယ်၊ သတိမရှိရင် နှစ်သက်စရာအာရုံဆိုရင် နှစ်သက် မယ်၊ မုန်းစရာအာရုံဆိုရင်မုန်းမယ်၊ ဒီတော့ဘာတွေဖြစ်မလဲ၊ လောဘတွေ ဖြစ်မယ်, ဒေါသတွေဖြစ်မယ်၊ ''စက္ခုနာ အာဒိတ္တံ, သောတေန အာဒိတ္တံ'' စသည်ဖြင့် အာဒိတ္တမီးတွေတောက်တယ် ရာဂမီးတွေတောက်တယ်၊ ဒေါသ မီးတွေတောက်တယ်၊ မောဟမီးတွေတောက်တယ်၊ ရာဂမီးတောက်တဲ့မျက် လုံးက တလုံး၊ ဒေါသမီးတောက်တဲ့မျက်လုံးကတလုံး၊ မောဟမီးတောက်တဲ့ မျက်လုံးက တလုံး-ဆိုတော့ မျက်လုံးဘယ်နှစ်လုံးတဲ့လဲ.... (သုံးလုံးပါ ဘုရား)။

မျက်လုံးသုံးလုံးနဲ့လူ မြင်ဘူးသလား-အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများ....(မမြင်ဘူးပါဘုရား)။

မမြင်ဘူးသာမမြင်ဘူးတယ် ပါဠိတော်မှာတော့ သုံးလုံးတွေ့တယ်၊တခါ တရံမှာ ချစ်တဲ့မျက်လုံးကလေးမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

တခါတရံ မုန်းတဲ့မျက်လုံး၊ တခါတရံမှာ အမှန်မသိတဲ့မျက်လုံး၊ ဘယ် နှစ်လုံးလဲ ...(သုံးလုံးပါဘုရား)။

အဲဒီ-မျက်လုံးသုံးလုံးချည်း ဖြစ်နေတယ်၊ အလျှံ ပြောင်ပြောင်တောက် လောင်တဲ့ "အာဒိတ္တပရိယာယသုတ္တန်"လို့ ဆိုတာလဲဘဲ အင်မတန်မှဟော စရာကောင်းတဲ့သုတ္တန်ဒေတွပါ၊ဒီ-သုတ္တန်ကိုဘုန်းကြီးတို့ဖြင့် ကြည်ညိုတာနဲ့ကို ရအောင်ကျက်ထားတယ်၊ (တင်ပါ့ဘုရား)။

အင်မတန်လဲ ကျက်ထားစရာကောင်းတယ်၊ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ....၊ ဒါရအောင် ကျက်ထားကြစမ်းပါ၊ မြတ်စွာ ဘုရားဟောတော်မူတဲ့ ပါဠိတွေကို တပုဒ်တလေမှ ရအောင်မကျက်နိုင်ရင် အယုတ်ဆုံး "ဓမ္မစက္ကပဝတ္တနသုတ္တန်"ကိုတော့ဖြင့် ရအောက်ကျက်ပြီး နှုတ် ငုံဆောင်ပါ၊ ပိဋကတ်သုံးပုံကို နှုတ်ငုံမဆောင်နိုင်ရင် အဲဒီဓမ္မစက္ကပဝတ္တန- သုတ္တန်-ဓမ္မစကြာကို နှုတ်ငုံဆောင်ထားရင်ဖြင့် ပိဋကတ်သုံးပုံနှုတ်ငုံဆောင် တဲ့ ပုဂ္ဂိုလ်နဲ့ဆိုရင် အတူတူပါဘဲလို့နေ၁်၊ အဲဒါကြောင့် အနဲဆုံး ဓမ္မ- စကြာလောက်တော့ဖြင့် ရအောင် ဆောင်ထားကြပါ၊ မနက်တကြိမ် ညတကြိမ်ရွတ်ပါ၊ ဒါထက်စွမ်းနိုင်လို့ရှိရင် မဟာသတိပဋ္ဌာနသုတ်,ဒါထက် စွမ်းနိုင်လို့ရှိရင် မဟာသမယသုတ်, အင်း–အင်မတန်ကောင်းတဲ့သုတ်ကြီး တွေပေါ့လေ၊ ရှည်တော့ရှည်ပါတယ်၊ လျှောက်ပြောနေရင်တော့ ဆုံးမယ် မဟုတ်တော့ဘူး၊ သုတ္တန်တွေကလဲ အင်မတန်များပြားပါတယ်။

တံခါးစောင့်ဆိုတဲ့သဘောကဖြင့် သတိကိုမှတ်ပါ၊ သတိရှိရင် လုံခြုံသ လား၊ မလုံခြုံဘူးလား....(လုံခြုံပါတယ်ဘုရား)။

အဲဒီလိုဘဲ အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများရဲ့ ခန္ဓာမှာ တံခါးခြောက်ပေါက်ရှိတယ်နေ၁်၊ ဒီ–သတိ တည်းဟူသော တံခါးစောင့်ရှိ ရင် အကုသိုလ်တွေမဝင်နိုင်ဘူး၊ ဒီခန္ဓာကိုယ်ဟာလုံခြုံနေတယ်၊ ဒါကြောင့် သတိရှိပါစေ၊ ဒါကြောင့် ဘုရားကတံခါးစောင့်ဆိုဒါ သတိရဲ့အမည်ဘဲတဲ့၊ သုံးခု ရမသွားဘူးလား၊....(ရသွားပါတယ်ဘုရား)။

အဋ္ဌကထာဆရာ ဥပမာနဲ့ရှင်းပြပုံ

ဒီနေရာမှာ အဋ္ဌကထာက ဝတ္ထုကလေးတခု ပြပါသေးတယ်၊ ရတနာ ၇-ပါးနဲ့ ပြည့်စုံတဲ့ မြို့ကြီးမှာ ရှင်ဘုရင်ကြီး တပါးရှိတယ် သူ့မှာလဲသားတယောက်ရှိဘယ်၊ အိမ်ရှေ့မင်းသား ပစ္စန္တရစ်အရပ်

ကမြို့တမြို့မှာ ဘုရင်မရှိလို့ အဲဒီ-တိုင်းစွန်ပြည်နားက ဒီ-မြို့ကြီးမှာရှိတဲ့ ရှင်ဘုရင်ကြီးထံလာပြီးတော့ မင်းတပါးပေးပါလို့တောင်းတော့ သားတော်ကို ထည့်လိုက်တယ်၊ ထည့်လိုက်ပြီးတော့ ဒီလိုမှာလိုက်တယ်"ဒီ-တိုင်းသူပြည်သား လူအများကို မင်း-တရားသဖြင့် အုပ်ချုပ်ပါ"လို့ ဆိုပြီးတော့ အဲဒီသားတော်တပါး ထည့်လိုက်တယ်၊ ဟိုလဲကျရောသားက ဘယ်သူတွေနဲ့ ပေါင်းသလဲဆိုတော့ အရက်သမားတွေ, ဂျပိုးတွေ, တေလေတွေနဲ့ပေါင်းပြီးတော့ မြို့အလယ်ခေါင်မှာ အရက်တွေ သောက်ကာ ပျော်ပါးမူးယစ်ပြီးတော့ တိုင်းသူပြည်သား လူအများတွေကို မတရား အခွန်အကောက်တွေကို ခွဲပြီးတော့ မတရားသဖြင့် စိမ်အုပ်ချုပ်ပြီးသကာလ ပျော်ပါးကခုန်မူးယစ်ပြီး နေတယ်။

တိုင်းသူပြည်သားတွေက ကြာတော့မခံနိုင်ဘူး၊ ဒီတော့–ဘယ်လိုလုပ်ရသလဲ၊ ပဌမပေးလိုက်တဲ့ ရှင်ဘုရင်ကြီးထံ သွားပြီးတော့ သံတော်ဦးတင်တယ် "အရှင်မင်းကြီး....အရှင်မင်းကြီးပေးလိုက်တဲ့ သားတော်ဟာတိုင်းပြည်ကို ကောင်းကောင်းမွန်မွန်မအုပ်ချုပ်ဘူး၊ ဟိုမှာမူးရူးသောက်စားပြီး မကောင်းတဲ့လူတွေနဲ့ပူးပေါင်းပြီးတော့ ဒီလိုနေပါတယ်"လို့ဆိုတော့-ဘုရင်ကြီးက ပညာရှိတဲ့အမတ်ကြီးတယောက်ကို ကိုင်း–ပညာရှိအမတ်ကြီး ...ဒီသားတော်ကို သွားဆုံးမချေဆိုပြီး လွှတ်လိုက်တော့ ပညာရှိအမတ်ကြီးက ဘယ်လိုပြောသလဲဆို—"အရှင်မင်းကြီး....ကျွန်တော်မျိုးမသွားဝံ့ဘူး၊ အရှင်မင်းကြီးသားတော်က ဟိုမှာအင်မတန်ဆိုးပေနေတယ်"လို့ ပြောတော့ ကိုင်း-မင်းမသွားဝံ့ရင် ယောမဆိုတဲ့စစ်ဗိုလ်တယောက် ထည့်လိုက်မယ်၊ အဓိပ္ပါယ်က-စစ်ဗိုလ်ပါသွားမှပြောစကားနားထောင်မှာကိုး၊ အမတ်ကြီးကတရားသဖြင့် သူ့ကိုဆုံးမပြီး ဘိသိက်သွန်းပါ၊ ပြောစကားနားမထောင်ရင် စစ်ဗိုလ်က လယ်ပင်း သန်လျက်နဲ့ တခါထဲဖြတ်ခဲ့"လို့ ရှင်ဘုရင်က ဒီလိုအမိန့်ပေးလိုက်တယ်။

အဲဒီလို အမိန့်ပေးလိုက်တဲ့အခါကျတော့ စစ်ဗိုလ်ကြီးရယ်,ပညာရှိအမတ်ကြီးရယ်, ဒီ–တမန် နှစ်ယောက်ဟာ ဘုရင်ကလေးထံသွား

ကြတော့ ဟိုလဲရောက်ရော ခုနကမြို့ကိုဝင်၊ တံခါးစောင့်ကိုမေး၊ "မင်းတို့ရှင်ဘုရင် ဘယ်မှာနေသလဲ"ဆိုတော့-ဟောဟို ခရီးလမ်းဆုံမှာနေတယ်လို့ဆိုတော့-သွားပြီး ဟိုလဲရောက်ရော"သင်ကျွန်ုပ်ပြောတဲ့စကားနားထောင်မလား မထောင်ဘူးလား၊ ကဲ-နားမထောင်ရင် အဲဒီစစ်ဗိုလ်ကသင့်ခေါင်းကို ဖြတ်ရမယ်လို့အမိန့်ပါတယ်"ဆိုတော့မှ ထောင်ပါတော့မယ်ဆိုတော့ သူ့အနားနေတဲ့ အရက်သမားတွေဟာ အကုန်ထွက်ပြေးကြတယ်၊ အဲဒီလိုထွက်ပြေးတော့မှ အမတ်ကြီးက လိမ္မာရေးခြားရှိတဲ့စကား ပြောပြီးတော့ သူ့ကို အဘိသိက်သွန်းပြီးထားခဲ့တယ်၊ အဋ္ဌကထာမှာ အနက်အဓိပ္ပါယ်ကလေးနဲ့ ဒီလိုပါလာတယ်။

အဲဒီ-အဓိပ္ပါယ်က ဘာလဲလို့ဆိုတော့ ဒီ-ရှင်ဘုရင်ကြီးဆိုဒါက ဘုရားနဲ့တူတယ်တဲ့၊ ပစ္စန္တရစ်မြို့လို့ ဆိုဒါက သက္ကာယဒိဋ္ဌိရှိနေတဲ့ လူရဲ့ခန္ဓာကိုယ်ကြီးနဲ့ တူပါတယ်တဲ့၊ ရှင်ဘုရင်ကလေးဆိုဒါက စိတ်ဝိညာဏ်ကိုခေါ်ပါတယ်တဲ့၊ ခုနပြောတဲ့ သတိဆိုဒါက တံခါးစောင့်၊ တမန်ဆိုဒါက ခုနပြောတဲ့သမထ,ဝိပဿနာနဲ့တူပါတယ်တဲ့၊ လွှတ်လိုက်တဲ့အခါမှာ သမထဆိုတဲ့စစ်ဗိုလ်ကြီးလဲ ရောက်သွားရော ဒီ-စိတ်မှာ ရံနေတဲ့ ဥပက္ကိလေသလို့ခေါ်တဲ့ မကောင်းတဲ့အကောင်တွေလဲ အကုန်ထွက်ပြေးရော၊ နိဝရဏလဲကင်းကုန်ရော၊ နောက်ဆုံးဝိပဿနာလို့ဆိုတဲ့ အမတ်ကြီးကအမှန်အတိုင်းပညာပေးပြီး ဘိသိက်သွန်းဟာလို မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ချမ်းသာခံစားရဒါကို ပြောပါတယ်လို့ အဋ္ဌကထာက ဒီလို အဓိပ္ပါယ်ဖွင့်ပြပါတယ်။

တမန်ဆိုဒါ သမထ, ဝိပဿနာ

ဒေါဝါရိက-တံခါးစောင့်ဆိုဒါ သတိရဲ့အမည်၊ အဲဒီ သတ်ပြီးတော့ တမန်စုံဆိုဒါက—

"သီဃံ ဒူတယုဂန္တိ ခေါ ဘိက္ခု သမထ ဝိပဿနာ နေတံ အဓိဝစနံ"။

သမထ, ဝိပဿနာရဲ့အမည်၊ အခု အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများမှာ တမန်နှစ်ယောက် ရောက်လာလို့ ဝိပဿနုပက္ကိလေသ ဖြစ်တဲ့အညစ်အကြေးတွေ, ဉပက္ကိလေသတွေ, နီဝရဏတွေကို သမထသဘော တရားနဲ့ ကျင့်ပြီးတော့ ဝိပဿနာပညာနဲ့ အမှန်သိတဲ့ အသိဉာဏ်တွေကိုရကြ တယ်မဟုတ်လား....(ရပါတယ်ဘုရား)။

အဲဒီလိုရကြသည်ဖြစ်ပါသောကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပေးတဲ့ ဥပမာမှာ ဒီ-တမန်အစုံဆိုဒါက သမထ,ဝိပဿနာတရား နှစ်ပါး ကို ခေါ်တယ်။

မြို့ရဲ့အရှင်သခင်ဆိုဒါ စိတ်ဝိညာဏ်

ပြီးတော့ ဘာရှိသေးသလဲ-

"နဂရသာမိတိ ခေါ ဘိက္ခု ဝိညာဏဿေတံ အဓိ-ဝစနံ"။

မြို့ရဲ့ အရှင်သခင်ဆိုဒါကတော့ စိတ်ကိုခေါ်ဒါ၊ အဲဒီ-စိတ်ကလေးက ရူပါရုံနဲ့ တွေ့လဲပျော်တယ်၊ သဒ္ဒါရုံနဲ့တွေ့လဲပျော်တယ်၊ ဂန္ဓာရုံနဲ့တွေ့လဲပျော် တယ်၊ သူက တဏှာနဲ့ပျော်တဲ့စိတ်ကိုး၊ ဉပက္ကိလေသတွေနဲ့ သူက ပျော်နေ တယ်၊ အဲဒါကြောင့် သမထ, ဝိပဿနာနဲ့ ရှင်းလိုက်တော့ ဥပက္ကိလေသတွေ ရှင်းမကုန်ဘူးလား....(ရှင်းကုန်ပါတယ်ဘုရား)။

စိတ်မှာ ဥပက္ကိလေသတွေ သန့်ရှင်းကြတဲ့အခါကျတော့ မဂ်ဉာဏ်, ဖိုလ် ဉာဏ် နှစ်ခု ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)၊ အဲဒီ-မဂ် ဉာဏ်,ဖိုလ်ဉာဏ်ပေါ်လာပုံကို ဒီလိုဟောတော်မူဒါပါဘဲ။

ခရီးလမ်းဆုံဆိုဒါ မဟာဘုတ်လေးပါး

အဲဒါပြီးတော့—

"မဇ္ဈေ သိင်္ဃာဋကောတိ ခေါ ဘိက္ခု စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ"။

အလယ်လမ်းဆုံ လမ်းလေးခွဆိုဒါ မဟာဘုတ်လေးပါးတို့ရဲ့ အမည်ဘဲလို့ ညွှန်ပြလိုက်တယ်။

မှန်တဲ့စကားဆိုဒါ နိဗ္ဗာန်

ကိုင်း–ရှေ့နားတခါသွားလိုက်ပါ၊ အဲဒီစိတ်ဝိညာဏ်ပြီးတဲ့အခါကျတော့ တခါဘာပြုသလဲ၊ ယထာဘူတဝစနံ-မှန်တဲ့စကားဆိုဒါ ဘာပြောဒါလဲ-

"ယထာဘူတံ ဝစနန္တိ ခေါ ဘိက္ခု နိဗ္ဗာနဿေတံ အဓိဝစနံ"။

သောတာပတ္တိမဂ်ညာဏ်နဲ့ နိဗ္ဗာန်မြင်ပုံကိုဟောခဲ့တယ်၊ ဒါ-ယထာဘူတ။

လာမြဲလမ်း ပြန်တယ်ဆိုဒါ အရိယမဂ်

ပြီးတော့–

"ယံထာဂတမဂ္ဂေါတိ ခေါ ဘိက္ခု အရိယဿေတံ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစနံ"။

လာမြဲတိုင်းသော လမ်းကို ပြန်တယ်ဆိုဘာကတော့–သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာ သတိ၊ သမ္မာသမာဓိ–ဆိုတဲ့ မဂ္ဂင်ရှစ်ပါးရဲ့အမည်ဘဲ-လို့ ဒီလိုနိဂုံးချုပ်ပြီး အစိန္တေယျသုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သည် ဤကိံသုကောပမသုတ္တန် တရားဒေသနာတော်ကို ဟောကြားတော် မူပါသည်။

ဤသို့ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်မှာလာသော ကိံသုကောပမ သုတ္တန်တရားဒေသနာတော်ကို ကြားနေရတော့ ဒီ-ရဟန်းတော်ဘာဖြစ် သွားသလဲ၊ သောတာပန်ဖြစ်သွားတယ်နော်၊ အဲဒီ–ခုန ပြောတဲ့ရဟန်းဟာ သောတာပန်တည်သွားတယ် လို့ အဋ္ဌကထာကပြပါတယ်။

နိဂုံးဆုတောင်း

ဤကိံသုကောပမသုတ္တန် တရားဒေသနာတော်ကို ရိုသေစွာ နာခံမှတ် သားရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့်ရှင်း၊ သရ ဏဂုံသုံးပါးနှင့်တကွ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလတော်မြတ်တို့ကို ကောင်းမွန်ရိုသေစွာ ခံယူဆောက်တည်ရခြင်းတည်းဟူသော သရဏဂုံ သီလ ကုသိုလ်ကံစေတနာတို့ကြောင့်ရှင်း ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား၊

ပန်း,ဆီမီး, ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းရခြင်းတည်းဟူသော ဒါနကုသိုလ်ကို စေတနာတို့ကြောင့်၎င်း၊ ရွှေဘုန်းပွင့် ဓာတ်တော်မြတ်ကြီးအား အစွန့်ရှည်ကြာတည့်ပါစေခြင်း အကျိုးငှါ၎င်း, တိုင်းသူပြည်သား ဗိုလ်လူများစွာ သဒ္ဓါဝါတို့ကြည်ညိုနိုင်ခြင်း အကျိုးငှါ၎င်း ကျောက်ပြားသက်နိုး ဆက်ကပ် လှူဒါန်းရခြင်းတည်းဟူသော ဇိဏ္ဏပဋိသင်္ခရဏပလာဒကုသိုလ်ကို စေတနာ အဖြာဖြာတို့ကြောင့်၎င်း၊ ယနေ့ယခု စွမ်းနိုင်သမျှပွားများအား ထုတ်ကြကုန်သော သမထဘာဝနာ, ဝိပဿနာဘာဝနာတည်းဟူသော ဘာဝနာကုသိုလ်ကို စေတနာအပေါင်းတို့ကြောင့်၎င်း၊ ဤသို့ပေါင်းအပ် များမြတ်တဲ့ ကုသိုလ်ကောင်းမှုကို စေတနာတို့ကြောင့် ဤအမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည် ယခု ပစ္စုပ္ပန်လောက၌ အမျိုးကောင်းသားများ, အမျိုးကောင်းသမီးများ၏ သန္တာန်ဝယ်—

(၁) ဖြစ်ခဲ့ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်သတ်နိုင်အောင် ကြိုးစားပြီး ပွားများအားထုတ်နိုင်ခြင်းတည်းဟူသော သမ္မပ္ပဓာန်လို့လ။

(၂) အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ၏သန္တာန်ဝယ် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင်တားဆီးနိုင်ခြင်းတည်းဟူသော သမ္မပ္ပဓာန်လို့လ။

(၃) အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ၏သန္တာန်ဝယ် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင်ကြိုးစား အားထုတ်နိုင်ခြင်းတည်းဟူသော သမ္မပ္ပဓာန်လို့လ။

(၄) အမျိုးကောင်းသားများ,အမျိုးကောင်းသမီးများ၏သန္တာန်ဝယ် ဖြစ်ခဲ့ကုန်ပြီးသော ဒါနကုသိုလ်, သီလကုသိုလ်,သမာဓိ ဘာဝနာကုသိုလ်,ပညာဘာဝနာ ကုသိုလ်များကိုကည်နေအောင် ပွားများအောင် အားထုတ်နိုင်ခြင်းတည်းဟူသော သမ္မပ္ပဓာန်လို့လတို့—

ဤအမျိုးကောင်းသား, အမျိုးကောင်းသမီးများမှာ ထင်ထင်ရှားရှား ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် ရှိကြကုန်သည်ဖြစ်၍ ဘုရား

အစရှိကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့သည် ကောင်းစွာ ထိုးထွင်း၍ သိမြင်တော်မူအပ်သော=

(၁) ဒုက္ခသစ္စာတရားကို ပိုင်းခြား၍သိခြင်း၊

(၂) သမုဒယသစ္စာတရားကို ပိုင်းခြား၍သိခြင်း၊

(၃) နိရောဓသစ္စာတရားကို မျက်မှောက်ပြုနိုင်ခြင်း၊

(၄) မဂ္ဂသစ္စာတရားကို ပွားများနိုင်ခြင်း-

တည်းဟူသော မင်္ဂလာစွလေးချက် တပြိုင်နက် ကိစ္စပြီးကြကုန်သည်ဖြစ်၍ ကိံသုကောပမသုတ္တန်ဒေသနာတော်၌ လာကုန်သော ရဟန္တာအပေါင်း, ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့်တကွ သံဃာတော်အပေါင်း, ဘောတာပန်တည်သွားတဲ့ သူတော်ကောင်းများ ကိုင်းအောင်မွေ့လျော်ရှင်ပျော်စံစားရာ ဖြစ်သော အခါတတ် မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာမြတ်ကို မင်္ဂလာ, ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓု)

ကိံသုကောပမသုတ္တန်တရားတော် ပြီး၏။

# ပါဠိတော်ဟောစဉ် ထူးကြီးဝိပဿနာ

# ပဥ္စမအုပ် ပြီးပြီ။

---

ထူးကြီး ဝမ္မဗိမာန်
အမှတ် ၈၃၊ ကျိုက္ကဆံလမ်း
တာမွေစာတိုက်၊ ရန်ကုန်မြို့။
ဖုံး— ၅၂၅၀၀